
စာပေလောက ဝတ္ထုစာအုပ်

# ရုပ်နန္ဒီ ရုပ်ကလျာဏီ

ရွှေဥဒေါင်း




Myanmarcupid Library

စာပေလောက စာအုပ်အမှတ် ၂၉၄

# ရူပနန္ဒီ ရူပကလျာဏီ

ရွှေဥဒေါင်း

စာပေလောက စာအုပ်တိုက်

အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

(ဖုန်း – ၂၈၅၁၆၆)

**PDF မှတ်တမ်း**

ကွန်ပြူတာစာရိုက် . . . equinox1528 (mmcp)
PDF Design . . . rustic (mmcp)

***MMCP PDF Creator Group*** **မှ တင်ဆက်သည်။**


ပထမအကြိမ်
ဖေဖော်ဝါရီ၊ ၂၀၁၀



MYANMAR CUPID
Myanmar e-Books Library
Commercial Use of This Book will be at Your OWN RISK

စာအုပ်စာတမ်း စာနယ်ဇင်း

ပုံနှိပ် ထုတ်ဝေ ခွင့်ပြု အမှတ်

[ ၃၄၀ / ၉၉ (၄) ]

စာအုပ်စာတမ်း မျက်နှာဖုံး

ပုံနှိပ် ထုတ်ဝေ ခွင့်ပြု အမှတ်

[ ၅၇၄ / ၉၉ (၈) ]

မျက်နှာဖုံး

ပန်းချီ မောင်မောင်သိုက်

ပုံနှိပ်ခြင်း

ရူပနန္ဒီ – ပကြိမ်၊ ၁၉၁၇၊ သူရိယတိုက်

ရူပနန္ဒီ – ဒုကြိမ်၊ ၁၉၃၀၊ သူရိယတိုက်

ရူပနန္ဒီ – တကြိမ်၊ ၁၉၄၅၊ သဟာရ စာပေရိပ်သာ

ရူပနန္ဒီ – စကြိမ်၊ ၁၉၆၁၊ မြန်မာပြည်စာအုပ်တိုက်

ရူပကလျာဏီ – ပကြိမ်၊ ၁၉--၊ လောကစံကုမ္ပဏီလီမိတက်

ရူပကလျာဏီ – ဒုကြိမ်၊ ၁၉၄၉၊ ရွှေဇင်ယော်

ရူပကလျာဏီ – တကြိမ်၊ ၁၉၆၁၊ မြန်မာပြည်စာအုပ်တိုက်

ရူပနန္ဒီ ရူပကလျာဏီ – ပကြိမ်၊ ၁၉၆၉၊ နုလုံးလှ

ရူပနန္ဒီ ရူပကလျာဏီ – ဒုကြိမ်၊ ၁၉၉၉၊ စာပေလောက

ထုတ်ဝေခြင်း

အောက်တိုဘာ၊ ၁၉၉၉

အဖုံးရိုက်

ဦးမြသိန်း(၀၁၄၂၇) သိန်းမြင့်ဝင်းအော့ဖ်ဆက်

အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

စာအုပ်ချုပ်

ကိုမြင့်

ဦးအောင်ကြီး (၀၉၈၆)၊ ရွှေပုရပိုက်စာပေ

အမှတ် ၅၊ တင့်ဆန်းလမ်း၊ ဝွတ္တလစ်

ရန်ကုန်မြို့မှ ထုတ်ဝေ၍

ဒေါ်ခင်လှ (၀၁၅၇၈)၊ စာပေလောက ပုံနှိပ်တိုက်

အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင်

အတွင်းစာသားများကို ပုံနှိပ်သည်။

# စာရေးသူ၏ စာပေ နှင့် ဘဝဖြစ်စဉ် မှတ်တမ်း

၁၈၈၉ – အောက်တိုဘာလ ၁၄ ရက်၊ ကြာသပတေးနေ့တွင် မန္တလေးမြို့၊ ဇချိုင့် (ခားတန်း) ရပ်ကွက်၌ မင်းတုန်းမင်း စားတော်ခဲ၏သား၊ ရွှေဘိုခရိုင် မန်ကျည်းတုံရွာသား၊ ကုန်းဘောင်ခေတ် သီပေါဘုရင် လက်ထက် လွှတ်တော်စာရေးအဖြစ် အမှုထမ်းခဲ့သူ ပိန်းတန်းဖိနပ်ထောင်ဆရာ အဘ ဦးဇရာနှင့် သီပေါဘုရင်၏ စာတော်ဖတ် တနက်သီရွာစားဘွဲ့ရ မိခင်ဒေါ်ရွှေတို့မှ ဖွားမြင်သည်။ အမည်ရင်း ဦးဖေသိန်းဖြစ်သည်။

၁၉၀၂ – မန္တလေးမြို့၊ အိမ်တော်ရာဘုရား တောင်ဘက်ရှိ ဒက္ခိဏဝံတိုက်(မြိတ်) ဘုန်းတော်ကြီး ဖွင့်ထားသောကျောင်းမှ ငါးတန်းအောင်ပြီး အေဘီအမ်(ကယ်လီကျောင်း) ကျောင်းသို့ ပြောင်းသည်။

၁၉၀၈ – ကာလကတ္တား တက္ကသိုလ်ဝင်ခွင့် စာမေးပွဲအောင်ပြီး မန္တလေးမြို့၊ ဗုဒ္ဓဘာသာကျောင်း၌ ကျောင်းဆရာအလုပ် လုပ်ခဲ့ပါသည်။ ရွှေဘိုမြို့ အရေးပိုင်ရုံး၌ အကူစာရေးလုပ်ခဲ့ပြီး သစ်တောရုံး၌လည်း စာရေးကလေးအလုပ်ကို လုပ်ခဲ့သည်။

၁၉၁၀ – မန္တလေး လယ်ယာစိုက်ပျိုးခြင်းနှင့် သမဝါယမ မင်းကြီးရုံး၌ စာရေးအလုပ်ကို လုပ်ခဲ့သည်။ မြေတိုင်း ကျောင်းဆရာကြီးသမီး မလှမူနှင့် အိမ်ထောင်ကျခဲ့သည်။

၁၉၁၄ – ပထမအိမ်ထောင်နှင့် ကွဲပြီး ဒုတိယ အိမ်ထောင်ကျခဲ့သည်။

၁၉၁၅ – ရန်ကြီးအောင်ဝတ္ထုကို ပထမဆုံးရေးခဲ့ပြီး ၁၉၁၇ ခုနှစ်ကျမှ သူရိယသတင်းစာတိုက်က ထုတ်ဝေခဲ့သည်။

၁၉၁၆ – ရတနာပုံဝတ္ထုကို ရေးခဲ့ပြီး ၁၉၁၇ ခုနှစ်တွင် သူရိယ သတင်းစာတိုက်က ထုတ်ဝေခဲ့သည်။ ဆရာကြီးရွှေဥဒေါင်း၏ ပထမဦးဆုံး လုံးချင်းစာအုပ်ဖြစ်သည်။

၁၉၁၇ – သူရိယတိုက်တွင် အယ်ဒီတာအလုပ် လုပ်ခဲ့သည်။ သူရိယတည်းဟူသော နေဒေါင်းကို အစွဲပြုလျက် ကလောင်အမည်ကို

(ရန်ကြီးအောင်နှင့် ရတနာပုံဝတ္ထုနှစ်ပုဒ်ရေးအပြီး) ရွှေဥဒေါင်းဟု မှည့်ခေါ်ခြင်း ဖြစ်သည်။

၁၉၂၀ – ဒုတိယအိမ်ထောင်နှင့် ကွဲပြီး မစိုးနှင့် တတိယအိမ်ထောင် ပြုခဲ့သည်။

၁၉၂၂ – မြဲတောင် ကမ်းနီရွာတွင် အင်္ဂလိပ် အလွတ်ပညာသင် ကျောင်းဆရာ ဝင်လုပ်ခဲ့သည်။

၁၉၂၆ – မြဲတောင် ကမ်းနီရွာတွင် အသက်ထက်ဆုံး ရဟန်းပြုရန် ရည်ရွယ်၍ ရဟန်းဘောင်ဝင်သည်။ နာမကျန်းဖြစ်၍ ရဟန်းဘောင်မှ ထွက်ရသည်။ ၎င်းနှစ်၌ပင် နယူးဘားမားသတင်းစာတွင် စက္ကထရီအလုပ်ကို လုပ်ခဲ့သည်။

၁၉၃၀ – ပဲခူးမြို့၊ ခရစ်ယာန်စာပေအသင်းတွင် ဘာသာပြန်ဆရာ အလုပ် လုပ်ခဲ့သည်။

၁၉၃၆ – သူရိယ သတင်းစာတိုက်တွင် အယ်ဒီတာ တဖန်ပြန်လုပ် ခဲ့သည်။

၁၉၄၂–၄၄ – စစ်အတွင်း မန်ကျည်းတုံရွာတွင် စစ်ခိုလျက် ကုန်သည် အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး အားလပ်ချိန်များတွင် စာရေးခဲ့သည်။

၁၉၄၆ – မန္တလေး လူထုသတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် လုပ်ခဲ့သည်။

၁၉၄၈ – စာရေးဆရာအသင်းတွင် အတွင်းရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။ အမှုဆောင်အဖြစ် အကြိမ်များစွာ ဆောင်ရွက်ခဲ့သည်။

၁၉၅၂ – Charles Dicken ၏ Great Expectation ကို ဘာသာပြန်သော မျှော်တလင့်လင့်ဝတ္ထုဖြင့် စာပေဗိမာန် ဘာသာပြန်ဆု ရခဲ့သည်။ ပီကင်းမြို့တွင် ကျင်းပသော ကမ္ဘာ့ငြိမ်းချမ်းရေး အစည်းအဝေးကြီးသို့ မြန်မာအဖွဲ့၏ ဒုတိယခေါင်းဆောင်အဖြစ် သွားရောက်ခဲ့သည်။

၁၉၅၅ — Upton Sinclair ၏ The Jungle ဝတ္ထုကို ဘာသာပြန်သော သွေးစုတ်မြေ ဝတ္ထုဖြင့် စာပေဗိမာန် ဘာသာပြန်ဆုကို ထပ်မံဆွတ်ခူးခဲ့သည်။

၁၉၅၆ – ဖဆပလအစိုးရလက်ထက် ပြုစောထီးကိစ္စ ဝေဖန်မှုဖြင့် ထောင်ကျခဲ့သည်။

၁၉၆၁ – တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ စာအုပ်(၄တွဲ) ဖြင့် စာပေဗိမာန် သုတပဒေသာဆုကို ရရှိခဲ့သည်။

၁၉၆၄ – လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ အယ်ဒီတာချုပ်အဖြစ် စတင်ဆောင်ရွက်သည်။

၁၉၆၈ – လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ အယ်ဒီတာချုပ်အဖြစ်မှ အငြိမ်းစားယူခဲ့သည်။

၁၉၇၃ – ဩဂုတ်လ ၁၀ ရက်၊ သောကြာနေ့တွင် မန္တလေးမြို့၌ ကွယ်လွန်သည်။

# နိဒါန်း

ကျွန်တော်သည် အောက်ပါအဖြစ်အပျက်များကို ရေးသားရခြင်းမှာ ကျွန်တော်၏ စိတ်ကူးဉာဏ်စွမ်းဖြင့် ကြံစည်ရေးသားရသည်မဟုတ်၊ ကိုယ်တိုင် ဒိဋ္ဌတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များကို မိတ်ဆွေတစ်ဦးက ကျွန်တော့်ထံ အောက်ပါနည်းအတိုင်း ရေးသားပေးပို့သဖြင့် ဤကဲ့သို့သော အဖြစ်အပျက်မျိုး သည် အလွန်တရာ ထူးဆန်းအံ့ဩဖွယ် ကောင်းလှသည့်အတွက် ပြော၍ပြလျှင် ယုံကြည်နိုင်ရန် ခဲယဉ်းလောက်အောင် အံ့ဖွယ်သရဲဖြစ်ပါသောကြောင့် အများ သူတို့ ကြားသိစိမ့်သောငှာ ရေးသားရခြင်းဖြစ်ပါသည်။

အကယ်၍ အောက်ပါအဖြစ်အပျက်တို့သည် အမှန်မုချဖြစ်ပျက်ခဲ့သော အကြောင်းအရာများမဟုတ်၊ စိတ်ကူး၌သာထင်မြင်သည့်အလျောက် ယုံတမ်း စကားကဲ့သို့ ရေးသားခြင်းဖြစ်သည်ဟု မှတ်ယူခဲ့ပါလျှင် ဤမျှလောက် ထူးဆန်း အံ့ဩဖွယ်ကောင်းသော အဖြစ်အပျက်တို့ကို ကိုယ်တိုင် မတွေ့ကြုံရဘဲလျက် စိတ်ကူးဖြင့်ရေးနိုင်ရန် မဖြစ်နိုင်လောက်အောင် ခဲယဉ်းလှသည်ဖြစ်သောကြောင့် အမှန်မုချဖြစ်ခဲ့ဟန် လက္ခဏာရှိသည်ဟု ကျွန်တော်လည်း သဘောရရှိလေရာ ဖတ်ရှုသူ မိတ်ဆွေအပေါင်းတို့သည်လည်း ဖတ်ပြီးသည့်အခါ ကျွန်တော်နှင့် သဘောတူညီကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ကျွန်တော်မှာ မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့်ဆိုင်ရာ အစိုးရအရာရှိတစ်ယောက်ထံ တောလိုက်စာရေးအဖြစ်ဖြင့် လှည့်လည်သွားလာ လိုက်ပါရသူတစ်ယောက်ဖြစ်ခဲ့ရာ အောက်ပါအဖြစ်အပျက်များကို အပြည့်အစုံရေးသား၍ ကျွန်တော်၏လက်သို့ မည်သို့ရောက်ရှိသည့်အကြောင်းကို အကျဉ်းအားဖြင့် ပြဆိုရသော် ကျွန်တော်သည် ကျွန်တော်၏အရာရှိနှင့်အတူ အစိုးရကိစ္စနှင့် တစ်နေ့သ၌ ရန်ကုန်သို့လာရောက်ကြရာ ရန်ကုန်မြို့၌ တည်းခိုရန်နေအိမ် မရှိသည်ဖြစ်သောကြောင့် 'ဘတ်ပတစ်ကောလိပ်' ဘီအေအတန်း၌ ပညာသင်ကြားလျက် ကျောင်းအိပ်ကျောင်းစားအဖြစ်နှင့်နေသူ ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်နှင့် တည်းခိုနေထိုင်လျက်ရှိပါကြောင်း။

ကျွန်တော့်မှာ ကျောင်းသို့ရောက်၍ နှစ်ရက်ခန့်ကြာရှိလျှင် စနေနေ့လည်းဖြစ်သဖြင့် ကျောင်းသားတို့ဘာဝ ဝိုင်းဖွဲ့ကာ မိမိတို့ဖတ်ဖူးခဲ့သည့် ပုံပြင်ဝတ္ထုများကို ညှိနှိုင်းဆွေးနွေးလျက်ရှိကြစဉ် လူနှစ်ယောက် အခန်းတွင်းသို့ဝင်လာ၍ ကျွန်တော်တို့နှင့် စကားစမြည် ရောနှောပြောဆိုလျက် ရှိနေကြလေ၏။

၎င်းနှစ်ယောက်အနက် တစ်ယောက်သောသူမှာ အသက်(၂၃)နှစ်ခန့်ရှိ၍ အရုပ်အရည်မှာ မည်မျှချောမောပါသနည်းဆိုမူ ကျွန်တော်သည် မြန်မာနိုင်ငံအထက်ပိုင်း၊ အောက်ပိုင်းရှိ မြို့ကြီးမြို့ငယ်မှစ၍ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့ကိုပင် အခေါက်ခေါက် အခါခါ သွားလာရဖူးသူ ဖြစ်ပါသော်လည်း ဤမျှလောက် အဆစ်အမြစ် ကျနပြေပြစ်ခြင်းရှိလျက် အပြစ်ရှာ၍မရနိုင်လောက်အောင် ရုပ်ရည်ချောလှသူကို မတွေ့ခဲ့ဘူးသည် မှန်ပါ၏။ ဝတ်ပုံစားပုံမှာလည်း ဇာတ်မင်းသားကဲ့သို့လည်း ခံ့ညားခြင်းရှိအောင် ဟန်လုပ်ခြင်းမရှိ၊ စာရေးစာချီမှစ၍ အချို့သော ကောလပ်ကျောင်းသားတို့ကဲ့သို့လည်း များစွာစတိုင်ထုတ်ခြင်းမရှိ၊ ပကတိနဂိုအတိုင်း ခပ်ရိုးရိုး ဝတ်ဆင်လေ့ရှိသော်လည်း ကြည့်၍ မငြီးနိုင်လောက်အောင်ပင် အဆင်ပြေလှပေ၏။

ထို့ပြင် အခြားချီးမွမ်းရန် အချက်တစ်ခုမှာ အချို့သူတို့သည် အရုပ်အရည် အတော်အတန်ချောမောပါမူ မိမိသည် သူတစ်ပါးတို့ထက် ချောမောလှသည်ဟူသော စိတ်ထားရှိကြောင်းကို တစ်နည်းနည်းအားဖြင့် ထင်ရှား

Myanmar Cupid

စေသည်ဖြစ်ရာ ၎င်းလူငယ်မှာမူ မည်သည့်နေရာတွင်မျှ ဟန်လုပ်ခြင်းမရှိ၊ မိမိသည် သာမညလူ မဟုတ်ကြောင်းကို သိဟန်လက္ခဏာမရှိချေ။

၎င်းနှင့်အတူ ဝင်လာသူမှာ အသက်(၄၀)ကျော်ခန့်ရှိ၍ အရုပ်ရည်မှာ 'ငါ၏အဖော် လှသမျှကို ငါက ဒိုင်ခံ၍ အရုပ်ဆိုးမည်' ဟုအောက်မေ့ဘိသကဲ့သို့ အသားမှာ အလွန်မည်း၊ မျက်နှာမှာလည်း ကျောက်အိုးကွဲ၊ နှုတ်ခမ်းကလည်း ခပ်တွဲတွဲ၊ ပါးစပ်ကလည်း ခပ်ပြဲပြဲ ရှိပေ၏။ သို့ရာတွင် ၎င်းလူသည် အရုပ်ပင်ဆိုးသော်လည်း လူသာမန်နှစ်ဦးတို့ထက် သန်စွမ်းသောအားအင် ရှိသည့်အပြင် ဘောလုံးကစားခြင်း အစရှိသော ကိုယ်ကာယ ကျန်းမာသန်စွမ်းစေသော ကစားခြင်းတို့၌ များစွာဝါသနာပါဟန် လက္ခဏာရှိပေသည်။

အခန်းတွင်းသို့ ၎င်းတို့နှစ်ဦးဝင်လာပြီးသည့်နောက် ကျွန်တော်တို့လည်း ပုံဝတ္ထုများအကြောင်းကိုပင် ဆက်လက်ပြောဆိုနေရာ ကျွန်တော့်မှာ အင်္ဂလိပ်၊ မြန်မာ ပုံဝတ္ထုအမျိုးမျိုးတို့ကို အတော်အတန်ဖတ်ဖူးသည်ဖြစ်၍ အင်္ဂလိပ်ဝတ္ထုနှင့် မြန်မာဝတ္ထုများ ကွဲပြားခြားနားကြပုံများနှင့် မြန်မာဝတ္ထုများမှာလည်း ယခုထက် တိုးတက်ကောင်းမွန်အောင် ရေးသားဖို့ရန် ကြိုးစားထိုက်ကြောင်းများကို ပြောဆိုရာ အရုပ်ဆိုးသောသူသည် ကျွန်တော် ပြောသည်များကို သဘောကျဟန်လက္ခဏာနှင့် ကျွန်တော့်ကို များစွာအကဲခတ်ပြီးလျှင် နာမည်နှင့်အလုပ်အကိုင်တို့ကို မေးမြန်း၍ အဆွေခင်ပွန်းဖွဲ့ပြီးနောက် နှစ်ဦးစလုံး ထွက်သွားကြလေ၏။

လူစုကွဲပြီးသည့်နောက် ကျွန်တော်က ကျွန်တော်၏သူငယ်ချင်းများအား ထိုသူနှစ်ယောက်အကြောင်းကိုမေးရာ အရုပ်ဆိုးသောသူသည် ဘီအေတန်းတွင် ရာဇဝင်ဆရာကြီးဖြစ်ကြောင်း၊ ဗဟုသုတနှင့်လည်း အလွန်ပြည့်စုံသူဖြစ်သည့်ပြင် ဘောလုံး၊ တင်းနစ်၊ ဟော်ကီစသော ကစားခြင်းတို့၌လည်း များစွာ ဝါသနာပါရှိသောသူတစ်ဦးဖြစ်ကြောင်း၊ အငယ်လူမှာ ကျွန်တော်မြင်ရသည့်အတိုင်း မြန်မာပြည်တွင် အချောဆုံးဟုဆိုအပ်သော သူငယ်တစ်ယောက်ဖြစ်ကြောင်း၊ ကျွန်တော်၏သူငယ်ချင်းများနှင့်အတူ ဘီအေ အထက်တန်းတွင် သင်ကြားလျက်ရှိကြောင်း၊ ၎င်းတို့နှစ်ဦးမှာလည်း အလွန်ချစ်ခင်ဟန် လက္ခဏာရှိ၍ အတူသွား

အတူလာ အတူစားဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး အစဉ်မပြတ် တွဲလျက်ရှိသောကြောင့် ရုပ်ချင်းမခြားနားခဲ့လျှင် သားအဖတော်သည်ဟုပင် ထင်မှတ်ထိုက်ကြောင်းများကို ပြောဆိုလေ၏။

ကျွန်တော်သည် နောက်တစ်နေ့ညတွင် ရန်ကုန်၌ ကိစ္စပြီးစီးသည်ဖြစ်၍ ပြည်မြို့သို့ ဗိုလ်နှင့်အတူ နယ်လှည့်ထွက်ခဲ့ရလေ၏။

ငင်းနောက် နှစ်နှစ်ကျော်ခန့်ကြာရှိ၍ ကျွန်တော်သည် ငင်းတို့နှစ်ဦး အကြောင်းကို သတိမေ့လျော့လျက်ရှိစဉ်အခါ အရုပ်ဆိုးသောသူထံမှ စာတစ်စောင်ကို အင်္ဂလိပ်ဘာသာဖြင့်ရရှိရာ မြန်မာဘာသာသို့ ပြန်ဆိုသော် အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

တရုတ်ပြည်

ပီကင်းမြို့

၁၉-- ခု၊ မေလ၊ ၁၁ ရက်နေ့။

ကျွန်ုပ်သည် မောင့်ကို တစ်ကြိမ်မျှသာ တွေ့မြင်ဖူးသည်မှန်သော်လည်း မောင်ပြောသည့် စကားများကို သတိရသည်ဖြစ်၍ ဤစာကို ရေးသားပေးပို့ခြင်း ဖြစ်ပါသည်။

လွန်ခဲ့သည့် နှစ်နှစ်ကျော်ခန့်က မောင်သည် အစိုးရကိစ္စနှင့် ရန်ကုန်သို့ လာရောက်၍ ဘတ်ပတစ်ကောလိပ်တွင် ခေတ္တတည်းခိုနေထိုင်လျက်ရှိစဉ် အင်္ဂလိပ်ဝတ္ထုနှင့် မြန်မာဝတ္ထုတို့ ကွဲပြားခြားနားကြပုံများကို ပြောဆို၍ သွားဖူးပါသည်။

မောင်နှင့် တွေ့ပြီးသည့်နောက် နှစ်နှစ်အတွင်းတွင် ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံရသော အဖြစ်အပျက်များမှာ အင်္ဂလိပ်ပုံများတွင်ပါရှိသည့် အဖြစ်အပျက်မျိုးမျှလည်းမက မြန်မာပုံများကိုလည်း ကျွန်ုပ်များစွာ မဖတ်ဖူးသော်လည်း ဤကဲ့သို့ ကြက်သီးမွေးညင်းထစေလောက်အောင် အံ့ဖွယ်သရဲဖြစ်သော အကြောင်းအရာများ ပါရှိမည်မထင်၊ သို့ဖြစ်၍ ကျွန်ုပ်သည် မောင့်သဘောရှိသည့်အတိုင်း အသုံးပြုရန် အင်္ဂလိပ်ဘာသာဖြင့် သေချာစွာ ရေးသားပေးပို့လိုက်ပါသည်။

ကျွန်ုပ်နှင့် ကျွန်ုပ်တပည့် မောင်စောနိုင်တို့သည် ပထမ မိမိတို့ မသေမီအတွင်း ၎င်းအဖြစ်အပျက် အကြောင်းအရာများကို လူအများတို့ မသိစေရန် လျှို့ဝှက်၍ထားမည်ဟု အောက်မေ့ကြရာ ယခုမှာ ဤမျှလောက် ထူးဆန်းအံ့သြဖွယ်ကောင်းသော အဖြစ်အပျက်များကို လူအများတို့ သိရှိစေမှ သင့်လျော်မည်ဟု သဘောရရှိကြ၍ ကျွန်ုပ်ရေးသားသည့်အတိုင်း အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ၊ သို့မဟုတ် မြန်မာဘာသာဖြင့် မောင်ကိုယ်တိုင် ပြန်ဆို၍ဖြစ်စေ၊ ပုံနှိပ်ရောင်းချနိုင်စေရန် ပေးပို့လိုက်ပါသည်။

ကျွန်ုပ်၏ အဖြစ်အပျက်များကို ပုံနှိပ်ရောင်းချသည့်အတွက် အမြတ်အစွန်းရရှိပါလျှင် မောင့်သဘောအတိုင်း အသုံးပြုနိုင်ပါသည်။

အကယ်၍ အရှုံးအပါးရှိခဲ့မူ ရန်ကုန်မြို့ နေရှင်နယ်ဘဏ်တိုက်တွင် ကျွန်ုပ်၏နေရပ်ကို မေးမြန်း၍ စာရေးသားပေးပို့ပါက ရှုံးသမျှကို ကျွန်ုပ်က ခံပါမည်။

ဤစာကို အဆုံးမသတ်မီ ကျွန်ုပ်ဖော်ပြလိုသည့် အကြောင်းတစ်ခုမှာ ၎င်းအဖြစ်အပျက်တို့သည် ကျွန်ုပ်၏စိတ်ကူးဉာဏ်ဖြင့် ရေးသားပေးပို့ရခြင်း မဟုတ်။ ကျွန်ုပ်တို့ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရကြောင်းကို မောင်ကိုယ်တိုင် ဖတ်ကြည့်သောအခါ သိရှိပါလိမ့်မည်။

ငင်းစာနှင့်အတူ အထုပ်နှစ်ခု ရရှိပါလိမ့်မည်။ တစ်ခုမှာ ဆိုခဲ့ပြီးသော အဖြစ်အပျက်တို့ပါရှိ၍ အခြားတစ်ထုပ်မှာ ငင်းနှင့်သက်ဆိုင်သော သက်သေခံ ပစ္စည်းများ ပါရှိပါလိမ့်မည်။

ကျွန်ုပ်တို့မှာ အထက်လိပ်စာတွင် ပါရှိသည့်အတိုင်း တရုတ်ပြည်၌ ခေတ္တနေထိုင်လျက်ရှိရာ တနင်္ဂနွေနှစ်ပတ်အတွင်းတွင် တိဘက်သို့ သွားရောက် လည်ပတ်ကြမည်ဟု ကြံစည်ကြပါသည်။

ဦးဘိုးထော်

ကျွန်ုပ်သည် အထက်ပါစာကို ဖတ်ပြီးသည့်နောက် များစွာအံ့သြလျက် ရှိနေရာမှ စာတွင်ပါရှိသည့် အထုပ်နှစ်ထုပ်ကို အဘယ့်ကြောင့် မရမရှိပါ သနည်းဟု စာတိုက်သို့သွားရောက်မေးမြန်းရာ စာတိုက်တွင်လည်း မရောက် သေးသဖြင့် ပြောင်လျောင်၍ရေးသားပေးပို့လိုက်သည့် လက္ခဏာရှိသည်ဟု အောက်မေ့မိပါကြောင်း။

နောက်တစ်နေ့နံနက် ကျွန်တော် ရုံးသို့မသွားမီ စာပို့သမားသည် အထုပ်နှစ်ခုကို ကျွန်တော့်ထံသို့ လာရောက်ပေးပို့ရာ ယမန်နေ့က စာတွင် ညွှန်ပြလိုက်သည့်အထုပ်များ ဖြစ်တန်ရာ၏ဟု ဖွင့်ကြည့်ရာ တစ်ထုပ်မှာ လက်စွပ်တစ်ကွင်း၊ လူခေါင်းခွံတစ်ခုနှင့် ဟောင်းနွမ်းသောပေလွှာများပါရှိ၍ အခြားတစ်ထုပ်၌ကား အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာရွက်များ ပါရှိပါကြောင်း။

ကျွန်တော်လည်း များစွာသိလိုသော စိတ်ဆန္ဒရှိသည်နှင့် စာရွက်များကို ဖတ်ရှု၍ကြည့်ရာ အလွန်တရာထူးဆန်းအံ့သြဖွယ်ကောင်းသည့် အဖြစ်အပျက် များကို တွေ့ရှိရလျှင် တစ်ရွက်မှတစ်ရွက် ရပ်နားခြင်းမရှိဘဲ ဖတ်ရှုသဖြင့် ရုံးတက်ချိန်ကျော်လွန်၍ နာရီပြန်တစ်ချက်ထိုးသောအခါမှ ရုံးတက်ရန်ရှိသေး ကြောင်းကို သတိရမိပါကြောင်း။

သို့ပင် သတိရသော်လည်း ‘မဆုံးလျှင်မတော်၊ ဘယ်လိုပင်ရှိစေ ဆုံးအောင်ဖတ်တော့မည်’ ဟု ရုံးမတက်ဘဲ ဆက်လက်ဖတ်ကြည့်ရာ နောက်တစ်နေ့တွင် အခွင့်မတိုင်ဘဲ ရုံးပျက်သည့်အတွက် ဒဏ်ရိုက်ခံရပါကြောင်း။

ကျွန်တော်လည်း ဆုံးအောင်ဖတ်၍ကြည့်ပြီးသောအခါ ဤကဲ့သို့သော အဖြစ်အပျက်တို့သည် မယုံကြည်နိုင်လောက်အောင် ထူးဆန်းသည် မှန်၏။ သို့သော် ဤမျှလောက် ထူးဆန်းသော အဖြစ်အပျက်ကို မိမိကိုယ်တိုင် မတွေ့ကြုံရဘဲ တစ်စုံတစ်ယောက်သောသူသည် မိမိစိတ်ကူးဖြင့် ကြံစည်ရေးသားရန် မဖြစ်နိုင်သည်ဖြစ်သောကြောင့် မှချကိုယ်တိုင်တွေ့ကြုံခဲ့သော အရာများ ဖြစ်တန်ရာ၏ဟု သဘောရရှိမိပါကြောင်း။

အခြားအထုပ်တွင်ပါရှိသည့် လက်စွပ်၊ ပေစာနှင့် လူ၏ဦးခွံတို့မှာ ဦးဘိုးထော်၏ အဖြစ်အပျက်တို့ကို ဖတ်ရှုသည့်အခါ သိသာလိမ့်မည်ဖြစ်၍ ယခု ထုတ်ဖော်ပြရန် မလိုပါ။

၎င်းပြင် ကျွန်တော်သည် ပထမဦး မိမိရရှိသည့်အတိုင်း အဖြစ်အပျက်များကို အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ်ရောင်းချက အင်္ဂလိပ်စာမတတ်သူ မြန်မာမိတ်ဆွေအများတို့ မဖတ်ရှုရမည်ကို စိုးရိမ်သဖြင့် ဒုက္ခခံပြီးလျှင် မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားခြင်းဖြစ်ပါသည်။

အောက်ပါ အကြောင်းအရာတို့မှာ ဦးဘိုးထော်၏စာမှ လူအများတို့ အလွယ်တကူနားလည်နိုင်သော မြန်မာစကားဖြင့် တတ်နိုင်သမျှ ရှင်းလင်းအောင် ပြန်ဆိုရေးသားခြင်း ဖြစ်ပါသည်။

ထွန်း

# အခန်း (၁)

လူသတ္တဝါတို့သည် မိမိတို့တစ်သက်တွင် အဖြစ်အပျက်များစွာ ကြုံတွေ့ခဲ့ကြရာ အချို့သော အဖြစ်အပျက်တို့မှာ အသက်တစ်ရာနေရသော်လည်း မမေ့နိုင်အောင် ရှိတတ်ပေ၏။ ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံခဲ့ရသော အောက်ပါအကြောင်းအရာတို့မှာ ရက်လအနည်းငယ် ကြာရှိသော်လည်း ယမန်နေ့ကပင် တွေ့ကြုံခဲ့ရသကဲ့သို့ ထင်လင်းသေချာစွာ မှတ်သားမိပါကြောင်း။

ကျွန်ုပ်မှာ အမိအဖတို့ ငယ်စဉ်ကပင် သေဆုံးပြီးနောက် အင်္ဂလိပ်ကျောင်း တစ်ကျောင်းတွင် ကျောင်းအိပ်ကျောင်းစားအဖြစ်ဖြင့် အခမဲ့ ပညာသင်ကြားခဲ့ရာ ဘီအေစာမေးပွဲကို အောင်မြင်ပြီးနောက် အထက်တန်းဆရာအဖြစ် စာမေးပွဲအတွက် ကြိုးစားအားထုတ်လျက်နေပါကြောင်း။

လွန်ခဲ့သည့် (၁၅)နှစ်ခန့်အချိန်က ကျွန်ုပ်သည် ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အခန်းတွင်းတွင် တစ်ယောက်တည်း ဆရာဖြစ်အတွက် စာကျက်၍နေရာ သန်းခေါင်ကျော်ကျော်ရှိပြီဖြစ်၍ ညောင်းညာလှသည်နှင့် ကုလားထိုင်မှ ထ၍ အနီးတွင်ရှိသော မှန်တစ်ချပ်တွင် မိမိအရိပ်ကိုကြည့်လျက် စဉ်းစားမိသည်မှာ 'ငါသည် သူတစ်ပါးနှင့်မတူအောင် မည်းနက်သော အသားအရေရှိရသည့်အပြင် ဆီးကင်းခန့်ပမာဏရှိသော ကျောက်ပေါက်နာတို့သည်လည်း တစ်မျက်နှာလုံးပြည့်၍ ရှိဘိတကား၊ အချို့တို့မှာ အရုပ်ပင်ဆိုးသော်လည်း ငယ်ရွယ်နုနယ်သည့်အလျောက် တစ်မျိုးတစ်မည် ရှုချင်ဖွယ် ကောင်းတတ်ကြ

သည်၊ ငါ့မှာမူကား အသက်နှစ်ဆယ်ကျော်ကလေးပင် ရှိသေးသော်လည်း ခုနစ်ဆယ်ကျော် အဘိုးကြီးကဲ့သို့ ကုပ်ကိုင်းကိုင်းရှိပါဘိတကား၊ ငါသည် ဆရာဖြစ်နှင့် ဘီအေကိုပင် အောင်သော်လည်း ဤဘဝ၌ မိန်းမရရန် ခဲယဉ်းပေတော့သည်။ ငါ့အားကြိုက်သောမိန်းမသည် စားနိုင်သောက်နိုင် မိကောင်းဖခင်သားသမီး ဖြစ်မည်မဟုတ်။ စားရမဲ့သောက်ရမဲ့ဖြစ်၍ လူမျိုးကွဲပင်ဖြစ်စေယူတော့မည်ဟု အောက်မေ့သော မိန်းမမျိုးကိုသာ ငါ ရနိုင်တော့မည်ဖြစ်သောကြောင့် ငါသည် ယခုဘဝတွင် မိန်းမစိတ်ကူး၍မတော်။ သို့သော် အဆင်းမရှိသော်လည်း အချင်းရှိသည် ဆိုသည့်စကားကဲ့သို့ ငါသည် သူတစ်ပါးထက် အရုပ်ဆိုးလေသမျှ ပညာဉာဏ်မှာမူ သူတစ်ပါးထက် သာလွန်ထူးကဲလေစွ’ စသည်ဖြင့် စဉ်းစားလျက်နေစဉ် အခန်းပြင်မှ တံခါးခေါက်သံကြားသည်နှင့် သွား၍ဖွင့်ရာ လူတစ်ယောက်သည် သံသေတ္တာတစ်လုံးကို မနိုင့်တနိုင်နှင့်ထမ်းလျက် မောပန်းသည့်လက္ခဏာဖြင့် အခန်းတွင်းသို့ ဝင်လာလေ၏။

ဝင်လာသည့်လူမှာ အသက်သုံးဆယ့်ငါးနှစ်ခန့်ရှိ၍ များစွာ မကျန်းမာဟန်လက္ခဏာရှိသော ကျောင်းသား ကိုစောနန်းဖြစ်လေသည်။ သူတစ်ပါးတို့မှာ ၎င်းအရွယ်၌ ကျောင်းမှထွက်ပြီးနောက် သားမယားနှင့် လုပ်ကိုင်စားသောက်ကြသည်ဖြစ်ရာ ကိုစောနန်းမှာမူ အသက်သုံးဆယ့်ငါးနှစ်တွင်မှ ဘီအေအထက်တန်းတွင် သင်ကြားလျက် ကျွန်ုပ်နှင့်အတူ တစ်ခန်းတည်း နေထိုင်လျက်ရှိလေသည်။

ကျွန်ုပ်လည်း အချိန်မတော်မှ သေတ္တာကြီးကို ထမ်းလျက်လာသည်ကို မြင်သဖြင့် အံ့အားသင့်၍ သေတ္တာကို ကူညီချပေးရာ ကိုစောနန်းသည် ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်လျက် ပြင်းထန်စွာ ချောင်းဆိုးလျက် ရှိနေလေ၏။ ချောင်းဆိုးရပ်၍ အနည်းငယ်အမောပြေလျှင် ကိုစောနန်းက ...

‘ကျုပ်တော့ ပြီးပြီ မိတ်ဆွေ၊ သည်နေ့နောက်ဆုံးပဲ’ ဟု ပြောရာ ကျွန်ုပ်မှာ နားမလည်သဖြင့် ...

'ဘယ့်နှယ်ပြောတာလဲဗျာ၊ ဘာနောက်ဆုံးလဲ' ဟု မေးရာ ကိုစောနန်းသည် ရုတ်တရက်ပြန်မပြောသေးဘဲ လင်မနစ်ပုလင်းများကို လက်ညှိုးညွှန်ပြသဖြင့် ကျွန်ုပ်လည်း လင်မနစ်တစ်လုံးကို ဖောက်ပေးလေ၏။ ကိုစောနန်းသည် လင်မနစ်ကို တစ်ခါတည်းသောက်ပြီးနောက် ...

'ကျုပ်တော့ပြီးပြီ မိတ်ဆွေ၊ မနေရဘူး၊ သေရတော့မယ်' ဟု ပြောပြန်သဖြင့် ကျွန်ုပ်က မသေနိုင်ကြောင်းပြောမည်ပြုရာ ကိုစောနန်းသည် စိတ်ဆိုးဟန်လက္ခဏာနှင့် မျက်နှာထားတစ်မျိုးပြင်လိုက်သည်ကို မြင်သဖြင့် အကဲခတ်လျက်နေမိ၏။

'စကားရှည်ရှည် မပြောပါရစေနဲ့မိတ်ဆွေ၊ ကျုပ် မောလွန်းလို့ပါ၊ ကျုပ် ဒီကနေ့ည သေရတော့မယ်၊ မလွဲဘူး၊ ဒီတော့ မသေခင် ခင်ဗျားကို တစ်ခုပြောသွားချင်တယ်၊ ကျုပ် နောက်ကို ထပ်ပြောနိုင်မယ် မဟုတ်ဘူးနော်၊ ဒီတော့ ကျုပ်ပြောတာကို ခင်ဗျား စေ့စေ့နားထောင်စမ်း၊ ခင်ဗျား ကုလားထိုင် ဒီအနား ဆွဲခဲ့ပါ၊ အဲ ဟုတ်ပြီ၊ ခင်ဗျားနဲ့ကျုပ်သိတာ နှစ်နှစ်လောက်ရှိပြီ၊ ကျုပ်အကြောင်း ခင်ဗျား ဘာများသိသလဲ'

'ကျွန်တော်သိသလောက်ဖြင့် ခင်ဗျားအသက် သုံးဆယ့်ငါးနှစ်ရှိပြီ၊ သူတစ်ပါးကျောင်းထွက်လို့ လုပ်ကိုင်စားသောက်တဲ့အရွယ်ကျမှ ခင်ဗျားမှာ ကျောင်းလာပြီးနေတယ်၊ ခင်ဗျား မိန်းမရဖူးတယ်၊ ယခု မိန်းမဆုံးပြီးပြီ၊ ကျွန်တော့်အပေါ်မှာတော့ အင်မတန်ကောင်းတဲ့ မိတ်ဆွေကြီးဖြစ်တယ်၊ ဒါပဲ ကျွန်တော်သိတယ်'

'ကျုပ်မှာ သားတစ်ယောက်ရှိတယ်ဆိုတာ ခင်ဗျား မသိသေးဘူးလား'

'မသိဘူး'

'ကျုပ်မှာ သားတစ်ယောက်ရှိတယ်၊ အခု ငါးနှစ်သားလောက်ရှိပြီ၊ သူ့ကို မျက်နှာမြင်ပြီး ကျုပ်မိန်းမ သေဆုံးတဲ့အတွက် သူ့မျက်နှာကို ကျုပ် အခုတောင် မကြည့်နိုင်ဘူးဗျာ၊ သည်တော့ ကျုပ်သေရင် ဒီကလေးကို ခင်ဗျားလက် အပ်ခဲ့ချင်တယ်'

'အလို၊ ကျွန်တော့်လက်ကို'

'ဟုတ်တယ်၊ ခင်ဗျားနဲ့ ထားခဲ့ချင်တယ်၊ ကျုပ်ကိုယ်ကျုပ် မနေရဘူး ဆိုတာ သိနေတာ ကြာလှပြီ၊ ဒီတော့ ဒီကလေးကို ဘယ်သူနဲ့ထားခဲ့ရမယ်ဆိုတာ ကြည့်လို့ မမြင်ဘူး၊ ခင်ဗျားပဲ ကျုပ်မြင်တယ်၊ ခင်ဗျားကိုသိတာ နှစ်နှစ်လောက် ရှိပြီ၊ ကျုပ်သိသလောက်ဖြင့် ခင်ဗျားဟာ အပြင်က အမြင်ဆိုးသော်လည်း အတွင်းသဘောက အင်မတန်ဖြူတယ်၊ တဆိတ်လောက် လင်မနစ်တစ်ပုလင်း ပေးပါဦး' ဟု ပြောသဖြင့် ကျွန်ုပ်ကလည်း ပြောသည့်အတိုင်း ငှဲ့ပေး၏။ လင်မနစ်သောက်ပြီးလျှင် ကိုစောနန်းက ဆက်လက်ပြောပြန်သည်မှာ ...

'ကျုပ်ပြောတာကို စေ့စေ့နားထောင်နော် ကိုဘိုးထော်၊ ကျုပ်မျက်နှာ သေသေချာချာကြည့်စမ်း၊ ကျုပ် ဘာလူမျိုးထင်သလဲ' ဟု ပြောသဖြင့် ကျွန်ုပ်သည် မီးအိမ်ကို လင်းအောင် မီးစာထုတ်၍ ကိုစောနန်း၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ရာ ရောဂါနှိပ်စက်သဖြင့် မျက်ကွင်းတို့သည် ညိုလျက်၊ ပါးနှစ်ဖက်တို့သည်လည်း ခွက်၍ဝင်လုမတတ် ရှိသော်လည်း ကိုစောနန်း ငယ်ရွယ်စဉ်က မူကား အလွန်တရာ အဆင်းအင်္ဂါနှင့် ပြည့်စုံသည့် လက္ခဏာ ရှိပေ၏။

ဤသို့ တစ်မိနစ်ကျော်ကျော်ခန့် ခြေဆုံးခေါင်းဆုံးကြည့်ပြီးနောက် ...

'ကျွန်တော်ဖြင့် မြန်မာလူမျိုးထင်တာပဲ' ဟု ပြန်ပြောလျှင် ကိုစောနန်းက ...

'ကျုပ် မြန်မာအစစ် မဟုတ်ဘူးဗျ၊ ကျုပ်အမေက ရှမ်းအစစ်၊ အဖေကတော့ မြန်မာပါပဲ၊ ဒါနဲ့ ခင်ဗျား ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ဆိုတာ သိလား၊ ခင်ဗျားအဖေ ဘယ်သူတုံး'

'ဦးထွန်း'

'သူ့အဖေကော'

'ဦးကျော်'

'သူ့အဖေကော'

'ဦးအောင်'

'သူ့အဖေကော'

'ဟာ ဘယ်သိမလဲဗျာ၊ သည်ဟာတောင် မေးနိုင် မှတ်နိုင် သားနိုင် လွန်းလို့ သိတာကလား၊ သည်ထက်တော့ ကျွန်တော်မသိပါဘူး'

'အင်း ခင်ဗျားသိတာ ဘေးလောက်ပဲ သိတယ်နော်၊ ကျုပ်တို့မှာ သည်လိုမဟုတ်ဘူး၊ ကျုပ်အမျိုးတွေကို အဆက် (၉၀)လောက်ထိအောင် ကျုပ် အကုန်သိတယ်၊ သည်အကြောင်းတွေ နောက်တော့ ခင်ဗျားသိပါလိမ့်မယ်၊ အခုတော့ သေသေချာချာ ကျုပ်မပြောနိုင်ဘူး၊ ပြောရင် ခင်ဗျား ယုံမယ် မဟုတ်သေးဘူး၊ ကျုပ်တို့မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူတော်မူတာ နှစ်ပေါင်း ဘယ်လောက်ရှိပြီလဲ၊ ခင်ဗျားသိသလား'

'မသိဘူး'

'အခု မြန်မာသက္ကရာဇ် ဘယ်လောက်လဲ'

'၁၂၅၇ ခု'

'မြန်မာသက္ကရာဇ်ကိုတည်၊ ဒွေး အဋ္ဌနှင့်၊ ဧကကော၊ နှောတုံပါက၊ သာသနာနှစ်၊ အတိဖြစ်၏တဲ့၊ ဒွေးကနှစ်၊ အဋ္ဌကရှစ်၊ ဧကက တစ်၊ ကောကတစ်၊ သည်တော့ ၁၁၈၂ မဟုတ်လား၊ အဲ ၁၁၈၂ နဲ့ အခု သက္ကရာဇ်နဲ့ပေါင်း၊ ဘယ်လောက်ရသလဲ'

'၂၄၃၉ ပေါ့'

'အဲဒီ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတာ နှစ်ပေါင်း ၂၄၃၉ နှစ် ရှိပြီ မဟုတ်လား၊ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူစဉ် အခါက အာဠဝီပြည်၊ ပဏ္ဍုသာတိမင်း ကိုးကွယ်တဲ့ ရှင်ကစ္စည်းရဲ့ညီတော် ရှင်ကုမာရ ဘွဲ့ရတဲ့ ပုထုဇဉ်ရဟန်းတစ်ပါး ရှိသတဲ့၊ ရှင်ကစ္စည်းအကြောင်းတော့

ခင်ဗျားသိတယ် မဟုတ်လား၊ အဆင်းမှာဖြင့် သူ့ပြင်မရှိလို့ မြတ်စွာဘုရားက ဧတဒဂ် ပေးတော်မူတယ်မဟုတ်လား။

အဲ ရှင်ကစ္စည်းရဲ့ညီတော် ရှင်ကုမာရကလဲ နောင်တော်လောက်ပင် မလှသော်လည်း နောင်တော်ပြီးလျှင်ဖြင့် အဆင်းမှာသူပဲတဲ့၊ ဒါနဲ့ အာဠဝီပြည် ပဏ္ဍုသာတိမင်းမြတ်ကလည်း အရှင်ကုမာရကို အင်မတန်ကြည်ညိုတဲ့အတွက် ရွှေကျောင်းကြီးများ ဆောက်တော်မူပြီး နန်းတော်ထဲကို နေ့တိုင်းပဲ ဆွမ်းစား ပင့်သတဲ့၊ ပြီးတော့ ၎င်းဘုရင်မှာလဲ အဆင်းအင်္ဂါနှင့် ပြည့်စုံသဖြင့် ဘုရင်တကာ တို့ လာရောက်လှည့်လည်ကြရတဲ့ စတြဒေဝီအမည်ရှိတဲ့ သမီးတော်တစ်ပါး ရှိသတဲ့။

ဒါနဲ့ ဘုရင်မင်းမြတ်ကလည်း ရှင်ကုမာရကို ကြည်ညိုလွန်းလို့ သမီးတော်ရော၊ မိဖုရားကြီးရော နေ့တိုင်း ဖူးမြော်ကြသတဲ့၊ ဒီလိုနဲ့ ရက်ပေါင်း များတော့ ရဟန်းကလဲ ပုထုဇဉ်ရဟန်းကိုး၊ သည်တော့ အာရုံငါးပါး မသိမ်းဆည်းနိုင်တဲ့အတွက် သမီးတော်နဲ့ စုံဖက်ကြပြီး ဘုရင်မသိအောင် တိတ်တဆိတ် ထွက်ပြေးကြသတဲ့။

ဒါနဲ့ သူတို့ ဟိမဝန္တာတောဆီက ဖြတ်သန်းပြီး တိဘက်ပြည်အနီးဆီ ရောက်တော့ အင်မတန်ထူးဆန်းတဲ့ လူမျိုးတစ်မျိုးနဲ့ တွေ့သတဲ့၊ သူတို့ကို အုပ်ချုပ်ရသူကတော့ နတ်သမီးနဲ့ အဆင်းသဏ္ဌာန်တူတဲ့ ဘုရင်မ အပျိုကြီး ဖြစ်သတဲ့။

ဒါနဲ့ ရှင်ကုမာရနဲ့ စိတြဒေဝီမင်းသမီးတို့ ရောက်သွားတော့ အဲဒီ တိုင်းပြည်မှာ ခေတ္တနေထိုင်မိရင်ပဲ ဘုရင်မက ရှင်ကုမာရကို စုံမက်တာနဲ့ မရ ရအောင်ကြံစည်၊ ကြံစည်လို့မရတာနဲ့ ရှင်ကုမာရကို သတ်ပစ်သတဲ့၊ သမီးတော်တော့ လက်လွတ်ထွက်ပြေးရသတဲ့၊ ဘယ့်နှယ်လွတ်လာတယ်တော့ ကျုပ် မပြောတတ်ဘူး၊ အဲသည် ရှင်ကုမာရဟာ ကျုပ်အဆက်အနွယ်ပဲဗျာ။

ခင်ဗျား အခုတော့ မယုံသေးပေဘူး၊ သို့သော် ခင်ဗျားမသေဘဲ နေရလို့ရှိရင် ဟောသည်သေတ္တာက စာကို ဖတ်ကြည့်တော့ သိပါလိမ့်မယ်၊

ရှင်ကုမာရနဲ့ ကျုပ်နဲ့တော့ အဆက်ပေါင်း (၉၁)ဆက် ကွာသလား၊ (၉၂)ဆက် ကွာသလား ကျုပ် အမှန်မပြောနိုင်ဘူး။

ဒါနဲ့ သမီးတော် စိတြဒေဝီလည်း လက်လွတ်ထွက်ပြေးခဲ့တော့ ပဋိသန္ဓေအရင့်အမာ ပါလာသတဲ့၊ ခမျာမှာလဲ ပြည်လဲ မပြန်ဝံ့၊ ပြန်လဲ မပြန်တတ်နဲ့ ရောက်ရာပေါက်ရာ လျှောက်သွားပြီးတော့ မြန်မာပြည်မြောက်ပိုင်း ချင်းလူမျိုးများထဲ ရောက်သွားတော့ သားယောကျာ်းလေးတစ်ယောက် ဖွားမြင်သတဲ့၊ အဲသည် သားယောကျာ်းက ပေါက်ဖွားတဲ့ အဆက်အနွယ်ဟာ ကျုပ်နဲ့ ကျုပ်သား သည်နှစ်ယောက်ပဲ ရှိတော့တယ်။

ဒါနဲ့ သည်ယောကျာ်းကလေးလဲ ချင်းတိုင်းရင်းသားများလက်က လွတ်ပြီး မြန်မာပြည် ရောက်လာတော့ အိမ်ထောင်ရက်သားကျပြီး ပေါက်ပွား နေလိုက်တာ ဦးအောင်ဇေယျလက်ထက်က စစ်ဗိုလ်ကြီး ဗိုလ်မိုးသီးဆိုတာလဲ ကျုပ်တို့ အနွယ်ပဲ၊ ပြီးတော့ ဘကြီးတော်လက်ထက်က ဗိုလ်ဗလဆိုတာလဲ ကျုပ်တို့ အဆက်အနွယ်ပဲ။

ဒါနဲ့ အချို့လဲ ကုန်သည်၊ အချို့လဲ တောင်သူ၊ အချို့လဲ ဘုရင့်အမှုတော်ကိုထမ်းပြီး တစ်ဆက်တစ်ဆက် ဆင်းသက်လာခဲ့တာ ကျုပ်တို့ ဘိုးအေလက်ထက်ကျတော့ ပစ္စည်းအင်အား၊ လယ်ယာချောင်းမြောင်း အမြောက်အမြားနဲ့ တောင်သူကြီး ဖြစ်တာကိုဗျ။

သူလဲ ရှမ်းမလေးတစ်ယောက်နဲ့ အကြောင်းပါပြီး ကျုပ်တို့အဖေကို မွေးရော၊ ကျုပ်တို့အဖေကလဲ ရှိတဲ့ပစ္စည်း ဖြုန်းပြီး ကျုပ်လက်ထက်ကျတော့ တစ်နှစ်ကို စပါးသုံးထောင်လောက်ထွက်တဲ့ လယ်မြေကလေးနဲ့ ငွေသားပစ္စည်း အနည်းငယ် ကျန်ရစ်တယ်။

ဒါနဲ့ ကျုပ်လဲ အသက်နှစ်ဆယ့်ငါးနှစ်ကျလို့ အက်(ဖ)အေ အောင်တော့ ဟောသည် သေတ္တာထဲကပါတဲ့ အညွှန်းအတိုင်း လိုက်တာ ကံကောင်းလို့ အသက်မသေဘဲ သည်ပြည်ကို ပြန်ရောက်ရတယ်။

သည်အကြောင်းတွေတော့ ကျုပ် အကျယ်မပြောနိုင်ဘူး၊ ဒါနဲ့ သည်ပြည် ပြန်ရောက်တော့ မြစ်ကြီးနားမြို့မှာပဲ အိမ်ထောင်ကျပြီး သားယောကျ်ားလေးတစ်ယောက်ဖွား၊ ကျုပ်မိန်းမလဲ သားဖွားတဲ့ရောဂါနဲ့ပဲ အသက်ဆုံးရှာတယ်၊ မိန်းမဆုံးပြီး ကလေးကို မိန်းမအမျိုးများနဲ့ထားပြီး ဟိုရောက် သည်ရောက် သွားလာနေလိုက်တာ ရှစ်နှစ်လောက်ကြာသွားတယ်။

သည်အတွင်းလဲ ဟောသည် သေတ္တာထဲက အညွှန်းအတိုင်း ထပ်မံပြီး သွားဦးမယ်ကြံတော့ လူက တယ်ပြီးမမာလို့ စိတ်ရှုးပေါက်ပြီး ကျောင်းပြန်နေခဲ့တယ်၊ ကဲ သည်ဟာ ကျုပ် အဖြစ်အပျက်ပဲ' ဟု ပြောလျှင် ကျွန်ုပ်သည် ကိုစောနန်းပြောကြားသည့် အရာများကို ယုံကြည်ရမည်လည်း အခက်၊ မယုံရမည်လည်း အခက် ဝေခွဲ၍မရနိုင် ရှိနေသည့်အတွင်း ကိုစောနန်းက ဆက်လက်၍ ပြောပြန်သည်မှာ ...

'ကျုပ်တော့ မနေရဘူး၊ မုချ ယနေ့ည သေရတော့မယ်၊ ဒါကြောင့် ကျုပ် အခုလာပြီး ခင်ဗျားကို သည်သေတ္တာနဲ့ သားကလေးကို လာအပ်တယ်၊ စောစောက ရောက်ဖို့ဟာ မြှုပ်ထားတဲ့နေရာကို ကျုပ်က ခပ်မေ့မေ့ဖြစ်နေလို့ ရှာနေရတဲ့အတွက် သည်လောက်အချိန်ကြာသွားတယ်။'

'ပြီးတော့ ကျုပ် တစ်ခုပြောဦးမယ်၊ ကျုပ် မနေရဘူးဆိုတာ ဘာပြုလို့ သိသလဲ၊ ခင်ဗျား သိလား၊ ကျုပ်တို့အမျိုးထဲမှာလေ သေခါနီးပြီဆိုရင် မိန်းမဖြူဖြူတစ်ယောက် ပေါ်လာတယ်။'

'အင်း သည်အကြောင်း ပြောရဦးမယ်၊ ကျုပ် မနေ့ညက သည်အခန်းမှာ အိပ်တော့လေ အိမ်မက်ထဲမှာ မိန်းမဖြူဖြူ အဆင်းလှလှတစ်ယောက်က ကျုပ်အိပ်တဲ့ ကုတင်ခြေရင်းနားမှာရပ်ပြီး ရင်ဘတ်စည်တီးနဲ့ငိုတာကို ကျုပ် မြင်လို့ လန့်နိုးပြီး ပျာယီးပျာယာ မျက်စိများပွတ်ကြည့်တော့ အိမ်မက်ထဲက မိန်းမက တကယ့်ကို ခြေရင်းနားရပ်နေတာ သေသေချာချာမြင်လိုက်ရတာကိုးဗျ၊ ကျုပ်လဲ အံ့အားသင့်ပြီး အိပ်ယာပေါ်ကနေ ထိုင်ရက်ကြီးကြည့်နေတော့ မိန်းမက မျက်ရည်သုတ်ပြီး မြောက်အရပ်ကို လက်ညှိုးညွှန်ပြရင်း နောက်ဆုတ်

နောက်ဆုတ်နဲ့ အခန်းပြင်ထွက်သွားတာကို ကျုပ်လဲ ကယောင်ကတမ်းနဲ့ထပြီး နာရီကြည့်တော့ လေးနာရီခွဲတိတိရှိတာ တွေ့တယ်။'

'ဒါနဲ့ ဘယ့်နှယ်အဓိပ္ပါယ်ပါလိမ့်လို့ စဉ်းစားနေတုန်း ကျုပ်တို့အဖေက မသေခင် ပြောသွားဖူးတဲ့စကား သွားပြီးသတိရတယ်၊ သည်မိန်းမဟာ ကျုပ်တို့ အမျိုးထဲမှာ သေခါနီးကျမှဖြင့် လာရောတဲ့၊ သူလာပြီး နှစ်ဆယ့်လေးနာရီကျရင် သည်လူ သေရောတဲ့၊ ကျုပ်က သေရမှာ ရိုးရိုးတော့ မကြောက်ပါဘူး၊ သို့သော် ကိုယ်အိပ်နေတုန်း သည်လို အလန့်တကြား လာပြီးပြတာ အသည်းနှလုံး တုန်လှတယ်ဗျာ။'

'ကဲ ခုတော့ ကျုပ် သေတော့မယ်ဆိုတာ ခင်ဗျား ယုံကြည်ပြီ မဟုတ်လား၊ ဘယ်နှစ်နာရီရှိပြီလဲ၊ ကြည့်လိုက်စမ်းဗျာ၊ ဩော် သုံးနာရီတောင် ရှိသွားပြီ၊ အင်း ကျုပ် အလွန်ဆုံးနေရလှရင် တစ်နာရီခွဲပဲ နေရတော့မယ်။'

'ဟောသည်စာ မြင်လား၊ သည်စာထဲမှာ ပါတဲ့အတိုင်း ကျုပ်ကလေးကို ခင်ဗျား သင်ကြားရမယ်၊ ဘယ့်နှယ်လဲ၊ ခင်ဗျား သဘောတူသလား' ဟု မေးလျှင် ကျွန်ုပ်လည်း စာအိတ်နှင့် သေတ္တာတို့ကို လှန်၍ကြည့်လျက် ...

'ဘာကိုသဘောတူရမှာလဲ' ဟု မေးရာ ကိုစောနန်းက ...

'သဘောတူရမှာက သည်လိုဗျ' ဟု ပြောလျက် အင်္ကျီအိတ်မှ သော့တွဲတစ်ခုကို နှိုက်၍ စားပွဲပေါ်တွင်တင်ပြီး ...

'ခင်ဗျားက ကျုပ်ကလေးကို သားအမှတ်နဲ့ မွေးစားရမယ်၊ မွေးစားလို့ ကလေးအသက် နှစ်ဆယ့်ငါးနှစ် ကျရောက်သောအခါ ဟောသည်သော့နဲ့ သည်သေတ္တာတွင်ပါတဲ့ အရာများကို ခင်ဗျားတို့နှစ်ယောက် ကြည့်ရှုရမယ်၊ ကြည့်ရှုစုံစမ်းပြီးသောအခါ ကျုပ်သားက သဘောတူလျှင် သေတ္တာတွင်ပါတဲ့ အညွှန်းအတိုင်း လိုက်ရမယ်၊ သူက မလိုက်လိုဘူးပဆိုလျှင်လည်း သေတ္တာမှာ ရှိတဲ့အရာများကို သူကမွေးတဲ့ သားအကြီးကို အကုန်ပေးအပ်ခဲ့ရမယ်၊ သည်အညွှန်းများကို သူလိုက်ချင်မှ လိုက်ရမယ်နော်၊ မလိုက်ချင် မနေရဘူး

မဟုတ်ဘူး၊ သူ့သဘောအတိုင်းပဲ နားလည်လား၊ သည်ဟာကို သေသေချာချာ ပြောပြလိုက်ပါ။'

'ကဲ ကျုပ်သားကို ကြည့်ရှုစောင့်ရှောက်ရစ်တဲ့အတွက်ကတော့ ကျုပ်မှာ တစ်နှစ်ကို စပါးသုံးထောင်လောက်ထွက်တဲ့ လယ်မြေအတွက် မြေပုံများ ဘဏ်တိုက်မှာ ထားတယ်၊ ဘဏ်ကိုလဲ ကျုပ် စာရေးခဲ့ပြီ၊ အဲသည် စပါး သုံးထောင်အနက် တစ်ထောင့်ငါးရာကို ခင်ဗျားတို့နှစ်ယောက် သုံးစွဲနိုင်တယ်၊ သည်တော့ တစ်နှစ်ကို စပါး တစ်ထောင့်ငါးရာ ပိုသေးတယ် မဟုတ်လား၊ အဲသည်ဟာကိုတော့ ကျုပ်သား အသက်နှစ်ဆယ့်ငါးနှစ် ရောက်သော အခါကျတော့ အညွှန်းအတိုင်းလိုက်ရအောင် စုဆောင်းသိုမှီးပြီး ထားရမယ်၊ ခင်ဗျားလဲ အခု ဆရာဖြစ်အောင်ပြီ၊ ကျောင်းဆရာလုပ်လို့ ရတဲ့လခနဲ့ သည်ဟာနဲ့ ခင်ဗျားတို့နှစ်ယောက် သုံးစွဲလောက်ပြီမဟုတ်လား'

'အနို့ မတော်တဆ ကျွန်တော် သေသွားလို့ရှိရင်ကော'

'သည်တော့လဲ သူ့ကံအတိုင်းပေါ့လေ၊ သို့သော်လဲ သည်သေတ္တာကို တော့ သူ့လက် မရောက်ရောက်အောင် ယုံကြည်လောက်တဲ့လူ လက်ကို အပ်ခဲ့ပါဗျနော်၊ ကဲ ဒါပဲ၊ သဘောတူရဲ့လား' ဟု မေး၍ ကျွန်ုပ်ကို ကြည့်ရာ ကျွန်ုပ်လည်း စဉ်းစားလျက်နေလေလျှင် ကိုစောနန်းက ...

'ကျုပ်တို့နှစ်ယောက်ဟာ တစ်ဦးနဲ့တစ်ဦး မိတ်ဆွေကောင်း ဖြစ်ကြ တယ်လို့ ခင်ဗျားပြောတယ် မဟုတ်လား၊ သည်တော့ မိတ်ဆွေကောင်းနဲ့ လျော်ညီအောင်ဟာ ကျုပ်ပြောတာကို နားထောင်ပါဗျ၊ ကျုပ်လဲ သည့်ပြင် စီမံစရာအချိန်လဲ မရှိလို့ပါ' ဟု တောင်းပန်ပြန်လျှင် ကျွန်ုပ်က ...

'ကောင်းပါပြီခင်ဗျာ၊ ခင်ဗျားပြောတဲ့အတိုင်း ကျွန်တော် ဆောင်ရွက်ရစ် ပါ့မယ်'

"ကျေးဇူးပါပဲ မိတ်ဆွေ၊ ကဲ ဒါဖြင့် ကျုပ် စိတ်အေးအေးနဲ့ အသက်ထွက်ရပေတော့မယ်၊ ကဲ ရေတစ်ခွက်ပေးစမ်း၊ အဲ 'ကျွန်တော်သည် ကလေးကို သားအရင်းကဲ့သို့ စောင့်ရှောက်၍ ကိုစောနန်း မှာသည့်အတိုင်း

တစ်လုံးမကျန် ဆောင်ရွက်လိုက်နာရစ်ပါမည်’ လို့ သစ္စာရေသောက်လိုက်ပါ” ဟု ပြော၍ ကျွန်ုပ်အား ရေတစ်ခွက်ပေးပြီးလျှင် ကျွန်ုပ်လည်း ကိုစောနန်း ပြောသည့်အတိုင်း ကျိန်ဆို၍ သစ္စာရေသောက်လိုက်လေ၏။

ကိုစောနန်းလည်း ထိုင်ရာမှထ၍ ...

‘ကောင်းပြီလေ၊ တစ်ခါဖြင့် စိတ်ချရပြီ၊ ကျုပ် သေသွားတဲ့နောက် ခင်ဗျား သစ္စာမဖောက်နဲ့နော်၊ သစ္စာဖောက်ခဲ့ရင်တော့ ကျုပ် မနေဘူး၊ ခင်ဗျားကို လာပြီး ခြောက်မယ်၊ နားလည်လား’ ဟုပြောလျှင် ကျွန်ုပ်သည် အံ့အားသင့်နေလျက် ရှိနေသဖြင့် ပြန်မပြောဘဲ နေလေ၏။

ကိုစောနန်းသည် မီးတိုင်ကိုယူ၍ မှန်အနီးသို့သွားပြီးလျှင် မှန်တွင် မိမိ၏အရိပ်ကိုကြည့်လျက် ...

‘အင်း တော်တော်ကြာရင် ဒီရုပ်ကြီး လှုပ်ရှားတော့မယ် မဟုတ်ဘူးနော်၊ ပိုးလောက်တို့အစာ ဖြစ်ရှာတော့မယ်၊ ကဲ သွားဦးမယ် မိတ်ဆွေကြီး’ ဟု ပြောလျက် ကျွန်ုပ်၏လက်ကိုဆွဲ၍ နှုတ်ဆက်ရာ ...

‘ဘယ့်နှယ်လဲ မိတ်ဆွေ၊ ဘယ်ကို သွားဦးမလို့လဲ၊ ခင်ဗျား သည်နေ့ည သည်မှာမအိပ်ဘူးလား’ ဟု မေးလျှင် ...

‘ကျုပ် မသိနိုင်ဘူး၊ အောက်မှာ ရထားစောင့်နေတယ်’ ဟု ပြောရင်း ကိုစောနန်းသည် အခန်းပေါက်ရှိရာသို့လှည့်၍ ကြည့်သဖြင့် ကျွန်ုပ်လည်း သူကြည့်ရာအရပ်ကို လိုက်၍ကြည့်ရာ ဘာကိုမျှ မမြင်ရသော်လည်း ကိုစောနန်းမှာ ရုတ်တရက် မျက်နှာပျက်၍ ...

‘ဟောဟိုမှာ လာပြန်ပြီ မိတ်ဆွေ၊ လာပါပြီခင်ဗျာ၊ ကျွန်တော် လာပါပြီ’ ဟု အော်လျက် အခန်းပြင်သို့ထွက်ပြီးလျှင် လှေကားရှိရာသို့ ပြေးသွားလေ၏။

ကျွန်ုပ်လည်း ကိုစောနန်းသည် မည်သည့်အရာကိုမြင်၍ ထွက်ပြေးလေသနည်းဟု အံ့အားသင့်လျက်ရှိနေစဉ် လှေကားမှ တစ်စုံတစ်ယောက် လိမ့်ကျသံ

ကို ကြားသဖြင့် မီးခွက်ကိုကိုင်လျက် ပြေးသွားရာ လှေကားအောက်ဆုံးထစ်တွင် လူတစ်ယောက်သည် မှောက်၍နေသည်ကို မြင်ရလေ၏။

ကျွန်ုပ်သည် မီးခွက်ကိုချပြီးနောက် မှောက်လျက်ရှိသူကို လှန်ကြည့်ရာ ကျွန်ုပ်၏မိတ်ဆွေ ကိုစောနန်းဖြစ်ကြောင်း သိရသဖြင့် နာမည်ကို ခေါ်ပါသော်လည်း မထူးဘဲရှိနေလေ၏။

ထိုအခါ ကျွန်ုပ်မှာ ကြောက်တတ်ဖူးသည် မရှိသော်လည်း ၎င်းညတွင် ကြားသိရသည့် အကြောင်းအရာတို့မှာ အလွန်တစ်ရာ ထူးဆန်းလှ၍ စိတ်နှလုံး မခိုင်စေအောင် ရှိသည်ဖြစ်သောကြောင့် အနည်းငယ်တုန်လှုပ်၍ ကိုစောနန်း၏ ရင်ကို လက်ဖြင့်စမ်းသပ်၍ကြည့်ရာ ကိုစောနန်းမှာ အသက်ကုန်၍သွားပြီ ဖြစ်ကြောင်းကို သိရှိရလေသည်။

ကျွန်ုပ်သည် ကိုစောနန်းအသက်မရှိကြောင်း သိသဖြင့် များစွာ ထိတ်လန့်တုန်လှုပ်လျက်ရှိနေစဉ် အခြားအခန်းမှ ကျောင်းသားတို့သည် အိပ်ယာမှ လန့်နိုးကြသဖြင့် မီးခွက်ကိုယ်စီနှင့်ဆင်းလာကြရာ ကျွန်ုပ်သည် ကျောင်းသားတို့အား အဖြစ်အပျက်ကို အနည်းငယ် ပြောပြပြီးနောက် ကိုစောနန်း၏ အလောင်းကို ဝိုင်းဝန်းကူညီ၍ ကျွန်ုပ်၏အခန်းသို့ တင်ယူပြီးလျှင် အလောင်းကို ပြင်၍ထားကြလေ၏။

ဇ္ဇဋ္ဌ

# အခန်း (၂)

နံနက်မိုးလင်းလျှင် တစ်ကျောင်းလုံး အုတ်အုတ်ကျက်ကျက်ဖြစ်၍ ကိုစောနန်းသေခြင်း၏ အကြောင်းကို တစ်ယောက်တစ်ခွန်း ပြောဆိုကြလျက် ဆရာကြီးအားလည်း ကျွန်ုပ်ကိုယ်တိုင် သွားရောက် တိုင်တန်းပြီးသကာလ ကိုစောနန်း၌ ဆွေမျိုးညာတိရှိဟန် လက္ခဏာမရှိသဖြင့် အကြောင်းကြားရန် မလိုဟု သဘောရရှိကြသည်နှင့် နောက်တစ်နေ့တွင် ထုံးစံရှိသည့်အတိုင်း ဖုတ်ကြည်းသင်္ဂြိုလ်လိုက်ကြလေ၏။

ကိုစောနန်း၏ ဈာပနကိစ္စပြီးမြောက်သည့်နောက် ကျွန်ုပ်သည် ကိုစောနန်း ပြော၍သွားသည်များကို ပြန်လှန်စဉ်းစားကြည့်ရာ ကိုစောနန်းသည် လူသာမန်တစ်ယောက် မဟုတ်သည့်အကြောင်းကို ကျွန်ုပ်စိတ်၌ မုချ အယူရှိမိလေ၏။

အများသောသူတို့မှာ မိမိတို့၏ ဆွေမျိုးကို ဘေးဘီသို့တိုင်အောင် သိခဲ့ကြလျှင် တော်လှချေပြီဟု အောက်မေ့ဖွယ်ရှိလေရာ ကိုစောနန်းမှာမူ မြတ်စွာဘုရားလက်ထက်တော်၌ အဆင်းတွင် ဧတဒဂ်ရသည့် ရှင်ကစ္စည်း၏ ညီတော်ရှင်ကုမာရနှင့်ပင် အမျိုးတော်စပ်ကြောင်းကို သိရှိရလေသည်မှာ များစွာ အံ့ဩဖွယ်ကောင်းလှပေ၏။

ဤကဲ့သို့ အနှစ်နှစ်ထောင်ကျော် အခါကာလက ရှိနေသူတစ်ဦး တစ်ယောက်နှင့် ဆွေမျိုးတော်စပ်သည်ဟု ပြောနိုင်ခြင်းမှာလည်း ရုတ်တရက် အားဖြင့် စဉ်းစားခဲ့လျှင် မယုံကြည်ဖွယ် ရှိမည်ဖြစ်သော်လည်း ကိုစောနန်းသည် မိမိ၏စိတ်၌ ထင်မြင်သည့်အတိုင်းသာလျှင် ရမ်းဆ၍ ပြောဟန်လက္ခဏာလည်း မရှိ၊ အဖသည် သားသို့ အစဉ်အဆက် ပြောပြ၍သွားလျှင်လည်း ဤမျှလောက် ရှည်လျားသော အမျိုးနွယ်ကို မှတ်သားမိနိုင်သည် မဟုတ်။ အမှန်စင်စစ် သူပေးခဲ့သည့် သံသေတ္တာတွင်ပါရှိသော အရာများကိုကြည့်ခြင်းအားဖြင့်သာလျှင် သိရှိနိုင်မည်ဟု ကျွန်ုပ် သဘောရရှိလေသည်။

ကျွန်ုပ်တို့သည်လည်း အများသူငါ အယူရှိကြသည့်အတိုင်း ဗြဟ္မာကြီး လေးဦးမှ ဆင်းသက်ပေါက်ပွားလာကြသည် ဖြစ်သောကြောင့် ဘုရား လက်ထက်တော်ကလည်း ကျွန်ုပ်တို့အမျိုးအနွယ်များ မုချရှိရမည်ဖြစ်လေရာ ကိုစောနန်း၏ အဆက်အနွယ်များကဲ့သို့ သေချာစွာ ရေးသားကမ်းလှမ်းခဲ့ခြင်း မရှိသောကြောင့်သာလျှင် မပြောနိုင်ဘဲ ရှိကြလေသည်ဖြစ်ကြောင်း။

ဥရောပတိုက်သားတို့မှာမူ အဖ၏နာမည်အတိုင်း သားတွင် တည်ရ သည်ဖြစ်သောကြောင့် မိမိ၏အနွယ်သည် မည်သည့်အခါက မည်သူ ဖြစ်လေသည်ကို ထင်ရှားကျော်စောခဲ့လျှင် ရာဇဝင်တွင် ကြည့်ခြင်းအားဖြင့် သိရှိနိုင်ကြလေသည် ဖြစ်ကြောင်း။ ကျွန်ုပ်တို့ မြန်မာလူမျိုးတို့မှာ ဤကဲ့သို့ အစဉ်တစိုက် နာမည်တူမှည့်သည့် အလေ့မရှိကြသောကြောင့် သေသေချာချာ ရေးသားကမ်းလှမ်းခဲ့မှသာလျှင် သိရှိနိုင်ကြလေသည်ဖြစ်ကြောင်း။

ကိုစောနန်းမှာ ဤကဲ့သို့ အစဉ်တစိုက် ရေးသားသည့် စာဟောင်းများ မုချရှိရမည်ဟု ကျွန်ုပ်ယုံကြည်လေရာ သံသေတ္တာကိုဖွင့်၍ ကြည့်လိုသောဆန္ဒ များစွာရှိလေ၏။

သို့ရာတွင် ကိုစောနန်း ပြောသွားသည့်အတိုင်းမှာ ကျွန်ုပ်သည် ကလေးကိုမွေးစားပြီး ကလေးအသက် နှစ်ဆယ့်ငါးနှစ်တိုင်ခန့် ရောက်သည့် အခါမှ သေတ္တာကို နှစ်ဦးစုံညီ ဖွင့်၍ကြည့်ရမည်ဟု မသေမီ မှာသွားသည့် စကားများကို သတိရသဖြင့် အကယ်၍ ကျွန်ုပ်သည် အလိုရှိသော ဆန္ဒရှိသည့်

အတိုင်း ဖွင့်ကြည့်ခဲ့ပါလျှင်မူ မည်သူမျှ သိမည်မဟုတ်သော်လည်း ကိုစောနန်းသည် အခြားသူတို့နှင့် မတူသည်ကို သိသည့်အတွက် စိမ့်၍ကြောက်သည်လည်း တစ်ကြောင်း၊ သစ္စာဖောက်ခဲ့လျှင် သူကိုယ်တိုင်လာ၍ ခြောက်မည်ဟု ပြောသွားသည်ကို သတိရ၍ ရွံ့သည်လည်း တစ်ကြောင်းကြောင့် မိမိ၏ အလိုသို့ မလိုက်ဘဲ သေတ္တာကို ရထားနှင့်တင်ပြီးလျှင် ဘဏ်တိုက်တွင် အပ်နှံထားလိုက်လေ၏။

ကျွန်ုပ်သည် ဘဏ်တိုက်မှပြန်လာပြီး အခန်းတွင်းသို့ရောက်၍ ၎င်းအကြောင်းကိုပင် ဆက်လက်စဉ်းစားလျက်ရှိနေစဉ် စာပို့ကုလားသည် အောက်ပါ စာတစ်စောင်ကို လာ၍ပေးလေ၏။

ရန်ကုန်မြို့။

၁၉ ခု၊ မတ်လ၊ ၂၀ ရက်။

ကျွန်ုပ်တို့ဘဏ်တိုက်တွင် ပစ္စည်းများအပ်နှံထားသူ ကိုစောနန်းသည် ယခုလဆန်း (၁၃)ရက်နေ့၌ သေဆုံးကြောင်းကို ကြားသိရလေရာ ကျွန်ုပ်တို့ထံသို့ မသေမီ စာတစ်စောင်ရေးသား အပ်နှံထားခဲ့ပါကြောင်း။

၎င်းစာ အဓိပ္ပါယ်မှာ ကိုစောနန်းပိုင် လယ်မြေတို့မှ တစ်နှစ်လျှင် စပါးသုံးထောင်ခန့်ထွက်သည့်အနက် ခင်ဗျားသည် ကလေးကို မွေးမြူရန် သဘောတူညီခဲ့လျှင် တစ်ဝက်ကို ခင်ဗျားအား ပေးအပ်စေလိုကြောင်း၊ ၎င်းပြင် ကျွန်ုပ်တို့ထံ အပ်နှံထားသည့် ငွေသုံးသောင်းပေါ်မှ ရရှိသည့်နှစ်စဉ် အတိုးငွေကိုလည်း သူ၏ကလေး သုံးစွဲရန်အတွက် ခင်ဗျားအား ပေးအပ်စေလိုကြောင်း ပါရှိလေသည်ဖြစ်သောကြောင့် ကလေးကိုလက်ခံရန် သဘောတူ မတူကြောင်း

နှင့် ငွေကို မည်သို့ လွှဲပေးရန်အကြောင်းများကို လူကိုယ်တိုင် လာရောက် ပြန်ကြားစေလိုပါကြောင်း။

မန်နေဂျာ

နေရှင်နယ်ဘဏ်တိုက်

ကျွန်ုပ်သည် စာကိုဖတ်ပြီးသည့်နောက် ကလေးကို မည်သို့မွေးမြူရန် အကြောင်းများကို စဉ်းစားနေရာမှ ကိုစောနန်းမသေမီ ကျွန်ုပ်အား ပေးထား ခဲ့သောစာကို သတိရ၍ စားပွဲအံဆွဲမှ ထုတ်ပြီးဖတ်ရာ 'ကလေး အသက် (၂၅)နှစ်စေ့ ရောက်သောအခါ သေတ္တာကိုဖွင့်ရန်အကြောင်း၊ ကလေးကိုလည်း အခြားပညာများ၌ များစွာမသင်စေဘဲ ပါဠိဘာသာကို အထူးအားထုတ် သင်ကြားစေပြီးလျှင် ၎င်းဘာသာကို မြန်မာဘာသာကဲ့သို့ပင် ရေးနိုင် ဖတ်နိုင် ပြောနိုင် ဆိုနိုင်စေရမည့်အကြောင်း၊ ၎င်းပြင် အကယ်၍ ကလေးသည် အသက် နှစ်ဆယ့်ငါးနှစ် မစေ့ရောက်မီ သေဆုံးခဲ့လျှင် သည်သေတ္တာကို ဖွင့်ကြည့်ပြီးလျှင် ၎င်းတွင်ပါရှိသည့် အညွှန်းအတိုင်း လိုက်နာလိုက လိုက်နာနိုင်ကြောင်း၊ သို့တည်းမဟုတ် ခက်ခဲနက်နဲလှသည်ဟု သဘောရရှိ၍ မလိုက်နာခဲ့လျှင်လည်း သေတ္တာတွင်ပါရှိသည့် အရာများကို မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ပြောကြားခြင်းမပြုဘဲ ဖျက်ဆီးပပျောက်စေရမည်ဖြစ်ကြောင်း' ပါရှိလေသည်။ ကျွန်ုပ်လည်း စာကိုဖတ်ပြီးလျှင် အိတ်တွင်ပြန်ထည့်၍ သော့တွဲနှင့်အတူ ချိပ်တံဆိပ် ရိုက်နှိပ်ပြီးနောက် ကျွန်ုပ်၏သေတ္တာအောက်ဆုံးတွင် ထည့်သွင်း သိမ်းဆည်း၍ ထားလိုက်လေ၏။

၎င်းနောက် နေရှင်နယ်ဘဏ်တိုက်မှ စာတွင်ပါရှိသည့်အတိုင်း ကျွန်ုပ် သည် ဘဏ်တိုက်သို့သွားရောက်၍ ကျွန်ုပ်၏အမည်ကိုပြောပြရာ မန်နေဂျာ လုပ်သူသည် ကျွန်ုပ်အား နာရီတစ်ဝက်ခန့်မျှ ပြောရန်ရှိသမျှတို့ကို ပြောဆို သင်ကြား၍လွှတ်လိုက်လေ၏။

ကျောင်းသို့ပြန်ရောက်လျှင် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်လျက် စဉ်းစားမိသည်မှာ ‘ကလေး ဆယ်ရက်အတွင်း ရောက်တော့မည်ဖြစ်၍ ကလေး ထိန်းရန် လူတစ်ယောက်ကို ငှားရမ်းရန် ရှိလေသည်၊ မိန်းမတစ်ယောက်ကို ငှားချေက ကလေးသည် ငါ့ကို ချစ်ခင်မည်မဟုတ်၊ အထိန်းမိန်းမကိုသာ ချစ်ခင်ချေတော့မည်ဖြစ်၍ ယောကျ်ားအထိန်းကိုသာ ငှားရမ်းမှ တော်ချေမည်၊ ကလေးရောက်လာလျှင် ငါသည် ကျောင်းအိပ်ကျောင်းစားအဖြစ်နှင့် နေနိုင်မည် မထင်၊ သို့ဖြစ်၍ ဆရာကြီးထံ ခွင့်တောင်းပြီး ကျောင်းနှင့်နီးနီး အိမ်တစ်လုံးကို ငှားရမ်းနေထိုင်မှ တော်ချေမည်၊ ငါ၏ စာမေးပွဲသည်လည်း ယခု တနင်္လာနေ့ တွင် လုပ်တော့မည်၊ အောင်သောအခါ ဆရာကြီးနှင့် စာချုပ်တွင် ပါရှိသည့် အတိုင်း လခတစ်ဝက်ဖြင့် သုံးနှစ်တိုင်တိုင် ဤကျောင်းတွင် ဆရာလုပ်ရချေမည်၊ ကလေး၏ အကြောင်းကိုလည်း ဆရာကြီးအား ပြောကြားရဦးမည်’ စသည်ဖြင့် စဉ်းစားလျက်နေရာမှ ဆရာကြီးထံသွားရောက်၍ ကလေးကိုမွေးမြူရန် လက်ခံ လိုက်သည့်အကြောင်းနှင့် မွေးမြူသည့်အတွက် မည်ရွေ့မည်မျှ ကျေးဇူးရှိကြောင်း များကို ပြောကြား၏။ ဆရာကြီးလည်း များစွာမငြင်းဆန်ဘဲ ခွင့်ပြုလိုက်လေ၏။

တနင်္လာနေ့တွင် ဆရာဖြစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ မေးခွန်း တို့ကို အကုန်လိုပင် ဖြေဆိုနိုင်၍ အောင်မြင်မည်ဟု မိမိကိုယ်ကို စိတ်ချပြီး ဖြစ်သောကြောင့် ဆရာကြီးလည်း ကျွန်ုပ်အား ရှစ်တန်း၊ ကိုးတန်းတို့၌ ရာဇဝင်နှင့် မြန်မာဘာသာတို့ကို သင်ကြားစေရန် ခွင့်ပြုလိုက်လေ၏။

၎င်းနောက် ကျွန်ုပ်သည် ကျောင်းနှင့်နီးနီး အိမ်တစ်လုံးကို အခန့်သင့် တွေ့ရှိသည်နှင့် ငှားရမ်းပြီးလျှင် အသက် (၁၆)နှစ်ခန့်ရှိ၍ သဘောကောင်းဟန် လက္ခဏာရှိသော လူကလေးတစ်ယောက်ကို ကလေးထိန်းအဖြစ်နှင့် ငှား၍ ထမင်းချက်ပြုတ်ရန်အတွက် လူတစ်ယောက်ကိုလည်း ရှာထားနှင့်လေ၏။

သောကြာနေ့ရောက်၍ ကျွန်ုပ်၏အစေခံနှစ်ယောက်နှင့် အိမ်သစ်၌ နေသားတကျရှိနေလျှင် ကြေးနန်းတစ်စောင် ရရှိလေ၏။ ၎င်းကြေးနန်းမှာ ...

‘ညနေ ငါးနာရီခွဲရထားကို လာ၍ကြို’ ဟု ပါရှိလေသည်။

ငင်းကြေးနန်းမှာ မြစ်ကြီးနားမြို့မှ ပေးပို့လိုက်သည်ဖြစ်သောကြောင့် ကိုစောနန်း၏ သားကလေး ရောက်လာမည့်အကြောင်းနှင့် သက်ဆိုင်သည်ကို သိရှိရသည့်အတွက် ကျွန်ုပ်သည် အထိန်း ပေါစံကိုခေါ်၍ ဘူတာရုံသို့ သွားရောက်ကြိုဆိုကြလေသည်။

ငါးနာရီခွဲ မန္တလေးရထားဆိုက်ရောက်လျှင် ကျွန်ုပ်တို့သည် ခရီးသည် တို့ကို လိုက်လံစုံစမ်းရာ အသက် လေးဆယ်ကျော်ခန့်ရှိ မိန်းမကြီးတစ်ယောက် နှင့် ဆယ်နှစ်သားလေး တစ်ယောက်ကိုမြင်လျှင် ဟုတ်တန်လောက်သည် အောက်မေ့၍ မေးမြန်းကြည့်ရာ ဟုတ်ကြောင်းကို သိသဖြင့် ပစ္စည်းများကို ရထားနှင့်တင်ပြီးလျှင် နေအိမ်သို့ ခေါ်ခဲ့လေ၏။

လိုက်ပို့သူ မိန်းမကြီးမှာ ကလေးမိခင်၏ အစ်မနှစ်ဝမ်းကွဲ တော်စပ်သူ ဖြစ်လေရာ အိမ်ရှင်တို့ ဝတ္တရားအတိုင်း ဧည့်ဝတ်ကျေအောင် ရန်ကုန်မြို့သို့ လှည့်လည်ပြသပြီးနောက် သုံးရက်လောက်ကြာသကာလ လက်ဆောင် အမြောက်အမြားနှင့် မြစ်ကြီးနားမြို့သို့ ပြန်သွားလေ၏။

ကိုစောနန်း၏ သားငယ်မှာ အသက်ဆယ်နှစ်တိတိရှိ၍ အမည်မှာ မောင်စောနိုင်ဟု ခေါ်တွင်လေသည်။ ငင်းသူငယ်၏အဆင်းမှာ သေလွန်သူ ဖခင်ကိုစောနန်းနှင့် အနည်းငယ်တူသည်ဟု ဆိုလောက်သော်လည်း ဖခင်ထက် များစွာ ပိုမိုလှပသည့်ပြင် စိတ်သဘောမှာလည်း လွန်စွာနူးညံ့ပျော့ပျောင်း၍ သူတစ်ပါးတို့ ချစ်ခင်အောင် တွတ်တီးတွတ်တာ ပြောတတ် ဆိုတတ်ကုန်၏။

မောင်စောနိုင်ရောက်၍ ဆယ်ရက်ခန့်ကြာရှိလျှင် ကျောင်းသားအားလုံး တို့သည် ကလေးအဆင်းကို မြင်သဖြင့် များစွာစုံမက်နှစ်သက်ကြ၍ ကလေးအား တစ်ယောက်တစ်မျိုး ဝယ်ခြမ်းကျွေးမွေးကြသည် ဖြစ်သောကြောင့် အထိန်း ပေါစံမှာ မသင့်သောအစာများကို ကလေးစားမိမည်စိုး၍ စောင့်ရှောက်ရသည့် အတွက် လွန်စွာအလုပ်များပါဟန် လက္ခဏာရှိပေ၏။

ကလေးလည်း အတန်ငယ်ကြီးပြင်း၍ ကျောင်းနေရန် တော်သင့်ပြီ ဖြစ်သောကြောင့် ကျွန်ုပ်လုပ်ကိုင်သော ကျောင်းတွင်ပင် ပညာသင်စေရန် အပ်နှံထားလိုက်လေ၏။

အသက် တစ်ဆယ့်ငါးနှစ်ခန့်ရှိလတ်သော် ကျွန်ုပ်သည် သူ၏ဖခင် မှာထားခဲ့သည်များကို သတိမမေ့ဘဲ အင်္ဂလိပ်၊ မြန်မာစာများအပြင် ပါဠိဘာသာ၌လည်း လေ့ကျင့်သင်အံစေခဲ့ပြီးလျှင် ကျွန်ုပ်ကိုယ်တိုင်လည်း ကြပ်မတ်၍ ကလေးအား မရပ်မနားပြသလေ၏။

ကလေးသည်လည်း ဉာဏ်စွမ်းသတ္တိနှင့် ပြည့်စုံသူဖြစ်၍ အင်္ဂလိပ်စာတွင် တစ်နှစ်တစ်တန်း မှန်မှန်အောင်မြင်သွားသဖြင့် နှစ်ဆယ့်သုံးနှစ်သားတိုင် ရောက်သောအခါ ဘီအေစာမေးပွဲကို အောင်မြင်ပြီးဖြစ်သည့်ပြင် ပါဠိဘာသာ၌လည်း များစွာကျွမ်းကျင်လှသဖြင့် သွက်သွက်လက်လက် ပြောနိုင် ဆိုနိုင် ရေးနိုင် ဖတ်နိုင် ရှိလေ၏။

ထိုအခါ ကျွန်ုပ်စဉ်းစားမိသည်မှာ 'ကလေးသည် သူ၏ဖခင် မှာထားခဲ့သည့်အတိုင်း ပါဠိဘာသာ၌ ကောင်းစွာ တတ်မြောက်လေပြီ၊ အသက်မှာ နှစ်ဆယ့်သုံးနှစ်သာရှိသေး၍ သေတ္တာကိုဖွင့်ရန် နှစ်နှစ်လိုလေသေးသည်၊ ဤအတွင်းတွင် ငါသည် သူ၏ဖခင်အကြောင်းကို အနည်းငယ်ပြောပြလျှင် သင့်လျော်မည်ထင်သည်' ဟု အောက်မေ့ပြီးလျှင် မောင်စောနိုင်အား ကျွန်ုပ်သိရှိသလောက် ပြန်ပြော၍ စာတွင်ပါရှိသည့် အချိန်မတိုင်ရောက်သေးသဖြင့် စောင့်ဆိုင်းရန်ပြောဆိုပြီးလျှင် ၎င်းနှစ်နှစ်အတွင်းတွင် ဥပဒေစာအုပ်များနှင့် အခြား ဗဟုသုတတိုးပွားစေသော စာအုပ်များကို ကြည့်ရှုမှတ်သားစေရန် တိုက်တွန်းရလေ၏။

မောင်စောနိုင်မှာ သူတစ်ပါးတို့ထက် ထူးကဲသော အဆင်းအင်္ဂါနှင့် ပြည့်စုံသည့်ပြင် ဘီအေစာမေးပွဲကိုလည်း အောင်မြင်ပြီး ဖြစ်သောကြောင့် ချစ်ကြိုက်သူ မိန်းကလေးတို့သည် သူ့ထက်ငါ ဖြစ်၍နေကြသည့်အတွက် ကျွန်ုပ်မှာ မိန်းမအကြောင်းနှင့်ပတ်သက်၍ များစွာ ဆုံးမစကားပြောဆိုရလေ၏။

ငင်းနှစ်နှစ်အတွင်း၌လည်း ဖခင် မှာထားခဲ့သည့်အတိုင်း ပါဠိဘာသာ၌ ပညာတိုးပွားစေရန် ကျွန်ုပ်တို့နှစ်ဦးမှာ ငင်းဘာသာဖြင့်သာလျှင် တစ်ဦးနှင့် တစ်ဦး ပြောဆိုလေ့ ရှိကြလေ၏။

ဝဝဝ

# အခန်း (၃)

မောင်စောနိုင် အသက် နှစ်ဆယ့်ငါးနှစ် မစေ့ရောက်မီ တစ်နေ့၌ ကျွန်ုပ်သည် မောင်စောနိုင်ကိုခေါ်၍ နေရှင်နယ်ဘဏ်တိုက်သို့ သွားကြပြီးလျှင် လွန်ခဲ့သည့် ဆယ့်ငါးနှစ်က အပ်နှံထားခဲ့သော သေတ္တာကိုယူ၍ ကျောင်းသို့ ပြန်လာကြလေ၏။

ထိုည၌ ကျွန်ုပ်တို့ နှစ်ဦးလုံးမှာ သေတ္တာတွင် ပါရှိသောအရာများကို သိလိုလှပြီဖြစ်သောကြောင့် တစ်မှေးမျှ အိပ်၍မပျော်နိုင်အောင် ရှိကြလေ၏။

နံနက်စာထမင်းကို ပျာယီးပျာယာနှင့် စားသောက်ကြပြီးနောက် အခန်းတွင်းသို့ဝင်ကြပြီးလျှင် ပေါ်စံအား တံခါးကို သေချာစွာ ကန့်လန့်ထိုးစေ၍ သေတ္တာကိုဖွင့်ရန် ပြင်ဆင်ကြလေ၏။

ပေါ်စံမှာ ကျွန်ုပ်တို့နှင့်အတူ ဆယ့်ငါးနှစ်ခန့် နေထိုင်၍လာခဲ့ရာ မောင်စောနိုင်ကို ညီအရင်းကဲ့သို့ ချစ်ခင်၍ ကျွန်ုပ်အားလည်း အဖကဲ့သို့ အောက်မေ့လျက် ယခုထက်တိုင် ဆက်လက်နေထိုင်ခဲ့ရာ လွန်စွာ စိတ်ချယုံကြည်လောက်သည် ဖြစ်သောကြောင့် ၎င်းကို သက်သေအဖြစ်ဖြင့် ကျွန်ုပ်တို့ အနီး၌ နေစေရန် ခွင့်ပြုလိုက်လေ၏။

ပေါ်စဲလည်း ဤမျှလောက် အရေးကြီးသောကိစ္စ၌ မိမိအား ယုံကြည် စိတ်ချသဖြင့် အထူးကြည့်ရှုရန် ခွင့်ပြုသည့်အတွက် များစွာဝမ်းမြောက်သော မျက်နှာထားဖြင့် ထိုင်လျက်ရှိလေ၏။

ငင်းသေတ္တာကိုထုတ်၍ စားပွဲတစ်ခုပေါ်တွင် တင်ပြီးလျှင် သုံးယောက် သားတို့သည် အသက်ကိုမျှ မရှူရှိုက်နိုင်မတတ် သိလိုသောဆန္ဒအားကြီးသော မျက်နှာထားဖြင့် စားပွဲကိုဝိုင်း၍ ရပ်နေကြရာ ကျွန်ုပ်သည် သော့တွဲကိုထုတ်၍ သော့သုံးချောင်းအနက် အကြီးဆုံးသော သော့ကိုရွေးပြီးလျှင် သော့ပေါက်ကို တပ်လေ၏။

သော့တံ သံချေးတက်လျက်ရှိနေသဖြင့် ရုတ်တရက်ဖွင့်၍မရဘဲရှိရာ ကျွန်ုပ်တို့သည် ချေးတလုံးလုံးနှင့် လုံ့လစိုက်ထုတ်၍ တစ်ယောက်တစ်လဲ ဖွင့်သောအခါ သော့သည် ပွင့်သွားလေ၏။

သော့ပွင့်၍သွားလျှင် ကျွန်ုပ်တို့သည် သေတ္တာအဖုံးကို မ၍ဖွင့်ရာ သေတ္တာသည် သံချေးကပ်၍နေသဖြင့် ရုတ်တရက်ဖွင့်၍မရဘဲ ငါးမိနစ်ခန့် ကြာရှိလေ၏။

သေတ္တာပွင့်လျှင်ပွင့်ချင်း သုံးယောက်သားတို့သည် အတွင်း၌ရှိသော အရာတို့ကို ကြည့်လိုအားကြီးစွာဖြင့် ငုံ့၍ကြည့်လိုက်ကြရာ တစ်ယောက်နှင့် တစ်ယောက် ခေါင်းချင်းရိုက်မိသဖြင့် နောက်သို့ဆုတ်သွားကြရပြန်လေ၏။

ငင်းနောက် တစ်ယောက်၏မျက်နှာကို တစ်ယောက်ကြည့်၍ ပြုံးရယ်ကြ ပြီးလျှင် သေတ္တာတွင်းသို့ ကြည့်ကြပြန်ရာ နှစ်ပရိစ္ဆေဒ ရှည်ကြာလှသဖြင့် ဆွေးမြည့်၍နေသော ကျွန်းသေတ္တာတစ်လုံးကို တွေ့မြင်ကြရလေ၏။ မောင် စောနိုင်လည်း သေတ္တာကိုဆွဲထုတ်၍ စားပွဲပေါ်သို့တင်ပြီးလျှင် သေချာစွာ ကြည့်ကြရာ အသားမှာ ကျွန်းသားမဟုတ်၊ ကျွန်းသားထက် အဆများစွာ မာကျောသော အသားတစ်မျိုးဖြင့်ပြုလုပ်ထားလျက် အနည်းငယ် မွှေးကြိုင်သော အနံ့လည်း ထွက်ကုန်၏။ ငင်းနောက် သော့တွဲမှ အလတ်စားသော့ကိုရွေး၍

သေတ္တာတွင်ပါရှိသည့် အပေါက်ငယ်ကိုတပ်ပြီးလျှင် ဖွင့်၍ကြည့်ရာ သေတ္တာလည်း ပွင့်၍သွားလေ၏။

ထိုအခါ ကျွန်ုပ်သည် အထက်က ခေါင်းချင်းရိုက်မိသည်ကို သတိရသဖြင့် အလျင်စလို မလုပ်ကြဘဲ ဖြည်းဖြည်းသက်သာ ကြည့်ရှုရာ သေတ္တာအတွင်း၌ ငွေကြုတ်ကြီးတစ်ခုကို တွေ့မြင်ရပြန်လေ၏။

မောင်စောနိုင်လည်း ငွေကြုတ်ကြီးကိုထုတ်ပြီးနောက် အထက်က နည်းတူ စားပွဲပေါ်တွင်တင်၍ ကြည့်ပြန်ရာ ၎င်းငွေကြုတ်ကြီးတွင် ထုလုပ်ပါရှိသော အရုပ်တို့သည် လွန်စွာသေးငယ်ပီသလှသဖြင့် ယခုကာလ ပန်းထိမ်ဆရာတို့ထက်ပင် လက်ရာမြောက်သော ဆရာများ သွန်းလုပ်ထုထားဟန် လက္ခဏာရှိပေ၏။

၎င်းအရုပ်တို့မှာ ဘုရင်တို့ တောကစားထွက်ခန်းများ၊ ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲ အခမ်းအနားများ၊ ဘုရင်တစ်ပါးနှင့်တစ်ပါး ဆင်စီးလျက်စစ်ထိုးခန်းများပါ ပါရှိလေရာ ၎င်းတို့ အဝတ်အစားများမှာ မြန်မာတို့နှင့်အလျဉ်းမတူ အိန္ဒိယတိုင်းသားတို့၏ ဝတ်ဆင်ပုံနှင့် အနည်းငယ် အဆင်တူလေသည်။

ကျွန်ုပ်သည် သော့တွဲမှ ငွေဖြင့်သွန်းလုပ်လျက် ဆင်ဦးခေါင်းနှင့်အသွင်တူသော သော့ကလေးကို ရွေးချယ်၍ ငွေကြုတ်ကိုဖွင့်ရာ ငွေကြုတ်တွင်ပါရှိသောအရာများမှာ–

၁။ အလွန်တရာ အရည်ကောင်း၍ ထူးဆန်းသော ကြောင်လက်စွပ်တစ်ကွင်း

၂။ ပေစာတစ်ရွက်ကို ကိုက်လျက်နေသော လူဦးခွံတစ်လုံး

၃။ ကိုစောနန်း၏ လက်ရေးဖြင့် မောင်စောနိုင်ထံ လိပ်တပ်လျက်ရှိသော စာတစ်စောင်

၄။ တစ်ပေပတ်လည်ခန့်ရှိ၍ ဖယောင်းနှင့် သဏ္ဌာန်တူသော အလုံးကြီး တစ်ခု ပါရှိလေသည်။

မောင်စောနိုင်လည်း လက်စွပ်ကိုယူ၍ လက်ဝဲဘက်ဘက်သူကြွယ်တွင် ဝတ်ကြည့်ရာ မိမိနှင့်တိုင်း၍ လုပ်ထားဘိသကဲ့သို့ မချောင်မကျပ်ရှိလေ၏။ ၎င်းနောက်ကျောက်ကို နေရောင်တွင် ထောင်၍ကြည့်သည့်အခါ ကျောက်အတွင်း တွင် သေးငယ်သော စိန်ကလေးတစ်လုံးသည် တစ်နေရာတည်း၌ အငြိမ်မနေမူ၍ လှည့်လည်သွားလာနေဘိသကဲ့သို့ ရှိလေ၏။

၎င်းလက်စွပ်သည် မည်သည့်အဓိပ္ပါယ်နှင့် ထားခဲ့သည့်အကြောင်းကို မသိသေးသဖြင့် လူဦးခွံကိုယူ၍ ကြည့်ပြန်ရာ ထပ်တည့်တည့်တွင် ပါဠိ ဘာသာဖြင့် ဆေးနက်နှင့် ထားထားသည့်စာများကို တွေ့ရှိရလေ၏။

၎င်းစာများကို မြန်မာဘာသာဖြင့် ပြန်ဆိုလိုက်လျှင် ...

'ကျွန်ုပ်၏ နောင်လာနောက်သားများသည် ကျွန်ုပ်၏ ပါးစပ်မှ ပေရွက်တွင် ပါရှိသည့် အရာများကို ကျွန်ုပ်ကိုယ်တိုင် ပြောဆိုဘိသကဲ့သို့ နားထောင်ဆောင်ရွက်ရစ်ရမည်' ဟု ပါရှိလေသည်။

ဤစာ၏အဓိပ္ပါယ်ကို ကျွန်ုပ်နှင့် မောင်စောနိုင်တို့က ပြန်ပြောလျှင် ပေါ်စံလည်း ကြက်သီးမွေးညင်းထ၍ များစွာကြောက်ရွံ့ဟန် မျက်နှာထားနှင့် တုန်လှုပ်လျက်ရှိလေ၏။ ဦးခွံမှာ နှစ်ပေါင်းများစွာကြာဟန် လက္ခဏာ ရှိသော်လည်း ဆေးစိမ်၍ထားခဲ့သောကြောင့် စူးရှသော အနံ့တစ်မျိုး ထွက်လျက် မဆွေးမြည့်ဘဲ ရှိလေ၏။

ကျွန်ုပ်တို့လည်း အလွန်တရာသိလိုလှပြီဖြစ်၍ မောင်စောနိုင်ထံ ကိုစောနန်း ရေးခဲ့သည့်စာကို ဖွင့်၍ကြည့်စေရာ စာတွင်ပါသည်မှာ –

'ငါ့သား မောင်စောနိုင် မင်းသည် မသေမူ၍ အသက် နှစ်ဆယ့်ငါးနှစ်သို့တိုင် ရောက်သဖြင့် ဤစာကိုဖွင့်၍ ကြည့်သောအခါ စာရေးသူ မင်း၏ဖခင်မှာ ဘဝတစ်ပါးသို့တိုင် ပြောင်းသွားပြီဖြစ်၍ အရိုးပင်လျှင် ဆွေးချေတော့မည်။

သို့သော်လည်း ငါ့မှာ သေသည်မဟုတ်၊ ဘဝကူး၍သာလျှင် သွားသည်ဖြစ်သောကြောင့် ငါသည် မင်းအား ရောက်ရာအရပ်မှနေ၍ ဤစာကို ကမ်းလှမ်းပေးဘိသကဲ့သို့ မှတ်ထင်ရစ်လေ။

မင်းသည် ဤစာကိုဖတ်သောအခါ ငါသည် မင်းကို စောင့်ရှောက်လျက်မင်း၏ အနီးမှာပင်ရှိသည်ဟု မှတ်လေ။'

သို့ဖတ်မိလျှင် ပေါ်စံလည်း ဦးခွံကို မြင်သဖြင့် ကြောက်ရွံ့လျက်ရှိရသည်အတွင်း ကိုစောနန်းသည်လည်း မိမိတို့အနီးတွင် ရှိလေသည်ဟုမျက်နှာကို လက်ဖြင့်အုပ်ပြီးလျှင် ...

'ကြောက်လှချည်ရဲ့ ဆရာခင်ဗျား၊ အောင်မလေးခင်ဗျာ၊ ကျွန်တော့်မျက်စိထဲမှာ မြင်လှချည်ရဲ့ခင်ဗျား' ဟု မမြင်ဖူးသည့်သူကို မြင်ဘိသကဲ့သို့ ထိတ်လန့်တုန်လှုပ်လှသောဟန်နှင့် အော်မြည်လျက်ရှိရာ ကျွန်ုပ်တို့ နှစ်ယောက်က ပေါ်စံအား ကြောက်လျှင် အပြင်သို့ထွက်သွားရန် ပြောသော်လည်း လူသတ္တဝါတို့မည်သည်မှာ သိလိုသောဆန္ဒသည် လွန်စွာအားကြီးသည်ဖြစ်၍ အပြင်သို့မသွားနိုင်ဘဲ ဆက်လက်၍ ကြည့်ရှုခွင့်ရရန် တောင်းပန်လေ၏။

မောင်စောနိုင်လည်း စာကိုဆက်လက်၍ ဖတ်ပြန်သည်မှာ ...

'မင်း၏ မွေးစားဖခင် ကိုဘိုးထော်သည် မင်းအား ငါ၏ အတ္ထုပ္ပတ္တိကို သိရှိသလောက် အနည်းငယ်ပြောပြပြီး ဖြစ်ပေလိမ့်မည်။ မင်းသည် ဤငွေကြုတ်အတွင်းတွင် ပါရှိသည့်စာများကို သေချာစွာဖတ်ကြည့်သောအခါ ဟုတ်မှန်ကြောင်းကို သိရှိလိမ့်မည်။

ယခု မင်းတွေ့သော ဦးခွံသည် ငါတို့၏ အဆက်အနွယ်ဖြစ်သူ စိတြဒေဝီမင်းသမီး၏ ဦးခွံဖြစ်သည်။ ဦးခွံ၏ ပါးစပ်တွင်ရှိသော ပေစာသည် စိတြဒေဝီမင်းသမီးကိုယ်တိုင် ရေးသားခဲ့သော စာဖြစ်လေသည်။

ငါသည်လည်း ငါ၏ဖခင် သေခါနီးဆဲဆဲတွင် ဤအကြောင်းများကို ပြောကြား၍သွားသဖြင့် သိရှိရလေသည်။ ငါသည် ဤပေစာတွင်ပါရှိသော အကြောင်းအရာများကို ကောင်းစွာယုံကြည်သဖြင့် ၎င်းတွင်ပါရှိသည့် အညွှန်း အတိုင်းလိုက်ရာ အထမမြောက်ဘဲ ပြန်လာရလေသည်။

ငါတို့၏ အမျိုးအနွယ်တစ်ယောက်သည်လည်း စဥ့်ကူးမင်းလက်ထက် က ၎င်းအညွှန်းအတိုင်း လိုက်ရာ မအောင်မြင်ဘဲ ရှိလေသည်။

ငါကိုယ်တိုင် တွေ့ကြုံခဲ့ရသည့် အရာများကို အကျယ်အားဖြင့် စုံလင်အောင် မရေးသားနိုင်သည်ဖြစ်သောကြောင့် အကျဉ်းအားဖြင့်သာလျှင် ဖော်ပြခဲ့ချေမည်။

မြစ်ကြီးနားမြို့မှ ဧရာဝတီမြစ်အတိုင်း ဆန်၍လိုက်သွားလျှင် မိုင်ပေါင်း နှစ်ရာကျော်ခန့် ကျရောက်သကာလ မြစ်၏လက်ယာ အနောက်ဘက်ကမ်းတွင် အခြားတောင်တို့ထက် ပိုမြင့်သော တောင်ကြီးတစ်လုံးကို တွေ့မြင်ရလိမ့်မည်။

၎င်းတောင်ကြီးထိပ်မှ တက်၍ အနောက်စူးစူးသို့ မျှော်ကြည့်သော် ဘီလူး၏ဦးခေါင်းနှင့် သဏ္ဌာန်တူသော တောင်ကြီးတစ်လုံးကို တွေ့မြင်ရ လိမ့်မည်။

ငါရောက်စဉ်အခါက ၎င်းတောင်ကြီးအနီးတွင် ကချင်နှင့်တူသော လူတစ်ယောက်ကို တွေ့ရှိ၍ မေးမြန်းစုံစမ်းကြည့်ရာ ဘီလူးဦးခေါင်းနှင့်တူသော တောင်ကြီး၏အနောက်၌ ရွှံ့နွံတို့ ဖုံးလွှမ်းလျက်ရှိသော လွင်ပြင်ကြီးတို့သည် မျက်စိတစ်ဆုံးတိုင်အောင်ရှိကြောင်း၊ ရွှံ့နွံတို့၏ အနောက်၌ကား တောင်တို့သည် တစ်ခုပြီးလျှင်တစ်ခု ဆက်သန်း သွယ်တန်းလျက်ရှိကြရာ ၎င်းတို့အလယ်၌ နတ်သမီးနှင့် အဆင်းသဏ္ဌာန်တူသော မိန်းမတစ်ယောက်သည် လူရိုင်းတို့ကို အုပ်ချုပ်စီမံလျက်ရှိကြောင်း၊ ၎င်းမိန်းမမှာ ရံဖန်ရံခါ၌သာ ထွက်ပေါ်လာ၍ အာကာသတွင် ကျက်စားလျက်ရှိသော ကျေးငှက်တို့နှင့်တကွ မြေပြင်ပေါ်ရှိသော သတ္တဝါများကိုပင် မိမိအလိုဆန္ဒအလျောက် လိုက်နာစေကြောင်းများကို ကြားသိ ခဲ့ရလေသည်။

ငါသည် လူရှိင်းထံမှ ဤအကြောင်းများကို ကြားသိရလျှင် ဦးခွံပါးစပ်တွင်ရှိသည့် ပေစာနှင့် ညီညွတ်လျက်ရှိသည်ကို တွေ့ရသဖြင့်ဆက်လက်၍ လိုက်သွားမည်ကြံပြီးလျှင် သုံးညအိပ်ခရီးခန့် ရောက်သည့်အခါ ရိက္ခာလည်း မလုံလောက်၊ လူလည်း မကျန်းမာသဖြင့် ပြန်လာခဲ့ရလေသည်။

၎င်းနေရာမှ ပြန်လာ၍ မြစ်ကြီးနားမြို့သို့ ရောက်သည့်အခါ မင်း၏ မိခင်နှင့် အကြောင်းပါခဲ့ရာ မင်းမိခင်မှာ မျက်နှာမြင်ပြီး မီးတွင်း၌ပင် သေဆုံး၍ ငါသည် မင်း၏အတွက် မယားသေရသည်ဟု မင်းအပေါ်၌များစွာ စိတ်နာသည့်အတွက် မင်း၏ ကြီးတော်များလက်တွင် မင်းကိုထားခဲ့ပြီးလျှင် နှစ်စဉ် စားစရိတ် ထောက်လျက် ရှိလေသည်။

၎င်းနောက် အညွှန်းအတိုင်း ဆက်လက်၍ လိုက်ဦးမည်ကြံစည်သော်လည်း မင်း၏ မိခင်သေဆုံးသည့်အတွက် စိတ်မကောင်းသည်လည်း တစ်ကြောင်း၊ များစွာ မကျန်းမာသည်လည်း တစ်ကြောင်းကြောင့် ထပ်မံ၍ မသွားရောက်နိုင်ဘဲ အသက်သို့သာ တိုင်ရလေသည်။

မင်းမှာမူ ငါ မှာကြားခဲ့သည့်အတိုင်း မာဂဓ စကားကိုလည်း တတ်မြောက်လိမ့်မည်ဖြစ်၍ အညွှန်းအတိုင်း လိုက်နာလိုက လိုက်နာနိုင်လေသည်။ အညွှန်းသည် မှန် မမှန် အကြောင်းကိုကား မင်းသည် ထောက်ချင့်၍ ကြည့်နိုင်လောက်ပြီဖြစ်သည်။

ငါသည် မင်းကို အသက်နှစ်ဆယ့်ငါးနှစ်တိုင်ရောက်မှ ဤပစ္စည်းများကို ဖွင့်ကြည့်ရစ်ရမည်ဟု မှာကြားခဲ့ခြင်းမှာ လူတို့၌ အသက်နှစ်ဆယ့်ငါးနှစ်သည် ရှေ့နောက်ကို ထောက်ချင့်စဉ်းစားတတ်သည့်အရွယ်ဟု မှတ်ထင်သောကြောင့် လိုက်နာလိုက လိုက်နာစေရန်၊ အကယ်၍ မလိုက်နာလိုမူ ဤအရာများသည် ယုံတမ်းစကားများသာ ဖြစ်သည်ဟု အယူရှိကလည်း မလိုက်နာစေရန် ဖြစ်လေသည်။

အကယ်၍ ငါထင်မြင်ယူဆသည့်အတိုင်း မင်းသည် ယုံကြည်လိုက်နာ၍ အောင်မြင်ခဲ့ပါလျှင် ဤကမ္ဘာလောကကြီးတွင် ထူးဆန်းအံ့ဩဖွယ်ရာ အကောင်း

ဆုံးသောအရာတို့ကို တွေ့မြင်ရမည့်အပြင် မင်းကိုယ်တိုင်၌လည်း တွေ့မြင်ခြင်း၏ အကျိုးကျေးဇူးကို ခံစားရပေလိမ့်မည်။

ငါ၏ စိတ်သဘောကို ပြောရမည်ဖြစ်လျှင် ဤအရာများသည် ယုံတမ်းစကား ဖြစ်မည်မထင်၊ ငါတို့ ကြားဖူးသည့်အတိုင်း ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာစသည်ဖြင့် ဝိဇ္ဇာဓိုရ်ဖြစ်သွားကြသော ပုဂ္ဂိုလ်တို့သည် နှစ်ပေါင်းများစွာ မသေမပျောက်ဘဲ နေနိုင်ကြသည်ဟု ကြားဖူးခဲ့ရာ ဤပေစာတွင် ပါရှိသောအကြောင်းတို့သည်လည်း ထိုနည်းတူ အသက်ရှည်စေနိုင်ကြောင်းကို မယုံကြည် နိုင်ရန် မရှိပေ။

သို့ရာတွင် မင်းလည်း စဉ်းစားတတ်ပြီဖြစ်၍ စဉ်းစားဆင်ခြင်၍သာလျှင် လိုက်နာပါလေ။ ငါပြော၍ လိုက်နာရသည်ဟု မရှိစေနှင့်။ မင်းကိုယ်တိုင် ယုံကြည်မှသာလျှင် လိုက်နာပါလေ ငါ့သား မောင်စောနိုင်။

မောင်စောနန်း

စာကိုဖတ်ပြီးသောအခါ မောင်စောနိုင်သည် များစွာတုန်လှုပ်ဟန်ရှိသော မျက်နှာထားနှင့် ...

'ဒီစာကို ဦးလေး ဘယ့်နှယ် သဘောရသလဲ' ဟု မေးရာ ...

'ဘယ့်နှယ် သဘောရရမလဲကွယ့်၊ မင်းအဖေ စိတ် ကတောက်ကတက်ဖြစ်လို့ ရေးခဲ့တာပေါ့' ဟု ကျွန်ုပ်က ပြန်ပြောရာ မောင်စောနိုင်လည်း ကျွန်ုပ်ပြောသည်ကို ပြန်၍မဖြေသေးဘဲ ...

'ကဲလေ၊ ဦးခွဲက ပေစာကို ကြည့်ကြပါဦးစို့' ဟု ပြော၍ ပေစာကို ယူကြည့်ရာ စာရွက်မှာ နှစ်ပေါင်းများစွာ ကြာရှိဟန် လက္ခဏာရှိသော်လည်း ဖယောင်းနှင့်တူသော အရာတို့နှင့် ဖုံးအုပ်လျက်ရှိသဖြင့် များစွာမပျက်စီးသေးဘဲ မာဂဓဘာသာဖြင့် ရေးထားသော စာတို့ကို တွေ့ရှိရလေ၏။

ယင်းစာတို့မှာ ခေတ်သမယ ရှည်ကြာလှပြီဖြစ်၍ အချို့နေရာတို့တွင် မေးမှိန်လျက်ရှိသော်လည်း မြင်ရသည့်အပိုင်းတို့ကို ဟပ်စပ်၍ အဓိပ္ပါယ်ကောက်ယူရာ အောက်ပါအတိုင်း ဖြစ်လေကြောင်း။

'ကျွန်ုပ်သည် အာဠဝီပြည်၊ ပဉ္စာလသာတိဘုရင်မင်းမြတ်၏ သမီးတော် စိတြဒေဝီမင်းသမီး ဖြစ်သည်။

ကျွန်ုပ်သည် ရှင်ကစ္စည်း၏ညီတော် ရှင်ကုမာရအမည်ရှိ ပုထုဇဉ် ရဟန်းနှင့် ချစ်ကြိုက်၍ တိုင်းပြည်မှ ထွက်ပြေးကြပြီးနောက် ဟိမဝန္တာ တောတစ်လျှောက်မှ ဖြတ်၍အရှေ့စူးစူးသို့ နှစ်နှစ်တိုင်တိုင် သစ်သီးသစ်ဖုများကို ရှာဖွေစားသောက်လျက် လာခဲ့ကြရာ လူရိုင်းတို့နေထိုင်သော တိုင်းပြည်တစ်ပြည်သို့ ရောက်လာကြလေ၏။

ယင်းပြည်၌ တောင်ကြီးများကို ဥမင်လိုဏ်ခေါင်းသဖွယ် တူးဖောက်၍ ထားသော ဂူကြီးတို့သည် အလွန်ပေါများပေသည်။

ထိုလူရိုင်းတို့ကို အုပ်စိုးသော ဘုရင်မမှာ လူသားစင်စစ် မဟုတ်၊ အလွန်တရာလှပသော ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံသည့် ဥစ္စာစောင့်မ တစ်ယောက် ဖြစ်လေသည်။

ဘုရင်မသည် ကျွန်ုပ်၏ခင်ပွန်းကိုမြင်လျှင် အလွန်ပင် တပ်မက်မောသည်နှင့် သူ့အားချစ်ကြိုက်ရန် ပြောလေသည်။ သို့ရာတွင် ရှင်ကုမာရသည် သူ၏အလိုသို့ မလိုက်သဖြင့် ဘုရင်မသည် ပြင်းစွာအမျက်ထွက်လေ၏။

၎င်းနောက် ကျွန်ုပ်တို့နှစ်ယောက်လုံးကို ထိုပြည်မှ တစ်ရက်ခရီးမျှ ဝေးကွာသောအရပ်သို့ အလွန်အမင်း ကြောက်မက်ဖွယ်ကောင်းလှသည့် တောင်ကြားလမ်းများမှ သူ၏အတတ်ဖြင့် လှည့်ပတ်ခေါ်ဆောင်သွားပြီးလျှင် ထူးဆန်းအံ့ဩဖွယ်ကောင်းသောအရာများကို ပြလေ၏။

လွန်စွာကြီးကျယ်၍ လူ၏လက်ဖြင့်ထွင်းရသည် မဟုတ်ဘဲ ပကတိအလိုလို တည်လျက်ရှိသော ဂူကြီး၏အဝတွင် ဇော်ဂီတစ်ယောက်သည် သေလျက်ရှိ၏။

ဘုရင်မသည် ဖော်ဂျီ၏ အလောင်းအနီးမှဖြတ်၍ ကျွန်ုပ်တို့နှစ်ယောက်ကို ဂူထဲသို့ သွင်းသွားလေ၏။

ဂူတွင်းသို့ဝင်၍ အတန်ငယ်သွားမိလျှင် အလင်းရောင်တစ်ခု ထွန်းတောက်လျက်ရှိသည်ကို မြင်တွေ့ရလေသည်။

ယင်း အလင်းရောင်ရှိသော နေရာသို့ တဖြည်းဖြည်း သွားကြရာ မိုးချုန်းဘိသကဲ့သို့သော အသံတို့သည် တစ်ဂူလုံးပဲ့တင်ထပ်မျှ မြည်ဟည်းလျက်ရှိလေသည်။

အလင်းရောင်အနီးသို့ ရောက်သောအခါ ဘုရင်မသည် မီးပုံတစ်ခုထဲသို့ ခုန်ဆင်းပြီး တစ်ဖန်ပြန်ထွက်လာရာ ရှေးကထက်ပင် သာလွန်လှပနေသည်ကို ထူးထူးခြားခြား မြင်ရလေသည်။

၎င်းနောက် ကျွန်ုပ်၏ ခင်ပွန်းအား မော်၍ကြည့်စေပြီးလျှင် 'ကျွန်ုပ်နှင့်သူ အဘယ်သူက ပိုမို၍လှပသနည်း' ဟု မေးရာ ကျွန်ုပ်၏ခင်ပွန်းသည် ဘုရင်မကိုမြင်လျှင် လှလွန်းသည်ဖြစ်၍ မကြည့်ဝံ့ဘဲ ဦးခေါင်းကို အောက်သို့ ချထားလေသည်။

ထိုအခါ ဘုရင်မက ကျွန်ုပ်၏ခင်ပွန်းသည် သူ့အား ချစ်ကြိုက်၍ ကျွန်ုပ်ကို သတ်ပစ်လိုက်ပါမူ ကျွန်ုပ်၏ခင်ပွန်းသည်လည်း သူ့နည်းတူ အဆင်းလှ၍ နှစ်ပေါင်းအထောင်အသောင်းမက စံစားပြီးလျှင် စည်းစိမ်ဥစ္စာ ရွှေငွေတို့မှာလည်း တောင့်တတိုင်းရနိုင်မည်ဖြစ်ကြောင်းကို ပြောပြလေ၏။

ကျွန်ုပ်ကိုကား ကျွန်ုပ်၏လက်တွင် ဝတ်ထားသော လက်စွပ်၏တန်ခိုးကြောင့် သူ၏အစွမ်းဖြင့် သတ်၍မဖြစ်နိုင်သောကြောင့် ဖြစ်လေသည်။

ဘုရင်မ ပြောသည်ကိုကြားလျှင် ကျွန်ုပ်၏ခင်ပွန်းသည် ကျွန်ုပ်၏ မျက်နှာကိုလှည့်ကြည့်၍ မသတ်ရက်ကြောင်းဖြင့် ဦးခေါင်းကိုခါလျက်နေလျှင် ဘုရင်မသည် အလွန်တရာအမျက်ထွက်လှသဖြင့် သူ၏အတတ်နှင့် ပြုစားလိုက်ရာ ကျွန်ုပ်၏ခင်ပွန်းသည် ပွဲချင်းပြီးသေဆုံးသွားရရှာသည်။

ကျွန်ုပ်၏ နောင်လာနောက်သားတို့သည် ကျွန်ုပ်ထားခဲ့သော လက်စွပ်ကိုဝတ်ဆင်ပြီးလျှင် အသက်မသေဘဲ နေနိုင်သော ငှင်းမီးတောက်မီးလျှံကို တွေ့အောင်ရှာပြီးနောက် ဘုရင်မ၏အသက်ကို တစ်နည်းနည်းဖြင့် ကြံစည်၍ သတ်ပစ်ရမည်။

အထက်ပါ အကြောင်းအရာတို့သည် အမှန်အတိုင်း ဖြစ်ကြောင်းကို ကျိန်စာ ရွတ်ဆိုရမည်ဆိုလျှင် ကျွန်ုပ်သည် ဟုတ်မှန်သည်ထက် တစ်ခွန်း တစ်ပါဒ ပိုမိုရေးသားခဲ့ပါလျှင် အဝီစိငရဲ၌ အစဉ်အမြဲခံရပါစေသား။

ကျွန်ုပ်ပြောသည့်အတိုင်း ဟုတ်မှန်ခဲ့ပါလျှင် ကျွန်ုပ်ချစ်လှသော ခင်ပွန်းကို သတ်ပစ်သည့်အတွက် ဘုရင်မအပေါ်၌ လက်စားချေနိုင်မည့်သူ တစ်ယောက်သည် ကျွန်ုပ်၏ အဆက်အနွယ်ထဲမှ ပေါ်ပေါက်ပါစေသား။

အာဠ္ဝိပြည်၊ ပက္ကုသာတိဘုရင်မင်းမြတ်၏သမီးတော်။

စိတြဒေဝီမင်းသမီး

အထက်ပါ ထူးဆန်းအံ့ဩဖွယ်ကောင်းသောစာကို ဖတ်ပြီးလျှင် ပေါ်စံသည် ကြောက်ရွံ့တုန်လှုပ်လှသည်နှင့် ပါးစပ်ကိုဟလျက် စကားမပြော နိုင်ဘဲ ရှိနေ၏။

ကျွန်ုပ်မှာမူ မင်းသမီးသည် လင်သေသည့်အတွက် စိတ် ကတောက်ကတက်ဖြစ်သွား၍ ရေးသားခဲ့သလော၊ သို့တည်းမဟုတ် ကိုစောနန်းသည် မယား သေပြီးသည့်နောက် စိတ်နောက်သည့်အတွက် ရေးမိရေးရာ ကြံစည် ရေးသားခဲ့လေသလောဟု မဖြစ်နိုင်သော အဖြစ်အပျက်များကဲ့သို့ အောက်မေ့မိလေ၏။

မောင်စောနိုင်လည်း များစွာတုန်လှုပ်သော လက္ခဏာဖြင့် လက်တွင် ဝတ်ထားသော လက်စွပ်ကိုကြည့်၍နေရာမှ တစ်ဖန် ဖယောင်းလုံးကြီးကို

ကိုင်ကြည့်ရာ ဖယောင်းလုံးသည် အနည်းငယ် အချိန်လေးလံသည်ဖြစ်၍ ဖယောင်းချည်းဖြစ်မည် မဟုတ်ကြောင်းကို သိရှိလေရလေ၏။

ကျွန်ုပ်လည်း အနည်းငယ်ရိပ်မိသဖြင့် အကျီအိတ်မှ မောင်းချဓားကို ထုတ်၍ လှီးကြည့်ရာ မာကျောသော အရာဝတ္ထုတစ်ခုကို တွေ့ရှိရလေ၏။

၎င်းနောက် အတွင်းတွင် တစ်စုံတစ်ရာပါရှိသည်ကို သိသဖြင့် အပေါ်ယံရှိ ဖယောင်းများကို လှီးဖယ်လိုက်ရာ ဖယောင်းသုတ်၍ထားသော အဝတ်တို့ဖြင့် ရစ်ပတ်လျက်ရှိသော အဝတ်လုံးကြီးတစ်ခုကို တွေ့ရှိပြန်လေ၏။

ယင်းအဝတ်၏ အစကိုရှာပြီးလျှင် တဖြည်းဖြည်း ဖြေလိုက်ပြီးသည့် သကာလ အဝတ်များအတွင်းမှ ကြေးနီသေတ္တာငယ်တစ်ခု ထွက်လာလေ၏။

၎င်းသေတ္တာမှာလည်း ဖယောင်းများ သုတ်လိမ်းလျက်ရှိသည်ကို တွေ့သဖြင့် ဓားနှင့် ခြစ်၍ကြည့်သောအခါ သေတ္တာအဖုံးရှိသည့် နေရာကို တွေ့ရှိရလေ၏။

မောင်စောနိုင်လည်း သိရှိလိုသောဆန္ဒကြီးမားလှသည်ဖြစ်၍ သေတ္တာကို ကျွန်ုပ်၏လက်မှ လုယူလိုက်ပြီးလျှင် အဖုံးကိုအတင်းဖွင့်၍ကြည့်ရာ သေတ္တာထဲ၌ ဖယောင်းများဖြင့် သုတ်လိမ်း၍ထားသော ပေစာရွက်တို့သည် ပြည့်လျက်ရှိကုန်၏။

ယင်းစာရွက်တို့မှာလည်း မာဂဓဘာသာဖြင့် ရေးထားသည်ဖြစ်၏။ အနည်းအကျဉ်းသည်သာ မြန်မာဘာသာဖြင့် ဖြစ်လေသည်။

၎င်းစာရွက်တို့မှာ စိတြဒေဝီမင်းသမီး၏ အဆက်အနွယ်တို့ မိမိတို့ အဖြစ်အပျက်၊ အထုပ္ပတ္တိများကို အတိုကောက်အားဖြင့်ရေးသား၍ ရက်စွဲနှင့် တကွ လက်မှတ်ထိုးလျက် ပါရှိကြလေသည်။

ဤသို့ အစဉ်အလိုက် အဖမှသားသို့ တစ်ဆင့်တစ်ဆင့် လက်ကူး၍ လာခဲ့ရာ ၎င်းစာများကို ကြည့်ရှုခြင်းအားဖြင့် ကိုစောနန်းမှာလည်း မိမိ

အမျိုးအနွယ်အား ပြောပြနိုင်ကြောင်းများကို ကျွန်ုပ်သည် ထိုအခါမှ သိရှိရလေသည်။

နောက်ဆုံးစာရွက်၌လည်း ကိုစောနန်း၏ လက်ရေးဖြင့် ၎င်း၏အဖြစ်အပျက်ကို အကျဉ်းအားဖြင့် ရေးသားပါရှိလေသည်။

အခြားစာရွက်တို့မှာလည်း ၎င်း၏အဆက်အနွယ်တို့သည် မည်သည့်အရပ်၌ နေထိုင်ကြောင်း၊ မည်သည့်အလုပ်ဖြင့် အသက်မွေးကြောင်း၊ အညွှန်းအတိုင်းလိုက်၍ အထမမြောက်ကြောင်း၊ အချို့လည်း မယုံကြည်သဖြင့် မလိုက်ကြောင်း စသည်ဖြင့် အသီးသီးပါရှိလေ၏။

ဤကဲ့သို့ စာရွက်များကို ဖယောင်းများဖြင့် သုတ်လိမ်းပြီးလျှင် ကြေးနီသေတ္တာတွင်ထည့်၍ ဖယောင်းပါသော အဝတ်များနှင့် တစ်ဖန်ရစ်ပတ်ပြီး သကာလ ဖယောင်းလုံးကြီးအတွင်း ထည့်ထားခြင်းသည် ပေစာများ မဆွေးမမြည့်စေရန်ဟူသော လက္ခဏာပင်တည်း။

အချို့စာရွက်တို့မှာ ဂေါတမမြတ်စွာဘုရားလက်ထက်တော်မှ ရေးသားထားခဲ့သည်ဖြစ်၍ နှစ်ပေါင်းရှည်ကြာလှပြီ ဖြစ်သောကြောင့် ဤကဲ့သို့ ကြာရှည်ခံသောနည်းဖြင့် မသိမ်းဆည်းခဲ့လျှင် အမှုန့်ဖြစ်လုမတတ် ဆွေးမြည့်ခြင်းသို့ ရောက်ပေမည်။

အကယ်၍ မောင်စောနိုင်သည် အညွှန်းအတိုင်း မလိုက်လိုသည်ဖြစ်စေ၊ လိုက်၍ မအောင်မြင်ရှိခဲ့သည်ဖြစ်စေ မိမိ အထုပ္ပတ္တိအကျဉ်းချုပ်ကို ထိုနည်းအတူ ရေးသား၍ ကြေးသေတ္တာတွင်ထည့်ပြီးလျှင် ရှေးကကဲ့သို့ ဖယောင်းလုံးတွင် ထည့်သွင်းထားခဲ့စေလိုသည့် လက္ခဏာရှိလေသည်။

ပေစာများကို တစ်ခုစီကြည့်ပြီးနောက် ကျွန်ုပ်က မောင်စောနိုင်အား ...

'ကဲ ဒီဟာတွေကို မင်း မြင်ပြီမဟုတ်လား၊ မင်း ဘယ့်နှယ် သဘောရသလဲ' ဟု မေးရာ မောင်စောနိုင်က ...

'ဦးလေးကော' ဟု ပြန်မေးလေလျှင် ကျွန်ုပ်က ...

'ငါထင်တာ ဒီလိုကွယ့်၊ မင်းဟာ ဂေါတမဘုရားလက်ထက်တော်က စိတြဒေဝီရဲ့ အမျိုးအနွယ်ဖြစ်တယ်ဆိုတာ အင်မတန်အံ့ဩစရာကောင်းတာပဲ၊ သို့သော် ဒီပေစာများကို ကြည့်ပြန်တော့လဲ ဟုတ်သလိုလို ရှိနေပြန်တယ်၊ အဲဒါကြောင့် ဒီဟာတော့ ဟုတ်တယ်ပဲ ထားလိုက်ပါစို့၊ သို့သော် မင်းသမီး တွေ့ကြုံခဲ့တယ်ဆိုတာများမတော့ ဟုတ်မှန်တယ်လို့ ငါမထင်ဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ မင်း စဉ်းစားကြည့်လေ၊ မင်းသမီးဟာ သူ့ယောကျ်ား သေဆုံးတော့ စိတ် ကတောက်ကတက်ဖြစ်ပြီး မီးပုံတွေ၊ ဘာတွေ ထင်မိထင်ရာ လျှောက်ပြီး ရေးထားတဲ့ လက္ခဏာနဲ့တူတယ်၊ ဒီမီးပုံထဲ ဆင်းလို့ မသေတဲ့အပြင် အသက် တောင် ရှည်သေးတယ်ဆိုတာ ငါဖြင့် မယုံကြည်နိုင်ဘူးကွယ်၊ ဘယ်နည်းနဲ့မှ ဖြစ်နိုင်လိမ့်မယ် မထင်ဘူး'

ကျွန်ုပ်က ကျွန်ုပ်၏ထင်မြင်ချက်ကို ပြောပြသောအခါ မောင်စောနိုင် က ...

'ကောင်းပါပြီ ဦးလေးရယ်၊ ဒါဖြင့်ရင် ကျွန်တော့်အဖေကိုယ်တိုင် ကြားခဲ့၊ မြင်ခဲ့တဲ့ဟာတွေတော့ကော ဦးလေး ဘယ်လို သဘောရသလဲ၊ ဟိုစာထဲမှာ ပါတာနဲ့ ဆီလျော်မနေပေဘူးလား'

'ဟာ ဒါကတော့ ကံအားလျော်စွာ မတော်တဆ ဆီလျော်တာပါကွယ်၊ နောက်ပြီး မင်း တစ်ခုစဉ်းစားကြည့်၊ မင်းအဖေလဲ မင်းအမေ သေဆုံးတဲ့အတွက် စိတ်က ခပ်နောက်နောက်ဖြစ်ပြီး မတွေ့တာကို တွေ့တယ်လို့ ထင်ချင်ထင်ပြီး မကြားတာကိုလဲ ကြားတယ်လို့ ထင်ပြီး ရေးမိရေးရာ ရေးသားထားခဲ့တယ်လို့ ငါထင်တယ်၊ လောကကြီးမှာ ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ အရာတွေရတော့ အပုံပေါ့ကွယ်၊ သို့ပေမယ့် ငါ့အဖို့တော့ မျက်စိနဲ့မမြင်ရသမျှ ဘယ်တော့မှ မယုံဘူး၊ အလကားဟာတွေပါ၊ ဟုတ်လား မောင်ပေါစံ'

ထိုသို့ ကျွန်ုပ်က ပေါစံကို လှည့်၍မေးလျှင် ပေါစံက ...

‘မပြောတတ်ပါဘူး ဆရာရယ်၊ ကိုယ့်ဘာသာကိုယ် နေတာ အကောင်းဆုံး မှတ်တာပါပဲ’ ဟု ပေါ်စံက ပြောသောအခါ မောင်စောနိုင်သည် စဉ်းစားရခက်သော မျက်နှာထားဖြင့် ...

‘ဦးလေးတို့နှစ်ယောက် ပြောတာ ဟုတ်ချင်လဲ ဟုတ်ပေမယ်၊ ကျွန်တော်တော့ ဘယ်လိုဆိုတာ ထင်တောင် မထင်တတ်အောင် ဖြစ်နေတယ်၊ သို့သော် ကျွန်တော် တစ်ခုတော့ စိတ်ချလိုက်ပြီ၊ ဒီအကြောင်းအရာများဟာ မှန်တယ်၊ မမှန်ဘူးဆိုတာ သိရအောင် သူ့အညွှန်းအတိုင်း ကျွန်တော် လိုက်တော့မယ် ဦးလေး၊ ဦးလေး လိုက်ချင်လိုက်၊ မလိုက်ချင်နေ၊ မလိုက်ရင်လဲ ကျွန်တော် တစ်ယောက်တည်းပဲသွားမယ်’ ဟု ပြောလေ၏။

ကျွန်ုပ်ကလည်း မောင်စောနိုင်၏မျက်နှာထားကို ကြည့်လိုက်ရာ တစ်စုံတစ်ရာကို ပြီးစီးအောင်လုပ်တော့မည်ဟူသော အခိုင်အမာ သန္နိဋ္ဌာန် ချထားသည့် မျက်နှာထားကို တွေ့မြင်ရလေသည်။

သို့ဆိုသောအခါ ကျွန်ုပ်သည် စဉ်းစားသမှုပြုရသည်။ ‘ငါသည် မောင်စောနိုင်အား တားမြစ်ရန်လည်း တတ်နိုင်မည်မဟုတ်၊ ငါသည် သူ့အား သားအရင်းပမာ ချစ်ခင်နေပြီဖြစ်သောကြောင့် အကယ်၍ သူ့၌ ဘေးအန္တရာယ် တစ်စုံတစ်ခုကြုံတွေ့ပါက ငါပါလျှင် ကယ်ဆယ်နိုင်မည်ဖြစ်သည်၊ ငါ့၌ ခင်တွယ်စရာဟူ၍ သားလည်းမရှိ၊ မယားလည်းမရှိချေ။ အကယ်တန္တု သူနှင့်လိုက်သွား၍ သေဆုံးခဲ့လျှင်လည်း မည်သူ့အတွက်ကိုမျှ စိုးရိမ်စရာမရှိ၊ သို့ဖြစ်သောကြောင့် လိုက်ရလျှင် တော်ချေမည်လော’ ဟု စဉ်းစားရင်း မောင်စောနိုင်၏ မျက်နှာကို ကြည့်လိုက်မိသည်။

‘ဟုတ်တယ် ဦးလေး၊ ကျွန်တော်တော့ သွားတော့မယ်၊ အမှန်ပဲ၊ အကယ်၍ သူတို့ပြောတဲ့မီးပုံကို မတွေ့တော့လဲ ဘာဖြစ်သေးလဲ၊ သေနတ်တော့ ကောင်းကောင်းပစ်ရမှာပေါ့၊ ဟိုဆီမှာ အင်မတန်အကောင်အလှောင်တွေပေါ်မှာပဲ’

မောင်စောနိုင်က ယင်းသို့ကလိုပြောလေလျှင် ကျွန်ုပ်လည်း သေနတ် ပစ်ရန် ဝါသနာပါသည်နှင့် ...

Myanmar cupid

'အေး ကောင်းပြီ၊ ဒါဖြင့် ငါလဲလိုက်မယ်၊ သို့ပေမယ့် ယုံကြည်လို့ လိုက်တာမဟုတ်ဘူးနော်၊ သေနတ်ပစ်ချင်လို့ လိုက်တာ'

'ကျွန်တော်လည်း ဦးလေး လိုက်လိမ့်မယ်ဆိုတာ အသိသားပဲ၊ ဩော် ဒါနဲ့ ကျွန်တော်တို့မှာ ငွေများကော လုံလောက်ရဲ့လား'

'ငွေအတွက်တော့ မစိုးရိမ်ပါနဲ့ကွယ်၊ မင်းအဖေ လယ်စုက ရတဲ့ ငွေတွေကလဲ ဆယ့်ငါးနှစ်တွက်တောင် ရှိတယ်၊ ငါကလဲ ငါ့အတွက် အကုန်မသုံးဘဲ တစ်သောင်းကျော်လောက် စုထားတာ ရှိပါသေးတယ်၊ နှစ်စုပေါင်း သုံးသောင်းကျော်လောက်ဆိုရင် ကောင်းကောင်းကြီး ဖူလုံရောပေါ့'

'ဒါဖြင့် နေရာကျပြီ၊ ကဲ သွားဖို့သာ ကျွန်တော်တို့ စီမံကြစို့ရဲ့၊ ဝယ်ခြမ်းဖို့ကလဲ ရှိသေးတယ်၊ ကိုပေါစံကော ဘယ့်နှယ်လဲ၊ လိုက်မယ် အောက်မေ့သလား၊ လိုက်ခဲ့ပါလားဗျ၊ ဟိုမှာ အင်မတန် ပျော်စရာကောင်းမယ်'

'ကျွန်တော်တော့ ဆရာတို့သွားရင် လိုက်မှာပေါ့လေ၊ ဆယ့်ငါးနှစ် လောက်အတူနေလာပြီးမှ အခုမှတော့ ခွဲပြီး မနေရစ်ခဲ့ပါဘူး'

'အေး၊ သည်လိုမှပေါ့'

ထထ

# အခန်း (၄)

ကျွန်ုပ်တို့သည် အညွှန်းအတိုင်းလိုက်နာရန် ဆုံးဖြတ်ကြပြီးနောက် မိမိတို့ ငွေအင်အားကိုထောက်၍ ဝယ်ခြမ်းရမည့် ပစ္စည်းများကို တိုင်ပင်လျက် ရှိကြလေသည်။

မောင်စောနိုင်မှာ သွားလိုလှသောဆန္ဒ ကြီးမားပြင်းပြလှသည်ဖြစ်၍ မြန်နိုင်သမျှ မြန်စေအောင် စီမံဝယ်ခြမ်းရန် တိုက်တွန်းလှသည်နှင့် ကျွန်ုပ်သည် ကျောင်းဆရာကြီးထံ သွားပြီးလျှင် လစာမဲ့ခွင့် ခြောက်လကို တောင်းခံရ လေသည်။

နောက်တစ်နေ့နံနက် ထမင်းစားပြီးလျှင် ကျွန်ုပ်တို့ငွေအပ်ထားသော နေရှင်နယ်ဘဏ်တိုက်သို့သွား၍ လိုသလောက်ငွေများကို ထုတ်ယူပြီးနောက် ဝယ်ခြမ်းကြသောပစ္စည်းများမှာ –

၁။ မော်တော်ဘုတ်တစ်စင်းနှင့် ဓာတ်ဆီအမြောက်အမြား

၂။ သေနတ်နှစ်လက် (ကျွန်ုပ်တို့နှစ်ဦးစလုံးမှာ သေနတ်လိုင်စင်ရပြီး ဖြစ်လေသည်။)

၃။ လူငါးယောက်အတွက် ခြောက်လစာ စားရေရိက္ခာများ

၄။ ယမ်းတောင့်အမြောက်အမြား (၎င်းတို့ကိုဝယ်ခွင့်ရရန် အကြောင်းကို ဖော်ပြရသည့်ပြင် ငွေကြေးအမြောက်အမြား ကုန်ကျရလေသည်။)

၅။ မြန်မာပြည်မြေပုံကြီး တစ်ခု

၆။ အရပ်လေးမျက်နှာကို အလွယ်တကူသိရှိနိုင်သော သံလိုက်အိမ်မြှောင် တစ်ခု၊ မှန်ပြောင်း တစ်ခု

၇။ ချမ်းအေးသော ဥတုရာသီ၌ ဝတ်ဆင်ရန် အဝတ်အစားများနှင့် စောင်များ

၈။ မကျန်းမာသည့်အခါ မှီဝဲသုံးဆောင်ရန် ဆေးပုလင်းများနှင့် အရေးရှိသည့်အခါ ရရှိနိုင်ရန် အရက်ပုလင်းအနည်းငယ်၊ ၎င်းပြင် ပန်းကန်ခွက်ယောက်မှစ၍ လူတို့အသုံးအဆောင်များ ဖြစ်လေသည်။

ကျွန်ုပ်တို့သည် အထက်ပါအရာများကိုဝယ်ခြမ်း၍ ၎င်းတို့ကို မြစ်ကြီးနားမြို့သို့ ပို့နှင့်စေရန် မှာထားစီမံခဲ့ပြီးလျှင် မိတ်ဆွေများကိုလည်း နှုတ်ခွန်းဆက်သ၍ ကျွန်ုပ်တို့သုံးဦးသည် ရန်ကုန်မြို့မှမီးရထားဖြင့် ထွက်ခွာခဲ့ကြလေ၏။

ပစ္စည်းများမှာ မြစ်ကြီးနားသို့မရောက်မီ ရက်အနည်းငယ် ကြန့်ကြာဦးမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် မြစ်ကြီးနားမြို့သို့ တိုက်ရိုက်မသွားသေးဘဲ မီးရထားလမ်းတစ်လျှောက်ရှိ မြို့များတွင် မြို့၏အခြေအနေကို ကြည့်၍ ထိုက်သည့်အားလျော်စွာ ဝင်ရောက် လည်ပတ်ကြပြီးလျှင် ဆယ့်ငါးရက်ခန့် ကြာသောအခါမှ မြစ်ကြီးနားသို့ ဆိုက်ရောက်ကြလေ၏။

၎င်းနောက် ပစ္စည်းများအကြောင်းကို ထောက်လှမ်းစုံစမ်း၍ မရောက်သေးကြောင်း ကြားသိရလျှင် ကျွန်ုပ်တို့သည် သွားရန် လူနည်းလှသည်ဟု သဘောရရှိသည်နှင့် ဧရာဝတီမြစ်ညာ၏အကြောင်းကို သိကျွမ်းနားလည်သည့် လူတစ်ယောက်ကို မေးမြန်းရှာဖွေကြရာ မုဆိုးအလုပ်ဖြင့် အသက်မွေးလျက်ရှိသော လဝလူမျိုးတစ်ယောက်ကို တွေ့ရလေ၏။

ငင်းမုဆိုးမှာ မြစ်ကြီးနားမြို့အထက် မိုင်ပေါင်းများစွာတို့၌ လှည့်လည်သွားလာဖူးသည့်ပြင် သေနတ်ပစ်ခြင်း၌လည်း အလွန်လက်ဖြောင့်သဖြင့် ငင်းအား ကျွန်ုပ်တို့နှင့် အတူလိုက်ရန် တိုက်တွန်းသွေးဆောင်ကြလေ၏။

ပထမ၌ လဝသည် ဤမျှလောက် ဝေးသောအရပ်ကို မလိုက်လိုကြောင်းနှင့် ပြောလေလျှင် ကျွန်ုပ်တို့က ငင်းအား မသေမပျောက် ပြန်ရောက်ခဲ့ပါမူ တစ်လလျှင် လခငါးဆယ်ကျပ်ကျ ပေးမည့်အကြောင်း၊ ကျွန်ုပ်တို့၏ ယမ်းတောင့်များနှင့် သေနတ်များကို အလိုရှိသည့်အတိုင်း ပစ်ခတ်ရန် အသုံးပြုနိုင်သည့်ပြင် တိရစ္ဆာန်တို့၏ အရေ၊ အစွယ်တို့ကိုလည်း ယူနိုင်ကြောင်း၊ ငင်းအတွက် အစိုးရမင်းထံမှ ရရှိသော ဆုငွေများကိုလည်း ငင်းအား ပေးမည်ဖြစ်ကြောင်းနှင့် ပြန်လာသောအခါ၌ ကျွန်ုပ်တို့၏ သေနတ်နှစ်လက်ကိုလည်း ငင်းအား လက်ဆောင်အဖြစ်ဖြင့် ပေးမည့်အကြောင်းများကို ပြောပြသကာလ လဝသည် စိတ်တစ်မျိုးပြောင်းလဲ၍ ကျွန်ုပ်တို့ သွားလိုသည့်အရပ်ကို လိုက်ရန် သဘောတူညီလေသည်။

ထို့နောက် ငင်းအား ကျွန်ုပ်တို့သဘောမတူဘဲ ပြန်ဖို့အကြောင်းကို မပြောရန်နှင့် ကျွန်ုပ်တို့မသိဘဲ ထွက်၍လည်းမပြေးရန် အကြောင်းများကို အာမခံစေပြီးလျှင် အထက်မြစ်ညာ၏ အကြောင်းများကို သိရှိသလောက် ပြန်ကြားပြောဆိုစေ၏။

ကျွန်ုပ်တို့မှာလည်း လဝစကားမတတ်၊ လဝမှာလည်း မြန်မာစကား ကောင်းစွာမတတ်သဖြင့် နားလည်တစ်ချက် မလည်တစ်ချက်နှင့် သိလိုသော အရာတို့ကို မေးမြန်းစုံစမ်းရင်း မော်တော်ဘုတ်ကို စောင့်ဆိုင်းနေကြရလေ၏။

မော်တော်ဘုတ် ရောက်လာသောအခါ ရောက်ရှိပြီးဖြစ်သော စားရေရိက္ခာတို့နှင့် ဓာတ်ဆီမှစ၍ အခြားမှာထား ဝယ်ခြမ်းပြီး ပစ္စည်းများကို မော်တော်ဘုတ်ပေါ်သို့ တင်ကြပြီးလျှင် မော်တော်ဘုတ် စက်ကိရိယာကို နားလည်၍ ကောင်းစွာ မောင်းနှင်နိုင်သော လူတစ်ယောက်ကို တစ်လလျှင် ရှစ်ဆယ်ကျပ်နှင့် ငှားရမ်းလေ၏။

ငင်းနောက် ကျွန်ုပ်တို့ စိတ်ကူးရရှိသမျှသော အရာတို့ကို ထပ်မံဝယ်ယူကြပြီးနောက် ဆောင်းဥတုရာသီ ချမ်းအေးသော နံနက်၌ ကျွန်ုပ်တို့ငါးဦးသားတို့သည် မြစ်ကြီးနားမြို့မှ ဧရာဝတီမြစ်ကို ဆန်တက်၍ သွားကြလေ၏။

ကျွန်ုပ်တို့သွားရသည်မှာ လူမရောက်ဖူးသဖြင့် ဘေးဥပါဒ်အန္တရာယ်ထူထပ်လှသော အရပ်တို့ကို ရမ်းဆ၍ သွားရသည် ဖြစ်သော်လည်း မောင်စောနိုင်မှာ ပျော်ပွဲစားသွားရမည်ကဲ့သို့သာလျှင် မှတ်ထင်၍ အင်္ဂလိပ်သီချင်း၊ မြန်မာသီချင်းစသည်တို့ကို ဟစ်အော်ဆိုမြည်လျက် ပျော်ရွှင်သောမျက်နှာထားဖြင့် လိုက်လေ၏။

ကျွန်ုပ်မှာမူ အသက်လေးဆယ်ကျော်သဖြင့် ဤကဲ့သို့ ရွှင်မြူးသောစိတ်လည်း နည်းပါးပြီဖြစ်၍ ဆေးတံကိုသောက်ပြီးလျှင် မောင်စောနိုင်၏မျက်နှာကိုကြည့်လျက် စဉ်းစားကာလိုက်ပါခဲ့လေ၏။

ပေါ်စံမှာမူ မရောက်ဖူးသည့်ဒေသဖြစ်သည့်ပြင် တောကြီးတောင်ကြီးတို့သည် လွန်စွာကြည့်ကောင်းလှသဖြင့် ပါးစပ်ကိုဟလျက် ထိုမှ ဤမှရှေ့ပြောင်းကြည့်ရှုကာ လိုက်လေ၏။

မော်တော်ဘုတ်သည် တစ်နာရီလျှင် ရှစ်မိုင်ကျခန့် ခုတ်သွားရာဧရာဝတီမြစ်ကြီးသည်လည်း မြစ်ကြီးနားအထက်တို့၌ကား လွန်စွာ ကျဉ်းမြောင်းလှသည်ဖြစ်ရာ ချောင်းကလေးများသဖွယ် ဖြစ်လေ၏။

အချို့နေရာတို့၌ အထူးသဖြင့် ကျဉ်းမြောင်းသည် ဖြစ်သောကြောင့် မြစ်လယ်တွင် ခုတ်လျက်ရှိသော မော်တော်ဘုတ်ပေါ်မှနေ၍ ပေါ့ပါးသောသူတစ်ယောက်သည် ခုန်၍ချလိုက်ပါမူ ကမ်းကိုပင် ရောက်လှဘနန်းရှိပေ၏။

မြစ်ရေသည်လည်း လွန်စွာ ကြည်လင်အေးမြလှသည်ဖြစ်၍ ရေသတ္တဝါအမျိုးမျိုးတို့သည် မိမိတို့ဘာသာဘာဝ ပျော်မြူးလှုပ်ရှားလျက် ရှိကြသည်ကိုထင်ရှားစွာ မြင်ရမေ၏။

လမ်းတစ်ဖက်တစ်ချက်တို့၌လည်း ကျောက်လုံးတို့သည် မြောက်မြားစွာ စုပုံလျက် ရှိကြရာ အမြောက်လုံးများကို ဖြန့်ကြဲထားဘိသကဲ့သို့ ရှိပေ၏။

၎င်းတို့ကိုမြင်လျှင် ပေါ်စံသည် ဆေးကြိတ်ရန်အတွက် အလွန် အသုံးကျသည်ဟု ပြောလျက် ပြန်သောအခါကျသကာလ သယ်နိုင်သလောက် သယ်ပိုးယူဆောင်ခဲ့မည်ဟု ကြိမ်းဝါးလျက်ရှိပေ၏။

သုံးနာရီခန့်သွားမိ၍ မိုင်ပေါင်းနှစ်ဆယ်ကျော်ခန့် ရောက်သောအခါ မြစ်တစ်ဖက်တစ်ချက်ရှိ တောင်ကမ်းပါးတို့တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်ကြီးတို့သည် တဖြည်းဖြည်းသာလွန်ထူထပ်၍ လာလေ၏။

အချို့သော နေရာတို့၌ မျောက်တို့သည် မျောက်ကလေးများကို တွယ်လျက် သစ်တစ်ပင်မှတစ်ပင်သို့ ခုန်လွှားကူးသန်းလျက် မြူးထူး ပျော်ပါးကြသည့် လက္ခဏာနှင့် အော်မြည်ကြသောအသံတို့သည် ကျွက်ကျွက် ဆူမျှ ပွဲတင်ထပ်လျက် ရှိကုန်၏။

ဥဒေါင်းတို့သည်လည်း မော်တော်ဘုတ်သံကို ကြားသဖြင့် အနီးအနားရှိ သစ်ပင်တို့မှ လန့်၍ပျံသွားကြပြီးလျှင် မနီးမဝေးသို့ ရောက်သည့်အခါ တစ်ဖန် နားကြပြန်ကုန်၏။

မော်တော်ဘုတ် ၎င်းတို့အနီးသို့ ရောက်ရှိလာပြန်လျှင် တစ်ဖန်ထ၍ ပျံသွားကြပြီးလျှင် ရှေးကထက် ဝေးဝေးသို့ သွားရောက်နားနေကြပြန်လေ၏။

တောင်ကမ်းပါးသည်လည်း အလွန်တရာမတ်စောက်သည်နှင့် ရှောင်လွှဲ ရာမရနိုင်ဘဲ ဥဒေါင်းတို့သည် ကျွန်ုပ်တို့၏မော်တော်ဘုတ်ရှေ့မှ လမ်းပြသဖွယ် ပျံချည်နားချည်နှင့် သွားကြလေ၏။

ကျွန်ုပ်တို့သည် ထွက်မလာမီက ကာဖီနှင့်မုန့်များကို ဝမ်းပြည့်အောင် စားသောက်၍ လာခဲ့ကြသော်လည်း အလွန်တရာ သန့်ရှင်းစင်ကြယ်သောလေကို ရှူလိုက်ရသည့်အတွက် စားခဲ့သောအစာတို့သည် ကြေလွယ်သည် ဖြစ်သော ကြောင့် လေးနာရီခန့်သွားမိလျှင် သည်းမခံနိုင်အောင် ဆာလောင်မွတ်သိပ်ကြ လေသည်။

ဆိပ်ကမ်းသာယာသော နေရာတစ်ခုကိုတွေ့လျှင် ကျွန်ုပ်တို့သည် ခေတ္တနားနေရန် မော်တော်ဘုတ်ကို ဆိုက်ပြီးလျှင် လေမီးဖိုနှင့် ထမင်းအိုးတစ်လုံးကိုချက်၍ ငါးသေတ္တာ၊ အမဲသားသေတ္တာတို့ဖြင့် မြိန်ရှက်စွာ စားသောက်ကြလေ၏။

ကျွန်ုပ်တို့မှာ စားရေရိက္ခာ များစွာပါရှိသော်လည်း ဆန်ကို ဝန်လေးသည့်အတွက် အမြောက်အမြား မယူနိုင်သည် ဖြစ်သောကြောင့် မုန့်သေတ္တာကို အားပြုပြီးလျှင် ထမင်းကိုချွေတာ၍ စားသောက်ကြရလေ၏။

နံနက်စာ စားသောက်ပြီးစီး၍ ခေတ္တမျှ စကားစမြည် ပြောဆိုနေကြပြီးလျှင် အနည်းငယ်ပူအိုက်သည်နှင့် ရေချိုးကြမည်ဟု အဝတ်များကိုလဲလှယ်၍ မြစ်ထဲသို့ဆင်းကြရာ ပေါစံသည် ရေကို ထိလျှင်ထိချင်း ...

'အောင်မလေးဗျ' ဟု အော်၍ ကုန်းပေါ်သို့တက်ပြေးလေ၏။

တက်ပြေးခြင်း၏အကြောင်းမှာ ၎င်းအရပ်ရှိ မြစ်ရေသည် အခြားအရပ်တို့တွင်ရှိသည့် မြစ်ရေနှင့် မတူ အလွန်အမင်းအေးမြခြင်းကြောင့် ဖြစ်လေသည်။

ကျွန်ုပ်တို့မှာ ကိုယ်ကိုရေတွင် လျင်မြန်စွာနှစ်၍ ဆပ်ပြာစင်ရုံသာ ဆေးနိုင်လေသည်။ ပေါစံမှာမူ ထိုနေ့မှစ၍ ရေချိုးရန်အကြောင်းကို စကားစပ်၍မျှ မပြောချေ။

ညနေနှစ်နာရီထိုးလျှင် ကျွန်ုပ်တို့သည် ဆက်လက်၍ခရီးသွားကြပြန်ရာ ငါးနာရီထိုးသကာလ ဆိပ်ကမ်းကောင်းသည့်အရပ်တွင် ချက်ပြုတ်စားသောက်ကြ၍ ကမ်းပေါ်တွင် ကော်ဇောများခင်းပြီးလျှင် အိပ်ကြရလေ၏။

ထိုသို့အိပ်စဉ်အခါ တောသတ္တဝါတို့၏ ရန်ကိုကြောက်ရသည့်အတွက် မုဆိုးကို တစ်ညလုံး စောင့်စေပြီးလျှင် နေ့အခါတွင် ၎င်းအား မော်တော်ဘုတ်ပေါ်တွင် အိပ်စေ၏။

တစ်နေ့ခရီးသွားမိ၍ မြစ်ကြီးနားမြို့နှင့် မိုင်ပေါင်းငါးဆယ်ကျော်ခန့်ရောက်လေလျှင် ၎င်းအရပ်ဒေသတို့၌ ဆီးနှင်းတွေအလွန်အားကြီးလှသည့်ပြင်

နံနက်စောစောတို့၌ တောင်ခိုး မြစ်ခိုး စသည်တို့သည် တစ်မိုးလုံး ပိတ်မှောင်လျက် ခရီးသွားလာခြင်းငှာ မတတ်နိုင်အောင်ရှိပေ၏။

ရှစ်နာရီကျော် ကိုးနာရီကျသည့်တိုင်အောင် စောင့်ဆိုင်းနေပါသော်လည်း အာကာသကောင်းကင်သည် တဖြည်းဖြည်း လင်း၍လာမည့်အစား တောတောင်တို့သည် နေမင်းကိုကြောက်ရွံ့သဖြင့် မိမိတို့၏အခိုးများဖြင့် ခေါင်းမြီးခြုံ၍ထားဘိသကဲ့သို့ ပိတ်ဆိုင်းဝေမှိုင်းလျက်ရှိလေ၏။

ဆယ်နာရီခွဲခန့်တိုင် ရောက်သောအခါမှ နေရောင်ခြည်တို့သည် ခေါင်းမြီးခြုံကို လှန်၍ပစ်လိုက်ဘိသကဲ့သို့ မြူခိုးကိုစုပ်ယူပပျောက်စေပြီးလျှင် မြစ်ရိုးတစ်လျှောက်သည်လည်း ထိန်ထိန်လင်းလျက်ရှိကုန်၏။

ဤကဲ့သို့ ဆီးနှင်းဝေလျက်ရှိသဖြင့် စောင့်ဆိုင်းနေရသည့်အခါတွင် လွန်စွာချမ်းအေးလှသောကြောင့် ကျွန်ုပ်တို့သည် ညဦးက ရှာဖွေ၍ထားသော ထင်းကို မီးဖို၍ အရက်အနည်းငယ်ကို ဝေငှသောက်ကြပြီးလျှင် စောင့်ဆိုင်းနေကြရလေ၏။ မြစ်သည်လည်း ကျဉ်းသည်ထက် ကျဉ်းမြောင်း၍လာလေလျှင် မြစ်ရေသည် ရေးကထက်သာ၍ လျင်မြန်စွာ စီးသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့ မော်တော်ဘုတ်သည် စက်အားရှိသမျှ ခုတ်နှင်၍သွားပါသော်လည်း တစ်နာရီလျှင် ငါးမိုင်ကျထက် ပိုမို၍ မရောက်နိုင်အောင် ရှိလေ၏။

နေအနည်းငယ်စောင်း၍ အပူချိုသွားပြန်သောအခါ တောင်ခိုးများသည် မြစ်ကြောင်းကို ကြည့်မမြင်နိုင်လောက်အောင် ဆီးကာလျက် ရှိပြန်သဖြင့် ကျွန်ုပ်တို့သည် ကမ်းသို့ ဆိုက်ကြရပြန်လေ၏။ ညအခါ၌ကား ချမ်းအေးလှသည်လည်း တစ်ကြောင်း၊ တောသည်လည်း အလွန်နက်လာပြီဖြစ်သောကြောင့် တောသတ္တဝါတို့၏ရန်ကို ကြောက်ရသည်လည်း တစ်ကြောင်းကြောင့် ကျွန်ုပ်တို့သည် မီးပုံကြီးများကိုဖို၍ မီးပုံကိုဝိုင်းလျက် အိပ်ပြီးနောက် မုဆိုးကို ရှေးကနည်းတူ အစောင့်ထားကြလေ၏။

ကျွန်ုပ်တို့လည်း ခရီးသွားစဉ်အခါ မြန်မာပြည်မြေပုံကိုကြည့်လျက် မည်သည့်နေရာသို့ ရောက်တန်ပြီ စသည်ဖြင့် မှန်းဆ၍လိုက်ရာ မြစ်ဆုံ

တစ်ခုကိုတွေ့သည့်အခါ၌ မြေပုံတွင်ကြည့်၍ တွေ့လျှင်လည်းတွေ့၊ မတွေ့လျှင်လည်း ကြီးသည့်မြစ်ကိုရွေးချယ်၍ ဆန်တက်ကြလေ၏။

မောင်စောနိုင်မှာလည်း မှန်ပြောင်းတစ်ခုဖြင့် ကျွန်ုပ်အနီးထိုင်၍ အလွန်အံ့ဩဖွယ်ကောင်းသော အရာတို့ကို တွေ့မြင်ရဘိသကဲ့သို့ ဝမ်းမြောက်ဝမ်းသာရှိသော မျက်နှာထားဖြင့် အရပ်လေးမျက်နှာကို ကြည့်ရှု၍လိုက်လေ၏။

ပေါစံမှာမူ တောတောင်စိမ့်စမ်းတို့၏ အံ့ဩဖွယ်ကောင်းခြင်းများကို ဝအောင်ပင် ကြည့်ပြီးဖြစ်၍ မကြည့်လိုသည့်လက္ခဏာဖြင့် စက်မောင်းသူအနီးတွင်ထိုင်၍ ငိုက်လျက်လိုက်လေ၏။

ဤသို့ တစ်နေ့လျှင် သုံးနာရီခန့်ခရီးသွား၍ လေးရက်မြောက်သည့်နေ့၌ မြစ်ကြီးနားမြို့မှ မိုင်တစ်ရာခန့်ဝေးကွာသော အရပ်သို့ရောက်ကြလေ၏။ ၎င်းမိုင်တစ်ရာအထိမှာ ကျွန်ုပ်တို့သည် တစ်စုံတစ်ရာ ထိတ်လန့်တုန်လှုပ်ဖွယ်သော အရာတို့ကို မတွေ့ကြုံရဘဲ စိတ်နှလုံး ငြိမ်သက်အေးချမ်းစွာဖြင့် ရောက်ရှိကြလေ၏။

ငါးရက်မြောက်သည့် ညအချိန်၌ ဆိပ်ကမ်းသို့ဆိုက်ကြလျှင် မုဆိုးသည် တော၏အခြေအနေကိုကြည့်၍ ဦးခေါင်းကိုရမ်းပြီးလျှင် အထူးသဖြင့် သတိဝီရိယဖြင့် အိပ်ကြရန် ပြောလေ၏။

တောနက်သည့်အခြေကိုထောက်၍ ကြည့်ရလျှင် မုဆိုး သတိပေးလျှင်လည်း ပေးထိုက်ပေ၏။ သစ်ပင်ကြီးတို့သည် ရေစပ်သို့ရောက်သည့်တိုင်အောင် ပေါက်ရောက်လျက် ကမ်းပေါ်၌ ခြေချရန်မျှ မကျန်ရှိသလောက် တောချုံတို့သည် ထူထပ်ကျပ်တည်းစွာ ရှိကုန်၏။

မုဆိုးအား ကျွန်ုပ်တို့အိပ်ရန် မြေတစ်ကွက်ကို သုတ်သင်ရှင်းလင်းစေပြီးလျှင် ကျွန်ုပ်တို့သည် ညစာစားသောက်ပြီး၍ ပက်လက်လှန်လျက် ဆေးတံများကိုသောက်နေကြစဉ် နေမင်းသည် တဖြည်းဖြည်း အရောက်ညှိုးမှိန်၍ ပျောက်ကွယ်သွားလေ၏။

နေဝင်၍အတန်ငယ်ကြာလျှင် တောသတ္တဝါတို့လည်း မိမိဘာသာဘာဝ ဟိန်းဟောက်အော်မြည်ကြသော အသံတို့သည် တစ်တောလုံး ပဲ့တင်ဟည်းလျက် အလွန်တရာ ကြောက်မက်ဖွယ်ကောင်းလေ၏။

ကျွန်ုပ်တို့လည်း မုဆိုးသတိပေးသည့်အတိုင်း သေနတ်များကို ယမ်းထိုးလျက် မီးပုံအနီးတွင် ထိုင်နေကြစဉ် ကျွန်ုပ်တို့နှင့် ပေတစ်ရာ့ငါးဆယ်ခန့်ကွာသည့် မြစ်ညာအရပ်တွင် စိုင်ကြီးတစ်ကောင်သည် ကျောက်တုံးကြီးတစ်ခုပေါ်တွင်ရပ်လျက် ရေသောက်မည်ပြုဆဲတွင် မီးပုံကြီးကိုမြင်သဖြင့် သင်္ကာမကင်းသောအနေနှင့် ရေကိုမသောက်သေးဘဲ ဦးခေါင်းမော်လျက်နေသည်ကို ကျွန်ုပ်တို့သည် လရောင်တွင်မြင်ကြလေ၏။

မုဆိုးက ပစ်မည်ဟု သေနတ်ကိုပြင်ရာ ကျွန်ုပ်နှင့် မောင်စောနိုင်တို့လည်း ပစ်ခတ်ရန် ဝါသနာပါသည်နှင့် သူပစ်မည် ငါပစ်မည် လုၡ၍နေကြသည်တွင် ကျွန်ုပ်သည် မောင်စောနိုင်၏ စိတ်အားကြီးသော မျက်နှာကိုမြင်သဖြင့် ခွင့်ပြုလိုက်ရလေ၏။ မောင်စောနိုင်သည် ကျောက်တုံးတစ်ခုပေါ်မှ ထိုင်လျက် ပစ်လိုက်ရာ မောင်စောနိုင်မှာ လက်ဖြောင့်သည်ဟု ကျွန်ုပ်ကိုယ်တိုင် ချီးမွမ်းခဲ့ဖူးသည်ဖြစ်သော်လည်း ပစ်ချင်စိတ်အားကြီးလှသည်ဖြစ်၍ ချက်ကောင်းကိုမမှန်ဘဲ ရှေ့သို့သာမှန်၍ တောထဲသို့ တစ်ဟုန်တည်း ဝင်ပြေးလေ၏။

မောင်စောနိုင်လည်း ကျန်ရှိသောယမ်းတောင့်နှင့် တစ်ချက်ထပ်၍ ပစ်လိုက်ပြန်သည်။ ကျွန်ုပ်နှင့် မုဆိုးနှစ်ယောက်သားတို့သည်လည်း မောင်စောနိုင်၏ ပထမအချက်သည် မထိမှန်ကြောင်းကို သိမြင်ရသဖြင့် မိမိတို့၏ သေနတ်များနှင့် စိုင်ကြီးအပြေးတွင် တစ်ပြိုင်နက် ပစ်လိုက်ကြပြန်ရာ မည်သူ၏ သေနတ်ချက် ထိမှန်သည်မသိ စိုင်ကြီးသည် ကောင်းကင်သို့ တစ်ချက်ပြန်တက်၍ မြေသို့ပြန်ကျပြီးလျှင် မလှုပ်ရှားဘဲနေလေ၏။

ကျွန်ုပ်တို့သုံးဦးသားသည် သေနတ်များကိုကိုင်လျက် စိုင်ကြီးကျရာသို့ ဝမ်းမြောက်ဝမ်းသာ ပြေးသွားကြရာ မောင်စောနိုင်သည် အပြေးလျင်မြန်သဖြင့် ရှေးဦးစွာရောက်လေလျှင် ထိတ်လန့်တုန်လှုပ်သော မျက်နှာထားနှင့် ကျွန်ုပ်တို့ရှိရာသို့ ပြန်ပြေးလာလေ၏။

ကျွန်ုပ်တို့လည်း မောင်စောနိုင်အား အကျိုးအကြောင်းကို မေးမြန်းလျက်ရှိစဉ် စိုင်ကြီးရှိရာမှ အသည်းနှလုံးတုန်လှုပ်ဖွယ်ကောင်းသော ဟိန်းသံတစ်ခု ကြားရပေ၏။ မုဆိုးလည်း အသံကိုသိသဖြင့် 'ကျား ကျား' ဟု အော်လျက် သေနတ်ကို ပုခုံးတွင်တင်၍ ချိန်မည်ပြုရာ ကျားသည် ရန်သူများကို မြင်သဖြင့် သားကောင်ကို လွှတ်ခဲ့ပြီးလျှင် ကျွန်ုပ်တို့ရှိရာသို့ တစ်ဟုန်တည်း ခုန်၍လာလေ၏။

မုဆိုးလည်း သေနတ်တွင်ထိုးပြီးဖြစ်သော ယမ်းတောင့်နှင့် ထပ်၍ ပစ်လိုက်ရာ ကျား၏နောက်ခြေကိုသာ မှန်သဖြင့် ကျားကြီးသည် မုဆိုး၏ သေနတ်ကို မိမိ၏ရှေ့လက်ဖြင့် ပုတ်လိုက်သောကြောင့် သေနတ်လည်း မုဆိုး၏လက်မှ လွှတ်၍သွားလေ၏။ ၎င်းနောက် မုဆိုးမှာလည်း သေနတ်လက်လွှတ်လျက် မောင်စောနိုင်မှာလည်း သေနတ်တွင် ယမ်းထိုးပြီးသား မရှိတော့သည်ဖြစ်၍ မုဆိုးနှင့်မောင်စောနိုင်တို့သည် ကျွန်ုပ်၏နောက်မှကပ်လျက် 'ပစ်ပါ ပစ်ပါ' ဟု အော်ဟစ်လျက်ရှိကြလေ၏။

ကျားကြီးလည်း မုဆိုးလက်တွင် သေနတ်မရှိ၍ ရန်မမူနိုင်ကြောင်းကို သိသည့်ဟန်ဖြင့် ကျွန်ုပ်ရှိရာသို့ လှည့်လာပြန်လျှင် ကျွန်ုပ်သည် သေနတ်ပစ်ဝါသနာပါသည့်အလျောက် လက်ဖြောင့်သည်ဟု ချီးမွမ်းခြင်းကို ခံရဖူးသော်လည်း သမင်၊ ဒရယ် အစရှိသော ရန်မမူတတ်သည့် သတ္တဝါတို့ကိုသာ ပစ်ခတ်ဖူးသည်ဖြစ်၍ ကျားနှင့်ရင်ဆိုင်တွေ့သောအခါ မိမိ၏အစွမ်းကို မိမိ မယုံကြည်နိုင်သဖြင့် ဝါးရုံပင်ကြီးရှိရာသို့ ပြေးသွားမိလေ၏။ မောင်စောနိုင်နှင့် မုဆိုးတို့မှာ ခုခံရန် လက်နက်မရှိသဖြင့် ကျွန်ုပ်ကိုသာအားကိုး၍ နောက်က ကပ်လျက်လိုက်လေ၏။

ကျားကြီးသည် ကျွန်ုပ်တို့နောက်သို့ လိုက်လာပြန်ရာ ကျွန်ုပ်တို့သည် ဝါးရုံပင်ကိုပတ်လျက်ပြေးလျှင် ကျွန်ုပ်၏အင်္ကျီစကို မောင်စောနိုင်က ကိုင်လျက် မောင်စောနိုင်၏အင်္ကျီစကို မုဆိုးက တဖန်ကိုင်လျက် သုံးဦးသားတို့သည် ဝါးရုံပင်ကိုလှည့်ပတ်၍ လိုက်တမ်းပြေးတမ်း ကစားသကဲ့သို့ ရှိနေကြလေ၏။

ကျားကြီးမှာ မုဆိုးပစ်လိုက်သော ကျည်ဆန်သည် လက်ယာဘက် ပေါင်တွင် မှန်သဖြင့် လျင်မြန်စွာ မပြေးနိုင်ဘဲ ရှိသောကြောင့်သာလျှင် ကျွန်ုပ်တို့ကို ရုတ်တရက်မိအောင် မဖမ်းနိုင်ဘဲရှိလေ၏။

ဤကဲ့သို့ ဝါးရုံပင်ကို လှည့်ကာပြေး၍ ကျားက တစ်ဖက်မှလှည့်၍ လိုက်ပြန်လျှင် ကျွန်ုပ်တို့သည် ကျားနှင့်ရင်ဆိုင်တွေ့ပြန်သဖြင့် နောက်ဆုတ် နောက်ဆုတ်ပြေးပြန်ရာ မောင်စောနိုင်နှင့် မုဆိုးတို့လည်း ကျွန်ုပ်၏နောက်မှ တန်းလန်းပါလျက် လိုက်ကြပြန်လေ၏။

ဤကဲ့သို့သောအဖြစ်ကို အခြားသူတစ်ယောက်က ဘေးကင်းရာအရပ်မှ မြင်လျှင် အလွန်ပင် ရယ်ဖွယ်ကောင်းမည်ဖြစ်ရာ ကျွန်ုပ်တို့မှာ ရယ်နိုင်မည့်စိတ် မရှိသည့်ပြင် ချွေးဒီးဒီးကျလျက် ရှိကြကုန်၏။ ကျွန်ုပ်လည်း ကျားနှင့် ရင်ဆိုင်တွေ့သည့်အခါတိုင်း ပစ်တော့မည် အောက်မေ့ရာ မတော်တဆ လွဲ၍ သွားချေက အားကိုးရာမဲ့ ဖြစ်ချေတော့မည့်အကြောင်းကို သိသဖြင့် မကြည့်ဝံ့ဘဲ ရှိနေလေ၏။

ဤသို့ ဆယ့်ငါးမိနစ်ခန့် လိုက်တမ်းပြေးတမ်း ကစားကြပြီးနောက် ကျွန်ုပ်တို့ သုံးဦးသားမှာလည်း မောပန်းလှသဖြင့် ချွေးပြိုက်ပြိုက်ကျလျက် ရှိနေကြစဉ် ကျားကြီးလည်း 'ဤအကောင်များနှင့်ကစား၍ ငါမောလှပြီ၊ သည်တစ်ကြိမ် ငါတစ်မျိုးကြံ၍ ဖမ်းဦးမည်' ဟု အောက်မေ့ဘိသကဲ့သို့ ကျွန်ုပ်တို့ကိုမလိုက်ဘဲ ဝါးရုံကွယ်လျက် ထိုင်နေလေ၏။ ကျွန်ုပ်တို့လည်း ကျားကိုမမြင်သဖြင့် ဝါးရုံပင်နားမှကပ်၍ တဖြည်းဖြည်းလှည့်၍ကြည့်ရာ ကျားနှင့်သုံးတောင်ကွာခန့် ရောက်သောအခါမှ ဘွားကနဲ ဆုံမိကြလေ၏။

ကျားလည်း မိမိအကြံ အောင်သည့်လက္ခဏာဖြင့် တစ်ဟုန်တည်း ထ၍လိုက်ရာ ကျား၏အငွေ့အသက်သည် ကျွန်ုပ်၏ မျက်နှာတွင် ရိုက်သဖြင့် ညှီဟောက်သောခံတွင်းနံ့ကို ကျွန်ုပ်တို့ရှူရှိုက်မိသောအခါ 'ယခုမှမိတော့သည်' ဟူသောဟန်ဖြင့် သွားကိုဖြဲလျက် ကြောက်မက်ဖွယ်ကောင်းလှသော လက်သည်းတို့ဖြင့် ကျွန်ုပ်၏မျက်နှာကို ပုတ်မည်အပြုတွင် ကျွန်ုပ်သည် သေနတ်အဖျားကို ကျား၏ခံတွင်းတွင်ထည့်၍ မောင်းကိုဖြုတ်လိုက်လေ၏။

သေနတ်သံကို ကြားသည်နှင့်တစ်ပြိုင်နက် ကျားကြီးသည် ကျွမ်းပြန်၍ သွားပြီးလျှင် မြေသို့ကျသွားရာ ကျွန်ုပ်၏ကျည်ဆန်သည် ဦးနှောက်ကို ထိမှန်သည်ဖြစ်သောကြောင့် မလှုပ်ရှားဘဲ ငြိမ်ဝပ်စွာရှိနေလေ၏။ ၎င်းကျား၏ ညဏ်များသည့်အဖြစ်ကိုသိသဖြင့် ကျွန်ုပ်သည် ရုတ်တရက်မချဉ်းကပ်သေးဘဲ တဖြည်းဖြည်းသွား၍ကြည့်ရာ ကျားကြီးမှာ ကျွန်ုပ်၏ လက်ချက်ဖြင့် ပွဲချင်းပြီး သေဆုံးကြောင်းကို သိရှိကြရလေ၏။

ကျွန်ုပ်တို့သည် မောပန်းလှသည်ဖြစ်၍ ကျားသေကောင်ပေါ်တွင် ထိုင်လျက် အမောဖြေနေကြရာ ကျွန်ုပ်၏စိတ်၌ကား ကျားသည် အသက် လုံးဝမရှိကြောင်းကို သိလျက်နှင့်ပင် လှုပ်ရှားလိမ့်မည်ဟု အောက်မေ့၍ တစ်ချက် တစ်ချက် ဦးခေါင်းကို လှမ်း၍ကြည့်မိလေ၏။

မောင်စောနိုင်မှာလည်း ဟန်ဆောင်၍သာ နေရသော်လည်း ကျွန်ုပ် ကဲ့သို့ ကြောက်ရွံ့သောစိတ် ရှိလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်လေသည်။

၎င်းနောက် ကျားကိုတိုင်းထွာကြည့်ရာ အမြီးဖျားမှသည် နှာခေါင်းဖျား အထိ ဆယ့်နှစ်တောင်နှင့်တစ်မိုက်ရှိကြောင်းကို တွေ့ရှိရလေသည်။ မုဆိုးလည်း များစွာဝမ်းမြောက်သော လက္ခဏာဖြင့် ဤမျှလောက်ကြီးသော ကျားကို မတွေ့ကြုံဘူးကြောင်း ပြောဆိုလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် စိုင်သေကောင်နှင့် ကျားသေကောင်ကို ထိုနေရာတွင်ထားခဲ့၍ မီးပုံရှိရာသို့ပြန်သွားကြရာ မောင်ပေါစံနှင့် မော်တော်ဘုတ် မောင်းသူ ကုလားတို့မှာ မီးပုံအနီးတွင် မရှိသဖြင့် ကျွန်ုပ်တို့မှာ များစွာစိုးရိမ် မကင်းဖြစ်ကြလေ၏။ မောင်စောနိုင်လည်း ထိတ်လန့်သော မျက်နှာထားဖြင့် ...

'ကိုပေါစံ' ဟု တစ်ခွန်းခေါ်လိုက်ရာ မည်သူမျှပြန်မထူးဘဲ ရှိလေလျှင် တစ်ဖန်ထပ်၍ သုံးဦးတစ်ပြိုင်နက် ဟစ်အော်လိုက်ကြပြန်လေ၏။

ထိုအခါ မော်တော်ဘုတ်ပေါ်မှ နှစ်ယောက်တို့သည် တဖြည်းဖြည်း ဆင်းလာ၍ အနီးသို့ရောက်သောသကာလ တစ်ယောက်သောသူက ...

'သြော်၊ တကယ်ပါပဲ၊ ဆရာတို့ပါပဲ' ဟု ပြောသဖြင့် အကျိုးအကြောင်းကို မေးမြန်းကြည့်ရာ မောင်ပေါစံမှာ ကျားဟိန်းသံ ကြားသဖြင့် ကျွန်ုပ်တို့သုံးဦးသည် ကျားကိုက်၍သေပြီဟု ထင်မှတ်သည်နှင့် မော်တော်ဘုတ်ပေါ်တွင် ပုန်းအောင်းလျက် နေကြကြောင်း၊ ကျွန်ုပ်တို့၏ ခေါ်သံကို ကြားရသောအခါလည်း တစ္ဆေဖြစ်၍ ခြောက်လာသည်ထင်မှတ်သဖြင့် ရုတ်တရက် မထူးဘဲနေကြောင်းများကို ပြန်ပြောလေ၏။

ကျွန်ုပ်လည်း ဤမျှလောက် သူရဲဘောနည်းသော တပည့်ကို လက်သီးဖြင့်တစ်ချက်ဆုံးမ၍ မီးပုံအနီးတွင် ကိုယ်ကိုပစ်လှဲပြီးလျှင် ရှေးကကဲ့သို့ အစောင့်ထားလျက် အိပ်လေ၏။

နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် စိုင်သေများကို ညှင်း၍ အခြောက်လှန်းခြင်း၊ ကျား၏ သားရေများကိုခွာ၍ ဆေးကြောသုတ်သင်ခြင်းစသော အလုပ်တို့ကို လုပ်ကိုင်နေရသဖြင့် ခရီးဆက်လက်မသွားနိုင်ဘဲ ထိုစခန်းတွင်ပင် တစ်ညထပ်၍ အိပ်ရပြန်၏။

ထိုည နေလုံးပျောက်၍သွားပြန်လျှင် တောသတ္တဝါတို့သည် မိမိတို့အပေါင်းအဖော်နှစ်ဦးကို သတ်ပစ်သည့်အတွက် လက်စားချေမည်ဟု ကြိမ်းဝါးညည်းတွားကြသည့်ဟန်ဖြင့် တစ်တောလုံး ဆူညံအောင် ဟိန်းဟောက်လျက် ရှိကြလျှင် နားနှစ်ဖက်ကို လက်ဖြင့်ပိတ်ထားရလေသည်။

မုဆိုးလည်း ပေါစံ၏ ကြောက်ရွံ့တတ်သောသဘောကို သိသဖြင့် စောင်ခြုံ၍ အနီးသို့ဖြည်းညင်းစွာသွားပြီးလျှင် လည်ကုပ်ကို အစ်လိုက်သည်တွင် ပေါစံသည် မိမိအား ကျားလာ၍ ကိုက်ချေပြီဟု အောက်မေ့သည်နှင့် ...

'အောင်မယ်လေး ဆရာရဲ့' ဟု ဟစ်အော်၍ ရုန်းလိုက်ရာ စောင်ရောလူပါ မြစ်ထဲသို့ ကျသွားလေ၏။ ရေထဲသို့ ရောက်ပြန်လျှင် မြစ်ရေသည် အလွန်တရာ အေးမြလှသည်ဖြစ်၍ ...

'သေပါပြီဗျ' ဟု အော်လျက် ကမ်းပေါ်သို့တက်၍ ပြေးပြန်လေ၏။ မီးပုံနားသို့ရောက်လျှင် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လျက် ...

'ကျားကော ဆရာ၊ ဆရာ မပစ်လိုက်ဘူးလား' ဟု ကျွန်ုပ်အား မေးသဖြင့် ကျွန်ုပ်တို့လည်း ရယ်မောကြလျက် ပေါစံသည် နားမလည်သော မျက်နှာထားဖြင့် မီးပုံအနီးတွင် ထိုင်လျက် မုဆိုးနှင့်အတူ စောင့်နေရလေ၏။

နောက်တစ်နေ့ နံနက်စာ စားပြီး၍ နှင်းကွဲလေလျှင် ကျွန်ုပ်တို့သည် မော်တော်ဘုတ်နှင့် ဆန်တက်ကြပြန်လေ၏။ ၎င်းအရပ်တို့၌ မြစ်သည် အလွန်တရာ ရေစီးသန်လှသည့်ပြင် ကျဉ်းမြောင်းကွေ့ကောက်လျက် ရှိသည် ဖြစ်၍ မော်တော်ဘုတ်၏ ရှေ့သို့လှမ်းကြည့်လိုက်လျှင် တောင်ကြီးများ ဆီးကာ၍နေဘိသကဲ့သို့ ရှိကုန်၏။

ကျောက်ဆောင်ကြီးတို့သည်လည်း မြစ်ထဲသို့ချွန်၍ ထွက်လျက်ရှိကြသည့်ပြင် အချို့နေရာများ၌ပင် ပေါ်လျက်ရှိကြသောကြောင့် ၎င်းတို့နှင့် တိုက်မိချေက ကျွန်ုပ်တို့၏ မော်တော်ဘုတ်ကလေးသည် ကြေမွ၍သွားမည်ကို စိုးရိမ်ရသည့်အတွက် ခပ်ဖြည်းဖြည်းသာလျှင် သွားနိုင်ကုန်၏။

သို့တစ်နေ့လျှင် ဆယ်မိုင်ကျခန့်နှင့် ငါးရက်ခန့် ဆက်လက်သွားကြပြန်ရာ တစ်နေ့သ၌ ဆိပ်ကမ်းသို့ကပ်လျက်ရှိကြစဉ် မုဆိုးနှင့် ကျွန်ုပ်တို့ တူဝရီးနှစ်ယောက်သည် သေနတ်တစ်လက်စီ ပခုံးပေါ်တွင်ထမ်းလျက် ဆိပ်ကမ်းသာသည်နှင့် သားငါးရှာဖွေရန် ထွက်သွားကြလေ၏။

၎င်းအရပ်၌ လူအရောက်အပေါက်မရှိကြသဖြင့် သားကောင်တို့သည် လူကို ပမာမပြုသည့်လက္ခဏာဖြင့် မြင်လျက်နှင့် မပြေးဘဲ စိုက်၍သာလျှင် ကြည့်နေကြရာ ကျွန်ုပ်တို့သည် ဒရယ်နှစ်ကောင်နှင့် ယုန်နှစ်ကောင်ကို အလွယ်တကူ ပစ်ခတ်ရရှိပြီးနောက် မော်တော်ဘုတ်ရှိရာသို့ ပြန်လာကြလေ၏။ မောင်ပေါစံတို့ရှိရာသို့ရောက်၍ မော်တော်ဘုတ်ကိုမြင်လျှင် ကျွန်ုပ်တို့သည် မည်မျှအံ့သြကြသည်ကို ပြော၍မပြနိုင်အောင် ရှိလေတော့သည်။

ပေါစံလည်း မီးသင့်၍ထားသော အဝတ်အစားတို့နှင့် သစ်ပင်အမြစ် ရင်းတွင် ထိုင်၍မှိုင်လျက် မော်တော်ဘုတ်မောင်းသမားလည်း ပေါစံနှင့် မနီး မဝေးတွင်ထိုင်၍ ကုလားတို့ဘာဝ ဦးခေါင်းကို လက်နှစ်ဘက်နှင့်ကုတ်လျက်

မော်တော်ဘုတ်သည်လည်း အမိုးအကာ စသည်တို့တွင် မီးလောင်၍ထားသဖြင့် စုတ်ပြတ်ကြေမွလျက် မော်တော်ဘုတ်ပေါ်ရှိ ပစ္စည်းတို့သည်လည်း တောင်တစ်ကွဲ မြောက်တစ်ကွဲနှင့် ဖရိုဖရဲကြလျက် ရှိကြသည်ကို တွေ့မြင်ရလျှင် သုံးဦးသားတို့သည် အံ့အားသင့်၍ရှေ့သို့ တိုးတက်၍ မသွားနိုင်ကြဘဲ ကြက်သေသေလျက် နေကြကုန်၏။

ငင်းနောက် ကျွန်ုပ်သည် ပေါစံ၏ နားရွက်ကိုဆွဲ၍ အကျိုးအကြောင်းကို မေးမြန်းရာ ပေါစံသည် ရုတ်တရက် ပြန်၍မပြောဘဲ မော်တော်ဘုတ်မောင်းသမားကို လက်ညိုးညွှန်ပြလေ၏။ မော်တော်ဘုတ်မောင်းသမားကို မေးပြန်လျှင်လည်း ၎င်းလည်း ပေါစံကို လက်ညိုးညွှန်ပြပြန်လေ၏။

ကျွန်ုပ်လည်း ပစ္စည်းများ ဆုံးပါးပျက်စီးလျက် ရှိနေသည်ကို မြင်ရသဖြင့် ဒေါသထွက်လျက် ရှိရသည်အတွင်း ၎င်းတို့နှစ်ဦးလည်း ကျွန်ုပ်မေးသည်ကို မပြောကြဘဲ တစ်ဦးကိုတစ်ဦး လက်ညိုးဖြင့်သာညွှန်ပြ၍ နေကြလျှင် စိတ်ကိုမချုပ်တည်းနိုင်အောင် ရှိသည်ဖြစ်သောကြောင့် သေနတ်နှင့် ကျောကို တစ်ယောက်တစ်ချက်စီ ဆောင့်လိုက်သောအခါ နှစ်ဦးစလုံး တစ်ပြိုင်နက် အလုအယက် ပြောကြပြန်လေ၏။

ဤသို့ အလုအယက် တစ်ယောက်တစ်ခွန်း ပြောကြပြန်လျှင် ပထမ၌ ကျွန်ုပ်မှာ နားမလည်နိုင်အောင်ဖြစ်၍နေသဖြင့် တစ်ဦးစီ မေးမြန်းကြည့်ရာ ၎င်းတို့ ပြောလိုသည့်အဓိပ္ပာယ်မှာ ကျွန်ုပ်တို့သည် ၎င်းတို့နှစ်ဦးကို အစောင့်ထားခဲ့၍ ထွက်သွားကြသည့်နောက် ပေါစံသည် လေမီးဖိုကို ဓာတ်ဆီများထည့်ပြီးလျှင် လက်ဖက်ရည်ကြမ်းများတည်၍ စိုင်သားကြော်များနှင့် မြည်း၍နေစဉ် မော်တော်ဘုတ်မောင်းသမားသည် ကျားရေကို ပေါစံမသိအောင် ယူသွားပြီးလျှင် ၎င်းဖြင့်မိမိကိုယ်ကို ရစ်ပတ်လျက် ပေါစံ၏ နောက်မှနေ၍ ခေါင်းကိုပုတ်လိုက်ရာ ပေါစံမှာ အလွန်တရာ ကြောက်တတ်လှသည်ဖြစ်၍ များစွာထိတ်လန့်ပြီးလျှင် လက်ဖက်ရည်အိုးနှင့် ကျားကို ပေါက်လိုက်လေ၏။

ကျားယောင်ဆောင်သော မော်တော်ဘုတ်ကုလားလည်း ရေနွေးပူလောင်သဖြင့် ထွန့်ထွန့်လူးလျက်ရှိစဉ် ပေါစံလည်း အကယ်ပင် ကျားလာသည်

အောက်မေ့၍ ခုန်လွှားကျော်နင်း ရုန်းရင်းဆန်ခတ် ပြုလုပ်လေလျှင် ခာတ်ဆီ ထည့်ထားလျက်ရှိသော လေမီးဖိုလည်း မှောက်ပြီးလျှင် ခာတ်ဆီအိုးမှာ အနံ့အပြား မီးလောင်လျက် ရှိကုန်၏။

ထိုအခါ မော်တော်ဘုတ်မောင်းသမားလည်း ကျားရေကိုချွတ်လျက် ပစ္စည်းတို့ကို မော်တော်ဘုတ်ပေါ်မှ ဆွဲချ၍ နှစ်ဦးသား တတ်အားသမျှ မီးကို ငြိမ်းကြပါသော်လည်း စက်ကိရိယာ စသည်တို့မှာ များစွာပျက်စီးချို့ယွင်းခြင်း ရှိပြီးသည်နောက်မှ မီးကို သတ်နိုင်ကြလေသည်။

ခာတ်ဆီပုံး အနည်းငယ်တို့မှာလည်း မီးထဲသို့ပါသွားသဖြင့် ကျွန်ုပ်တို့သည် ကြွင်းကျန်သည့် ခာတ်ဆီများနှင့် မော်တော်ဘုတ်ကို စမ်းသပ်မောင်းနှင်ကြည့်ရာ စက်ကိရိယာတို့မှာ များစွာချို့ယွင်းခြင်းရှိနေသည့်အတွက် မောင်းနှင်၍ မရဘဲ ရှိနေလေ၏။

ထိုအခါ ကျွန်ုပ်တို့သည် ပစ္စည်းဆုံးသည်ကို များစွာမနှမြောလှသော်လည်း လာရောက်သည့်ကိစ္စကို ဆုံးခန်းတိုင်အောင် မသွားနိုင်ချေတော့ပြီဟု ၎င်းတို့နှစ်ဦးအပေါ်၌ များစွာအမျက်ထွက်သဖြင့် စိတ်ကို အနိုင်နိုင်ချုပ်တည်းပြီးလျှင် အောင့်အည်း၍ နေရလေ၏။

မီးလောင်သဖြင့် ကျန်ရစ်သောပစ္စည်းများမှာ အစာရိက္ခာအနည်းငယ်နှင့် အဝတ်အစား၊ အိပ်ရာ၊ စောင် အထည်အလိပ် အနည်းငယ်မျှသာလျှင် ကျန်ရစ်လေတော့သည်။ မောင်စောနိုင်မှာမူ မော်တော်ဘုတ် မီးလောင်၍သွားသဖြင့် ရုတ်တရက် စိတ်နှလုံးမချမ်းသာဖြစ်သည်မှန်သော်လည်း ၎င်း၏စိတ်သဘောမှာ အကျပ်အတည်းတို့နှင့် တွေ့ကြုံရသည့်အခါ အားကိုလျှော့လျက် ကြာရှည်စွာ စိတ်ပျက်၍ မနေတတ်သည့်အလျောက် အားလုံးကုန် မီးလောင်၍သွားလျှင် ယခုထက်ပင် ခက်ချေဦးမည်။ ယခုမှာမူ အစာရိက္ခာနှင့် အထည်အလိပ် အနည်းငယ် ကျန်ရစ်ပေသည့်အတွက် ၎င်းတို့နှစ်ဦးကိုပင် ကျေးဇူးတင်ရပေဦးမည် စသည်ဖြင့် ရယ်မောပြောဆိုလျက် များစွာစိတ်ပျက်ဟန် လက္ခဏာမရှိဘဲ နေလေ၏။

ထိုအခါ ကျွန်ုပ်သည် မောင်စောနိုင်ကို ခေါ်၍ ...

'ဘယ့်နှယ်လဲ မောင်စောနိုင်၊ ဒုက္ခဖြင့်တွေ့ကြုံကြပြီ၊ ဒီတစ်ခါ ဘယ့်နှယ်လုပ်မလဲ' ဟု မေးလျှင် မောင်စောနိုင်က ...

'ဘယ့်နှယ်လုပ်မလဲ ဦးလေးရဲ့၊ သည်အတိုင်းသွားရုံပေါ့' ဟု ပြန်ပြော၍ ကျွန်ုပ်က မဖြစ်နိုင်ကြောင်းပြောလျှင် မောင်စောနိုင်က ...

'မဖြစ်နိုင် ဖြစ်နိုင်အောင် သွားရလိမ့်မယ် ဦးလေးရယ်၊ မဖြစ်လို့ ဦးလေးပြန်သွားချင်သလား၊ ပြန်ရင်ကော ဘယ့်နှယ်ပြန်မလဲ၊ 'ရှေ့တိုးလည်း ထမ်းပိုး၊ နောက်ဆုတ်လဲ လှည်းတုတ်နဲ့' ဆိုသလို ဖြစ်နေပြီ၊ သည်တော့ သည်လိုအတူတူ ကျွန်တော်ဖြင့် ရှေ့ကိုပဲ တိုးသွားချင်တော့တယ်'

'ဘာနဲ့သွားမလဲ'ဟု ကျွန်ုပ်က ပြန်မေးလျှင် မောင်စောနိုင်သည် အကြံတစ်ခု ရသည့်ဟန်နှင့် မုဆိုးကိုခေါ်၍ တိုင်ပင်ကြည့်ရာ မုဆိုးလည်း ကျွန်ုပ်တို့အကြံကို လိုက်နာရန် သဘောတူရလေ၏။

ထိုအရပ်ဒေသ၌ တောသည်လည်း အလွန်နက်လှသည်ဖြစ်၍ သစ်ပင်တို့သည် မြစ်ကမ်းပါးသို့တိုင်အောင် ပေါက်ရောက်လျက်ရှိလေရာ ကျွန်ုပ်တို့သည် ကမ်းခြေမှ လျှောက်၍ မသွားနိုင်သည်မှာ အမှန်ပင်ဖြစ်လေတော့သည်။

ထို့ကြောင့် မောင်စောနိုင် အကြံရသည်မှာ ထိုအရပ်၌ ပေါက်ရောက်လျက်ရှိသော သစ်ပင်ကြီးတို့အနက် ဖြောင့်တန်းလျက် သင့်လျော်သော အရွယ်ရှိသည့် သစ်ပင်ကြီးတစ်ပင်ကို ရွေးချယ်ပြီးလျှင် ပိန်းကောအသွင် ပြုပြင်ခုတ်ထစ်၍ ၎င်းနှင့်ဆန်တက်ခဲ့လျှင် သင့်လျော်မည်ဖြစ်ကြောင်းနှင့် ပြောဆိုလေ၏။

ကျွန်ုပ်တို့လည်း ထိုအကြံအတိုင်း လိုက်နာကြ၍ မော်တော်ဘုတ်မောင်းသမားနှင့် ပေါစံကိုလည်း ဒဏ်ပေးသည့်အနေနှင့် အလုပ်ကြမ်းများကို အထူးသဖြင့် လုပ်ကိုင်စေလျက် သင့်လျော်သောအရွယ်ရှိသည့် ပင်ပျိုတစ်ခုကို ခုတ်လှဲကြလေ၏။

ကျွန်ုပ်တို့ ငါးဦးသားတို့သည် လွှ၊ ပုဆိန်စသော လက်သမား ကိရိယာတို့နှင့် မနားမနေ စိတ်အားထက်သန်စွာ လုပ်ကိုင်ကြရာ ဆယ့်ငါးရက်အတွင်းတွင် သစ်ပင်ကို ခေါင်းထွင်း၍ ပြီးစီးကြလေ၏။

ဤသို့ လုပ်ကိုင်လျက်ရှိကြစဉ် ကျွန်ုပ်တို့သည် မီးမလောင်သဖြင့် ကျန်ရစ်သော ငါးသေတ္တာ၊ အမဲသေတ္တာစသည်တို့ကို ချွေတာစားသောက်ကြလျက် ညနေချမ်းအချိန်၌လည်း ကျွန်ုပ်တို့ တူဝရီးနှစ်ယောက်နှင့် မုဆိုးတို့သည် သေနတ်များနှင့် သားကောင်များကို ရှာဖွေပစ်ခတ်ကြရလေ၏။

ခဲယမ်းမီးကျောက်များနှင့် သေနတ်များမှာမူ ကျွန်ုပ်တို့နှင့်အတူ ယူဆောင်၍ သွားသည်ဖြစ်သောကြောင့် မီးလောင်ရာ၌ မပါဘဲ ကုသိုလ်ကံအလျောက် ကျန်ရစ်ကြလေ၏။

ပိန်းကောငယ် ပြီးစီးသည့်နောက် ကျွန်ုပ်တို့သည် တက်များကို တစ်ယောက် တစ်ချောင်းကျ ကိုယ်စီကိုယ်င လုပ်ကိုင်ကြပြီးလျှင် မော်တော်ဘုတ် မီးလောင်ပြီး၍ နှစ်ဆယ့်တစ်ရက်မြောက်သည့်နေ့တွင် ကျွန်ုပ်တို့သည် အစာရိက္ခာများကို ရွှေ့ပြောင်းတင်ဆောင်၍ ထိုအရပ်မှ ထွက်ခွာခဲ့ကြလေ၏။

ပထမ၌ ကျွန်ုပ်တို့သည် ပိန်းကောမကို မခုတ်ဘဲ မော်တော်ဘုတ်နှင့်သာလျှင် လှော်တက်မည်ကြံစည်ကြရာ ၎င်းမှာ အလွန်လေးလံလှသဖြင့် များစွာခရီးတွင်ကျယ်မည် မဟုတ်သောကြောင့် ချုံငယ်တစ်ခုအောက်တွင် လျှို့ဝှက်ထားခဲ့ရလေ၏။

ဇနာ

# အခန်း (၅)

ကျွန်ုပ်သည် ဧရာဝတီမြစ်ကို ပိန်းကောငယ်ဖြင့် နံနက်ခင်း ညနေခင်း အချိန်တို့တွင် ဆန်တက်ကြပြီးလျှင် နေ့ခင်း၌မူ ဆိပ်ကမ်းသာသည့်နေရာများကို ရွေးချယ်၍ ချက်ပြုတ်စားသောက်၊ တရေးတမောအိပ်လျက် တစ်နေ့လျှင် ဆယ်မိုင်ခန့် သွားရောက်ကြလေ၏။

ကျွန်ုပ်တို့သည် ထိုထက်ခရီးမရောက်နိုင်ခြင်းအကြောင်းမှာ ထိုအရပ်၌ မြစ်သည် ကျဉ်းမြောင်းလှသဖြင့် ရေစီးအလွန်သန်သည် ဖြစ်သောကြောင့် အချို့နေရာတို့၌ မျောပါ၍မသွားစေရန်ကိုပင် အလွန်တရာ ကြိုးစားလျက် ရှိကြရလေသည်။ ဤသို့ငါးရက်ခန့် မြစ်ကိုဆန်တက်မိကြလျှင် မြစ်ခွဲတစ်ခုသို့ ရောက်ကြလေရာ ကျွန်ုပ်တို့သည် ကြီးသောမြစ်ကြောင်းကို ရွေးချယ်၍ ဆန်တက်ကြပြန်လေ၏။

၎င်းမြစ်ကြောင်းသည်လည်း တစ်နေ့တခြား ကျဉ်းမြောင်း၍လာပြန်ရာ ၎င်းအရပ်၌မူ အမှိုက်သရိုက်မှစ၍ ဒိုက်များထူထပ်လျက်ရှိသည် ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် တက်များဖြင့် လှော်ခတ်၍ မသွားနိုင်ဘဲ ကျွန်ုပ်နှင့် မုဆိုးသည် နှစ်ယောက်တစ်တွဲ တွဲ၍ ပေါစံနှင့် မော်တော်ဘုတ်မောင်းသမား ကုလားကို တစ်တွဲတွဲပြီးလျှင် အလှည့်ကျနွယ်ကြိုးတို့ဖြင့် ကမ်းမှ တဖြည်းဖြည်းလျှောက်၍ လှေကိုဆွဲတင်ကြလေ၏။ ဤသို့နှစ်ယောက်က ဆွဲသည့်အခါ အခြားနှစ်ယောက် မှာ လှေပေါ်၌ အမောဖြေ၍ လိုက်ကြရလေ၏။

Myanmar cupid

မောင်စောနိုင်မှာမူ လှေကိုဆင်း၍ မဆွဲရဘဲ လှေဦးမှထိုင်ပြီးလျှင် ဒိုက်သရောတို့ကို ဖယ်ရှား၍ လိုက်ရလေ၏။ ထိုကဲ့သို့ လှေကို ဆွဲတင်ရသော အလုပ်သည် အလွန်တရာပင်ပန်းသောအလုပ်မျိုးဖြစ်သည့်ပြင် ကမ်းခြေ၌လည်း သစ်ပင် ဝါးပင် စသည်တို့ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသဖြင့် ခြေချရန်ကိုပင် ခဲယဉ်းစွာ ရှာကြံရွေးချယ်လျက် ရှိရသည့်အတွင်း မြစ်ရေသည်လည်း ပြင်းထန်စွာ စီးဆင်းလျက်ရှိသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့မှာ တစ်နေ့လျှင် ငါးမိုင်ခရီးမျှ ရောက်ရန်ကိုပင် လွန်စွာ ကြိုးစားအားထုတ်ကြရကုန်၏။

ဤကဲ့သို့ ပင်ပန်းကြီးစွာ ဆန်တက်ကြ၍ ဆယ်ရက်ခန့် သွားမိကြလျှင် ကျွန်ုပ်တို့သည် လွန်စွာမောပန်းလှသည်ဖြစ်၍ ဆွဲရန် အလှည့်ရောက်သဖြင့် ကြိုးကို ဆွဲရသော်လည်း ခြေကိုမျှ အနိုင်နိုင် သယ်ကြရကုန်၏။

ယင်းကဲ့သို့ နေ့အခါ၌ အပင်ပန်းခံ၍ လုပ်ကိုင်ပြီးနောက် ညဥ့်အခါသို့ ရောက်၍ အိပ်မည်ပြုကြပါသော်လည်း ခြင်တို့သည် ၎င်းအရပ်ဒေသ၌ အလွန် ထူထပ်ပေါများလှသည်ဖြစ်၍ နေဝင်သည်နှင့်တစ်ပြိုင်နက် ရက်ပေါင်းများစွာ အစာမစားသဖြင့် ငတ်မွတ်ခေါင်းပါးလျက်ရှိကြသော ခြင်တို့သည် သစ်ပင်ကြီးငယ်တို့မှစ၍ ချုံကြိုချုံကြားတို့မှ ထွက်လာကြပြီးလျှင် အလွန်ရှည်လျားသော အစွယ်တို့ဖြင့် အရိုးသို့တိုင်အောင် ထိုးဖောက်၍ သွေးသားကို စုပ်ယူကြရာ ကျွန်ုပ်တို့ရောက်ခဲ့ဖူးသော ဆားမလောက်၊ ခတ္တိယစသည့် ခြင်ပေါသောအရပ်ဒေသတို့သည် ထိုအရပ်နှင့် နှိုင်းစာခဲ့လျှင် သာမညအရပ်များမျှသာ ဖြစ်ကြလေကုန်ရာသည်။

ခေါင်းကိုခြောက်လျှင် ခြေကိုကိုက်၊ ခြေကိုခြောက်ပြန်လျှင် ခြောက်သည့်လက်ကိုကိုက်၊ စောင်ခြုံပြန်လျှင်လည်း သာမညစောင်ကို ၎င်းတို့၏ အစွယ်သည် ပမာဏမပြု။ ထူထူခြုံပြန်လျှင်လည်း ညဥ့်ဦးယံ၌အိုက်၊ ခေါင်းမြီးခြုံပြန်လျှင်လည်းမွန်း၊ လူအားလုံးတို့သည် ဖြောင်းဆန်လျက်ရှိနေကြရာ သန်းခေါင်ကျော်သဖြင့် အိပ်ချင်လွန်းအားကြီးသည့် အခါသာလျှင် နေ့ခင်း၌လည်း ပင်ပန်းလွန်းလှသဖြင့် ခြင်ကို သတိမရနိုင်ဘဲ ဇွတ်နှစ်၍ အိပ်ပျော်ကြရလေ၏။

နံနက်လင်း၍ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြလေလျှင် မျက်နှာဖော်၍ အိပ်သောသူမှာလည်း တစ်မျက်နှာလုံး ရဲရဲနီ၍ လူသေကောင်ကဲ့သို့ ရောင်ရမ်းလျက် လက်ဖော်၍ အိပ်သူမှာလည်း တစ်စုံတစ်ခုမျှ မကိုင်တွယ်နိုင်အောင် တစ်လက်လုံး ရောင်ရမ်းလျက် ရှိကြသည်ကို တွေ့မြင်ရပြန်လျှင် ကျွန်ုပ်တို့သည် ဒုက္ခရောက်သည်ကို မေ့လျော့ကြပြီးလျှင် တစ်ဦးကိုတစ်ဦး ကြည့်၍ ရယ်မောမိကြလေ၏။

ဤကဲ့သို့ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းမှစ၍ ဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံကြရလေရာ မောင်စောနိုင်မှာမူ ၎င်းတို့ကို ဒုက္ခဟူ၍ မှတ်ထင်ဟန်လက္ခဏာမရှိဘဲ တောင်မြောက်လေးပါးတို့ကိုသာ ကြည့်ရှု၍ လိုက်လေ၏။

မော်တော်ဘုတ်မောင်းသမားမှာမူ ဤမျှလောက်ဒုက္ခရှာသော လူမျိုးကို ဘယ်သောအခါမျှ မတွေ့စဖူး၊ တွေ့လည်း မတွေ့ကြုံလိုသော မျက်နှာထားဖြင့် မြန်မာလူမျိုးတစ်မျိုးလုံးကို ကျိန်ဆဲ၍ လိုက်လေ၏။

ပေါစံမှာမူ အသက်ဘေးကို ရန်ရှာတတ်သော တောသတ္တဝါတို့ကို တွေ့မြင်ရသည့်အခါ၌ ကြောက်တတ်သောသဘောရှိသည့်အလျောက် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်သော်လည်း ယခုကဲ့သို့သော ဒုက္ခမျိုးကိုမူ စိတ်ညစ်ဖွယ်ကောင်းသည် ဟူ၍မျှ မထင်မှတ်ဘဲ မိမိအလှည့်ကျသဖြင့် လှေဆွဲရသည့်အခါ သီချင်းတအေးအေးနှင့် ပျော်ပျော်ပါးပါး ဆွဲ၍သွားလေ၏။

မုဆိုးမှာမူ ဒုက္ခကြုံသည့်နေ့မှစ၍ စကား များစွာပြောခြင်းမရှိဘဲ အလှည့်အတိုင်း ကြိုးကိုဆွဲပြီးလျှင် ညနေတိုင်ရောက်သည့် အခါတိုင်း သေနတ်ကိုထမ်းလျက် သားကောင်ရှာဖွေရန် ထွက်လေ့ရှိကုန်၏။ ကျွန်ုပ်မှာမူ သေနတ်ပစ်ခတ်လိုသည့်စိတ် ရှိမည်ဝေးစွ၊ အချိန်တန်၍ ဆိပ်ကမ်းသို့ ဆိုက်လျှင်ဆိုက်ချင်း ပက်လက်လှန်၍ မောလျက်ရှိလေ၏။

တစ်နေ့သ၌ ကျွန်ုပ်တို့သည် ရေးကကဲ့သို့ နှစ်ယောက်တွဲ အလှည့်ကျ မြစ်ကို ဆန်တက်လျက်ရှိကြစဉ် ဒိုက် စသော အမှိုက်သရိုက်တို့သည် မြစ်ညာမှ

အမြောက်အမြား ဖောင်ဖွဲ့လျက် မျောလာကြလျှင် ကျွန်ုပ်တို့သည် အထက်သို့ ဆန်တက်နိုင်မည်ဝေးစွ၊ အောက်သို့ မျောပါ၍ မသွားစေရန်ကိုပင် ကြိုးစား အားထုတ်လျက် နွယ်များကို သစ်ပင်ကြီးတစ်ပင်တွင် ချည်နှောင်ထားကြရ လေ၏။

ဤသို့အထက်သို့ ဆန်တက်ရန် မတတ်နိုင်ကြဘဲ ငုင်းစခန်း၌သာလျှင် အစားအစာတို့ကို ချက်ပြုတ် စားသောက်လျက်ရှိနေကြရာ ကျွန်ုပ်လည်း တစ်ယောက်တည်း လှေပေါ်တွင် ပက်လက်လှန်လျက် ‘ငါတို့သည် ဤမျှလောက် ပင်ပန်းခံ၍ လာကြသည်မှာ နောက်ဆုံး၌ မည်သို့ရှိကြမည် မသိ၊ စာတွင်ပါရှိသော အကြောင်းအရာတို့မှာ တကယ် ဖြစ်ပျက်ခဲ့သော အကြောင်း အရာဆိုစေကာမူ ငါတို့သည် တွေ့နိုင်ရန် ခဲယဉ်းလှ၏။ အကယ်၍ တွေ့ခဲ့သည့်တိုင်အောင် ငါတို့၌ ကျေးဇူးမြောက်မြားစွာ ရှိမည်မဟုတ်ဘဲ အထူးအဆန်း တွေ့ကြုံရရုံမျှနှင့် ဤမျှလောက် ဒုက္ခခံရခြင်းသည် မိုက်မဲလေ၏’ ဟု မိမိကိုယ်ကို မိမိအပြစ်တင်လျက် အိပ်မက်မြင်မက်သည်မှာ ကျွန်ုပ်တို့ လူစုသည် ဤကဲ့သို့ ရက်ရှည်လများ သွားရောက်ကြ၍ အစာရိက္ခာတို့မှာလည်း ကုန်ခမ်း၊ ခဲယမ်းမီးကျောက်တို့မှာလည်း တစ်ခုမကျန် ပစ်ခတ်၍ ကုန်လေသဖြင့် အစာငတ်မွတ်သည်နှင့် တစ်ယောက်ပြီးလျှင် တစ်ယောက် သေပျောက်ကြရာ ကျွန်ုပ်တို့၏ ပိန်းကောငယ်သည်လည်း ရေတွင် နစ်မြုပ်လျက် ကျွန်ုပ်တို့၏ အရိုးတို့မှာလည်း လှေအနီးတွင် စုပုံလျက် လှိုင်းပုတ်ခတ်သဖြင့် ထိုမှ ဤမှ လှုပ်ရှားလျက်ရှိစဉ် မော်တော်ဘုတ်မောင်းသမား၏ အရိုးသည် ကျွန်ုပ်၏ အရိုးနှင့် တိုက်မိလျှင် ပြင်းထန်စွာ အမျက်ထွက်သဖြင့် ငေါက်ကနဲ ထထိုင်ပြီးလျှင် ‘အသက်ရှိစဉ်အခါက မိမိအား ဖြားယောင်းသွေးဆောင်၍ ခေါ်ရုံမျှနှင့် အားမရသေးဘဲ အရိုးအဖြစ်သို့ ရောက်သည့်တိုင်အောင်ပင် အငြိမ်မနေရအောင် လိုက်၍နှောင့်ယှက်လေသည်တကား’ ဟု ကျွန်ုပ်အား ကြိမ်းမောင်းရာ အိပ်ရာမှ လန့်နိုး၍ မျက်စိနှစ်လုံးကိုဖွင့်၍ ကြည့်လိုက်လေ၏။ ဤကဲ့သို့ အိပ်ရာမှ လန့်နိုးလျှင် နိုးချင်း အိပ်မက်၏ အကြောင်းကို သတိရ သဖြင့် ကြက်သီးမွေးညင်းထအောင် တုန်လှုပ်လျက်ရှိစဉ် မျက်စိကိုဖွင့်ကြည့်

လိုက်သည့်အခါ၌လည်း စိတ်နှလုံး တုန်လှုပ်ဖွယ်အကြောင်းကို တွေ့မြင်ရပြန်လေ၏။

နေလည်း ဝင်လုဆဲဆဲရှိသဖြင့် ကျွန်ုပ်တို့ စခန်းသည်လည်း တောင်ရိပ်ကမ်းရိပ် ဖုံးအုပ်လျက်ရှိသည်ဖြစ်၍ မှောင်မည့်ဆဲဆဲရှိရာ အရပ်အမောင်းထွားထွားကျိုင်းကျိုင်းရှိလျက် မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတို့ဖြင့် တစ်မျက်နှာလုံး ဖုံးအုပ်လျက်ရှိသော လူတစ်ယောက်သည် လေးဘက်ထောက်လျက် ကျွန်ုပ်နှင့် မျက်နှာချင်း ထိလုမတတ်ရှိသည့်တိုင်အောင် ချဉ်းကပ်ကြည့်ရှုလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်ုပ်သည် များစွာ ထိတ်လန့်တုန်လှုပ်သည်ဖြစ်၍ အိပ်ရာမှ ရုတ်တရက် ထပြီးလျှင် ပေါ်စံနှင့် မောင်စောနိုင်တို့ကို ဟစ်အော်၍ ခေါ်လိုက်ရာ လုံသွားတစ်ချောင်းသည် ကျွန်ုပ်၏ လည်မျိုအနီးသို့ ချဉ်းကပ်၍လာသဖြင့် မအော်ဝံ့ဘဲရှိနေလျှင် ကျွန်ုပ်၏အနီး၌ အိပ်လျက်ရှိသော မောင်စောနိုင်သည် အိပ်ရာမှ လန့်နိုး၍ ကယောင်ကတမ်း ထလေ၏။ ထိုအခါ လုံသွားတို့လည်း မမှောင့်တမှောင်ရှိသည့်အခါ တပြောင်ပြောင်တောက်ပလျက် ကျွန်ုပ်တို့၏ လည်မျိုအနီးသို့ ထိလုမတတ်ရှိအောင် ဝဲလျက်ရှိကြလေသဖြင့် ကျွန်ုပ်တို့လည်း တစ်ယောက်၏ မျက်နှာကို တစ်ယောက်ကြည့်လျက် ကြက်သေ သေ၍ နေကြလေ၏။

ကျွန်ုပ်လည်း အလွန်အမင်း အံ့သြလျက်ရှိရာမှ သတိရသဖြင့် မျက်လုံးများကို ပွတ်၍ ကြည့်လိုက်သည့်အခါ မော်တော်ဘုတ်မောင်းသည့် ကုလားနှင့် ပေါ်စံတို့အနီး၌လည်း ထိုနည်းအတူ လုံထမ်းလျက်ရှိသော သူတို့ဖြင့် စောင့်ကြပ်လျက်ရှိသည်ကို တွေ့မြင်ရ၍ ကျွန်ုပ်သည် မကြိတတ်အောင် ဖြစ်လျက်ရှိစဉ် တစ်ဦးသောလူသည် မာဂဓစကားဖြင့် ...

'ငြိမ်ငြိမ်နေကြနော်၊ မလှုပ်ကြနဲ့' ဟု ပြော၍ လုံသွားကို ကျွန်ုပ်၏လည်မျို၌ ထောက်ပြီးလျှင် ...

'ငါတို့နယ်အတွင်းသို့ ကျူးလွန်၍လာသော သင်တို့သည် အဘယ်သူများနည်း' ဟု မေးလေ၏။

ထိုအခါ ကျွန်ုပ်က 'ကျွန်ုပ်တို့သည် ခရီးသည်များ ဖြစ်ကြကြောင်း၊ မျက်စိလည်သဖြင့် ကံအားလျော်စွာ ထိုနေရာသို့ ရောက်လာကြကြောင်း' ကို မာဂဓဘာသာဖြင့် ပြန်ပြောလေလျှင် ထိုသူတို့သည် နားလည်ဟန်လက္ခဏာနှင့် ၎င်းတို့အထဲတွင် အကြီးအမှူးနှင့် သဏ္ဍာန်တူသော အဘိုးကြီးတစ်ယောက်အား လှည့်၍ ...

'ဘယ့်နှယ်လဲ အဖေ၊ ကျွန်တော်တို့ သတ်လိုက်ရမလား' ဟု မေးလေ၏။ ထိုသူက ...

'မသတ်နဲ့၊ နေလေးကြိမ်မထွက်မီအခါက ဘုရင်မက ငါ့အား ပြောဖူးသည်၊ ဤအရပ်သို့ လူမျိုးကွဲများ လာရောက်လိမ့်မည်၊ လာရောက်လျှင် မသတ်နှင့်ဟု မှာကြားဖူးသည်၊ သို့ဖြစ်၍ ဘုရင်မရှိရာသို့ ယူဆောင်သွားကြရမည်၊ သူတို့၏ ပစ္စည်းများကိုလည်း မမေ့မလျော့ကြစေနှင့်' ဟု မာဂဓဘာသာဖြင့် အမိန့်ပေးလျက်ရှိလေ၏။

ထိုအခါ ကျွန်ုပ်အနီး၌ရှိသောသူသည် ကျွန်ုပ်ကိုဆွဲခေါ်၍ လှေပေါ်မှ ချလေလျှင် အခြားသူတို့မှာလည်း ထိုကဲ့သို့ အသီးသီး တစ်ယောက်စီ စောင့်ထိန်းလျက်ရှိ၏။ လမ်းပေါ်သို့ ရောက်လေလျှင် မှောင်လည်း မှောင်မိုက်လျက်ရှိရာ ငါးဆယ်ကျော်ခန့်မျှရှိသော သူတို့သည် ထွားကျိုင်းကြံ့ခိုင်၍ သန်မာစွာရှိကြသည်ကို မှောင်ရိပ်တွင် မြင်ရလျှင် လွန်စွာ ကြောက်ဖွယ်ကောင်းလှပေ၏။ ၎င်းတို့မှာ အဝတ်အစားများကို ဝတ်လျက်မရှိဘဲ ခါး၌ တောသတ္တဝါတို့၏ သားရေအမျိုးမျိုးကိုသာလျှင် ရစ်ပတ်လျက်ရှိကြကုန်၏။

၎င်းနောက် ပေါ်စံနှင့် မောင်စောနိုင်တို့ကိုလည်း ကျွန်ုပ်ရှိရာသို့ ခေါ်လာသဖြင့် ပေါ်စံက ...

'ဘယ့်နှယ်လဲဆရာ၊ သည်တစ်ခါဖြင့် ကျွန်တော်တို့ ကိစ္စတုံးပြီထင်တယ်' ဟု ပြောလျက်ရှိစဉ် မော်တော်ဘုတ်မောင်းသမားကုလားသည်

ကျွန်ုပ်တို့ရှိရာသို့ ပျာယီးပျာယာ ပြေး၍လာလျှင် လူတစ်ယောက်သည် ၎င်း၏ နောက်မှ လှံကိုထမ်းလျက် ထက်ကြပ်မကွာလိုက်၍ လာလေ၏။ မော်တော် ဘုတ်မောင်းသမားလည်း မိမိအား လူမကယ်နိုင်ကြောင်းကို သိသဖြင့် ...

'ဘုရား ကယ်ပါ၊ ဘုရား ကယ်ပါ' ဟု ဟစ်အော်လျက်ရှိလျှင် လှံထမ်းလျက်ရှိသောလူလည်း အကြီးအမှူးလုပ်သူအား ခေါ်၍ ...

'အဖေ၊ သည်အကောင်က လူတစ်မျိုးပဲ၊ သူ့ကို ဘယ့်နှယ်လုပ်ရမယ်လို့ ဘုရင်မက မှာလိုက်သလဲ၊ သတ်ရမယ်ဟုတ်လား' ဟု မေး၍ ရင်ဝကို လှံဖြင့်ရွယ်လျက်ရှိလျှင် အကြီးအမှူးလုပ်သူက ...

'သူ့အကြောင်းကို ဘာမှ မမှာလိုက်ဘူး၊ သို့သော် သူ့ကိုလဲ ခေါ်သာခေါ်ခဲ့ပါ ငါ့သားရယ်၊ မသတ်ပါနဲ့' ဟု ပြောလျှင် ထိုသူသည်လှံကို အနိုင်နိုင်ချ၍ လူသတ်လိုသောမျက်နှာထားနှင့် ကုလားကိုကြည့်လျက်နေလေ၏။ ထိုအခါ လူကြီးလုပ်သူလည်း ထိုသူ၏အနီးသို့ ချဉ်းကပ်၍ နားအနီးသို့ တိုးတိုးပြောလိုက်ရာ ထိုသူသည် ကုလားကိုကြည့်လျက် ကြက်သီးမွေးညင်း ထဖွယ်ကောင်းသော အသံတို့ဖြင့် ပြင်းပြစွာ ရယ်မောလေ၏။

ကျွန်ုပ်လည်း မုဆိုးကို မမြင်သဖြင့် ပေါ်စံအားမေးရာ မုဆိုးမှာ သေနတ်ကိုထမ်းလျက် သားငါးရှာဖွေရန် ထွက်သွားရာမှ ပြန်၍မလာ မရောက်သေးကြောင်းကို ကြားသိရလေ၏။

အကြီးအမှူးလုပ်သူလည်း ငယ်သားကိုခေါ်၍ ...

'သုံးယောက်လုံး ဖမ်းပြီးပြီလား' ဟု မေး၏။ ပြီးကြောင်းပြောလျှင် ...

'ကဲ သူတို့အဖို့ ပြင်ထားတဲ့ဟာများ ယူခဲ့၊ ပစ္စည်းတွေကိုတော့ မင်းတို့ ကြည့်ရှုပြီးယူခဲ့ပေတော့' ဟု ပြောသဖြင့် ကျွန်ုပ်တို့သည် အသက်ကိုမျှ မရှူရှိုက်ဝံ့ဘဲ စောင့်ဆိုင်းလျက်ရှိရာ ထမ်းစင်တစ်ခုကို လူလေးယောက် ထမ်းလျက် ထမ်းစင်လေးခုကို ယူလာကြ၏။ အကြီးအမှူးလုပ်သူလည်း ကျွန်ုပ်တို့သုံးယောက်အား ထမ်းစင်တစ်ခုစီ လက်ညှိုးညွှန်ပြ၍ ထမ်းစင်တစ်ခု ပေါ်သို့ တက်သွားရာ ကျွန်ုပ်တို့လည်း ထမ်းစင်ထဲသို့ အသီးသီး ဝင်မိကြလျှင်

လူရိုင်းတို့သည် ထမ်းစင်များကို လေးယောက်စီထမ်းလျက် အနောက်စူးစူးသို့ ထွက်သွားကြလေ၏။

ဤသို့သွားစဉ် ထမ်းစင်သမားတို့သည် သီချင်းများကို သီဆိုလျက် သွားကြလေရာ ၎င်းတို့၏ သီးချင်းသံမှာ ညည်းညူဘိသကဲ့သို့ရှိ၍ များစွာ မသာယာလှသော်လည်း ကျွန်ုပ်သည် ညောင်းညာလျက်ရှိသည့်ပြင် ထမ်းစင် စီးရသည်မှာ အလွန်ပင် ငြိမ့်လေသဖြင့် အိပ်ပျော်၍သွားလေ၏။

ကျွန်ုပ်သည် လှေပေါ်၌ လိုက်ခဲ့ရသည့်အခါ အလွန်တရာ ပင်ပန်း လှသည့်ပြင် ညဥ့်အချိန်၌လည်း ကောင်းစွာ မအိပ်ကြရသဖြင့် ကျွန်ုပ်သည် ထမ်းစင်ပေါ်၌ အလွန်တရာ အိပ်၍ကောင်းလေရာ အိပ်ရာမှနိုး၍ မျက်စိဖွင့် လိုက်သည့်အခါ နေမင်းသည် အထက်ကောင်းကင်၌ ကြည်လင်စွာ ထွက်ပေါ် လျက်ရှိသည်ကို မြင်သဖြင့် နာရီကိုကြည့်လိုက်သည်တွင် ရှစ်နာရီထိုးလျက် ရှိသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်လည်း အိပ်ရေးဝသဖြင့် တောင် မြောက်လေးပါး စသည်တို့ကို ကြည့်ရှုလိုက်လေလျှင် ပတ်ဝန်းကျင်အရပ် စသည်တို့သည် ရွံ့နွံအတိပြီးလျက် ရှိသည်ကို တွေ့မြင်ရသဖြင့် ကိုစောနန်းပြောခဲ့သော အရပ်သည် ထိုအရပ်ပင် ဖြစ်လေသလောဟု တွေးတောလျက်ရှိစဉ် ကျွန်ုပ်တို့နှင့် ဆယ်မိုင်ခရီးခန့် ကွာဝေးသောအရပ်၌ ဘီလူးဦးခေါင်းနှင့်တူသော တောင်ကြီးတစ်လုံးကို တွေ့မြင် ရလေ၏။

၎င်းတောင်ကြီးကိုမြင်လျှင် ထိုတောင်သည် ကိုစောနန်း ရေးသား၍ ထားခဲ့သော တောင်ကြီးပင် ဖြစ်မည်ဟုစိတ်တွင် အောက်မေ့သဖြင့် မောင်စောနိုင်ကို လှမ်း၍ ကြည့်လိုက်ရာ မောင်စောနိုင်မှာလည်း ကျွန်ုပ်ကဲ့သို့ပင် တွေးလျက်ရှိသည့် လက္ခဏာနှင့် တောင်ကြီးကိုပင်စိုက်၍ ကြည့်နေသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်လည်း တောင်ကြီးကိုကြည့်၍ စဉ်းစားရာမှ ထမ်းစင်ကို ထမ်းလျက်ရှိသော သူတို့ကို ကြည့်လိုက်ပြန်လျှင် ထိုသူတို့မှာ အလွန်ပင်

အားအင်သန်စွမ်းသောသူများ ဖြစ်ကြသည့်အလျောက် တစ်ညလုံး မနားမနေ ထမ်းလျက်ရှိကြသော်လည်း ပင်ပန်းနွမ်းနယ်ဟန် လက္ခဏာမရှိဘဲ သီချင်းများကို ခပ်တိုးတိုး ဆိုမြည်လျက် လိုက်ကြလေ၏။

ကျွန်ုပ်လည်း မည်သည့်အရပ်သို့သွားမည်၊ မည်သို့ပြုမည်ကို သိလိုလှသဖြင့် တစ်ဦးသော အထမ်းသမားအား မေးမြန်းမည်ပြုရာ ထိုသူသည် အလွန်ခက်ထန်သော မျက်နှာထားဖြင့် ကျွန်ုပ်ကို လှည့်၍ ကြည့်လိုက်သည် ဖြစ်သောကြောင့် နောက်ထပ်၍ မမေးဝံ့ဘဲ ဆိတ်ဆိတ်သာလျှင် နေရလေ၏။

ထိုသူတို့မှာ စင်စစ်အားဖြင့် အရုပ်ဆိုးသောသူများ မဟုတ်ကြသော်လည်း ၎င်းတို့၏ မျက်နှာထားမှာ အလွန်တရာ ရက်စက်ကြမ်းကြုတ်ဟန် လက္ခဏာရှိသည့်ပြင် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုခြင်း အလျဉ်းမရှိဘဲ ဆိတ်ငြိမ်စွာသာလျှင် သွားကြလေ၏။

ဤသို့ ခရီးသွားစဉ် ကျွန်ုပ်သည် သူတို့၏ မျက်နှာကို အကဲခတ်လျက်ရှိရာ တစ်စုံတစ်ယောက်သောသူသည် တစ်ကြိမ်တစ်ခါမျှ ရယ်မောမည်ကို ဝေးစွ၊ ပြုံးရုံမျှ ပြုံးဖူးသည်ကို မတွေ့မမြင်ရချေ။ ပြုံးရယ်ခြင်းသည် လူ၏ဂုဏ်သရေကို ယုတ်ညံ့စေသည်ဟု သဘောထားဘိသကဲ့သို့ မျက်နှာထား တင်းနိုင်သမျှ တင်းအောင် ထားကြသည်ကိုသာ တွေ့မြင်ရလေ၏။

ထိုသူတို့သည် ရွံ့နွံတို့တွင် တစ်နာရီလျှင် သုံးမိုင်မျှ ပေါက်ရောက်အောင် သွားလျက်ရှိကြရာ ကျွန်ုပ်လည်း ထမ်းစင်ပေါ်မှ မိမိ၏ အဖြစ်အပျက်ကို ပြန်လှန် စဉ်းစားလျက်ရှိလေ၏။ ကျွန်ုပ်တို့သည် အကယ်၍ ထိုသူတို့၏ လက်တွင်းမှ မသေမပျောက် ပြန်ရောက်ခဲ့ပါလျှင် ကျွန်ုပ်တို့ မြန်မာပြည်နှင့် နီးစပ်လျက်ရှိသော အရပ်တွင် မာဂဓဘာသာစကားကို ပြောဆိုနားလည်သော လူရိုင်းတို့ နေထိုင်ကြသည့် အကြောင်းများနှင့် ကျွန်ုပ်တို့ တွေ့ကြုံခဲ့ရသော အဖြစ်အပျက် အကြောင်းအရာတို့ကို သူတစ်ပါးအား ပြောကြားရပါသော် ယုံတမ်းစကားမျှသာဖြစ်သည်ဟု တွေးထင်ကြမည့်အကြောင်းကို စဉ်းစားစိတ်ကူးလျက် လိုက်ခဲ့လေ၏။

ဤသို့ အစဉ်သဖြင့်သွားကြ၍ ဆယ့်တစ်နာရီခန့် ရှိလတ်သော် ကျွန်ုပ်တို့သည် ဘီလူးဦးခေါင်းနှင့် သဏ္ဌာန်တူသော တောင်ကြီးသို့ ချဉ်းကပ်ကြလေရာ လူကြီးလုပ်သူ အဘိုးအိုကြီးသည် မိမိ၏ တပည့်များအား စခန်းချရန် ပြောပြီးလျှင် စားဖွယ်သောက်ဖွယ်တို့ကို ပြင်ဆင်စေ၏။ ကျွန်ုပ်တို့လည်း ထမ်းစင်မှ ဆင်းသက်၍ တောင်ခြေရင်းတွင် ထိုင်လျက်ရှိကြစဉ် မောင်စောနိုင်သည် ကျွန်ုပ်အား တောင်ကြီးကို လက်ညှိုးညွှန်ပြ၍ ...

'ဘယ့်နှယ်လဲ ဦးလေး' ဟု မေးလေ၏။ ထိုအခါ ကျွန်ုပ်လည်း မောင်စောနိုင် လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်ရာ ကျွန်ုပ်သည် ဘာကိုမျှ ရုတ်တရက် ပြန်၍ မပြောနိုင်ဘဲ အံ့အားသင့်လျက် ရှိလေ၏။

ဤကဲ့သို့ အံ့အားသင့်ရခြင်းအကြောင်းမှာ ကျွန်ုပ်တို့သည် ဘီလူးဦးခေါင်းနှင့်တူသော တောင်ကြီးကို အဝေးက မြင်မိသဖြင့် ဘီလူးဦးခေါင်းနှင့် သဏ္ဌာန်တူကြောင်းကို သိပြီးဖြစ်သော်လည်း အနီးသို့ ချဉ်းကပ်၍ ကြည့်ရှုရသည့်အခါ ထိုတောင်ကြီးမှာ မန္တလေးတောင်၏ ပမာဏရှိသော်လည်း ဘီလူး၏ ဦးခေါင်းကဲ့သို့ နားရွက်၊ နှာခေါင်း၊ ပါးစပ်၊ မျက်လုံး စသည်တို့သည် ပီသ သေချာစွာပါရှိသည့်ပြင် အချိုးအစားမှာလည်း လူတို့ထုလုပ်၍ ထားဘိသကဲ့သို့ အလွန်တရာ ညီညွတ်ခြင်းရှိသည်ကို တွေ့မြင်ရသဖြင့် ဤမျှလောက်ကြီးမားသောတောင်ကြီးကို လူတို့၏ လက်ဖြင့် တမင်ထုလုပ်၍ ထားလေသလော၊ သို့တည်းမဟုတ် ပကတိ အလိုအလျောက် အကြောင်းအားလျော်စွာ ဖြစ်၍ နေသလော၊ အကယ်၍ လူတို့ လုပ်ကိုင်ထုလုပ်၍ ထားသည်ဖြစ်ခဲ့ပါလျှင် ဤမျှလောက်ကြီးမားသော တောင်ကြီးကို ဘီလူးဦးခေါင်းနှင့် တူအောင် ထုလုပ်ရမည်မှာ အလွန်တရာပင် ခဲယဉ်းခြင်းရှိသည့်ပြင် အကျိုးကျေးဇူးလည်း ရှိမည်မဟုတ်သောကြောင့် လူတို့ လုပ်ကိုင်၍ထားခဲ့သည် မဟုတ်တန်ရာ။ အကယ်၍ ပကတိအတိုင်း ဖြစ်ပေါ်လျက်ရှိခဲ့ပါလျှင်လည်း ဤကဲ့သို့ သေသေချာချာ ဘီလူးဦးခေါင်းနှင့် တူနိုင်မည် မဟုတ်တန်ရာ စသည်ဖြင့် စဉ်းစားမိသောကြောင့် မဝေခွဲနိုင်အောင်ရှိလေ၏။

မောင်စောနိုင်လည်း ကျွန်ုပ်ကဲ့သို့ပင် အံ့ဩသောမျက်နှာထားဖြင့် ...

'ကျွန်တော်ဖြင့် ကျွန်တော့်အဖေ ရေးခဲ့တဲ့အတိုင်း အမှန်ပဲလို့ ကောင်းကောင်း သဘောကျမိပြီ၊ ဦးလေးကော ဘယ့်နှယ်သဘောရသလဲ' ဟု မေးလျှင် ကျွန်ုပ်မှာ လာပင်လာရသော်လည်း မယုံတစ်ဝက် ယုံတစ်ဝက်နှင့် လာခဲ့ရာ ယခုမှာမူ မာဂဓဘာသာစကားကို ပြောဆိုသော သူတို့နှင့် တွေ့ရသည်လည်းတစ်ရပ်၊ လာခဲ့သည့် ခရီးစဉ်မှာလဲ အညွှန်းအတိုင်း ကိုက်၍ နေသည်လည်းတစ်ရပ်၊ ထိုအရပ်ရပ်သောအကြောင်းတို့ကို တွေးဆဆင်ခြင်မိသဖြင့် ဟုတ်တန်ရာ၏ဟု အောက်မေ့မိသော်လည်း မောင်စောနိုင်ကိုမူ ဖွင့်၍ ဝန်မခံလိုသေးသောကြောင့် ဆိတ်ဆိတ်နေလေ၏။

ကျွန်ုပ်နှင့် မောင်စောနိုင်၊ ပေါစံတို့သည် ဤသို့ တောင်ခြေရင်းတွင် ထိုင်လျက်ရှိကြစဉ် မော်တော်ဘုတ်မောင်းသမားမှာမူ ထမ်းစင်ဖြင့် မလာရဘဲ ခြေလျင်သာလျှင် လျှောက်လာရသည်ဖြစ်သောကြောင့် အလွန်မောပမ်းရှာသဖြင့် မြေပေါ်တွင် အိပ်မောကျလျက်ရှိ၏။ မော်တော်ဘုတ်မောင်းသမားကုလား ထမ်းစင်မရခြင်းအကြောင်းမှာ ကျွန်ုပ်တို့သည် မော်တော်ဘုတ်မောင်းသမား ကုလားနှင့် အဝတ်အစား ကွဲလွဲလျက်ရှိသဖြင့် ထိုသူမှာ ကျွန်ုပ်တို့၏ ကျေးကျွန်အစေခံမျှသာဖြစ်သည်ဟု လူရိုင်းတို့၏ စိတ်၌ ထင်မြင်ဟန် လက္ခဏာ ရှိသောကြောင့် ၎င်းကိုကား အရေးတယူမပြုဘဲ သူတို့နှင့်အတူ ခြေလျင်သာလျှင် လိုက်စေခြင်းဖြစ်လေသည်။

ကျွန်ုပ်တို့သည် ထိုကဲ့သို့ တောင်ကြီးကို ကြည့်ရှုအံ့သြလျက်ရှိကြစဉ် အကြီးအမှူးလုပ်သူ အဘိုးကြီးသည် ကျွန်ုပ်တို့ရှိရာသို့လာ၍ ကျွန်ုပ်အား စေ့စေ့ကြည့်လျက်ရှိရာ ထိုလူကြီးမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိ၍ အရပ် အမောင်းမှာလည်း ထွားထွားကျိုင်းကျိုင်းရှိလျက် ဆွတ်ဆွတ်ဖြူသော မုတ်ဆိတ် တို့သည်လည်း ရင်ဘတ်သို့ ဝဲလျက်ရှိသည့်တိုင်အောင် ပေါက်ရောက်လျက် ရှိလေ၏။

၎င်း၏ ငယ်သားတို့မှာမူ သားရေတို့ဖြင့်သာလျှင် ရစ်ပတ်လျက်ရှိရာ ထိုလူကြီးမှာ ဝါကြန့်ကြန့်ရှိသော အဝတ်တစ်မျိုးဖြင့် ကိုယ်အင်္ကျီအထက်ပိုင်း၌ ဝတ်ရုံလျက်ရှိကုန်၏။ စင်စစ်အားဖြင့် ၎င်းအဘိုးကြီး၏ရုပ်ဆင်းသဏ္ဍာန်မှာ

မွန်ရည်သန့်ရှင်းလျက် အဆစ်အမြစ်ကျနေ ပြေပြစ်ခြင်းရှိသော်လည်း ၎င်း၏ မျက်နှာထားမှာမူ အလွန်တရာကွ္ကန္ဒြေကြီးသဖြင့် ရက်စက်ကြမ်းကြုတ်သော အမူအရာလည်း ရှိလေ၏။

အဘိုးကြီးလည်း ကျွန်ုပ်တို့အား အတန်ငယ်စိုက်ကြည့်ပြီးနောက် မုတ်ဆိတ်မွေးကို လက်တစ်ဖက်ဖြင့်သပ်လျက် ...

'ဧည့်သည် မောင်တို့၊ ဆာလောင်မွတ်သိပ်ကြပါသလော' ဟု မေးရာ ကျွန်ုပ်တို့လည်း အစာနှင့် မတွေ့ရသည်မှာ အတန်ကြာလေပြီဖြစ်၍ ...

'ဆာပါသည် ဖခင်' ဟု ပြန်ပြောလျှင် ထိုလူကြီးသည် မိမိအား 'ဖခင်' ဟုခေါ်သည်ကို သဘောကျဟန်လက္ခဏာဖြင့် ...

'အမောင်တို့ အဘယ်အရပ်မှ လာကြပါသနည်း၊ အမောင်တို့ အရပ်၌လည်း အပြောအဆို ယဉ်ယဉ်ကျေးကျေးပြောဆိုဟန် လက္ခဏာရှိသည်၊ ငါ့သားများသည် နေရင်းအရပ်၌ မနေလိုဘဲ သူတစ်ပါးအရပ်သို့ ထူးချွန်၍ လာခဲ့ကြသည်မှာ လူ့ပြည်၌ငြီးငွေ့ဟန်ရှိသည်' ဟု ပြောလျှင် ကျွန်ုပ်က ...

'ဖခင်၏ သားများသည် လူ့ပြည်၌ နေရသည်မှာ ငြီးငွေ့၍ မဟုတ်ပါ၊ ထူးထူးဆန်းဆန်း မြင်လိုသဖြင့် လာရောက်ရှာဖွေကြပါသည်' ဟု ပြန်ပြောလေ၏။

ထိုအခါ အဘိုးကြီးသည် မသိမသာပြုံးရယ်လျက် ...

'အမောင်တို့သည် ဘုရင်မထံသို့ ရောက်သည့်အခါ မျက်စိဖြင့် မမြင်ဝံ့အောင် ထူးဆန်းခြင်း၊ နားဖြင့် မကြားဝံ့အောင် ထူးဆန်းခြင်း စသည်တို့ကို မြင်ရကြားရပါလိမ့်မည်' ဟု ပြောလျှင် ကျွန်ုပ်သည် အလွန်တရာ သိလိုလှသည်ဖြစ်၍ ...

'ဘုရင်မဆိုသည်မှာ အဘယ်သူဖြစ်ပါသနည်း' ဟု မေးလေ၏။ ထိုအခါ အဘိုးကြီးက ...

'ငါ့သားမေးသည်ကို ဖခင် ယခုမပြောနိုင်၊ အကယ်၍ ဘုရင်မသည် သင်တို့အား အရှင်လတ်လတ် တွေ့မြင်လိုခဲ့လျှင် သင်တို့ကိုယ်တိုင်ဘုရင်မကို မြင်ကြရလတ္တံ့' ဟု ပြောလျှင် ကျွန်ုပ်သည် ...

'အရှင်လတ်လတ်' ဆိုသည့် စကားအဓိပ္ပာယ်မှာ မည်သို့ပါနည်းဟု မေးပြန်လျှင် အဘိုးကြီးလည်း ငယ်သားတစ်ယောက်နှင့် မျက်နှာချင်းဆိုင်လျက် ကြောက်မက်ဖွယ် ဟစ်အော်ရယ်မောလေ၏။

ပေါစံလည်း ကျွန်ုပ်တို့ပြောဆိုသည့် စကားအဓိပ္ပာယ်ကို နားမလည်သော်လည်း အဘိုးကြီး၏ ရယ်မောပုံကို မနှစ်သက်သဖြင့် မောင်စောနိုင်ကို လက်ကုပ်၍ စကားတီးတိုးမေးမြန်းလျက်ရှိရာ ကျွန်ုပ်လည်း အဘိုးကြီးအား ဆက်လက်၍ ...

'ဖခင်၊ ဖခင်တို့ လူမျိုးအမည်မှာ မည်သို့ခေါ်ပါသနည်း' ဟု မေးလျှင် အဘိုးကြီးက ...

'ဖခင်တို့လူမျိုးမှာ သက္ကရလူမျိုး၊ သို့မဟုတ် ကျောက်လူမျိုးခေါ်သည်' ဟု ပြန်ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ...

'ဖခင်၏ အမည်ကို မည်သို့ခေါ်ပါသနည်း' ဟု မေးပြန်လျှင် ...

'ဖခင်၏ အမည်မှာ ဇနေတ္တိဟု ခေါ်ကြသည်' ဟု ပြန်ပြောလေ၏။

၎င်းနောက် ကျွန်ုပ်က ကျွန်ုပ်တို့သွားရမည့် အရပ်ကို မေးမြန်းပြန်သည့်အခါ ...

'ရောက်တော့သိလိမ့်မည်' ဟု ပြန်ပြောပြီးလျှင် အဘိုးကြီးသည် ငယ်သားများရှိရာသို့ သွား၍ စားဖွယ်သောက်ဖွယ်တို့ကို ပြင်ဆင်လေ၏။

ကျွန်ုပ်တို့လည်း လူရိုင်းတို့ကျွေးမွေးသော သစ်သီး၊ သစ်ဥ၊ ပြောင်းဖူး၊ အမဲခြောက် စသည်တို့ကို ဆာလောင်မွတ်သိပ်ကြသည့်အလျောက် မြိန်ရှက်စွာ စားသောက်ကြပြီးလျှင် လှံရိုးများကိုဖက်လျက် အိပ်ပျော်ကြကုန်၏။ အဘိုးကြီးမှာမူ မနီးမဝေး၌ထိုင်လျက် ကျွန်ုပ်တို့ကို စောင့်ကြပ်ကြည့်ရှုနေလေ၏။

သုံးနာရီခန့်ရှိသဖြင့် နေချိုလတ်သော် အဘိုးကြီးသည် မိမိ၏တပည့်ငယ်သား အိပ်ရာမှနိုး၍ ခရီးသွားရန် ပြင်ဆင်စေပြီးလျှင် ကျွန်ုပ်တို့လည်း အနောက် အရပ်သို့ ထမ်းစင်များဖြင့် ဆက်လက်၍ သွားကြပြန်လေ၏။

ထိုအရပ်တို့၌မူ ရွှံ့နွံတို့သည် ကွယ်ပျောက်၍ တောင်တို့သည် တစ်လုံးပြီးတစ်လုံး ဆက်လက်သွယ်တန်းလျက်ရှိကြရာ ကျွန်ုပ်တို့ သွားရသော လမ်းမှာ တောင်ကြီးနှစ်လုံးတို့၏ စပ်ကြားတွင်ရှိလျက် ခြောက်ပေ၊ ခုနစ်ပေ ခန့်မျှသာ အကျယ်ရှိကုန်၏။ နံဘေးတစ်ဖက်တစ်ချက်၌လည်း တောင်တို့သည် ကောင်းကင်သို့ ထိလုမတတ် မြင့်မားလျက်ရှိကြလေရာ ကျွန်ုပ်တို့သည် အထက် ကောင်းကင်သို့ မော်ကြည့်လိုက်သည့်အခါ လမ်းသည် ကျဉ်းမြောင်းလှသည် ဖြစ်၍ တောင်နှစ်လုံးတို့သည် ထိလုမတတ်ရှိကြရကား မိုးကောင်းကင်သည် ချည်မျှင်ကဲ့သို့ရှိသော မျဉ်းကြောင်းငယ်ကဲ့သို့သာလျှင် တွေ့မြင်ကြရကုန်၏။

နေ၏အလင်းသည်လည်း ထိုတောင်ကြားလမ်းသို့ အနည်းငယ်မျှ သာလျှင် ကျရောက်နိုင်သည်ဖြစ်ရာ နေမဝင်မီပင် လမ်းကိုမျှ ကောင်းစွာ မမြင်နိုင်လောက်အောင် မှောင်မိုက်လျက်ရှိသည်ဖြစ်သောကြောင့် အဘိုးကြီး သည် လူရိုင်းများအား ရပ်တန့်ရန် အချက်ပေးလိုက်လေ၏။

ကျွန်ုပ်တို့သုံးဦးလည်း ထမ်းစင်ပေါ်မှဆင်း၍ မီးပုံတစ်ခုအနီးတွင် ထိုင်လျက်ရှိကြရာ လူရိုင်းတို့လည်း အခြားမီးပုံတစ်ခုအနီးတွင် ထိုင်၏။ အချို့ကား ထိုင်ရင်းငိုက်လျက် အချို့ကား မီးပုံထဲသို့ ထင်းတုံးကြီးများကို ထည့်လျက်ရှိနေကြသည်ကို ကျွန်ုပ်တို့မြင်ရလျှင် တောင်ကြားလမ်းသည် အလွန် တရာကျဉ်းမြောင်းသည့်ပြင် လူရိုင်းတို့၏ ထွားကျိုင်းသန်စွမ်းသော ကိုယ်လုံး ကိုယ်ပေါက်တို့နှင့် ရက်စက်ကြမ်းကြုတ်စွာသော မျက်နှာထားတို့ကို မီးရောင် တွင် မြင်ရပြန်သည့်အခါ ကျွန်ုပ်တို့မှာ လွန်မင်းစွာ တုန်လှုပ်ကြောက်ရွံ့လျက် ရှိကြကုန်၏။

မောင်စောနိုင်မှာမူ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အကျပ်အတည်း တွေ့ကြုံရသည့်အခါ ဝမ်းတွင်း၌ စိတ်ညစ်ညျုးခြင်းရှိသော်လည်း မျက်နှာထား

မှာမူ ပျော်ရွှင်ဘိသကဲ့သို့ ထားတတ်သည်ဖြစ်သောကြောင့် များစွာတုန်လှုပ်ဟန်လက္ခဏာမရှိဘဲ ဆေးလိပ်တစ်လိပ်ကို မီးညှိပြီးလျှင် ...

'ဘယ့်နှယ်လဲ ဦးလေး' ဟု မေးလိုက်ရာ တောင်ကြားလမ်းဖြစ်သဖြင့် ပဲ့တင်သံတို့သည် ကြိမ်ဖန်များစွာ ရိုက်ခတ်သည်ဖြစ်သောကြောင့် သရဲသဘက်တို့သည် မောင်စောနိုင်ပြောသည်ကို လိုက်၍ပြောင်လှောင်ဘိသကဲ့သို့ ...

'ဘယ့်နှယ်လဲဦးလေး၊ ဦးလေး၊ ဦးလေး၊ လေး လေး လေး လေး လေး' စသည်ဖြင့် တောင်ကြားတဝန်းလုံး ဆူညံအောင် ဟိန်းဟောက်လျက် ရှိကုန်၏။

ပေါစံလည်း ပဲ့တင်သံတို့ကို ကြားရလျှင် အလွန်တရာ ကြောက်ရွံ့လှသဖြင့် ကျွန်ုပ်အား ဖက်ပြီးလျှင် ...

'အောင်မယ်လေး ကယ်ပါဦး ဆရာရဲ့' ဟု အော်လိုက်ရာ ပဲ့တင်သံသည်လည်း ...

'အောင်မယ်လေး ကယ်ပါဦး ဆရာရဲ့၊ ကယ်ပါဦး ဆရာရဲ့၊ ရဲ့ ရဲ့ ရဲ့ ရဲ့' ဟု အလွန်နက်ကျယ် ကြောက်မက်ဖွယ်သောအသံတို့ဖြင့် သရဲပေါင်းတစ်ထောင်တို့သည် အော်မြည်ငိုကြွေးဘိသကဲ့သို့ ရှိနေလျှင် မောင်စောနိုင်က ...

'လွှန်လွှန်းလှချေကလား ဦးလေးရယ်၊ ရယ် ရယ် ရယ်' ဟု ကျွန်ုပ်ကို အထပ်ထပ်ခေါ်ဘိသကဲ့သို့ အသံတို့ကို ကြားရပြန်လေ၏။

ကျွန်ုပ်တို့သည် ပဲ့တင်သံများကို ကြားဖူးသော်လည်း ဤမျှလောက်နက်ကျယ်၍ အထပ်ထပ်ရိုက်ဟိန်းသော ပဲ့တင်သံမျိုးကို တစ်ကြိမ်တစ်ခါမျှ မကြားဖူးလေသောကြောင့် တစ်ယောက်၏မျက်နှာကို တစ်ယောက်ငေးလျက်ကြည့်နေလျှင် အကြီးအမှူးလုပ်သူလူကြီးသည် ကျွန်ုပ်ထံသို့လာရောက်၍ စကားမပြောကြနှင့်ဟူသော ဟန်နှင့် ပါးစပ်ကို လက်ဖြင့်ပိတ်၍ ပြပြီးလျှင် ...

'မကောင်းဆိုးဝါးတောင်' ဟု ပြောရာ ပဲ့တင်သံလည်း ...

'မကောင်းဆိုးဝါးတောင်၊ ဆိုးဝါးတောင်၊ ဆိုးဝါးတောင်၊ တောင် တောင် တောင်' ဟု အော်မြည်ကြပြန်လေ၏။

ပေါ်စံလည်း အလွန်တရာ ကြောက်ရွံ့လှသဖြင့် ချွေးဒီးဒီးကျလျက်ရှိရာ ကျွန်ုပ်သည် ၎င်းကို ကြောက်ရွံ့ဖွယ်မရှိကြောင်းကို ပြောဆိုလိုပါသော်လည်း စကားဖြင့်ပြောလျှင် ပဲ့တင်သံရိုက်ဦးမည်ဖြစ်၏။ ပေါ်စံမှာ အကြောက်မပြေသည့်ပြင် ထပ်၍ခြောက်ဘိသကဲ့သို့ပင် ရှိမည်ကိုသိသဖြင့် စကားဖြင့်မပြောဝံ့ဘဲ ခြေပြလက်ပြဖြင့်သာလျှင် အားပေးရလေ၏။

ထိုညဥ့်၌ ကျွန်ုပ်တို့သည် ကောင်းစွာအိပ်၍ မပျော်နိုင်ဘဲ မီးပုံအနီးတွင် လှဲလျောင်းလျက်ရှိနေကြစဉ် ဆင်ခြင်စဉ်းစားမိသည်မှာ ကျွန်ုပ်တို့သည် ယခုအခါ၌ လူရိုင်းတို့၏ လက်တွင်းသို့ ကျရောက်လျက် ရှိနေလေပြီ။ နောင်ထိုထက်ပင်ဆိုးသော အဖြစ်မျိုးကို မကြုံဟု မပြောနိုင်။ လူရိုင်းတို့၏ တိုင်းပြည်သို့ရောက်သည့်အခါ မိမိတို့အား မည်ကဲ့သို့ ပြုလုပ်မည်ကိုလည်း မသိနိုင်သေး။ ထို့ပြင် 'အရှင်လတ်လတ်' ဆိုသောစကား၏ အဓိပ္ပာယ်မှာလည်း လေးနက်လှသည်ဖြစ်၍ ၎င်းစကားကို စဉ်းစားမိသည့်အခါတိုင်း ကျွန်ုပ်သည် မေးကနဲအိပ်ပျော်ရာမှ လန့်နိုး၍ ကယောင်ကတမ်း ထထိုင်မိလေ၏။

နံနက်လင်းလတ်သော် အကြီးအမှူးလုပ်သူ ဇနေတ္တိလည်း ငယ်သားတို့ကိုနှိုးပြီးနောက် ဆက်လက်၍ ခရီးသွားကြပြန်ရာ ကိုးနာရီအချိန်ခန့်တွင် ကျွန်ုပ်တို့သည် တောင်ကြီးတစ်တောင်သို့ ရောက်ကြလေ၏။ လူရိုင်းတို့လည်း တောင်ခြေရင်းတွင် နာရီတစ်ဝက်ခန့် အမောအပန်းဖြေပြီးလျှင် ထမ်းစင်များကို တစ်ဖန်ထမ်း၍ တောင်ကြီးကို တက်ကြပြန်ရာ ဆယ်နာရီခွဲအချိန်ခန့်တွင် တောင်ထိပ်သို့ ရောက်လေ၏။

၎င်းတောင်ထိပ်၌ကား မြေပြင်သည်အလွန်တရာ ညီညာလျက်ရှိရာ ၎င်းအဝန်းမှာ ဆယ်မိုင်ခန့်ရှိ၍ သစ်ပင်ပန်းပင်မှစ၍ အသီးအပွင့်နှင့် ပြည့်စုံသော အပင်အမျိုးမျိုးတို့သည် တောင်ထိပ်နံဘေးအရပ်တို့၌ ကြီးမားသန်စွမ်းစွာ ပေါက်ရောက်လျက်ရှိ၏။ အလယ်၌မူစိမ်းစိုလျက်ရှိသော မြက်ခင်းပြင်တို့တွင် အမွေးရှည်လျက် နွားနှင့်တူသော တိရစ္ဆာန်တို့သည် ငြိမ်သက်စွာကျက်စားလျက် ရှိကြကုန်၏။

အဘိုးကြီးလည်း ထမ်းစင်ပေါ်မှဆင်း၍ ကျွန်ုပ်တို့အား လက်ပြလေလျှင် ကျွန်ုပ်တို့လည်း ထမ်းစင်ပေါ်မှ အသီးသီးသက်ဆင်း၍ အဘိုးကြီး၏နောက်သို့ လိုက်ကြလေ၏။

အတန်ငယ်သွားမိလျှင် ကျွန်ုပ်တို့သည် အလွန်ကြီးသော ဂူကြီးတစ်ခု၏အဝသို့ ရောက်လေရာ ဂူဝ၌ကား ယောကျ်ား မိန်းမမှုစ၍ လူရိုင်းအပေါင်းတို့သည် စုရုံးလျက်ရှိနေကြလေ၏။

လူစုတို့အနီးသို့ရောက်လျှင် ကျွန်ုပ်လည်း ၎င်းတို့၏အဝတ်အစားကိုကြည့်ရှုရာ ယောကျ်ားတို့မှာ ကျွန်ုပ်တို့နှင့်အတူလာသူတို့ကဲ့သို့ သားရေများကိုဝတ်ဆင်လျက် မိန်းမတို့မှာမူ ဖျင်နှင့်တူသော အဝတ်တစ်မျိုးကို မိမိတို့ကိုယ်တွင် ရစ်ပတ်ဝတ်ဆင်လျက်ရှိကြလေ၏။

ယောကျ်ားတို့မှာ ရုပ်ရည်သင့်လျော်သောသူများ ဖြစ်ကြသော်လည်း မျက်နှာထား တင်းသည့်အတွက် အဆင်းပျက်လျက်ရှိရာ မိန်းမတို့မှာမူ ယောကျ်ားတို့ကဲ့သို့ ခက်ထန်ကြမ်းကြုတ်သော မျက်နှာထား မရှိသည့်ပြင် မျက်နှာချိုခြင်း၏ တန်ခိုးကိုလည်း ကောင်းစွာနားလည်ပြီးဖြစ်သည့် လက္ခဏာနှင့် ကျွန်ုပ်တို့အား ပြုံးရွှင်သော မျက်နှာထားတို့ဖြင့် ကြည့်ရှုလျက်ရှိရာ အတော်အတန်ပင် ရုပ်အဆင်းနှင့် ပြည့်စုံသော သူငယ်မကလေးများဖြစ်ကြောင်း တွေ့မြင်ကြရလေသည်။

မောင်စောနိုင်မှာ မိန်းမတို့နှင့်တွေ့သည့်အခါ ချိုသာသောမျက်နှာထားကို ထားတတ်သည့်အလျောက် ၎င်းမိန်းမတို့အား မျက်နှာချိုသွေးလျက် အကျွမ်းတဝင် ခေါင်ငင်နှုတ်ဆက်လေလျှင် မိန်းမတို့မှာလည်း မောင်စောနိုင်၏ အလွန်အမင်းလှပသော အဆင်းကိုမြင်သဖြင့် တစ်ဦးကိုတစ်ဦးကြည့်လျက် ပြုံးရယ်ကာ နေကြလေ၏။

မောင်စောနိုင်မှာ ဤသို့ မိန်းမပျိုအပေါင်းတို့ဖြင့် ဝိုင်းရံလျက်ရှိနေရာမှ ၎င်းတို့အနက် အထူးသဖြင့် ရုပ်ဆင်းသဏ္ဍာန်နှင့် ပြည့်စုံသော သူငယ်မ

တစ်ယောက်သည် ဝိုင်းဝန်းကြည့်ရှုနေရာမှ မောင်စောနိုင်၏ အနီးသို့ ချဉ်းကပ်ပြီးလျှင် မောင်စောနိုင်၏ ပခုံးကိုကိုင်လျက် နမ်းရှုပ်ခြင်းကို ပြုလေ၏။

ကျွန်ုပ်သည် မိန်းကလေး၏ ထူးဆန်းသော အမူအရာကို မြင်သဖြင့် အလွန်အံ့ဩလျက်ရှိရာ လူရိုင်းတို့သည် မောင်စောနိုင်အား လှံဖြင့် ထိုးသတ်ချေတော့မည်ဟု အောက်မေ့မိရာ လူရိုင်းတို့နှင့် အခြားသော မိန်းမပျိုတို့မှာ အနည်းငယ် ပြုံးရယ်လျက်သာလျှင် ရှိကြလေ၏။

မောင်စောနိုင်လည်း ၎င်းတို့၏ အမူအရာကိုမြင်သဖြင့် ထိုကဲ့သို့ ပြုလုပ်ခြင်းသည် ၎င်းပြည်၏ ဓလေ့ထုံးစံမျှသာဖြစ်သည်ဟု အောက်မေ့ဟန် လက္ခဏာနှင့် မိန်းကလေးသည် မိမိအား ဤကဲ့သို့ ချစ်ကြိုက်သည့်အမူအရာဖြင့် ပြုလုပ်သည်ကို အညှို့မခံမူ၍ ပြန်လှန်လက်စားချေခြင်းကို ပြုလေ၏။

ကျွန်ုပ်လည်း မောင်စောနိုင်၏ ရဲတင်းသောအမူအရာကို မြင်ရပြန်လျှင် အလွန်တရာ တုန်လှုပ်လှသည်နှင့် မောင်စောနိုင်သည် လူရိုင်းတို့၏ လက်ချက်ဖြင့် သေချေတော့မည်ဟု အောက်မေ့မိပြန်ရာ လူရိုင်းယောကျ်ားတို့နှင့် မိန်းမပျိုတို့မှာ ပြုံးမြဲတိုင်းသာလျှင် ပြုံးရယ်လျက် ရှိကြလေ၏။

၎င်းအကြောင်းများကို ကျွန်ုပ်တို့သည် နောင်အခွင့်သာသည့်အခါ၌ မေးမြန်းကြည့်ရာ ၎င်းပြည်၏ ဓလေ့ထုံးစံမှာ ယောကျ်ားတို့သည် မိန်းမများအား လူပျိုလှည့်ရခြင်းမရှိဘဲ မိန်းမတို့ကသာလျှင် စတင်၍လှည့်ရကြောင်း၊ ဤကဲ့သို့ ပြုခြင်းကို ခံရသူယောကျ်ားကလေးမှာ မိန်းကလေးအား ချစ်ခင်စုံမက်ခြင်း မရှိခဲ့ပါလျှင် ပြန်လှန်နမ်းရှုပ်ခြင်းကို မပြုဘဲနေရကြောင်း၊ အကယ်၍ ယောကျ်ားကလေးက အလိုတူခဲ့လျှင် မောင်စောနိုင်ပြုဘိသကဲ့သို့ ပြုပြီးလျှင် လင်မယားအဖြစ်နှင့် အတူတကွနေထိုင်ရကြောင်းများကို သိရှိရလေသည်။ ထို့ပြင် ၎င်းပြည်၌ အကြင်လင်မယားတို့မှာ တစ်သက်ပတ်လုံး အတူတကွ ပေါင်းရသည်မဟုတ်၊ မိန်းကလေးက သဘောရှိသည့်အတိုင်းသာလျှင် ဖြစ်ရလေသည်။

ပမာဆိုသော် ယောကျ်ားပျိုနှင့် မိန်းမတို့သည် အတူတကွ နေထိုင်ကြပြီးနောက် မိန်းကလေးသည် လင်ယောကျ်ားပေါ်၌ ချစ်ခင်စုံမက်ခြင်း မရှိခဲ့ပါလျှင် အခြားလူမျိုးတစ်ယောက်နှင့် အတင့်အတယ် လင်မယားအဖြစ် နေထိုင်ခွင့်ကို ရရှိလေသည်။

ထိုကဲ့သို့ မိမိအား မချစ်ခင်မစုံမက်သဖြင့် စွန့်ပစ်ခြင်းခံရသူ ယောကျ်ားမှာလည်း မနာလိုဝန်တိုသောစိတ်ဖြင့် ရန်ငြိုးထားပြီးလျှင် ဒေါသအလျောက်ပြုလုပ်သည်မရှိဘဲ မလွဲမကင်းသာ၍ ဖြစ်ရဘိသကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် အကြောင်းကုန်သိသဖြင့် ကွဲကြရဘိသည်ဟု အောက်မေ့ပြီးလျှင် လူပျိုလုပ်၍ နေလေ့ရှိကုန်၏။

ထို့ပြင် ၎င်းပြည်၌ နေထိုင်ကြပုံမှာ ဆွေသားမျိုးသားတစ်စုတို့သည် အတူတကွ စုပေါင်းနေထိုင်ကြပြီးလျှင် ၎င်းအစုတွင် အကြီးဥက္ကဋ္ဌ ပြုလုပ်သူကိုသာလျှင် ဖခင်ဟု ခေါ်ဝေါ်ကြလျက် ငယ်သားတို့မှ ပေါက်ဖွားသော သားသမီးတစ်စုတို့မှာ ဖခင်အရင်းအား ဖခင်ဟုမခေါ်ဘဲ အကြီးဥက္ကဋ္ဌ လုပ်သူကိုသာလျှင် ဖခင်ဟု ခေါ်ကြရလေ၏။

ကျွန်ုပ်တို့ကို ဖမ်းဆီးလာခဲ့သော ဇနေတ္တိမှာလည်း မိမိအစုတွင် အကြီးအမှူးဖြစ်၍ ၎င်း၏လက်အောက်ရှိ တစ်ထောင်ကျော်ခန့်ရှိသော ယောကျ်ား၊ မိန်းမ ကလေးသူငယ်အပေါင်းတို့သည် ၎င်းအား ဖခင်ဟု ခေါ်ဝေါ်ကြလျက် အရာရာတိုင်း၌ ထိုသူ၏ သြဇာကို နာခံကြရလေ၏။

ထိုကဲ့သို့အစုများ ဖွဲ့စည်းလျက်နေထိုင်ကြရာ အစုပေါင်း အမြောက်အမြားရှိသည်ဖြစ်၍ တစ်စုနှင့်တစ်စုတို့မှာလည်း မကြာခဏ ခိုက်ရန်ဖြစ်ပွားခြင်းကို ပြုသောကြောင့် ယောကျ်ားလုပ်သူတို့သည် တိုက်ခိုက်ခြင်းအလုပ်၌ ငယ်စဉ်ကပင် ကျွမ်းကျင်အောင် လေ့လာသင်ကြားခဲ့ရလေသည်။ ထိုအစုတို့သည် တစ်စုနှင့်တစ်စု ခိုက်ရန်ဖြစ်ပွားသဖြင့် တိုက်ခိုက်ခြင်းကို ပြုကြသောအခါ ဘုရင်မသည် တစ်ခါတစ်ရံ ဝင်ရောက်ဖြန်ဖြေရလေသည်။

ယင်းကဲ့သို့ ဖြန်ဖြေသည့်အခါ နှစ်ဦးနှစ်ဘက်တို့သည် ဘုရင်မ စကားကို ဖီဆန်ခြင်းငှာ မဝံ့ဘဲ နာယူကြရမြဲ ဖြစ်လေသည်။ သို့ရာတွင် ထိုဘုရင်မ၏အကြောင်းကို ရှေ့တွင် ဖော်ပြရဦးမည်ဖြစ်၍ ဤနေရာ၌ အကျယ်အားဖြင့် ရေးသားဖော်ပြရန် မလိုချေ။

ထထထ

# အခန်း (၆)

ကျွန်ုပ်မှာမူ ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အရုပ်အဆင်းညံ့ဖျင်းသောသူ တစ်ယောက် ဖြစ်သည့်အတွက် မိန်းမပျိုတို့သည် ကျွန်ုပ်အား နှောင့်ယှက်ခြင်း မပြုဘဲ ချမ်းသာပေးလျက်ရှိရာ ပေါ်စံမှာမူ အလွန်တရာ ရုက်ကြောက်တတ်သော သူငယ်တစ်ယောက်ဖြစ်၍ အခြားမိန်းမပျိုတစ်ယောက်သည် အကြံအစည်ရှိသည့် အဟန်နှင့် ပေါ်စံအနီးသို့ ချဉ်းကပ်၍လာလျှင် ပေါ်စံသည် ရုက်လှသည့် အမူအရာနှင့် ဂူတွင်းသို့ ဝင်ပြေးလေ၏။

ဇနေတ္တိသည် မိန်းမတို့အား ဖယ်ရှားရန် လက်ပြပြီးလျှင် ကျွန်ုပ်တို့ အားလုံးကို ဂူတွင်းသို့ခေါ်သွားရာ မောင်စောနိုင်၏ မိန်းမမှာ ထက်ကြပ် လိုက်လျက် ပါလာလေ၏။ ကျွန်ုပ်တို့ဝင်ခဲ့သည့် ဂူကြီးမှာ အလွန်ကျယ်ဝန်း သည်ဖြစ်၍ အလျားပေတစ်ရာကျော်၊ အနံပေ ငါးဆယ်ခန့်မျှရှိသည့်ပြင် ဂူ၏ အမိုးတို့မှာလည်း လွန်စွာမြင့်ကုန်၏။

ဂူဝနှင့် မနီးမဝေးတွင် မီးပုံကြီးတစ်ပုံကို ဖိုလျက်ရှိရာ ဇနေတ္တိသည် ကျွန်ုပ်တို့ကို မီးပုံအနီး၌ ထိုင်စေလျက် အစာရိက္ခာများကို ယူခဲ့လေ၏။ ကျွန်ုပ်တို့လည်း အလွန်တရာ ဆာလောင်မွတ်သိပ်လှသည်ဖြစ်၍ လူရိုင်းတို့ ယူခဲ့သော နွားနို့တို့နှင့် အမဲသားများ၊ သစ်ဥသစ်ဖုများကို မြိန်ရှက်စွာ စားသောက်ကြလေ၏။

စားသောက်၍ပြီးလျှင် ဇနေတ္တိသည် ကျွန်ုပ်တို့ရှိရာသို့ လာ၍ပြော သည်မှာ ...

'မောင်တို့သည် ကျွန်ုပ်တို့ရှိရာ အရပ်သို့ လာရောက်ကြသည်မှာ အလွန်ထူးဆန်းလှပေ၏၊ ရှေးအခါက တစ်ယောက်တလေ လာရောက်သူတို့မှာ ကျွန်ုပ်တို့၏ ထုံးစံအတိုင်း သတ်ဖြတ်၍ ပစ်လိုက်မြဲသာလျှင် ဖြစ်လေသည်၊ အမောင်တို့မှာမူ ဘုရင်မထံမှ အထူးအမိန့်တော်ရရှိသဖြင့် သတ်ဖြတ်ခြင်းမပြုဘဲ ချန်လှပ်၍ထားခဲ့ချေသည်' ဟု ပြောလျှင် ကျွန်ုပ်လည်း ...

'ဘုရင်မသည် ကျွန်ုပ်တို့ လာရောက်မည့်အကြောင်းကို မည်ကဲ့သို့ သိရှိပြီး ဖြစ်လေသနည်း' ဟု မေးမြန်းရာ ဇနေတ္တိက ပြုံးရယ်ပြီး ဦးခေါင်းကို ရမ်းလျက် ...

'ဤအရပ်၌ မျက်စိနှင့်မှ မြင်နိုင်သည်၊ နားနှင့်မှ ကြားနိုင်သည် မမှတ်နှင့်' ဟု ပြောလျှင် ကျွန်ုပ်လည်း မည်သို့အဓိပ္ပာယ်ရှိသည်ကို ကောင်းစွာ နားမလည်ငြားသော်လည်း ထပ်လောင်း၍ မမေးဝံ့သဖြင့် ဆိတ်ဆိတ်သာလျှင် နေရလေ၏။

ထိုအခါ အဘိုးကြီးက ဆက်လက်၍ပြောပြန်သည်မှာ ...

'ငါတို့အရပ်၌ ဘုရင်မအလိုတော်ကို အားလုံးလိုက်နာကြရသည်၊ ဘုရင်မသည် အလုံးစုံသိပါသည်၊ ငါလည်း ယခု အမောင်တို့အကြောင်းနှင့် စပ်လျဉ်း၍ အမိန့်တော်ခံယူရန် ဘုရင်မထံသွားရမည်'

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က ...

'ရက်ပေါင်းမည်မျှ ကြာသောအခါ ပြန်ရောက်ပါမည်နည်း'

ဟု မေးလျှင် ...

'သွားရမည့်လမ်းသည် ရွှံ့နွံတို့ဖြင့် အလွန်ထူထပ်သည်ဖြစ်၍ ငါးရက် ခန့် ကြာလိမ့်မည်၊ ထိုအတွင်း ကောင်းမွန်စွာ နေထိုင်ရစ်လေ၊ အမောင်တို့ အလိုရှိသည့်အရာများ ရှိခဲ့လျှင် ငါ၏ ငယ်သားများအား ပြောကြားလေ၊

အမောင်တို့အား ကောင်းစွာ စောင့်ရှောက်ကြည့်ရှုရန် ငါမှာထားခဲ့သည်၊ ဘုရင်မထံမှလည်း အမောင်တို့အကြောင်း ကောင်းသောသတင်းများပါလာရန် ဖခင်မျှော်လင့်ပါသည်၊ သို့ရာတွင် ကောင်းကောင်းကြီးစိတ်ချရမည်မဟုတ်သေး၊ အဘယ်ကြောင့်ဆိုသော် ဖခင်၏ မိခင်၏လက်ထက်၊ အဘွား၏လက်ထက် စသည့်အခါက ဖခင်တို့၏ပြည်သို့ အခြားသူများလာရောက်ကြသည့်အခါ ဘုရင်မသည် သေစေဟု အမိန့်တော် ချမှတ်တော်မူဖူးသည်'

ဟု အဘိုးကြီးက ပြောလေ၏။

ထိုအခါ ကျွန်ုပ်က ...

'ဘယ့်နှယ်လဲ ဖခင် ခင်ဗျား၊ ဖခင်မှာလည်း အဘိုးကြီးဖြစ်သည်၊ ဖခင်၏ အဘွားလက်ထက်၌ ဘုရင်မက အမိန့်ချရန်မှာ ထိုအခါက ဘုရင်မသည် မမွေးသေးသည် မဟုတ်ပါလော'

ဟု မေးလျှင် အဘိုးကြီးသည် ရှေးကနည်းတူ မိမိသာလျှင် နားလည်သည်၊ အမောင်တို့မှာ နောက်မှ နားလည်ကြလိမ့်မည်ဟူသော မျက်နှာထားဖြင့် ပြုံးရယ်ပြီးလျှင် ကျွန်ုပ်အား နှုတ်ဆက်၍ ထွက်သွားလေ၏။

အဘိုးကြီးထွက်သွားပြီးနောက် ကျွန်ုပ်သည် ပြောသွားသည့် စကားများကို ပြန်လှန်စဉ်းစားမိရာ ရှေးအထက်ကျော်ကာရီက ဤအရပ်သို့ လာရောက်ဖူးသော အခြားပြည်သားများကို ဘုရင်မသည် သတ်၍ပစ်သည်ဟု ပြောသွားသည်ကို သတိရသဖြင့် များစွာစိတ်နှလုံးမချမ်းသာဘဲရှိစဉ် မောင်စောနိုင်က ...

'ဘယ့်နှယ်လဲ ဦးလေး၊ ကျွန်တော်တို့လိုက်ရှာနေတဲ့ ဘုရင်မ မဟုတ်လား၊ နေရာကျလိုက်တာ ဦးလေးရယ်' ဟု ပြောလျှင် ကျွန်ုပ်မှာလည်း ထိုအကြောင်းအရာတို့သည် မဖြစ်နိုင်ကြောင်းကို ယုံကြည်ပြီးသော်လည်း မောင်စောနိုင်နှင့် ငြင်းခုံရန်အလိုမရှိသဖြင့် ဆိတ်ဆိတ်သာလျှင် နေလိုက်လေ၏။

ကျွန်ုပ်တို့သည် လူရိုင်းတို့၏လက်တွင်းသို့ ရောက်သည့်နေ့မှစ၍ တစ်ကြိမ်တစ်ခါမျှ ရေချိုးရသည်မရှိသဖြင့် ရေချိုးလိုကြောင်းကို ကျွန်ုပ်တို့၏

အစောင့်ဖြစ်သူ လူရိုင်းတစ်ယောက်အားပြောရာ ထိုလူရိုင်းသည် ကျွန်ုပ်တို့ကို လက်ယပ်၍ခေါ်ပြီးလျှင် ဂူပြင်သို့ထွက်သွားလေ၏။

ကျွန်ုပ်တို့လည်း ၎င်းလူရိုင်းနောက်သို့ လိုက်သွားကြရာ ဂူပြင်သို့ ရောက်လျှင် ယောကျ်ား မိန်းမအပေါင်းတို့သည် ကျွန်ုပ်တို့ ထွက်လာမည်ကို စောင့်ဆိုင်းလျက် နေကြသည်ကို တွေ့ရလေ၏။

ပေါ်စံလည်း မိမိအား နမ်းရှုပ်မည်ပြုသော မိန်းမပျိုကိုမြင်လျှင် အလွန်တရာ ရှက်ကြောက်လှသည်နှင့် ကျွန်ုပ်၏အနားမှကွယ်လျက်နေရာ မိန်းမပျိုမှာမူ မိမိအား မနှစ်သက်ကြောင်းကို သိရှိသဖြင့် အကြံကိုလျှော့သည့် လက္ခဏာဖြင့် ထပ်မံနှောင့်ယှက်ခြင်းကို မပြုဘဲ နေလေ၏။

ကျွန်ုပ်တို့လည်း အလွန်ကြည်လင်အေးမြသော ချောင်းငယ်တစ်ခုသို့ ရောက်လျှင် ရေမိုးချိုးပြီးနောက် အရိပ်အောက်တွင် စကားစမြည်ပြောလျက် နေကြရာ အစောင့်လုပ်သူလူရိုင်းမှာ စကားတစ်ခွန်းမျှမပြောဘဲ အနီးတွင် ထိုင်လျက်ရှိနေလေ၏။

နေဝင်ချိန်နီးသဖြင့် ကျွန်ုပ်တို့သည် ပြန်လာကြရာ ဂူသို့ရောက်လျှင် မီးထွန်းချိန်ရောက်သည်ဖြစ်၍ ဂူအတွင်း၌ မီးများကို ထိန်ထိန်လင်းအောင် ထွန်းညှိလျက်ရှိသည်ကို တွေ့ရလေ၏။ ထိုအရပ်၌ ရေနံမီးခွက်တို့မှာ အမဲဆီတို့နှင့်သာလျှင် ထွန်းညှိရလေ၏။

ကျွန်ုပ်တို့လည်း မီးပုံကြီးအနီးတွင် ထိုင်ပြီးလျှင် လူရိုင်းတို့ ကျွေးမွေးသော အစာတို့ကို စားသောက်ကြပြီးနောက် အစောင့်ဖြစ်သူအား အိပ်လိုကြောင်းနှင့်ပြောပြရာ အစောင့်လုပ်သူလူရိုင်းသည် ကျွန်ုပ်၏လက်ကို ဆွဲပြီးလျှင် ကျွန်ုပ်၏အိပ်ခန်းရှိရာသို့ ခေါ်သွားလေ၏။

ဂူကြီးမှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အနံပေငါးဆယ်၊ အလျား ပေတစ်ရာကျော်ရှိ၍ သုံးမျက်နှာသောအရပ်တို့၌လည်း ခြောက်ပေခန့်မြင့်၍ လေးပေခန့်ကျယ်သော အပေါက်ငယ်များရှိလေ၏။

အစောင့်ဖြစ်သူလည်း ကျွန်ုပ်ကိုခေါ်၍ အပေါက်ငယ်တစ်ခုထဲသို့ ဝင်သွားရာ ပေနှစ်ဆယ်ခန့်သွားမိလျှင် ရှစ်ပေပတ်လည်ခန့်ရှိသော အခန်းငယ် တစ်ခုသို့ ရောက်လေ၏။ ထိုအခန်းငယ်၌လည်း မီးခွက်ထွန်းညှိပြီးရှိသဖြင့် ကျွန်ုပ်သည် အခန်း၏အခြေအနေကို ကြည့်လိုက်ရာ ၎င်းအခန်းတွင်း၌ အိမ်ထောင်ပရိဘောဂစသည်တို့သည် တစ်ခုမျှမရှိဘဲ အခန်း၏ တစ်ဖက်၌ သုံးပေခန့်မြင့်သော ကျောက်ခုတင်တစ်ခုကိုသာလျှင် တွေ့မြင်ရလေ၏။

ကျွန်ုပ်တို့သည် ကျောက်မှထွင်း၍ထားသော ၎င်းခုတင်ကိုကြည့်ရာ ခုတင်မှာ လူအိပ်ရန်အတွက်မဟုတ်၊ လူ၏အလောင်းထားရန်အတွက် ရည်ရွယ်၍ ထုလုပ်ထားသည်ကို သိရှိရလေသောကြောင့် ကြက်သီးမွေးညင်းထအောင် တုန်လှုပ်မိလေ၏။ သို့ရာတွင် ကျွန်ုပ်မှာ ထိုနေရာ၌ပင် အိပ်ရချေတော့မည်ဖြစ်၍ ကြောက်စိတ်ကို ပယ်ဖျောက်ပြီး မလွှဲမကင်းသာသည့်အရာကို မတတ်နိုင်ဟု အောက်မေ့ပြီးလျှင် လေ့မှပါလာသောစောင်များကို ယူငင်ရန်ထွက်လာလေ၏။

မီးပုံနားသို့ဆိုက်ရောက်၍ ပေါ်စံနှင့်တွေ့ရာ ပေါ်စံမှာ အလွန် ကြောက်တတ်သူဖြစ်သောကြောင့် 'မိမိအိပ်ရန်အတွက်ပေးထားသော အခန်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းသည်ဖြစ်၍ မအိပ်ဝံ့ကြောင်း၊ ထိုအခန်း၌ အိပ်ရမည်ဖြစ်လျှင် ယခုပင် သေ၍သွားစေ၊ အိပ်တော့မည်မဟုတ်ကြောင်း' ပြောပြီးလျှင် 'ကျွန်ုပ်နှင့်အတူ လိုက်အိပ်ခွင့်ပြုပါ' ဟု တောင်းပန်ရာ ကျွန်ုပ်မှာ တစ်ယောက်တည်းအိပ်ရမည်ကို ကြောက်လျက်ရှိသည်နှင့် ဝမ်းမြောက်စွာ ခွင့်ပြုလိုက်လေ၏။

အခန်းတွင်းသို့ရောက်လျှင် ပေါ်စံသည် ခုတင်အနီးတွင် အိပ်၍ ကျွန်ုပ်မှာ ခုတင်ပေါ်၌အိပ်ရာ ၎င်းခုတင်မှာ အလောင်းစင်ဖြစ်သည်ဟု စိတ်၌ ထင်မှတ်ရင်းစွဲ ရှိသောကြောင့်လားမသိ၊ အရှင်လတ်လတ်မြေမြှုပ်ခံရခြင်း၊ မသေမီ ခေါင်းထဲသို့သွင်းလိုက်သဖြင့် အသက်ရှုကျပ်ခြင်း စသည်ဖြင့် ကတောက်ကဆတ်အိပ်မက်များကို မြင်မက်မိလေ၏။ အိပ်ရာမှနိုးလေလျှင် ခရာမှုတ်သံကို ကြားရသဖြင့် မိုးလင်းကြောင်းကို သိရှိရ၍ ဂူပြင်သို့ထွက်ပြီးလျှင် ယမန်နေ့က ချောင်းငယ်ရှိရာသို့ ရေချိုးရန်သွားကြလေ၏။

ရေချိုးပြီးနောက် ဂူတွင်းသို့ပြန်လာ၍ နံနက်စာ စားသောက်ပြီးကြသော် စကားစမြည်ပြောဆိုလျက်ရှိကြစဉ် အသက်လေးဆယ်ကျော်အရွယ်ရှိ မိန်းမ တစ်ယောက်သည် အမှတ်တမဲ့ ခြေသံမကြားအောင် လာရောက်ပြီးလျှင် ပေါါစံကို ဖက်ယမ်းနမ်းရှုပ်လေရာ ပေါါစံမှာ မိန်းမတို့နှင့်စပ်လျဉ်း၍ အလွန်ရှက်တတ်သော သဘောရှိသည်ဖြစ်၍ လူများတို့ရှေ့တွင်မျှမက မိမိ၏ ဆရာသမားရှေ့တွင်ပင် ဤကဲ့သို့ပြုလုပ်ခြင်းများကို ခံရသဖြင့် လွန်စွာရှက်လှသည်ဖြစ်၍ ...

'အမယ်လေး၊ လုပ်ပါဦးဗျာ၊ ဟဲ့ ကောင်မကြီး၊ နင် ဘာလုပ်မလို့လဲ၊ ကန်တော့ပါရဲ့ဆရာရယ်၊ ကျွန်တော်က စရတာ မဟုတ်ပါဘူး၊ သူက ကျွန်တော့်ကို တမင်လာလုပ်တာပါ၊ ကျွန်တော်ဟာ ဒါမျိုးလဲ တစ်ခါမှ မလုပ်ဖူးပါဘူး ဆရာရယ်' စသည်ဖြင့်ပြောလျက် ရှန်းဖယ်ထွက်ပြေးလေ၏။

ကျွန်ုပ်တို့မှာ ထိုကဲ့သို့ မိန်းမက စတင်၍ လူတို့ရှေ့တွင်ပြုလုပ်ခြင်းမှာ မသင့်လျော်သဖြင့် မျက်စိရှက်လှသော်လည်း ပေါါစံ၏ အမူအရာကိုမြင်ရသဖြင့် ရယ်မောမိလေ၏။ အနီးတွင်ရှိသော အခြားမိန်းမပျိုတို့မှာလည်း ဝိုင်းဝန်း၍ ရယ်မောကြရာ ကာယကံရှင်မိန်းမကြီးမှာ မိမိအား ရက်လောက်အောင် ဤကဲ့သို့ ငြင်းဆန်သည့်အတွက် လူအများတို့ ရယ်ဖွယ်ဖြစ်ရသည်ကို အလွန်တရာ ဒေါသထွက်လျက် စိတ်မကျေချမ်းနိုင်ဘဲ အသားများ ဆတ်ဆတ်တုန်အောင် ရှိနေရစ်လေ၏။

ကျွန်ုပ်တို့သည် ထိုမိန်းမကြီး၏ အမျက်ကြီးသော အမူအရာကို မြင်ရသည့်အခါ ပေါါစံသည် ဤမျှလောက် ရှက်တတ်သော သဘောမရှိခဲ့လျှင် တော်လေစွဟု အောက်မေ့ပြီးလျှင် ထိုမိန်းမသည် ကျွန်ုပ်တို့၏အသက်ကို ရန်ရှာတော့မည်ဟု တွေးထင်မိလေ၏။ ဤကဲ့သို့ ကျွန်ုပ်တွေးထင်သည့် အတိုင်းလည်း ဟုတ်မှန်ကြောင်းကို ရှေ့တွင် တွေ့ရမည်ဖြစ်လေသည်။

မိန်းမကြီးလည်း အလွန်တရာ အမျက်ထွက်သောအမူအရာဖြင့် ဂူပြင်သို့ ထွက်သွားလျှင် ပေါါစံသည် ပြန်လာလေ၏။ ပေါါစံ ပြန်လာသည့်အခါ ကျွန်ုပ်သည် အစောင့်လုပ်သူလူရိုင်းတို့အား ပေါါစံမှာ သားမယားရဖူးကြောင်း၊ ရဖူးသည့် သားမယားနှင့်လည်း မသင့်မတင့်ရှိသည့်အတွက် မိန်းမဆိုလျှင်

အလွန်တရာ ကြောက်ရွံ့လျက်ရှိကြောင်းများကို ကြဲစည်ပြောဆိုပြီး မိန်းမပျိုတို့သည် ယခင်ကအဖြစ်ကို သတိရသဖြင့် ဝိုင်းဝန်းရယ်မောကြသော်လည်း ယောကျ်ားလုပ်သူတို့မှာ ပေါ်စံ၏ အမူအရာသည် ၎င်းတို့တစ်မျိုးလုံးကို မလေးမစားပြုလုပ်ခြင်းဖြစ်သည်ဟု သဘောရရှိဟန် လက္ခဏာဖြင့် စကားတစ်ခွန်းမျှ ပြန်၍မပြောဘဲ ဣန္ဒြေနှင့်သာ နေကြကုန်၏။ ပေါ်စံမှာမူ အနီးသို့ မိန်းမတစ်ယောက်လာလျှင်ပင် ယခင်ကကဲ့သို့ ပြုချေတော့မည်ဟု အောက်မေ့လျက် နေမထိ ထိုင်မထိ ရှိရှာလေ၏။

နံနက်စာစားသောက်ပြီးသဖြင့် ကျွန်ုပ်တို့သည် မြို့နေမြို့ခင်း စသည်တို့ကို ကြည့်ရှုလိုသည်နှင့် ထွက်လာခဲ့ကြရာ ထိုအရပ်၌ ယောကျ်ားတို့သည် ထွန်ယက်လုပ်ကိုင်ခြင်းကို ပြုကြလျက် မိန်းမတို့မှာ အလုပ်အကိုင်မလုပ်ဘဲ ငြိမ်းချမ်းစွာနေလေ့ရှိကြသည်ကို တွေ့မြင်ရလေသည်။ ထိုအရပ်၌ မွေးမြူသော တိရစ္ဆာန်မှာ အထက်တွင်ဖော်ပြခဲ့ပြီးသော နွားမွေးရှည်များသာလျှင်ဖြစ်ရာ ၎င်းတို့မှာ ဝန်တင်ရန်သော်လည်းကောင်း၊ လယ်ယာလုပ်ကိုင်ရန်သော်လည်းကောင်း အသုံးကျ၍ ၎င်း၏ အသားနှင့်နို့တို့မှာလည်း အမဲသား၊ နွားနို့တို့ကဲ့သို့ပင် စားသောက်ရလေသည်။ ၎င်းတိရစ္ဆာန်တို့မှာ အလွန်တရာ ပေါများသဖြင့် စားကျက်တို့တွင် အမြောက်အမြား ကျက်စားလျက်ရှိကြလေ၏။

မောင်စောနိုင်၏ မိန်းမဖြစ်သူလည်း မောင်စောနိုင်အနီးမှ မခွဲမခွာဘဲ ထက်ကြပ်လိုက်ပါလျက်ရှိရာ ကျွန်ုပ်တို့သည် ထိုပြည်၏ ဓလေ့ထုံးစံများကို မေးမြန်းကြည့်ရှုကြလေ၏။ ၎င်း၏အမည်မှာ မယ်သာမာဟု ခေါ်တွင်လျက် အဓိပ္ပာယ်မှာ 'ရွှေသောအဆင်းရှိသူ' ဟု ရရှိလေသည်။

ထိုပြည်၌ တရားဥပဒေဟူ၍ ရေးသားလျက်မရှိ။ ဓလေ့ထုံးစံအတိုင်းသာလျှင် စီစဉ်ဆုံးဖြတ်လေ့ရှိလေသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တစ်စုတစ်စုလျှင် ဖခင်အခေါ်ခံရသူ တစ်ယောက်ရှိလျက် ၎င်းမှာ မိမိအစုတွင် တရားသူကြီးပင်ဖြစ်၍ အပြစ်ရှိသောသူတို့ကို အသက်ဆုံးရှုံးအောင် စီရင်တတ်လေသည်။

'အပြစ်ရှိသောသူကို အသေသတ်သည့်အခါ မည်ကဲ့သို့ သတ်ပါသနည်း' ဟု ကျွန်ုပ်က မေးမြန်းသောအခါ မယ်သာမာက ...

'ရှင်တို့ တစ်နေ့တော့ မြင်ရပါလိမ့်မယ်'ဟု ပြောလေ၏။

အဆိုပါအစုမှာ ရွှံ့နွံတို့၏အလယ်တွင် တောင်ကြီးများရှိသည့်အရပ်၌ ဂူများဖောက်ထွင်းလျက် တောင်တစ်တောင်လျှင် အစုတစ်စုကျ နေထိုင်လေ့ရှိကြောင်း၊ အစုအပေါင်းတို့ကိုလည်း ဘုရင်မက ပိုင်ကြောင်း၊ ဘုရင်မ၏ အာဏာကိုလည်း မည်သည့်အစုက ဖြစ်စေ ပယ်ဝံ့သည် မရှိကြောင်း၊ ပယ်လှန်သောသူတို့လည်း အသက်ဆုံးရှုံးမြဲဖြစ်ကြောင်း တို့ကိုလည်း ကြားသိရလေ၏။

ကျွန်ုပ်သည် ၎င်းဘုရင်မ၏အကြောင်းကို မယ်သာမာအား မေးမြန်းပြန်သည့်အခါ 'ဘုရင်မမှာ နှစ်နှစ်တစ်ကြိမ် သုံးနှစ်တစ်ကြိမ်သာလျှင် အခြားအစုများသို့ သွားရောက်တော်မူကြောင်း၊ ဆိုခဲ့သော အစုတို့သည် ဆယ်စုမျှရှိ၍ တစ်စုလျှင် လူဦးရေ တစ်ထောင်မျှရှိကြောင်း၊ ဘုရင်မနေထိုင်သောအစုသို့လည်း သာမညလူတို့ မသွားဝံ့ကြောင်း၊ သွားရောက်ရသည့် လမ်းခရီးတို့မှာလည်း အလွန်ခဲယဉ်းလှသည်ဖြစ်၍ လူတိုင်းတို့ မသိရှိနိုင်ကြောင်း၊ ဘုရင်မ၌လည်း သက်တော်စောင့်မှစ၍ အခြွေအရံအမြောက်အမြားရှိရာ ၎င်းတို့မှာ စကားလည်း မပြောတတ်၊ နားလည်းမကြားသူများ ဖြစ်ကြောင်း၊ ဘုရင်မသည် အခြားအစုများသို့ ထွက်တော်မူသည့်အခါ မျက်နှာမှစ၍ တစ်ကိုယ်လုံးကို အဝတ်တို့ဖြင့် ပတ်ခြုံ၍ထားသည် ဖြစ်ကြောင်း၊ အခြားဆင်းရဲသားတို့ မမြင်ရကြောင်း၊ မြင်ဖူးသူတို့ကလည်း ဘုရင်မသည် နတ်သမီးသဖွယ် အလွန်တရာ အဆင်းလှသည်ဟု ပြောဆိုကြကြောင်း၊ အချို့သူတို့ကလည်း ဘုရင်မသည် ဆင်းရဲသားတို့အနက်မှ လင်တစ်ယောက်ကို ရွေးကောက်ပြီးလျှင် သမီးမိန်းကလေး မွေးသည့်အခါ လင်ယောကျ်ားကို သတ်ပစ်လိုက်ကြောင်း၊ ထိုသမီးကလေး ကြီးပြင်း၍ မိခင်နတ်ရွာစံသည့်အခါ မိခင်၏ အရာကိုဆက်ခံသည်ဟု ပြောဆိုကြကြောင်း၊ မိမိမှာမူ မည်သူပြောသည်ကို ယုံကြည်ရမည်မသိဖြစ်ကြောင်း စသည်ဖြင့် မယ်သာမာသည် ထိုတိုင်းပြည်၏ အဖြစ်အပျက်

ရာဇဝင်တို့ကို ပြန်ပြောသဖြင့် ကျွန်ုပ်တို့မှာ များစွာအံ့သြလျက် နားထောင်ကြရလေ၏။

ဤကဲ့သို့ အကြောင်းအရာတို့ကို ကြားသိရသည်ရှိသော် ကျွန်ုပ်သည် မစဉ်းစားတတ်အောင်ဖြစ်ပြီးလျှင် ပေစာတွင်ပါရှိသော အကြောင်းအရာတို့သည် အမှန်ပင်ဖြစ်လေသလောဟု ယုံမှားသံသယ မကင်းအောင်ရှိနေလေသည်။ မောင်စောနိုင်မှာမူ ပထမလာစဉ် အခါကပင် ထိုအကြောင်းအရာများကို ကောင်းစွာယုံကြည်ပြီးဖြစ်သည့်ပြင် ယခုတစ်ဖန် တွေ့မြင်ကြားသိရပြန်သော အကြောင်းအရာတို့မှာလည်း ထပ်တူထပ်မျှပင်ဖြစ်သဖြင့် ဤတိုင်းပြည်သည်ကား ကျွန်ုပ်တို့လိုက်ရှာနေသော တိုင်းပြည်ဖြစ်၍ ထိုပြည့်ရှင် ဘုရင်မသည်လည်း ကျွန်ုပ်တို့တွေ့လိုသော ဘုရင်မပင်ဖြစ်သည်ဟု ယုံကြည်လျက်ရှိလေ၏။

ပေါ်စံမှာမူ မကြုံဖူးမတွေ့ဖူးသော အရာများကို တွေ့ကြုံရသဖြင့် အပင်ပန်းခံ စဉ်းစားခြင်းမပြုဘဲ ဖြစ်လိုရာဖြစ်စေတော့ဟူသော သဘောထားနှင့် နေလေ၏။ မော်တော်ဘုတ်မောင်းကုလားမှာမူ လူရိုင်းတို့ကလည်း မျက်နှာသာ မပေးသဖြင့် တစ်နေ့လုံး ဂူတွင်းတွင်ကုပ်လျက် ထိုပြည်သည် ငရဲပြည်ဖြစ်သည်၊ ထိုပြည်၌ နေထိုင်သောသူတို့မှာလည်း လူစင်စစ်မဟုတ်၊ မကောင်းဆိုးဝါး များသာ ဖြစ်သည်ဟု အောက်မေ့မိရှာ၏။

ဤသို့နေထိုင်ကြ၍ လေးရက်မျှကုန်လွန်ခဲ့လျှင် နက်ဖြန်သည် ဘုရင်မ၏ထံမှ အဘိုးကြီးပြန်လာမည်ဖြစ်သောနေ့ ဖြစ်လေ၏။ ထိုညဉ့်၌ကား ကျွန်ုပ်တို့သည် တစ်သက်တွင် မမေ့နိုင်လောက်အောင် ထူးဆန်းအံ့သြဖွယ်ကောင်းသော အဖြစ်အပျက်တို့ကို တွေ့ကြုံရလေသည်။

ကျွန်ုပ်တို့သည် ညစာစားသောက်ကြပြီးနောက် မီးပုံအနီး၌ထိုင်လျက် စကားတစ်ခွန်းမျှ မပြောကြဘဲ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လှန်စဉ်းစားလျက်ရှိကြစဉ် မောင်စောနိုင်၏ခင်ပွန်းဖြစ်သူ မယ်သာမာမှာလည်း ကျွန်ုပ်တို့ အနီးတွင် ထိုင်လျက်ရှိလေ၏။ မယ်သာမာလည်း မီးပုံကို စိုက်လျက်ကြည့်နေရာမှ မိမိကိုယ်ကို တဖြည်းဖြည်းယိမ်းယိုင်ပြီးလျှင် မောင်စောနိုင်၏

မျက်နှာကို စေ့စေ့ကြည့်လျက် မာဂဓဘာသာဖြင့် သီချင်းတစ်ပုဒ်ကို သီဆိုလေ၏။

ငင်းသီချင်း၏ အဓိပ္ပာယ်မှာ ...

'ကျွန်မသည် ရှင့်အား စောင့်ဆိုင်း၍နေရသည်မှာ ကြာလှလေပြီ။ ကျွန်မသည် ရှင့်အား မြင်လျှင်မြင်ခြင်းပင် အသက်မျှမက ချစ်ခင်ပါသည်။ ရှင်၏ ရုပ်အဆင်းမှာလည်း လူနှင့်မတူ၊ နတ်သားတမျှပင် ကြည့်၍မငြီးအောင် ချောလှပါပေသည်။ ယခုအခါ၌ကား ကျွန်မတို့နှစ်ယောက်သည် တစ်ဦးကို တစ်ဦး အထူးပင် မေတ္တာသက်ဝင်ကြချေသည်။ သို့ရာတွင် တစ်နေ့သောအခါ ရှင်သည် ကျွန်မထက် အဆတစ်ရာမက ချောလှသောသူကို မြင်ရသည့်အခါ ကျွန်မကိုစွန့်ပစ်၍ သူနှင့်နေလိမ့်မည်ဟု ကျွန်မစိတ်၌ ထင်မြင်မိပါသည်။ ထိုအခါ၌ ရှင်သည် ကျွန်မအားချစ်ရင်းစွဲဖြစ်သဖြင့် မခွဲခွာလိုသော်လည်း အခြားမိန်းမ၏ အဆင်းသည် အလွန်တရာ ချောလှသည်ဖြစ်၍ အဆင်းရှိရာသို့ ပါချေတော့မည်'

စသည်ဖြင့် သီဆိုလျက်ရှိရာမှ သီချင်းကို ရုတ်တရက်ဖြတ်ပြီးလျှင် မှောင်ဘက်သို့လှည့်၍ ...

'ဟောဟိုမှာ ရှင်တို့မမြင်ကြဘူးလား' ဟု မေးရာ ကျွန်ုပ်တို့သည် မယ်သာမာလှည့်ရာသို့ ကြည့်ကြသော်လည်း ဘာကိုမျှ မမြင်ရတော့ဘဲ မှောင်အတိပြီးလျက် ရှိသည်ကိုသာ တွေ့မြင်ရလေ၏။

ကျွန်ုပ်တို့သည် ဘာမျှပင် မတွေ့မမြင်ရသော်လည်း ညဥ့်အခါ ဖြစ်သည်လည်းတစ်ကြောင်း၊ ထိုအရပ်သည် အလွန်ထူးဆန်းသော အရပ်ဖြစ်၍ ကျွန်ုပ်တို့၏စိတ်မှာလည်း နှလုံးမခိုင်စေလောက်အောင် ရှိနေသည်လည်း တစ်ကြောင်း၊ မယ်သာမာ၏ အမူအရာမှာလည်း အခါတိုင်းနှင့်မတူ အမူအရာ ကွဲပြားလျက်ရှိသည်လည်းတစ်ကြောင်း၊ သီချင်း၏အဓိပ္ပာယ်မှာလည်း ထူးဆန်းလှသည့်ပြင် သီဆိုသည့်အသံမှာလည်း ညည်းညည်းတွားတွားရှိသဖြင့် စိတ်နှလုံးတုန်လှုပ်ဖွယ်ရှိသည်လည်း တစ်ကြောင်းကြောင့် ကျွန်ုပ်တို့သည်

မှောင်ဘက်သို့လှည့်ကြည့်၍ တစ်စုံတစ်ရာကိုမျှ မမြင်ကြရသော်လည်း ကြက်သီးမွေးညင်းထလျက်ရှိကြရာ ပေါ်စီလည်း ကျွန်ုပ်အနီးသို့ တဖြည်းဖြည်းတိုး၍ လာလေ၏။

ကျွန်ုပ်တို့သည် မည်သည်ကိုကြောက်ရွံ့သည်မသိဘဲလျက် ကြက်သီးမွေးညင်းထအောင် တုန်လှုပ်သည်နှင့် မယ်သာမာအား ...

'ဘာကိုမြင်သလဲ' ဟု မေးရာ မယ်သာမာသည် မှောင်ဘက်သို့ စိုက်၍ကြည့်နေရာမှ တစ်ကိုယ်လုံးတုန်လှုပ်ပြီးလျှင် မိန်းမောမေ့လျော့လဲသွားလေ၏။

မောင်စောနိုင်မှာ မယ်သာမာအား အကယ်ပင် ချစ်ခင်လျက်ရှိသည် ဖြစ်၍ ယုယပိုက်ထွေး မေးမြန်းခြင်းကိုပြုပါသော်လည်း မယ်သာမာမှာ ငါးမိနစ်ခန့် သတိမရဘဲ ရှိလေ၏။

ငင်းနောက် သတိရ၍လာသဖြင့် မောင်စောနိုင်က အကျိုးအကြောင်း မေးမြန်းရာ မယ်သာမာသည် ဆံပင်များကို ပြင်၍ထုံးပြီးလျှင် ...

'မမေးပါနဲ့ ကိုစောနိုင်ရယ်၊ ကျွန်မမြင်တာကို မပြောပါရစေနဲ့၊ ကျွန်မပြောရင်လဲ ရှင်တို့ကြောက်ရုံသာရှိမှာပါပဲ' ဟု ပြောပြီးနောက် တစ်ဖန် မောင်စောနိုင်၏ မျက်နှာကို အလွန်ကြင်နာလှသော မျက်နှာထားနှင့် စေ့စေ့ကြည့်လျက် လက်နှစ်ဘက်ဖြင့်ကိုင်ပြီးလျှင် မိခင်သည် အလွန်ချစ်ခင်လှသောသားငယ်အား နမ်းရှုပ်ဘိသကဲ့သို့ မယ်သာမာသည် မောင်စောနိုင်၏ နဖူးကိုနမ်းရှုပ်၏။

ငင်းနောက် မယ်သာမာက ပြောသည်မှာ ...

'ကိုစောနိုင်ရယ်၊ ရှင့်ကို ကျွန်မအင်မတန် ချစ်ခင်ပါတယ်နော်၊ ရှင်လဲ အသိသား မဟုတ်လား၊ ကျွန်မ ကွယ်လွန်သွားတဲ့နောက် တစ်ခါတစ်လေညများ တရေးနိုးလို့ ရှင့်အနားစမ်းကြည့်လိုက်လို့ ကျွန်မကို မတွေ့တဲ့အခါကျတော့ ဒင်းကလေးတော့ သွားရှာပြီလို့ အောက်မေ့ရစ်ပါနော်၊ ဟယ်၊ သို့သော်လဲ

နောင်ခါလာ နောင်ခါချေးတဲ့၊ နောင်ရေးကို မတွေးပါဘူး၊ အခု အတူတကွ နေကြရတဲ့အခါ ပျော်ပျော်ရွှင်ရွှင် နေကြဖို့ရှိတာပဲ မဟုတ်ဘူးလားရှင် ကိုစောနိုင်'

၁၁၉

## အခန်း (၇)

နောက်တစ်နေ့ နံနက်လင်းလတ်သော် ထိုနေ့သည် အဘိုးကြီး ပြန်လာမည့်နေ့ဖြစ်၍ ကျွန်ုပ်တို့သည် အထူးသဖြင့် မျှော်လင့်စောင့်ဆိုင်းလျက်ရှိကြလေသည်။ ထိုနေ့၌ လူရိုင်းတို့သည် ဂူတွင်း၌ ပွဲလမ်းသဘင် ကျင်းပမည်ကဲ့သို့ ပြုလုပ်ပြင်ဆင်လျက်ရှိကြသည်ကို ကျွန်ုပ်တို့မြင်ကြရ၍ အကြောင်းကို မေးမြန်းရာ လူရိုင်းတို့သည် ကျွန်ုပ်တို့ လာရောက်သည်ကို အထိမ်းအမှတ် အဖြစ်နှင့် ပွဲကြီးတစ်ခု ကျင်းပမည်ဖြစ်ကြောင်းဖြင့် ပြောဆိုလေ၏။

ထိုအခါ ကျွန်ုပ်သည် ကျွန်ုပ်တို့အတွက် ဒုက္ခရှာကြသည်ကို မလိုလားသဖြင့် အကျိုးအကြောင်းကို ပြောပြရာ လူရိုင်းတို့သည် သဘောမကျသည့် လက္ခဏာရှိသည်ကို မြင်သဖြင့် သူတို့သဘောရှိရာ ပြုပါစေတော့ဟု ထပ်မံ၍ မပြောဆိုဘဲ နေလေ၏။

မောင်စောနိုင်နှင့် မယ်သာမာတို့မှာမူ တစ်နေ့လုံး လည်ပတ်၍နေကြသဖြင့် ဤကဲ့သို့သော အကျိုးအကြောင်းကို မသိရှိကြဘဲရှိရာ ညနေ နေဝင်ခါနီး အချိန်တွင် လူရိုင်းတစ်ယောက်သည် ပေါ်စံနှင့်ကျွန်ုပ်ရှိရာ အခန်းသို့ဝင်လာ၍ အလုံးစုံပြင်ဆင်ပြီးကြောင်းကို ပြောပြလေ၏။ ကျွန်ုပ်တို့မှာလည်း စိတ်လေးလေးနှင့် မီးပုံရှိရာ ဂူကြီးအတွင်းသို့ ဝင်လာကြရာ မီးပုံကြီးမှ မီးတောက်မီးလျှံတို့ဖြင့် ထိန်ထိန်လင်းအောင် တောက်လောင်လျက် အနီး၌ကား လူရိုင်းသုံးဆယ်ခန့်

တို့သည် မီးပုံကို ဝိုင်းရံလျက် လုံများကို မိမိအနီးတွင် အသီးသီးချပြီးလျှင် စကားတစ်ခွန်းမျှ မပြောဘဲ ထိုင်နေကြလေ၏။

ကျွန်ုပ်တို့ ရောက်သွားလျှင် မောင်စောနိုင်နှင့် မယ်သာမာတို့လည်း လည်ရာမှ ပြန်ရောက်လာရာ မယ်သာမာသည် ထိုကဲ့သို့ပြင်ဆင်ထားသော အခမ်းအနားကိုမြင်လျှင် အလွန်တရာ ထိတ်လန့်သည့်လက္ခဏာနှင့် လူရိုင်း တစ်ယောက်အား မေးမြန်းလေ၏။

ကျွန်ုပ်လည်း ၎င်းတို့ပြောဆိုသည့် စကားများကို မကြားရသော်လည်း အမူအရာကို မြင်ခြင်းအားဖြင့် အကဲခတ်လျက်ရှိရာ မယ်သာမာသည် ထိုသူ ပြောဆိုသည်ကို ကြားရသဖြင့် အနည်းငယ်စိတ်ကျေနပ်ဟန် လက္ခဏာရှိလေ၏။ ၎င်းနောက် တစ်ဖန် မယ်သာမာသည် အကြီးအမှူးလုပ်သူ လူရိုင်းတစ်ယောက် အား မေးမြန်းပြန်ရာ ထိုသူသည် မယ်သာမာမေးသည်ကို ပြန်၍မဖြေဆိုဘဲ တွန်းဖယ်၍ပစ်သည်ကို မြင်ရလေသည်။

ဤကဲ့သို့ တွန်းဖယ်သော်လည်း မသိလျှင်မနေဟူ၍ ချိုသာသော မျက်နှာထားဖြင့် ၎င်းလူ၏အနီးသို့ ချဉ်းကပ်ပြီးလျှင် မေးပြန်ရာ ထိုသူသည် စိတ်သဘောပြောင်းလဲသည့် အမူအရာဖြင့် မယ်သာမာ၏လက်ကို ကိုင်ပြီးလျှင် မိမိအနီးတွင် ထိုင်စေသည်ဖြစ်ရာ မယ်သာမာသည် ထိုသူ၏အလိုကိုလိုက်သော် မိမိ၏အလိုလည်း ပြည့်စုံမည်ဟု အောက်မေ့ဟန်လက္ခဏာဖြင့် မငြင်းဆန်ဘဲ ငြိမ်ဝပ်စွာထိုင်လျက်ရှိလေ၏။

ဂူ၏ အခြားသောတစ်ထောင့်၌လည်း မော်တော်ဘုတ်မောင်းသမား ကုလားသည် အလွန်ကြောက်ရွံ့သည့် အမူအရာဖြင့် ဝပ်လျက်ရှိနေရာ ပေါ်စံအား ဖက်ရမ်းနမ်းရှုပ်ခြင်းကို ပြုလုပ်ဖူးသောမိန်းမသည် ကုလားအား ချော့မော့ ဖြားယောင်းလျက် မီးပုံအနီးသို့လာ၍ထိုင်ရန် ခေါ်လျက်ရှိသည်ကို တွေ့မြင်ရ လေ၏။ ပေါ်စံလည်း ထိုမိန်းမကိုမြင်လျှင် ...

'ကောင်းပါလေ ဆရာရယ်၊ ကျွန်တော့်ကိုဖြင့် မနှောင့်ယှက်ပေတော့ဘူး၊ ကုလားဆီရောက်သွားပြီ' ဟု ပြောလေ၏။ မော်တော်ဘုတ်မောင်းသမား

ကာစင်လည်း အလွန်ထိတ်လန့်လှသည်ဖြစ်၍ မိန်းမက မည်သို့ပင် ဖြားယောင်း သွေးဆောင်၍ ခေါ်ပါသော်လည်း မလိုက်လိုကြောင်းနှင့် ငြင်းဆန်မည်ပြုရာ ထိုမိန်းမအနီး၌ လှံကိုထမ်းလျက်ရှိသော လူရိုင်းတစ်ယောက်ကို မြင်သဖြင့် မငြင်းဆန်ဝံ့ဘဲ ချောင်ထဲမှထ၍ လိုက်လာရလေ၏။

ကျွန်ုပ်လည်း လူရိုင်း၏အမူအရာနှင့် မီးပုံကြီးကို မြင်ရသဖြင့် စိုးရိမ် မကင်းရှိသောကြောင့်ပေါ်စံအား ...

'ခြောက်လုံးပြူး အသင့်ရှိရဲ့လား' ဟု မေးရာ ပေါ်စံက ...

'ကျွန်တော်ရောက်ကတည်းက ခြောက်လုံးပြူးသေနတ်ကို ဘယ်အခါမှ မချဘူး၊ ကိုစောနိုင်မှာ သေနတ်မပါဘူး၊ ဓားမြှောင်သာပါတယ်' ဟု ပြောလေ၏။

ကျွန်ုပ်တို့သုံးယောက်မှာ 'မရဲသော်လည်း ပြေးခဲစေ' ဆိုသည့် စကားပုံ အတိုင်း ကြောက်ပင်ကြောက်လှသော်လည်း ရဲရင့်သည့်အမူအရာဖြင့် ခြေလှမ်း မှန်မှန်လှမ်းပြီးလျှင် ဂူနံရံကိုကျောခိုင်း၍ စီတန်းလျက် ထိုင်နေကြလေ၏။

ဤသို့ထိုင်မိကြလျှင် လူရိုင်းတစ်ယောက်သည် ကျွန်ုပ်တို့၏ရှေ့တွင် အိုးကြီးတစ်လုံးကို လာရောက်ချထားရာ ၎င်းအိုး၌ကား အလွန်တရာ မွှေးကြိုင် လှသည့်ပြင် မူးယစ်စေတတ်သော အရက်တစ်မျိုးပါရှိလေ၏။

ကျွန်ုပ်တို့လည်း မလှုပ်ရှားဘဲ စီတန်းလျက်ထိုင်နေကြရာ လူရိုင်းတို့မှာ လည်း စကားတစ်ခွန်းမျှမပြောဘဲ မီးကိုသာ စိုက်၍ကြည့်လျက် ငြိမ်ဝပ်စွာ ထိုင်နေကြလေ၏။ အချိန်သည်လည်း ညဥ့်အခါဖြစ်၍ အလွန်တရာ ဆိတ်ငြိမ် လျက်ရှိရာ မီးပုံကြီးသည်လည်း အလွန်တရာကြီးမားလှသဖြင့် ထိန်ထိန် လင်းအောင် တောက်လောင်သည်ဖြစ်၍ လူရိုင်းတို့၏အရိပ်တို့သည် ဂူနံရံတို့၌ ထင်ရှားစွာမြင်ရကုန်၏။ မီးပုံကြီးအနီး၌လည်း သံဒယ်အိုးကြီးတစ်ခုရှိရာ ၎င်းဒယ်အိုးအနီး၌လည်း ညှပ်ကြီးနှစ်ခုရှိကုန်၏။

ကျွန်ုပ်သည် ဒယ်အိုးနှင့်ညှပ်ကြီးတို့ကို မြင်ရလျှင် ငါတို့အတွက် ပွဲသဘင် ကျင်းပသည်ဆိုသော်လည်း စားဖွယ်ဟူ၍မမြင်၊ ကြောက်မက်ဖွယ်

ကောင်းသော ဒယ်အိုးကြီးနှင့် ညှပ်ကြီးတို့ကိုသာ မြင်ရသည်ဖြစ်၍ အလွန်တရာ တုန်လှုပ်လျက်ရှိသည့်အတွင်း 'ငါတို့သည် တစ်တိုင်းတစ်ပြည်သို့ လာရောက်ကြပြီးလျှင် ကြောက်မက်ဖွယ်ကောင်းလှသော လူရိုင်းတို့၏လက်တွင်းသို့ ကျရောက်လျက်ရှိသည်ဖြစ်၍ ၎င်းတို့ပြုသမျှကို ခံရချေတော့မည်တကား' ဟု အောက်မေ့မိပြန်လျှင် အလွန်အားငယ်လှကုန်၏။

ကျွန်ုပ်မှာကား စင်စစ်အားဖြင့် သူတစ်ပါးတို့ထက် ကြောက်တတ်သည် မဟုတ်ပါ။ ကျောင်းသားအရွယ်မှစ၍ မိမဲ့ ဘမဲ့ တစ်ကောင်ကြွက်ကဲ့သို့ နေထိုင်ခဲ့ရသဖြင့် ကြောက်တတ်ခြင်းလည်း ကင်းသည်ဟု အများပြောဆိုခြင်းကို ခံရဖူးသည်မှန်ပါ၏။ သို့ပင်မှန်သော်လည်း အကာလ ညအခါဖြစ်၍ လွန်စွာ တိတ်ဆိတ်လျက်ရှိသည်လည်း တစ်ကြောင်း၊ လူရိုင်းတို့၏ မလှုပ်မရှား အရုပ်များကဲ့သို့သော အမူအရာတို့နှင့် ဒယ်အိုးကြီး ညှပ်ကြီးတို့ကို မြင်ရပြန်သည်လည်း တစ်ကြောင်း၊ လူရိုင်းတို့၏ လက်တွင်းမှ ဘယ်သောအခါမျှ လွတ်ကင်းနိုင်ရန် နည်းလမ်းကို ကြည့်၍ မမြင်သည်လည်း တစ်ကြောင်း၊ အကယ်၍ လက်လွတ်ထွက်ပြေးခဲ့ပါလျှင်လည်း ပြန်လမ်းကို မသိသည်ဖြစ်၍ ရွံ့နွံတို့တွင် အစာငတ်မွတ်ခြင်းဖြင့်သာ မုချသေရမည်သာ ဖြစ်သည့်အကြောင်းများကို စဉ်းစားမိသည်လည်း တစ်ကြောင်းကြောင့် ကျွန်ုပ်သည် ကြက်သီးမွေးညင်းထအောင်ပင် တုန်လှုပ်ခဲ့သည်မှန်ပါ၏။

ဤကဲ့သို့ မလှုပ်ရှားဘဲ ငြိမ်ဝပ်စွာထိုင်နေကြသဖြင့် တစ်နာရီခန့် ကြာလတ်သော် ကျွန်ုပ်တို့သည် လှုပ်ရှားလိုသောစိတ်လည်း မရှိဘဲ မီးပုံကြီးနှင့် ဒယ်အိုးကြီးကိုသာ စိုက်၍ကြည့်လျက် စပါးကြီးညှို့သကဲ့သို့ရှိနေရာ လူရိုင်းတို့အနက် တစ်ယောက်သောလူရိုင်းသည် ထိုင်နေရာမှ ရုတ်တရက်ထ၍ နက်ကျယ်လှစွာသောအသံဖြင့် ...

'ကျွန်ုပ်တို့စားရန် အသားများသည် ဘယ်မှာရှိသနည်း' ဟု အလန့်တကြားဟစ်အော်လိုက်ရာ အခြားသောလူရိုင်းတို့က ...

'လာလိမ့်မယ်၊ လာလိမ့်မယ်' ဟု သံချပ်ထိုးသကဲ့သို့ ညီညာစွာ သံပြိုင်ဟစ်အော်ကြကုန်၏။

ထိုအခါ ရှေးဦးစွာ အသံတိုင်လုပ်သူက ...

'ထိုအသားသည် ဆိတ်သားလော' ဟု မေးပြန်ရာ ...

'ထိုအသားသည် ဦးချိုမပါသော ဆိတ်မှရ၍ ဆိတ်သားထက်လည်း ကောင်းသည်' ဟု တစ်ပြိုင်နက်ပြန်၍အော်ကြလေ၏။ ထိုသို့ ညီညာစွာအော်ကြပြီးနောက် လူရိုင်းတို့သည် အနီးတွင်ရှိသော လုံများကို ဆွဲကိုင်ကြပြီးလျှင် ညီညာစွာပြန်၍ ချထားလိုက်ကြပြန်လေ၏။

ထိုအခါ ပထမအသံတိုင်သူက ...

'ထိုအသားသည် နွားသားလော' ဟု မေးပြန်ရာ ...

'ထိုအသားသည် ဦးချိုမပါသော နွားမှရ၍ နွားသားထက်လည်း ကောင်းသည်' ဟု တစ်ပြိုင်တည်း ဖြေဆိုကြပြန်လေ၏။ ထိုသို့အော်ဟစ်ပြီးနောက် ရှေးကကဲ့သို့ လုံများကို ကိုင်ပြီးလျှင် တစ်ဖန်ပြန်၍ ချထားကြလေ၏။

ဤသံချပ်ကို ထိုးပြီးလျှင် မော်တော်ဘုတ်မောင်းသမားကာစင်၏ အနီးတွင် ထိုင်လျက်ရှိသော မိန်းမသည် ဖြားယောင်းသွေးဆောင်သော အမူအရာဖြင့် ကာစင်၏ ပါးတို့ကိုကိုင်ခြင်း၊ ဆံပင်တို့ကို လက်ဖြင့်သပ်ပေးခြင်း စသည်ဖြင့် ပြုလုပ်လျက် 'အသက်ရဲ့၊ အသည်းရဲ့၊ အချစ်တုံးကြီးရဲ့' အစရှိသော စကားတို့ဖြင့် မရပ်မနား ခေါ်ငင်လျက်ရှိသည်များကို မြင်ရပြန်လျှင် ကျွန်ုပ်တို့သည် ရှေးကထက်ပင် ပိုမိုတုန်လှုပ်ခြင်း ဖြစ်ရလေ၏။

ထိုမိန်းမသည် ကာစင်အား ဤသို့ ချော့မော့လျက်ရှိစဉ် ကာစင်မှာမူ အလွန်တရာ ကြောက်ရွံ့ရှာလှသည်ဖြစ်၍ သွားတို့သည် ခိုက်ခိုက်တုန်လျက် ရှိကုန်၏။ ထိုအခါ လူရိုင်းတစ်ယောက်သည် ရှေးကနည်းတူ နက်ကျယ်စွာသော အသံဖြင့် ...

'ကျွန်ုပ်တို့စားရန် အသားသည် ချက်ရန် အဆင်သင့်ရှိပြီလော' ဟု မေးပြန်ရာ အများတို့သည် ဝိုင်းဝန်း၍ ...

'ရှိပါပြီ' ဟု ညီညီညာညာလိုက်ကြကုန်၏။

'အသားများချက်ရန် အိုးသည် ပူပြီလော' ဟု ပထမလူရိုင်းက မေးပြန်ရာ ...

'ပူပါပြီ၊ ပူပါပြီ' ဟု ဝိုင်း၍ အော်ကြပြန်လေ၏။

ထိုအခါ လူနှစ်ယောက်တို့သည် ထိုင်ရာမှ ရုတ်တရက်ဝင်လာ၍ ညှပ်ကြီးများကို တစ်ခုစီ ဆွဲကိုင်ပြီးလျှင် မီးခဲများကို ထိုမှဤမှ ယက်ဖယ်ကြလေရာ မီးပုံကြီး၏အလယ်တွင် ရဲရဲနီသော အိုးတစ်လုံးသည် ပေါ်၍လာလေ၏။ ဤသို့ရှိစဉ်အတွင်း ထိုမိန်းမသည် မိမိ၏အဝတ်တွင်းမှ ကျော့ကွင်းတစ်ခုကို လျင်မြန်စွာထုတ်ပြီးလျှင် ကာစင်၏ ဦးခေါင်းမှစွပ်၍ လက်နှစ်ဖက်လုံးမိအောင် ချည်လိုက်ရာ ကာစင်မှာ ချည်ပြီးတုပ်ပြီး ဖြစ်နေလေ၏။

ကာစင်လည်း မိမိအား တစ်စုံတစ်ရာ ပြုလုပ်ချေတော့မည်ကို သိရှိသဖြင့် အတင်းဖယ်ရှားလေရာ လူရိုင်းတစ်ယောက်သည် ကြိုးကိုကိုင်လျက် အခြားတစ်ယောက်သည် ကာစင်၏ခြေထောက်များကို မြဲမြံစွာဆုပ်ကိုင်၍ ထားလေ၏။ မီးခဲများကို ယက်ဖယ်လျက်ရှိသောသူတို့လည်း မီးပုံမှ ရဲရဲနီသော အိုးကြီးကို ညှပ်ကြီးတို့ဖြင့်ညှပ်၍ ကာစင်၏အနီးသို့ယူလာကာ အတင်းဖယ်ရန်းလျက်ရှိသော ကာစင်၏ ဦးခေါင်းပေါ်သို့ အိုးကြီးကို တင်မည်ပြုဆဲတွင် ကျွန်ုပ်သည် အံ့သြလှသဖြင့် ကြက်သေ သေလျက်ရှိရာမှ သတိရပြီးလျှင် ရုတ်တရက်ထ၍ ကာစင်အား အတင်းဖက်လျက်ရှိသော မိန်းမကို ခြောက်လုံးပြူး သေနတ်နှင့် ပစ်လိုက်ရာ မိန်းမလည်း မြေပေါ်သို့လဲကျသွားလေ၏။

ကာစင်လည်း လွတ်ပြီဟု အောက်မေ့၍ ထွက်ပြေးမည်ဟု တောင်မြောက်လေးပါးကို ကြည့်လျက်ရှိစဉ် လက်များကို အပေါ်သို့မြှောက်ပြီးလျှင် မြေသို့လဲကျသွားလေ၏။ ကျွန်ုပ်၏ သေနတ်ကျည်ဆန်သည် မိန်းမကိုထိမှန်ပြီးနောက် မိန်းမကိုယ်မှ ဖောက်ထွက်၍ ကာစင့်ကို မှန်သောကြောင့် ကာစင်လည်း မိန်းမနှင့်အတူပင် အလောင်းချင်းထပ်၍ သေရရှာလေ၏။

လူရိုင်းတို့သည် ကျွန်ုပ်၏ အပြုအမူမှာ လျင်မြန်လှသည့်ပြင် သေနတ်သံကိုလည်း တစ်ကြိမ်တစ်ခါမျှ မကြားဖူးသဖြင့် အံ့အားသင့်လျက်ရှိကြရာမှ

မောင်စောနိုင်အနီး၌ရှိသူ လူရိုင်းတစ်ယောက်သည် ရုတ်တရက်သတိရ၍ လှံကို ကိုင်ပြီးလျှင် မောင်စောနိုင်၏ ရင်ဝကိုထိုးမည်အပြုတွင် ကျွန်ပ်လည်း ...

'ပြေးပေတော့ မောင်စောနိုင်ရေ' ဟု အော်လျက် စတင်၍ပြေးရာ ဂူပြင်သို့ ပြေးမည်ကြံသော်လည်း ဂူပြင်၌လူရိုင်းတို့သည် အမြောက်အမြား ဝိုင်းရံလျက်ရှိသည်ကို မြင်သဖြင့် ဂူ၏အတွင်းဘက်ကိုသာလျှင် ပြေးရလေ၏။ မောင်စောနိုင်နှင့် ပေါစံတို့လည်း ကျွန်ပ်၏နောက်မှ ကပ်လျက်လိုက်လာကြရာ ကာစင်၏ အလောင်းအနီးသို့ရောက်လျှင် ရဲရဲနီသောအိုး၏ အလင်းရောင်တွင် ကာစင်၏လက်တို့သည် လှုပ်လျက်ရှိနေသေးသည်ကို မြင်ရလေ၏။

ကျွန်ပ်တို့သည် တစ်ဟုန်တည်း ပြေးသွား၍ ဂူအဆုံးသို့ရောက်လျှင် သုံးပေခန့်မြင့်၍ ရှစ်ပေခန့်အကျယ်ရှိသော ကျောက်ခုတင်တစ်ခုသို့ ရောက်ကြ လေ၏။ သုံးဦးသားတို့သည် ၎င်းခုတင်ပေါ်သို့ လျင်မြန်စွာတက်ပြီးသော် သေရပင်သေရသော်လည်း တတ်အားသမျှခုခံပြီးမှ သေမည်ဟု အောက်မေ့လျက် ထက်ကြပ်လိုက်လာသူ လူရိုင်းတို့ရှိရာသို့ မျက်နှာမူလိုက်ရာ လူရိုင်းတို့သည် ကျွန်ပ်တို့က လှည့်၍ခုခံမည်ပြုသည်ကို မြင်ရသဖြင့် ရပ်တန့်လျက်ရှိကြလေ၏။

ကျောက်ခုတင်သို့ ကျွန်ပ်တို့ သုံးဦးသားသည် မောင်စောနိုင်ကို အလယ်တွင်ထား၍ စီတန်းပြီးလျှင် ပေါစံနှင့် ကျွန်ပ်မှာ ခြောက်လုံးပြူး သေနတ်တစ်လက်စီနှင့် နံဘေးတစ်ဖက်တစ်ချက်မှ ရပ်လျက်ရှိရာ မောင်စောနိုင် လည်း ဓားမြှောင်ကို မြဲစွာဆုပ်ပြီးလျှင် ...

'ကဲ ကျွန်တော်တို့ဖြင့် လွတ်နိုင်ဖို့မရှိတော့ဘူး ဦးလေးရေ၊ သို့သော် မသေခင်တော့ နိုင်သမျှ သတ်ရဦးမှာပဲ၊ ကဲ လာခဲ့ကြစမ်းကွာ' ဟု အံကိုခဲပြီး လျှင် ဓားမြှောင်ကိုဝင့်လျက်နေ၏။

ပေါစံလည်း ခြောက်လုံးပြူးသေနတ်ကိုမြှောက်ပြီးလျှင် စုရုံးလျက် ရှိသော လူရိုင်းတို့ရှိရာသို့ ပစ်လိုက်ရာ လူရိုင်းတစ်ယောက်လည်း သေနတ် ထိမှန်သဖြင့် မြေသို့လဲကျသွားလေ၏။ လူရိုင်းတို့လည်း ရပ်တန့်လျက်နေရာမှ မိမိတို့၏ အဖော်တစ်ယောက်ကျဆုံးသည်ကို မြင်သဖြင့် ကျွန်ပ်တို့ရှိရာသို့

လုံများနှင့်ချိန်လျက် အတင်းပြေးဝင်လာကြရာ ပေါစံနှင့် ကျွန်ုပ်တို့သည် ကျန်ရှိသော ယမ်းတောင့်များနှင့် ပစ်ခတ်သဖြင့် လူငါးယောက်တို့သည် ထပ်မံကျဆုံးလေ၏။

ထိုအခါ ကျွန်ုပ်တို့၏ သေနတ်၌လည်း ထပ်မံပစ်ခတ်ရန် ကျည်ဆန်မရှိသဖြင့် ခါးတွင်လွယ်ထားသော ဓားမြှောင်တို့ကို ထုတ်၍ ခုခံမည်ပြုသည်တွင် တစ်ယောက်သောလူရိုင်းသည် ကျွန်ုပ်တို့ရပ်လျက်ရှိသော ခုတင်ပေါ်သို့ ခုန်တက်လိုက်ရာ မောင်စောနိုင်သည် ထိုလူ၏ ရင်ဝကို ဓားမြှောင်နှင့်တအားထိုး၍နှစ်လိုက်လေ၏။

ကျွန်ုပ်အနီးသို့ရောက်လာသူ လူရိုင်းတစ်ယောက်ကို ထိုနည်းအတူ ဓားမြှောင်နှင့် စီရင်လိုက်ရာ ပေါစံမှာမူမိမိအား တိုက်ခိုက်လာသူကို မခုခံနိုင်သည်ဖြစ်၍ တိုက်ခိုက်သူလူရိုင်းသည် ပေါစံ၏ခါးကိုဖက်ပြီးလျှင် ခုတင်ပေါ်မှ ဆွဲချလေ၏။ ပေါစံ၏လက်မှဓားမြှောင်လည်း လွတ်ကျ၍ မြေတွင်လက်ကိုင်ဖြင့် ရှေးဦးစွာကျသဖြင့် ထောင်လျက်ရှိစဉ် လူရိုင်းနှင့်ပေါစံသည် နှစ်ယောက်သားထွေးလုံးလျက် ဓားမြှောင်ပေါ်သို့ကျလေရာ လူရိုင်းမှာ အောက်က ကျသဖြင့် ဓားမြှောင်စိုက်လျက်သေလေ၏။

၎င်းနောက် ကျွန်ုပ်သည် ပေါစံအား ကြည့်ရှုရန် အချိန်မရှိသဖြင့် မည်သို့ရှိနေသည်ကို သတိမပြုနိုင်ဘဲ ကျွန်ုပ်အား တိုက်ခိုက်သူလူရိုင်းတို့အား ခုခံလျက်ရှိလေရာ ကျွန်ုပ်သည် အထက်တွင်ဖော်ပြခဲ့ပြီးသည့်အတိုင်း ဘားကစားခြင်း၊ ဘောလုံးကန်ခြင်းတို့၌ ဝါသနာပါရှိသည့်အလျောက် အလွန်တရာ အားခွန်ဗလကြီးသည်ဟု ကျော်စောခဲ့ဖူးရကား မိမိ၏ခွန်အားကို ထိုနေရာ၌ များစွာအသုံးပြုရလေ၏။

လူရိုင်းတစ်ယောက်သည် ကျွန်ုပ်ရှိရာသို့ အတင်းခုန်တက်ပြန်သဖြင့် ကျွန်ုပ်သည် ဓားမြှောင်နှင့် ဦးခေါင်းကို ထိုးလိုက်ရာ ဓားမြှောင်မှာ မျက်စိမှ လည်ကုပ်သို့တိုင်အောင် စူးဝင်၍သွားသဖြင့် ထိုလူရိုင်းလည်း လဲကျသွားရာ ဓားမြှောင်မှာမူ ရုတ်တရက် နုတ်၍မရသည်ဖြစ်သောကြောင့် ကျွန်ုပ်၏လက်မှ လွတ်၍ ပါသွားလေ၏။

ထိုခဏ၌ အခြားလူရိုင်းနှစ်ယောက်တို့သည် ကုတင်ပေါ်သို့ တစ်ပြိုင်နက်ခုန်တက်၍ ကျွန်ုပ်တို့ကို တိုက်ခိုက်ကြရာ ကျွန်ုပ်မှာ ခုခံရန်လက်နက်မကျန်ရှိသည်ဖြစ်၍ ကြံရာမရသည်နှင့် နှစ်ဦးလုံးကို လက်ဖြင့်ပွေ့ဖက်ပြီးလျှင် ခုတင်ပေါ်မှ ခုန်ချလိုက်လေ၏။

မြေသို့ရောက်လျှင် ကျွန်ုပ်သည် ၎င်းတို့နှစ်ဦးကို မလွှတ်ဘဲ ကျွန်ုပ်၌ရှိသမျှခွန်အားကို ထုတ်၍ အတင်းညှစ်လေရာ ထိုသူတို့၏ နံရိုးတို့မှ တကျွတ်ကျွတ်မြည်သည့်အသံတို့ကို ကြားရကုန်၏။ လူရိုင်းနှစ်ယောက်မှာလည်း အသက်မရှုနိုင်၊ အရိုးများလည်း ကျိုးကြေကုန်သည်ဖြစ်၍ နာကျင်လှသောကြောင့် ကျွန်ုပ်၏လက်မှလွတ်ရန် ကျွန်ုပ်၏မျက်နှာကို ဆိတ်ဖဲ့ခြင်း၊ လက်သီးများဖြင့် ထိုးပုတ်ခြင်း၊ အသွားများကို လိမ်ဆွဲခြင်း စသည်ဖြင့် အနည်းနည်းအဖုံဖုံပြုလုပ်ကြသော်လည်း ကျွန်ုပ်သည် မလွှတ်ဘဲ အားကုန်ညှစ်၍ထားရာ ထိုသူတို့သည် တဖြည်းဖြည်းပျော့လျက် မရုန်းနိုင်ဘဲ ရှိကြလေ၏။

ဤသို့ရှိစဉ် ကျွန်ုပ်မှာ မြေပေါ်၌ပက်လက်လန်လျက် လူရိုင်းနှစ်ယောက်သည် ကျွန်ုပ်၏ အပေါ်မှစီးလျက်ရှိကြသဖြင့် အပေါ်မှလာမည်ဖြစ်သော ဘေးရန်တို့မှာလည်း ၎င်းတို့၏ကိုယ်သည် ကွယ်ကာဘိသကဲ့သို့ရှိလေ၏။

ကျွန်ုပ်လက်တွင်းရှိ လူရိုင်းနှစ်ယောက်လည်း မရုန်းနိုင်၊ မဖယ်နိုင်ဘဲ နွမ်းခွေလျက်ရှိကြသော်လည်း ၎င်းတို့ကိုလွှတ်လိုက်က တဖန်ပြန်၍ ရှင်မည်ကို စိုးသောကြောင့် အသက်ပျောက်သည့်တိုင်အောင် အတင်းဖက်၍ထားရာ အခြားလူရိုင်းတို့သည် ကျွန်ုပ်တို့သုံးဦးလုံးပင် သေပြီဟုအောက်မေ့သဖြင့် မနှောင့်ယှက်ဘဲ ရှိနေကြလေ၏။

၎င်းနောက် ကျွန်ုပ်သည် ပျော့ခွေလျက်ရှိသော နှစ်ယောက်ကို ဖက်မြဲတိုင်းဖက်လျက် မောင်စောနိုင်မှာလည်း အလွန်တရာ ခွန်အားဗလနှင့် ပြည့်စုံသူဖြစ်၍ ခွေးတို့သည် သမင်အားဝိုင်း၍တွယ်သည့်အခါ သမင်သည် ဦးချိုဖြင့် တတ်အားသမျှခုခံဘိသကဲ့သို့ မိမိအား အတင်းတွယ်ဖက်လျက်ရှိသော လူရိုင်းတို့ကို ဓားမြှောင်ဖြင့် ခုခံလျက်ရှိလေ၏။

Myanmar cupid

လုရိုင်းတို့မှာလည်း လုံများဖြင့် မောင်စောနိုင်ကို ထိုးသတ်မည် ကြံကြသော်လည်း လူအမြောက်အမြား လုံးထွေးလျက်ရှိသည်ဖြစ်၍ မိမိတို့ အချင်းချင်းထိုးမိမည် စိုးရိမ်သဖြင့် လက်ရဖမ်းမိရန်ကိုသာလျှင် ကြိုးစားလျက် ရှိကုန်၏။

မောင်စောနိုင်လည်း လူရိုင်းတစ်ယောက်၏ ရင်ဝကို ဓားမြှောင်နှင့် ထိုးသတ်ပြန်ရာ အထိုးခံရသူလူရိုင်းသည် မိမိရင်တွင် စိုက်လျက်ရှိသော ဓားမြှောင်ကို လက်ဖြင့်ဆုပ်ကိုင်၍ သေသည့်တိုင်အောင် မလွှတ်ဘဲရှိသဖြင့် ဓားမြှောင်သည် မောင်စောနိုင်၏ လက်မှလွတ်၍ကျသွားလေ၏။ မောင်စောနိုင် လည်း ခုခံရန်လက်နက်မရှိသဖြင့် လက်သီးဖြင့်သာလျှင် အတန်ကြာအောင် ခုခံသေးသည်ဖြစ်ရာ လူရိုင်းတို့သည် မြောက်မြားလှသည်ဖြစ်၍ ခွေးတို့၏ လက်တွင်းသို့ကျရောက်သော သမင်ကဲ့သို့ ဝိုင်းဝန်းဆွဲငင်ကြလေ၏။

ဤသို့ဖြစ်သည့်တိုင်အောင် မောင်စောနိုင်မှာ အားကို မလျှော့သေးဘဲ တစ်ယောက်ကို လက်သီးဖြင့် ထိုးလဲပြီးလျှင် အခြားတစ်ယောက်ကို ကိုင်ဖမ်း၍ ခုတင်ပေါ်မှ ပစ်ချလိုက်ရာ နှစ်ယောက် သုံးယောက်တို့သည် လိမ့်လျက် ကျသွားကြကုန်၏။ နောက်ဆုံးကား မောင်စောနိုင်သည် မောပန်းလှသည်ဖြစ်၍ လူရိုင်းတို့လက်တွင်းသို့ ကျရောက်ရရှာလေရာ ကျွန်ုပ်မှာ မောင်စောနိုင်အား ကူညီခြင်း မပြုနိုင်ဘဲ စိတ်တွင်ချီးမွမ်းလျက်သာလျှင် ကြည့်နေရလေ၏။

လူရိုင်းတို့လည်း မောင်စောနိုင်ကို ခုတင်ပေါ်မှဆွဲချ၍ပြီးလျှင် ယခင်က 'အသံတိုင်' လုပ်သူလူရိုင်းက …

'ဒင့်လည်ပင်း ထိုးရအောင် လုံယူခဲ့၊ ဒင့်သွေးခံရအောင် ခွက်လဲပါပစေ' ဟုပြောပြီးလျှင် တစ်ယောက်သော လူရိုင်းသည်လုံနှင့်ခွက်ကို ယူလာသည်ကို မြင်ရသဖြင့် ကျွန်ုပ်သည် မကြည့်ဝံ့သောကြောင့် မျက်စိကိုမှိတ်ထားလိုက်၏။ ဤသို့မျက်စိကိုမှိတ်ထားစဉ် ရန်းရန်းရင်းရင်း အသံကြားရသဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်ပြန်ရာ မယ်သာမာသည် လဲလျက်ရှိသော မောင်စောနိုင်၏ ကိုယ်ပေါ်သို့ ပစ်လှဲပြီးလျှင် တစ်ကိုယ်လုံးဖက်လျက်ထားသည်ကို တွေ့ရ လေ၏။

လူရိုင်းတို့လည်း မောင်စောနိုင်ကို လုံဖြင့်ထိုးရန် နေရာမတွေ့နိုင်ဘဲ ရှိကြသဖြင့် မိန်းကလေးကို အတင်းဖယ်ကြရာ မယ်သာမာသည် ခြေလက်တို့ဖြင့် လိမ်လျက် အတင်းဖက်ထားသောကြောင့် ဖယ်၍မရနိုင်ဘဲ ရှိကြလေ၏။ ထိုအခါ တစ်ယောက်သောသူက ...

'ကဲ ဒါဖြင့် နှစ်ယောက်စလုံး တစ်ပြိုင်တည်း သတ်ပေတော့၊ သည်လောက် တောင်ရှိမှ ဒင်းပါ သေပေစေ' ဟု ပြောလိုက်ရာ တစ်ယောက်သော လူရိုင်းသည် နှစ်ယောက်လုံးကို ထိုးသတ်တော့မည်ဟု လှံကို မြှောက်လိုက်သည်တွင် ကျွန်ုပ်လည်း မကြည့်ဝံ့သဖြင့် မျက်စိကို မှိတ်ထား လိုက်ရပြန်လေ၏။

ဤသို့ ကျွန်ုပ်သည် မျက်စိကိုမှိတ်လိုက်သည်နှင့် တစ်ပြိုင်နက် တစ်စုံတစ်ယောက်သောသူက နက်ကျယ်သောအသံဖြင့် ...

'ဟေ့ တော်ကြ' ဟုအော်လိုက်ရာ ကျွန်ုပ်လည်း သတိမေ့လျော့ သွားလေ၏။

၁၃၈

# အခန်း (၈)

ကျွန်ုပ်သည် သတိရသဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်သည့်အခါ မီးပုံကြီး၏အနီး နွားရေဖြင့်ခင်းထားသော အိပ်ရာပေါ်သို့ ရောက်လျက်ရှိကြောင်းကို တွေ့ရလေ၏။ ကျွန်ုပ်၏ အနီး၌လည်း မောင်စောနိုင်သည် မိန်းမောမေ့လျော့လျက်ရှိရာ မယ်သာမာသည် မောင်စောနိုင်၏ နံဘေးတွင် လုံ့စူးသောဒဏ်ရာကို ဆေးထည့်လျက် အဝတ်တို့ဖြင့် ကျပ်စည်းနေသည်ကို တွေ့ရလေ၏။ ပေါစံမှာမူ မယ်သာမာ၏ အနီးတွင် နံရံကိုမှီ၍ရပ်လျက် ဒဏ်ရာဒဏ်ချက်မရှိဘဲ အလွန်တရာတုန်လှုပ်သော မျက်နှာထားဖြင့် ကြည့်နေသည်ကို တွေ့မြင်ရလေ၏။ မီးပုံ၏ အခြားဘက်၌လည်း ကျွန်ုပ်တို့၏ လက်ချက်ဖြင့် သေကုန်သော လူရိုင်းခုနစ်ယောက်တို့၏ အလောင်းများကို ကာစင်၏အလောင်း၊ မိန်းမအလောင်းတို့နှင့် စီတန်းလျက်ထားသည်ကို တွေ့မြင်ရလေ၏။ ၎င်းအလောင်းများ၏ အနီး၌လည်း နှစ်ဆယ်ခန့်သော လူရိုင်းတို့ကို အခြားလူရိုင်းတို့က နှစ်ယောက်တစ်တွဲတွဲ၍ လက်ပြန်ကြိုးချည်လျက်ရှိရာ ဇနေတ္တိသည်လည်း ဘုရင်မထံမှ ပြန်လာ၍ လူရိုင်းတို့အား အမိန့်ပေးလျက် ရှိသည်ကို တွေ့မြင်ရလေ၏။

အဘိုးကြီးလည်း ကျွန်ုပ်သတိရသည်ကို မြင်သဖြင့် အနီးသို့လာပြီးလျှင် 'ဘယ်သို့ရှိပါသနည်း' ဟုမေးရာ ကျွန်ုပ်က 'များစွာအားနည်းသေးသော်လည်း

ကိစ္စမရှိကြောင်း' ကို ပြန်ပြောလေ၏။ ၎င်းနောက် မောင်စောနိုင်၏အနီးသို့ ချဉ်းကပ်လျက် ဒဏ်ရာကိုကြည့်ပြီးသော် ...

'ဒဏ်ရာက အင်မတန်ကြီးသည်၊ သို့သော် ချက်ကောင်းကို မထိသဖြင့် အသက်ချမ်းသာကောင်းပါ၏' ဟု ပြော၍ ကျွန်ုပ်အနီးသို့ လာပြန်လေ၏။

ထိုအခါ ကျွန်ုပ်က ...

'ဖခင်ပြန်လာပေလို့သာ ကျွန်တော်တို့မှာ အသက်ချမ်းသာရာ ရတော့တယ်ခင်ဗျာ၊ နည်းနည်းကလေး နောက်ကျသွားလို့ရှိရင်ဖြင့် ကာစင်နောက် ကျွန်တော်တို့လဲ လိုက်ရပြီးပါပဲ' ဟု ပြောလျှင် အဘိုးကြီးသည် အံသွားများကို ကြိတ်လျက် အလွန်တရာ အမျက်ထွက်သော မျက်နှာထားနှင့် ...

'မစိုးရိမ်ပါနဲ့ငါ့သားရယ်၊ သည်အကောင်တွေကိုလား အကုန်လုံး ဘုရင်မလက် အပ်လိုက်မယ်၊ ဘုရင်မလက် ရောက်ရင်တော့ ကာစင်ကို သူတို့ သတ်မယ်ကြံတဲ့ သေခြင်းမျိုးထက် အသေဆိုးပြီသာ မှတ်ပါတော့' ဟု ပြောပြီးလျှင် ကျွန်ုပ်အနီးတွင်ထိုင်လျက် ...

'ကဲ ငါ့သား ဘယ်ပုံဖြစ်ကြတယ်ဆိုတာ ဖခင်ကို အကုန်ပြောစမ်း' ဟု ပြောသဖြင့် ကျွန်ုပ်သည် အဖြစ်အပျက်ကို အစမှ အဆုံးတိုင် အကျဉ်းအားဖြင့် ပြန်ပြောရာ အဘိုးကြီးက ...

'ငါ့သားများအရင် လာရောက်တဲ့လူများကိုတော့ ဘယ်သူ့ကိုမှ အရှင်ထားဖူးတယ်မရှိဘူး၊ ဘုရင်မ အမိန့်တော်မှာလဲ မောင်တို့သုံးယောက် အကြောင်းသာ ပါတယ်၊ ကာစင်အတွက်တော့ အမိန့်တော်မရှိဘူး၊ သည်တော့ ဟိုအကောင်မက သူ့ကို ငြင်းဆန်ရမလားလို့ သူ့လူတွေကိုလက်စားချေရန် တိုက်တွန်းတဲ့လက္ခဏာပဲ၊ သည်အကောင်တွေအကုန်လုံး ဘုရင်မဆီ ပို့ရမယ်၊ ဘုရင်မဆီရောက်ရင်လား ငါ့သားများလက်ချက်နဲ့သေလွန်တဲ့ အကောင်များဟာ ကိုယ့်ကိုယ်ကို အင်မတန်ကံကောင်းတယ်လို့ အောက်မေ့ရမယ်၊ ဒါနဲ့ သေတဲ့အကောင်တွေ ရင်ဘတ်မှာ အပေါက်ကလေးတွေ တွေ့တယ်၊ ပြီးတော့လဲ သူတို့မသေမီက အသံတစ်ခုကြားရသတဲ့၊ သည်ဟာဘာလဲ၊ ပြောစမ်းပါ

သားရယ်’ ဟု မေးလျှင် ကျွန်ုပ်သည် သေနတ်အကြောင်းနှင့် ယမ်း၏ အကြောင်းများကို အဘိုးကြီးအား ပြောပြရလေ၏။

အဘိုးကြီးလည်း ကျွန်ုပ်ပြောသည်ကို အလွန်တရာနှစ်သက်လှ၍ ...

‘ကဲ ဒါဖြင့် ဟိုအကောင်တစ်ယောက်ကို ပစ်စမ်း၊ ကြည့်ရအောင်၊ သေနတ်ဘယ်မှာလဲ ပေးစမ်း’ ဟု ပြောသောအခါ ကျွန်ုပ်က ...

‘လူကိုပစ်ခတ်၍စမ်းသည်ထက် တောတိရစ္ဆာန်များကို ပစ်၍ စမ်းသည်က သာ၍ကောင်းသည်ဖြစ်ကြောင်း ကျွန်ုပ်ကျန်းမာသည့်အခါ တောကောင်များကို ပစ်ခတ်ရန် အဘိုးကြီးနှင့် တောလည်သွားမည့်အကြောင်း’ ကို ပြောလျှင် အဘိုးကြီးသည် စိတ်ကျေနပ်သဖြင့် ဝမ်းမြောက်သည့်အမူအရာနှင့်ရှိနေလေ၏။

ထိုသို့ပြောဆိုနေကြစဉ် မောင်စောနိုင်သည် သတိရသဖြင့် ရေတောင်း၍ ပေါ်စံနှင့် မယ်သာမာတို့သည် ရေတစ်ခွက်ကိုကိုင်ပြီးလျှင် ၎င်းကိုတွဲကာ အခန်းရှိရာသို့ လိုက်၍ပို့ကြလေ၏။ ကျွန်ုပ်လည်း အလွန်တရာအားနည်းလှသည်ဖြစ်၍ ကျွန်ုပ်၏ အခန်းသို့ဝင်၍အိပ်ရာ ထိုညဥ့် ကျွန်ုပ်သည် ကောင်းမွန်စွာအိပ်၍ မပျော်ဘဲ ကာစင်သည် မီးပုံအနီးတွင် ရှန်းလျက်ရှိနေသည်ကိုပင် ခဏခဏ အိပ်မက်မြင်မက်ပြီးလျှင် မြင်မက်သည့်အခါတိုင်း တဖျတ်ဖျတ်လန့်၍နိုးလေ၏။ နောက်တစ်ကြိမ်လန့်၍ အနိုးတွင် ကျွန်ုပ်သည် မျက်စိကိုဖွင့်၍ကြည့်လိုက်ရာ ဇနေတ္တိသည် ခုတင်အနီးတွင် မီးခွက်ကိုကိုင်လျက် ကျွန်ုပ်ကို စိုက်၍ကြည့်နေသည်ကို မြင်ရလေ၏။

အဘိုးကြီးလည်း ကျွန်ုပ်နိုးနေသည်ကို မြင်သဖြင့် ...

‘ငါ့သား နိုးပြီလား’ ဟု ပြော၍မီးခွက်ကိုချထားပြီးလျှင် ခုတင်၏ အစွန်းတွင်ထိုင်လျက် ...

‘နေကောင်းပါ၏လော’ ဟု မေးရာ ကျွန်ုပ်မှာ ...

‘အနည်းငယ်ဖျားလျက်ရှိနေသည်ဖြစ်၍ ထိုဂူတွင်း၌ နေရသည်မှာ အလွန်တရာအသက်ရှူကျပ်ကြောင်း၊ လွတ်လပ်ကျယ်ဝန်းသောနေရာ၌ ထိုင်ရ

ခြင်းကို များစွာတောင့်တလိုလားကြောင်း၊ ထိုဂူကို မြင်ရသည်မှာလည်း အလွန်တရာ စိတ်မချမ်းသာဖွယ်ရာဖြစ်ကြောင်း’ စသည်ဖြင့် ပြောလေလျှင် ဇနေတ္တိက …

‘ဩော် ဟုတ်တယ်၊ ဖခင် ငယ်ငယ်တုန်းက အခန်းထဲ ခဏခဏ ရောက်ခဲ့ဖူးတယ်၊ သည်တုန်းက အဖြစ်များတောင် သွားပြီး သတိရသေးတယ်၊ သည်လိုကိုး ငါ့သားရဲ့၊ ငါ့သား ခုအိပ်နေတဲ့ခုတင်ပေါ်မှာပဲ ဟိုအခါတုန်းက မိန်းမတစ်ယောက်အလောင်းကို ထားတာကိုး၊ သည်မိန်းမကလဲလေ အင်မတန် ချောတဲ့ လှတဲ့ မိန်းမပါပေဘဲ၊ ဖခင်လည်း သည်အခါတုန်းက ခပ်ငယ်ငယ် ရှိသေးတာကိုး၊ ဒါနဲ့ တစ်နေ့တော့ ကံအားလျော်စွာ သည်အခန်းထဲရောက်တော့ သည်အလောင်းကို မြင်ရတာကိုး၊ အလောင်းကလဲလေ တကယ့်ကို လူသား ပကတိ အိပ်နေတဲ့အတိုင်းပဲ၊ ဖူးခြင်း၊ ရောင်ခြင်း၊ ပုပ်ခြင်း၊ စပ်ခြင်းလဲ မရှိ ပါဘူး၊ သည်နေရာမှာ သည်အလောင်းကိုပြင်ထားတာ နှစ်ပေါင်း ဘယ်လောက် ရှိပြီလဲ မပြောတတ်ဘူး၊ ကြည့်ရတာဖြင့် ယခုပဲ လောလောလတ်လတ်သေလို့ အလောင်းပြင်ထားတဲ့အတိုင်းပဲ၊ ဖခင်တို့ပြည်မှာ ရှေးကလူကြီးများဟာ လူ တစ်ယောက်သေရင် မပုပ်မသိုးအောင် ဆေးစိမ်တဲ့နည်းကို တတ်တာကိုး သားရဲ့၊ အခုတော့ ဘုရင်မနေတဲ့အစုမှာတော့ သည်လိုအလောင်းတွေ အပုံကြီး ရှိသေးတယ်၊ ငါ့သားများသွားတော့ တွေ့ရပါလိမ့်မယ်၊ ဒါနဲ့ဖခင်က သည်အလောင်းချည်းပဲ နေ့တိုင်းလာပြီးကြည့်နေတော့ ကြည့်ရင်း ကြည့်ရင်းပဲ အလောင်းကို အလောင်းရယ်လို့ မမှတ်ထင်ဘဲ တကယ့်အသက်ရှင်နေတဲ့ မိန်းကလေးတစ်ယောက် အိပ်ပျော်နေတယ်လို့ စိတ်ထဲမှတ်ထင်ရသလိုဖြစ်ပြီး စိတ်ထဲမှာ ချစ်ခင်စုံမက်တဲ့စိတ် ပေါ်လာတာကိုး၊ ဖခင်မှာ အလောင်းနားက မခွာနိုင်ဘဲ တစ်နေ့ဖြင့်လဲ သည်အခန်းမှာ၊ တစ်နေ့ဖြင့်လဲ သည်အလောင်းနားမှာ ထိုင်ပြီး မျက်နှာကိုပဲ သေသေချာချာ လာလာပြီးကြည့်နေတာကိုး၊ ဒါနဲ့ ဖခင်တို့ မိခင်က စိတ်ထဲက သင်္ကာမကင်းဖြစ်ပြီး တစ်နေ့သဉ္ဈတော့ နောက်ယောင်ခံပြီး လိုက်လာတာကိုး၊ လိုက်လာလို့ ဖခင်လည်း အလောင်းနားမှာ ထိုင်ပြီး အလောင်းကိုကြည့်နေတာတွေ့ရော သည်အလောင်းကြည့်ရတာနဲ့ပဲ ဖခင်မှာ အချိန်ကုန်တယ်ဆိုပြီး အလောင်းကိုအုတ်နံရံမှာ ထောင်ပြီး ဆံပင်ကို မီးရှို့လိုက်

တာကိုး၊ သည်အလောင်းက ဆေးစိမ်ထားတဲ့အလောင်းဖြစ်တော့ ပရုတ်များ၊ ကျွဲကော်များကို မီးရှို့သလို အလွယ်တကူမီးလောင်သွားတာကိုး၊ သည်အလောင်း မီးရှို့လို့ မဟုတ်လား ငါ့သားခေါင်းပေါ်က ဂူအမိုးမှာ ကျပ်ခိုးတွေစွဲနေတာ မော့ကြည့်စမ်း' ဟု ပြောလျှင် ကျွန်ုပ်လည်း ကြက်သီးတဖြန်းဖြန်းထလျက် ဦးခေါင်းပေါ်သို့မော့ကြည့်လိုက်ရာ အဘိုးကြီးပြသည့်အတိုင်း ဂူ၏အမိုး၌ ကျပ်ခိုးများ စွဲငြိလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ငင်းနောက် အဘိုးကြီးက ဆက်လက်၍ ...

'ဒါနဲ့ပဲ ကြည့်နေရင်း အလောင်းဟာ မီးလောင်သွားလိုက်တာ ခြေထောက်ကလေးတစ်ဖက်ပဲ ကျန်ရစ်တော့တာကိုး၊ အမေလဲ မီးရှို့ပြီး အခန်းထဲက ထွက်သွားတာနဲ့ ကိုယ်ချစ်လှတဲ့အလောင်းမှာ တစ်စုံတစ်ခု မှတ်သားရစ်ရအောင် ယူထားလိုက်ဦးမှပဲလို့ အောက်မေ့ပြီး မီးအသာငြိမ်း၊ ဆက်နေတဲ့အရိုးကိုဖြတ်၊ ခြေထောက်ကလေးကို အဝတ်နဲ့အသာပတ်ပြီး ဟောသည် ခုတင်အောက်ထိုးထားလိုက်တယ်၊ သည်ကတည်းက ယခုထက်ထိ သည်အခန်းထဲ တစ်ခေါက်မှ မရောက်သေးဘူး၊ ရှိများရှိလေသေးလား စမ်းကြည့်ရဦးမယ်' ဟု ပြော၍ အဘိုးကြီးသည် ကျွန်ုပ်၏ ခုတင်အောက်သို့ငုံ့၍ လက်ဖြင့်စမ်းရာ တစ်စုံတစ်ခုကိုတွေ့သည့် လက္ခဏာနှင့် ...

'သြော် ရှိပါသေးကလား' ဟု ပြော၍ အထုပ်ငယ်တစ်ခုကို ဖြည်းညင်းစွာ ဆွဲထုတ်လေ၏။

အဘိုးကြီးလည်း အထုပ်ကို ဖြေလျက်ရှိရာ ကျွန်ုပ်မှာ လွန်စွာ အံ့သြလှသည်နှင့် အသက်ကိုမျှ မရှူရှိုက်ဘဲ စိုက်၍ကြည့်နေမိလေ၏။ အဝတ်တို့မှာ ဆွေးမြည့်နေသည်ဖြစ်၍ အဘိုးကြီးသည် အထုပ်ကိုဖြည်းညင်းစွာ ဖြေလိုက်ရာ ငင်းပြောသည့်အတိုင်း အလွန်တရာ ဖြူစင်လှသဖြင့် ပကတိအတိုင်း ရှိသော လူ၏ခြေထောက်တစ်ချောင်းကို တွေ့မြင်ရလေ၏။

'ဟောသည်မှာကြည့်စမ်း ငါ့သား၊ သည်ခြေထောက်ပဲ၊ ရော့ ကိုင်ကြည့် စမ်း' ဟု ပြော၍ ကျွန်ုပ်အား ခြေထောက်ကိုလှမ်းပေးရာ ကျွန်ုပ်သည် လူ၏

ခြေထောက်ဖြစ်ကြောင်းကို သိသဖြင့် အနည်းငယ်တုန်လှုပ်သော်လည်း ကြည့်လိုသောဆန္ဒ အားကြီးလှသည်ဖြစ်၍ ခြေထောက်ကိုယူကြည့်ရာ ခြေထောက်မှာ ယခုပင် လတ်လတ်ဆတ်ဆတ် ဖြတ်ထားဘိသကဲ့သို့ နံစော်ခြင်းလည်းမရှိ၊ ဆွေးမြည့်ခြင်းလည်းမရှိ၊ ညိုမည်းခြင်းလည်းမရှိ၊ ပကတိလူ၏ခြေထောက်အတိုင်း ရှိနေသည်ကိုတွေ့မြင်ရလေ၏။ ဖြတ်၍ထားသောနေရာ၌မူ မီးလောင်၍ထားသဖြင့် ရှုံ့လျက်ရှိနေရာ အခြားနေရာ၌မူ လူ၏အသားကို ကိုင်ရဘိသကဲ့သို့ ပျော့ပျောင်းနူးညံ့လျက်ရှိကုန်၏။

ကျွန်ုပ်လည်း 'ထိုပြည်သားတို့သည် ဤကဲ့သို့ မပုပ်မသိုးနိုင်ဘဲ နှစ်ပေါင်းများစွာ ပကတိအတိုင်းတည်နေအောင် ပြုလုပ်နိုင်သည့်အကြောင်းများကို များစွာအံ့သြလျက် ဤခြေထောက်သည် မည်သူ၏ခြေထောက်ဖြစ်လေသနည်း၊ ယခုအခါ ထိုခြေထောက်ရှင်သည် မည်သည့်ဘဝ၌ရှိရှာလေသနည်း' စသည်ဖြင့် စဉ်းစားလျက်ရှိရာ အလောင်းကိုစိမ်သည့်ဆေးတို့မှာ မွှေးကြိုင်သော ဆေးများဖြစ်သဖြင့် ခြေထောက်သည်လည်း မွှေးကြိုင်သောအနံ့တစ်မျိုး ထွက်လျက်ရှိကုန်၏။

ကျွန်ုပ်လည်း ခြေထောက်ကို သေချာစွာကြည့်ရှုပြီးလျှင် အလွန်တရာ အံ့သြလှသည်နှင့် အဘိုးကြီးထံမှ ကျွန်ုပ်အား ပေးပါဟု တောင်းခံ၍ သားရေအိတ်အတွင်းသို့ ထည့်ထားလိုက်လေ၏။ ၎င်းနောက် အိပ်ရာမှထပြီး မောင်စောနိုင်ရှိရာသို့ အဘိုးကြီးနှင့် သွားရောက်ကြည့်ရှုကြရာ မောင်စောနိုင်၏ ဒဏ်ရာမှာ အလွန်ကြီးကျယ်သော်လည်း သေကြေလောက်အောင် မဟုတ်သဖြင့် ထိုနေ့မှသုံးရက်မြောက်သောနေ့တွင် ကျွန်ုပ်တို့သည် ဘုရင်မထံသို့ သွားကြရမည်ဟု အဘိုးကြီးက ပြောလေသည်။

ကျွန်ုပ်မှာ မောင်စောနိုင်၏ ဒဏ်ရာအတွက် စိုးရိမ်မကင်းဖြစ်သော်လည်း အဘိုးကြီးမှာ ဘုရင်မ၏အမိန့်ကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ ဆောင်ရွက်လိုသည့် လက္ခဏာရှိသောကြောင့် ဆိုင်းငံ့ရန်မပြောဝံ့ဘဲ ဘုရင်မရှိရာအစုသို့ သွားရောက်ရန် ပြင်ဆင်ကြလေ၏။

# အခန်း (၉)

သုံးရက်မြောက်သောနေ့၌ မောင်စောနိုင်လည်း ဒဏ်ရာပျောက်ကင်းပြီ ဖြစ်၍ ကျွန်ုပ်တို့သည် အိပ်ရာမှထလျှင် ထမ်းစင်ငါးခုတို့သည် အဆင်သင့် ပြင်ဆင်ပြီးရှိကြသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်လည်း အဘိုးကြီးနှင့်တွေ့၍ အဘယ်ကြောင့် ထမ်းစင်ငါးခု ဖြစ်ပါသနည်းဟု မေးရာ အဘိုးကြီး သည် မယ်သာမာရှိရာသို့ လက်ညှိုးညွှန်၍ ပြသဖြင့် မယ်သာမာလည်း ကျွန်ုပ်တို့နှင့်အတူ လိုက်မည့်အကြောင်းကို သိရှိရ လေ၏။

နံနက်စာ စားပြီးသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ထမ်းစင် ပေါ်သို့ အသီးသီးတက်ကြပြီးလျှင် ထွက်လာကြလေ၏။

ထမ်းစင်တစ်ခုလျှင် လူရိုင်းလေးယောက်ထမ်း၍ ငါးဆယ်ခန့်သော လူရိုင်းတို့မှာလည်း ကိုယ်စီ ထမ်းကြပြီးလျှင် ဝိုင်းကာလိုက်ကြလျက် အဘိုးကြီး ၏ ထမ်းစင်သည် ရှေ့ဆုံးမှသွားလေ၏။

တစ်နာရီခန့်မျှ သွားမိသော် လမ်းသည် တဖြည်းဖြည်း နိမ့်ဆင်းသွားရာ နာရီဝက်ခန့် သွားမိပြန်သော် မျက်စိတစ်ဆုံး ရွှံ့နွံတို့ဖြင့် ပြီးလျက်ရှိသည်ကို တွေ့ရလေ၏။

ထိုအရပ်သို့ ရောက်သကာလ လမ်းဟူသည်လည်း ထင်ရှားအောင် ရှိသည် မဟုတ်သဖြင့် ရှေ့ဆုံးမှ သွားသူနစ်ယောက်တို့သည် ဝါးများဖြင့် နွံများတွင် စမ်းလျက်သွားကြရလေ၏။

အဘယ်ကြောင့်ဆိုသော် လူရိုင်းတို့သည် မိမိတို့ သွားရမည်ဖြစ်သော လမ်းကို ကောင်းစွာမှတ်မိကြသော်လည်း ထိုလ၌ ထိုလမ်းဖြင့် သွားရောက်နိုင်၍ နောက်တစ်လ၌မူ ပထမလမ်းသည် ရွှံ့နွံတို့ဖြင့်ပြည့်လျက်ရှိသည် ဖြစ်သော ကြောင့် လမ်းတစ်မျိုးဖြင့် သွားရမည်ဖြစ်ရာ လမ်းကို သိရှိကြပြီး ဖြစ်သူတို့ ပင်လျှင် အရမ်းမဲ့ မသွားဝံ့ဘဲ စမ်းသပ်၍သာလျှင် သွားလာကြကုန်၏။

လမ်းခရီးတွင် ဥဗျိုင်း၊ တင်ကျီး အစရှိသည့် ရေ၌ကျက်စားသော သတ္တဝါတို့သည် လမ်းနံဘေး တစ်ဖက်တစ်ချက်တို့၌ မိမိတို့ အစာဖြစ်သော ဖား၊ ငါး စသည်တို့ကို ရှာဖွေ စားသောက်လျက် ရှိကြရာ ရေအိုင် တို့မှာလည်း အလွန်တရာ စက်ဆုပ်ရွံရှာဖွယ်ကောင်းလှပေ၏။

ဤသို့လမ်းတို့ကို စမ်းရင်း ရှာဖွေလျက် တဖြည်းဖြည်းသွားကြရာ မွန်းတည့်အချိန် ရောက်လတ်သော် ပတ်ဝန်းကျင်အရပ်တို့ထက် အနည်းငယ် မြင့်လျက်ရှိသော ကုန်းမြင့်ကလေးသို့ရောက်ကြလျှင် အမောအပန်းဖြေ၍ နေ့လယ်စာ စားသောက်ရန် စခန်းချလေ၏။

ထိုနေရာ၌ တစ်နာရီမျှ နားနေကြပြီးလျှင် ဆက်လက်၍ သွားကြ လေပြန်ရာ နေဝင်ချိန်ရောက်လျှင် ညစခန်းချရာသို့ ရောက်ကြလေ၏။

ညစာ စားသောက်ကြပြီးလျှင် လူရိုင်းတို့သည် ကျွန်ုပ်တို့အတွက် မီးပုံ တစ်ခု ဖို၍ ပေးကြရာ ကျွန်ုပ်တို့ သည် မီးပုံကို ဝိုင်းရံလျက် အိပ်ကြရလေ၏။

ထိုအရပ်၌ ဖားတို့သည် ညအခါတွင် အလွန်တရာ ဆူညံအောင် အော်မြည်ကြသည် ဖြစ်ရာ ကျွန်ုပ်သည် အိပ်မပျော်ဘဲ လွန့်လိမ်လျက် ရှိနေလေ၏။ ခြင်တို့မှာလည်း ၎င်းအရပ်၌ အလွန်တရာ ပေါများလေသည် ဖြစ်ရာ သည်းမခံနိုင်သည်ဖြစ်၍ မီးပုံတွင် စွတ်စိုသော ထင်းများကို ထည့်၍ မီးခိုးများထွက်အောင် ပြုလုပ်သည့်အခါမှ အနည်းငယ် သက်သာရာ ရလေ၏။

မောင်စောနိုင်မှာမူ လှဲသည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားရာ မယ်သာမာမှာ အနီးတွင် အိပ်လျက်ရှိရာမှ ခဏခဏ ထ၍ ကြည့်သည်ကို မြင်သဖြင့် အဘယ်သို့ ရှိလေသနည်းဟု မောင်စောနိုင်၏ မျက်နှာကို ကြည့်လိုက်ရာ မောင်စောနိုင်မှာ အပြင်းအထန် ဖျားလျက်ရှိသည်ကို သိရလေ၏။

ကျွန်ုပ်သည် မောင်စောနိုင်အား နှိုး၍ ကျွန်ုပ်တို့နှင့်အတူ ပါလာသော ဆေးများကို တိုက်ကျွေးလေလျှင် မောင်စောနိုင်မှာ အဖျားကြီးလှသည်ဖြစ်၍ သတိကောင်းစွာ မရဘဲ မှိန်းလျက်သာလျှင် ရှိနေ၏။ မယ်သာမာ လည်း အလွန်တရာ ကြင်နာလှသော မျက်နှာထားနှင့် တစ်ညလုံး မအိပ်ဘဲ ပြုစုလျက်ရှိရာ ကျွန်ုပ်မှာမူ မောင်စောနိုင်အား ဆေးဝါးတိုက်ကျွေးပြီးနောက် အိပ်ပျော်၍သွားလေ၏။

နံနက်လင်းလျှင် ကျွန်ုပ်တို့သည် အဘိုးကြီးကိုခေါ်၍ အကျိုးအကြောင်း ပြောလေလျှင် အဘိုးကြီးသည် မောင်စောနိုင်ကို သေချာစွာကြည့်၍ "အင်း သည်ဟာ ငှက်ဖျားပဲ၊ သည်အရပ် ငှက်ဖျားများ အင်မတန်ကြမ်း တယ်၊ ငါ့သား သည်တောင်က တက်မှ တက်ပါ့မလား၊ သို့သော်လဲ သူက အင်မတန် သန်စွမ်းတဲ့လူပဲ၊ ချမ်းသာကောင်းပါရဲ့" ဟုပြောလျှင် ကျွန်ုပ်က ...

"သည်လိုဖြစ်လျှင် ကျွန်တော်တို့ သွားမှ သွားနိုင်ပါ့မလား" ဟု မေးရာ အဘိုးကြီးက ...

"မဟုတ်ဘူး ငါ့သားရေ့၊ သည်ရွှံ့နွံအရပ်က အင်မတန် ဆိုးတယ်၊ သည်နေရာ ကြာကြာနေလျှင် မုချသေရာတော့မှာပဲ၊ ကဲ သည်မှာနေလို့မဖြစ်ဘူး၊ သွားလိုက်ကြဦးစို့၊ တော်တော်သွားမိလျှင် သည်နွံက လွန်တော့မှာပဲ၊ သည်တော့မှပဲ နားတန် နားသေးတာပေါ့" ဟု ပြောသဖြင့် ကျွန်ုပ်တို့သည် မောင် စောနိုင်ကို ထမ်းစင်ပေါ်သို့တင်ပြီးလျှင် ဆက်လက်၍ သွားကြပြန် လေ၏။

အတန်ငယ်သွားမိလျှင် ကျွန်ုပ်တို့သည် ဆူဆူညံညံ အသံများကို ကြားရသဖြင့် ထမ်းစင်ပေါ်မှ ခုန်ချပြီးလျှင် အသံကြားရာသို့ပြေးသွားရာ အဘိုးကြီးစီးနင်းလိုက်ပါသော ထမ်းစင်သည် လမ်းနံဘေးရှိ ရေအိုင်တစ်ခုထဲသို့ ကျလျက် အဘိုးကြီးကိုကား ကြည့်၍မမြင်ဘဲ ရှိလေ၏။

ကျွန်ုပ်သည် အကျိုးအကြောင်းကို မေးမြန်းကြည့်သဖြင့် သိရှိရသည်မှာ အဘိုးကြီး၏ ထမ်းစင်ကို ထမ်းသော သူတစ်ယောက်မှာ ခြေထောက် မြွေကိုက်သဖြင့် ထိုသူသည် ထမ်းစင်ကို လွှတ်ချလိုက်လေလျှင် မိမိသည် ရေထဲသို့ ကျသွားမည်ကို စိုးရိမ်သဖြင့် ထမ်းစင်ကို တစ်ဖန်လှမ်း၍ ဆွဲလိုက်သည်တွင် ထမ်းစင်ရော လူပါ ရေထဲသို့ ကျသွားကြောင်း သိရှိရလေ၏။

အဘိုးကြီးလည်း ထမ်းစင်နှင့် လုံးထွေး၍ ရေပေါ်တွင် မျောလျက်ရှိရာ လူရိုင်းတို့သည် ကမ်းပေါ်မှ ကြည့်လျက် အော်ဟစ်ကြပြီးလျှင် တစ်စုံ တစ်ယောက်သောသူမျှ ကယ်ဆယ်ရန် သတိမရဘဲ ရှိနေကြလေ၏။ ထိုအခါ ကျွန်ုပ်သည် လူရိုင်းတို့ကို တွန်းဖယ်ပြီးလျှင် ရေထဲသို့ ခုန်ဆင်း၍ ထမ်းစင်နှင့် အဘိုးကြီးကို ကုန်းပေါ်သို့ ဆယ်တင်ခဲ့ရာ အဘိုးကြီးမှာ ရွှံ့နွံ၊ ရေညှိ စသည်တို့ဖြင့် တစ်ကိုယ်လုံး ဖုံးအုပ်လျက်ရှိလေ၏။

ငင်းနောက် အဘိုးကြီးလည်း အညစ်အကြေးတို့ကို သုတ်သင်ပြီးလျှင် မိမိ၏ တပည့်များအား ...

"နင်တို့ တယ်တော်ကြတဲ့ အကောင်တွေပေါ့ကွယ်၊ ဟင်း ငါတစ်ယောက်လုံး ရေထဲကျသွားတာ ဒင်းတို့ ဘယ်သူမှ ကယ်ဆယ်ဖို့ သတိမရကြဘူး၊ နင်တို့လား နေနှင့်ဦး" ဟု ပြော၍ ကျွန်ုပ်ဘက်သို့ လှည့်ပြီးလျှင် "အင်မတန် ကျေးဇူးတင်တယ် ငါ့သားရယ်၊ ငါ့သားမကယ်ရင် ဖခင်မှာ သေဖွယ်ရာရှိတော့တယ်၊ ငါ့သားက ဖခင်၏ အသက်ကို သည်တစ်ခါ ကယ်ဆယ်ခဲ့ပေတယ်၊ နောင် ငါ့သားအသက်ကို ဖခင်က ကယ်ဆယ်ရန် အခွင့် ကြုံလိမ့်ဦးမယ်ပေါ့" ဟုပြောပြီးလျှင် ထမ်းစင်ပေါ်သို့တက်၍ ဆက်လက်သွားကြ ပြန်လေ၏။

မြွေကိုက်ခံရသဖြင့် ရေထဲသို့ကျသူ လူရိုင်းမှာကား ရေပေါ်သို့ တစ်ဖန် ပြန်၍ပေါ်မလာဘဲရှိရာ အခြား လူရိုင်းတို့သည် ၎င်းအား ရှာဖွေခြင်းမပြုဘဲ ထားခဲ့ပြီးလျှင် ၎င်း၏နေရာ ထမ်းစင်၌ အခြားလူရိုင်းတစ်ယောက်ကို အစားသွင်း၍ သွားမြဲတိုင်း သွားပြန်လေ၏။

ထိုနေ့ မွန်းလွဲချိန်တိုင်ရောက်လျှင် ရွံ့နွံတို့သည် တဖြည်းဖြည်း ကွယ်ပျောက်ကြလေရာ သုံးနာရီ အချိန်ခန့်တွင် ရွံ့နွံတို့ကင်းမဲ့သောလမ်းကြီး တစ်ခုသို့ ရောက်ကြလေ၏။ ထိုလမ်းကြီး၏ တစ်ဖက်တစ်ချက်၌ကား မြင့်မောက်သော ကမ်းပါးယံကြီးတို့သည် မတ်စောက်စွာရှိလျက် လမ်း၌လည်း မြက်ပင်တို့သည် စိမ်းစိမ်းစိုစိုပေါက်လျက် ရှိကုန်၏။

အဘိုးကြီးလည်း ကျွန်ုပ်အား စကားပြောလိုသည့် လက္ခဏာနှင့် မိမိထမ်းစင်ကို ရပ်ဆိုင်းပြီးလျှင် ကျွန်ုပ်၏ ထမ်းစင်နှင့်ယှဉ်လျက်ရှိသည့်အခါ ...

'ငါ့သားက တော်တော်ထက်မြက်တဲ့ လက္ခဏာရှိတယ်၊ အခု ဖခင်တို့သွားတဲ့လမ်းကို ဘယ့်နှယ်ထင်သလဲ' ဟု မေးရာ ကျွန်ုပ်သည် တစ်ဖက်တစ်ချက်တွင်ရှိသော ကမ်းပါးယံတို့ကို မြင်သဖြင့် ...

'ရှေးအခါက ဤလမ်းသည် ရေသွားဖူးသော တူးမြောင်းသော်လည်းကောင်း၊ မြစ်ကြောင်းသော်လည်းကောင်း ဖြစ်မည်ထင်ပါသည်' ဟု ပြောသောအခါ ...

'အင်း၊ ငါ့သား အတော်သားကပဲ၊ ဟောဟိုက တောင်ကို မြင်ရဲ့လား သည်ဟာ ဖခင်တို့ ဘုရင်မ နေတဲ့ တောင်ကြီးပဲ၊ သည်တောင်ကြည့်စမ်း၊ ဘာတောင်နှင့် တူသလဲ' ဟု မေးပြန်သဖြင့် ကျွန်ုပ်သည် တောင်ကြီးကို ကြည့်လိုက်ရာ တောင်ကမ်းပါးယံတို့သည် လူသတ္တဝါတို့ တက်ဆင်း သွားလာခြင်းငှာ မတတ်နိုင်လောက်အောင် မတ်စောက်လျက် တောင်ထိပ်၌ လည်း မီးတောင်သဖွယ် တိတိရိရိ ရှိနေသည်ကို မြင်လေ၏။

ကျွန်ုပ်သည် ဤသို့ တောင်ကြီးကိုကြည့်လျက် စကားမပြောဘဲ ရှိနေလျှင် အဘိုးကြီးက ...

'သည်တောင်အကြောင်း ငါ့သားကို ပြောရဦးမယ်၊ အစက သည်လို သားရဲ့၊ သည်တောင်ထိပ်မှာ အင်မတန်ကြီးတဲ့ ရေအိုင်ကြီးတစ်ခုရှိတယ်၊ သည်တော့ သည်အရပ်မှာ နေတဲ့သူများက သည်ရေအိုင်ကြီးကို ခန်းခြောက်အောင်လုပ်ပြီး တောင်ထိပ်မှာ မြို့တည်ရလျှင်ဖြင့် အင်မတန်ကောင်းမှာပဲလို့ အကြံဖြစ်တာကိုး၊ ဒါနဲ့ အခု ဖခင်တို့လာတဲ့ တူးမြောင်းကြီးကို ရှေးဦးစွာတူး၊ တူးပြီးပြီဆိုတော့ တောင်မှာ ဥမင်လိုဏ်ခေါင်းကြီး တစ်ခုကို တစ်ဖန်တူးပြီး ရေအိုင်ကြီးက ရေတွေကို ဖောက်ပြီးထုတ်တာကိုး၊ သည်အိုင်ကြီးက ထုတ်လိုက်တဲ့ ရေတွေဟာပေါ့ ခုနင်က ရွှံ့တွေ နွံတွေဖြစ်နေတာ' ဟု ပြောလျှင် ကျွန်ုပ်က ...

'နို့နေပါဦးဖခင်၊ ရေတွေ ထုတ်ပစ်လိုက်ပြီးနောက် မိုးရွာတော့ကော ရေတွေ အိုင်ကြီးထဲမှာ တင်မနေ ဘူးလား' ဟုမေးရာ ...

'သြော် သည်လို ငါ့သားရဲ့၊ အိုင်ထဲကရေတွေကို သည်မြောင်းကနေ ထုတ်ပစ်လိုက်ပြီးနောက် တူးမြောင်းကို လမ်းလုပ်ဖို့ကောင်းတယ်ဆိုပြီး နောက်မိုးရွာလို့ ဝင်တဲ့ရေတွေကို တခြားလမ်းက တစ်ခါသွယ်ပြီး ထုတ်လိုက်ပြန်တယ်၊ ဟိုဘက်ကဟာ မြင်လား' ဟု မေး၍ လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်ရာ လေးမိုင်ခန့် ခရီး၌ မြစ်ငယ်တစ်ခုကို တွေ့မြင်ရလေ၏။

'အဲသည်ချောင်းဟာ တောင်ပေါ်အိုင်ကြီးထဲက ကျတဲ့ မိုးရေတွေပေါ့'ဟု ပြောလျှင် ကျွန်ုပ်လည်း မည်ကဲ့သို့သော လူမျိုးသည် ဤမျှလောက် အပင်ပန်းခံ၍ အိုင်မှ ရေကို သွယ်ထုတ်နိုင်ပါအံ့နည်းဟု စဉ်းစား မိလေ၏။ အတန်ငယ်သွားမိလျှင် ကျွန်ုပ်တို့သည် အလွန်တရာ ကြီးကျယ်လှသော ဥမင်လိုဏ်ခေါင်းကြီး တစ်ခု၏ အဝသို့ ရောက်ကြလေ၏။

လူရိုင်းတို့သည်လည်း ထမ်းစဉ်များကိုချလျက် လမ်းပြလုပ်သူတို့မှာလည်း မီးရှူးတိုင်များ ထွန်းညှိ ပြင်ဆင်လျက်ရှိကြရာ အဘိုးကြီးက ...

'ကဲ ငါ့သားများ၊ ဘုရင်မ၏ အမိန့်တော်က သည်နေရာရောက်သည့်အခါ မျက်စိပိတ်ပြီး ခေါ်ခဲ့ရမယ်တဲ့' ဟု ပြော၍ အဝတ်များကို ယူခဲ့စေပြီးလျှင် ကျွန်ုပ်တို့သုံးဦးနှင့် မယ်သာမာ၏ မျက်စိများကို အဝတ်တို့နှင့် စည်းကြကုန်၏။

မယ်သာမာမူ ၎င်းတို့လူမျိုးဖြစ်သော်လည်း မောင်စေနိုင်၏ မယားဖြစ်သည့်အတွက် ထွက်ပြေးတိမ်း ရှောင်လိုက မိမိခင်ပွန်းအား လမ်းပြမည်ကို စိုးရိမ်သောကြောင့် ၎င်း၏မျက်စိကိုလည်း အဝတ်နှင့်စည်း၍ ပိတ်ထားဟန် လက္ခဏာရှိလေသည်။

မီးရှူးတိုင်များ ထွန်းညှိပြီးလျှင် လူရိုင်းတို့သည် ထမ်းစင်များကို တစ်ဖန် ထမ်းလျက် ဥမင်လိုဏ်ခေါင်း အတွင်းသို့ ဝင်ကြလေ၏။ တောင်ထိပ်မှ ကျသော ရေတို့သည်လည်း ထိုနေရာ၌ လမ်းမလွှဲရသေးသဖြင့် တသွင်သွင် စီးကျလျက်ရှိရာ ကျွန်ုပ်မှာ မျက်စိလည်းမမြင်ရဘဲ လူရိုင်းတို့ ခေါ်ဆောင်ရာသို့သာ လိုက်ပါသွား ရလေသဖြင့် တောင်၊ မြောက်၊ အရှေ့၊ အနောက် စသည်တို့ကို မဝေခွဲနိုင်အောင် ရှိလေ၏။

ဤသို့ နာရီဝက်မျှ သွားမိကြလျှင် လူရိုင်းတို့သည် လက်ဝဲဘက်သို့ ကွေ့ချည်တစ်ခါ၊ လက်ယာ ဘက်သို့ ချိုးချည်တစ်လှည့်နှင့် ကြိမ်ဖန်များစွာ ကွေ့ကောက်၍ သွားလေရာ ဥမင်လိုဏ်ခေါင်းအတွင်းဖြစ်သဖြင့် အသက်ကိုပင် ခဲယဉ်းစွာ ရှူရှိုက်ရလေ၏။ လူရိုင်းတို့လည်း ထိုလိုဏ်ခေါင်းအတွင်း၌ သွားလျက်ရှိ ကြစဉ် ပထမအကြိမ် ကျွန်ုပ်အား ထမ်းဆောင်စဉ်အခါကကဲ့သို့ ညည်းညည်းတွားတွားရှိသောသီချင်းသံတို့ကို လေသံသာသာဖြင့် သီဆိုလျက် လိုက်ကြရာ ၎င်းတို့၏ သီချင်းသံသည် ပဲ့တင်ရိုက်သဖြင့် မျက်စိမမြင်ဘဲ လိုက်ရသူ ကျွန်ုပ်တို့၏ နား၌ကား စိတ်နှလုံးတုန်လှုပ်ဖွယ်ရှိလှ၏။

ဤသို့ တစ်နာရီခန့်မျှ သွားမိလျှင် ရေသံသည် ရပ်စဲ၍သွားရာ နောက်တစ်ခဏ၌ ကျွန်ုပ်၏ မျက်နှာ၌ လေဟပ်သည်ကို ထောက်သဖြင့် ကျွန်ုပ်တို့သည် လိုဏ်ခေါင်းမှထွက်၍ တောင်ထိပ်သို့ရောက်ကြောင်းကို သိရလေ၏။ တောင်ထိပ်သို့ရောက်လျှင် အဘိုးကြီးသည် ကျွန်ုပ်တို့၏ မျက်စိကို ပိတ်၍စည်းထားသော အဝတ်များကို ဖြုတ်ပစ်ရန် အမိန့်ပေးသဖြင့် ကျွန်ုပ်တို့လည်း အဝတ်များကို ဖြုတ်ပစ်လိုက်ကြလေ၏။

ထိုတောင်ထိပ်၌ကား မြေမျက်နှာပြင်သည် ပြန့်ပြူးညီညာလျက်ရှိရာ အချို့သောနေရာတို့၌ သီးပွင့် တတ်သောအပင်တို့သည် အသီးအပွင့်တို့နှင့်တကွ

ပေါက်ရောက်လျက် အချို့နေရာတို့၌လည်း လယ်ယာ လုပ်ကိုင်သည့်မြေဖြစ်၍ ကောက်ပဲသီးနှံတို့သည် ရိတ်သိမ်းချိန်ရောက်သဖြင့် မှည့်လျက်ရှိကြကုန်၏။ ထို တောင်ထိပ်၏ အကျယ်အဝန်းမှာ မှန်းခြေအားဖြင့် စတုရန်းမိုင် ငါးဆယ်ခန့်မျှ ရှိပေ၏။ ထမ်းစင်ကိုထမ်းသော လူရိုင်းတို့လည်း ထမ်းစင်များကိုချ၍ ခေတ္တမျှ အမောအပန်းဖြေကြပြီးလျှင် ဆက်လက်၍ သွားကြပြန်ရာ ဆယ့်ငါးမိနစ်ခန့် သွားမိလျှင် အစောင့်များနှင့် တွေ့ကြလေ၏။

အစောင့်တို့အနက် အကြီးအမှူးလုပ်သူ အရာရှိသည် ဆင်စွယ်ဖြင့် ထုလုပ်ထားသောလုံရိုးကို မြေတွင် ထောက်ပြီးလျှင် ဦးခေါင်းကို သုံးကြိမ် ညိတ်၍ပြရာ အဘိုးကြီးလည်း ထမ်းစင်မှ ဆင်းလေ၏။ ကျွန်ုပ်တို့လည်း အဘိုးကြီးဆင်းသည်ကိုမြင်၍ ထမ်းစင်မှ အသီးသီးဆင်းကြလေရာ အစောင့်တို့ နှင့် အရာရှိသည် ရှေ့မှ ခြေလျင်လျှောက်သွားကြသဖြင့် ကျွန်ုပ်တို့သည် မနီးမဝေးမှ ခြေလျင်လိုက်ကြရလေ၏။

ဤသို့ ဆယ့်ငါးမိနစ်ခန့်မျှလျှောက်ကြ၍ တစ်မိုင်ခရီးခန့်ရောက်လျှင် ကျွန်ုပ်တို့သည် အလွန်ကြီးမား လှသော ဂူကြီးတစ်ခု၏အဝသို့ ရောက်ကြ လေ၏။ နေမင်းလည်း ဝင်လုနီးပြီဖြစ်ရာ ဂူကြီးအတွင်း၌လည်း မီးခွက်တို့သည် ထိန်ထိန်လင်းအောင် ထွန်းညှိလျက် မျက်စိတစ်ဆုံးတိုင်အောင်ရှိ၏။ ဂူဝသို့ ရောက်လျှင် အစောင့်တို့သည် ဂူတွင်းသို့မဝင်ကြဘဲ အဝတွင် စီတန်းလျက် ရှိကြရာ ကျွန်ုပ်တို့ငါးဦးသည် ၎င်းတို့အကြားမှ ဂူတွင်းသို့ ဝင်သွားကြကုန်၏။ မောင်စောနိုင်မှာ အသည်းအသန်ဖျားခြင်းမှ အနည်းငယ် သက်သာခြင်းသို့ ရောက်သော်လည်း အလွန်အားနည်းသေးသည်ဖြစ်၍ ပေါ်စံနှင့် မယ်သာမာတို့ သည် ၎င်းကိုတွဲလျက် ခေါ်လာကြရလေ၏။

ဂူတွင်းသို့ရောက်လျှင် ဝတ်ဖြူစင်ကြယ်နှင့် အဘိုးကြီးတစ်ယောက်ကို တွေ့ရာ ၎င်းအဘိုးကြီးသည်ကား အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ဘုရင်မ၏ ကိုယ်ရံတော်ဖြစ်သဖြင့် စကားလည်းမပြောတတ်၊ နားလည်း မကြားဘဲရှိရာ ကျွန်ုပ်တို့၏ ရှေ့မှလမ်းပြ၍ ဝင်သွားသဖြင့် ကျွန်ုပ်တို့သည် ၎င်း၏နောက်မှလိုက် ကြရလေ၏။

ပေတစ်ရာခန့်မျှ ဝင်မိကြလျှင် လက်ယာဘက်၌ ကျောက်ကိုထွင်း၍ ပြုလုပ်ထားသော လမ်းတစ်လမ်း၊ လက်ဝဲဘက်၌လည်း ထိုနည်းအတူ လမ်းတစ်လမ်းရှိလေရာ လက်ဝဲဘက်အခန်းကား အစောင့်နှစ်ယောက်ကို မြင်သဖြင့် ဘုရင်မရှိသော အခန်းဖြစ်သည်ဟု တွေးထင်ရလေ၏။

လက်ယာဘက်အခန်းဝ၌ကား အစောင့်တစ်ယောက်မျှ မရှိဘဲဖြစ်ရာ လမ်းပြုလုပ်သူ အဘိုးကြီးသည် ၎င်းအခန်းတွင်းသို့ ဝင်သွားပြီးလျှင် မောင်စောနိုင်၏ အခန်းဖြစ်ကြောင်းကို သိရှိစေလေ၏။

မယ်သာမာသည်လည်း မောင်စောနိုင်နှင့်အတူ နေရစ်ခဲ့ရာ နောက်အခန်းသို့ရောက်သည့်အခါ ပေါ်စံသည် နေရစ်လေ၏။ ၎င်းနောက် အခြားအခန်းနှစ်ခုသို့ရောက်၍ အဘိုးကြီးနှင့် ကျွန်ုပ်အား တစ်ခန်းစီပြပြီးလျှင် လမ်းပြလည်း ထွက်သွားလေ၏။

ဝ၃၀

# အခန်း (၁၀)

ကျွန်ုပ်သည် ကျွန်ုပ်နေထိုင်ရန် ပေးထားသော အခန်းတွင်းသို့ ရောက်လျှင် အခန်းကိုသေချာစွာကြည့်ရာ ၎င်းအခန်းမှာ ပထမ ထွင်းလုပ်စဉ် အခါက လူတို့နေထိုင်ရန်အတွက် ရည်ရွယ်၍ ပြင်ဆင်ထားသည်မဟုတ်၊ အလောင်းများကို ဆေးစိမ်ရန် စီမံထားသော အခန်းဖြစ်ကြောင်းကို သိရှိရလေ၏။

အခန်း၏တစ်ဖက်၌ အနံ့သုံးပေခွဲ၊ အလျားမှာ ခြောက်ပေခွဲခန့်ရှိသော ကျောက်စားပွဲတစ်ခုကို တွေ့မြင်ရလေရာ ၎င်းစားပွဲ၏ အနီး၌လည်း ကျောက်ဖြင့် ထုလုပ်ထားသော ခုံရှည်တစ်ခုရှိလေ၏။

ကျောက်စားပွဲ၌ လူ၏အလောင်းကိုထားရန် ဦးခေါင်းရာ၊ လက်ရာ၊ ခြေထောက်ရာ စသည်တို့ကို ထင်ရှားစွာတွေ့မြင်ရသည်ဖြစ်ရာ ၎င်းစားပွဲသည် မုချလူ၏အလောင်းထားရန် ပြင်ဆင်လျက်ထားသည်ဟု တွေးထင်မိသည့် အတွင်း အမိုးပေါ်သို့ ကြည့်လိုက်သောအခါ ဤသို့ထင်မြင်ခြင်းသည် ဟုတ်မှန်ကြောင်းကို သိရှိရပြန်လေ၏။

ဂူကြီးအမိုး၌ကား ပန်းချီကျော်တို့သည် အရုပ်အမျိုးမျိုးတို့ကို ကျောက်တွင် ထုလုပ်ထားသည်ကို တွေ့ရှိရာ တစ်ခုသောအရုပ်၌ကား အဘိုးကြီး တစ်ယောက်သည် သေခါနီးဆဲဆဲရှိသည့်သဏ္ဌာန်အနီး၌ သားသမီးမှစ၍ ဆွေမျိုးသားချင်းတစ်စုတို့သည် ဝိုင်းရံ၍ကြွေးလျက်ရှိကုန်၏။

အခြားတစ်ရပ်ကား အဘိုးကြီး၏ အလောင်းသည် ကျွန်ုပ်အနီးရှိ စားပွဲနှင့် သဏ္ဍာန်တူသော စားပွဲ တစ်ခုပေါ်တွင်ရှိလျက် လူသုံးယောက်တို့သည် ၎င်းအလောင်းကို မပုပ်မသိုးစေရန် ဆေးထိုးမည်ဟု ပြင်ဆင် လျက်ရှိကြရာ တစ်ယောက်သောသူသည် ဆရာကြီးဖြစ်သည့်အဟန်ဖြင့် စီမံလျက် အခြား တစ်ယောက်သည် အဘိုးကြီး၏ ရင်ဝတွင် ကတော့ကြီးတစ်ခုကို စိုက်လျက် အခြားတစ်ယောက်သည် အိုးတစ်လုံးမှအရည်တို့ကို ကတော့အတွင်းသို့ လောင်းသွင်းလျက် ရှိကုန်၏။

ထိုသူတို့မှာ အလောင်းမှထွက်သောအပုပ်နံ့ကို မခံလို၍သော် လည်းကောင်း၊ ဆေးငွေ့တို့သည် လူနှင့် မသင့်မြတ်သဖြင့် မရှူရှိုက်လို၍သော် လည်းကောင်း မသိ၊ သုံးဦးတို့သည် နှာခေါင်းတို့ကို အဝတ်တို့ဖြင့် ရစ်ပတ်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

တတိယအရပ်၌ကား အလောင်းကို ကောင်းစွာပြင်ဆင်ပြီး၍ ဆွေမျိုး သားချင်းတစ်စုတို့သည် စုရုံးငိုကြွေးလျက်ရှိကြရာ တစ်စုံတစ်ယောက်သော သူသည် အလောင်းကို အဝတ်နှင့် ဖုံးအုပ်မည်ပြုလျက်ရှိသည်ကို တွေ့မြင်ရ လေ၏။

၎င်းအရပ်များကိုမြင်သဖြင့် ဤသည်ကား ထိုတိုင်းပြည်ရှိ လူရိုင်းတို့၏ ဈာပနအခမ်းအနားဖြစ်ကြောင်းကို သိရှိရသည့်ပြင် ဤအခန်းသည်လည်း ၎င်းအဘိုးကြီးထားရာ အခန်းပင်ဖြစ်ချေမည့်အကြောင်းကို တွေး ထင်မိသဖြင့် အနည်းငယ် အသည်းနှလုံး တုန်လှုပ်ခြင်း ဖြစ်မိလေ၏။

ကျွန်ုပ်သည် ကျောက်စားပွဲပေါ်တွင် ထိုင်မိလျက် မိမိအဖြစ်အပျက် တို့ကို ပြန်လှန်စဉ်းစားလေရာ 'ထိုအမျိုးတို့သည် အိုင်ကြီးမှရေကို ပင်ပန်းကြီးစွာ ခံလျက် နှစ်ပေါင်းများစွာ ကြိုးစားအားထုတ်ပြီးလျှင် တူးမြောင်းများ၊ ဥမင် လိုဏ်ခေါင်းများတူး၍ ဖောက်လုပ်ကာ တောင်ထိပ်သို့ ရောက်ပြန်သည့် အခါ၌လည်း အလွန်ကြီးမားလှစွာသော ဂူကြီးများကို ထွင်းဖောက်ပြီးလျှင် ဂူကြီးအတွင်း၌လည်း ထူးဆန်းအံ့ဩဖွယ်ကောင်းသော အရပ်တို့ကို ထုလုပ် လျက် အရပ်တို့မှာလည်း အလွန်ပီသကောင်းမွန်လှသည်ဖြစ်၍ မည်မျှလောက်

နှစ်ပေါင်းကြာရှည်အောင် ထုလုပ်ရပါမည်နည်း၊ ထိုသူတို့သည် ဤမျှလောက်ကြီးကျယ်သော အလုပ်တို့ကို လုပ်ကိုင်နိုင်ရန် လူဦးရေ အမြောက်အမြား ရှိရမည်ဖြစ်ရာ ထိုလူတို့သည် ယခုအခါ အဘယ်သို့ ရောက်ကုန်ကြလေသနည်း' စသည်ဖြင့် စဉ်းစားလျက် ရှိနေလေ၏။

ထိုသို့ စဉ်းစားလျက်ရှိနေစဉ် အစေခံမိန်းကလေးတစ်ယောက်သည် အခန်းတွင်းသို့ဝင်လာ၍ စကားမပြောနိုင်သဖြင့် ခြေပြလက်ပြအားဖြင့် ညစာစားသောက်ရန်အတွက် လာ၍ခေါ်ကြောင်းသိရာ ကျွန်ုပ်သည် ဆာလောင်မွတ်သိပ်လှသည်နှင့် ဝမ်းမြောက်ဝမ်းသာ လိုက်သွားလေ၏။

ညစာစားသောက်၍ပြီးလျှင် ကျွန်ုပ်သည် မောင်စောနိုင်ရှိရာ အခန်းသို့ဝင်သွားရာ မောင်စောနိုင်မှာ ရောဂါတိုးလျက်ရှိပြန်သဖြင့် အစာမဝင်ဘဲရှိနေသည့်အဖြစ်ကို မြင်ရလျှင် ၎င်းအား ဆေးဝါးတိုက်ကျွေးခြင်း၊ အားပေးခြင်း စသည်ဖြင့်ပြုလျက် အနီးတွင်ထိုင်နေရလေ၏။

မယ်သာမာမှာမူ သောကစိုးရိမ်ခြင်းဖြစ်သည့် အမူအရာနှင့် မအိပ်မနေ အနားမှမခွာဘဲ စောင့်ရှောက် ပြုစုလျက်ရှိရာသဖြင့် ကျွန်ုပ်သည် အရိုင်းမကလေးပင်ဖြစ်သော်လည်း ယဉ်ကျေးသောသူနှင့် မခြားမနား အချို့နေရာတို့၌ပင် ပိုချေတော့သည်တကားဟု ကျေးဇူးတင်မိလေ၏။

အဘိုးကြီးလည်း ကျွန်ုပ်တို့နှင့်အတူ ထိုင်၍နေရာမှ ဘုရင်မခေါ်တော်မူသည်ဟု ကြားသိရသဖြင့် ဘုရင်မထံ အခစားဝင်၍သွားရာ တစ်နာရီခန့်ကြာလတ်သော် ပြန်လာပြီးလျှင် ဘုရင်မသည် ကျွန်ုပ်အား တွေ့လိုကြောင်း၊ ယခုချက်ချင်း လိုက်ခဲ့ရမည့်အကြောင်းကို ပြောလေ၏။

ကျွန်ုပ်သည် မောင်စောနိုင်အတွက် စိတ်နှလုံးမချမ်းမသာရှိနေသည်နှင့် ဘုရင်မကို များစွာတွေ့လိုသော စိတ် မရှိလှသော်လည်း သူ၏ လက်တွင်း၌ဖြစ်၍နေပါတကားဟု အောက်မေ့၍ အဘိုးကြီးနှင့်အတူ လိုက် သွားရလေ၏။

အခန်းတွင်းမှ ထွက်ပြီးနောက် ဂူကြီးတွင်းသို့ရောက်လျှင် မီးခွက်တို့သည် ထိန်ထိန်လင်းအောင် ထွန်းညှိလျက်ရှိရာ အထက်တွင် ဖော်ပြခဲ့သည့်

အတိုင်း အစောင့်နှစ်ယောက်ရှိရာ အဝသို့ရောက်လျှင် အဘိုးကြီးလည်း ခြေဖျားထောက်လျက် ဖြည်းညင်းစွာပင်သွားလေ၏။

နောက်ဆုံး၌ အခြားအခန်းတို့ထက် လှပခမ်းနားစွာ ပြင်ဆင်ထားရှိသော အခန်းတစ်ခန်းသို့ရောက်ရာ ၎င်းအခန်း၌ကား အလွန်တရာ ရုပ်ရည်ချောလှသော သူငယ်မကလေး ရှစ်ယောက်တို့သည် ဘုရင်မဝတ်ဆင်ရန် ဝတ်လဲတော်တို့ကို စီမံချုပ်လုပ်လျက် ရှိလေ၏။

ထိုအခန်းကို ကျော်မိသည်နှင့် တစ်ပြိုင်နက် အဘိုးကြီးသည် ရုတ်တရက် ကြမ်းပေါ်သို့ ပစ်လှဲပြီးလျှင် ခြေထောက်၍မသွားဘဲ တွားလျက်သွားရာမှ ကျွန်ုပ်ရှိရာသို့ လှည့်၍ သူကဲ့သို့ပြုရန် ပြောဆိုလေ၏။

ကျွန်ုပ်မှာမူ ကျောင်းဆရာလုပ်စဉ်အခါကပင် ရှိခိုးခြင်း၊ မိမိကိုယ်ကို အလွန်အမင်း နှိမ့်ချခြင်းစသည်တို့ကို ပြုလုပ်ရန် ဝါသနာမပါခဲ့ရုံမက ထမင်းငတ်၍ သေနိုင်မည်မဟုတ်ဟု အောက်မေ့ပြီးလျှင် သတင်းစာ တို့၌လည်း ထိုအပြုအမူတို့၏ မကောင်းကြောင်းများကို ထောက်ခံရေးသားခဲ့၍ ခေါင်းမာသော ဆရာတစ်ယောက်ဖြစ်သည်ဟု ပညာဝန်ထောက်မင်းတို့ကပင် အဆိုခံခဲ့ရသူဖြစ်ရာ ထိုနေရာ၌ လူရိုင်းတို့၏ ဘုရင်မကို ထိုကဲ့သို့ ကျိုးနွံခယ ပြုလုပ်ရမည်ဖြစ်လျှင် ကိုယ့်ကိုယ်ကို ရှက်လှသည်ဖြစ်၍ ဝပ်တွားခြင်းကို မပြုမူဘဲ မတ်တတ်သာလျှင် လိုက်လေ၏။

အဘိုးကြီးလည်း ကျွန်ုပ်၏ အမူအရာကိုမြင်လျှင် ကျွန်ုပ်အတွက် အလွန်တရာ စိုးရိမ်လှသော မျက်နှာထားနှင့် ဝပ်တွားရန် ထပ်မံ၍ပြောပါသော်လည်း ကျွန်ုပ်သည် မလိုက်နာဘဲရှိရာ ခေါင်းမာသောလူတစ်ယောက် ဖြစ်သည်ဟု ထပ်မံ၍မပြောဘဲ သွားမြဲတိုင်းသာလျှင် တွား၍သွားလေ၏။

ကျွန်ုပ်တို့ ယခုဝင်ခဲ့သည့်အခန်းမှာ အထက်က မြင်ခဲ့ရသည့်အခန်း တို့ထက် အဆတစ်ရာမက လှပကောင်းမွန်လှသော လိုက်ကာ၊ ခန်းဆီးဖုံး၊ ကော်ဇောစသည်တို့ဖြင့် ခင်းကျင်းလျက်ရှိရာ တစ်ခုသောနေရာ ၌လည်း ဘုရင်မထိုင်တော်မူသော ရာဇပလ္လင်၌ကား ဘုရင်မသည် ထိုင်လျက်မရှိပေ။

အဘိုးကြီးလည်း အရွယ်ကြီးလှရာပြီဖြစ်၍ လျင်မြန်စွာထ၍ မသွားနိုင်ဘဲ တဖြည်းဖြည်းသာလျှင် သွားရရှာရာ ကျွန်ုပ်သည် အဘိုးကြီး၏နောက်မှ တစ်လှမ်းချင်းလှမ်း၍ လိုက်လာလေ၏။

အခန်းတွင်းသို့ အတန်ငယ်ဝင်မိလျှင် အခန်းအဆုံး၌ ကန့်လန့်ကာ တစ်ခု ဆီးလျက်ထားရာ ကန့်လန့်ကာပြင်ဘက်၌လည်း မီးတစ်ခွက် ထွန်းထားလျက်ရှိ၏။

အဘိုးကြီးသည် ကန့်လန့်ကာရှိရာသို့ ဦးခေါင်းငုံ့လျက်သွား၍ အနီးသို့ ရောက်လျှင် ကြမ်းပေါ်တွင် မှောက်လျက် အသက်မရှိဘိသကဲ့သို့ ငြိမ်သက်စွာ နေလေ၏။

ကျွန်ုပ်သည် အဘိုးကြီးရပ်သဖြင့် အဘိုးကြီး၏နောက်နားမှရပ်လျက် တောင်မြောက်လေးပါးတို့ကို ကြည့်ရှုရာ ကန့်လန့်ကာနှင့် မီးခွက်ရှိရာသို့ ကြည့်မိလျှင် ကျွန်ုပ်သည် မည်သူ့ကိုမျှ မမြင်ရသော်လည်း တစ်စုံတစ်ယောက် သောသူသည် ကျွန်ုပ်အား စိုက်၍ကြည့်နေသည့်အကြောင်းကိုမူ မည်သို့နည်းနှင့် သိသည်ဟု မပြောနိုင်ဘဲ သိရှိရလေ၏။

အခန်းတွင်းမှာလည်း အလွန်တရာ မွှေးကြိုင်လှစွာသော အနံ့ အသက်တို့သည် ထွက်လျက်ရှိရာ တစ်ခန်းလုံးသည်လည်း အလွန်တရာ ဆိတ်ငြိမ်လျက်ရှိသည်နှင့် ကျွန်ုပ်သည် ကန့်လန့်ကာကို စိုက်လျက် ကြည့်ရင်းပင် ကျွန်ုပ်၏ စိတ်သည် တစ်မျိုးတစ်မည် ပြောင်းလဲ၍ သွားလေ၏။

ပြောင်းလဲပုံမှာ ကျွန်ုပ်သည် အခန်းတွင်းသို့ဝင်စဉ်အခါက အထက်တွင် ပြဆိုခဲ့ပြီးဖြစ်သည့်အတိုင်း 'လူရိုင်းတို့၏ ဘုရင်မကို အဘယ်ကြောင့် ပမာဏ ထားရမည်လဲ' ဟူသောစိတ်မျိုးနှင့် မာန်ကိုတင်းပြီးလျှင် ခြေလှမ်းမပျက် ဝင်လာခဲ့ရာ ထိုနေရာသို့ရောက်၍ ကျွန်ုပ်အား တစ်စုံတစ်ယောက်သောသူသည် စိုက်၍ကြည့် နေကြောင်းကို သိရှိသည့်အခါတွင်မူ ထိုကဲ့သို့ကြည့်ရှုလျက်ရှိသော သူသည် မိမိ၏စိတ်ကို ယခုသာလျှင်မဟုတ်၊ ငယ်စဉ်တောင်ကျေးကပင်

ဘယ်ကဲ့သို့သောစိတ်သဘောရှိသည်ကို ထွင်းဖောက်၍ မြင်နိုင်ဘိသကဲ့သို့ အောက်မေ့ရ၍ အဘယ်ကြောင့်မသိ ဒူးများတဆတ်ဆတ်တုန်လှုပ်မိလေ၏။

ဤသို့ တုန်လှုပ်သည်ဆိုရာ၌ ကျွန်ုပ်သည် ဘေးဥပါဒ် အန္တရာယ်ကို မြင်ရ၍သော်လည်းကောင်း၊ စိုးရိမ်၍သော်လည်းကောင်း တုန်လှုပ်သည် မဟုတ်ချေ။ မိမိထက် အဆတစ်ရာမက ဉာဏ်ပညာကြီးရင့်သောသူ၊ အဆ တစ်ရာမက တန်ခိုးကြီးသောသူ တစ်ယောက်သည် ကျွန်ုပ်အား စိုက်၍ ကြည့်သည့်အခါ တုန်လှုပ်သကဲ့သို့ တုန်လှုပ်ရခြင်း ဖြစ်လေသည်။

ဤကဲ့သို့ တုန်လှုပ်ခြင်းမှာ ဥပမာအားဖြင့်သာ ဖြစ်သော်လည်း ကျွန်ုပ်တို့ထက် အဆတစ်ရာပညာဉာဏ်ရှိသူတို့ကို မတွေ့ခဲ့ရသည်ဖြစ်၍ မည်ကဲ့သို့ရှိမည်ကို အရိပ်အမြွက်မျှသာလျှင် သိရှိနိုင်ရန် ရှိလေသည်။

ဤသို့ငါးမိနစ်ခန့် တစ်ကိုယ်လုံး တုန်လှုပ်လျက် ရပ်နေရာမှ ကန့်လန့်ကာသည် အနည်းငယ်လှုပ်ရှား လာသောကြောင့် ကျွန်ုပ်မှာ မည်ကဲ့သို့သောသူသည် ထွက်၍လာချေမည်နည်းဟု စောင့်ဆိုင်းမျှော်လင့်လျက် ရှိစဉ် အလွန်တရာအချိုးအစားကျသဖြင့် ဖြူစင်နူးညံ့လှပပြေပြစ်ခြင်းရှိသော လက်တစ်ဖက်သည် ကန့်လန့် ကာအပြင်သို့ထွက်လာပြီးလျှင် ကန့်လန့်ကာစကို ဖယ်လျက် အလွန်တရာကြည်လင်ချိုအေးလှသော အသံဖြင့် ...

'ဘယ်အတွက် သည်လောက်ကြောက်ရသလဲ မောင်ရယ်' ဟု မာဂဓဘာသာဖြင့် မေးလိုက်သည်ကို ကြားရ လေ၏။

ကျွန်ုပ်၏ ဝမ်းတွင်း၌ ကြောက်ရွံ့လှသည်မှန်သော်လည်း မျက်နှာထား မှာမူ ခပ်တင်းတင်းထားနိုင်သည်ဟု အောက်မေ့လျက်ရှိသည်အတွင်း 'ဤကဲ့သို့ ဝမ်းတွင်း၌ ကြောက်ရွံ့သည်တို့ပင် သိနိုင်ပါတကား' ဟု အလွန်တရာ အံ့သြလျက် မည်ကဲ့သို့ပြန်၍ ဖြေဆိုရမည်ကို စဉ်းစားလျက်ရှိစဉ် ကန့်လန့်ကာလည်း ရုတ်တရက်ပွင့်လာ၍ ကိုယ်ကာယ ပျော့ပျောင်းပြေပြစ်ခြင်း ရှိသော မိန်းမတစ်ယောက်သည် အပြင်သို့ထွက်လာလေ၏။

ငင်းမိန်းမမှာ ဦးခေါင်းမှ ခြေသို့တိုင်အောင် အလွန်ပါးလွှာလှသော ဇာအဝတ်တို့ဖြင့် အိမ်တွင်းပုန်း ကုလားမများကဲ့သို့ ခြုံလျက်ရှိရာ ကျွန်ုပ်သည် မျက်နှာကို သေချာစွာ မမြင်ရသော်လည်း ကိုယ်ပုံလက်ပုံကို မြင်ရရုံမျှနှင့် မျက်နှာသည်လည်း အလွန်တရာ လှပမည့်အကြောင်းကို တွေးထင်မိလေ၏။

ဤသို့ရုတ်တရက် အပြင်သို့ ခြေလှမ်း၍ထွက်လာရာ ကိုယ်ပုံလက်ပုံတို့မှာ အလွန်တရာ ပြေပြစ် ပျော့ပျောင်းခြင်းရှိသည့်အလျောက် သွားပုံလာပုံ အမူအရာတို့မှာလည်း လွန်စွာအမူပါလှသည်ဖြစ်၍ ယောကျ်ား တို့၏စိတ်နှလုံးကို နူးညွတ်ပျော့ပျောင်းစေလျက် လိုရာကို ဆွဲဆောင်နိုင်လောက်သော အစွမ်းနှင့်လည်း ပြည့်စုံပေ၏။

ကျွန်ုပ်သည် မျက်နှာကို မမြင်ရသေးဘဲ ကိုယ်ဟန်လက်ဟန် အမူအရာ စသည်တို့ကို မြင်ရရုံမျှနှင့် ဤမျှလောက် ချီးမွမ်းပြောဆိုရလေသည်ဖြစ်ရာ 'ထိုမိန်းမသည် စင်စစ်အားဖြင့် လူသားပကတိမဟုတ်၊ ဥစ္စာ စောင့်လေလား၊ တောစောင့် နတ်သမီးလေလား၊ ဂူစောင့် နတ်သမီးလေလား' စသည်ဖြင့် တွေးထင်မိသဖြင့် ရှေးကထက်ပင် ပိုမို၍တုန်လှုပ်ခြင်း ဖြစ်ရပြန်လေသည်။

ဘုရင်မသည် အပြင်သို့ထွက်လာပြီးနောက် ...

'အဘယ်အတွက် သည်လောက် ကြောက်ရွံ့ရသလဲ မောင်ရယ်၊ ကျွန်ုပ်ကိုယ်က သည်လောက်ပဲ ကြောက်စရာကောင်းသလား၊ သည်အတိုင်း မှန်လျှင် ယောကျ်ားများ စိတ်သဘောဟာ ရှေးကနဲ့မတူ၊ အပုံကြီး ပြောင်းလဲကုန်လေရောသလား' ဟုပြော၍ ယခင်ကလက်ကလေးကို အပြင်သို့ထုတ်လိုက်ရာ ဆံပင်တို့သည် ခြေဖျားသို့တိုင်အောင် ဝဲလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ ကျွန်ုပ်သည် စိတ်ကိုချုပ်တည်းနိုင်သမျှ ချုပ်တည်း၍ အသံကိုလည်း မတုန်ယင်စေဘဲ ...

'ဘုရင်မ၏အဆင်းသည် လွန်မင်းစွာ လှပသည်ဖြစ်၍ ကျွန်ုပ်၏ စိတ်နှလုံးသည် မငြိမခိုင်အောင် ရှိရပါတော့သည်' ဟု ပြောမိ ပြောရာ ပြန်ပြောလိုက်လေ၏။ အဘိုးကြီးလည်း ကျွန်ုပ်အနီးတွင် ဝပ်တွားလျက်ရှိရာမှ ...

'ဟုတ်ပြီ ဟုတ်ပြီ' ဟု တီးတိုးပြောလျက်ရှိသည်ကို ကြားရလေ၏။

ကျွန်ုပ်လည်း ဘုရင်မ၏ အဆင်းကို ဤသို့မြှောက်ပင့်၍ပြောလိုက်လျှင် ဘုရင်မသည်ကြား၍ မငြီး နိုင်လောက်သောအသံဖြင့် ရယ်မောလျက် ...

'အလဲ့၊ ယောကျ်ားများက မြှောက်တဲ့ပင့်တဲ့အရာမှာတော့ အရင် ကလိုပဲ ရှိပါသေးကလား၊ သည်အလုံးတွေနဲ့ မိန်းမများမှာ ယုံရရှာတာပဲ၊ ဒါကြောင့် မောင်တုန်လှုပ်တာ မဟုတ်ဘူး မောင်ရယ်၊ ကျွန်ုပ်သိပါတယ်၊ မောင် တုန်လှုပ်တာက ကျွန်ုပ်ပညာမျက်စိသည် မောင့်ဝမ်းတွင် ရှိသမျှ အကြံ အစည်တို့ကို အကုန်သိတဲ့အတွက်ကြောင့် မောင် တုန်လှုပ်ရတယ် မဟုတ်လား၊ သို့သော်လည်း ရှိပါစေတော့၊ ကဲ မောင်တို့လာရောက်တဲ့အကြောင်းကို မှန်တဲ့ အတိုင်း ပြောစမ်းပါ၊ မောင်တို့ပြည်မှာ မောင်တို့ နေထိုင်ရတာ အလွန်တရာငြီးငွေ့လှသောကြောင့် ကျွန်ုပ်တို့ရှိရာ ပြည်များကို ကျူးလွန်ပြီး လာခဲ့ခြင်းဖြစ်လေ သလား၊ ကျွန်ုပ်မှာတော့ မောင်မြင်တဲ့အတိုင်းပဲ၊ ဂူတွင်း၌သာ ပုန်းအောင်းပြီး လူတို့အရေးကို လုံးလုံးအရေး မလုပ်ခဲ့တာ အပုံပဲကြာခဲ့ပြီ၊ အရေးလုပ်ချင်စရာအကြောင်းက မရှိဘဲဟာကိုး၊ မောင်ရဲ့၊ သြော် လူ၊ လူနဲ့မောင်တို့ မျက်စိ မြင်တော့လဲ တစ်မျိုးပဲနော်' ဟု တစ်ယောက်တည်း တွေးတောပြောဆိုဘိသကဲ့သို့ ကျွန်ုပ်တို့ နားမလည်နိုင်အောင် အဓိပ္ပါယ် ပါရှိသော စကားလုံးတို့ကို ပြောဆိုနေရာမှ ဝပ်တွားလျက်ရှိသော အဘိုးကိုမြင်လျှင် ...

'သြော်၊ ဇနေတ္တိပါလား၊ ကဲသင်တို့ အစုမှာ ဘယ်အတွက် သည်ကဲ့သို့ ရုန်းရင်းဆန်ခတ် ဖြစ်ရတယ်၊ သည်အစုကလေးကို နိုင်အောင် မကွပ်ညှပ် နိုင်ဘူလား ဟင်၊ ကြည့်စမ်းပ၊ သူပြောပုံတော့ ငါဘုရင်မ အမိန့်ပေး လျက်တောင် ကံကောင်းလို့ သည်လူတွေ ငါ့ထံရောက်ကြတော့တယ်၊ မတော်တဆ ဒင်းတို့များ သေသွားလျှင်ဖြင့် ငါဘုရင်မတောင် ရှင်အောင် တတ်နိုင်တော့မယ် မဟုတ်ဘူး၊ ကဲ ငါ့အမိန့်ကို သည်လောက်မှ မလိုက်နာ ခဲ့လျှင် လူ့ပြည်မှာ သင်နေလို့ မတော်ဘူးထင်တယ်' ဟု ပြောဆိုရာ ဘုရင်မသည် အမူအရာအား ဖြင့်သာလျှင် အမျက်ထွက်ကြောင်းကိုပြလျက်

ပြောသည့်စကားဖြင့်မူ အမျက်ထွက်သည့် အစိပ္ပါယ်များစွာ မပါ လှသော်လည်း အဘိုးကြီးမှာ ဘုရင်မ၏ စိတ်သဘောကို သိရှိပြီးဖြစ်၍ အလွန်တရာ ကြောက်ရွံ့လှသဖြင့် ...

'မှန်လှပါဘုရား၊ ကျွန်တော်မျိုးသည် ဘုရင်မ၏ အမိန့်တော်ကို နာခံပါရသည့်အတိုင်း၊ ၎င်းတို့လေးဦးကို ဖမ်းဆီးပြီးနောက် ဘုရင်မထံ ထပ်မံ၍ အမိန့်နာခံရန် လာရောက်သည့်အခိုက်တွင် ကျွန်တော်မျိုးတို့၏ လူမျိုး မိန်းမတစ်ဦးသည် တစ်ဦးသော ဧည့်သည်အပေါ်၌ အမျက်ထွက်ရန် အကြောင်း ရှိသဖြင့် ဘုရင်မ၏ အမိန့်တွင် မပါရှိသော လူတစ်ယောက်၏ အသားကို စားသောက်ကြရန်၊ မိမိတို့ လူမျိုးတို့အား တိုက်တွန်းပြီး လျှင် ရှေးအခါက ထုံးစံရှိသည့် အတိုင်း ပြုလုပ်မည်ဟု ကြံစည်ကြပါသည်။ တစ်ဦးသောလူမှာ သူတို့အချင်းချင်း၏ လက်နက်နှင့် သေဆုံးရာ ကျန်သုံးဦးမှာ ကျွန်တော်မျိုး ရောက်လာသဖြင့်သာလျှင် အသက်ချမ်းသာရာ ရပါတော့သည်။ နောက်နောင် ဤကဲ့သို့ မနိုင်မနင်းရှိခဲ့ပါလျှင် ကျွန်တော်မျိုးကိုယ်တိုင် အသက်ဆုံးရှုံးခြင်းကို ခံရပါမည်။ ယခုတစ်ကြိမ်ကို သည်းခံတော်မူပါ' ဟုပြောလျှင် ကျွန်ုပ်သည် အဘိုးကြီးအတွက် ကူညီ၍ တောင်းပန်မည်ပြုရာ ဘုရင်မသည် ကျွန်ုပ်အား လက်ပြ၍ ...

'ကောင်းပြီ၊ သည်တခါတွင် လွန်ပစေ၊ နောင် သည်လိုကြားရလျှင် ဘယ်လိုအပြစ်ဒဏ်ပေးမယ်ဆိုတာ သိပြီမဟုတ်လား၊ ကျူးလွန်တဲ့အကောင်တွေ သည်မှာရောက်နေပြီ မဟုတ်လား၊ နက်ဖြန်သူတို့အမှု စီရင်ရမယ်၊ ကဲ သွားပေတော့' ဟုပြောလျှင် အဘိုးကြီးသည် ဝပ်ရာမှထ၍ သုံးကြိမ်တိုင်အောင် ဦးချပြီးလျှင် ကြမ်းပေါ်၌ ဝပ်တွားလျက် အခန်းပြင်သို့ထွက်သွားရာ ကျွန်ုပ်မှာ အလွန်တရာလည်း လှပ၍ အလွန်တရာလည်း ကြောက်မက်ဖွယ် ကောင်းလှ သော ဘုရင်မနှင့်နှစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

ထဒ္ဒဓ

## အခန်း (၁၁)

အဘိုးကြီးထွက်သွားလျှင် ဘုရင်မက ...

'သြော်၊ လူများ တစ်သက်မှာ ဘာမှ ဉာဏ်ပညာရယ်လို့ စုဆောင်းမိနိုင်တယ် မရှိဘူးနော်၊ လက်ခုပ်နဲ့ ရေခပ်သလိုပဲ၊ ခပ်တုန်းခဏပဲ လက်မှာတည်တယ်၊ တော်တော်ကြာတော့ လက်ကြားက စိမ့်ထွက်ရတာမျိုးပဲ ဉာဏ်ပညာမှာလဲသည်လိုပဲ ရှေ့ကစု နောက်ကထွက်လိုက်တာပဲ၊ ရေပျော်သလို လက်မှာစွတ်ကျန်ရစ် သလောက် ဉာဏ်ပညာ ကျန်ရစ်တဲ့လူဟာ လူလိမ္မာကြီး၊ ပညာရှိကြီးရယ်လို့ အားလုံးက ဝိုင်းပြီး မြှောက်ကြ ပင့်ကြတာပဲ၊ မဟုတ်လား ကျွန်ုပ်ပြောတာ၊ နာမည် ဘယ့်နှယ်ခေါ်သလဲ'

'မောင်ဖိုးထော် ခေါ်ပါတယ်'

'မောင်ဖိုးထော်၊ မင့်နာမည်ကလဲ အရုပ်ဆိုး၊ လူကလဲ အကျည်းတန်တယ်လိုက်ပါလား၊ လူပုံကြည့်ရတာ အရုပ်တော့ဆိုးရဲ့၊ သို့သော် ရိုးသားဖြောင့်မတ်ခြင်း၊ ယုံကြည်စိတ်ချရခြင်း၊ စဉ်းစားဆင်ခြင်တတ်ခြင်း စသည်တို့နှင့် ပြည့်စုံတဲ့ လက္ခဏာတော့ရှိတယ်၊ ကဲ ကဲ သည်အထဲလာပါဦး၊ စကားစမြည် ပြောရအောင်၊ ကျွန်ုပ်ကိုမြင်လိုက်ရင် ကြောက်တတ်တဲ့လူတွေနဲ့ချည်း နေလာခဲ့ရတာကြာပြီ၊ တစ်ခါတလေ ရဲရဲဝံ့ဝံ့ ပြောဝံ့၊ ဆိုဝံ့ရှိတဲ့လူများနဲ့ စကားပြောဆိုရတယ်ဆိုတာ ဝမ်းမြောက်စရာပဲ၊ ကဲ ဝင်ပေတော့' ဟုပြောလျက် ဘုရင်မသည် ကန့်လန့်ကာကို လက်ဖြင့် ဖယ်ပေးရာ ကျွန်ုပ်သည် အခန်းအတွင်းသို့ ဝင်သွားလေ၏။

အခန်းသည်ကား အလျား ပေနှစ်ဆယ်၊ အနံ ဆယ့်ငါးပေခန့်ရှိ၍ တစ်ဖက်၌ အလွန်နူးညံ့ကောင်းမွန် လှသော ဖုံတို့ဖြင့် ခင်းကျင်းလျက်ရှိသော ခုံရှည်တစ်ခုံရှိရာ ခုံ၏အနီး၌လည်း စားသောက်ဖွယ်ကောင်းသော သစ်သီးတို့သည် စားပွဲတစ်ခုနှင့် တင်လျက်ထားသည်ကို တွေ့ရှိရလေ၏။

သစ်သီးတို့၏ အနီး၌လည်း ကျောက်ရေတကောင်းနှင့် ကျောက်ခွက်တစ်ခုရှိကုန်၏။ ကျွန်ုပ်သည် အခန်းတွင်းသို့ဝင်ပြန်လျှင် ကြက်သီးမွေးညင်းထလျက်ပင် ရှိသေးသည်ဖြစ်ရာ မီးခွက်ငယ်တို့မှာလည်း ဆီမွှေးတို့ဖြင့်ထွန်းညှိလျက် ၎င်းတို့မှထွက်သော အငွေ့တို့သည် အလွန်တရာ မွှေးကြိုင်လှကုန်၏။

ဘုရင်မသည် ကျွန်ုပ်၏အနီးမှ ကပ်၍လိုက်လာရာ ၎င်း၏ အဝတ်၊ ဆံပင်စသည်တို့မှာလည်း စိတ်နှလုံး သာယာဖွယ်ကောင်းသော ရနံ့တို့သည် တသင်းသင်းထွက်လျက်ရှိကုန်၏။

အခန်းတွင်းသို့ရောက်လျှင် ဘုရင်မသည် ခုံရှည်ကို လက်ညှိုးညွှန်ပြ၍ 'ကဲ ကဲ သည်မှာထိုင်၊ သည်လောက် မကြောက်ပါနဲ့မောင်ရယ်၊ ဘာမှကြောက်စရာအကြောင်းမရှိပါဘူး၊ မောင့် မသတ်ချင်လို့ သည်လောက်ကြာကြာထားတာပေါ့၊ သတ်ချင်လို့ရှိရင် မောင်တို့ခုလောက်ရှိ သေတာကြာလှပြီ၊ စိတ်ချသာ ထိုင်ပါ'

ကျွန်ုပ်မှာမူ ဘုရင်မက ဤသို့အားပေးသော်လည်း များစွာအကြောက်မပြေဘဲ ခုံရှည်၏ တစ်ဖက် အစွန်းတွင် ထိုင်လျက်ရှိရာ ဘုရင်မလည်း အခြားအစွန်း၌ဝင်၍ ထိုင်လေ၏။ ထိုအခါ ဘုရင်မက ...

'ကဲ ပြောစမ်းပါဦးမောင်ရယ်၊ မောင်က ဘယ့်နှယ်ကြောင့် မာဂဓဘာသာကို နားလည်ရသလဲ၊ မောင်တို့ပြည်မှာ သည်ဘာသာကိုပဲ ပြောသလား၊ မောင်တို့ပြည်နာမည်က ဘယ့်နှယ်ခေါ်သလဲ'

'ကျွန်တော်တို့ပြည်မှာ သည်ဘာသာဖြင့် ပြောဆိုခြင်းမပြုပါ၊ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့စာပေများကိုသာ ပါဠိ သို့မဟုတ် မာဂဓဘာသာဖြင့် ရေးသားလျက်ရှိပါသည်၊ ကျွန်တော်တို့ပြည်ကို မြန်မာပြည်ဟု ခေါ်ပါသည်'

'သြော်၊ မြန်မာပြည်၊ နို့နေပါဦး၊ မာဂဓဘာသာပြောတဲ့ပြည် ဘယ်ပြည်များ ရှိသေးသလဲ'

'ယခုအခါ သီဟိုဠ်ကျွန်း တစ်ကျွန်းမှာပဲ မာဂဓဘာသာကို အသုံးပြုပါသည်'

'သီဟိုဠ်ကျွန်း၊ သြော် သြော် သတိရပြီ၊ သတိရပြီ၊ ဟို ဟနုမန်တို့ ကျောက်တန်းက ကူးတယ်ဆိုတဲ့ ကျွန်းဟာလား'

'မှန်ပါတယ်'

'ဟိုတုန်းအခါကတော့ သည်ဘာသာ သူတို့မပြောပါကလား၊ သူတို့ဘာသာနဲ့ သူတို့ တခြားမဟုတ်လား'

'ပထမတော့ တသီးတခြား ဖြစ်ပါသည်။ နောက် ရှင်ဗုဒ္ဓဃောသ ကိုယ်တော်က ထိုကျွန်းသို့သွားပြီး စတုတ္ထ သင်္ဂါယနာတင်ပြီးနောက်မှ ထိုကျွန်း၌ ၎င်းဘာသာကို အသုံးအစွဲပြုကြပါသည်။

'နို့ မောင်ကတော့ ဘယ့်နှယ်ကြောင့် ပြောတတ်သလဲ'

'ကျွန်တော်တို့ပြည်မှာ မြတ်စွာဘုရား ဟောတော်မူတဲ့တရားတော်များကို ၎င်းဘာသာဖြင့် ရေးသားသဖြင့် သင်ကြားလေ့လာခြင်းကို ပြုသောကြောင့် တတ်မြောက်ပါသည်'

'သြော် ဒါနဲ့ မောင်ပြောတဲ့ မြတ်စွာဘုရားဆိုတာ ဘယ်သူလဲ'

'ရှင်ဂေါတမမြတ်စွာဘုရား ဖြစ်ပါတယ်'

'သြော်သူက ကျွန်ုပ်တို့ပြည်ကပဲ မဟုတ်လား၊ နေပါဦး သုဒ္ဓေါဒန မင်းကြီး၏သားတော် သိဒ္ဓတ္ထမင်းသား ဆိုတာလား'

'မှန်ပါတယ်'

'ဩော်၊ သူက ဘုရားဖြစ်တယ်၊ အင်း အင်း တော်တဲ့ မင်းယောကျ်ား ပါပေပဲ၊ ကျွန်ုပ်ဖြင့် သည်အကြောင်းတွေ မေ့သလောက်တောင် ရှိနေပါပြီ၊ စကားစမိလို့ပြောမှပဲ သတိရတော့တယ်၊ မာဂဏ္ဍီတို့များ ဟိုတုန်းကလေ သူ့မိဖုရားစည်းစိမ်ကလေး ဟုတ်လှပြီမှတ်ပြီး ကျွန်ုပ်က သူ့အရာကို လုမယ် မှတ်လို့ ကျွန်ုပ်ရုပ်ချောတာကိုပဲ သူက မနာလို မရှုစိမ့်ဖြစ်နေတယ်၊ သာမာဝတီ တစ်ယောက်ဖြင့် သူ့လက်ချက်နဲ့ပဲ သေရှာရောနော်၊ ဒင်းကိုလဲ နောက် ဥတိန္နမင်းက သတ်ပစ်လိုက်တယ် မဟုတ်လား၊ သည်ကောင်မမျိုး သည်လို ဖြစ်မှာပဲ၊ သူတစ်ပါး မကောင်းကြံ ကိုယ်မကောင်းဖြစ်၊ ဟုတ်တယ်မဟုတ်လား' ဟုမေးလျှင် ကျွန်ုပ်မှာ ဘုရင်မ၏မျက်နှာကို မမြင် ရသေးသော်လည်း အသံနှင့်အမူအရာတို့ကို ခန့်မှန်းရသည်မှာ အသက်သုံးဆယ်ခန့်မျှသာ ရှိဦးမည် ဖြစ်၍ မြတ်စွာဘုရားလက်ထက်တော်၌ ဖြစ်ပျက်ခဲ့သောအကြောင်းအရာတို့ကို မိမိကိုယ်တိုင်တွေ့ကြုံခဲ့ရ၍ သာမာဝတီ၊ မာဂဏ္ဍီ စသည်တို့မှာလည်း မိမိသူငယ်ချင်းကဲ့သို့ပင် ပြောဆိုလျက်ရှိသည်ဟု ကြားရသဖြင့် အလွန်တရာ အံ့ဩလှ၍ ...

'ဘုရင်မကို ကြည့်ရသည်မှာ လူသားစင်စစ်လည်း ဖြစ်ပါလျက် အနှစ်နှစ်ထောင်ကျော် သုံးထောင်နီးပါးရှိသည့်အခါက ဖြစ်ပျက်ခဲ့သည်များကို မနေ့ကပင် ကိုယ်တိုင် တွေ့ကြုံဘိသကဲ့သို့ ပြောဆိုခြင်းမှာ ဘုရင်မ၏ အသက်သည် နှစ်ထောင်ကျော် ရှိပါသလော' ဟု မေးလေ၏။

ဘုရင်မသည် ကျွန်ုပ်အား အတန်ကြာအောင်စိုက်ကြည့်ပြီးနောက် ...

'ဩော်၊ လူမိုက် လူမိုက်၊ ဘာကိုမျှ မသိရှာသေးဘဲကိုး၊ လူများ သေတယ်ဆိုတာ ဘာလဲ သိရဲ့လား၊ တကယ်သေတာ မဟုတ်ဘူး မောင်ရယ်၊ ဘဝ ကူးပြောင်းခြင်းမျှသာဖြစ်တယ်၊ သည်ကဲ့သို့ တစ်ဘဝနှင့် တစ်ဘဝ မကူးပြောင်းရအောင် တတ်နိုင်တဲ့ ဆေးနည်းများ ရှိတယ်ဆိုတာ မောင်တို့ မကြားဖူးဘူးလား'

'ကြားတော့ ကြားဖူးပါတယ် ဘုရင်မခင်ဗျာ၊ သို့သော် သည်အလုပ်တွေဟာ တကယ်ဖြစ်နိုင်တယ်လို့ ကျွန်တော်ဖြင့် မထင်မိပါဘူး'

'ဘာပြုလို့မထင်ရသလဲ၊ မောင်တို့က မောင်တို့ဉာဏ်ကလေးနဲ့ စဉ်းစားပြီး ကြည့်လို့မမီလျှင် ငါတို့ ဉာဏ်မမီလို့ပါကလားလို့ မအောက်မေ့ဘဲ မဖြစ်နိုင်ဘူးရယ်လို့ တစ်ခါတည်း မှတ်လိုက်တာကိုး မောင်ရဲ့၊ သည်ဟာကြောင့် မောင်တို့ သည်လောက် ဉာဏ်မွဲနေတာ မဟုတ်လား၊ လူများသေတယ်ဆိုတာလဲ တကယ် သေတာမဟုတ်ဘူး မောင်ရဲ့၊ အဖြစ် ပြောင်းလဲခြင်းသာ ဖြစ်တယ်'

'သည်ဟာတော့ ကျွန်တော်လဲ သိပါတယ်၊ ဂေါတမမြတ်စွာဘုရားကလဲ သည်လိုပဲ ဟောခဲ့ပါတယ်'

'သြော် သူကလဲ ဒီလိုပဲ ဟောခဲ့သလား၊ သူဟောတာမှန်တယ် မောင်ရဲ့' ဟုပြော၍ ကျွန်တော်မှာ ဘုရားဟောတော်မူသည်ကို မှန်သည်ဟုပြောရန် မလိုသည်ဖြစ်၍ အနည်းငယ်ပြုံးရယ်မိလေ၏။

ဘုရင်မကလည်း ကျွန်ုပ်ပြုံးရယ်သည့် အဓိပ္ပာယ်ကို ရိပ်မိလေသဖြင့် 'ဘာတဲ့၊ မောင်က မောင်တို့ တစ်သက်တာအတွင်းမှာ သည်မျှလောက် သိနိုင်တယ်ဆိုလျှင် ကျွန်ုပ်က နှစ်ပေါင်း သည်လောက်ကြာအောင် နေခဲ့တဲ့ မိန်းမက မသိဘဲနေမလား မောင်ရဲ့၊ သည်ဂူကြီးကို မြင်သလား၊ ကြည့်စမ်း၊ သည်ဟာ နှစ်ပေါင်း ဘယ်လောက်ကြာပြီ ထင်သလဲ၊ အနှစ်ခြောက်ထောင်ကျော်လောက်က ထွင်းထားတဲ့ ဂူကြီးပဲမောင်ရဲ့၊ အခု သည်လူတွေ ဘယ်ရောက်ကုန်သလဲ သိသလား၊ မသိဘူး ဟုတ်စ၊ သည်လူတွေ သည်မှာမရှိပေမယ့် ပျောက်ကုန်ပြီမထင်နဲ့၊ ပျောက်တာမဟုတ်ဘူး၊ ဘဝကူးပြောင်းပြီး အဖြစ်တစ်မျိုးလဲနေကြတယ်၊ တစ်ခါတလေများလေ ကျွန်ုပ်သည်မှာ ထိုင်နေတုန်း သူတို့ အရိပ်တွေ မြင်ရသလိုလို အောက်မေ့မိတယ်၊ သေသေချာချာ ကြည့်ပြန်တော့လဲ ပျောက်ကုန်ကြပြန်ရော' ဟု စဉ်းစားရင်း ပြောသည့်လက္ခဏာနှင့် တစ်လုံးချင်း ပြောလေလျှင် ကျွန်ုပ်သည်လည်း ထိုအရိပ်တို့ကို မြင်ရဘိသကဲ့သို့ မှတ်ထင်၍ ကြက်သီးပင်ထမိ၏။

ဘုရင်မလည်း ...

'လူများဟာ ငယ်စဉ်ကစပြီး ကြီးသည်တိုင်အောင် တစ်နေ့တခြား အကြားအမြင်များပြီး လိမ္မာကြရတယ် မဟုတ်လား၊ ကျွန်ုပ်မှာ နေထိုင်ခဲ့ရတဲ့ နှစ်ပေါင်းကများတော့ အတတ်ပညာ ဆည်းပူးလာခဲ့တာ ယခုအခါဖြင့် ကျွန်ုပ်မသိတဲ့ နားမလည်တဲ့အရာရယ်လို့ မရှိပေဘူး မှတ်တာပဲ' ဟု ပြောဆိုရာမှ ဘုရင်မသည် ကျွန်ုပ်အား ပြောဆိုဘိသကဲ့သို့မဟုတ် မိမိတစ်ယောက်တည်း ညည်းညူလျက် ရှိဘိသကဲ့သို့ ...

'သြော်၊ တစ်နေ့သော်လဲ လာနိုး၊ တစ်နေ့သော်လဲ လာနိုးနဲ့ စောင့်ပြီး နေခဲ့တဲ့ နှစ်ပေါင်းကလဲ များလှချေပြီနော်၊ ဘယ်တော့များမှ လာပါ့မလဲကွယ် အသက်ရယ်၊ ဟယ်၊ သို့သော် စောင့်လက်စနဲ့ စောင့်ရဦးတော့မှာပေါ့လေ၊ တစ်နေ့တော့ မုချသူလာရမှာပေါ့၊ ဘယ်နည်းနဲ့မဆို သူလာရဦးမှာပေါ့' ဟု ပြောပြီးလျှင် ကျွန်ုပ်ရှိသည်ကို သတိရ၍ ...

'ကျွန်ုပ် တစ်ယောက်တည်း သည်အရပ်မှာ လူရိုင်းတွေနဲ့နေထိုင်ရတာ ပျင်းစရာကောင်းတယ်လို့များ မောင်မမှတ် ဘူးလား၊ ပျင်းလှပါပြီ မောင်ရယ်၊ ပျင်းလှပါပြီ၊ ချစ်တဲ့သူ ငယ်ရည်စားအတွက်ကြောင့်သာ ဒါလောက်ကြာအောင် စောင့်ဆိုင်းနေရ၊ တစ်ခါတစ်ခါတော့လဲ သေပြီးလိုက်ရလျှင်ဖြင့် မြန်မြန်များ တွေ့ရမလား အောက်မေ့ မိတယ်၊ ဒီလိုဘဝကူးပြီး လိုက်ပြန်ပြီဆိုမှဖြင့်လဲ ဘဝတွေက အမျိုးမျိုး၊ စကြာဝဠာတွေကလဲ အနန္တမို့လို့ တွေ့ဖို့ရာအင်မတန် ခဲယဉ်းတဲ့အဖြစ်ကိုသိလို့သာ တစ်နေ့တော့လဲ မုချသူလာရမဟဲ့လို့ အားခဲပြီး စောင့်ဆိုင်း ရတော့တယ် မောင်ရယ်၊ နောက်ကို နှစ်ပေါင်းတစ်ထောင် ကြာဦး မလား၊ နှစ်ထောင် ကြာဦးမလား မသိရဘူး၊ ကြာချင်သလောက် ကြာပေစေလေ၊ စောင့်နိုင်အောင် ကြိုးစားပြီး စောင့်ရမှာပေါ့၊ ဟိုတစ်ခါ တွေ့တုန်းကတော့ သူ့ကို ကျွန်ုပ်က ပြစ်မှားမိခဲ့တယ်၊ ဒီတစ်ခါတွေ့လျှင်ဖြင့် အရင်ကအဖြစ်ကို မေ့ပြီး ကျွန်ုပ်အဆင်းကို မြင်ရတာနဲ့ ချစ်ခင်ကောင်းပါရဲ့' ဟုပြောလျှင် ကျွန်ုပ်မှာ ဘုရင်မပြောသည်ကို နားမလည်သည်ဖြစ်၍ ဘုရင်မသည် ထင်ရာကို

ပြောတတ်သော အရူးမသော်လည်းကောင်း၊ မကောင်းဆိုးဝါးသော်လည်းကောင်း ဖြစ်မည်ဟု စိတ်တွင် အောက်မေ့လျက်ရှိစဉ် ဆက်လက် ပြောပြန်သည်မှာ ...

'ဩော်၊ ကျွန်ုပ်မှာ နှစ်ပေါင်းများစွာ နေခဲ့ရသဖြင့် လူသာမညတို့ မသိနိုင်သော အဖြစ်အပျက်တို့ကို သိရှိရသော်လည်း ဘယ်အခါ လာနိုင်မည် ဆိုတဲ့အကြောင်းကိုတော့ မသိနိုင်ပါပဲကလား၊ ဩော် တစ်နေ့တော့ လာလိမ့် မယ်ပေါ့လေ၊ နက်ဖြန်ပဲလာလာ၊ သန်ဘက်ခါပဲ လာလာ၊ အနှစ်ငါးထောင် နေမှပဲလာလာ ငါကဖြင့် လိုလေသေးတယ်မရှိရအောင် စောင့်နိုင်သမျှ စောင့်ရမှာ ပေါ့' ဟု ပြောပြန်လျှင် ကျွန်ုပ်က ...

'နေပါဦးဗျာ၊ ကျွန်တော်တို့တော့ အချိန်တန်လျှင် သေတယ်၊ ဘုရင်မ မှာတော့ ဒီလောက်နှစ်ပေါင်းကြာအောင် ဘယ်နည်းနဲ့ နေနိုင်ပါသလဲခင်ဗျာ' ဟုမေးလျှင် ...

'ကျွန်ုပ်ပြောခဲ့တဲ့ အတိုင်းပေါ့၊ နေနိုင်တဲ့နည်းရှိတယ် မောင်ရဲ့၊ ဒီနည်းကို သိတဲ့လူဟာ မသေမပျောက်ဘဲ နေဖို့အလွယ်ကလေးပေါ့၊ သို့သော် တစ်ခုတော့ ရှိတယ်ပေါ့လေ၊ ကမ္ဘာကြီးတောင်မှပဲ အချိန်တန်တော့ ပျက်ရ ဦးမှာကိုး မောင်ရဲ့၊ ဒီတော့ ကျွန်ုပ်လဲ တစ်နေ့တော့ သေရမယ်ပေါ့လေ၊ သို့သော် ကျွန်ုပ်ကတော့ အသက်ကို ရှည်အောင်၊ ရုပ်ကိုမအိုအောင် ဒီလိုနည်းကို ကံအားလျော်စွာ ဆိုသလို ရရှိခဲ့တာကိုး၊ ဒီအကြောင်းတော့ နောက်စကား စပ်မိကြလို့ ပြောချင်စိတ် ရှိရင်လဲ ပြောရဦးမှာပေါ့လေ၊ မောင်တို့ လာမယ်ဆို တာ ကျွန်ုပ် ဘယ့်နှယ် သိသလဲဆိုတာ မောင်သိရဲ့လား' ဟုမေး၍ မသိကြောင်း ကျွန်ုပ်က ပြန်ပြောလျှင် ဘုရင်မသည် ကျောက်စားပွဲပေါ်ရှိ ကျောက်ခွက်ထဲသို့ ကျောက်တကောင်းမှ အလွန်ကြည်လင်လှစွာသော ရေကို ငှဲ့၍ ထည့်ပေးလေ၏။

ရေသည် ခွက်အတွင်းသို့ရောက်၍ ငြိမ်သက်စွာ ရှိသည့်အခါ ဘုရင်မသည် မိမိလက်ရိပ်ကို ရေထဲတွင် ထင်စေပြီးလျှင် ...

'ရေထဲမှာကြည့်စမ်း' ဟုပြောသဖြင့် ကျွန်ုပ်လည်း ငုံ့၍ ကြည့်လိုက် လေ၏။

ကျွန်ုပ်သည် ရေတွင် စိုက်လျက်ကြည့်နေစဉ် ရေသည် တဖြည်းဖြည်း မည်းမှောင်၍ သွားပြီးလျှင် တစ်ဖန် ကြည်လင်၍လာသဖြင့် ရေတွင် တင်လျက် ရှိသောအရိပ်တို့ကိုမြင်ရလျှင် ကျွန်ုပ်သည် အံ့သြ၍မကုန် နိုင်အောင်ရှိကုန်၏။

ထိုအရိပ်တွင်ကား ကျွန်ုပ်တို့ ထွင်းလုပ်ခဲ့သော လှေပေါ်တွင် မောင်စော နိုင်သည် ခြင်ကိုက်မည်ကို ကြောက်သဖြင့် စောင်တစ်ထည်ကို ခေါင်းမြီးခြုံ၍ အိပ်လျက်ရှိရာ ကာစင်၊ ပေါစံနှင့် ကျွန်ုပ်တို့သည် လှေကို ကမ်းခြေမှလျှောက်၍ နွယ်ကြိုးတို့ဖြင့် ဆွဲလျက်ရှိကြသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်သည် ထိုအရိပ်ကိုမြင်လျှင် ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ဖြစ်ကြောင်းကို သိရှိ သဖြင့် အလွန်တရာ အံ့သြလျက် ...

'ဒီဟာ မျက်လှည့်ပါပဲခင်ဗျာ' ဟု ပြောလေလျှင် ဘုရင်မက ...

'ဒီဟာမျက်လှည့် မဟုတ်ဘူးမောင်ရယ်၊ ပညာခေါ်တယ်၊ ဒီပညာ တတ်သည်မှာ ကျွန်ုပ်တစ်ယောက်တည်း ရှိသည်မဟုတ်၊ ကျွန်ုပ်နေထိုင်ခဲ့တဲ့ ပြည်မှာလဲ ဒီပညာမျိုးတတ်တဲ့သူတွေ အပုံပဲရှိတယ်၊ အခုဖြင့် ရှိလေသလား မဆိုနိုင်ဘူး၊ သို့သော်လဲ ဒီပညာမှာ ကျွန်ုပ်က စုံအောင် မတတ်သေးဘူး၊ နောက်က အဖြစ်လောက်ပဲ ကျွန်ုပ်မြင်နိုင်တယ်၊ ရှေ့ကအဖြစ်တော့ ကျွန်ုပ် မြင်အောင် မတတ်နိုင်သေးဘူး၊ သို့သော်လည်း တဖြည်းဖြည်းတော့ ကျွန်ုပ် မတတ် တတ်အောင်လုပ်မှာပဲ။ ဒါနဲ့ ကျွန်ုပ် ဒီကနေ့ ပျင်းပျင်းရှိတာနဲ့ သည်ရေမှာ အရိပ်ထင်အောင် ကြည့်လိုက်တော့ မောင်တို့အရိပ်ကို ကျုပ် မြင်ရတာကိုး၊ မောင်တို့ သုံးယောက်က လှေကိုဆွဲလို့ လှေပေါ်က သူငယ် မျက်နှာကိုတော့ စောင်ခြုံထားလို့ ကျွန်ုပ်မမြင်ရဘူး၊ နောက်များတော့ သည်ပညာအကြောင်း မောင်တို့ပြဦးမှာပေါ့လေ၊ ဒါနဲ့ ဟိုသူငယ်တစ်ယောက် အင်မတန် ဖျားနေတယ်ဆို'

'မှန်ပါတယ် ဘုရင်မခင်ဗျာ၊ အသည်းအသန်ပဲ ဖျားနေပါတယ်၊ ဘုရင်မ သည်လောက်တောင် ပညာတတ်လျှင် ကျွန်တော့်လူကို ပျောက်အောင်များကော မတတ်နိုင်ဘူးလားခင်ဗျား'

'တတ်နိုင်ပြီလား မောင်ရယ်၊ ကျွန်ုပ် ကုသရလျှင် ချက်ချင်းပျောက်မှာပေါ့၊ ဒါနဲ့ မောင်နဲ့ ဒီသူငယ်နဲ့ ဘယ့်နှယ်တော်ကြသလဲ၊ သားတော်သလား'

'မွေးစားတဲ့သားပါ ခင်ဗျာ၊ သို့သော် သားရင်းလိုပဲ ချစ်ခင်ပါတယ်၊ ဘုရင်မ တတ်နိုင်လျှင်ဖြင့် ချက်ချင်း ကုသတော်မူပါခင်ဗျာ၊ ကျွန်တော် ယခု သွားခေါ်ခဲ့ပါ့မယ်'

'နေပါဦးမောင်ရဲ့ ဖျားတာ ဘယ်နှစ်ရက်ရှိပြီလဲ'

'ဒီကနေ့ပါ သုံးရက်ရှိပါပြီ'

'ဒါဖြင့် တစ်ရက်လောက် နေပါစေဦး၊ သူ့ဘာသာပျောက်လို့ရှိရင် သာကောင်းတာပဲ၊ ကျွန်ုပ်ကုရလျှင် ကျွန်ုပ်ဆေးက အင်မတန်ပြင်းတယ်၊ သည်တော့ တစ်ရက်လောက် ကြည့်ကြဦးစို့၊ နက်ဖြန် သူဖျားတဲ့အချိန်ရောက်လို့မှ ရောဂါမသက်သာလျှင် ကျွန်ုပ်ကုပေးမယ်ပေါ့၊ အခု သူ့အနားမှာ ဘယ်သူစောင့်ရောက်သလဲ' ဟု မေးသဖြင့် ...

'ဘုရင်မ၏ လူမျိုး မိန်းမတစ်ယောက်မှာ ဤပြည်၏ ထုံးစံအတိုင်း လင်မယားမဖြစ်နှင့် အတူတကွ နေထိုင်ကြသည်ဖြစ်၍ ၎င်းမိန်းမငယ်ပင် စောင့်ရှောက်ပြုစုလျက်ရှိပါကြောင်း' ဖြင့် ပြောမိလေလျှင် ဘုရင်မသည် အမျက်ချောင်းချောင်းထွက်လျက် ...

'ကျွန်ုပ်လူမျိုးလို့ မောင့်ကို ဘယ်သူပြောသလဲ၊ ကျွန်ုပ်ကို သည် သတ္တဝါအရိုင်းကောင်တွေနဲ့ လူမျိုးအတူတူပဲ မှတ်နေသလားဟင်၊ သည် အရိုင်းကောင်တွေဟာ ကျွန်ုပ် ခိုင်းစေရာကို ဆောင်ရွက်ကြရတဲ့ ကျေးကျွန်တွေ ဖြစ်တယ်' ဟု စိတ်ဆိုးသောအသံဖြင့်ပြောလေလျှင် ကျွန်ုပ်သည် များစွာ တုန်လှုပ်လျက် သတိမေ့လျော့၍ ပြောမိကြောင်းကို ပြောပြီးလျှင် ...

'သည်းခံတော်မူပါ ဘုရင်မ' ဟု တောင်းပန်ရလေ၏။

ထိုအခါ ဘုရင်မက 'စကားပြောလျှင် လူမိုက်ပီပီ မပြောပါနဲ့မောင်ရယ်၊ သတိထားမှပေါ့၊ ကျွန်ုပ်ကိုလဲ ဘုရင်မ မခေါ်ပါနဲ့၊ ကျွန်ုပ်နာမည်က 'ရှုပနန္ဒီ' တဲ့၊

သည်ကနေ့ကစပြီး ကျွန်ုပ်ကို ရူပနန္ဒီလို့ ခေါ်ပါ’ ဟု ပြောလေ၏။ ရူပနန္ဒီ ဆိုသည့် အခ‌ိပ္ပာယ်မှာ အလွန်တရာအဆင်းလှသော မိန်းမဟူ၍ အဓိပ္ပာယ်ရှိလေရာ နာမည်နှင့်လည်းလိုက်အောင် ချောလှချေမည့်အကြောင်းကို ကျွန်ုပ်သည် မမြင်ရသေးမီကပင် တွေးထင်ပြီးဖြစ်လေသည်။

ထိုအခါ ဘုရင်မက ‘သည်မိန်းမနာမည် ဘယ့်နှယ်ခေါ်သလဲ’

‘မယ်သာမာ ခေါ်ပါတယ်’

‘သြော် ကျွန်ုပ်ကို တစ်ခါ တစ်ခါ အရိပ်ထဲမှာလာလာပြီး သတိပေးတဲ့ မိန်းမများ ဖြစ်လေရော့သလား၊ ကြည့်စမ်း ရေထဲကို၊ သည်မိန်းမလား’ ဟုပြော၍ ရှေးကနည်းတူ ရေကို လက်ဝါးဖြင့်ကာ၍ ပြရာ အရိပ်ထဲတွင် မယ်သာမာသည် အလွန်တရာ ကြင်နာလှစွာသော မျက်နှာထားဖြင့် စောင်း၍ အိပ်လျက်နေသူ မောင်စောနိုင်၏အနီးတွင် ထိုင်၍ စောင့်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်ုပ်က ဟုတ်မှန်ကြောင်းကိုပြောလျှင် ဘုရင်မသည် နဖူးကို လက်ဖြင့်သပ်လျက် ‘တယ် တူပါကလား၊ ဟုတ်နိုင်မယ်မထင်ပါဘူးလေ’ ဟုပြော၍ အရိပ်ကို ကွယ်ပျောက်စေလေ၏။

၎င်းနောက် ဘုရင်မက ‘ကျွန်ုပ်မှာတော့ သည်စားပွဲပေါ်မှာရှိတဲ့ သစ်သီးများနဲ့ ဟောသည်ရေကိုပဲ သောက်ပြီးနေနိုင်တယ်၊ သို့သော် မောင်တို့မှာတော့ လူချင်းမတူလို့ ဘယ်လိုဟာကိုများ စားတတ်သောက် တတ်သလဲ၊ လိုတာရှိရင် ပြောသာပြောနော်၊ ကျွန်ုပ်တတ်နိုင်သလောက် စောင့်ရှောက်ပါ့မယ်’ ဟု ပြောလျှင် ...

‘ကျွန်တော်လိုသည့်အရာကို တောင်းခံလျှင် အလိုလိုဖြစ်ပါမည်လား’ ဟုပြောလျှင် ‘လိုသည်ကို တောင်းသာ တောင်းပါ’ ဟု ပြောသောအခါ ကျွန်ုပ်က ရူပနန္ဒီ၏မျက်နှာကို တစ်ကြိမ်တစ်ခါမျှ မြင်လိုကြောင်းကို ပြောမိ လေ၏။

ထိုအခါ ဘုရင်မက ရယ်မော၍ ‘သတိထား မောင်ရဲ့နော်၊ သတိထား၊ နတ်သမီးများမြင်ရဖူးတဲ့လူဟာ အလိုမပြည့်နိုင်ဘဲ နတ်သမီးကိုသာ တောင့်တပြီး သေရတဲ့ ပုံဝတ္ထုများ မကြားဖူးဘူးလား၊ ကျွန်ုပ်မျက်နှာကို မောင်

မြင်ရလျှင်လဲ သည်လိုပဲ မောင်ဒုက္ခရောက်လိမ့်မယ်၊ ကျွန်ုပ်၏ အဆင်းသည် မောင်ကဲ့သို့သော လူအတွက် မဟုတ်၊ ကျွန်ုပ် မျှော်လင့်စောင့်ဆိုင်းလျက်နေသော သူ၏ အတွက်သာမျှ ဖြစ်သည်။ ကျွန်ုပ်ကို မြင်သည့်အတွက် မောင့်မှာ အလိုမပြည့်နိုင်ဘဲ စိတ်ဆင်းရဲရုံမျှ ရှိပါလိမ့်မယ် မောင်ရယ်၊ သတိထားပါ၊ သတိထားပါ၊ ဒါလောက် သတိပေးလျက်နဲ့ မောင်ကြည့်ချင်သေးသလား' ဟုမေးရာ ကျွန်ုပ်မှာ ဤသို့ပြောသည့်အတွက် ကြည့်လိုသော စိတ်ဆန္ဒသည် သာ၍ပင်အားကြီးလေသည် ဖြစ်ရကား ဖြစ်လိုရာဖြစ်စေတော့ဟု အောက်မေ့၍ ကြည့်မြင်လို ကြောင်းနှင့် ထပ်လောင်းပြောဆိုပြန်လေ၏။

ထိုအခါ ဘုရင်မက 'သည်လောက်သတိပေးလျက်နှင့် ကြည့်ချင်သေး သလား' ဟု မေးရာ ကျွန်ုပ်လည်း 'စိတ်ကို မချုပ်တည်းနိုင်သည်နှင့် ကြည့်လို ပါသည်' ဟု ပြန်ပြောသဖြင့် ဘုရင်မသည် ဦးခေါင်းနောင်တွင် တွယ်လျက် ရှိသော ချိတ်ကို ဖြုတ်ပြီးလျှင် ခေါင်းမြီးခြုံကို ဖွင့်၍ချလိုက်လေ၏။

ကျွန်ုပ်မှာ ကျွန်ုပ်ကိုယ်တိုင်လည်း အဆင်းသဏ္ဍာန် ညှို့ဖျင်းလှသည် ဖြစ်ရာ သူတစ်ပါး၌လည်း ရုပ်ရည် ချောမောလှပခြင်းကို များစွာ ပမာဏမပြုဘဲ အဆင်းအင်္ဂါနှင့် ပြည့်စုံသောမိန်းမတို့ကို တွေ့မြင်သည့်အခါ၌လည်း စွဲလမ်း ခြင်း တပ်မက်မောခြင်း စသည်တို့ အလျဉ်းပင် မဖြစ်ဖူးသဖြင့် ယခု အသက်လေးဆယ်ကျော် တိုင်အောင် လူပျိုကြီးလုပ်၍လာခဲ့ရာ ဤမိန်းမကို မြင်ရသည့်အခါ၌ကား လူပျိုကြီးလုပ်၍ပင် နေတော့မည် ဟူသောစိတ်တို့သည် ကွယ်ပျောက်သွားးလေ၏။

ဤသို့ မကြီးမငယ်အရွယ်တိုင်ရောက်မှ မိမိ၏စိတ်၌ ဖောက်လွဲဖောက် ပြန်ဖြစ်ရခြင်းကို ဝန်ခံရသည်မှာ ရှက်ဖွယ်ကောင်းလှသော်လည်း ထိုမိန်းမသည် မည်မျှချောမောလှပသည်ကို မပြောနိုင်သည်ဖြစ်၍ မည်မျှလောက် လှပသည့် အကြောင်းကို ထင်ရှားစေခြင်းငှာ ကျွန်ုပ်ကဲ့သို့သော သူပင်လျှင် စိတ်နှလုံး ဖောက်ပြန်ခြင်း ဖြစ်သေးသည့်အကြောင်းကို ထုတ်ဖော်၍ ရေးသားရခြင်း ဖြစ်ပါသည်။

ရှေးအခါက အဆင်းသဏ္ဌာန်နှင့် ပြည့်စုံသည်ဟု ထင်ရှားကျော်စော ခဲ့သော ဥမ္မာဒန္တီ၊ ပပဝတီ၊ မာဂဏ္ဍီ စသည်တို့မှာ ကြားရုံမျှသာ ကြားဖူး ရသည်ဖြစ်၍ တစ်ကြိမ်တစ်ခါ ကြည့်ရုံမျှနှင့် မူးဝေလျက်သွားတတ်သည်ဟု ကြားဖူးသော်လည်း မယုံကြည်ဘဲရှိခဲ့ရာ ထိုမိန်းမကို မြင်ရသည့်အခါ၌ကား စာတွင်ရှိသော အကြောင်းအရာတို့သည် ဟုတ်တန်လောက်ပေ၏တကားဟု အောက်မေ့မိလေ၏။

ရှေးအခါ၌ကား မည်သည့်မိန်းမသည် ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံခဲ့ သည်ဖြစ်စေ ယောကျ်ားတို့၏ စိတ်သဘောကို တစ်ခဏချင်းပင် ပြောင်းလဲ စေနိုင်သည်။ သတိမေ့လျော့၍ သွားတတ်သည် စသည်ဖြင့် ကျော်ကြားဖူး သည်မှာ ရာဇဝင်ဖြစ်သဖြင့် ပိုမို၍ ရေးမြဲရှိသည့်အတိုင်း ရေးသည်ဟုသာလျှင် မှတ်ထင်လေ့ရှိခဲ့သည်ဖြစ်ရာ ယခုမှာမူ မိန်းမတို့၏ အဆင်းသည် ယောကျ်ား တို့၏ စိတ်သဘောကို နူးညွတ်စေရန်မျှလောက် အစွမ်းသတ္တိရှိသည်ကို ကောင်းစွာ ယုံကြည်ပြီးဖြစ်လေသတည်း။

ဘုရင်မသည် ခေါင်းမြီးခြုံကို ဖွင့်ချလိုက်သည့်အခါ ကိုယ်တွင်ဝတ်ဆင် လျက်ရှိသော အဝတ်တို့မှာ အိန္ဒိယတိုင်းသူတို့ ဝတ်ဆင်လေ့ရှိသော အဝတ်မျိုး ဖြစ်လျက် အလွန်တရာ ပါးလှပ်ပျော့ပျောင်းနူးညံ့လှသော အထည်ဖြင့် ချုပ်လုပ် ၍ထားလေရာ အလွန်ပြေပြစ် နုပျိုလှသော ကိုယ်ပုံလက်ပုံတို့ကို ပကတိ အတိုင်းပင် ထင်မြင်ရလှဘနန်းရှိလေ၏။

ဘုရင်မ၏ ခြေ၌လည်း နီမြန်းသောအရောင်ရှိသည့် ခြေနင်းကို ဝတ်ဆင်လျက်ရှိရာ ၎င်းခြေနှစ်ဘက်ကို မြင်ရရုံနှင့်ပင် အထက်သို့မော်၍ မကြည့်နိုင်အောင် လှပပြေပြစ်ခြင်းရှိပေ၏။

ကျွန်ုပ်သည် ခြေနှစ်ဘက်ကိုကြည့်ရာမှ တဖြည်းဖြည်း အထက်သို့ လျှောက်၍ကြည့်လိုက်ရာ ဘုရင်မ၏ခါး၌ကား ခြေနင်းနှင့် တစ်ရောင်တည်း ရှိသော ဖဲခါးပတ်သည် ဇမ္ဗူရာဇ်ရွှေစင်ဖြင့် ထုလုပ်လျက် မြွေ၏ဦးခေါင်း သဏ္ဌာန်ရှိသော ချိတ်တို့ဖြင့် ရှေ့တွင် ချိတ်တွယ်လျက်ရှိလေ၏။

ဘုရင်မ၏ ခါးမှာလည်း အလွန်တရာ သေးငယ်လှသည်ဖြစ်၍ ထွာဆိုင်ခန့်မျှရှိသော ခါးပတ်သည် ပတ်စည်းလျက်ရှိရာ အထက်သို့ကြည့်ရှုလိုက်ပြန်ရာ တဖြည်းဖြည်းပေပြပြစ်စွာ မောက်ဖြိုး၍လာလျက် အလွန် နူးညံ့ဖြူစင်လှသော လက်နှစ်ဖက်တို့သည် ရင်ကိုဖုံးအုပ်လျက် ယှက်သန်းကာထားသည်ကို တွေ့မြင်ရလေ၏။

ထိုမှတစ်ဖန် မျက်နှာသို့ ရောက်ရှိပြန်သည်ရှိသော် ဘုရင်မ၏မျက်နှာသည်ကား မည်မျှလောက် ချောမောလှပခြင်းရှိသည်ကို စာဖြင့်ရေးသားသော်လည်း ကုန်နိုင်တော့မည် မဟုတ်ချေ။

ကျွန်ုပ်မှာ စာရေးဆရာလည်း မဟုတ်သဖြင့် ဘုရင်မ၏ အဆင်းသဏ္ဌာန်ကို ဖတ်ရှုသူတို့ မြင်နိုင်စေလောက်အောင် ရေးနိုင်သော စာရေးဆရာသည်လည်း ထွက်ပေါ်သေးမည် မထင်ပါ။ နှာခေါင်း၏ လှပခြင်း၊ ပါး၏ လှပခြင်း၊ ပါးစပ်၏ လှပခြင်း၊ အသား၏ လှပခြင်း၊ မျက်ခုံး၏ လှပခြင်းတို့ကိုသာလျှင် ဖော်ပြနိုင်ကြမည်ဖြစ်ရာ အလုံးစုံစုစုပေါင်း၍ ကြည့်လိုက်သည့်အခါ ယောကျ်ားတို့၏ စိတ်အာရုံတို့ကို မည်ကဲ့သို့ ယိုဖိတ်စေတတ်ခြင်း၊ စိတ်နှလုံးကို မည်ကဲ့သို့ ညွတ်နူးစေတတ်ခြင်း စသည့်အကြောင်းတို့ကိုကား စုံလင်စွာ ဖော်ပြနိုင်ကြမည် မဟုတ်ချေ။

ကျွန်ုပ်သည် တစ်မျက်နှာလုံးကို သိမ်းရုံး၍ကြည့်ရာမှ မျက်စိသို့ တစ်ဖန်ကြည့်လိုက်ပြန်သဖြင့် မျက်စိချင်းဆိုင်လျက် ရှိကြပြန်လျှင် ဘုရင်မမျက်စိသို့ ဓါတ်ကြိုးဖြင့် ရုတ်တရက် ဆက်သွယ်လိုက်ဘိသကဲ့သို့ ပြော၍မပြနိုင်လောက်အောင်ပင် ကျွန်ုပ်၏ စိတ်သဘော၌ ပြောင်းလဲခြင်းရှိပြီးလျှင် ဤသို့ မျက်စိချင်းဆိုင်လျက် ကြည့်နေရသော် ဆာမွတ်ခြင်း၊ သောင်းညာခြင်း မရှိဘဲ တစ်သက်လုံးပင်ကြည့်၍ နေနိုင်ပါ၏တကားဟု အောက်မေ့မိလေ၏။

ဘုရင်မ၏ အဆင်းသဏ္ဌာန်ကို ကျွန်ုပ်သည် တတ်အားသမျှ ရေးသားဖော်ပြခဲ့ပြီးသည်ဖြစ်ရာ ထိုသို့ ရေးသားခြင်းမှာ အပုံတစ်ရာပုံလျှင် တစ်ပုံမျှ ရှိသေးသည် မဟုတ်သဖြင့် ထိုဘုရင်မသည် လူသားစင်စစ် မဟုတ်တန်ရာ၊

နတ်ပြည်မှ နတ်သမီးသည် ကျွန်ုပ်အား လာရောက်လှည့်ဖြားလာသည်ဟုပင် မှတ်ထင်မိပေ၏။

သို့ရာတွင် ထိုဘုရင်မ၏ ရုပ်အင်္ဂါနှင့် စပ်လျဉ်း၍ ထူးဆန်းသော အခြင်းအရာတစ်ခုမှာ ကျွန်ုပ်သည် ဘုရင်မကို ထိုကဲ့သို့ စိုက်၍ကြည့်နေစဉ် မည်ကဲ့သို့သော အကြောင်းကြောင့်မသိ၊ ဤမိန်းမသည်ကား ကောင်းသော ဘုံသားမဟုတ်၊ လူတို့ထက်ညံ့ဖျင်းသော ဘုံသားမျှသာဖြစ်သည်ဟု စိတ်၌ ရုတ်တရက်အားဖြင့် မှတ်ထင်ရသည်ဖြစ်ရာ ထိုသို့ မှတ်ထင်သည့်နောက် တစ်ခဏ၌ကား ဘုရင်မ၏အဆင်းသည် ထိုကဲ့သို့ အောက်မေ့သောစိတ်ကို ဖုံးလွှမ်းစေပြီးလျှင် လှပသည်ကိုသာလျှင် သတိရ၍ ပထမဖြစ်ပေါ်လာသော စိတ်သည် အလွန်တရာအားနည်းသဖြင့် ကွယ်ပျောက်၍သွားပြီးလျှင် အဆင်း ကောင်းခြင်းကိုသာ စိတ်၌ ထင်မြင်ရလေ၏။

ထို့ပြင် ဘုရင်မ၏မျက်နှာမှာ အမြင်အားဖြင့် အသက်သုံးဆယ်ခန့် သာလျှင် မှတ်ထင်ရငြားသော်လည်း မျက်စိတို့မှာ အလွန်စူးရှခြင်း၊ ဆင်ခြင် တတ်သောသဘောနှင့် ပြည့်စုံခြင်း၊ အတွေ့အကြုံများသဖြင့် ဉာဏ်ပညာ အမြော်အမြင်ရှိခြင်း အစရှိသော အခြင်းအရာတို့နှင့် ပြည့်စုံလှသည်ဖြစ်၍ တွေ့မြင်ရလေ၏။ ကျွန်ုပ်လည်း ဘုရင်မ၏အဆင်းကို များစွာအံ့ဩလှသဖြင့် မျက်တောင်မခတ်ဘဲ စိုက်လျက်ကြည့်နေရာ ဘုရင်မသည် လက်ကိုပိုက်လျက် ဦးခေါင်းကို အနည်းငယ်စောင်းငဲ့ပြီးလျှင် ရပ်နေရာမှ ...

'လူမိုက် လူမိုက်၊ ကျွန်ုပ် အစက မပြောဘူးလား၊ ကျွန်ုပ်ကိုမြင်ရလျှင် မောင် ဒုက္ခဖြစ်လိမ့်မယ်လို့ ကျွန်ုပ် သတိပေးလိုက်တယ် မဟုတ်လား၊ ဒါပဲ မောင်တို့လူမျိုးဟာ နောင်အခါမှာ ဘယ်လိုပဲဖြစ်ဖြစ် သိချင်တာရှိရင် သိရမှ၊ ကြည့်ချင်တာရှိရင် ကြည့်ရမှ အခုကြည့်ရတော့ မောင့်စိတ်မှာ ဘယ့်နှယ် ဖြစ်သလဲ၊ မအောင့်နိုင်မအီးနိုင်ဖြစ်တယ်၊ သို့သော်လည်း စိတ်ကိုသာ ချုပ်တည်း ပေတော့ မောင်ရယ်၊ ကျွန်ုပ်က မောင်နဲ့ဘာမှ မဆိုင်ဘူး၊ ကျွန်ုပ်ပိုင်တဲ့လူတစ် ယောက်ပဲရှိတယ်၊ သည်လူကို ကျွန်ုပ် ယခုမျှော်နေတယ် မဟုတ်လား၊ ကဲ..

တော်ပြီလား၊ နောက်ကိုမကြည့်ချင်နဲ့နော်' ဟုပြောပြီးလျှင် ဘုရင်မသည် မိမိ၏မျက်နှာကို ရှေးကကဲ့သို့ ခေါင်းမြီးခြုံလိုက်လေ၏။

ဘုရင်မသည် မျက်နှာကို မမြင်စေရန် ဤသို့ ခေါင်းမြီးခြုံလိုက်ပြီး ဖြစ်သော်လည်း ကျွန်ုပ်၏စိတ်၌ကား မျက်နှာကို ပကတိပင် မြင်ရသေးသကဲ့သို့ အောက်မေ့၍ စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ စိုက်ကြည့်နေသေးရာ ...

'ဟဲ့ လူမိုက်၊ သည်လောက်မရှူးနဲ့လေ၊ သတိထားမှပေါ့၊ ကဲ ကဲ သွားပေဦးတော့၊ သည်အခန်းက ထွက်သွားပြီးတဲ့နောက် ကျွန်ုပ်ကို မောင် တစ်ကြိမ်မှ မမြင်ဖူးသကဲ့သို့ အောက်မေ့ပြီး ကျွန်ုပ်၏အဆင်းကို မောင့် စိတ်ထဲက ခွဲခွာနိုင်အောင် ခွဲခွာပေတော့ မောင်ရယ်၊ ကဲ ကဲ သွားတော့ သွားတော့' ဟု ပြောလျှင် ကျွန်ုပ်မှ အိပ်ရာမှ ရုတ်တရက်နှိုး၍ လွှတ်လိုက်ဘိ သကဲ့သို့ မူးဝေယိမ်းယိုင်လျက် ထွက်လာရလေ၏။

ထထထ

## အခန်း (၁၂)

ကျွန်ုပ်၏အိပ်ခန်းသို့ ပြန်ရောက်လျှင် ကျွန်ုပ်သည် အိပ်ရာပေါ်သို့ လှဲလျက် တွေ့ကြုံရသော အဖြစ်အပျက်တို့သည် ထူးဆန်းလှသည်ဖြစ်၍ စိတ်တွင် မဝေခွဲနိုင်ဖြစ်လျက် အနည်းနည်းအဖုံဖုံ စဉ်းစားကာ ရှိနေလေ၏။

ဘုရင်မသည် အကယ်ပင် လူသားစင်စစ် ဟုတ်ပါ၏လော။ လူသားစင်စစ် မဟုတ်ခဲ့လျှင် မည်သည့်ဘုံမှ လာရောက်၍ ကျွန်ုပ်အား လိမ်လည်ပြောဆိုခြင်းကို ပြုပါသနည်း။

လူစင်စစ် ဖြစ်ပါလျှင်လည်း ၎င်းပြောသည့်အတိုင်း နှစ်ပေါင်းနှစ်ထောင်ကျော်တိုင်အောင် တည်နေခဲ့လျက် ဂေါတမမြတ်စွာဘုရား လက်ထက်တော်ကိုပင် မီခဲ့သည့် လက္ခဏာနှင့် ပြောဆိုသည်မှာ အကယ်ပင် ဟုတ်ပါ၏လော။

အကယ်ဟုတ်ခဲ့လျှင် ဤအရပ်၌နေနိုင်သော လူရိုင်းမိန်းမတစ်ယောက်သည် ထိုအဖြစ်အပျက်များကို အဘယ်ကဲ့သို့ သိရှိနိုင်ပါသနည်း။ အကယ်ပင် ပြောသည့်အတိုင်း မှန်ခဲ့ပါလျှင် အနှစ် နှစ်ထောင်ကျော် သုံးထောင်ခန့်မျှ မအိုဘဲ၊ မနာဘဲ၊ မသေဘဲ နေနိုင်သည့်နည်းကို အဘယ်မှာ တွေ့ပါသနည်း။

ထိုနည်းမှာ ယခုပင် ရှိနေသေးလော စသည်ဖြင့် စဉ်းစားရာမှ ဘုရင်မ၏ အဆင်းလှပကြောင်းကို စဉ်းစားမိသည့်အခါ ဘုရင်မ၏မျက်နှာသည် ကျွန်ုပ်၏ မျက်စိထဲမှ မထွက်ဘဲ တဝဲလည်လည် ရှိလေရာ ...

'ငါသည်ကား မိန်းမတို့၏ အဆင်း၊ မိန်းမတို့၏ မာယာ စသည်တို့ဖြင့် သွေးဆောင်ဖြားယောင်း၍ မပါချေ နိုင်တော့ပြီ' ဟု အောက်မေ့လျက် လူပျိုကြီး လုပ်၍လာခဲ့ရာ ယခုသည်ကား ရှေးက စိတ်သဘောမျိုးသည် ကွယ်ပျောက်လေသဖြင့် ဘုရင်မကိုပင် တပ်မက်သောစိတ် ဖြစ်ရချေပြီတကားဟု သတိရ၍ 'ကိုယ့်လိပ်ပြာ ကိုယ်ရှက်' ဆိုသည့် စကားကဲ့သို့ ငါကဲ့သို့သော လူ့အကျည်းတန်ကို ဘုရင်မသည် ပမာဏပြုမည် မဟုတ်သည့်အပြင် တစ်စုံတစ်ယောက်သောသူကို မျှော်လင့်စောင့်ဆိုင်းလျက်ရှိသည်ဟု ပြောသည်ကို ထောက်ချင့် ပြန်လျှင်လည်း ငါလိုလူစားနှင့် ဘာမျှဆိုင်မည် မဟုတ်သည့် အကြောင်းကို သိရှိရသဖြင့် စိတ်ကို ချုပ်တည်းထားပါသော်လည်း ဘုရင်မ၏ ရုပ်အဆင်းသည် မျက်စိထဲမှ မထွက်နိုင်ဘဲ ရှိလေ၏။

ထိုအခါ ကျွန်ုပ်သည် မိမိကိုယ်မိမိ များစွာ စိတ်ဆိုးလျက် 'အသက်လေးဆယ်ကျော်မှ နင် သည်လောက် ဖြစ်ရလေသလား' ဟု မည်တွင် တောက်တီး၍ အိပ်သော်လည်း အိပ်ပျော်မည် မဟုတ်သည့် အကြောင်းကို သိရသဖြင့် တစ်စုံတစ်ခုကို လုပ်ကိုင်၍နေမှသာလျှင် သက်သာရာ ရချေတော့မည်ဟု အိပ်ရာမှ ထပြီးလျှင် ကျွန်ုပ် ဆောင်ယူခဲ့သည့် နာရီကိုကြည့်ရာ ဆယ်နာရီထိုးလုဆဲဆဲ ရှိကြောင်းကို တွေ့မြင်ရလေ၏။

ငင်းနောက် ကျွန်ုပ်သည် မောင်စောနိုင်ကို သတိရ၍ ကြည့်မည်ဟု အခန်းတွင်းမှ ထွက်လာခဲ့ပြီး မောင်စောနိုင်ရှိရာ အခန်းဝသို့ ရောက်လျှင် အခန်းဝ၌ရှိသော ကန့်လန့်ကာကို လက်နှင့်ဖယ်၍ အခန်းတွင်းသို့ ကြည့်လိုက်ရာ မောင်စောနိုင်သည် ကျွန်ုပ်၏ အခန်းတွင်းရှိသည့် ကျောက်စားပွဲကဲ့သို့ ရှိသော စားပွဲတစ်ခုပေါ်၌ အိပ်ပျော်လျက်ရှိသည်ကို တွေ့မြင်ရလေသည်။

ဤသို့ပင် အိပ်ပျော်လျက်ရှိသော်လည်း အဖျားသည် အလွန်ပြင်းထန်လှသည်ဖြစ်၍ မောင်စောနိုင်မှာ အိပ်ရာပေါ်တွင် လူးလိမ့်လျက်ရှိနေရာ မယ်သာမာမှာမူ ခုတင်ကို မှီလျက် အိပ်ငိုက်နေသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်သည် ဤသို့ကြည့်နေစဉ် မောင်စောနိုင်၏ လုပချောမောလှသော မျက်နှာကိုမြင်ရလျှင် အကယ်၍ မောင်စောနိုင်သည် ရောဂါပျောက်သဖြင့်

မသေမပျောက်ဘဲ ဘုရင်မနှင့်တွေ့ခဲ့ပါလျှင် ဘုရင်မအား ချစ်ကြိုက်သော စိတ်သည် မုချပေါ်ပေါက်ရမည် ဖြစ်လေသည်။

အကယ်၍ ကျွန်ုပ်တွေးထင်သည့်အတိုင်း ဖြစ်ခဲ့၍ ဘုရင်မကို ကျွန်ုပ်တို့နှစ်ဦးသည် ယှဉ်ပြိုင် လုည့်ပတ်ရသည်ဖြစ်ခဲ့ပါလျှင် မောင်စောနိုင်၏ အဆင်းသည် အလွန်အမင်း လှပနေသည်ဖြစ်၍ ကျွန်ုပ်ကဲ့သို့ အရုပ်အဆင်း ညံ့သောသူ တစ်ယောက်သည် မုချ အရှုံးပေးရချေတော့မည်ဟု အောက်မေ့၍ မနာလိုသော စိတ်သည် ရုတ်တရက်ပေါ်ပေါက်၍လာရကား သတိထားတတ် သောသူ ဖြစ်၍ မကောင်းစိတ် ဝင်လာသည်ကို ချက်ချင်း ပယ်ထုတ်ပြီးလျှင် ...

'ငါသည် သားရင်းတမျှ ချစ်ခင်လှသော သူကိုပင်လျှင် ဘုရင်မကို စွဲလမ်းသည့်အတွက် မနာလို မရှုစိမ့်ဖြစ်ရချေပြီတကား' ဟု အပြစ်တင်ပြီးလျှင် ဖြည်းညင်းစွာ ပြန်လာခဲ့လေ၏။

ကျွန်ုပ်၏ အခန်းတွင်းသို့ ရောက်ပြန်လျှင် ကျွန်ုပ်သည် ခုတင်ပေါ်တွင် ပက်လက်လှန်လျက် မိမိတွေ့ကြုံရသည့် အဖြစ်တို့ကို ပြန်လည်တွေးတောရာမှ ရောက်မိရောက်ရာအရပ်တွင် ဝဲလျက်သာလျှင် ရှိသဖြင့် အိပ်မပျော်နိုင်ဘဲ ရှိလေ၏။

ထိုအခါ ကျွန်ုပ်သည် အိပ်ရာထဲတွင် တွန့်လိမ်လျက်ရှိရာမှ သည်းမခံ နိုင်အောင် နေမထိ ထိုင်မထိ ရှိနေသဖြင့် အိပ်ယာမှထ၍ အခန်းတွင်းတွင် ထိုမှဤမှ လူးလာခတ်လျက် တစ်နာရီကျော် နှစ်နာရီမျှ လမ်းလျှောက်၍ နေလေ၏။

ဤသို့ အတည်မနေနိုင်ဘဲ လူးလာခတ်လျက်ရှိစဉ် ဂူနံရံ၌ အပေါက် ငယ်ရှိသည်ကို ရုတ်တရက် တွေ့မြင်ရလျှင် ကျွန်ုပ်သည် မီးခွက်ကိုယူ၍ သေချာစွာ ကြည့်လေ၏။

၎င်းအပေါက်မှာ လူတစ်ယောက် ဝင်ယုံမျှသာရှိသဖြင့် ကျွန်ုပ်သည် အကယ်၍ အိပ်ပျော်လျက်ရှိစဉ် အခြားသူတို့သည် ဤအပေါက်ငယ်မှ ကျွန်ုပ်၏ အခန်းအတွင်းသို့ ဝင်လာလျှင် ဝင်နိုင်မည်ဖြစ်၍ ဤအပေါက်သည် အဘယ်

သို့သောနေရာနှင့် ဆက်သွယ်လျက် ရှိလေသနည်းဟု သိလိုသောဆန္ဒရှိသည် ဖြစ်၍ မီးခွက်ကိုကိုင်ပြီးလျှင် အပေါက်မှ ထွက်ခဲ့လေ၏။

အပြင်သို့ရောက်လျှင် အလွန်ကျဉ်းမြောင်းလှသော လမ်းတစ်ခုကို ကျောက်တွင် ထွင်းဖောက်၍ထားသည်ကို တွေ့ရှိ၍ ကျွန်ုပ်သည် ထိုလမ်းအတိုင်း ပေငါးဆယ်မျှ လိုက်သွားခဲ့မိလျှင် အောက်သို့ဆင်းသော ကျောက်လှေကား တစ်ခုသို့ ရောက်လေ၏။

ထိုအခါ ကျွန်ုပ်သည် မီးခွက်ကိုကိုင်လျက် ၎င်းကျောက်လှေကားမှ ဖြည်းညင်းစွာ ဆင်းသွား၍ အထစ်လေးဆယ်ခန့်မျှ ဆင်းသွားမိလျှင် လမ်းကျယ် တစ်ခုကို တွေ့ပြန်လေ၏။

ထိုလမ်းမှလိုက်သွားပြန်ရာ ပေငါးဆယ်ခန့်မျှ သွားမိပြန်လျှင် အခြား လမ်းတစ်ခုသည် ကျွန်ုပ် သွားလျက်ရှိသောလမ်းနှင့် ကန့်လန့်ဖြတ်လျက် ရှိသည်ကို တွေ့ရပြန်လေ၏။

ကျွန်ုပ်လည်း လက်ယာလမ်းသို့ ထပ်မံ၍ လျှောက်သွားရာ ပေငါးဆယ် ခန့်တွင် ကန့်လန့်ဖြတ်လျက်ရှိသော အခြားလမ်းတစ်ခုကို တွေ့ရပြန်လေ၏။

နောက်တွေ့ရှိသော လမ်းသို့ရောက်လျှင် ကျွန်ုပ်သည် မည်သည့်ဘက် သို့ လိုက်ရမည် မသိသဖြင့် စဉ်းစားလျက်ရှိစဉ် ရုတ်တရက်လေတိုက်ခတ်သဖြင့် လက်တွင်ကိုင်ထားသော မီးခွက်သည် မီးငြိမ်း၍ သွားလေရာ ကျွန်ုပ်မှာ မှောင်အတိပြီးလျက်ရှိသော အရပ်၌ တစ်ယောက်တည်း ကျန်ရစ်ခဲ့လေ၏။

သန်းခေါင်ကျော်လည်းဖြစ်ပြန်၊ မြေတိုက်တွင်လည်း ဖြစ်ပြန်သဖြင့် မည်းမည်းမှောင်မှောင်လျက်ရှိရာ ကျွန်ုပ်မှာ လာသောလမ်းကို အဘယ်ကဲ့သို့ ပြန်၍သွားရပါမည်နည်းဟု စဉ်းစားရင်း ချွေးဒီးဒီးကျအောင် စိတ်ညစ်ညူးခြင်း ဖြစ်ရလေ၏။

၎င်းနောက် ကျွန်ုပ်သည် မီးခွက်ကို လက်တစ်ဖက်မှ ကိုင်၍ အခြားလက်တစ်ဖက်ဖြင့် နံရံကို စမ်းသပ်ပြီးလျှင် ရောက်လိုရာ ရောက်စေ

တော့ဟု လျှောက်သွားလေရာ ပေငါးဆယ်ခန့်မျှ သွားမိပြန်လျှင် ပေနှစ်ရာခန့် အရပ်မှ မီးရောင်တစ်ခုကို တွေ့ရလေ၏။

ထိုအခါ ကျွန်ုပ်သည် ၎င်းမီးတွင် ကျွန်ုပ်၏ မီးခွက်ကို ညှိမည်ဟု အလင်းရောင်ရှိရာသို့ တဖြည်းဖြည်း သွားပြန်ရာ ၎င်းမီးရောင်မှာ ကန့်လန့်ကာ တစ်ချပ်အတွင်းမှ လာသည်ကို တွေ့မြင်ရ၍ ကန့်လန့်ကာအတွင်းရှိ မီးသည်လည်း လင်းချည်တစ်လှည့် မှတ်ချည်တစ်ခါ ရှိသည်ကို တွေ့မြင်ရ ပြန်သဖြင့် မည်ကဲ့သို့သောမီး ဖြစ်လေသည်ကို သိလိုသည်ဖြစ်၍ အနီးသို့ ရောက်အောင် သွားလေ၏။

ဤသို့ ခြေလှမ်းငါးဆယ်မျှသွားမိ၍ ကန့်လန့်ကာအနီးသို့ ရောက်လျှင် တွေ့မြင်ရသည့်အရာတို့မှာ အသည်းနှလုံးတုန်လှုပ်ဖွယ် ကောင်းလှပေ၏။

ကျွန်ုပ်သည် ကန့်လန့်ကာအနီးသို့ရောက်လျှင် ကန့်လန့်ကာသည် ကောင်းစွာမစေ့သဖြင့် အကြားမှ ချောင်းကြည့်လိုက်ရာ ပေနှစ်ဆယ်ပတ်လည် ခန့်ရှိသော အခန်းတစ်ခုကို တွေ့မြင်ရလေ၏။

၎င်း၏ အလယ်၌ကား အလွန်ဖြူလှသော မီးတောက်တစ်ခုသည် အခိုး အလျှဉ်းမထွက်ဘဲ တောက်လောင်လျက်ရှိရာ အခန်း၏တစ်ဖက်၌ကား လေးပေ ခန့်ရှိသော စင်နှစ်ခုရှိသည့်အနက် စင်တစ်ခုပေါ်၌ကား အလောင်းနှင့် သဏ္ဍာန်တူသော အရာတစ်ခုကို အဝတ်တို့ဖြင့် လွှမ်းဖုံးလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

အခြားစင်၏ အပေါ်၌ကား ကောင်းမွန်လှပစွာ ထိုးရက်၍ထားသော ဇာအဝတ်တစ်ခု ရှိလေ၏။ မီးတောက်၏ အနီး၌မူ မိန်းမတစ်ယောက်သည် မည်းနက်သော အဝတ်ကို ခေါင်းမြီးခြုံ၍ ဒူးထောက်လျက် ကျွန်ုပ်ရှိရာ နံဘေးတိုက် ထိုင်နေသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်သည် အလွန်တရာ အံ့ဩလှသဖြင့် အဘယ်သူသည် အဘယ် အကြောင်းနှင့် ဤအချိန် ဤအရပ်တွင် ထိုင်နေရသည်ကို မတွေးတောနိုင်ဘဲ ကြက်သေသေ၍ ကြည့်လျက်ရှိစဉ် မီးတောက်အနီးရှိ မိန်းမသည် ထိုင်ရာမှ

ရတ်တရက်ထ၍ ခေါင်းမြီးခြုံလျက်ရှိသော အဝတ်မည်းကြီးကို ပစ်ချလိုက်ရာ ၎င်းမိန်းမမှာ ရူပနန္ဒီဖြစ်ကြောင်းကို တွေ့မြင်ရလေ၏။

ဘုရင်မမှာ ကျွန်ုပ်နှင့် တွေ့ရှိစဉ်အခါကကဲ့သို့ပင် ဝတ်ဆင်လျက်ရှိရာ ဆံပင်တို့မှာလည်း ဖားလျား ချလျက် မြေသို့ဝဲသည့်တိုင်အောင် ရှိလေ၏။

ဤသို့ အံ့သြခြင်းမက အံ့သြလှလျက် ကျွန်ုပ်သည် ဘုရင်မ၏ မျက်နှာကို ကြည့်လိုက်ရာ ဘုရင်မ၏ မျက်နှာ၌မူကား တစ်သက်တွင် မမေ့နိုင်လောက်သော မျက်နှာထားကို တွေ့မြင်ရကုန်၏။

ထိုအခါ ဘုရင်မ၏ မျက်နှာသည် ညဉ့်ဦးအခါကကဲ့သို့ပင် ချောမော လှပခြင်း ရှိသော်ငြားလည်း ၎င်း၏ မျက်နှာထားသည်ကား အပြင်းအထန် ဝေဒနာခံစားရခြင်း၊ အလွန်အမင်း ဒေါသထွက်ခြင်း၊ အလွန်အကျူး ရန်ငြိုး ထားခြင်း အစရှိသော အခြင်းအရာတို့ကို ထင်ရှားသေချာစွာ တွေ့မြင်ရလေ၏။

ဤသို့ ရပ်လျက်ရှိစဉ် ဘုရင်မသည် လက်နှစ်ဘက်ကို အပေါ်သို့ မြှောက်လျက် လက်ချောင်းတို့မှာလည်း အပြင်းအထန် ဝေဒနာခံရဘိသကဲ့သို့ ကျပ်တည်းစွာ ဆုပ်လျက် မျက်နှာထားသည်လည်း ရှေးကထက်ပင် ဒေါသ အမျက် ပြင်းစွာထွက်သောဟန်နှင့် ရှိလေ၏။

ဤသို့ ထူးဆန်းသော အမူအရာတို့ကိုငေးလျက်ကြည့်နေစဉ် ကျွန်ုပ် သည် ကျွန်ုပ်၏အဖြစ်ကို သတိရ၍ ဘုရင်မသည် ကန့်လန့်ကာကြားမှ ကျွန်ုပ်ကို မြင်သည်ဖြစ်စေ၊ မတော်တဆခြေသံကြောင့်ဖြစ်စေ၊ သူ၏ အတတ်နှင့်ဖြစ်စေ ကျွန်ုပ်သည်ထိုင်ရာမှ ချောင်းမြောင်းကြည့်ရှုလျက်ရှိသည့် အကြောင်းကို သိရှိ လေမူကား ကျွန်ုပ် မုချမလွဲ သေရတော့မည်ဖြစ်ကြောင်း စဉ်းစားမိလေ၏။

ဤသို့ပင် စဉ်းစားမိသော်လည်း ကျွန်ုပ်မှာ သိလိုသော စိတ်ဇောသည် အားကြီးလှသည်ဖြစ်၍ သေတော့မှ သေစေ၊ အဆုံးတိုင်ကြည့်တော့မည်ဟု အောက်မေ့ပြီးလျှင် ကန့်လန့်ကာမှ မခွာနိုင်ဘဲ ရှိနေလေ၏။

ဤကဲ့သို့ ကြည့်လျက်ရှိစဉ် ဘုရင်မသည် မြှောက်ထားသောလက်ကို ချထားပြီးလျှင် တစ်ဖန်ပြန်၍ မြှောက်လိုက်သည့်အခါ ၎င်း၏အနီး၌ရှိသော

မီးတောက်သည် လက်ကိုလိုက်၍ ဟပ်ဘိသကဲ့သို့ မီးတောက်သည် ဂူမိုးသို့ တိုင်အောင် တိုး၍တက်သဖြင့် တစ်ခန်းလုံးထိန်ထိန်လင်းလျက် စင်ပေါ်၌ရှိသော အလောင်းမှစ၍ အခန်းတွင်းရှိသော အရာဝတ္ထုတို့ကို ကျွန်ုပ်သည် ထင်ရှားစွာ မြင်ရလေ၏။

၎င်းနောက် လက်ကိုချလိုက်သည့်အခါ မီးတောက်သည် ရှေးကကဲ့သို့ သေးငယ်၍သွားပြန်ရာ တစ်ဖန်ပြန်၍ မြှောက်သည့်အခါ၌ကား မီးတောက်သည် ရှေးနည်းအတူ လက်ကိုလိုက်၍ ဟပ်သည့်ဟန်နှင့် အမိုးသို့တိုင်အောင် ထိုး၍ တက်ပြန်၏။

ဤသို့ လက်ကို ချချည်မြှောက်ချည် ပြုလုပ်လျက်ရှိစဉ် ဘုရင်မ၏ ပါးစပ်မှလည်း အလွန်တရာ စိတ်အားကြီးသောအသံဖြင့် လက်ကိုချသည့် အခါတိုင်း၌ ...

'လာရော့ဟဲ့ စိတြဒေဝီ'

'သေရော့ဟဲ့ စိတြဒေဝီ'

'မှတ်ကရော့ဟဲ့ စိတြဒေဝီ'

'ငါပဲဟဲ့ ရူပနန္ဒီ'

'လာရော့ဟဲ့ နင်တို့တစ်မျိုးလုံး'

'ကုန်ရော့ဟဲ့ နင်တို့တစ်ဆွေလုံး'

'သွားရော့ဟဲ့ နင့်ရုပ်အဆင်း'

'လာဦးဟဲ့ နင်နောက်တစ်ခါ' စသည်ဖြင့် လက်ကိုချသည့်အခါတိုင်း ဆိုမြည်လျက်ရှိရာ လက်ချလျှင် မီးတောက်သည် မှိန်လျက်ရှိရာ လက်မြှောက် လျှင် မီးတောက်သည် ထ၍ တောက်ပြန်ကုန်၏။

'လာနိုင်သေးသလားဟဲ့ နင့်အတတ်'

'လုဦးမလားဟဲ့ ငါ့အချစ်'

'သင်သေရော့ဟဲ့ ငါ့ကျိန်စာ'

'လာလေရော့ဟဲ့ ဘေးအပေါင်း' စသည်ဖြင့် ဆက်လက်၍ ရွတ်ဆိုပြန်ပြီးလျှင် ဘုရင်မသည် မောလှသည့်လက္ခဏာနှင့် လက်ပိုက်၍ ရပ်နားလျက်...

'သြော်၊ ငါကျိန်ပေမယ့်လဲ သူ့ကိုထိမယ် မဟုတ်ဘူး ထင်ပါရဲ့လေ၊ ငါ့လက်က တစ်ကြိမ်လွတ်သွားပြီးတဲ့နောက် ပြန်မရောက်လာဘူး ထင်ပါရဲ့' ဟု ညည်းညူပြန်၍ အမောပြေလောက်ပြန်လျှင် တစ်ဖန် ရှေးကကဲ့သို့ ဆိုမြည်ကျိန်ဆဲပြန်လေ၏။

ဤသို့လက်ကို မြှောက်ချည် ချချည် လုပ်သည့်အခါ မီးတောက်သည် မှေးချည်တောက်ချည်ဖြစ်လျက် စင်ပေါ်၌ရှိသောအလောင်းကိုလည်း ကျွန်ုပ်သည် မြင်ရချည်တစ်ခါ မမြင်ရချည်တစ်လှည့်နှင့်ရှိစဉ် ဘုရင်မသည် စိတ်အားကြီးစွာ ဆိုမြည်လျက် ရှိသည်ဖြစ်သောကြောင့် ကျန်ဆိုသည့် အသံတို့မှာလည်း ကြောက်မက်ဖွယ် ကောင်းလှပေ၏။

ဤသို့ အကြိမ်ကြိမ်အဖန်ဖန် ဆိုမြည်ကျိန်ဆဲ၍ မောလေလျှင် ဘုရင်မသည် မီးတောက်အနီးတွင် ထိုင်လျက် ...

'သြော်၊ အနှစ် နှစ်ထောင်ကျော်လုံးလုံး စောင့်ဆိုင်းခဲ့ရတာ ပျင်းလှပါပြီနော်၊ လာလျှင်လည်း လာပါတော့၊ ငယ်ချစ်ရယ်၊ လွမ်းလှပါပြီ၊ သြော် ခုနေများ ဘယ်ဘဝ၊ ဘယ်အဖြစ်ကို ရောက်လို့နေရှာတယ် မသိရလေဘူးနော်၊ သိရလျှင်ဖြင့် သူရှိရာဘဝကို လိုက်ရလေရဲ့၊ ငါ့မှာ ယခုနေထိုင်ရခြင်းမှာ ဘယ်အရာမှ လိုလေသေးမရှိပေဘူး၊ သို့သော် သူတစ်ယောက်မရှိတဲ့အတွက် သည့်ပြင်ဟာတွေ ဘယ်လိုပင် ပေါသော်လည်း စိတ်ထဲက မကျေချမ်းဘူးကွယ် အသက်ကယ်၊ သြော် ငါ့အသက်၊ ငါ့အသည်း၊ ငါ့အချစ် အစစ်ရယ်၊ လာလျှင်လည်း လာပါတော့ကွယ်၊ အောက်မေ့လှပြီ' ဟု ဆိုမြည်လျက် ဘုရင်မသည် အလွန်တရာ လွမ်းဆွတ်လှသဖြင့် အသည်းနှလုံး ပျက်ကြွေလှဘနန်း ရှိအောင် ပူပန်လှသော အမူအရာဖြင့် ရင်ကိုထုလျက် ရှိုက်ကြီးငင်ကြီး ငိုကြွေးလေ၏။

ဘုရင်မသည် ဤသို့ တမ်းတ ငိုကြွေးရာမှ ရက်တရက်ထပြီးလျှင် ဖားလျားချလျက်ရှိသောဆံပင်များကို ထုံးလျက် အလောင်းရှိရာသို့သွား၍ ...

'အို ကုမာရရဲ့၊ ကျွန်မ လာပြီလေ၊ ရှင်မသိဘူးလား' ဟုပြောလျှင် ကျွန်ုပ်မှာ ၎င်းနာမည်ကို ကြားသဖြင့် ပြင်းထန်စွာ တုန်လှုပ်လျက်ရှိလေ၏။ ဘုရင်မလည်း ...

'အို ကုမာရရဲ့၊ ကျွန်မကို နှုတ်များမှ မဆက်ဘူးလားရှင်၊ သြော် ကုမာရ ကုမာရ၊ ရုပ်ကြီးသာ ရှိပါတော့ကလား၊ ရှင့်ရဲ့ ဝိညာဉ်က ဘယ်ဆီများ ရောက်ရှာလေသလဲနော်၊ သည်အရုပ်ကြီး လှုပ်ရှားအောင်တော့ ကျွန်မ တတ်နိုင်ပါရဲ့ရှင်နော်၊ သို့သော် အသက်မှာ ရှင့်အသက်မဟုတ်၊ ကျွန်မသွင်းတဲ့ အသက်သာဖြစ်လို့ ကျွန်မ စေခိုင်းသလိုသာ ရှင်လုပ်နိုင်တော့မယ်၊ ကဲ ထအောင် လုပ်ရမလား အသက်ကယ်၊ ငယ်ချစ်ဆီ လာမလား' ဟု ပြော၍ ဘုရင်မသည် လက်နှစ်ဘက်ကိုဆန့်တန်း၍ ခေါ်မည်ကဲ့သို့ ပြုလေလျှင် အဝတ်လွှမ်းလျက် ရှိသော အလောင်းသည် တဖြည်းဖြည်း လှုပ်၍လာသည်ကို မြင်ရသဖြင့် ကျွန်ုပ်မှာ မကြည့်ဝံ့အောင်ပင်ကြောက်ရွံ့လှသည်ဖြစ်၍ ကန့်လန့်ကာကွယ်လျက် နေရလေ၏။

၎င်းနောက် ဘုရင်မက ...

'ရှင်အောင်လုပ်ပေမဲ့ အကျိုးမရှိပါဘူးလေ၊ လှုပ်ရှားရုံသာရှိတော့မှာပဲ၊ နေပါ စေတော့၊ နေပါစေတော့' ဟု ပြောပြီးလျှင် အလောင်းသည် မလှုပ်မရှားဘဲ ငြိမ်သက်စွာရှိနေပြန်လေ၏။

ဘုရင်မလည်း အလွန်ပူဆွေးလှသည့် လက္ခဏာနှင့် အလောင်းပေါ်သို့ ပစ်လှဲပြီးလျှင် အလောင်းကို နမ်းရှုပ်၍ ငိုကြွေးပြန်ရာ ကျွန်ုပ်မှာ တစ်ညအတွင်း တွေ့ကြုံရသည့် အဖြစ်အပျက်တို့မှာ ထူးဆန်းလှသည်ဖြစ်၍ ကျွန်ုပ်၏ နှလုံးသည် ကတုန်ကယင်ဖြစ်လျက် ရူးသွပ်၍သွားမတတ် ရှိနေသည်ကို သိရှိသဖြင့် ဆက်လက်၍ ကြည့်ရှုခဲ့လျှင် ...

'ငါသည် နံနက်မလင်းမီ မုချရှူးသွပ်ရချေတော့မည်' ဟု သတိရပြီးလျှင် မီးခွက်ကိုကိုင်လျက် ဘုရင်မရှိရာ အခန်းမှ ထွက်လာခဲ့သည်။

ကျွန်ုပ်သည် ဤသို့ လာလမ်းကိုတွေးတော၍ လက်ဖြင့် နံရံတို့ကို စမ်းသပ်ကာ လာပါသော်လည်း မှောင်ကလည်းမိုက်၊ စိတ်မှာလည်း ကယောင်ချောက်ချားဖြစ်၊ လမ်းမှာလည်း အလွန် အကွေ့အကောက်များသည်ဖြစ်၍ တဝဲလည်လည်ရှိနေရာ မိုးလင်းချိန်တိုင်ရောက်မှ ကျွန်ုပ်၏ အခန်းတွင်းသို့ ရောက်သဖြင့် အိပ်ရာတွင် ပစ်လှဲလိုက်ရာ တစ်ခါတည်း အိပ်ပျော်၍သွားလေ၏။

ထထထ

# အခန်း (၁၃)

ကျွန်ုပ်သည် ကျွန်ုပ်၏အခန်းတွင်းသို့ တစ်စုံတစ်ယောက် ဝင်လာသည်ဟု စိတ်၌ထင်မှတ်သဖြင့် မျက်စိကိုဖွင့်ကြည့်လိုက်ရာ ပေါစံသည် ကျွန်ုပ်အိပ်ရာအနီးတွင် ရပ်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်ုပ်သည် နာရီကိုကြည့်ရာ ဆယ့်နှစ်နာရီထိုးကြောင်း တွေ့သဖြင့် အိပ်ရာမှထပြီးလျှင် …

'မောင်စောနိုင်သည် မည်သို့ရှိသနည်း'ဟု ပေါစံအားမေးရာ ပေါစံက …

'ကျွန်တော်ဖြင့် ကိုစောနိုင်တော့ ရမယ်မထင်ဘူး ဆရာရယ်' ဟု ပြောလေ၏။

ကျွန်ုပ်လည်း ပေါစံပြောသည်ကို ကြားရသဖြင့် များစွာစိုးရိမ်လျက် မောင်စောနိုင်ရှိရာ အခန်းသို့သွားရာ မောင်စောနိုင်မှာ မျက်ကွင်းညိုခြင်း၊ ပါးချောင် နားချောင်ကျခြင်း၊ နားရွက်လန်ခြင်း စသည့်အခြင်း အရာတို့ကို မြင်ရသည့်ပြင် သတိလည်း လုံးလုံးမရသည့်အဖြစ်ကို တွေ့မြင်ရလေ၏။

မယ်သာမာမှာမူ ခုတင်ခြေရင်းတွင်ထိုင်၍ ငိုကြွေးလျက်ရှိရာ ကျွန်ုပ်သည် မယ်သာမာအား အားပေးစကားပြောကြားလျက်ရှိစဉ် ဇနေတ္တိသည် အခန်းတွင်းသို့ ဝင်လာ၍ မောင်စောနိုင်ကို ကြည့်ပြီးလျှင် …

'မိုး မချုပ်ခင် သေရှာတော့မှာပဲ' ဟု ဦးခေါင်းကိုယမ်းလျက် ပြောလေ၏။ ထိုအခါ ကျွန်ုပ်သည် ဘုရင်မ ပြောလိုက်သည်ကို အကျိုးအကြောင်း ပြောမည်ဟု ကြံစည်လျက်ရှိစဉ် အဘိုးကြီးက ...

'ကဲ ငါ့သား၊ ယခုမှ အိပ်ရာက ထလာတယ်မှတ်တယ်၊ နံနက်စာ မြန်မြန်စားပေတော့၊ ဘုရင်မက ငါ့သားကို တွေ့လိုသတဲ့၊ အမိန့်တော်ရှိလိုက်တယ်' ဟု ပြောသဖြင့် ကျွန်ုပ်သည် အစာအနည်းငယ်ကို စားသောက်ပြီးလျှင် အဘိုးကြီးနှင့်အတူ လိုက်သွားလေ၏။

လမ်းတွင် အဘိုးကြီးက ...

'ငါ့သား သတိထားပါကွယ်နော်၊ မနေ့ကလို မလုပ်ပါနဲ့၊ မနေ့ကများ ဖခင်ဖြင့် ငါ့သားတော့ ဘုရင်မ ပြုစားလို့ သေပြီပဲလို့ အောက်မေ့မိတာပဲ၊ သည်တစ်ခါ ကြပ်ကြပ်သတိထားပါကွယ်နော်' ဟုပြော၍ လျှောက်သွားကြရာ ဂူမကြီးအတွင်းသို့ ရောက်ကြလေ၏။

ၶင်းဂူမကြီးအတွင်း၌ကား ယောကျ်ားမိန်းမမှစ၍ လူရိုင်းအပေါင်းတို့သည် အမြောက်အများ စုရုံးလျက်ရှိနေကြရာ ၎င်းတို့အလယ်၌ကား ဖဲထည်တို့ဖြင့် ခင်းကျင်းလျက်ရှိသော ထိုင်ခုံတစ်ခုရှိလေ၏။

ကျွန်ုပ်လည်း အဘယ်အတွက် လူရိုင်းတို့သည် ဤမျှလောက် အစုအရုံးဖွဲ့စည်း၍ နေကြသည်ကို မသိသဖြင့် စဉ်းစားလျက် အဘိုးကြီးနောက်မှ လိုက်သွားရာ လူရိုင်းတို့သည် ...

'ဘုရင်မ ကြွလာပြီ၊ ဘုရင်မ ကြွလာပြီ' ဟု တီးတိုးပြောဆိုကြပြီးလျှင် တညီတညာတည်း မြေတွင်ဝပ်လျက်ရှိကြလေ၏။

ဤသို့ တစ်ပြိုင်နက် ဝပ်တွားလျက်ရှိကြလျှင် ကျွန်ုပ်မှာ တစ်ယောက်တည်း မတ်တတ်ရပ်လျက် ထီးထီးကျန်နေရရာ ဘုရင်မ၏ ကိုယ်ရံတော်တို့သည် ရှေ့ဆုံးမှ စီတန်းလျက် ထွက်လာကြ၍ နောက်ဆုံး၌ကား ဘုရင်မသည် အိမ်တွင်းပုန်းမိန်းမကဲ့သို့ ခေါင်းမြီးခြုံလျက် ထွက်လာသည်ကို တွေ့မြင်ရလေ၏။

ဘုရင်မသည် ကျွန်ပ်ကိုမြင်လျှင် အပါးသို့ချဉ်းကပ်ရန် လက်ယပ်၍ ခေါ်သဖြင့် ကျွန်ပ်သည် အနီးသို့ ချဉ်းကပ်ရာ ...

'ကျွန်ပ် သည်ကနေ့ တရားစီရင်ရန်ရှိသည့် ကျွန်ပ်၏ ခုံခြေရင်း၌ အမောင် လာ၍ထိုင်ပါ' ဟုပြော ပြီးလျှင် ခုံရှိရာသို့သွား၍ ခုံပေါ်၌ထိုင်လေလျှင် ကျွန်ပ်လည်း ခုံခြေရင်း၌ ထိုင်လျက်ရှိလေ၏။

ကျွန်ပ်သည် ခုံခြေရင်း၌ ထိုင်မိလျှင် နှစ်ဆယ်ခန့်မျှသော လူရိုင်းတို့ သည် အစောင့်အကြပ်တို့နှင့်တကွ ဂူတွင်းသို့ဝင်လာ၍ ဘုရင်မ၏ရှေ့၌ စီတန်းလျက် ရပ်နေကြလျှင် အစောင့်အကြပ်တို့အနက် အကြီးအမှူးလုပ်သူ သည် ဘုရင်မအား ဦးသုံးကြိမ်ချပြီးနောက် မိမိ၏ငယ်သားတို့နှင့်တကွ မနီး မဝေးတွင် ရပ်နေကြလေ၏။

ကျွန်ပ်လည်း အနီးတွင်ရပ်နေသူ လူရိုင်းနှစ်ဆယ်တို့ကို ကြည့်သည့် အခါ မြင်ဖူးသည်ဟု အောက်မေ့မိရာ ၎င်းတို့မှာ အဘိုးကြီး၏အစုတွင် ကျွန်ပ်အား သတ်မည်ဟု ကြံစည်ကြသော လူရိုင်းတို့ပင်ဖြစ်ကြောင်းကို သိရှိရ လေ၏။

တရားခံလူရိုင်းတို့လည်း ဘုရင်မ၏ရှေ့သို့ရောက်သဖြင့် ဝပ်လုံကြမည် ပြုရာ ဘုရင်မက ...

'မလုံပါနဲ့ ရပ်နေကြပါ၊ တော်တော်ကြာရင် နင်တို့ အပြီးလုံရတော့မှာပဲ၊ နေရတဲ့အခိုက် အညောင်းပြေအောင် ရပ်ပြီးနေပါဦး' ဟု ရယ်မောလျက် ပြောလေ လျှင် လူရိုင်းတို့သည် ဆိုလိုသည့်အဓိပ္ပာယ်ကို ရိပ်မိကြလေသဖြင့် အလွန်တရာ ကြောက်ရွံ့တုန်လှုပ်လှသော မျက်နှာထားဖြင့် ရပ်လျက်ရှိကြကုန်၏။

ဘုရင်မလည်း ကျွန်ပ်ရှိရာသို့လှည့်၍ ...

'ဤလူများကို အမောင်မှတ်မိပါသလော' ဟုမေးသဖြင့် မှတ်မိကြောင်း ပြောလျှင် ...

'ကဲ၊ မောင်တို့ အကျိုးအကြောင်းကို ကျွန်ုပ်တို့အားလုံး ကြားရအောင် ပြန်ပြောစမ်းပါ' ဟု ပြောသဖြင့် ကျွန်ုပ်က လူရိုင်းတို့သည် ကျွန်ုပ်တို့အား သတ်ရန် ကြံစည်ကြောင်းများကို အစမှအဆုံးတိုင် ပြန်ပြောရလေ၏။

ဤသို့ပြောစဉ် ပရိသတ်တို့လည်း နားစိုက်လျက် မလှုပ်ရှားဘဲရှိကြရာ ကျွန်ုပ်၏စကားအဆုံး၌ ဘုရင်မက ...

'ကဲ၊ အားလုံး ကြားကြပြီမဟုတ်လား၊ ဟဲ့ လူမိုက်များ၊ နင်တို့ ဘာများပြောစရာရှိသလဲ' ဟု တရားခံ လူရိုင်းတို့အားမေးရာ တစ်ယောက်သော လူရိုင်းက ...

'၎င်းတို့သည် ဧည့်သည်များအသက်ကို ရန်ရှာရသည်မှာ ဘုရင်မသည် အမိန့်ပေးစဉ်အခါက သုံးဦးအတွက်သာလျှင် အမိန့်ပေးသည်ဖြစ်၍ အသား မည်းသော ဧည့်သည်၏အတွက်မှာ အမိန့်တော်တွင် မပါရှိသည်ဖြစ်၍ သေလွန်သူမိန်းမ၏စကားကို နားဝင်ပြီးလျှင် လူရိုင်းတို့ထုံးစံအတိုင်း အိုးကင်းပူဖြင့် ဦးခေါင်းတွင်တင်၍ သတ်ဖြတ်စားသောက်မည်ဟု ကြံစည်မိခြင်း ဖြစ်ကြောင်း၊ ဤသို့ တစ်ယောက်၏ အသက်ကိုသာလျှင် သတ်မည်ဟု ကြံစည်ခိုက်တွင် အခြားသုံးဦးတို့က ဝင်ရောက်နှောင့်ယှက်၍ လူရိုင်းတို့၏ အသက်ကိုပင် ရန်ရှာသည်ဖြစ်သောကြောင့် ဒေါသအလျောက်ပြုမိသည်များကို တစ်ကြိမ်တစ်ခါ ချမ်းသာပေးတော်မူရန်အကြောင်း' နှင့် တောင်းပန်လေ၏။

ဘုရင်မနှင့်တကွ ပရိသတ်အပေါင်းတို့လည်း ထိုသူ၏စကားအဆုံး၌ ငြိမ်သက်စွာရှိနေကြရာ ပရိသတ်တို့မှာ ဘုရင်မ၏ အမိန့်တော်ကို မျှော်လင့်စောင့်ဆိုင်းလျက် အသက်ကိုမျှ မရှူရှိုက်နိုင်သလောက် ရှိနေကြကုန်၏။

ဘုရင်မကလည်း အတန်ငယ်စဉ်းစားပြီးနောက် ...

'လူမိုက် လူမိုက်၊ နင်တို့သည် ငါ၏ဧည့်သည်များကို သတ်ဖြတ်စားသောက်ရန် ကြံစည်သည့် အပြစ်တစ်ခုနှင့်ပင် သေရန် စီရင်ချက်ချရန် သင့်လျော်သည်ဖြစ်လေသည်။ ယခုမှာမူ ငါဘုရင်ကိုယ်တော်တိုင် ဧည့်သည်တို့အား ကောင်းမွန်စွာ ကျွေးမွေး၍ထားရန် အမိန့်ပေးပါလျက်နှင့် ငါ၏

အမိန့်တော်ကို ပမာဏမပြုဘဲ နင်တို့၏ စိတ်သဘောအလျောက် ထင်မြင်သလို ပြုလုပ်ကြခြင်းသည်ကား အကြီးဆုံးသောအပြစ်ကို ကျူးလွန်ခဲ့သည်ဖြစ်၍ အပြစ်နှင့်လျော်ညီသော စီရင်ချက်ကို ချပေးတော်မူရမည်၊ သို့ဖြစ်သောကြောင့် နင်တို့သည် နံနက် နေအရုဏ်တက်သည့်အချိန်တွင် နင်တို့၏ ဘိုးဘွားရှိရာ ဂူတွင်းသို့ အရှင်လတ်လတ်သွတ်သွင်းရန် အမိန့်ချမှတ်တော်မူလိုက်သည်' ဟု ကြည်လင်စွာသောအသံဖြင့် အမိန့်ချလိုက်လေလျှင် ပရိသတ်တို့သည် ဝိုင်းဝန်း၍ 'ဟင်း' ချလိုက်သဖြင့် တစ်ဂူလုံး ညည်းတွားသောအသံဖြင့် ညံစီလျက်ရှိကုန်၏။

တရားခံတို့လည်း မြေသို့တစ်ပြိုင်နက် ပစ်လှဲကြပြီးလျှင် မိမိတို့အား သနားညှာတာသဖြင့် တိုင်းပြည်မှ နှင်ထုတ်သောအပြစ်ဒဏ်ကိုသာ ချပေးရန် တောင်းပန်ကြသော်လည်း ဘုရင်မသည် မိမိချမှတ်သည့်အမိန့်တော် ပြောင်းလဲခြင်း မရှိသဖြင့် အစောင့်တို့ကို လက်ပြလိုက်ရာ အစောင့်တို့လည်း လူရိုင်းတို့ကို အပြင်သို့ ထုတ်ကြလေ၏။

ကျွန်ုပ်မှာမူ လူရိုင်းတို့သည် ကျွန်ုပ်တို့ကိုပင် သတ်ဖြတ်ပစ်မည်ဟု ကြံစည်ဖူးသဖြင့် ရန်သူပင်ဖြစ်သော်လည်း ၎င်းတို့အတွက် ကရုဏာရှိသည်နှင့် စီရင်ချက်ကို အနည်းငယ်ပြောင်းလဲရန် တောင်းသည့်အခါ ဘုရင်မသည် ကျွန်ုပ်အား တီးတိုးစကားပြောကြားသည်မှာ ...

'မဟုတ်ဘူး မောင်ရယ်၊ သည်လိုတစ်ခုရှိတယ်၊ ကျွန်ုပ် သူတို့ကို အုပ်ချုပ်ရတာ ဘယ်ဟာကိုအားထားပြီး အုပ်ချုပ်ရသလဲသိလား၊ ကျွန်ုပ်မှာ သူတို့ကိုနှိမ်နင်းရန် စစ်သည်တော်များလည်းမရှိ၊ လက်နက်အင်အားမှာလည်း ထူးချွန်ကောင်းမွန်အောင်မရှိ၊ သည်တော့ ဘယ်ဟာနဲ့ သည်လောက် နှစ်ပေါင်း ကြာအောင် အုပ်ချုပ်ရသလဲ၊ အကြောက်နဲ့ အုပ်ချုပ်ရတယ် မောင်ရဲ့၊ သည်တော့ ယခုလို ကျွန်ုပ်၏စကားကို နားမထောင်တဲ့ လူများကျတော့ ကြောက်အောင် စီရင်ချက်ချရတယ်၊ သည်လိုမှ မလုပ်လျှင် ကျွန်ုပ်ကို ဘယ်သူက ကြောက်မလဲ၊ မကြောက်လျှင် ကျွန်ုပ် သူတို့ကို ဘယ့်နှယ်အုပ်ချုပ်မလဲ၊ ကျွန်ုပ်က မသနားတတ်လို့လဲ မဟုတ်ဘူး၊ လက်စားချေချင်တဲ့ သဘောကြောင့်လဲ မဟုတ်ဘူး၊ အမျက်ထွက်လို့လဲ မဟုတ်ဘူး၊ သည်အကောင်တွေကို ကျွန်ုပ်က

စိတ်ဆိုးပြီး လက်စားချေရလို့ ကျွန်ုပ်မှာ ဘာအကျိုး ရှိမလဲ၊ သည်ဟာကြောင့် မဟုတ်ဘူး မောင်ရယ်၊ နောင်ကို သည်လိုလုပ်လျှင် သည်လိုဖြစ်ရတယ်ဆိုတာ ကျန်ရစ်တဲ့သူတွေ ကြောက်အောင်လို့ ကျွန်ုပ် စီရင်ရတယ်၊ သည်တော့ ကျွန်ုပ်ပေးပြီးအမိန့်ကို မောင် တောင်းပန်ပေမယ့် မပြင်နိုင်ဘူး' ဟုပြောသဖြင့် ကျွန်ုပ်သည် ထပ်မံ၍ မတောင်းပန်နိုင်ဘဲ ရှိရလေ၏။

ထုံး

## အခန်း (၁၄)

ဤသို့ အမိန့်ချမှတ်ပြီးနောက် ပရိသတ်တို့လည်း ဘုရင်မရှေ့တော်မှ တွားလျက်သွားကြပြီးလျှင် ဂူပြင်သို့ရောက်သောအခါမှ ဝပ်တွားရာမှ ထသွားကြလေ၏။

ဤသို့ထွက်သွားကြသဖြင့် အစောင့်အကြပ်အနည်းငယ်တို့သာ ကျန်ရစ်လေလျှင် ကျွန်ုပ်သည် မောင်စောနိုင်၏အကြောင်းကို ဘုရင်မအားပြောရန် အခွင့်သာပြီဟု အောက်မေ့၍ သေလုဆဲဆဲရှိကြောင်းကို ဘုရင်မအားပြောလျှင် ဘုရင်မက ...

'စိတ်ချပါမောင်ရယ်၊ သည်အရပ်မှာ သည်ရောဂါနဲ့ သည်အချိန်မှာ သေရိုး မရှိပါဘူး၊ သေခဲ့လို့ရှိလျှင် ညနေ နေဝင်ရီတရော အချိန်ရောက်မှ သေမြဲဖြစ်ပါတယ်၊ ကဲ သည်ဂူအတွင်း ထူးဆန်းတဲ့အရာများ မောင် မမြင်ရသေးဘူး၊ ကျွန်ုပ်လိုက်ပြမယ် ကြည့်မလား' ဟုမေးလျှင် ကျွန်ုပ်မှာ ဘုရင်မကို ချစ်ကြိုက်လျက်ရှိနေသည်ဖြစ်၍ သူမ၏အပါး၌နေရလျှင် ဘာကိုပင် လုပ်ရစေ တော့ဟု အောက်မေ့၍ ကြည့်ရှုလိုပါသည်ဟု ပြောလေ၏။

ဘုရင်မသည် သူငယ်မ လေးယောက်ကိုခေါ်ပြီးလျှင် နှစ်ယောက်သော သူငယ်မသည် ရှေ့မှ မီးခွက်တစ်ခွက်စီနှင့် သွားစေလျက် ကျွန်ုပ်တို့ နောက်မှလည်း အခြားသူငယ်မနှစ်ယောက်သည် မီးခွက်တို့နှင့် လိုက်စေပြီးသော် လှည့်လည်ကြည့်ရှုရန် ထွက်သွားကြလေ၏။

ဤသို့ထွက်သွားစဉ် ဘုရင်မက ...

'ကျွန်ုပ်တို့ ယခုနေထိုင်ကြတဲ့ ဂူကြီးကို မောင် မြင်တယ်မဟုတ်လား၊ ဘယ်လောက်ကြီးကျယ်သလဲ၊ သည်ဂူကြီးမျိုး မောင် မြင်ဖူးရဲ့လား၊ ကျွန်ုပ်တို့ ခုနက ထိုင်ခဲ့ကြတာ ဂူအဝင်ဝက ဂူမကြီးကို မောင်ရဲ့၊ သည်ဂူကြီးဟာ မောင် မြင်တဲ့အတိုင်း လူသုံးထောင်လောက်တော့ ချောင်ချောင်ပဲ နေနိုင်တယ် မဟုတ်လား၊ အဲ ဂူမကြီးကနေပြီး သွားလိုက်တော့ မောင်တို့နေတဲ့ အခန်း၊ ကျွန်ုပ်နေတဲ့ အခန်း၊ သည်လိုအခန်းပေါင်း ဘယ်လောက်ရှိတယ် ထင်သလဲ၊ တစ်ထောင့်တစ်ရာတစ်ဆယ့်တစ်ခု ရှိတယ်၊ သည်အခန်းတွေတော့ အကုန်လုံး မောင့်ကို လိုက်ပြီးမပြနိုင်ဘူး၊ ထူးဆန်းတဲ့အရာလောက်သာ ပြရမှာပဲ၊ သည်တော့ သည်လောက်ကြီးတဲ့ဂူကြီးကို နှစ်ပေါင်းဘယ်လောက် ထွင်းဖောက်ရမယ်၊ လူပေါင်းဘယ်လောက် လုပ်ကိုင်ရမယ်ဆိုတာ မောင် စဉ်းစားမိရဲ့လား၊ ပြီးတော့ သည်ဂူကြီးကို မည်သည့်အတွက် မည်သည့်လူမျိုးများ ထွင်းဖောက်ခဲ့တယ်ဆိုတာကော မောင် စဉ်းစားမိရဲ့လား၊ ကဲ ကဲ သည်လာ' ဟု ကျွန်ုပ်အားခေါ်၍ ဘုရင်မသည် သူငယ်မနှစ်ယောက်အား မီးခွက်ကို မြှောက်စေပြီးလျှင် ဂူ၏နံရံတွင် ထွင်းလျက်ရှိသောစာတို့ကိုပြရာ ကျွန်ုပ်မှာ မဖတ်နိုင်သဖြင့် ငေးလျက်သာလျှင် ကြည့်နေလေ၏။

ထိုအခါ ဘုရင်မက ...

'ကျွန်ုပ်သည် ဂူကြီးကို တီထွင်ခဲ့သည့်လူမျိုးများ၏စာကို အနည်းငယ် ဖတ်နိုင်သည်။ သည်စာအဓိပ္ပာယ်မှာတော့ – ကျွန်ုပ်တို့သည် ဃလဟဂ္ဂပြည်၊ သလဟဂ္ဂ လူမျိုးများဖြစ်ကြ၍ ဃလဟဂ္ဂ ပြည်ကြီးကို တည်ထောင်ပြီးသည့် နောက် သက္ကရာဇ် ၄၆၁၉ ခုနှစ်တွင် ဤဂူကြီးကို ဖောက်ထွင်းပြီးစီးခဲ့လေသည်။ ဤဂူကြီးသည်ကား ကျွန်ုပ်တို့တိုင်းပြည်ရှိ ဂဏ်သရေရှိ ယောကျာ်း၊ မိန်းမတို့နှင့် ဆွေတော်မျိုးတော်တို့၏ အလောင်းများကို ဖုတ်ကြည်းသင်္ဂြိုဟ်ရန် ဖောက်ထွင်းခဲ့ လေသည်။ ဤဂူကြီးကို တီထွင်ရသည်မှာ နှစ်ပေါင်း ၂၅၉ နှစ်ကြာသည်ဖြစ်၍ မင်း ၁၁ ဆက်မျှ ကြာရှိလေသည်။'

ကျွန်ုပ်သည် ဘုရင်မပြန်ပြောသဖြင့် အဓိပ္ပာယ်ကို သိရှိရလျှင် အံ့သြ လျက် ပါးစပ်ကိုဟလျက်ရှိလျှင် ဘုရင်မလည်း ...

'ကျွန်ုပ် သည်ဂူကိုရောက်သည်မှာ နှစ်ပေါင်း နှစ်ထောင်ကျော်ခဲ့ပြီ၊ ကျွန်ုပ်ရောက်တော့ သည်ဂူကြီးဆောက်လုပ်တဲ့ လူမျိုးတွေကို ကျွန်ုပ် တစ်ယောက်မျှ မတွေ့ရဘူး၊ အခုမြင်ရတဲ့ အရိုင်းကောင်တွေပဲ ရှိတော့တယ်၊ ကဲ ကဲ ရှေ့နားလိုက်ခဲ့ဦး၊ သည်လူမျိုးအကြောင်းတွေ ပြရမှာပေါ့' ဟုပြော၍ ဆက်သွားကြပြန်လျှင် ဂူ၏ ကြမ်းပြင်တွင် ကျောက်တုံးတစ်ခုသည် အံကျအောင် သွင်းမြှုပ်လျက်ထားသည်ကို တွေ့ရပြန်လေ၏။

၎င်းကျောက်တုံး၏ အနီးသို့ရောက်လျှင် ဘုရင်မက ...

'သည်ကျောက်ဟာ ဘာအတွက် မြှုပ်ထားသလဲ၊ မောင် သိရဲ့လား' ဟုမေး၍ သူငယ်မတစ်ယောက်အား မီးခွက်ကိုမြှောက်၍ ပြစေပြန်လျှင် ဂူရှေ့၌ ပထမတွေ့ရှိခဲ့သော အက္ခရာမျိုးတို့ဖြင့် ရေးသားထားရှိသောစာတို့ကို တွေ့မြင်ရ ပြန်လေ၏။

ဘုရင်မလည်း ၎င်းစာကိုဖတ်၍ ကျွန်ုပ်အား အနက်ပြန်ဆို ပြောပြရာ ၎င်း၏အဓိပ္ပာယ်မှာ ...

ဤစာကို ရေးသားသော ကျွန်ုပ်သည် ဃလဟဂ္ဂ သက္ကရာဇ် ၄၇၀၀ ပြည့်နှစ်တွင် ဖွားမြင်၍ ဤစာကို ၄၇၆၇ ခုနှစ်တွင် ရေးသားခြင်း ဖြစ်လေသည်။

ကျွန်ုပ်တို့၏ ဃလဟဂ္ဂပြည်ကြီးသည် အလွန်ဝပြောသာယာလျက်ရှိရာ သက္ကရာဇ် ၄၇၆၅ ခုနှစ်တွင် အလွန် ကြောက်မက်ဖွယ်ကောင်းလှသော ကပ်ရောဂါကြီးသည် ဖိစီးနှိပ်စက်သဖြင့် ယောကျ်ား မိန်းမ၊ အကြီး အငယ်၊ အရွယ် အလတ်မှစ၍ ခပ်သိမ်းသောလူအပေါင်းတို့သည် ၎င်းကပ်ရောဂါကြီးနှင့် မလွတ်ကင်းသည်ဖြစ်၍ သေကြေပျက်စီးကြလေရာ အလွန်တရာ စည်ပင် သာယာလှစွာသော ကျွန်ုပ်တို့၏ ပြည်ကြီးသည် တစ်နှစ်အတွင်းတွင် ရွာငယ် ဇနပုဒ်ကဲ့သို့ဖြစ်၍ ကျန်ရှိသောသူတို့မှာလည်း ဤပြည်အတွင်း၌ နေထိုင်ခြင်းငှာ မဝံ့အောင်ပင် ကြောက်မက်ဖွယ်ကောင်းလှပေ၏။

ဆင်၊ မြင်း ရထားတို့ဖြင့် သွားလာလေ့ရှိကုန်သော လမ်းကြီးတို့သည် သေလွန်ကုန်သောလူတို့၏ အလောင်းနှင့် ပြည့်နှက်လျက်ရှိရာ ကျန်ရစ်သူတို့မှာ

ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းငှာ မတတ်နိုင်သဖြင့် မကောင်းဆိုးဝါးတို့ဖြင့် စီးလျက်ရှိသော လင်းတငှက်တို့သည် အလောင်းများကို ဆွဲငင်စားသောက်လျက် ရှိကုန်၏။

မသေမပျောက် ကျန်ရစ်သူ အနည်းငယ်တို့မှာလည်း ထိုပြည်၌ဆက်လက်နေထိုင်ခြင်းငှာ မဝံ့ကုန်သဖြင့် အရှေ့စူးစူးသို့ ထွက်သွားကြရာ ဤစာကိုရေးစဉ်အခါ ဤပြည်၌ ကျွန်ုပ်တစ်ယောက်တည်းသာလျှင် ကျန်ရှိလေတော့သည်။

ကျွန်ုပ်မှာလည်း ရောဂါဖိစီးနှိပ်စက်သဖြင့် ၎င်းတို့နှင့်အတူ မလိုက်နိုင်ဘဲရှိရာ ကပ်ရောဂါ ဖိစီးနှိပ်စက်သူအပေါင်းတို့မှာ သေပျောက်မြဲသာလျှင်ဖြစ်သော်လည်း ကျွန်ုပ်မှာကား မသေမပျောက် ချန်လှပ်ခဲ့သဖြင့် အလွန်တရာ မချမ်းသာသော စိတ်နှလုံးဖြင့် ကျွန်ုပ်သည် ဤအရပ်သို့ နောင် လာရောက်နေထိုင်ကြသူအပေါင်းတို့ သိရှိစေခြင်းငှာ ရေးသား၍ ထားခဲ့ရလေသည်။

ကျွန်ုပ်မှာလည်း အင်အားနည်းပါးလှသဖြင့် ယနေ့ပင် သေမည်မသိ၊ နက်ဖြန်ပင် သေမည်မသိ ရှိသည့်အတွင်း အများတို့ သိရှိစေခြင်းငှာသာလျှင် အားခဲ၍ ရေးသားထားခဲ့ရလေသည်။

ဘုရင်မ ပြောကြားသဖြင့် ကျွန်ုပ်သည် အထက်ပါအဓိပ္ပာယ်ကို ကြားသိရလေလျှင် စာရေးသူအဘိုးကြီးသည် ဤဂူအတွင်း၌ နာလန်ထခါစ အခါတွင် အလွန်တရာ ချည့်နဲ့ပိန်ချုံးလျက်ရှိသော လက်တို့ဖြင့် မီးခွက်၏ အရောင်တွင် တစ်ယောက်တည်းထိုင်၍ ရေးရှာမည်ကို စိတ်တွင်တွေးမြင်မိသဖြင့် များစွာတုန်လှုပ် လျက်ရှိလေ၏။

ဘုရင်မလည်း ကျွန်ုပ်၏ အမူအရာကိုမြင်သဖြင့် ...

'သည်လိုပဲ မောင်ရဲ့၊ ဖြစ်ပြီးလျှင် ပျက်ရမြဲ ဓမ္မတာပဲ၊ ယခု ကမ္ဘာတည်ပြီးနောက် သည်လိုပဲ ပျက်စီးသွားတဲ့ လူမျိုးပေါင်း ဘယ်လောက်ရှိမလဲ၊ သည်အကြောင်းတော့ မောင်တို့ဉာဏ်နဲ့တောင် မမြင်နိုင်ဘူး၊ ကျွန်ုပ်လဲ ကျွန်ုပ်မီသလောက်သာ ကျွန်ုပ်သိမြင်နိုင်တာပဲ၊ ဟိုနှစ်ပေါင်း သောင်း၊ သိန်း၊

သန်း အခါက ဘယ်လိုဖြစ်ပျက်ခဲ့တယ်ဆိုတာ ကျွန်ုပ်မမြင်နိုင်ဘူး၊ ကဲ ကဲ ရှေ့လျှောက်စမ်းပါဦး’ ဟုပြော၍ ဘုရင်မသည် ဂူတွင်း၌ ထွင်းဖောက်သော လမ်းငယ်တစ်ခုမှ ဆက်လက်၍ သွားကြပြန်ရာ လှေကားတစ်ခုကို တွေ့လေ၏။

လှေကားသို့ရောက်လျှင် ကျွန်ုပ်တို့သည် ရေးကနည်းတူ မီးခွက်များနှင့် ဆင်းကြပြန်ရာ ပေပေါင်း ခြောက်ဆယ်ခန့် ဆင်းမိလျှင် လမ်းတစ်ခုကို တွေ့လေ၏။

ဘုရင်မသည် ၎င်းလမ်းမှဆက်၍ သွားပြန်ရာ ပေတစ်ရာခန့်မျှ သွားမိလျှင် ချောက်ကြီးတစ်ခုကို တွေ့မြင်ရလေ၏။

ဘုရင်မလည်း ချောက်ကြီး၏ အစွန်းတွင်ရပ်လျက် သူငယ်မလေးယောက်တို့အား မီးခွက်များကို မြှောက်၍ပြစေရာ ကျွန်ုပ်သည် ကြက်သီးမွေးညင်းထဖွယ်ရာကောင်းသော အရာတို့ကို တွေ့မြင်ရလေ၏။

၎င်းချောက်ကြီးသည်ကား မည်မျှနက်သည်မသိ၊ အကျယ်မှာ ပေသုံးရာ ပတ်လည်ခန့်မျှရှိ၍ သောင်း သိန်း မကသော လူရိုးတို့သည် အမိုးသို့တိုင်အောင် ပြည့်နှက်လျက်ရှိကုန်၏။

၎င်းအရိုးတို့မှာ အမိုးပေါ်ရှိအပေါက်မှ ပစ်ချခဲ့သည်ဖြစ်၍ အလွန်မြင့်စွာ စုပုံလျက်ရှိရာ အချို့ကား ခြေကားယား၊ အချို့ကား လက်ကားယား၊ အချို့ကား ကျွန်ုပ်တို့ ရှိရာသို့လှည့်၍ ရယ်မောဘိသကဲ့သို့ ဖွေးဖွေးဖြူသော သွားတို့ကို ဖြလျက်ရှိကုန်၏။

ကျွန်ုပ်သည် ဤမျှလောက်များပြားသော အရိုးတို့ကို မြင်ရသဖြင့် ထိတ်လန့်ပြီးလျှင် ရုတ်တရက်အော်လိုက်ရာ ဂူအတွင်းတွင် ပဲ့တင်ထပ်သဖြင့် လေသည်လှုပ်ရှားခဲ့ရာ ထိပ်ဆုံး၌ရှိသောအရိုးတစ်ခုသည် နှစ်ပေါင်းများစွာ ချိန်ကိုက်၍ ထားဘိသကဲ့သို့ တည်နေရာမှ လဲပြိုပြီးလျှင် ကျွန်ုပ်တို့ရှိရာသို့ ပြေးလာဘိသကဲ့သို့ ကျလာလေ၏။

၎င်းအရိုးကျလာလျှင် အခြားအရိုးတို့လည်း ကျွန်ုပ်အား နှုတ်ဆက်ရန် တစ်ခုပြီးလျှင်တစ်ခု နောက်မှ လိုက်လာဘိသကဲ့သို့ လဲပြိုကျကြလေရာ ဂူတွင်း

ဖြစ်သဖြင့် အမြောက်အများသော အရိုးတို့ပြိုသောအသံသည် ကြောက်မက်ဖွယ် ပဲ့တင်ရိုက်ဟည်းလျက် ရှိကုန်၏။

ကျွန်ုပ်လည်း များစွာကြောက်ရွံ့သော မျက်နှာထားနှင့် ...

'သည်အရိုးတွေဟာ ကပ်ရောဂါနဲ့သေတဲ့ အရိုးတွေဆို မဟုတ်လား၊ ကဲ သွားကြပါစို့ ခင်ဗျာ' ဟုပြောလျှင် ဘုရင်မက ...

'သည်ပြည်မှသူတို့ ဓလေ့ထုံးစံကတော့ လူသေလျှင် အလောင်းကို မပုပ်မသိုးအောင် ဆေးထိုးပြီး ဂူသွင်းလေ့ရှိတယ်၊ သည်အရိုးတွေကတော့ ကပ်ရောဂါနှင့်တော့ များလွန်းအားကြီးလို့ ဆေးမထိုးဘဲ သည်အတိုင်းပစ်ချတဲ့ လက္ခဏာရှိတယ်၊ ကဲ ဆေးထိုးတဲ့အကြောင်း သိရအောင် သည်လာပေတော့' ဟုပြော၍ ဘုရင်မသည် အနီးရှိ အခန်းတစ်ခန်းတွင်းသို့ ကျွန်ုပ်အား ခေါ်သွားလေ၏။

ငင်းအခန်းသည်ကား ဇနေတ္တိ၏အစု၌ ကျွန်ုပ်တို့ နေထိုင်ခဲ့စဉ်အခါက ကျွန်ုပ်အိပ်ခဲ့ရသောအခန်းနှင့် တူလှသည်ဖြစ်၍ ငင်းအခန်းတွင်းရှိ စင်တစ်ခုပေါ်၌ကား အလောင်းနှင့် သဏ္ဌာန်တူသော အရာတစ်ခုကို အဝတ်ဖြင့်ဖုံးလျက် ရှိသည်ကို တွေ့မြင်ရလေ၏။

ဘုရင်မလည်း အလောင်းတွင်ဖုံးထားသော အဝတ်ကိုလက်ဖြင့် ဖယ်ရှားလိုက်ရာ အတွင်း၌ကား အလွန်လှပကောင်းမွန်စွာ ရက်လုပ်၍ထားသော အဝတ်တစ်ခုကို တွေ့ရပြန်၏။

ငင်းအဝတ်မှာလည်း ကြိုးတို့ဖြင့် စည်းလျက်ထားရာ ဘုရင်မသည် သူငယ်မနှစ်ယောက်အား ကြိုးများကို ဖြေစေ၍ အဝတ်ကိုဖွင့်လိုက်သည့်အခါ အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိ အလွန်တရာ ရုပ်ဆင်းသဏ္ဌာန်နှင့်ပြည့်စုံသော သူငယ်မတစ်ယောက်၏ အလောင်းကို တွေ့မြင်ရလေ၏။

ကျွန်ုပ်လည်း ငင်းအကြောင်းကို ကြားခဲ့ဖူးသည်ဖြစ်၍ များစွာ မအံ့သြဘဲ အလောင်းကို သေချာစွာကြည့်ရာ ငင်းအလောင်းမှာ ယနေ့ပင်

အသက်ပျောက်၍ ဆင်ထားဘိသကဲ့သို့ ဖူးရောင် နံစော်ခြင်းမရှိသည်ကို တွေ့မြင်ရလေ၏။

ဘုရင်မလည်း ...

'မြင်တယ်မဟုတ်လား သည်အလောင်း၊ နှစ်ပေါင်းဘယ်လောက်ကြာပြီ ထင်သလဲ၊ အနည်းဆုံး နှစ်ပေါင်းနှစ်ထောင်ကျော်ရှိပြီ၊ သည်ပြည်က လူများဟာ သည်လို မပုပ်မသိုးရအောင်လုပ်တဲ့ အတတ်ကို ကောင်းကောင်းကြီး ကျွမ်းကြတယ်၊ ခက်တော့ မခက်ပါဘူး၊ ကျွန်ုပ်လဲ တတ်ပါရဲ့၊ ကျွန်ုပ် လိုချင်တဲ့ သစ်ရွက်ရလျှင် ပြီးတာပါပဲ၊ ကဲ ကဲ သည့်ပြင်အခန်း ကြည့်ကြဦးစို့' ဟုပြော၍ အခြားအခန်း တစ်ခန်းသို့ ဝင်ပြန်ရာ ထိုနည်းအတူ အလောင်းတစ်ခုကို တွေ့ရပြန်လေ၏။

ဤသို့လေးခန်းငါးခန်းမျှ ကြည့်ရှုမိလျှင် အချို့သောအလောင်းတို့မှာ အရုပ်မပျက်သော်လည်း လက်နှင့်ကိုင်ကြည့်လိုက်လျှင်ပင် ကြေမွ၍သွားသည်ကို တွေ့ရလေ၏။

ဤကဲ့သို့ ကြေမွသွားခြင်း၏ အကြောင်းမှာ ဆေးထိုးစဉ်အခါက ကောင်းစွာမထိုးသဖြင့် ဤကဲ့သို့ ဖြစ်ရကြောင်း၊ သေချာစွာ ဆေးဖြင့်ထိုးသော အလောင်းတို့မှာမူ နှစ်ပေါင်းမည်မျှပင်ရှိသော်လည်း အသား ပကတိကဲ့သို့ တည်နေကြောင်းများကို ပြောဆိုပြီးလျှင် ...

'အခြားအရာများကို ကြည့်လိုပါသေးသလား' ဟု ကျွန်ုပ်အား မေးရာ ကျွန်ုပ်မှာ အထူးအဆန်းတို့ကို တွေ့မြင်ရဖန်များသဖြင့် ယနေ့အတွက် တော်သင့်ပြီဖြစ်ကြောင်းကို ပြောသဖြင့် အပေါ်သို့ တက်လာကြလေ၏။

ကျွန်ုပ်တို့သည် လူရိုးများနှင့် အလောင်းများရှိရာ မြေတိုက်အတွင်းမှ တက်လာ၍ အပေါ်သို့ရောက်ကြလျှင် ကျွန်ုပ်မှာ တွေ့မြင်ခဲ့ရသောအရာတို့ကို ပြန်လှန်စဉ်းစားလိုသည်ဖြစ်၍ ကျွန်ုပ်၏ အခန်းရှိရာသို့ ပြန်လိုကြောင်းနှင့် ဘုရင်မအား အခွင့်တောင်းလျှင် ဘုရင်မက ...

'နေပါဦး မောင်ရယ်၊ ပြန်ချင်လှပြီလား၊ ကျွန်ုပ်က အရိုင်းအစိုင်းတွေနဲ့ နေခဲ့ရတာကြာလွန်းလို့ စဉ်းစားတတ်တဲ့ ဉာဏ်အနည်းငယ်မျှရှိတဲ့ လူများနဲ့ တွေ့ရကြုံရ စကားပြောဆိုရတာ အင်မတန်ဝမ်းမြောက်ပါတယ်၊ ကျွန်ုပ်အခန်းကို ခဏလောက် လိုက်ခဲ့ပါဦး' ဟုပြောသဖြင့် ကျွန်ုပ်မှာ မငြင်းဆန်ဝံ့သည်ဖြစ်၍ လိုက်ပါသွားရလေ၏။

ဘုရင်မနေထိုင်ရာ အခန်းတွင်းသို့ရောက်လျှင် ရေးကနည်းတူ ခုံရှည်ပေါ်တွင် နှစ်ယောက်ထိုင်လျက် ရှိကြပြန်ရာ ဘုရင်မသည် ...

'ကိုင်း မောင်၊ ကျွန်ုပ်ကို တစ်ကြိမ်မြင်ဖူးတဲ့နောက် နှစ်ကြိမ်မြင်လို့လဲ မထူးပါဘူး' ပြော၍ ခေါင်းမြီးခြုံထားသောအဝတ်ကို ချွတ်ချလိုက်ပြန်၏။

ကျွန်ုပ်လည်း ဘုရင်မ၏မျက်နှာကို မြင်သဖြင့် ရေးကကဲ့သို့ စိုက်ကြည့်နေရာ ဘုရင်မသည် အနည်းငယ်ပြုံးရယ်၍ ...

'ကိုင်း ကျွန်ုပ်မှာ သူတစ်ပါးက မြှောက်ပင့်ပြောဆိုသည်များကို မကြားရတာ ကြာလှပြီ၊ ကျွန်ုပ်ကို သေသေချာချာကြည့်ပြီး ပြောစမ်းပါဦး၊ မောင့်မျက်စိမှာ လှတယ် ချောတယ်လို့ ထင်ရဲ့လား' ဟု မေးလျှင် ကျွန်ုပ်က ...

'ဤမျှလောက် ချောလှသောမိန်းမကို တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးပါ' ဟု ဟုတ်မှန်သည့်အတိုင်း ပြန်ပြောလေ၏။

ဘုရင်မလည်း နှစ်သက်သည့် လက္ခဏာနှင့် အလွန်သာယာလှသော အသံဖြင့် ရယ်မောလျက် ...

'ဩော် မိန်းမ မိန်းမ၊ တယ်ခက်ပါကလား၊ ကျွန်ုပ်မှာ အသက် နှစ်ထောင်ကျော်နေခဲ့ရလို့ အသိအလိမ္မာနှင့် ပြည့်စုံတာတောင် သူတစ်ပါးက ချီးမွမ်းလိုက်လျှင် ဝမ်းမြောက်သလို ရှိသေးတာပဲ၊ သာမည မိန်းမမျိုးမှာ ဆယ့်လေးငါးခြောက်နှစ်အရွယ်ဆိုတော့ ယောကျ်ားက မြှောက်ရင် မပါဘဲ နေပါ့မလား၊ ကဲ ကဲ မြှောက်လက်စနဲ့ မြှောက်စမ်းပါဦး၊ ပါးစပ်ကလဲ လှသလား၊ သို့မဟုတ် အသားကပဲ လှသလား၊ နှာခေါင်းကပဲ လှသလား' စသည်ဖြင့် တစ်ခုစီကောက်၍ မေးသည့်အရာတို့ကို လက်ဖြင့်ပြပြီးလျှင် ...

'မျက်စိကပဲ လှသလား' ဟု မေးသည့်အခါ၌ကား ကျွန်ုပ်မှာ ထိုအရာတို့၌ ဝါသနာလည်း မပါခဲ့သဖြင့် နားမလည်သည့်ပြင် အရွယ်လည်း လွန်ပြီဖြစ်၍ ထုတ်ဖော်ရေးသားရမည်ကိုပင် အလွန်တရာ ရှက်ဖွယ်ကောင်းလှသော်လည်း သိစေလိုသည်ဖြစ်၍ ဖော်ထုတ်ရေးသားရမည်ဆိုလျှင် ဘုရင်မသည် မျက်လုံးကပဲ လှသလား၊ မျက်ခုံးကပဲ လှသလားဟု မေးသည့်အခါ၌ အလွန်တရာ 'ကြာမှုပါ' သည်ဟု လူများတို့ သုံးစွဲခေါ်ငင်ကြသော အမှုအရာတို့ဖြင့် ကျွန်ုပ်ကို ကြည့်လေလျှင် ကျွန်ုပ်မှာ လူရိုင်းတို့၏ လက်တွင်းသို့ ကျရောက်လျက်ရှိခြင်း၊ မောင်စောနိုင်မှာလည်း အသည်းအသန်ဖျား၍ နေခြင်းမှစ၍ ငဖိုးထော်ဟူသော သတ္တဝါသည် လူ့ပြည်၌ ရှိလေသေးသည့်အဖြစ်ကိုပင် လုံးလုံးသတိမေ့လျော့၍သွားလေရာ ထိုကဲ့သို့သော အမှုအရာကို မြင်ရသူအပေါင်းတို့မှာလည်း ကျွန်ုပ်ကဲ့သို့ပင် ဖြစ်မည့်အကြောင်းကို ကောင်းကောင်းကြီး ယုံကြည်မိပါ၏။

ဤသို့ ဘုရင်မသည် မိမိ၏ ရုပ်အင်္ဂါတို့ကို တစ်ခုစီခွဲခြမ်း၍ ကြည့်စေပြီးလျှင် ...

'ကျွန်ုပ် ခါးကကော မောင်ရယ်၊ ခါးသေးလို့ရင်ချီဆိုတဲ့ စာဆိုနဲ့ မညီညွတ်ဘူးလား၊ သည်ဟာတောင် ဟောသည်ခါးပတ်က နည်းနည်း ကြီးနေသေးလို့၊ ခပ်ကျပ်ကျပ်များ စည်းလိုက်လျှင် သည်ထက်တောင် အပုံကြီး သေးနိုင်သေးတယ်၊ ကဲ လက်ပေးစမ်း' ဟုပြော၍ ဘုရင်မသည် ခါးပတ်ကိုဖြုတ်ပြီးလျှင် ကျွန်ုပ်လက်နှစ်ဘက်ကိုယူ၍ ခါးကို တိုင်းထွာစေရာ ဘုရင်မ၏ခါးသည် ကျွန်ုပ်၏လက်ဖြင့် ထွာဆိုင်ခန့်မျှသာလျှင်ရှိကြောင်း တွေ့ရှိရလေ၏။

ကျွန်ုပ်မှာ ဘုရင်မ၏ မျက်နှာပေးကိုမြင်ရ၍ အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း မူးဝေလုမတတ် ဖြစ်အောင်ပင် ချစ်ခင်စုံမက်လျက်ရှိရသည့်အတွင်း ဘုရင်မသည် ဤသို့ မိမိ၏ခါးကို တိုင်းထွာခြင်းကို ပြုလုပ်စေသည့်အခါ၌မူကား သည်းမခံနိုင်အောင်ပင် ရှိသည်ဖြစ်၍ ဘုရင်မအား ချစ်ကြိုက်ကြောင်းကို ပြောမိပြောရာ ပြောဆိုပြီးလျှင် ဘုရင်မ အပါးတော်၌ အစေခံအဖြစ်နှင့် ဖြစ်စေ၊ နေထိုင်ခွင့်ပြုခဲ့ပါက မိမိမွေးဖွားရာဖြစ်သော မြန်မာပြည်သို့

ဘယ်သောအခါမျှ ပြန်ရန် စိတ်မကူးပါကြောင်းနှင့်ပြောဆိုလျှင် ဘုရင်မသည် အနည်းငယ် ပြုံးရယ်၍ ...

'မြန်လှချေကလား မောင်ရယ်၊ နှစ်ကြိမ်မြင်ရတာနဲ့ သည်လောက် တောင် ဖြစ်ကုန်ပြီလား၊ သြော် ယောကျာ်းများ တယ်ခက်ပါကလား၊ မိန်းမတို့ အဆင်းကို မြင်ရလျှင် သည်လောက်တောင် ဖြစ်ရှာပါကလား၊ ကျွန်ုပ်လည်း အစကတည်းက သည်လိုဖြစ်လိမ့်မယ်ဆိုတာတော့ သိနှင့်ပါရဲ့၊ သတိထား မောင်ရယ်၊ သတိ ထားပါ၊ မောင့်ကို ကျွန်ုပ် အစက မပြောဘူးလား၊ ကျွန်ုပ်အဆင်းကို မောင် မကြည့်ပါနဲ့ဆိုတာ၊ ကျွန်ုပ်စကားကို မောင် နားမထောင်ဘဲကိုး၊ အခုတော့ ဒုက္ခကြီးဖြစ်နေပြီ မဟုတ်လား၊ သည်တော့ ကျွန်ုပ်ကို ဘယ်လိုပင် ချစ်ကြိုက်ပေမယ့် အချည်းနှီးရှိတော့မှာပဲ၊ မောင့် အချစ်ကိုသာ မောင် မျိုသိပ်ပြီး ကျွန်ုပ်မျက်နှာကို မမြင်ဖူး မတွေ့ဖူးသကဲ့သို့ သဘောထားလေတော့' ဟုပြောလျှင် ကျွန်ုပ်မှာ ဘုရင်မသည် ဤကဲ့သို့ ပြောမည်သိနှင့်ပြီး ဖြစ်သော်လည်း သည်းမခံနိုင်သဖြင့်သာလျှင် ပြောမိပြောရာ ပြောရခြင်းဖြစ်သောကြောင့် ဘုရင်မပြောသည့်အတိုင်း စိတ်ကို ချုပ်တည်း ပြီးလျှင် ထပ်လောင်း၍ မပြောဝံ့ဘဲ ရှိနေလေ၏။

ငင်းနောက် ဘုရင်မသည် ငင်းစကားစကိုဖြတ်ပြီးလျှင် မိမိမွေးဖွားရာ ဌာနဖြစ်သော တိုင်းပြည်၏ အကြောင်းနှင့် မြတ်စွာဘုရားလက်ထက်တော်မှ အဖြစ်အပျက်တို့ကို တစ်နာရီခန့်မျှ ပြောဆိုပြီးလျှင် ...

'ကိုင်း၊ မောင်နဲ့အတူလာတဲ့ လူတစ်ယောက်က အင်မတန် မမာနေတယ်ဆို၊ ယခုလောက်ရှိလျှင် ကျွန်ုပ်ကုသဖို့အချိန် တော်လောက်ပြီ၊ ကဲ မောင် ပြန်နှင့်ပေတော့၊ ကျွန်ုပ်လဲ ဆေးများဖော်စပ်ပြီး မကြာမီလိုက်ခဲ့မယ်' ဟုပြောလျှင် ကျွန်ုပ်မှာ အလွန်ချစ်လှစွာသော မောင်စောနိုင်၏ အဖြစ်ကိုပင် ဘုရင်မ သတိပေးသည့်အခါမှ သတိရသည်ဖြစ်၍ ဝမ်းတွင်း၌ များစွာ ရှက်ပြီးလျှင် ဘုရင်မထံမှ ထွက်လာခဲ့လေ၏။

ထ၃၈

## အခန်း (၁၅)

ကျွန်ုပ်သည် ဘုရင်မရှိရာ အခန်းမှ ထွက်လာခဲ့၍ မောင်စောနိုင်၏ အခန်းသို့ရောက်လျှင် မောင်စောနိုင်မှာ သတိမရဘဲရှိနေရာ ပေါ်စံနှင့် မယ်သာမာတို့သည် ခုတင်၍ အနီးတွင်ရပ်၍ ငိုကြွေးလျက် ရှိနေကြလေ၏။

ကျွန်ုပ်လည်း မောင်စောနိုင်၏ မျက်နှာကို သေချာစွာ ကြည့်လေလျှင် မောင်စောနိုင်မှာ ဘဝကူးလုဆဲဆဲ ရှိနေသဖြင့် မိနစ်ခန့်သာလျှင်လိုသည့် အဖြစ်ကို သိရ၍ ဘုရင်မ လာမည်ကို များစွာမျှော်လင့်တောင့်တလျက် ရှိလေ၏။

ပေါ်စံလည်း နှပ်တရှုပ်ရှုပ်နှင့် တမ်းတငိုကြွေးခြင်းကို ပြုလေလျှင် ကျွန်ုပ်သည် ၎င်းအား အခန်းပြင်သို့ ထွက်ရန်ပြောရာ ပေါ်စံလည်း အခန်းပြင်သို့ ရောက်လျှင် ရောက်ခြင်း အခန်းတွင်းသို့ တစ်ဖန်ပြေးဝင်လာ၍ ...

'အောင်မယ်လေး ဆရာရဲ့၊ ဘယ်က စုန်းမကြီးလဲ မဆိုနိုင်ဘူး၊ ကျွန်တော်တို့ဆီကို လာနေတယ်' ဟုပြောသဖြင့် ကျွန်ုပ်သည် အပြင်သို့ ထွက်ကြည့်လေလျှင် ခေါင်းမြီးခြုံလျက်လာနေသော သူတစ်ယောက်ကို မြင်သဖြင့် ဘုရင်မ ဖြစ်ကြောင်းကို သိရှိရလေ၏။

ဘုရင်မလည်း အခန်းတွင်းသို့ ဝင်လာလျှင် ပေါ်စံသည် အလွန်တရာ တုန်လှုပ်လှသော အမူအရာနှင့် ဘုရင်မကို မကြည့်ဝံ့ဘဲ ဂူ၏နံရံဘက်သို့ မျက်နှာမူလျက်နေရာ မယ်သာမာမှာမူ လူရိုင်းတို့၏ ထုံးစံအတိုင်း ကြမ်းပေါ်တွင် ဝပ်တွားလျက် ရှိလေ၏။

ကျွန်ုပ်သည် အားရဝမ်းသာနှင့် ဘုရင်မအား ...

'မီရုံကလေးပဲ ရှိတော့တယ်ခင်ဗျာ' ဟုပြော၍ လျင်မြန်စွာ ကုသရန် အကြောင်းကို ပြောလေလျှင် ဘုရင်မသည် ပေါစံနှင့် မယ်သာမာတို့ကိုကြည့်၍...

'သူတို့က ဘယ်သူများလဲ၊ သြော်.. သိပြီ၊ တစ်ယောက်က သင့်အစေခံ၊ တစ်ယောက်က မယ်သာမာဆိုတာလား၊ ကဲ အခန်းထဲမှာ လူမရှုပ်စေနဲ့၊ နှစ်ယောက်လုံး အပြင်သို့ နှင်ထုတ်လိုက်ပါ' ဟု ပြောသဖြင့် ၎င်းတို့အား ဘုရင်မ၏အလိုကို ပြောရာ ပေါစံမှာမူ ဘုရင်မကို မကောင်းဆိုးဝါးထင်မှတ်၍ ဝမ်းမြောက်ဝမ်းသာပင် ထွက်သွားလေ၏။

မယ်သာမာမှာမူ သွားလိုဟန်လက္ခဏာမရှိဘဲ လင်ရှိရာအရပ်၌ မယား နေရန် ခွင့်ပြုစေလိုကြောင်းနှင့် အတန်တန်ငြင်းဆိုလျက်ရှိလျှင် ဘုရင်မက ...

'ဒင်းက ဘာပြောသလဲ' ဟုမေးသဖြင့် ကျွန်ုပ်လည်း မယ်သာမာသည် မသွားလိုကြောင်းနှင့် ပြောဆိုကြောင်းကို ပြောဆိုရလေ၏။

ထိုအခါ ဘုရင်မသည် စကားများစွာမပြောဘဲ မယ်သာမာရှိရာသို့ လှည့်၍ လက်ညှိုးညွှန်ပြီးလျှင် 'သွား' ဟု တစ်ခွန်းတည်းပြောလိုက်ရာ မယ်သာမာသည် ဆတ်ဆတ်တုန်လျက် အခန်းပြင်သို့ ထွက်သွားရှာလေ၏။

'သည်လိုပဲ မောင်ရဲ့၊ နားမထောင်တဲ့အခါကျတော့ ကြောက်လောက် အောင် အာဏာပေးရတယ်၊ ကဲ ကဲ လာပါဦး၊ မောင့်လူ ကြည့်ရအောင်' ဟုပြော၍ မောင်စောနိုင်၏ ခုတင်အနီးသို့ ချဉ်းကပ်ကြရာ မောင်စောနိုင်မှာ နံရံဘက်သို့ မျက်နှာမူ၍စောင်းလျက်ရှိနေသဖြင့် မျက်နှာသည် မှောင်ရိပ်တွင် ရှိနေလေ၏။

ဘုရင်မသည် မောင်စောနိုင်ရှိရာသို့ကြည့်လျက် ...

'ကိုယ်လုံးကိုယ်ပေါက်ကလေးကဖြင့် တယ်ပြီး အချိုးအစားကျတဲ့ သူငယ်ပဲ၊ မျက်နှာဖြင့် ဘယ့်နှယ်နေမယ် မဆိုနိုင်ဘူး' ဟုပြော၍ မျက်နှာကို ငုံ့၍ကြည့်လိုက်လေလျှင် ဘုရင်မသည် ရုတ်တရက် သေနတ်ထိမှန်သကဲ့သို့

ယိမ်းယိုင်ကာ နောက်ဆုတ် နောက်ဆုတ်နှင့်သွားပြီး ဂူနံရံကို ကိုင်မိသည့်အခါ ကျွန်ုပ်ရှိရာသို့လှည့်၍ ...

'ဟဲ့ ခွေး၊ နင် ငါ့ကို အစကဘာပြုလို့ မပြောသလဲဟေ့' ဟုပြော၍ ကျွန်ုပ်ကို ရိုက်မည်ကဲ့သို့ လက်ကိုမြှောက်လိုက်ရာ ကျွန်ုပ်မှာ ဒူးများ ဆတ်ဆတ်တုန်အောင် ကြောက်ရွံ့လှသဖြင့် ...

'ဘာလဲ ခင်ဗျာ၊ ဘာပြောရမှာလဲ ခင်ဗျာ' ဟု မေးလေ၏။

'သြော် သူလဲ မသိရှာလို့ ထင်ပါရဲ့၊ သည်ဟာ ကျွန်ုပ်ငယ်ချစ် ကုမာရပဲ မောင်ရဲ့၊ အောင်မယ်လေး အခုမှ တွေ့ရတော့တယ် ကုမာရရယ်၊ ကျွန်ုပ်မှာ မျှော်လိုက်ရတာ နှစ်ပေါင်းများလှပြီ ငယ်ချစ်ရယ်၊ တစ်နေ့တော့ မုချလာမယ်လို့ အထင်သားကပဲ၊ ထင်တဲ့အတိုင်း လာလဲ လာပါပေရဲ့ရှင်၊ သြော် ကုမာရ၊ ကုမာရ၊ ကုမာရ' ဟု ထပ်ကာ ထပ်ကာ ဆိုမြည်လျက် ရယ်မောချည်တစ်ခါ၊ ငိုကြွေးချည်တစ်လှည့်နှင့် ပြုနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ များစွာ အံ့သြလျက်ရှိနေလေ၏။

ထိုအခါ ကျွန်ုပ်က ...

'ကဲ၊ ဒါဖြင့် ရူပနန္ဒီပြောသည့်အတိုင်း ကျွန်တော့်လူဟာ ကုမာရ ဖြစ်ခဲ့လျှင် မြန်မြန်ပျောက်အောင် ကုသပါခင်ဗျာ၊ သည်လိုနေလျှင်ဖြင့် သေရချည်ရဲ့' ဟုပြောလျှင် ဘုရင်မသည် သတိရ၍ ပုလင်းငယ်တစ်ခုကို ထုတ်ပြီးလျှင် ...

'ကဲ ကဲ၊ သည်ပုလင်းထဲက ဆေးရည်ကို ပါးစပ်ထဲ လောင်းထည့် လိုက်ပါ မောင်ရယ်၊ ကျွန်ုပ်က ဝမ်းသာအားကြီးပြီး လက်တွေတောင် တုန်နေလို့ ကောင်းကောင်း ဆေးမတိုက်နိုင်ဘူး၊ မဖိတ်ပါစေနဲ့နော်၊ ကောင်းကောင်းလုပ်ပါ မောင်ရယ်' ဟုပြော၍ ပုလင်းကိုပေးလျှင် ပုလင်းတွင် ဖော့ပိတ်၍ ထားသဖြင့် ကျွန်ုပ်သည် ဖော့ကို ပါးစပ်နှင့်ကိုက်၍ ထုတ်ယူရာတွင် ဖော့တွင် ကပ်ပါလာ သောဆေးရည် အနည်းငယ်သည် ကျွန်ုပ်ပါးစပ်အတွင်းသို့ ဝင်သွားသဖြင့် ချိုမြမြပူရှိန်းရှိန်းရှိသော အရသာရှိကြောင်းကို လျှာသည် သိသည်နှင့်

တစ်ပြိုင်နက် ကျွန်ုပ်သည် မူးဝေ၍သွားပြီးနောက် ချက်ချင်းပင် ပြန်၍သတိရလေ၏။

ဘုရင်မသည် မောင်စောနိုင်၏ ဦးခေါင်းကို လက်ဖြင့်ကိုင်၍ ပါးစပ်ကိုဟစေရာ မောင်စောနိုင်၏ အသက်သည် ထွက်လုဆဲဆဲရှိနေသဖြင့် လည်ချောင်းတို့မှလည်း တစီစီမြည်သောအသံကို ကြားရကုန်၏။

ကျွန်ုပ်လည်း ပုလင်းတွင်ရှိသောဆေးရည်ကို ပါးစပ်တွင်းသို့ ကုန်စင်အောင် လောင်းပြီးနောက် မောင်စောနိုင်၏ မျက်နှာကဲကို ခတ်လျက်ရှိလေရာ တစ်စုံတစ်ရာ မထူးခြားဘဲ ငြိမ်လျက်သာလျှင် ရှိနေလေ၏။

ဤသို့ မလှုပ်ရှားဘဲ ငါးမိနစ်ခန့်ရှိလျှင် ဘုရင်မမှာလည်း အလွန်တရာ စိုးရိမ်လှသော မျက်နှာထားဖြင့် မောင်စောနိုင်၏ မျက်နှာကို မျက်တောင်မခတ်ဘဲ စိုက်၍ကြည့်နေလေ၏။

ငါးမိနစ်ခန့်ကြာလတ်သော် မောင်စောနိုင်၏ မျက်နှာသည် ဖျော့တော့ခြင်း အနည်းငယ်ပျောက်ကင်း၍ ဦးခေါင်းသည်လည်း တဖြည်းဖြည်း လှုပ်ရှား၍လာရာ ဘုရင်မသည် လက်ခုပ်လက်ဝါးတီးလျက် ...

'ချမ်းသာပေပြီတော်၊ တစ်ခါဖြင့်၊ ဩော် ကံကောင်းလို့ တွေ့ရပေတော့တယ်၊ ငယ်ချစ်ရယ်၊ ခဏကလေးများ နောက်ကျရင်လား မောင်ရယ်၊ ပြီးရှာရောပေါ့၊ စောင့်နေသမျှတွေ အချည်းနှီး ဖြစ်ရှာလေရောပေါ့၊ ကံကောင်းလို့သာပတော်၊ မောင်မင်းကြီးသား၊ ကဲ ကဲ အိပ်ပေစေ အိပ်ပေစေ၊ သည်လိုဆယ့်နှစ်နာရီလောက် အိပ်ပျော်ပြီး အိပ်ရာကနိုးလျှင် ကောင်းကောင်းကြီးကျန်းမာတော့မှာပဲ၊ အိပ်ရှာဦးတော့ကွယ် ကုမာရရယ်' ဟု ဘုရင်မသည် အလွန်တရာ ကြင်နာလှစွာသော အမူအရာဖြင့် မောင်စောနိုင်၏ မျက်နှာကို ကိုင်ပြီးလျှင် ချစ်ခင်သော မိခင်သည် သားသမီးအား နမ်းရှုပ်ဘိသကဲ့သို့ နဖူးလေးကို ယုယစွာ နမ်းရှုပ်လျှင် ကျွန်ုပ်မှာ များစွာမနာလိုစိတ် ပေါ်မိလေ၏။

ဘုရင်မမှာ မောင်စောနိုင် သို့မဟုတ် ကုမာရသည် ရောဂါပျောက်ကင်းပေတော့မည်ဟု ဝမ်းမြောက် ဝမ်းသာရှိနေရာမှ တစ်စုံတစ်ခုကို သတိရသည့်အဟန်နှင့် မျက်နှာထားပြောင်းလဲ၍ သွားပြီးလျှင် ...

'သြော် ကျွန်ုပ် မေ့နေတယ်၊ သည် မယ်သာမာဆိုတာ သူနဲ့ ဘယ့်နှယ်တော်သလဲ' ဟုမေးရာ ဤပြည်၏ ဓလေ့အတိုင်း ၎င်းတို့နှစ်ဦးမှာ လင်နှင့်မယားဖြစ်ကြောင်းကို ပြန်ပြောလေ၏။

ထိုအခါ ဘုရင်မသည် ပြင်းစွာအမျက်ထွက်သော မျက်နှာဖြင့် ...

'ဒါဖြင့် ဒင်းသေရမယ်' ဟုပြောလျှင် ကျွန်ုပ်သည် မိန်းကလေးအား များစွာကရုဏာရှိသည်နှင့် အပြစ်ကျူးလွန်ခြင်းမရှိဘဲ သူတစ်ထူး၏အသက်ကို သတ်ဖြတ်ခြင်းသည် မကောင်းကြောင်း ပြောလေလျှင် ...

'သတ်လျှင် ဘာဖြစ်သလဲ၊ ကျွန်ုပ်မှာ ဘယ်လိုအပြစ်ဒဏ်တွေ့မယ်လို့ မောင် ဘယ့်နှယ်ပြောနိုင်သလဲ၊ ကျွန်ုပ်နှင့် ကုမာရ အတူတကွ နှစ်ပေါင်းများစွာနေရလျှင် ဘယ်သူ့ကို ကျွန်ုပ် ဂရုစိုက်ရမလဲ' ဟုပြောရာ ကျွန်ုပ်က မယ်သာမာသည် မောင်စောနိုင်အား နေ့ညမလပ် စောင့်ကြပ်ပြုစုရှာသည့်အတွက်သာလျှင် ဘုရင်မနှင့် တွေ့သည့်တိုင်အောင် အသက်ရှင်၍ နေတော့သည်ထင်၍ မိမိ၏အလိုပြည့်ခဲ့ပါလျှင် မိန်းကလေး၏အသက်ကို ချမ်းသာပေးရန်အကြောင်း ထပ်လောင်း၍ တောင်းပန်လေ၏။

ဘုရင်မလည်း ကျွန်ုပ်ပြောသည်ကို အနည်းငယ် သဘောကျဟန်လက္ခဏာနှင့် အတန်ငယ်စဉ်းစား၍ ...

'ကဲ ဒါဖြင့် မောင် တောင်းပန်လို့ အသက်ကို ကျွန်ုပ် ချမ်းသာပေးမယ်၊ မြန်မြန်သွားခေါ်လိုက်ပါ၊ တော်တော်ကြာလျှင် ကျွန်ုပ်စိတ်သဘော ပြောင်းချင်ပြောင်းလိမ့်မယ်၊ ချက်ချင်းခေါ်လိုက်ပါ' ဟုပြောလေလျှင် ကျွန်ုပ်သည် အခန်းပြင်သို့ထွက်၍ မယ်သာမာအား ခေါ်လာခဲ့လေ၏။

မယ်သာမာလည်း ဘုရင်မအနီးသို့ရောက်သဖြင့် ဝပ်တွားလျက်ရှိလျှင် ဘုရင်မသည် အလွန်တရာ စူးရှသောအသံဖြင့် ...

'ဟဲ့ကောင်မ ထစမ်း၊ သည်ဟာ ဘယ်သူလဲ၊ နင် ကြည့်စမ်း' ဟုပြောလျှင် မယ်သာမာသည် ဝပ်ရာမှထ၍ မောင်စောနိုင်ကိုကြည့်လျက် ...

'ကျွန်တော်မ၏ ယောကျ်ားပါ' ဟု ပြန်ပြောလေ၏။

'နင့်ယောကျ်ား ဆိုရအောင် နင့်ကို ဘယ်သူက ပေးစားသလဲ'

'ကျွန်တော်မတို့ ထုံးစံအတိုင်း ကျွန်တော်မ သဘောအလျောက် ယူပါသည်'

'ကောင်းပြီ၊ သည်လူက နင်တို့လူမျိုးလား'

'မဟုတ်ပါ'

'နင်တို့ထုံးစံက နင်တို့လူမျိုးချင်းမှာသာ ရှိတယ်၊ လူမျိုးမတူလျှင် သည်လိုထုံးစံ မရှိရဘူး၊ ကြားရဲ့လား' ဟုမေးလျှင် မယ်သာမာလည်း ပြန်မပြောဘဲ ရှိလေ၏။

'ငါပြောတာ စေ့စေ့နားထောင်၊ နင် သည်လူမျိုးကွဲ တစ်ယောက်ကို ချစ်ကြိုက်သည်ဖြစ်၍ သေလောက်သောအပြစ်ဒဏ်ကို ငါချပေးနိုင်သော်လည်း မသိ၍ပြုမိခြင်းဖြစ်သည့်အတွက် ငါချမ်းသာပေးမည်၊ သို့သော် နင်သည် နင်၏ အရပ်ကို ယခုချက်ချင်း ပြန်သွားရမည်၊ နင့်မျက်နှာကို ငါ နောက်တစ်ကြိမ် မြင်ရလျှင် ပြင်းထန်သောအပြစ်ဒဏ် စီရင်တော်မူလိမ့်မည်' ဟုပြော၍ မလှုပ်မရှားဘဲနေသည်ကို တွေ့မြင်ရလျှင် ...

'ဟဲ့ကောင်မ၊ ငါ ပြောတာကြားလား၊ ခုချက်ချင်း ထွက်သွားလိုက်' ဟု ပြောလေ၏။

မယ်သာမာလည်း တုန်ယင်သော အသံဖြင့် ...

'ကျွန်တော်မသည် လင်ကို ပစ်ခွာ၍ မသွားနိုင်ပါ' ဟု ပြောလျှင် ဘုရင်မသည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက်ရှိသည်ကို ကျွန်ုပ်မြင်သဖြင့်...

'သနားတော်မူပါ' ဟု တီးတိုးပြောလိုက်ရာ ဘုရင်မသည် ...

'ဟဲ့ကောင်မ၊ ချက်ချင်းသွားလိုက်နော်၊ သည်နေရာတွင် သေချင်ပြီလား' ဟု ငေါက်၍ ပြောလေ၏။

မယ်သာမာလည်း ...

'ကျွန်တော်မ၏ လင်နှင့်ခွဲခွာ၍ မနေနိုင်ပါ၊ ဘုရင်မ သတ်နိုင်လျှင် သည်နေရာတွင် သတ်ပါတော့' ဟုပြောလျှင် ဘုရင်မသည် မယ်သာမာရှိရာသို့ လျင်မြန်စွာသွားလျှင် မယ်သာမာ၏ ဦးခေါင်းကို လက်ဖြင့်တို့လိုက်ရာ ကျွန်ုပ်သည် အလွန်ထူးဆန်းလှသောအရာကို မြင်ရသဖြင့် ကြက်သေသေလျက် ရှိကုန်၏။

မယ်သာမာ၏ ဆံပင်သည် မည်းနက်လျက်ရှိရာမှ ဘုရင်မ၏လက်ဖြင့် ထိလိုက်သောနေရာတို့သည်ကား ဆွတ်ဆွတ်ဖြူ၍ လက်သုံးချောင်း ထင်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။

'ကဲ နင်က ငါ့ကို မပြုစားနိုင်ဘူး ထင်သလား၊ ကြည့်လိုက်စမ်း၊ နင့်ကိုနင် မှန်ထဲမှာ' ဟုပြောလျှင် မယ်သာမာသည် မှူးဝေဘိသကဲ့သို့ရှိရာမှ မှန်တွင် မိမိအရိပ်ကိုမြင်လျှင် အလွန်တရာအံ့ဩလျက် ထပ်ကာ ထပ်ကာ ကြည့်နေရာမှ အလွန်တရာ တုန်လှုပ်သည့်အမူအရာဖြင့် ကြမ်းပေါ်သို့ ပစ်လှဲလိုက်လေ၏။

'ကဲ သိပြီလား ငါ့အစွမ်း၊ ချက်ချင်းသွားရင်သွား၊ မသွားရင် သည်တစ်ခါတော့ သေအောင်လုပ်လိုက်မယ်၊ နင့်ဦးခေါင်းမှာ ငါ တံဆိပ်ခတ်လိုက်ပြီ၊ နောက်တစ်ခါ နင့်ကိုမြင်ရလျှင် သေခြင်းဆိုးနဲ့ သေရပြီ မှတ်ပေတော့၊ ထွက်သွား' ဟုပြောလျှင် မယ်သာမာမှာ တုန်တုန်ယင်ယင်နှင့်ပင် အခန်းပြင်သို့ ထွက်သွားရရှာလေ၏။

မယ်သာမာထွက်သွားလျှင် ဘုရင်မလည်း ...

'ဘယ့်နှယ် အံ့ဩသလား မောင်၊ မောင်က မျက်လှည့် မှတ်နေသလား၊ သည်ဟာ မျက်လှည့်မဟုတ်ဘူး မောင်ရဲ့၊ မောင်တို့ မသိတဲ့တန်ခိုးကို ကျွန်ုပ် အသုံးပြုတာပဲ၊ သူ့ကို ကျွန်ုပ်ကြောက်အောင်လို့ သည်အမှတ်နဲ့ ချောက်လိုက်

ရတယ်၊ သည်လိုမချောက်ရင်ဖြင့် ဒင့်ကို ကျွန်ုပ် တစ်ခါတည်း သတ်ရုံ ရှိတော့တယ်၊ သတ်လဲ မသတ်ချင်ဘူး ဒင့်ကို၊ ကဲ ကျွန်ုပ် ကုမာရကို ကျွန်ုပ်၏အခန်းနဲ့ နီးနီးရွှေ့ရမယ်၊ မောင်လဲ တစ်ခါတစ်ခါ လာလည်တာပေါ့၊ သို့သော် ကုမာရသက်သာလို့ သည်ကောင်မ ဘယ်သွားသလဲများမေးရင် ဖွင့်များမပြောလိုက်နဲ့နော်၊ မောင့်ကို ကျွန်ုပ် သတိပေးလိုက်ပါပေရဲ့' ဟု ပြော၍ ဘုရင်မသည် အစေခံများကိုခေါ်ရန် အခန်းပြင်သို့ ထွက်သွားလေ၏။

ကျွန်ုပ်မှာ တွေ့မြင်ရသည်များကို အံ့ဩလျက်ရှိနေရစ်ရာ အစေခံတို့လည်း အခန်းတွင်းသို့ ဝင်လာ၍ မောင်စောနိုင်နှင့်တကွ ပစ္စည်းများကို ဘုရင်မ၏ အခန်းအနီးရှိ အခန်းတစ်ခုသို့ သယ်ပိုးပြောင်းရွှေ့ကြလေ၏။

ကျွန်ုပ်တို့သည် ထိုည၌ပင် မောင်စောနိုင်၏ အခန်းတွင်း၌ပင် အိပ်ပျော်၍သွားရာ အိပ်မက်ထဲတွင် ကျွန်ုပ်မြင်ခဲ့ရသော အရိုးစုတို့သည် ဂူတွင်းမှထွက်၍ မိမိတို့၏ နေရင်းဖြစ်သော ဃလဟဂ္ဂမြို့ကြီးရှိရာသို့ စီတန်းလျက် ထွက်သွားကြရာ ကျွန်ုပ်အနီးသို့ရောက်လျှင် ကျွန်ုပ်ရှိရာသို့လှည့်၍ ဖွေးဖွေးဖြူသော သွားကို ဖြဲ၍ပြပြီးလျှင် သွားမြဲတိုင်း သွားနေကြလေ၏။

ငင်းနောက် ကျွန်ုပ်သည် အိပ်ရာမှလန့်နိုး၍ ကြည့်လိုက်ရာ ဘုရင်မပြောသွားသည့်အတိုင်း မောင်စောနိုင် နိုးချိန်နီးကြောင်းကို သိသဖြင့် အိပ်ရာမှထ၍ မောင်စောနိုင်၏ အနီးသို့သွားရာ ဘုရင်မလည်း အခန်းတွင်းသို့ ဝင်လာလေ၏။

အခန်းတွင်းသို့ရောက်၍ ဘုရင်မသည် မောင်စောနိုင်၏ အနီးတွင် ရပ်လျက် ကြည့်နေစဉ် မောင်စောနိုင်သည် အိပ်ရာမှနိုး၍ နှစ်ကြိမ်၊ သုံးကြိမ် သန်းပြီးနောက် တွန့်လိမ်လျက်ရှိရာမှ အနီးတွင် ခေါင်းမြီးခြုံလျက်ရှိသော မိန်းမကိုမြင်လျှင် ...

'မယ်သာမာလား ဟေ့၊ ဘာဖြစ်လို့ ခေါင်းမြီးခြုံထားရလဲ၊ ခေါင်းကိုက်လို့လား' ဟု မေး၍ လက်ကိုဆွဲကိုင်ရာ ဘုရင်မက ...

'မယ်သာမာမှာ ကိစ္စတစ်ခုနှင့် တခြားသို့သွားသည်ဖြစ်၍ မယ်သာမာ၏ ကိုယ်စားဖြစ်ပါကြောင်း' နှင့် ပြန်ပြောလျှင် မောင်စောနိုင်သည် ဘုရင်မ၏ သာယာသောအသံကို ကြားသည်ဖြစ်၍ စိုက်ကြည့်လျက်ရှိရာမှ ...

'ကိုပေါစံ၊ လာပါဦးဗျ၊ ဗိုက်ကလဲဆာလှပြီ၊ စားစရာ ဘာများရှိသလဲ၊ ယူခဲ့စမ်းပါ' ဟုပြောသဖြင့် ပေါစံသည် စားသောက်စရာ အနည်းငယ်ကို ယူခဲ့လေ၏။

မောင်စောနိုင်သည် စကားတစ်ခွန်းမျှ မပြောဘဲ စားသောက်ပြီးလျှင် အိပ်ပျော်သွားပြန်လေ၏။ နောက်တစ်နေ့၌ မောင်စောနိုင်သည် အိပ်ရာမှ နိုးလေလျှင် ရှေးကကဲ့သို့ပင် ကျန်းမာသန်စွမ်းစွာရှိလျက် ကျွန်ုပ်အား မယ်သာမာ၏ အကြောင်းကို မေးမြန်းရာ ဘုရင်မသည် အနီးတွင် ရှိသည်လည်း တစ်ကြောင်း၊ ဘုရင်မသည် ကျွန်ုပ်အား ၎င်းအကြောင်းနှင့်စပ်လျဉ်း၍ သတိပေးဖူးသည်လည်းတစ်ကြောင်းကြောင့် ဘုရင်မ ပြောသည့်အတိုင်းသာလျှင် လိမ်လည်၍ ပြောရလေ၏။

ဤသို့ ပြောသော်လည်း မောင်စောနိုင်မှာမူ စိတ်မကျေနပ်နိုင်သည်ဖြစ်၍ ဘုရင်မ မရှိသည့်အခိုက်တွင် ကျွန်ုပ်အား မေးမြန်းပြန်ရာ ကျွန်ုပ်သည် အကယ်ပင်မသိသည်ဖြစ်၍ အဘယ်သို့သွားသည်ကို မသိနိုင်ကြောင်းနှင့် ပြန်ပြောလေ၏။

၎င်းနောက် မောင်စောနိုင်က ...

'နေပါဦး ဦးလေးရဲ့၊ သည်ဘုရင်မက ဘယ်က ဘုရင်မလဲ'

'သည်ပြည်က ဘုရင်မပေါ့'

'ကိုယ်လုံးကိုယ်ပေါက် တယ်ဖြောင့်ပါကလား၊ မျက်နှာကော ဦးလေး မြင်ဖူးလား'

'မြင်ဖူးတယ်'

'ချောရဲ့လား'

'ချောတယ်'

'ဟာ၊ ဟုတ်ပြီ ဟုတ်ပြီ၊ ဦးလေးရေ့၊ ကျွန်တော်တို့ အညွှန်းထဲပါတဲ့ ဘုရင်မပဲ၊ ကဲ သူ့အကြောင်း ပြောစမ်းပါဦး၊ ဘာများ ဦးလေးသိသလဲ' ဟုမေးလျှင် ကျွန်ုပ်မှာ ဘုရင်မသည် ကျွန်ုပ်အား ၎င်း၏အကြောင်းကို မပြောနှင့်ရန် မှာ၍ထားသောကြောင့် ...

'နောက်တော့ မင်းလဲ သိပါလိမ့်မယ်ကွယ်' ဟု ပြောဆဲတွင် ဘုရင်မ၏ ကိုယ်ရံတော်တစ်ယောက်သည် အခန်းထဲသို့ လာစေလိုကြောင်းကို လက်ခြေပြကာ ပြောသဖြင့် မောင်စောနိုင်လည်း အဝတ်များလဲပြီးလျှင် ကျွန်ုပ်နှင့်အတူ ဘုရင်မ၏ အခန်းသို့ ဝင်သွားကြလေ၏။

အခန်းတွင်းသို့ရောက်လျှင် ဘုရင်မလည်း ထိုင်ရာမှထ၍ ကျွန်ုပ်အား များစွာဂရုမမူဘဲ မောင်စောနိုင်အား နှုတ်ခွန်းဆက်သပြီးလျှင် ကျန်းကျန်းမာမာ တွေ့ရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ နောင်ကိုလည်း မကျန်းမမာ မဖြစ်စေရန် ကြည့်ရှုစောင့်ရှောက်မည် ဖြစ်ပါကြောင်းနှင့် ပြောဆိုရာ မောင်စောနိုင်သည် ဘုရင်မအား များစွာကျေးဇူးတင်ကြောင်းကို မာဂဓ ဘာသာဖြင့် ပြောပြီးလျှင် ကျွန်ုပ်ရှိရာသို့ မြန်မာဘာသာဖြင့် ...

'ဘယ့်နှယ်လဲ ဦးလေးရဲ့၊ ဦးလေး ဘုရင်မက တယ် ဖော်ဖော်ရွေရွေ ရှိပါကလား၊ မျက်နှာတော့ဖြင့် မမြင်ရသေးလို့ မသိသေးဘူး၊ လက်ကလေးက လှပါပေရဲ့ဗျ' ဟုပြောဆို ချီးမွမ်းလျှင် ဘုရင်မသည် ကျွန်ုပ်တို့၏ ဘာသာကို နားမလည်သော်လည်း မျက်နှာရိပ်မျက်နှာကဲကို ခတ်သည်ဖြစ်၍ မောင်စောနိုင် အား ဆိတ်ဆိတ်နေရန် ပြောရလေ၏။

၎င်းနောက် ဘုရင်မက ...

'ကျွန်ုပ်၏ အစေခံများကို ကောင်းမွန်စွာ စောင့်ရှောက်ပါရဲ့လား၊ လိုသည့် အရာရှိရင် ပြောသာပြောပါ' ဟုဆိုလျှင် မောင်စောနိုင်က ...

'မိမိသိလိုသောအရာမှာ မယ်သာမာသည် အဘယ်အရပ်သို့ သွားသည်ကို သိလိုပါကြောင်း' နှင့် မေးမြန်းလေ၏။

ထိုအခါ ဘုရင်မက…

'သြော်၊ မိန်းကလေးလား၊ ကျွန်ုပ်လဲ မြင်လိုက်ပါရဲ့၊ သို့သော် လူရိုင်းဆိုတာမျိုးဟာ တယ်ခက်တာကလား မောင်ရယ်၊ လူမမာအနားမှာ စောင့်နေရတာကြာတော့ ပျင်းတာနဲ့ ထွက်သွားရော ထင်ပါရဲ့၊ ကျွန်ုပ်လဲ ဘယ်ကိုသွားတယ်ဆိုတာ မပြောတတ်ပါဘူး' ဟု ရယ်မောပြောဆိုပြီးလျှင် ဘုရင်မသည် ၎င်းစကားရပ်ကိုဖြတ်၍ အခြားစကားကို ဆက်လက်ပြောဆိုလေ၏။

ဏ၉ဏ

## အခန်း (၁၆)

ကျွန်ုပ်တို့သည် ဘုရင်မနှင့်အတူထိုင်လျက် နှစ်နာရီခန့် စကားပြောဆိုကြပြီး၍ သွားခါနီးတွင် ဘုရင်မက ထိုညဥ့်၌ ကျွန်ုပ်တို့ အပျင်းပြေစေရန် ကပွဲတစ်ခု ကျင်းပမည့်အကြောင်းကို ပြောပြီးလျှင် မောင်စောနိုင်မှာလည်း ဂူကြီး၏ထူးဆန်းသော အခြင်းအရာများကို မမြင်ရသေးသည်ဖြစ်၍ ဘုရင်မသည် ၎င်းတို့ကို လိုက်၍ပြပြန်လေ၏။

၎င်းတို့မှာ ကျွန်ုပ်မြင်ပြီးဖြစ်သော အလောင်းများ၊ အရိုးစုများ၊ ဂူ၏နံရံတွင်ရှိသော စာများပင်ဖြစ်၍ အကျယ်အားဖြင့် ထပ်မံရေးသားရန် မလိုပေ။

ပေါ်စံမှာမူ ကျွန်ုပ်နှင့် လမ်းတွင်တွေ့သဖြင့် အတူလိုက်လာကြည့်ရှုကြရာ ဤမျှလောက် ထူးဆန်းသော အခြင်းအရာတို့ကို တွေ့မြင်ကြားသိလေလျှင် ...

‘ဤပြည်ကား လူသားတို့နေထိုင်သော ပြည်မဟုတ်၊ မကောင်းဆိုးဝါးတို့သည် လူယောင်ဆောင်၍ နေထိုင်ခြင်းမျှသာ ဖြစ်သည်’ ဟု တတွတ်တွတ်မည်ရွတ်လျက် ဦးခေါင်းကို ယမ်းခါလိုက်လေ၏။

ကျွန်ုပ်တို့သည် ဂူကြီးအတွင်းရှိ ထူးဆန်းအံ့သြဖွယ်အရာတို့ကို ကြည့်ရှုပြီးလျှင် နေဝင်လုပြီဖြစ်၍ ညစာ စားသောက်ရန် မိမိတို့အခန်းရှိရာသို့ ပြန်ခဲ့ကြလေ၏။

ညစာစားသောက်၍ပြီးလျှင် အစေခံတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာ၍ လက်ယပ်ခေါ်သဖြင့် ကျွန်ုပ်တို့သည် ၎င်းနောက်သို့ လိုက်သွားရာ ဘုရင်မနှင့် တွေ့လေ၏။

ထိုအခါ ဘုရင်မက ...

'ကျွန်ုပ်ပြောတဲ့ ကပွဲ ပြင်ဆင်ပြီးပြီ၊ ကဲ လာ သွားကြစို့' ဟုပြော၍ ဘုရင်မသည် ကျွန်ုပ်တို့ရှေ့မှသွားရာ ကျွန်ုပ်တို့သည် ဘုရင်မနှင့်အတူ လိုက်ပါသွားကြရလေကုန်၏။

ဘုရင်မလည်း ကျွန်ုပ်တို့ ဂူကြီးအပြင်သို့ခေါ်သွားရာ ဂူဝနှင့် အတောင်နှစ်ဆယ်ခန့်တွင် ခုံရှည်သုံးခု ခင်းထားသည်ကို တွေ့သဖြင့် ကျွန်ုပ်တို့ သုံးဦးသည် ခုံများပေါ်၌ ထိုင်လျက်ရှိကြလေ၏။

ပေါ်စံမှာမူ ကျွန်ုပ်၏ ခြေရင်းတွင်ထိုင်လျက် အံ့သြသောမျက်နှာထား နှင့် အရပ်လေးမျက်နှာကို ကြည့်လျက်နေလေ၏။ ခုနစ်နာရီထိုးပြီးသဖြင့် ဂူ၏ အပြင်၌ကား မှောင်လျက်ရှိရာ ကျွန်ုပ်မှာ ...

'လူရိုင်းတို့၏ ကပွဲသည် ထူးဆန်းလှပါဘိတကား၊ ဤကဲ့သို့ မည်းမှောင်လျက်ရှိသော အရပ်တွင် ကပွဲပြုလုပ်၍ အဘယ်မှာ ပျော်ရွှင်နိုင်ပါအံ့နည်း' ဟု အောက်မေ့လျက်ရှိရာ နှစ်ဆယ်ခန့်သော လူရိုင်းတို့သည် မီးတိုင်ကြီးများနှင့် သဏ္ဌာန်တူသော အရာများကို ထမ်းလျက် ဂူတွင်းမှ ထွက်လာကြရာ မီးတိုင်၏ အဖျား၌ကား ဟုန်းဟုန်းတောက်လောင်လျက်ရှိသော မီးတောက်မီးလျှံတို့သည် ထိန်ထိန်လင်းလျက် ရှိလေ၏။

ကျွန်ုပ်တို့သည် မီးတိုင်များကိုကြည့်လျက် အလွန်တရာ တောက်လောင် လှသည်ဖြစ်၍ မည်သည့်ဆီမျိုးနှင့် လုပ်ကိုင်၍ထားသည်ကို စဉ်းစားလျက်ရှိစဉ် ကျွန်ုပ်၏ ခြေရင်း၌ထိုင်လျက်ရှိသော ပေါ်စံက ...

'အမယ်လေး၊ လူသေကောင်တွေပါလား ဆရာရဲ့' ဟု အော်လိုက်သဖြင့် သေချာစွာ ကြည့်ရှုရာ ပေါ်စံပြောသည့်အတိုင်း ဂူတွင်းမှ လူသေကောင်များကို မီးရှို့၍ ထုတ်လာကြောင်းကို တွေ့မြင်ရလေ၏။

နှစ်ဆယ်ခန့်သော လူရိုင်းတို့လည်း လူသေကောင်များကို နှစ်ခုစီတွဲ၍ ကျွန်ုပ်တို့နှင့် မနီးမဝေးတွင် ထောင်လျက်ထားရာ အလောင်းတို့မှာ ဆေးထိုး၍ ထားသော အလောင်းများဖြစ်သဖြင့် ပရုတ်များတို့ကို လောင်ဘိသကဲ့သို့ပင် ပြင်းထန်စွာ တောက်လောင်လျက်ရှိရာ မျက်စိ၊ ပါးစပ်၊ နား အစရှိသည်တို့မှ မီးတောက်တို့သည် တစ်တောင် နှစ်တောင်ရှိသည်တိုင်အောင် ပန်း၍ထွက်ကုန်၏။

ငင်းနောက် လူရိုင်းတစ်ယောက်သည် အလောင်းတစ်ခုမှ ကျွတ်၍ ကျနေသော လက်တစ်ဖက်ကို ယူပြီးလျှင် မည်းမှောင်လျက်ရှိသော အရပ်သို့ ပြေးဝင်ပြီးနောက် စုပုံလျက်ရှိသော လူသေတို့၏အလောင်းကို ငင်းမီးဖြင့် ညှိလိုက်ရာ အလောင်းပုံမှ မီးတောက်တို့သည် ကောင်းကင်သို့တိုင်အောင် ထိုး၍တက်သဖြင့် ပတ်ဝန်းကျင်အရပ်တို့သည် နေ့အခါကဲ့သို့ ထိန်ထိန် လင်းလျက် ရှိကုန်၏။

ဤသို့ရှိစဉ် အခြားသော လူရိုင်းတို့သည် လောင်ကျွမ်းပြီးဖြစ်သော အလောင်းတို့ကို ခြေဖြင့်ကန်ကြောက်၍ ဖယ်ပြီးနောက် အလောင်းအသစ်တို့ကို ငင်းနေရာ၌ တည်ထားပြန်သဖြင့် အလင်းရောင်သည် မရပ်စဲဘဲရှိရာ လူရိုင်းတို့မှာ ဂူတွင်းမှသည် ဂူပြင်သို့၊ ဂူပြင်မှသည် ဂူတွင်းသို့ မရပ်စဲဘဲ ပြေးဝင် သည်ပိုးလျက် ရှိကြလေကုန်၏။

ကျွန်ုပ်တို့မှာ စကားဖြင့် မပြောပြနိုင်အောင်ပင် အံ့သြလှသဖြင့် ကြည့်လျက်နေကြရာ ဘုရင်မက ...

'ဘယ့်နှယ်လဲ မောင်တို့ရယ်၊ ထူးထူးဆန်းဆန်း မြင်ရပါမယ်လို့ ကျွန်ုပ်အစက ပြောတဲ့အတိုင်း ညီညွတ်ပြီ မဟုတ်လား၊ ကဲ မီးကဖြင့် ထွန်းပြီးပြီ၊ ပွဲကဖို့ပဲ ရှိတော့တယ်၊ ဟောဟိုမှာ ကမယ့်ဟာတွေလာကြပြီ မြင်ရဲ့လား' ဟုပြောသဖြင့် ကျွန်ုပ်တို့သည် ကြည့်လိုက်ရာ ယောကျ်ားတစ်ရာခန့်နှင့် မိန်းမတစ်ရာခန့်တို့သည် မီးပုံကြီး၏အနီးတွင် ရစ်ပတ်လျက် မူးရစ်၍နေသော လူတစ်စုကဲ့သို့ ခြေဖျားလက်ဖျားများကို မြှောက်မိမြှောက်ရာ မြှောက်ပြီးလျှင် လူရိုင်းပီပီ ကခုန်ကြလေရာ မီးပုံမှအလင်းရောင်သည် ငင်းတို့၏ မျက်နှာသို့

ကျရောက်သည့်အခါ အလွန်တရာ စိတ်အားထက်သန်လှသည်ဖြစ်၍ ရှူး မတတ်ပင် ဖြစ်နေကြောင်းကို တွေ့မြင်ရလေ၏။

ဤသို့ ညဥ့်အခါ၌ လူ၏အလောင်းတို့ဖြင့် ထွန်းညှိလျက်ရှိသော မီးပုံတွင် ရှန်းရင်းဆန်ခတ် ကခုန်လျက်ရှိကြရာ ကခုန်သူတို့အနက် တစ်ဦးသော မိန်းမသည် အများတို့ထက်ပင် စိတ်ရောကိုယ်ပါ ကခုန်လျက် ရှိနေစဉ် ခံတွင်းတို့မှ အမြှုပ်တစီစီထွက်ပြီးလျှင် ...

'ဆိတ်နက်ကြီး ယူခဲ့ပါ၊ ဆိတ်နက်ကြီး ယူခဲ့ပါ' ဟု ဟစ်အော်လျက် မြေသို့ လဲကျသွားလေ၏။

လူရိုင်းတို့လည်း ၎င်းမိန်းမကို ဝိုင်းရံလျက်ရှိရာ တစ်ယောက်သော လူရိုင်းက ...

'ဟော့၊ သရဲပူးပြီ၊ ယူခဲ့ပါမယ် သရဲရဲ့၊ ယူခဲ့ပါ့မယ်' ဟုပြော၍ မှောင်ထဲသို့ ဝင်ပြေးလေ၏။

မိန်းမလည်း ...

'ဆိတ်နက်ကြီး ဘယ်မှာလဲ၊ ဆိတ်နက်ကြီး ဘယ်မှာလဲ' ဟု ဆက်လက် မြည်တမ်းလျက်ရှိရာ အတန်ငယ်ကြာလတ်သော် လူတစ်ယောက်သည် ဆိတ် နက်ကြီးတစ်ကောင်ကို ဦးချိုမှ ဆွဲခေါ်လာလေ၏။

ဆိတ်သည်လည်း ကြောက်လန့်ရှာသဖြင့် အော်မြည်လျက်ရှိ၏။ မိန်းမလည်း ...

'ဆိတ်နက် မြန်မြန် ယူခဲ့ပါ' ဟု အော်လျက်ပင်ရှိရာ လူတစ်ယောက် သည် ဓားတစ်ချောင်းနှင့် ဆိတ်၏လည်ပင်းကို တစ်ချက်တည်းပိုင်းလိုက်ရာ ဆိတ်လည်း ခေါင်းပြတ်၍ သွားလေ၏။

မိန်းမလည်း ...

'ဆိတ်နက်သွေး ပေးပါ' ဟု တောင်းခံလျက်ရှိရာ တစ်ဦးသော လူရိုင်းသည် ဆိတ်၏ လည်ချောင်းသွေးကို ခွက်ဖြင့်ခံ၍ မိန်းမအားပေးသဖြင့်

မိန်းမသည် ဆိတ်သွေးကို ကုန်စင်အောင် သောက်ပြီးနောက် လူကောင်း ပကတိပင် ဖြစ်သွားလေ၏။

ကျွန်ုပ်သည် တွေ့မြင်ရသော အချင်းအရာတို့ကို ကြောက်ရွံ့စက်ဆုပ်ပြီ ဖြစ်၍ ဘုရင်မအား ...

'ပွဲပြီးပါပြီလား' ဟုမေးစဉ် သုံးဆယ်ခန့်မျှသော လူရိုင်းတို့သည် ကျွန်ုပ်တို့ မတွေ့မမြင်ဘူးသော သတ္တဝါအမျိုးမျိုးတို့၏ သားရေတို့ကို ဝတ်ဆင်လျက် ဝင်လာကြပြန်လျှင် မီးပုံအနီးတွင် လှည့်ပတ်၍ ကကြပြန်လေ၏။

ကျွန်ုပ်လည်း ပွဲမပြီးသေးကြောင်းကို သိရှိသဖြင့် ကြည့်ရှုနေရပြန်ရာ လူဝံကဲ့သို့သောသားရေဖြင့် ဝတ်ဆင်လျက်ရှိသော သူတစ်ယောက်သည် ကျွန်ုပ် အနီးသို့ချဉ်းကပ်၍ 'လာ' ဟု တစ်ခွန်းတည်း တီးတိုးပြောပြီးလျှင် မှောင်ရိပ်သို့ ထွက်သွားလေ၏။

ကျွန်ုပ်တို့မှာ မယ်သာမာ၏ အသံဖြစ်ကြောင်းကို သိသဖြင့် မောင်စောနိုင်သည် ထိုင်ရာမှ ထလိုက်သွားရာ ကျွန်ုပ်လည်း မောင်စောနိုင် သွားရာသို့ လိုက်သွားလေ၏။

မှောင်ရိပ်သို့ရောက်လျှင် မောင်စောနိုင်သည် လူဝံ၏အရေကို ဆွဲ၍ ချွတ်လိုက်သဖြင့် ပျောက်ဆုံးနေသူ မယ်သာမာဖြစ်ကြောင်းကိုသိ၍ အားရ ဝမ်းသာနှုတ်ဆက်မည်ပြုဆဲတွင် ဖြည်းညင်းစွာ ရယ်မောသောအသံကို ကြားရ သဖြင့် နောက်သို့လှည့်ကြည့်လိုက်ရာ ဘုရင်မသည် ကျွန်ုပ်တို့၏အနီးတွင် ရပ်လျက်ရှိသည်ကို တွေ့ရလေ၏။

ကျွန်ုပ်မှာမူ ဘုရင်မ၏ အစွမ်းကို ကောင်းစွာသိပြီးဖြစ်၍ များစွာ တုန်ယင်လျက်ရှိရာ မောင်စောနိုင်မှာမူ လက်ပိုက်လျက်သာလျှင် ရပ်၍နေ လေ၏။

ဘုရင်မသည် ၎င်းနောက်တွင်ရပ်လျက်ရှိသော ကိုယ်ရံတော်နှစ်ယောက် တို့ကို လက်ပြလိုက်ရာ ကိုယ်ရံတော်တို့သည် မယ်သာမာ၏လက်ကို တစ်ဖက်စီ

ဆွဲမည်အပြုတွင် မောင်စောနိုင်သည် တစ်ဦးသော အစေခံကို တွန်း၍ပစ်လိုက်သဖြင့် အစေခံသည် မြေတွင်လဲလျက် ရှိလေ၏။

ဘုရင်မလည်း အမျက်ထွက်သောအမူအရာမပါစေဘဲ ...

'မောင်က သည်လောက်တောင် စုံမက်တယ် ဆိုရင် ကျွန်ုပ်သူ့ကို နှင်မပစ်ပါဘူး၊ ကဲ ကဲ အပြင်မှာတော့ တယ်အေးတယ် ဝင်ကြစို့ရဲ့၊ လာကြ လာကြ' ဟုခေါ်၍ ဂူတွင်းသို့ ဝင်လာကြရာ လူရိုင်းတို့လည်း ပွဲပြီးပြီဖြစ်၍ အသီးသီးပြန်ကြလေကုန်၏။

ဘုရင်မ၏ အခန်းတွင်းသို့ရောက်လျှင် မယ်သာမာသည် ဘုရင်မ၏ ရှေ့တွင် ရပ်လျက်ရှိရာ ဘုရင်မသည် ကျွန်ုပ်အား ...

'မောင်တို့ အကြံပေါ့လေ၊ သည်ဥစ္စာ' ဟုမေးရာ ကျွန်ုပ်မှာ အလွန်ကြောက်ရွံ့လျက် ...

'မဟုတ်ပါဘူး' ဟု ပြောလေ၏။

'ဒါဖြင့် သူ့အလိုအလျောက်ကြံတဲ့ အကြံပေါ့လေ၊ အင်း၊ သည်ဟာ သည်ကောင်မ အပြစ်ချည်းပေါ့' ဟုပြောရာ မောင်စောနိုင်က ...

'မယ်သာမာနှင့် မိမိသည် လင်မယားဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံခြင်းသည် အပြစ်မဟုတ်၊ အကယ်၍ အပြစ်ဟု အောက်မေ့သဖြင့် အပြစ်ဒဏ်ပေးမည်ဟု ကြံစည်ခဲ့ပါလျှင် မိမိလည်း မယ်သာမာနှင့်အတူ ခံမည်ဖြစ်ကြောင်း' နှင့် ပြောလေ၏။

ဘုရင်မလည်း မောင်စောနိုင်ပြောသည်ကို မကြားဘိသကဲ့သို့ အမူအရာဖြင့် မယ်သာမာအား ...

'ဟဲ့ ကောင်မ၊ နင် တယ်စော်ကားပါလား၊ ဟင်း၊ နင့်ကို ငါပြောလိုက်ပြီ မဟုတ်လား၊ နင်ဘာပြုလို့ ပြန်လာသလဲ ပြောစမ်း' ဟုမေးရာ မယ်သာမာက ...

'ဘုရင်မသည် ကျွန်တော်မကို သတ်နိုင်သောအစွမ်းရှိလျှင် သတ်ပါတော့၊ ကျွန်တော်မ၏ လင်နှင့်ခွဲ၍နေရခြင်းထက် သေရခြင်းသည် မြတ်ပါသေး၏။ ကျွန်တော်မသည် ဤလင်နှင့် ပေါင်းသင်းခါစ အခါကပင် သေရမည့်အကြောင်းကို သိနှင့်ပြီး ဖြစ်ပါသည်။ အဘယ်ကြောင့် သိနှင့်ရသည်ကို ကျွန်တော်မ မသိပါ၊ ဘုရင်မသည် ကျွန်တော်မကို တစ်နေ့၌ နှောင့်ယှက်လိမ့်မည်ကိုလည်း သိပြီးဖြစ်ပါသည်၊ သို့သော် ဘုရင်မသည် ကျွန်တော်မ၏ လက်တွင်းမှ လုယူသော်လည်း လင်မယားအဖြစ်နှင့် ပေါင်းသင်းရမည်' ဟု စသည်ဖြင့် ပြောဆဲတွင် ဘုရင်မသည် အလွန်တရာအမျက်ထွက်သောအမူအရာဖြင့် တစ်ကိုယ်လုံး တုန်လှုပ်လျက် မယ်သာမာရှိရာသို့ လက်ညှိုးညွှန်လိုက်ရာ မယ်သာမာမှာ ပြောမည့်စကားကို အဆုံးတိုင် မပြောနိုင်ဘဲ လက်နှစ်ဘက်ကို ဦးခေါင်းပေါ်သို့တင်လျက် မျက်စိပြူးပြူး၊ မျက်ဆံပြူးပြူး ဖြစ်ပြီးလျှင် သုံးပတ် တိုင်တိုင် ပတ်ချာလှည့်ပြီးနောက် မြေသို့လဲကျသွားလေ၏။

မောင်စောနိုင်နှင့် ကျွန်ုပ်လည်း မယ်သာမာကို မြေမှ ပွေ့ထူကြရာ မယ်သာမာမှာ အသက်မရှိကြောင်းကို တွေ့ရှိရလေ၏။

မောင်စောနိုင်လည်း မိမိမယားသည် အသက်ပျောက်၍သွားသည့်အကြောင်းကို သိရှိလေလျှင် ပြင်းစွာ အမျက်ထွက်လှသည်ဖြစ်၍ ဘုရင်မ၏ လက်နက်ဖြင့်သေရသည်ဟု အောက်မေ့ပြီးလျှင် လက်စားချေမည့် အကြံနှင့် ဘုရင်မရှိရာသို့ ပြေးသွားရာ ဘုရင်မလည်း မောင်စောနိုင်အား လက်ညှိုးညွှန်၍ ပြပြန်လျှင် မောင်စောနိုင်သည် ရုတ်တရက်မူးဝေ၍သွားဘိသကဲ့သို့ နောက်ဆုတ်နောက်ဆုတ်နှင့်လာလျက် လဲမည်ပြုသည်ကိုမြင်သဖြင့် ကျွန်ုပ်သည် ပွေ့ဖက်ထားလိုက်ရလေ၏။

ထိုအခါ ဘုရင်မက ...

'စိတ်မရှိပါနဲ့ မောင်ရယ်'

'စိတ်ရှိရုံ ဘာကမလဲ အမိရယ်၊ အမိကို ကျုပ် သတ်နိုင်လျှင် အမိ သေပြီးသားပေါ့၊ ဒါပေမဲ့ မနေသေးဘူး၊ အမိကို ကျုပ်သတ်ရလိမ့်မယ်၊ အမိမသေရင် ကျုပ် အေးရော့မလား'

'ဖြည်းဖြည်းပေါ့ မောင်ရယ်၊ ကဲ ကဲ၊ ကျုပ် ဖွင့်ပြောတော့မယ်၊ သြော် ကုမာရ ကုမာရ၊ မသိရှာဘူးနော်၊ ကျွန်ုပ် မောင့်ကိုမျှော်ရတာ ကြာလှပြီ မောင်ရယ်၊ အနှစ် နှစ်ထောင်ကျော်အောင် စောင့်ဆိုင်းပြီးနေခဲ့ရ၊ တွေ့ပြန်တော့ သည်လိုပြောလို့ တော်နိုင်ပါ့မလား ကုမာရရယ်'

'ကျုပ် ကုမာရ မဟုတ်ပါဘူး၊ ကျုပ်နာမည် မောင်စောနိုင်ပါ၊ ကျုပ်နာမည် ကုမာရလို့ ဘယ်သူပြောသလဲ'

'ကုမာရဆိုတာ ဘယ်သူလဲ သိလား'

'ဘုရားလက်ထက်က ရှိတယ်လို့ ကြားဖူးသားပဲ'

'အဲသည် ကုမာရဟာ မောင်ပဲ၊ မောင်ရယ်၊ မောင်က တခြားသူမဟုတ်၊ ကျွန်ုပ် ကုမာရ၊ ကျွန်ုပ်ငယ်ချစ် ဝင်စားတဲ့လူပဲ၊ မောင်ရယ်'

'ငါလား ကုမာရ၊ ငါလား နင့်ငယ်ချစ်၊ နင့်ချစ်မယ့်တူတူ သရဲမ၊ သဘက်မနဲ့ ကြိုက်ရရင် တော်လိမ့်ဦးမယ်၊ နင် ဘယ်က ကောင်မလဲ'

'သည်လိုမပြောနဲ့ ကုမာရရယ်၊ သို့သော် သည်လောက် ဘဝတွေ ကူးခဲ့တော့ ဘယ်မှာ မှတ်နိုင်ပါ့မလဲလေ၊ ကဲ ကျွန်ုပ်ပြောတာ ယုံပါမောင်ရယ်၊ မောင်ဟာ ကျွန်ုပ်ငယ်ချစ် ကုမာရ အစစ်ပဲ၊ ကျွန်ုပ် အဆင်းကို မောင်ကြည့် မလား၊ အဆင်းလဲ မညံ့ဖျင်းပါဘူး မောင်ရယ်၊ အင်မတန်လှပါတယ်'

'လှချင်လှ၊ မလှချင်နေ၊ နင့်ကို ငါမကြည့်ချင်ဘူး၊ နင့်ချစ်ရမှာထားလို့ ဘယ်လောက်မုန်းတယ်ဆိုတာ ငါပြောတောင် မပြောနိုင်ဘူး'

'ပြောဦးတော့ မောင်ရယ်၊ ပြောဦးတော့၊ တော်တော်ကြာတော့ မောင် သိလိမ့်မယ်ပေါ့၊ ကဲ ပြောနေ ကြာရော့၊ ကြည့်စမ်းမောင် ကျွန်ုပ်ကို' ဟု ပြောလျက် ဘုရင်မသည် ခေါင်းမြီးခြုံကို ဖြုတ်ချလိုက်ရာ နတ်သမီးအသွင်

ရှိသောအဆင်းဖြင့် ပါးလွှာပျော့ပျောင်းသော အဝတ်တို့ဖြင့် ဝတ်ဆင်လျက် ရှိသော ဘုရင်မကိုမြင်လျှင် မောင်စောနိုင်၏ မျက်နှာထားမှာ အမျက်ထွက်သော အမူအရာတို့သည် တဖြည်းဖြည်းပျောက်ကွယ်၍ အံ့ဩသောအမူအရာနှင့် ကြည့်ရှုလျက်ရှိရာမှ ချစ်ခင်စုံမက် နှစ်သက်လှသော စိတ်သဘောသည် ပေါ်ပေါက်၍လာရကား မောင်စောနိုင်မှာ သည်းမခံနိုင်အောင် ရှိသည်ဖြစ်၍ မျက်နှာလွှဲပြီးလျှင် ...

'ဘုရား ဘုရား၊ လူသားစင်စင်မှ ဟုတ်ရဲ့လား ဦးလေးရယ်' ဟု ကျွန်ုပ်အား မေးလေ၏။

ကျွန်ုပ်မှာ ထိုကဲ့သို့သောအဖြစ်ကို ကိုယ်တိုင် တွေ့ကြုံခဲ့ရပြီး ဖြစ်သည့်ပြင် ထိုခဏ၌လည်း မောင်စောနိုင်ကဲ့သို့ စွဲလမ်းတပ်မက်ခြင်း ရှိသည်ဖြစ်၍ ကျွန်ုပ်ထက် ငယ်ရွယ်သူ မောင်စောနိုင်မှာ ဤမျှလောက် ဖြစ်ရှာသည်ကို မအံ့ဩနိုင်အောင် ရှိလေ၏။

'လူသားအစစ်ပါ မောင်ရယ်၊ လူသားစင်စစ်မှမက မောင့်မိန်းမပါပဲ' ဟု ချိုသာလှစွာသော မျက်နှာထားဖြင့် ပြုံးရယ်ကာပြောလျှင် မောင်စောနိုင်မှာ သည်းမခံနိုင်လှသည်ဖြစ်၍ ဘုရင်မလက်တွင်းသို့ ကျရောက်လေ၏။

ဘုရင်မလည်း မောင်စောနိုင်၏ လက်ကို ရန်းဖယ်ပြီးလျှင် ...

'ကျွန်ုပ်အစက မပြောဘူးလားမောင်ရယ်၊ တော်တော်ကြာတော့ ကျွန်ုပ် အကြောင်း သိလိမ့်မယ်ဆိုတာ ခုတော့သိပြီမဟုတ်လားဟင်၊ လာ.. လာ.. ယုံကြည်အောင် ကျုပ်ပြရမှာပေါ့' ဟုပြောလျက် ဘုရင်မသည် ကျွန်ုပ်တို့ကို ခေါ်၍သွားရာ ကျောက်လှေကားတစ်ခုသို့ ရောက်လေ၏။

လှေကားသို့ရောက်လျှင် လှေကားထစ်တို့၏ အလယ်၌ကား လေးလက်မခန့် ပွန်း၍စားနေသည်ကို ကျွန်ုပ်တို့ မြင်ရလျှင် ဘုရင်မက ...

'ဟောသည် လှေကားထစ်ကိုသာ ကြည့်ပါတော့ မောင်ရယ်၊ အနှစ် နှစ်ထောင်ကျော်လုံးလုံး သည်လှေကားကို ကျွန်ုပ် မောင့်အတွက် ဆင်းချည် တက်ချည်လုပ်လိုက်ရတာ ကျောက်လှေကားတောင် မခံနိုင်ဘူး၊ ပွန်းပြီးယူတာပဲ၊

ကဲ ကဲ ဆင်း ဆင်း’ ဟုပြော၍ ဘုရင်မသည် ကျွန်ုပ်တို့ကို ခေါ်သွားပြန်ရာ အခန်းတစ်ခန်းသို့ ရောက်ကြလေ၏။

ငင်းအခန်းသည်ကား ဘုရင်မသည် မီးတောက်အနီးတွင် ထိုင်၍ ကျိန်ဆိုလျက်ရှိနေသည့် အခန်းပင် ဖြစ်ကြောင်းကို ကျွန်ုပ်သိရှိရလေလျှင် ဤအခန်းနှင့် စပ်လျဉ်း၍ ထူးဆန်းသော အခြင်းအရာတို့ကို သိလိုရင်း ရှိသည့်အတိုင်း သိရပေတော့မည်ဟု ကျွန်ုပ်မှာ မျှော်လင့်ခြင်းနှင့် အခန်းတွင်းသို့ ဝင်၍ လိုက်သွားလေ၏။

လေးဆယ့်

## အခန်း (၁၇)

အခန်းတွင်းသို့ဝင်မိလျှင် အခန်း၏ အလယ်၌ကား အပေါက်ငယ်တစ်ခု ရှိလေရာ ကျွန်ုပ် ပထမတွေ့မြင်ရသည့်အကြိမ်၌မူ ထိုနေရာသည် မီးတောက် လျက်ရှိသော နေရာဖြစ်ကြောင်းကို သိရှိရလေ၏။

ဘုရင်မလည်း အလောင်းအနီးရှိ စင်တစ်ခုကိုပြ၍ ...

'ကြည့်ပါ၊ မောင်ရယ်၊ မောင့်ကို မျှော်လိုက်ရတာ နှစ်ပေါင်း ဘယ်လောက်ရှိသွားပြီလဲ၊ ကျွန်ုပ်အိပ်တဲ့ ကျောက်ခုတင်တောင် ကျွန်ုပ်ကိုယ်နှင့် ထိတဲ့နေရာက ပွန်းပြီး ခွက်နေတယ် မဟုတ်လား၊ မောင်ကတော့ ကျောက်ပေါ်မှာ အိပ်လို့၊ ကျွန်ုပ်ကတော့ မွေ့ရာနဲ့ ဖုံနဲ့ မအိပ်ရက်ပါဘူး မောင်ရယ်၊ ကျွန်ုပ် သည်အခန်း သည်နေရာကလွဲပြီး ဘယ်နေရာမှာမှ ကျွန်ုပ် မအိပ်နိုင်ပါဘူး၊ ကဲ ကဲ မောင်သည် ကျွန်ုပ်နှင့် နှစ်ပေါင်းများစွာ ကွဲ၍နေသော ကုမာရဖြစ်ကြောင်းကို ကျွန်ုပ် ဘယ့်နှယ်သိရသလဲ၊ စက်ရဟတ် သံသရာဆိုတာ အင်မတန် လည်တာကလား မောင်ရယ်၊ ယခု လူဖြစ်၊ တော်တော်ကြာ ခွေးဖြစ်ချင်ဖြစ်၊ တော်တော်ကြာ တစ်ဖန် လူပြန်ပြီး ဖြစ်ချင်ဖြစ်ပြန်ရော၊ ကဲလေ၊ ကျွန်ုပ် ပြစရာရှိတာ ပြပါတော့မယ်၊ ကဲ ကြည့်စမ်းပါ မောင်ရယ်၊ သည်ဟာ ဘယ်သူလဲ' ဟုပြော၍ ဘုရင်မသည် စင်ပေါ်တွင်ရှိသော အလောင်း၌ ဖုံး၍ ထားသောအဝတ်ကို လက်နှင့်ဆွဲ၍ ဖယ်လိုက်ရာ မောင်စောနိုင်နှင့် ကျွန်ုပ်တို့မှာ များစွာ အံ့သြလျက်ငေး၍ ကြည့်နေကြလေ၏။

ကျွန်ုပ်တို့ တွေ့မြင်ရသည့်အလောင်းမှာ မောင်စောနိုင်နှင့် အလွန်တရာ တူလှသည်ဖြစ်၍ ကျွန်ုပ်သည် အလောင်းကိုကြည့်ရာမှ မောင်စောနိုင်၏ မျက်နှာကိုကြည့်၊ ၎င်းနောက်တစ်ဖန် အလောင်းကိုပြန်ကြည့်၊ ဤသို့ သေသူ၏ မျက်နှာနှင့် ရှင်သူ၏မျက်နှာတို့ကို အကြိမ်ကြိမ်အဖန်ဖန် နှိုင်းယှဉ်၍ကြည့်ရာ မျက်ခုံး၊ ပါးစပ်၊ မေး၊ နှာခေါင်းမှစ၍ မျက်နှာပေါက်တို့သည် ချွတ်၍ စွပ်ထားဘိသကဲ့သို့ ထပ်တူထပ်မျှရှိကြောင်းကို တွေ့ရှိရလေ၏။

မောင်စောနိုင်မှာ အလွန်အမင်း အံ့ဩသောအမူအရာဖြင့် စိုက်လျက် ကြည့်နေရာ ဘုရင်မက ...

'ကိုင်း ဘယ့်နှယ်လဲမောင်၊ ကျွန်ုပ်ပြောတာ ယုံပြီမဟုတ်လား' ဟု မေးလျှင် မောင်စောနိုင်သည် မျက်နှာကို လက်ဝါးဖြင့် အုပ်လျက် ...

'တော်ပါပြီခင်ဗျာ၊ ကျွန်တော် မကြည့်ပါရစေနဲ့တော့၊ အဝတ်ဖုံးလိုက် ပါတော့' ဟု ပြောလေ၏။ ဘုရင်မလည်း ...

'ယခုမှဖြင့် အရှင်လတ်လတ် တွေ့ရပြီဥစ္စာ၊ သည်အလောင်းကြီး ဘာလုပ်တော့မလဲ' ဟုပြော၍ စင်တစ်ခုတွင်တပ်ထားသော ပုလင်းငယ်တစ်ခုကို ယူပြီးလျှင် ၎င်းတွင်ပါရှိသော ဆေးရည်တို့ကို ကျွန်ုပ်တို့အား မထိမစင်စေဘဲ အလောင်းကို ဖြန်းလိုက်ရာ တစ်ခန်းလုံးသည် အခိုးတို့ဖြင့်ပြည့်လျက် အလောင်းရှိရာ အရပ်မှလည်း ရှဲရှဲမည်သောအသံတို့သည် ဆူညံလျက်ရှိကုန်၏။

နှစ်မိနစ်ခန့်ကြာ၍ အခိုးတို့သည် ပျောက်ပျက်၍သွားသဖြင့် အလောင်း ရှိရာအရပ်သို့ ကြည့်လိုက်ရာ အလောင်းမှာ ဆေးရည်နှင့် မတည့်သောကြောင့် လောင်ကျွမ်း၍သွားသဖြင့် ပြာအနည်းငယ်သာလျှင် ကျန်ရစ်သည်ကို တွေ့မြင်ရ လေ၏။

ဘုရင်မသည် ပြာတို့ကိုယူ၍ အခန်းတွင်းသို့ဆုပ်ကြဲလျက် ...

'ဩော် လူများ လူများ၊ နောက်ဆုံးကျတော့ မြေကြီးဩဇာ ဖြစ်ရတာ ပါပဲကလား၊ ကဲ ကဲ မောင်တို့ နက်ဖြန် ကျွန်ုပ်နဲ့ ခရီးသွားစရာရှိသေးတယ်၊

အိပ်ကြပေဦးတော့’ ဟုပြော၍ အခန်းတွင်းမှ ထွက်လာကြပြီးလျှင် မိမိတို့ အခန်းအသီးသီး ဝင်ကြလေကုန်၏။

ကျွန်ုပ်မှာမူ အံ့ဖွယ်သရဲဖြစ်သောအရာတို့ကို နေ့ညဥ့်မပြတ် တွေ့မြင်ရသည်ဖြစ်၍ ထပ်မံ၍ မအံ့သြနိုင်အောင်ဖြစ်ပြီးလျှင် ...

‘ဤကမ္ဘာလောကကြီး၌ ထူးဆန်းအံ့သြဖွယ် ကောင်းလှသောအရာတို့သည် မကုန်ခန်းနိုင်အောင် ရှိပါဘိတကား’ ဟု အောက်မေ့လျက် အိပ်ပျော်သွား၏။

နံနက်လင်းလျှင် ပေါ်စံသည် ကျွန်ုပ်ရှိရာ အခန်းတွင်းသို့ ဝင်လာ၍ အလွန်မသာယာသော မျက်နှာထားနှင့် ...

‘ကျွန်တော်ဖြင့် မနေရဘူး ဆရာရယ်၊ ဘယ်တော့သေမလဲ မသိဘူး၊ သေရတော့မယ်’ ဟုပြောလျှင် ...

‘ဘယ်သူတော့ကော နေရမလဲကွဲ့၊ တစ်နေ့တော့ သေမှာပေါ့၊ ဘယ့်နှယ် ဟာတွေ လျှောက်ပြောနေသလဲ’ ဟု ပြောလျှင် ...

‘သည်လို ဘာကမလဲ ဆရာရယ်၊ ကျွန်တော့်မှာတော့ သေရမယ့်ရက်က နီးလာပြီဆရာရဲ့’ ဟု ပြောပြန်ရာ ...

‘ဘာပြုလို့လဲကွယ်’ ဟု ကျွန်ုပ်က မေးပြန်သဖြင့် ...

‘ကျွန်တော် မနေ့ညက အိပ်မက်မက်တယ် ဆရာရဲ့၊ အိပ်မက်ထဲမှာလေ ကျွန်တော့်အဖေက ဟောသည် ဂူပေါက်ကလာပြီး ‘မင့် ငါ လိုက်ရှာရတာကွယ် အခုပဲ တွေ့တော့တယ်တဲ့၊ ကဲ ငါ့သား လာပေတော့ မင်းအချိန်စေ့ပြီ’ တဲ့ပြောပြီး ကျွန်တော့်ကို လက်ယပ်ပြီးခေါ်တယ် ဆရာရဲ့၊ ကျွန်တော်တော့ မနေရဘူး၊ အဖေ့နောက် လိုက်ရတော့မှာပဲ၊ ဆရာတို့ ဘယ်သွားသွား ကျွန်တော့်ကိုဖြင့် ခွဲမထားပါနဲ့ ဆရာရယ်’ ဟုပြောလျှင် ကျွန်ုပ်မှာ အိပ်မက်ရာမှစ၍ အတိတ်နိမိတ်တို့ကို အယူမရှိခဲ့ဖူးသည်ဖြစ်ရာ ထိုအရပ်သို့ ရောက်သည့်နေ့မှစ၍

အနည်းငယ် စိတ်ပြောင်းလဲခြင်းရှိသည်ဖြစ်၍ ယုံကြည်ရမည်ကဲ့သို့ မှတ်ထင်သော်လည်း ပေါ်စံအား ...

'အိပ်မက်ဆိုတာ အရေးမလုပ်ပါနဲ့ကွယ်၊ မှန်တာမျိုး မဟုတ်ဘူး၊ မင်းလိုသာ လာခေါ်လို့ သေရမှာဖြင့် ငါတို့ဖြင့် အခုနေ အရိုးတောင် ရှာလို့မတွေ့ပေဘူး' ဟု အားပေးစကား ပြောကြားရလေ၏။

ဤသို့ဖြင့် အားပေးပါသော်လည်း ပေါ်စံမှာမူ အကြောက်မပြေနိုင်။ သေချိန်နီးပြီဟု မှတ်ထင်လျက်ပင် ရှိလေ၏။

ထမင်းစားချိန်တိုင်ရောက်လျှင် မောင်စောနိုင်နှင့် ကျွန်ုပ်တို့သည် နံနက်စာ စားသောက်၍ပြီးကြလျှင် ဘုရင်မသည် ကျွန်ုပ်တို့အား တွေ့လိုကြောင်းနှင့် စေလွှတ်လိုက်သဖြင့် ဘုရင်မရှိရာ အခန်းသို့ ဝင်ကြရလေ၏။

ကျွန်ုပ်တို့လည်း အခန်းတွင်းသို့ ဝင်မိလျှင် ဘုရင်မသည် မိမိခြုံမြဲဖြစ်သော ခေါင်းမြီးခြုံကိုဖွင့်၍ ချိုသာသောမျက်နှာဖြင့် မောင်စောနိုင်ကို နှုတ်ဆက်ရာ မောင်စောနိုင်မှာ ဘုရင်မကို မမြင်မိအခါကမူ စိတ်ညစ်ညူးဘိသကဲ့သို့ရှိနေသော်လည်း ဘုရင်မကို မြင်သည်နှင့်တစ်ပြိုင်နက် ဝမ်းမြောက်ဝမ်းသာရှိဘိသကဲ့သို့ ရွှင်ပြုံးသော မျက်နှာထားနှင့် ရှိလေ၏။

ဘုရင်မလည်း မောင်စောနိုင်၏ ပခုံးတွင် လက်တင်လျက် အလွန်တရာကြာမူပါသော မျက်နှာထားနှင့် ...

'ဘယ့်နှယ်လဲ ကုမာရရယ်၊ မောင်နှင့် ကျွန်ုပ်ဟာ လင်မယားကဲ့သို့ အတူနေ၊ အတူစား ဘယ်တော့များမှ နေရပါ့မလဲလို့ မအောက်မေ့ဘူးလား၊ ယခုတော့ မောင်နဲ့ ကျွန်ုပ် အတူတကွနေထိုင်လို့ မဖြစ်သေးပေဘူး မောင်ရဲ့၊ အတူနေဖို့ကိုမပြောနဲ့ ကျွန်ုပ်မျက်နှာကို မောင်ကြာကြာကြည့်လျှင် မူးဝေမတတ်ဖြစ်ရတတ်တယ်၊ သည်တော့ မောင့်ကို ကျွန်ုပ်ကဲ့သို့ ဖြစ်လေအောင် လုပ်ပေးပြီးတဲ့အခါကျမှ လင်နှင့်မယား တင့်တင့်တယ်တယ် နေထိုင်ကြရမယ်၊ ကျွန်ုပ်လဲပဲ မသေဘူးတော့ မဟုတ်ပါဘူး၊ တစ်နေ့တော့ သေရဦးမှာပေါ့၊ အမြဲတည်နေတဲ့ အရာရယ်လို့ ဘယ်မှာရှိနိုင်မလဲ၊ သို့သော် သူတစ်ပါး သေတဲ့

အချိန်မှာ မသေဘူး၊ အသက်ကိုရှည်အောင် ဆွဲတဲ့နည်းကို ကျွန်ုပ် သိတယ် မောင်ရဲ့၊ သည်တော့ မောင့်ကိုလဲ ကျွန်ုပ်ကဲ့သို့ အသက်ရှည်အောင် ရှေးဦးစွာ လုပ်ဦးမယ်၊ သည်နည်းကလဲ သည်မှာ ကျွန်ုပ်မတတ်နိုင်ဘူး၊ ကျွန်ုပ် တတ်နိုင်တဲ့ဆီ မောင့်ကို ကျွန်ုပ် သည်ကနေ့ညနေ ခေါ်သွားရလိမ့်မယ်၊ ကျွန်ုပ်လဲ မရောက်တာ ကြာလှပြီ၊ လမ်းမမှားလို့ ဖြောင့်ဖြောင့်တန်းတန်း ရောက်လျှင်ဖြင့် နက်ဖြန်ညနေကျလျှင် မောင်လဲ ကျွန်ုပ်လို ဖြစ်စေရမယ်' ဟု ပြော၍ ကျွန်ုပ်ဘက်လှည့်ပြီးလျှင် ...

'မောင်လဲ ကျွန်ုပ်တို့နှင့်အတူ လိုက်လိုလျှင် လိုက်ခဲ့တာပေါ့၊ ကျွန်ုပ်တို့ နှစ်ယောက်တည်းနေလို့ တစ်ခါတစ်လေ ပျင်းလိမ့်မယ်၊ သည်တော့ မောင့်ကိုလဲ ကျွန်ုပ် အသက်ရှည်အောင် လုပ်မယ်' ဟုပြောလေလျှင် ကျွန်ုပ်လည်း ဖြစ်လိုရာ ဖြစ်စေ အစမှ အဆုံးတိုင်သိအောင် လိုက်တော့မည်ဟု အောက်မေ့လျက် သဘောတူ ဘိသကဲ့သို့ ဆိတ်ဆိတ်သာလျှင် နေလေ၏။

ဘုရင်မကလည်း မောင်စောနိုင်ဘက်သို့ တစ်ဖန်လှည့်၍ ...

'ကဲ ကဲ မောင်၊ ကျွန်ုပ်ကို ဘယ့်နှယ်အဓိပ္ပါယ်နဲ့ တွေ့အောင်လိုက်ပြီး ရှာသလဲပြောစမ်း မောင်ရယ်၊ မနေ့ညက အလောင်းနားမှာတုန်းက ကုမာရ ဆိုတာ မောင် ကြားဖူးတယ်ပြောပါတယ်၊ ကဲ.. မောင်၊ သူ့အကြောင်းကို ဘာများသိသလဲ ပြောစမ်းပါ' ဟု ပြောလျှင် မောင်စောနိုင်သည် ၎င်း၏ ဖခင်ထားခဲ့သော ငွေကြုတ်အကြောင်းနှင့် ပေစာများအကြောင်းကို အစအဆုံး တိုင် ပြန်ပြောလေ၏။

ဘုရင်မလည်း မောင်စောနိုင်၏ စကားအဆုံးတွင် ...

'သြော် စိတြဒေဝီ၊ စိတြဒေဝီ၊ ငါ့ကို လက်စားချေဖို့တဲ့ ခိုင်းမယ့် ခိုင်းတော့ ငါ့ငယ်ချစ်ကိုပဲ ခိုင်းမိရက် ဖြစ်နေပါကလား၊ သည်ဟာပဲ မောင်ရဲ့ လူပြည်များမှာ အဆိုးလိုလိုနဲ့ အကောင်းဖြစ်ချင်ဖြစ်၊ အကောင်းလိုလိုနဲ့ အဆိုးဖြစ်ချင် ဖြစ်တာပဲ၊ အရင်တခါလဲ သူ့အတွက်ကြောင့် ကိုယ့်အချစ်ကို

သတ်လိုက်ရ၊ ဒီတစ်ခါဖြင့် ဒင်းလာပြီး မနှောက်ယှက် နိုင်ပေဘူး’ ဟု တစ်ယောက်တည်း ပြောဘိသကဲ့သို့ ပြောလျက်ရှိရာမှ …

‘ကဲ မောင်၊ ယခု လာချင်းမှာ ကျွန်ုပ်အပေါ်၌ လက်စားချေရန်အတွက် လာခဲ့တယ်လို့ မောင် ပြောတယ်မဟုတ်လား၊ ကဲ ဟောဟိုမှာ ဓားမြှောင်ရှိတယ် မဟုတ်လား၊ ကဲ ယူပြီး ကျွန်ုပ်ကို သတ်ရက်လျှင် သတ်ပါတော့၊ ကျွန်ုပ် အသေခံပါတော့မယ်’ ဟုပြော၍ ရင်ကိုဖွင့်ပေးလျှင် မောင်စောနိုင်သည် ဘုရင်မ၏မျက်နှာကိုကြည့်လျက် …

‘မနေ့ညကတော့ဖြင့် သင့်ကို ကျွန်ုပ် သတ်ချင်တဲ့စိတ် ပေါ်ပေါက်မိပါ တယ်၊ ယခုဖြင့် သင့်မျက်နှာကို မြင်ကတည်းက သတ်ရက်မည်ကိုဝေးစွ နာကျင်အောင်ကိုပင် မပြုရက်ပါ’ ဟု ပြန်ပြောလေ၏။

ထိုအခါ ဘုရင်မက …

‘ကျွန်ုပ်ကို စိတ်မဆိုးဘူးပေါ့လေ’ ဟုမေးလျှင် …

‘စိတ်ဆိုးဖို့ကို သတိမရနိုင်’ ဟု မောင်စောနိုင်က ပြန်ပြောသဖြင့် …

‘စိတ်ဆိုးရင်သာ ခံရပါတော့မယ် မောင်ရယ်၊ ကျွန်ုပ် ပြုမိသမျှ အပြစ်တွေဟာ မောင့်အတွက် ပြုမိတာပါပဲ၊ မနေ့ညက ဟိုကောင်မ သတ်တာလဲ မောင့်အတွက်ပဲ၊ ကုမာရ အဖြစ်တုန်းက မောင့်ကို ကျွန်ုပ်သတ်ရတာလဲ ချစ်လွန်းအားကြီးလို့ သတ်ရတာပဲ၊ ကဲ ကဲ ယခုဖြင့် ကျွန်ုပ်က ချစ်ခင်သလို မောင်ကလဲ ချစ်ပြီပေါ့လေ’ ဟုပြော၍ စိတ်နှလုံး နူးညွတ်ဖွယ်ကောင်းသော မျက်နှာထားဖြင့် မောင်စောနိုင်ကို ကြည့်လိုက်ရာ မောင်စောနိုင်မှာ ချစ်ကြိုက် ကြောင်းကို ပြန်၍ပင် မပြောသော်လည်း မျက်နှာထားဖြင့် ထင်ရှားစေလေ၏။

ဘုရင်မကလည်း …

‘မောင်တို့ပြည်က ဘာပြည်တဲ့၊ မြန်မာပြည် ဟုတ်လား၊ ကဲ ကဲ ဟိုအရပ်ကိုပြန်ချင်လျှင် ကျွန်ုပ် သည်ဂူမှာ မနေပါဘူး၊ မောင့် ပြည်ကို ကျွန်ုပ် လိုက်ပါ့မယ်၊ သည်အခါကျတော့ မောင်လဲ အခုလို လူသာမည ဘာဟုတ်မလဲ၊

ကျွန်ုပ် တန်ခိုးနဲ့ ဘုရင်ဖြစ်အောင် လုပ်ပေးပြီး ကျွန်ုပ်လဲ မိဖုရားဖြစ်မှာပေါ့’ ဟု ပြောလျှင် ကျွန်ုပ်က ကျွန်ုပ်တို့၏ ပြည်၌ မင်းရှိပြီးဖြစ်ကြောင်းကို ပြောလျှင် ...

‘မင်းရှိလျှင်ကော ဘာဖြစ်သလဲ၊ ကျွန်ုပ်တို့လာလျှင် သူဖယ်ပေးရမယ်ပေါ့’ ဟုပြောရာ ကျွန်ုပ်က ...

‘အင်္ဂလိပ်မင်းတို့ အုပ်စိုးသည့် တိုင်းပြည်မှာ ဤတိုင်းပြည်ကဲ့သို့ အရမ်းမဲ့ ပြုစားနိုင်သည်မဟုတ်၊ တရားဥပဒေရှိကြောင်း’ တို့ကိုပြောပြလျှင် ဘုရင်မသည် ရယ်မောလျက် ...

‘တရားဥပဒေ၊ ဘာတရားဥပဒေလဲ၊ လူလုပ်တဲ့ဥပဒေနဲ့ ကျွန်ုပ်တို့နဲ့ ဘာဆိုင်သလဲ၊ လေတိုက်လို့တောင် ညွတ်ရသလား မောင်ရယ်’ ဟု ပြန်ပြောပြီးလျှင် ...

‘ကဲ ကဲ ကျွန်ုပ်တို့ သည်ကနေ့ညနေ သွားရလိမ့်မယ်၊ လမ်းက အင်မတန်ကြမ်းတယ်နော်၊ ယူရန်ရှိတာများကို နည်းနည်းသာ ယူခဲ့ကြ၊ အင်မတန် ဝန်လေးလိမ့်မယ်၊ ကဲ ပြင်ကြပေတော့’ ဟုပြောသဖြင့် ကျွန်ုပ်တို့သည် ဘုရင်မ အခန်းတွင်းမှ ထွက်လာ၍ သွားရန် ပြင်ဆင်ကြလေ၏။

ဝဝဝ

# အခန်း (၁၈)

ငင်းနေ့ သုံးနာရီအချိန်ခန့်တိုင်ရောက်လျှင် ဘုရင်မသည် ကျွန်ုပ်တို့အား...

'ပြင်ဆင်၍ ပြီးပါပြီလော' ဟု အစေခံတစ်ယောက်အား မေးမြန်းရန် စေလွှတ်လိုက်ရာ ကျွန်ုပ်တို့သည် အသင့်ပြင်ဆင်ပြီးဖြစ်သဖြင့် ဘုရင်မ၏ အခန်းသို့ လိုက်သွားကြလေ၏။

ဘုရင်မလည်း ခရီးသွားရန် အသင့်ပြင်ဆင်ပြီး ရှိနှင့်သည်ဖြစ်၍ ဂူတွင်းမှ ထွက်လာကြလေ၏။ ဂူဝကိုရောက်လျှင် ထမ်းစင်တစ်ခု ပြင်ဆင်လျက်ထားသည်ကို တွေ့ရှိရာ ဘုရင်မသည် ထမ်းစင်ပေါ်သို့တက်၍ ထမ်းစင်ကိုကား လူရိုင်းခြောက်ယောက်တို့သည် ထမ်းကြပြီးလျှင် ကျွန်ုပ်တို့သည် ထွက်လာခဲ့ကြလေသည်။

ဇနေတ္တိလည်း ကျွန်ုပ်တို့နှင့်အတူပါလာ၍ ကျွန်ုပ်တို့မှာ ညောင်းလှသည်ဖြစ်၍ ခြေလျင်လျှောက်ရသည်ကိုပင် ဝမ်းမြောက်လျက် တောင်မြောက်လေးပါးတို့ကို ကြည့်ရှု၍သွားရာ ပေါ်စံလည်း သေနတ်များကို ထမ်းလျက် ကျွန်ုပ်တို့၏အနီးမှ လိုက်လေ၏။

အတန်ငယ်သွားမိလျှင် ပျက်စီးယိုယွင်းလျက်ရှိသော မြို့ကြီးတစ်မြို့ကို အဝေးမှ မြင်ရလျှင် ကျွန်ုပ်သည် ဇနေတ္တိအား မေးမြန်းရာ ငင်းမြို့ကြီးမှာ ရှေးအခါက ဃလဟာဂ္ဂလူမျိုးတို့နေထိုင်သော မြို့ကြီးဖြစ်ကြောင်းကို ပြောလေ၏။

မြို့ကြီးအနီးသို့ရောက်လျှင် မြို့ရိုး၊ ကျုံးမြောင်း စသည်တို့သည် ပျက်စီးယိုယွင်းလျက်ရှိသော်လည်း ကျန်ရှိသောအရာတို့ကို မြင်ရသဖြင့် ဤမြို့ကြီးသည်ကား ကျွန်ုပ်တို့ မြန်မာပြည်ရှိ မြို့ကြီးအပေါင်းတို့ထက် မနိုင်းယှဉ်နိုင်အောင်ပင် ကြီးမားသည့်အဖြစ်ကို တွေ့ရလေ၏။

ကျုံးမြောင်းတို့၌လည်း ရေအနည်းငယ် ရှိသေးသည်ဖြစ်ရာ တံတားတို့မှာလည်း လဲပြိုလျက်ရှိသည်ဖြစ်၍ ကျွန်ုပ်တို့သည် တံတားပျက်မှ ကျန်ရှိသော အုတ်ကျိုး၊ အုတ်ပဲ့၊ ကျောက်ကျိုး ကျောက်ပဲ့တို့ကိုနင်းလျက် ကျုံးကို ကျော်ပြီးလျှင် မြို့တွင်းသို့ဝင်လေ၏။

နေမင်းသည်လည်း ဝင်လုဆဲဆဲရှိနေရာ ကျွန်ုပ်တို့သည် ကျောက်တို့ဖြင့် တည်ဆောက်၍ထားသော တိုက်ကြီးများမှာ မျက်စိတစ်ဆုံးတိုင်အောင် စီတန်းလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

အဆောက်အဦကြီးတို့မှာလည်း အလွန်တရာ ကြီးမားလှသည်ဖြစ်ရာ များသောအားဖြင့် လဲပြိုကျန်ရှိသော အချို့သော အဆောက်အဦကြီးတို့မှာ ကောင်းကင်သို့ထိုး၍ တက်လာလုဘနန်း ရှိကုန်၏။

ကျွန်ုပ်သည် ဤသို့ ရှေးအခါက ကြီးကျယ်ခဲ့ဖူးလျက် ယခုအခါမှာ နေထိုင်သူတစ်ယောက်မျှမရှိသော မြို့ကြီးကိုတွေ့ရလျှင် လူတို့၏ မမြဲသော အဖြစ်ကို များစွာဆင်ခြင်သတိရမိလေ၏။

ကျွန်ုပ်တို့ သွားလာလျက်ရှိသော လမ်းတို့၌ကား အချို့သောနေရာ၌ ချုံကြီးများ၊ သစ်ပင်ကြီးများ ပေါက်ရောက်လျက်ရှိရာ ရှေးအခါ၌ကား ဆင်မြင်းရထားမှစ၍ လူသွားလူလာတို့သည် ဆူညံလျက်ပင်ရှိမည်ကို တွေးတော၍ မည်သည်ကို လွမ်းဆွတ်ရမည်မသိဘဲ လွမ်းဆွတ်သောစိတ်သည် ပေါ်ပေါက်မိလေ၏။

နေမင်းသည်လည်း တောင်ကွယ်၍သွားသဖြင့် မှောင်လုဆဲဆဲရှိလျှင် ဘုရင်မသည် ထမ်းစင်ပေါ်မှ ဆင်းသက်၍ အဆောက်အဦတို့ကို သေချာစွာ လိုက်၍ကြည့်ရာ အခြားသော အဆောက်အဦတို့ထက် ကြီးမားလျက်

အနည်းငယ်မျှသာလျှင် ပျက်စီးနေသော အဆောက်အဦကြီးတစ်ခုကိုမြင်လျှင် ကျွန်ုပ်တို့အားခေါ်၍ အထဲသို့ဝင်သွားလေ၏။

အတွင်းသို့ရောက်လျှင် ကျွန်ုပ်တို့မှာ ဆာလောင်မွတ်သိပ်သည်ဖြစ်၍ ညစာစားသောက်ကြရာ ဘုရင်မမှာမူ အသားတို့ကို မစားဘဲ သစ်သီးအချို့ကို သာလျှင် စားသောက်လေ၏။

၎င်းနောက် ဘုရင်မက ...

'မောင်တို့လဲ ဟိုအရပ်က ပြန်သောအခါ ကျွန်ုပ်ကဲ့သို့ သစ်သီးများနှင့် ရောင့်ရဲတင်းတိမ်းနိုင်လိမ့်မည်၊ ယခုမှာမူ စားလိုရာကို စားကြပေတော့' ဟု ပြော၍ မောင်စောနိုင်အား ...

'ယခု မောင် ထိုင်တဲ့နေရာ မြင်ရဲ့လား၊ သည်နေရာဟာ မောင့် အလောင်းကို ကျွန်ုပ်တို့ အရင်က ပြန်ပြီးယူလာတုန်းက ထားတဲ့နေရာပဲ၊ စိတြဒေဝီနဲ့ မောင့်ကို ကျွန်ုပ် ခေါ်လာစဉ်အခါကလဲ သည်မှာ ကျွန်ုပ်တို့ တည်းခိုကြတာပဲ၊ ကဲ ကဲ သည်မြို့ကြီး ဘယ်လောက်ကြီးကျယ်တယ်ဆိုတာ လရောင်မှာ ကြည့်ရအောင် လာကြ' ဟုခေါ်လျှင် ကျွန်ုပ်တို့လည်း လိုက်သွားကြလေ၏။

ကျွန်ုပ်တို့ တည်းခိုလျက်ရှိသော အဆောက်အဦးကြီးမှာ လွန်မင်းစွာ ကြီးကျယ်လှသည်ဖြစ်ရာ အချို့သောနေရာတို့၌ အမိုးတို့သည် လဲပြိုလျက် ရှိသည်ဖြစ်၍ လရောင်သည် အတွင်းသို့ကျရောက်သဖြင့် ဖွေးဖွေးဖြူသော ကျောက်တိုင်ကြီးတို့သည် စီတန်းလျက် မျက်စိတစ်ဆုံးမျှ ရှိကုန်၏။

ဤမြို့ကြီး၌ လူတို့နေထိုင်စဉ်အခါ၌မူ ၎င်းအဆောက်အဦးကြီးသည် နန်းတော်ကြီးပင်ဖြစ်၍ မင်းခမ်းမင်းနားနှင့် လျော်ညီစွာ ခင်းကျင်းပြင်ဆင်လျက် ရှိမည်ဖြစ်ရာ မှူးမတ်သေနာပတိမှစ၍ နန်းတွင်းသူ နန်းတွင်းသားအပေါင်း တို့သည် ပြည့်နှက်၍ပင် ရှိချေမည်တကားဟု ကျွန်ုပ်၏စိတ်၌ အောက်မေ့မိ သဖြင့် တိုင်ကြီးများရှိရာ မနီးမဝေးအရပ်တို့၌ ၎င်းတို့၏ အရိပ်များကိုပင် မြင်ရဘိသကဲ့သို့ ကျွန်ုပ်၏စိတ်၌ မှတ်ထင်မိလေ၏။

ဘုရင်မလည်း ၎င်းနန်းတော်ကြီး၏ အဆောင်အခန်းတို့ကို ကျွန်ုပ်တို့အား ကုန်စင်အောင် လိုက်၍ပြရာ ကျွန်ုပ်သည် ကြီးကျယ်သည့်အလျောက် စုံလင်အောင် ဖော်ပြရမည်ဖြစ်လျှင် ရေး၍ပင် မကုန်နိုင်လောက်သည်ဖြစ်၍ အမြွက်မျှပြရုံမျှနှင့် ရင်ဆိုင်ရပေတော့မည်။

ဘုရင်မလည်း နန်းတော်ကြီးကိုပြ၍ ...

'ယခု သည်လူတွေ ဘယ်ရောက်ကုန်ပြီလဲ သိလား၊ ဘဝတစ်ပါးပြောင်းသွားပြီ၊ သည်မှာနေထိုင်ခဲ့တဲ့ အဖြစ်အပျက်တွေ မေ့ရှာရောပေါ့၊ မောင်တို့လဲ သည်ပြည်မှာ နေဖူးကြသလား မသိနိုင်ဘူး၊ ကျွန်ုပ်လဲ နေဖူးချင် နေဖူးမယ် မသိနိုင်ဘူး၊ သံသရာက အင်မတန် ရှည်လျားတာကိုး မောင်ရဲ့၊ တစ်ဘဝကူးလျှင် တစ်ဘဝက အဖြစ်ကို မေ့ရတာမျိုးကိုး၊ ကဲ ကဲ မနက်လဲ စောစောထကြရမယ်၊ အိပ်ကြပေဦးတော့' ဟုပြော၍ ကျွန်ုပ်တို့သည် အသီးသီး အိပ်ရန် ပြင်ဆင်ကြလေ၏။

ကျွန်ုပ်မှာမူ ရတ်တရက် အိပ်မပျော်ဘဲ မြို့ကြီး၏ ရှေးအခြေအနေနှင့် ယခုအခြေအနေများကို တွေး တောစဉ်းစားလျက် ...

'ငါသည်လည်း ဘုရင်မ ပြောသည့်အတိုင်း ဤမြို့သားပင် ဖြစ်ဖူးလေသလော' စသည်ဖြင့် သန်းခေါင်ကျော်သည့်တိုင်အောင် စိတ်ကူးလျက်ရှိလေ၏။

နံနက်လင်းလျှင် ကျွန်ုပ်တို့သည် အိပ်ရာမှထကြရာ ဘုရင်မမှာ အခါတိုင်းကဲ့သို့ ရွှင်လန်းခြင်းမရှိဘဲ ညှိုးငယ်သောမျက်နှာထားနှင့် မှိုင်လျက်ရှိသည်ကို တွေ့မြင်ရသဖြင့် မောင်စောနိုင်က အကြောင်းကို မေးမြန်းရာ ...

'ညက ကျွန်ုပ်အိပ်မက် တောက်တီးတောက်တဲ့ မြင်မက်ရတယ် မောင်ရယ်၊ ဘယ့်နှယ် အဓိပ္ပာယ်လဲ မသိရဘူး၊ သို့သော် ကျွန်ုပ်အတွက်တော့ ဘေးဥပါဒ်အန္တရာယ်စိုးရိမ်ဖို့ မရှိပါဘူးလေ၊ သို့ပေမယ့် မတော်တဆများ ကျွန်ုပ် သေခဲ့ရလို့ရှိရင် ကျွန်ုပ်စောင့်သလိုများ မောင် ကျွန်ုပ်ကို စောင့်နိုင်ပါ့မလား၊ ဟယ် အိပ်မက်ဆိုတာ အလကားပါပဲလေ၊ မဖြစ်နိုင်ပါဘူး၊ ကဲ သွားဖို့သာ

ပြင်ကြပေတော့’ ဟုပြော၍ ရေးကကဲ့သို့ ရွှင်လန်းစွာရှိပြန်လျှင် ကျွန်ုပ်တို့သည် ဆက်လက်၍ သွားကြပြန်လေ၏။

ကိုးနာရီအချိန်ခန့်တွင် ကျွန်ုပ်တို့သည် မြို့ပျက်ကြီးကိုလွန်၍ မွန်းတည့်အချိန်တွင် အလွန်တရာ မတ်စောက်လျက်ရှိသော တောင်ကြီးတစ်တောင်သို့ ရောက်ကြလေ၏။

ထိုတောင်သို့ရောက်လျှင် ဘုရင်မသည် ထမ်းစင်ပေါ်မှ ဆင်းသက်၍ အမောအပန်းဖြေလျက် နံနက်စာ စားသောက်ကြလေ၏။

နံနက်စာ စားသောက်၍ပြီးလျှင် ဘုရင်မက ...

‘ကိုင်း၊ သည်က ရှေ့တစ်လျှောက်ဖြင့် ပင်ပန်းဖို့ ပြင်ကြပေတော့၊ ကျွန်ုပ်လဲ ထမ်းစင်ကို သည်နေရာမှာထားခဲ့ပြီး ခြေလျင်ပဲ တက်ရလိမ့်မယ်’ ဟုပြောပြီးလျှင် ဇနေတ္တိ ကိုခေါ်၍ ...

‘ကျွန်ုပ်တို့သည် မနက်ဖြန်မွန်းတည့်ချိန်တွင် ဤနေရာသို့ ပြန်လည်ရောက်ကြမည်ဖြစ်၍ သင်တို့သည် ကျွန်ုပ်တို့မလာမချင်း ဤနေရာမှ စောင့်ဆိုင်းရစ်ကြရမည်’ ဟုပြောပြီးလျှင် အဘိုးကြီးက ...

‘ဘုရင်မတို့ကို စောင့်ဆိုင်းရသဖြင့် ဤနေရာ၌ပင် အိုရသည်ဖြစ်စေ၊ ဘုရင်မ မပြန်လာဘဲ မသွားနှင့်ပါ’ ဟု ပြောလေ၏။

ငင်းနောက် ဘုရင်မက ကျွန်ုပ်အား ...

‘မောင်တို့ အစေခံကို ဤနေရာ၌ နေရစ်ရမည်၊ နှလုံးမခိုင်သော သူတို့မှာ ကျွန်ုပ်နှင့်အတူလိုက်လျှင် ရူးသွပ်တတ်သည်’ ဟု ပြောသဖြင့် ကျွန်ုပ်သည် ပေါစံအား ဘုရင်မ၏ အမိန့်ကို ပြန်ပြောရာ ပေါစံက မိမိမှာ ရန်ကုန်မြို့မှ ထွက်လာစဉ်အခါမှပင် ကျွန်ုပ်တို့နှင့် သေခါမှခွဲတော့မည်ဟု အောက်မေ့၍ လိုက်လာခြင်းဖြစ်သောကြောင့် ထိုနေရာ၌ တစ်ယောက်တည်းထား၍ မပစ်ခဲ့ရန် တောင်းပန်လေ၏။

Myanmar Cupid

ကျွန်ုပ်သည် ပေါစံပြောစကားကို ဘုရင်မအား ပြန်ပြောရာ ဘုရင်မလည်း မငြင်းဆန်ဘဲ လိုက်လိုက လိုက်စေရန် ခွင့်ပြုလိုက်လေ၏။

သုံးနာရီခန့်ထိုးလျှင် ဘုရင်မသည် မိမိနှင့်အတူ ပါလာသော ဆယ့်ခြောက်ပေရှိ ပျဉ်ပြားတစ်ချပ်နှင့် မီးခွက်တစ်ခွက်ကို ပေါစံအား ယူစေပြီးလျှင် ကျွန်ုပ်မှာ အခြားမီးခွက်ကို ကိုင်၍ ဆီအိုးကို လွှတ်လျက် မောင်စောနိုင်မှာလည်း စားရေရိက္ခာတို့နှင့် ရေဘူးကိုလွယ်ပြီးလျှင် တောင်ပေါ်သို့ တက်ရန် ပြင်ဆင်ကြလေ၏။

ဘုရင်မသည် ဇနေတ္တိအား ကျွန်ုပ်တို့လာသည့်တိုင်အောင် စောင့်ဆိုင်းရစ်ရန် ထပ်မံမှာကြားပြီးလျှင် တောင်ပေါ်သို့တက်ကြရာ တောင်မှာလည်း အလွန်တရာ မတ်စောက်လှသည်ဖြစ်၍ တောင်ပေါ်သို့တက်သောလမ်းသည် တစ်သမတ်တည်း တက်၍မသွားဘဲ ပြင်ဦးလွင်သို့တက်သော မီးရထားလမ်း၏ သဖွယ် အချိတ် ရက်ဘိသကဲ့သို့ ရှိလေ၏။

ဤသို့ သုံးဆင့်မျှ တက်မိကြလျှင် တောင်သို့လှည့်သွားသော လမ်းကြီးတစ်ခုကို တွေ့ကြရာ ကျွန်ုပ်တို့သည် ၎င်းလမ်းအတိုင်း လိုက်သွားလျှင် တောင်အောက်ရှိသူတို့သည် ကျွန်ုပ်တို့အား မမြင်နိုင်ရှိကြလေ၏။

၎င်းလမ်းမှာ အချို့နေရာတို့၌ အလွန်ကျဉ်းမြောင်းလှသည်ဖြစ်၍ တစ်ဖက်၌သာ မတ်စောက်လျက်ရှိသော တောင်ကမ်းပါးယံသည် အာကာတိုင်အောင် ထိုး၍တက်လေရာ တစ်ဖက်၌ကား အလွန်တစ်ရာနက်လှသော ချောက်ကြီးသည် ကြောက်ခမန်းလိလိရှိသည်ဖြစ်၍ အလယ်၌ရှိသောလမ်းငယ်မှာ လူတစ်ယောက် သွားသာရုံသာလျှင် ရှိလေ၏။

အချို့သော နေရာတို့၌ကား ထို့ထက်ပင် ကျဉ်းမြောင်းသေးသည်ဖြစ်၍ ကျွန်ုပ်တို့သည် တောင်ကမ်းပါးယံကို ကျောနှင့်ကပ်လျက် တစ်လှမ်းချင်းသာလျှင် သွားရသည်ဖြစ်ရာ မတော်တဆ ခြေချော်၍သွားပါမူ ချောက်တွင်းသို့ လိမ့်ကျ၍ ပွဲချင်းပြီး သေရမည်သာတည်း။

ဤလမ်းအတိုင်းလိုက်၍ နှစ်နာရီခန့်သွားမိလျှင် ကျွန်ုပ်တို့သည် လူတို့ ထွင်းဖောက်၍သွားသည်မဟုတ်ဘဲ ပကတိ အလိုလို ဖြစ်ပေါ်လျက်ရှိသော ဂူကြီးတစ်ခု၏ အဝသို့ ရောက်ကြလေ၏။

ကျွန်ုပ်တို့ နေထိုင်ခဲ့သော ဂူကြီးမှာမူ ညီညာချောမွေ့ခြင်းရှိသဖြင့် လူတို့ ဖောက်ထွင်းလုပ်ကိုင်ထားခဲ့သည့် အကြောင်းကို သိရှိရသည်ဖြစ်ရာ ထိုဂူကြီးမှာမူ ထိုကဲ့သို့မရှိဘဲ ဖြစ်မိဖြစ်ရာ ဖြစ်ပေါ်ဘိသကဲ့သို့ ပုံပန်းမကျဘဲ ရှိလေ၏။

ကျွန်ုပ်၏ထင်မြင်ချက်မှာ ကမ္ဘာတည်စအခါက ဓာတ်ခိုး ဓာတ်ငွေ့တို့ သည် မြေတွင်စုအောင်းလျက် ရှိနေသဖြင့် ထွက်မိထွက်ရာ ရုန်းကန်၍ ထွက်သဖြင့် ထိုနေရာ၌ ဂူဝကြီးကဲ့သို့ အပေါက်ကြီးဖြစ်နေသည်ဟု ထင်မြင်မိ လေသည်။

ဘုရင်မလည်း ရှေ့ဆုံးမှသွား၍ ဂူတွင်းသို့ဝင်သွားလျှင် ကျွန်ုပ်တို့သည် မီးခွက်များကို ထွန်းညှိကြလေ၏။

၎င်းနောက် ကျွန်ုပ်တို့နှင့် ပေါစံသည် မီးတစ် ခွက်စီကိုင်လျက် ဘုရင်မ၏နောက်မှ လိုက်သွားကြရာ ကျောက်တုံးများ၊ ချိုင့်ကြီးများ၊ တွင်းကြီးများစသည် အနှံ့အပြားရှိနေသဖြင့် ကျွန်ုပ်တို့သည် ယင်းတို့ကို ရှောင်တိမ်းလျက် ဖြည်းညင်းစွာ သွားကြရကုန်၏။

ဤသို့ ဆယ့်ငါးမိနစ်ခန့်သွားမိလျှင် လေသည် မည်သည့်အရပ်က မသိ ရုတ်တရက် ပြင်းထန်စွာတိုက်လေသဖြင့် ကျွန်ုပ်တို့၏ လက်၌ကိုင်ထားသော မီးခွက်တို့သည် ငြိမ်း၍သွားလေ၏။

မီးငြိမ်း၍သွားလျှင် ဘုရင်မသည် ရှေ့မှသွားနှင့်သည်ဖြစ်၍ ကျွန်ုပ်အား အသံပေး၍ခေါ်သဖြင့် ကျွန်ုပ်တို့လည်း ဘုရင်မအနီးသို့ရောက်ကြလျှင် ထို တောင်၏ ထူးဆန်းသော အခြင်းအရာတစ်ခုကို တွေ့မြင်ရလေ၏။

ဘုရင်မသည်ကား အလွန်တရာနက်လှသဖြင့် မည်းမှောင်လျက်ရှိသော ချောက်ကြီး၏ကမ်းပါးတွင် ရပ်လျက်ရှိရာ ကျွန်ုပ်တို့၏ ဦးခေါင်းပေါ်သို့

မော်ကြည့်လိုက်သည့်အခါ၌လည်း တစ်လက်မမျှရှိသော အလင်းရောင်သည် လင်းလျက်ရှိသည်ကိုမြင်၍ ကောင်းကင်ဖြစ်ကြောင်းကို သိသဖြင့် ကျွန်ုပ်တို့မှာ အလွန်တရာ မက်စောက်လှသော တောင်ကြီးနှစ်လုံး၏ အကြားသို့ ရောက်နေကြောင်းကို သိရှိရလေ၏။

ကျွန်ုပ်လည်း တောင်ကြားလမ်းမှဖြတ်၍ ကောင်းကင်မှ ကျရောက်သော အလင်းရောင်ကြောင့် ထိုနေရာကို သေချာစွာကြည့်ရှုရာ အခြားဘက်၌ရှိသော တောင်ကိုကား မှောင်၍နေသဖြင့် ကောင်းစွာမမြင်ရဘဲရှိရာ ကျွန်ုပ်တို့ ရပ်လျက်ရှိသော တောင်ခေါင်းမှာမူ ကြက်၏ အတက်သဖွယ်ရှိသော ကျောက်စွန်းကြီးသည် ရှေ့သို့ငေါ်လျက် ထွက်နေသည်ကို တွေ့မြင်ရလေ၏။

၎င်းတောင်ကြားအရပ်၌ လေတို့သည် ပြင်ထန်စွာ တိုက်လျက်ရှိရာ ကျွန်ုပ်တို့၏ ရှေ့၌ရှိသော ချောက်ကြီးသည်လည်း လေသံဖြင့် တဟုန်းဟုန်း ဆူညံလျက်ရှိကုန်၏။

ထိုအခါ ဘုရင်မသည် ကျွန်ုပ်တို့ကို လက်ယပ်၍ခေါ်လျက် ကြက်၏ အတက်ကဲ့သို့ရှိသော ကျောက်စွန်းကြီးကို ရှေ့ဆုံးမှလျှောက်ရာ ၎င်း ကျောက်စွန်းမှာ စားပွဲ၏အနံမျှသာ ရှိသည့်ပြင် ကျွန်ုပ်တို့၏ အောက်၌လည်း အတိုင်းမသိနက်လှစွာသော ချောက်ကြီးရှိသည်ဖြစ်၍ ကျွန်ုပ်တို့မှာ ဆတ်ဆတ် တုန်လျက် လိုက်ကြရကုန်၏။

ကျောက်စွန်းကြီးလည်း တဖြည်းဖြည်းသေးငယ်၍သွားရာ အလယ်သို့ ရောက်လတ်သော် ကျွန်ုပ်တို့မှာ ထလျက် မလျှောက်ဝံ့သဖြင့် လေးဘက်တွား၍ သွားကြရကုန်၏။

လေသည်လည်း ပြင်းထန်စွာ တိုက်ခတ်လျက်ရှိရာ ဘုရင်မမှာမူ လေတိုက်ရာကို ညွှန်ကိုင်းလျက် မတ်တတ်သာလျှင် လျှောက်သွား၍ အနီးသို့ ရောက်ခါနီးတွင် လေသည် ရှေးကထက်ပင် တိုက်ခတ်သည်ဖြစ်သောကြောင့် ဘုရင်မ ခြုံလျက်ရှိသော အဝတ်သည် ဘုရင်မ၏ကိုယ်မှ ကွာပြီးလျှင် ချောက် ထဲသို့ ဆူညံသောအသံဖြင့် ကျသွားလေ၏။

အဝတ်ကျသွားသော်လည်း ဘုရင်မသည် လျှောက်မြဲတိုင်းသာလျှင် လျှောက်သွားရာ အဆုံးသို့ရောက်လျှင် ကျွန်ုပ်တို့သည် ကျောက်စွန်း၏ အဖျား၌ လဟာပြင်မျှသာရှိကြောင်းကို တွေ့ရှိရလေ၏။

ဤသို့ရှိနေစဉ် နေမင်းသည်လည်း ဝင်လုဆဲဆဲ အချိန်ရှိပြီဖြစ်ရာ နေ၏အရောင်သည် မည်သည့်အကြားမှ ဝင်၍လာသည်မသိ၊ ကျွန်ုပ်တို့ရှိရာ အရပ်သို့ ရတ်တရက် တိုးဝင်၍လာရာ ဘုရင်မမှာ ဤကဲ့သို့ အလင်းရောင် လာမည်ကို သိသဖြင့် ၎င်းအချိန်နှင့်ကိုက်၍ လာသည်ဖြစ်သောကြောင့် ...

'ပျဉ်ပြားပေးပါ၊ ပျဉ်ပြားပေးပါ' ဟု တောင်းလေ၏။ ကျွန်ုပ်လည်း ဘုရင်မ နောက်မှ ကပ်လျက်ရှိသဖြင့် ပေါ်စံလက်မှ ပျဉ်ပြားကို ဘုရင်မအား လှမ်း၍ပေးလိုက်လေ၏။

အထက်တွင်ဖော်ပြသည့်အတိုင်း နေ၏အလင်းရောင်သည် ထိုအရပ်သို့ ရတ်တရက်ထိုး၍ဝင်လာလျှင် ကျွန်ုပ်တို့ရှိရာအရပ်၌ကား ထိန်ထိန်လင်းလျက်၊ အခြားအရပ်တို့၌ကား ရှေးကကဲ့သို့ပင် မှောင်အတိဖြစ်ပြီးလျက်ပင် ရှိရာ ကျွန်ုပ်သည် ကျောက်စွန်း၏ရှေ့သို့ လှမ်း၍ကြည့်လိုက်သည်ရှိသော် နှစ်ဆယ့် ငါးပေခန့်ကွာသော အရပ်၌ ကျောက်ခွက်ကြီးတစ်ခုကို တွေ့မြင်ရလေ၏။

၎င်းကျောက်ခွက်ကြီး၏ အပေါ်၌ကား အလွန်တရာကြီးမားလှသော ကျောက်တုံးကြီးတစ်တုံးသည် ကပ်လျက်ရှိရာ ၎င်းကျောက်တုံးကြီး၏ အစွန်း တစ်စွန်းသည် ကျွန်ုပ်တို့ရှိရာအရပ်သို့ထိုးလာသဖြင့် ကျွန်ုပ်တို့ရှိရာအစွန်းနှင့် ဆယ့်နှစ်ပေခန့်မျှသာလျှင် ကွာဝေးလေ၏။

၎င်းကျောက်တုံးကြီးမှာလည်း သေးငယ်သော ဖန်ခွက်၏အဝတွင် ကျပ်ပြားကို ထောင်၍တင်ထားဘိသကဲ့သို့ အစွန်းနှစ်ဘက်သာလျှင် ငြိလျက် ရှိသည်ဖြစ်၍ လေတိုက်သည့်အခါတို့၌ ကျောက်တုံးကြီးသည် ယိမ်းယိုင်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။

ဘုရင်မလည်း ကျွန်ုပ်၏လက်မှ ပျဉ်ပြားကို လှမ်းယူပြီးနောက် တစ်စွန်းကို ကျွန်ုပ်တို့ရပ်လျက်ရှိသော ကျောက်စွန်းတွင်တင်၍ အခြားအစွန်းကို ယိမ်းယိုင်လျက်ရှိသော ကျောက်တုံးကြီး၏ အစွန်းတွင် တင်ပြီးလျှင် ...

'ယခုတော့ အရင်တစ်ခါ ကျွန်ုပ် လာတုန်းကနဲ့ မတူဘူး၊ ခိုင်မှ ခိုင်ပါ့ဦးမလား မသိဘူး၊ ကဲ သိရအောင် ကျွန်ုပ် အရင်လျှောက်ကြည့်မယ်' ဟုပြော၍ လျင်မြန်စွာ လျှောက်သွားရာ အခြားဘက်သို့ ရောက်သွားလေ၏။

ဘုရင်မသည် အခြားဘက်သို့ရောက်၍ ကျောက်တုံးကြီးပေါ်သို့ တက်မိလျှင် ကျောက်တုံးကြီးမှာလည်း ဘုရင်မ၏ အလေးဖြင့် ရှေးကထက်ပင် လှုပ်ရှားလေရာ ပျဉ်ပြားမှာလည်း နိမ့်ချည်မြင့်ချည်ဖြစ်၍နေလေ၏။

ပေါ်လ်စံလည်း ...

'အောင်မယ်လေး ဆရာရယ်၊ ကျွန်တော်တို့ ဒီပျဉ်ပြားကို ကူးရမှာလား၊ ကျွန်တော်ဖြင့် သေတော့မှာပဲ ဆရာရယ်၊ ကြောက်လှချေရဲ့' ဟု ပြောဆဲတွင် ဘုရင်မသည် အခြားဘက်မှနေ၍ ကျွန်ုပ်ကို ခေါ်လေ၏။

ကျွန်ုပ်သည် ဤမျှလောက် ဘယ်သောအခါမျှ တုန်လှုပ်ဖူးသည်မရှိဘဲ အလွန်တရာတုန်လှုပ်ကြောက် ရွံ့လျက်ရှိနေသဖြင့် ဆိုင်းငံ့၍နေလျှင် ဘုရင်မက...

'ကူးပါ မောင်ရဲ့၊ ကူးခဲ့ပါ၊ တော်တော်ကြာလို့ အလင်းရောင် ပျောက်သွားလျှင် ကူးလို့မဖြစ်ပေဘူး၊ ကူးခဲ့ပါ' ဟုပြောသဖြင့် ကျွန်ုပ်သည် ပျဉ်ပြားပေါ် ဝပ်တွားပြီးလျှင် တဖြည်းဖြည်း ကူးသွား၍ အခြားတစ်ဖက်သို့ ရောက်လေ၏။ ကျွန်ုပ်ရောက်လျှင် မောင်စောနိုင်လည်း ကူးလာပြန်ရာ ကောင်းမွန်စွာ ရောက်ရှိလေ၏။

ကျွန်ုပ်တို့သုံးဦးလည်း တစ်ဖက်သို့ရောက်ကြလျှင် ကျောက်တုံးကြီးသည် သာလွန်၍ပင် လှုပ်ရှားလေရာ ပျဉ်ပြားမှာလည်း ကျွန်ုပ်တို့ရှိရာဘက်၌ နိမ့်ချည် မြင့်ချည်ဖြစ်၍နေလျှင် ပေါ်လ်စံမှာ အလွန်တရာကြောက်လှသဖြင့် ...

'ကျွန်တော်တော့ သေရတော့မှာပဲ ဆရာရယ်၊ ဆရာတို့ဆီ ရောက်မယ် မဟုတ်ပါဘူး' ဟု သွားများ ခိုက်ခိုက်တုန်လျက်ပြောရာ ဘုရင်မက ...

'ဟော့ကောင် အလင်းရောင်ပျောက်လုပြီ၊ ကူးလျှင် ကူး၊ မကူးလျှင် နင်သည်မှာ သေရစ်' ဟု ပြောသည်တွင် ကျွန်ုပ်တို့ကလည်း ကြောက်ရွံ့ရန်မရှိကြောင်းကို အားပေးသဖြင့် ပေါ်စံသည် ပျဉ်ပြားကိုခွလျက် လက်ထောက်ပြီးလျှင် တစ်ချက်ချင်း ကိုယ်ကိုမြှောက်၍ ကူးလာလေ၏။

ဤသို့ကူးလာစဉ် ပေါ်စံသည် ပျဉ်ပြားမှ ကိုယ်ကိုမြှောက်ပြီးနောက် ပြန်၍အချတွင် ကျွန်ုပ်တို့ရပ်လျက်ရှိသော ကျောက်တုံးကြီးသည်လည်း ပိုမိုလှုပ်ရှားလေသဖြင့် ကျွန်ုပ်တို့မှာ ကျောက်တုံးပေါ်မှ ကျ၍မသွားစေရန် ဟန်လျက်ရှိကြရလေ၏။

ပေါ်စံလည်း ဤသို့ တရွေ့ရွေ့လာခဲ့၍ ပျဉ်ပြားအလယ်သို့ရောက်လျှင် အလင်းရောင်သည် ရုတ်တရက်ပျောက်သွားသဖြင့် မှောင်အတိပြီးလျှင် ကျန်ရစ်ရာ ပေါ်စံလည်း ...

'သေပါပြီ ဆရာရဲ့' ဟု အော်လိုက်သဖြင့် ကျွန်ုပ်မှာ ပေါ်စံသည် ချောက်တွင်းသို့ ကျသွားရှာပြီဟု မှတ်ထင်မိလေ၏။

၎င်းနောက် အတန်ငယ်ကြာလျှင် ကျွန်ုပ်တို့ ခြေထောက်ကို တစ်စုံတစ်ယောက်သည် လက်နှင့်လှမ်း၍ ကိုင်လိုက်သဖြင့် ကျွန်ုပ်သည် လက်ကိုဆွဲလိုက်ရာ ပေါ်စံလည်း ကျောက်တုံးပေါ်သို့ ရောက်လာလေ၏။ ပေါ်စံမှာ ကြောက်အားကြီးသည်ဖြစ်၍ စကားမပြောနိုင်ဘဲ ဆတ်ဆတ်တုန်လျက်ရှိ၏။

ပေါ်စံ ရောက်သည်နှင့်တစ်ပြိုင်နက် ကျောက်တုံးကြီးသည် လူများကို စင်၍ကျစေမတတ် လှုပ်လေရာ ပျဉ်ပြားလည်း ချောက်တွင်းသို့ ကျသွားလေ၏။

'ကဲ ပျဉ်ပြားကျသွားပြီ၊ အပြန်တော့ ဘယ့်နှယ်လုပ်မလဲ' ဟု ကျွန်ုပ်က မေးရာ မောင်စောနိုင်က ...

'နောင်ခါလာ နောင်ခါချေးပေါ့ ဦးလေးရယ်၊ ကျွန်တော်ဖြင့် အခု မသေဘဲ ရောက်ရတာကိုပဲ ဝမ်းမြောက်လှပြီ၊ ရှေ့တော့ ဘယ့်နှယ်ဖြစ်ဖြစ်' ဟု ပြောလေ၏။

ဝဝဝ

## အခန်း (၁၉)

ကျွန်ုပ်တို့အားလုံးသည် ကျောက်တုံးကြီးပေါ်သို့ ရောက်ကြ၍ အလင်းရောင်သည်လည်း ပျောက်ကွယ်၍သွားသဖြင့် မှောင်အတိပြီးလျက်ရှိရစ်ကြရာ ဘုရင်မသည် ကျွန်ုပ်တို့၏ လက်ကိုဆွဲ၍ ခေါ်သွားသဖြင့် လိုက်သွားရလေ၏။

ကျွန်ုပ်လည်း ခြေဖြင့်စမ်းလျက် လိုက်သွား၍ ကျောက်တုံး၏ အဆုံးသို့ ရောက်လျှင် ခြေနင်းရန်မတွေ့သဖြင့် ရပ်ဆိုင်းလျက်ရှိရာ ဘုရင်မသည် ကျွန်ုပ်ကို ထိုင်ရန်ပြော၍ ...

'အောက်သို့ လျှောဆင်းပါ' ဟုပြောလေ၏။

ကျွန်ုပ်မှာ မှောင်နှင့်မည်းမည်း ရှိရသည့်အရပ်တွင် ဤမျှလောက် ထူးဆန်းသော ဘုရင်မ၏စကားကို နားထောင်ရမည်မှာ ကြောက်မက်ဖွယ် ကောင်းလှသော်လည်း ဖြစ်လိုရာ ဖြစ်စေတော့ဟု အောက်မေ့၍ လျှောဆင်းလိုက်မိ၏။

လေးတောင်ခန့်မျှ ဆင်းမိလျှင် ကျွန်ုပ်၏ အောက်၌ရှိသော ကျောက်သည်ပျောက်၍ လေထဲတွင် ကျန်ရစ်သဖြင့် တစ်ခါဖြင့် ပြီးချေပြီဟု အောက်မေ့မိလေ၏။ ထိုသို့ ရပ်တည်ရာမရှိဘဲ လဟာပြင်တွင် ကျသွား၍ တစ်ခဏမျှရှိလျှင် တစ်စုံတစ်ခုကို နင်းမိသဖြင့် ကျွန်ုပ်မှာ ပုံ၍လဲသွားလေ၏။

ကျွန်ုပ်လည်း လဲရာမှထ၍ အံ့သြမပြေသေးမီ ကျွန်ုပ်ကျလာသောလမ်းမှ တစ်စုံတစ်ယောက်သည် ကျွန်ုပ်နည်းတူ လျှောချသံကိုကြားရပြန်ရာ ကျွန်ုပ် အနီးသို့ရောက်လျှင် ...

'ဦးလေးလား၊ ဆန်းပါပေရဲ့ ဦးလေးရယ်' ဟုပြောသဖြင့် မောင်စောနိုင် ဖြစ်ကြောင်းကို သိရလေ၏။

ထိုခဏတွင် ပေါစံလည်း လျှော၍ကျလာပြန်ရာ ကျွန်ုပ်တို့နှစ်ဦး အပေါ်သို့ ကျရောက်သဖြင့် သုံးဦးသားတို့သည် မြေပေါ်တွင် လိမ့်လျက်ရှိကြ လေ၏။ ဘုရင်မလည်း နောက်ဆုံးမှ လိုက်လာပြီးလျှင် မီးခွက်များကို ထွန်းညှိစေရာ ကျွန်ုပ်တို့သည် ဆယ်ပေပတ်လည်ခန့်ရှိသော အခန်းတွင်းသို့ ကျရောက်လျက်ရှိကြသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ဘုရင်မက ...

'သြော်၊ ဒီဃာဝ ဒီဃာဝ၊ မရှိရှာဘူးနော်၊ ကဲ ကဲ မောင်တို့ကို သည်အခန်းအကြောင်း ကျွန်ုပ် ပြောပြရဦးမယ်၊ သည်အခန်းကို ကျွန်ုပ် ရှေးဦးစွာ လာရောက်စဉ်အခါက ဒီဃာဝ ဇော်ဂျီတစ်ယောက် ရှိတယ်၊ သည်အရပ်ကို ကျွန်ုပ် ဘယ်နှစ်ခါ ရောက်တယ်ဆိုတဲ့အကြောင်းတော့ ကျွန်ုပ် နောက်မှ ပြောတော့မယ်'

'သည်အခန်းရောက်တော့ ခုနင်က ပြောတဲ့ဒီဃာဝဇော်ဂျီနဲ့ တွေ့တာကိုး၊ သည်ဇော်ဂျီကလဲ ဆယ့်ငါးရက်မှတစ်ခါ သည်အခန်းကထွက်၍ အစာများရှာပြီး သည်အခန်းမှာပဲ အောင်းနေတာကိုး မောင်ရဲ့၊ သည် ပြည်က လူရိုင်းတွေကလဲ သူကို အင်မတန်ကြည်ညိုကြလို့ သစ်သီးများ ရေများ လာလာပြီး ပေးကြသတဲ့'

'ဒါနဲ့ ကျွန်ုပ်နဲ့တွေ့တော့ ကျွန်ုပ်က သည်ဇော်ဂျီဟာ ဂူတွင်းမှာ သည်လောက်အောင်းနေတာ တစ်စုံတစ်ခုတော့ ထူးထူးဆန်းဆန်း တတ်မြောက် မှာပဲလို့ အောက်မေ့ပြီး ကျွန်ုပ်က မိန်းမတို့မာယာနဲ့ ဖြားယောင်းပြီး မေးမြန်း တာကိုး'

'သည်တော့ သူက ကျွန်ုပ်ကို မီးတောက်မီးလျှံကြီး ရှိတဲ့အကြောင်း၊ ၎င်းမီးတောက်ထဲကို ဆင်းတဲ့ လူများဟာ မအိုမနာဘဲ အသက်ရှည်စွာ နေထိုင်ရတဲ့အကြောင်း၊ သူကိုယ်တိုင်လဲ ၎င်းမီးတောက်ထဲကို ဆင်းခဲ့ဖူးသည့်အတွက် နှစ်ပေါင်းမရေမတွက်နိုင်အောင် နေထိုင်ခဲ့ပြီးနောက် ထိုအခါမှ အိုမင်းခြင်းသို့ ရောက်ရကြောင်းများ ကျွန်ုပ်ကိုပြောပြပြီး မီးတောက်ရှိရာ ကျွန်ုပ်ကို ပြောပြလိုက်တာကိုး'

'သည်တော့ ကျွန်ုပ်က မီးတောက်ထဲ ကျွန်ုပ် ဆင်းပါရစေလို့ပြောတော့ သည်ဟာတော့ သူ ခွင့်မပြုနိုင်ဘူးတဲ့၊ သည်တော့ ကျွန်ုပ်က သည်ဇော်ဂျီလဲ သေလုပါပြီ၊ သူသေခါမှပဲ ငါ လာပြီးဆင်းတော့မယ် အောက်မေ့ပြီး ကြားရ၊ မြင်ရသမျှ မှတ်သားပြီး လူရိုင်းများတိုင်းပြည် ပြန်ခဲ့တာကိုး'

'ပြန်ခဲ့လို့ လူရိုင်းတွေ အုပ်စိုးပြီး ကျွန်ုပ် တစ်နှစ်လောက်ရှိတော့ ကုမာရနဲ့ စိတြဒေဝီကို ကျွန်ုပ် တွေ့တာကိုး၊ တွေ့တော့ သူတို့နှစ်ယောက်ကို သည်အရပ်ခေါ်ပြီး လာခဲ့၊ ဇော်ဂျီကလဲ အခန့်သင့်ပဲ ဂူဝမှာသေပြီး နေတာကိုး'

'ဒါနဲ့ ကျွန်ုပ်က မီးပုံထဲခုန်ဆင်းပြီး ရှေးကထက် အဆတစ်ရာမက ပိုမိုလှပတဲ့ ကျွန်ုပ်၏အဆင်းကို ကုမာရကိုပြတော့ ကုမာရက ကျွန်ုပ် လှလွန်းသည့်အတွက် မျက်နှာလွှဲပြီး စိတြဒေဝီကို သွားဖက်တာကိုး'

'ဒါနဲ့ ကျွန်ုပ်က ငါ့ကို မကြိုက်ချင်တဲ့လူ သေပေတော့လို့ အောက်မေ့ပြီး ကျွန်ုပ်အတတ်နဲ့ ပြုစားလိုက်တာ ကုမာရလဲ သေရှာလေရော'

'ကဲလေ သည်အကြောင်းတွေ နောက်များမှ ကျွန်ုပ် တဖြည်းဖြည်း ပြန်ပြောပါဦးမယ်၊ ခုတော့ ကျွန်ုပ်တို့လာတဲ့ကိစ္စကို ပြီးစီးအောင် လုပ်ကြဦးစို့' ဟုပြော၍ ဘုရင်မသည် မီးခွက်ကို ကိုင်ပြီးလျှင် ရှေ့မှထွက်သွားရာ ကျွန်ုပ်တို့လည်း နောက်မှ လိုက်ကြရလေ၏။

ထိုအခန်းငယ်၏ အဆုံး၌ကား ကျွန်ုပ်သည် ကျောက်လှေကားတစ်ခုကို တွေ့ရာ ၎င်းမှာ လှေကားဟူ၍ပင်ခေါ်ရသော်လည်း လူတို့ထွင်းလုပ်သည်မဟုတ်၊

ပကတိအလိုလို ဖြစ်နေခြင်းဖြစ်၍ ညီညွတ်ချောမွေ့ ခြင်းမရှိသဖြင့် ကျွန်ုပ်တို့သည် လမ်းကို စမ်းလျက် တဖြည်းဖြည်းအောက်သို့ ဆင်းကြရလေ၏။

ပေသုံးဆယ်ခန့်ဆင်းမိ၍ ကျွန်ုပ်တို့သည် အောက်သို့ရောက်လျှင် ကျွန်ုပ်တို့၏ရှေ့၌ လူ၏ခါးစောင်းမျှရှိသော အပေါက်ငယ်တစ်ခုကို တွေ့မြင်ရလေ၏။

ဘုရင်မလည်း မီးခွက်ကိုကိုင်လျက် အပေါက်ထဲသို့ဝပ်၍ ဝင်သွားရာ ကျွန်ုပ်တို့လည်း ဝပ်တွားကာ ဝင်သွား၏။ ဤသို့ဝပ်တွားလျက် အတောင်တစ်ရာခန့် လျှောက်မိလေလျှင် အလွန်ကြီးမားသော ဂူကြီးတစ်ခုအတွင်းသို့ ရောက်ကြလေ၏။

ငင်းဂူကြီးမှာ အလွန်တရာကျယ်ဝန်းလှသည်ဖြစ်၍ အမိုး၊ အကာတို့ကို မမြင်နိုင်ဘဲရှိရာ လေသည် ဆိတ်ငြိမ်လျက်ရှိသည့်ပြင် ကျွန်ုပ်တို့၏ ခြေသံများမှာလည်း ပဲ့တင်ရိုက်သောကြောင့်သာလျှင် ဂူဖြစ်သည့် အကြောင်းကို သိရှိရလေ၏။

ကျွန်ုပ်တို့လည်း မရပ်မနားဘဲ လျှောက်သွားကြ၍ ဆယ့်ငါးမိနစ်ခန့်သွားမိလျှင် ဂူ၏အဆုံးသို့ရောက်၍ အပေါက်တစ်ခုကို တွေ့မြင်ရလေ၏။

ငင်းအပေါက်မှ လျှောက်သွားကြပြန်ရာ ငါးမိနစ်ခန့်ကြာရှိလျှင် ပထမဂူကြီးထက် အနည်းငယ် ငယ်သောဂူတစ်ခုသို့ ရောက်ပြန်လေ၏။

ငင်းဂူကြီးမှာလည်း လူတို့ထွင်းလုပ်သည် မဟုတ်၊ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပထဝီမြေကြီးအတွင်းမှ ပြင်းထန်လှသော ဓါတ်ခိုးဓါတ်ငွေ့တို့သည် အတင်းတိုး၍ ထွက်သဖြင့် ထွက်ရာလမ်းသည် ဥမင်လိုဏ်ခေါင်းသဖွယ်ဖြစ်၍ နေဘိသကဲ့သို့ ရှိလေ၏။

ထိုဂူ၏ အဆုံး၌ကား အပေါက်ငယ်တစ်ခုရှိပြန်ရာ ငင်းအပေါက်သည် အနည်းငယ်လင်းလျက်ရှိသည်ဖြစ်၍ အပေါက်၏ အခြားဘက်၌ မီးရှိသည့် အကြောင်းကို သိရှိရလေ၏။

ဘုရင်မလည်း အလင်းရောင်ကိုမြင်လျှင် ...

'သြော် အရင်က အတိုင်းပါပဲကလား၊ ကဲ၊ နေရာကျပြီ၊ လာကြပေတော့' ဟုပြော၍ ဘုရင်မသည် ရှေ့ဆုံးမှဝင်သွားပြန်ရာ ကျွန်ုပ်တို့လည်း နောက်ကလိုက်ကြရပြန်လေ၏။

အတန်ငယ်သွားမိလျှင် အလင်းရောင်လည်း တဖြည်းဖြည်း လင်းလျက်လာသည်ကို တွေ့မြင်ရလေရာ အဆုံးသို့ရောက်သည့်အခါ၌မူ အရောင်သည် ထိန်ထိန်လင်းလျက် မိုးချုန်းသကဲ့သို့သော အသံတို့ကိုလည်း ကြားရလေကုန်၏။

ငင်းအပေါက်ငယ်၏ အဆုံးသို့ရောက်လျှင် ကျွန်ုပ်တို့သည် တတိယဂူတစ်လုံးကို တွေ့မြင်ပြန်ရာ ပန်းအနုကဲ့သို့ရှိသော အရောင်မှာလည်း တစ်ဂူလုံး ထိန်ထိန်ဝင်းလျက်ရှိကုန်၏။

ကျွန်ုပ်တို့လည်း စကားမပြောနိုင်အောင်ပင် အံ့သြလျက် ထိုအလင်းရောင်နှင့် မိုးချုန်းသံတို့သည် မည်သည့်အရပ်မှ လာရောက်လေသည်ကို မသိသဖြင့် ကြည့်ရှု၍နေကြစဉ် အလင်းရောင်သည် ရှေးကထက်ပင် ပိုမို၍ လင်းလာပြီး မိုးကြိုးတို့သည် ပတ်ဝန်းကျင်အရပ်တို့မှ အချက်ပေါင်းများစွာ တစ်ပြိုင်နက် ထစ်ချုန်းပစ်ခတ်ဘိသကဲ့သို့ အသံတို့ကို ကြားရသဖြင့် ကျွန်ုပ်တို့သည် နားများကို လက်ဖြင့်ပိတ်ဆို့လျက် ထားကြရလေကုန်၏။

ဤသို့ တစ်မိနစ်ခန့်ကြာလတ်သော် အလင်းရောင်နှင့် အသံတို့မှာလည်း သည်းမခံနိုင်အောင် ပြင်းထန်လှသည်ဖြစ်ရာ ဂူ၏အခြားဘက်၌ အရောင်အမျိုးမျိုးထွက်လျက်ရှိသော မီးတောက်ကြီးတစ်ခုသည် ပတ်ချာလှည့်လျက် ကျွန်ုပ်တို့ရှိရာသို့ လာလျက်ရှိကုန်၏။

ပေါ်စ်လည်း ကြောက်ရွံ့လှသဖြင့် ကျွန်ုပ်အား ဖက်၍ထားရာ မီးတောက်ကြီးသည် ကျွန်ုပ်တို့နှင့် မနီးမဝေးသို့ရောက်သည့်အခါ တစ်ဖန်ပြန်၍ သွားသဖြင့် အလင်းရောင်သည် တဖြည်းဖြည်း မှိန်ပြီးလျှင် အသံတို့မှာလည်း ရပ်စဲ၍ သွားပြန်လေ၏။

ဘုရင်မသည် ကျွန်ုပ်တို့ကိုခေါ်၍ ရှေ့သို့တိုးစေရာ ယခင်က မီးတောက်ရှိရာအနီးသို့ရောက်လျှင် ကျွန်ုပ်၏ စိတ်သဘောသည် မည်ကဲ့သို့ ဖြစ်လေသည် မသိ၊ အလွန်တရာ စိတ်မာန်တက်ကြွခြင်းဖြစ်လျက် အရက်သောက်သဖြင့် မူးယစ်ပျော်ရွှင်ရသည်နှင့်လည်းမတူ၊ သတင်းကောင်းကြားရသဖြင့် ဝမ်းမြောက်သည်မျှလည်းမက၊ အလွန်တရာ မြူးတူးပျော်ရွှင်၍ ဉာဏ်ပွင့်လင်းခြင်းဖြစ်ပြီးလျှင် ခုန်ပေါက်မြူးတူးအော်ဟစ် ရယ်မောချင်ဘိသကဲ့သို့ ဖြစ်လေ၏။

ပေါစံမှာလည်း ထိုကဲ့သို့ပင် ရှိနေသည့်လက္ခဏာနှင့် လူရိုင်းတို့၏ လက်တွင်းသို့ ကျရောက်သည့်နေ့မှစ၍ ရယ်မောဖူးသည်မရှိသော ပေါစံပင်လျှင် ပြုံးရယ်ခြင်းကို ပြုလေ၏။

ဤသို့ရှိစဉ် ယခင်က မြင်ရသော မီးတောက်သည် တစ်ဖန်ပြန်၍ ပေါ်လာပြီးလျှင် ကျွန်ုပ်တို့ရှိရာသို့ လာရောက်ပြန်ရာ အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသော အသံကြီးတို့သည်လည်း ဆူညံလျက်လိုက်လာကုန်၏။

မီးတောက်သည် ကျွန်ုပ်တို့၏ အနီးသို့ရောက်လျှင် ကျွန်ုပ်တို့မှာ ရပ်တည်၍မှ မနေနိုင်သည်ဖြစ်၍ မြေတွင်မှောက်လျက်ရှိရာ ဘုရင်မမှာမူ မီးတောက်ရှိရာအရပ်သို့ လက်ကိုဆန့်တန်း၍ အသက်ပြင်းစွာ ရှူရှိုက်လျက်ရှိလေ၏။

ငင်းနောက် မီးတောက်သည် ပတ်ချာလည့်လျက် အမျိုးမျိုးသော အရောင်တို့ဖြင့် ထွန်းတောက်လျက်ရှိရာ ရေးက နည်းတူ ကျွန်ုပ်တို့ရှိရာမှ ဆုတ်သွားလျှင် တစ်ဂူလုံး တိတ်ဆိတ်လျက် ရှိနေရစ်ပြန်လေ၏။

ထိုအခါ ဘုရင်မက ...

'ကိုင်း ကုမာရ၊ သည်တစ်ခါအလာမှာ ဆင်းရအောင် ပြင်ထားပေတော့၊ အဝတ်တွေကိုတော့ မီးလောင်လိမ့်မယ် မောင်ရယ်၊ မီးတောက်ထဲရောက်တော့ အသက်ပြင်းပြင်း သုံးကြိမ်ရှူပြီး သွင်းရမယ်၊ သည်တော့မှ မီးမှာရှိတဲ့အငွေ့ဟာ မောင့်ကိုယ်ထဲရောက်ပြီး တစ်ကိုယ်လုံးပျံ့နှံ့လိမ့်မယ်၊ ကဲ ကဲ ပြင်ပေတော့' ဟုပြောလျှင် မောင်စောနိုင်က ...

'ကျွန်ုပ် ဆင်းဖို့တော့ မကြောက်ပါဘူး ရူပနန္ဒီရယ်၊ သို့သော် မတော်တဆ သေဆုံးမှုဖြင့် သင်နှင့် ကျွန်ုပ် ကွဲရချေတော့မယ်' ဟုပြောလျှင် ...

'ကိုင်း ကိုင်း ဒါဖြင့် မောင် စိတ်ချရအောင် ကျွန်ုပ်က အရင် ဆင်းပြီးပြမယ်၊ ကျွန်ုပ်ဆင်းတာမြင်လျှင် မောင် ဆင်းဝံ့ပြီမဟုတ်လား' ဟုမေးရာ မောင်စောနိုင်က ...

'ဆင်းပါ့မည်' ဟုပြောလျှင် ကျွန်ုပ်ကလည်း ...

'ကျွန်တော်လဲ ဆင်းပါမည်' ဟုပြောလေ၏။ ထိုအခါ ဘုရင်မက ...

'ကျွန်ုပ် အရင်ဆင်းပြီး ပြရတာပေါ့' ဟုပြော၍ ဘုရင်မသည် ဆံပင်များကို ဖြေချပြီးနောက် အဝတ်များကို ချွတ်၍ချလိုက်ရာ ဘုရင်မ၏ ဆံပင်တို့သည် အလွန်တရာ ကောင်းမွန်လှသည်ဖြစ်၍ အဝတ်ဝတ်၍ ထားဘိ သကဲ့သို့ ဖုံးအုပ်လျက်ရှိလေကုန်၏။

ငင်းနောက် ခါးပတ်ကိုယူ၍ ဘုရင်မသည် ဆံပင်များပါ သိမ်းရုံး၍ ခါးတွင်ပတ်ထားရာ ဘုရင်မ၏ အဆင်းသည် မီးရောင်တွင် ရှု၍ မငြီးအောင်ပင် ရှိလေ၏။

ငင်းနောက် မီးတောက် မီးလျှံတို့သည် ပေါ်ထွက်၍လာပြီး ရေးကကဲ့သို့ ဆူညံသော အသံတို့ဖြင့် ကျွန်ုပ်တို့ရှိရာသို့ လာရောက်ပြန်ရာ ဘုရင်မသည် မောင်စောနိုင်၏ ပုခုံးနှစ်ဘက်ကို လက်ဖြင့်ကိုင်ပြီးလျှင် နဖူးကိုနမ်းရှုပ်ပြီးနောက် မီးတောက်မီးလျှံတို့လည်း အနီးသို့ရောက်လျှင် ဘုရင်မလည်း မီးတောက် အတွင်းသို့ ခုန်ဆင်းလေ၏။

ဘုရင်မလည်း မီးတောက်အလယ်သို့ရောက်လျှင် မီးတောက် မီးလျှံ တို့သည် ဘုရင်မအား လောင်ကျွမ်းခြင်းမရှိဘဲ ပတ်ဝန်းကျင် အရပ်တို့၌သာလျှင် တောက်လောင်လျက်ရှိကုန်၏။

ဘုရင်မသည် မီးတောက်မီးလျှံတို့ကို လက်ခုပ်ဖြင့် ကျုံးယူ၍ ခေါင်းပေါ်သို့ တင်လောင်းခြင်း၊ ခံတွင်းသို့သွင်း၍ အကြိမ်ကြိမ်အဖန်ဖန်

ရှုရှိုက်ခြင်းကို ပြုပြီးနောက် မီးတောက်သည်လည်း နောက်သို့ဆုတ်သွားပြန်သဖြင့် ဘုရင်မသည် မီးတောက်မှ ထွက်လာခဲ့လေ၏။

ကျွန်ုပ်တို့လည်း များစွာအံ့ဩသောအမူအရာဖြင့် တစ်ဦးလက်ကို တစ်ဦးကိုင်လျက်ကြည့်နေရာ ဘုရင်မသည် ကျွန်ုပ်တို့၏ အနီးသို့ရောက်လျှင် ဘုရင်မ၏ရုပ်လက္ခဏာသည် မည်သည့်အကြောင်းကြောင့်မသိ ရုတ်တရက် ပြောင်းလဲသွားလေ၏။

ပြုံးရယ်လျက်ရှိသော မျက်နှာထားသည် ရုတ်တရက်ကွယ်ပျောက်၍ ခက်ထန်သော အမူအရာရှိခြင်း၊ ပါးတို့မှာလည်း ဖောင်းလျက်ရှိရာမှ ပိန်ခွက်၍ ဝင်ခြင်း၊ မျက်စိတို့မှာလည်း ကြည်လင်တောက်ပလျက်ရှိရာ ရုတ်တရက် မှေးမှိန်၍ အရောင်အဆင်းကင်းမဲ့ခြင်း၊ ကိုယ်လက်အင်္ဂါတို့မှာလည်း နူးညံ့ပျော့ပျောင်းလျက်ရှိရာမှ မာခိုင်တောင့်တင်းခြင်း စသည်ဖြင့် ပြောင်းလဲလျက်ရှိရာ ကျွန်ုပ်မှာ မျက်စိများကို ပွတ်လျက်ကြည့်နေစဉ် ဘုရင်မသည် မောင်စောနိုင်၏ ပခုံးကို ကိုင်လိုက်ရာ လက်တို့မှာလည်း ပြည့်ဖြိုးခြင်းမရှိဘဲ တွန့်လိန်သော အရေရှိသည်ကို မြင်ရလေ၏။

ငင်းနောက် ကျွန်ုပ်သည် ဘုရင်မ၏ မျက်နှာကို တစ်ဖန်ထပ်၍ ကြည့်ပြန်ရာ ကျွန်ုပ်ကြည့်နေစဉ် အတွင်းမှာပင် ဘုရင်မသည် တဖြည်းဖြည်း အို၍သွားသည်ကို တွေ့မြင်ရပြန်လေ၏။

ဘုရင်မလည်း မောင်စောနိုင်၏ ပခုံးတွင် လက်တင်လျက် ...

'ကျွန်ုပ် ဘာဖြစ်ပါလိမ့် ကုမာရရယ်' ဟု ပြောလိုက်ရာ အသံမှာလည်း ရှေးအခါကကဲ့သို့ ကြည်လင်ချိုအေးခြင်းမရှိဘဲ စူးရှအက်ကွဲလျက်ရှိသည်ကို ကြားရလေ၏။

'ကျွန်ုပ် ဘာဖြစ်ပါလိမ့် ကုမာရရယ်၊ မျက်စိတွေလဲ ကြည့်လို့ မကောင်းပါဘူး၊ ကျွန်ုပ်ကို ကြည့်စမ်းပါဦး၊ ကျွန်ုပ် ဘယ့်နှယ်ဖြစ်မှန်းမသိဘူး' ဟုပြောလျက် ဘုရင်မသည် မိမိဦးခေါင်းကို ကိုင်လိုက်ရာ ဆံပင်တို့သည်

ကုန်စင်အောင် မြေသို့ကျွတ်၍ကျသဖြင့် ဦးခေါင်းသည် ပြောင်လျက်ရှိနေလေ၏။

ပေါ်စံလည်း ဘုရင်မကို ကြည့်နေရာ ...

'ကြည့်ကြပါဦးဗျ၊ ကြည့်ကြပါဦးဗျ' ဟု ဟစ်အော်လျက် မျက်လုံးသည်လည်း ပေါက်ကွဲ၍ထွက်လုမတတ် ပြူးလျက် ခံတွင်းမှာလည်း အမြှုပ်တစီစီထွက်လျက် ...

'ကြည့်ကြပါဦးဗျ၊ ကြည့်ကြပါဦးဗျ၊ အောင်မယ်လေး မျောက်ဖြစ်သွားပါပြီကော ဆရာရဲ့' ဟု အော်ဟစ်ပြီးလျှင် မြေသို့လဲကျသွားလေ၏။

ပေါ်စံသည် မြေသို့လဲကျသော်လည်း ကျွန်ုပ်မှာ ပေါ်စံကို သတိမရနိုင်ဘဲ ဘုရင်မကိုသာ စိုက်ကြည့်နေရာ ဘုရင်မသည် ကျွန်ုပ်၏မျက်စိအောက်တွင် ရှုံ့လိမ်၍ ဝင်သွားဘိသကဲ့သို့ တဖြည်းဖြည်းငယ်၍သွားလေရာ ဖွေးဖွေးဖြူသော အသားသည်လည်း ရှုံ့တွ၍ မွဲခြောက်သော အရောင်သို့ပြောင်းလဲလျက်ရှိရာ လက်တို့မှာလည်း လူ၏လက်နှင့်မတူ၊ ငှက်၏ခြေထောက်ကဲ့သို့ အရေနှင့် အရိုးမျှသာလျှင် ကျန်ရှိတော့သည်ဖြစ်ရာ ဘုရင်မသည် မိမိ၏လက်ကို မြင်လျှင် မိမိ၏အဖြစ် ပြောင်းလဲခြင်းကို သတိရသဖြင့် မြေသို့ပစ်လှဲပြီးလျှင် အော်မြည်လျက်ရှိလေ၏။

ဘုရင်မသည် မသာယာသောအသံဖြင့် အော်မြည်လျက် လူးလိမ့်ကာရှိနေလျှင် ကျွန်ုပ်တို့သည် မလှုပ်ရှားနိုင်ဘဲ မျက်နှာကိုသာ စိုက်၍ကြည့်နေရာ ကျွန်ုပ်သည် ဤမျှလောက်အိုသော မျက်နှာကို တစ်ကြိမ်တစ်ခါမျှ မတွေ့မြင်ရပြီတကားဟု အောက်မေ့မိလေသည်။

ဘုရင်မ၏ မျက်နှာမှ အသားတို့သည် စိုးစဉ်းမျှ မကျန်ရှိသည်ဖြစ်ရာ အရေတို့သည် အရိုးတွင် ကပ်လျက်ရှိပြီး သိန်းသန်းမကသော အတွန့်အလိပ်တို့သည်လည်း နေရာတိုင်း၌ တည်ရှိကုန်၏။

ဤသို့လူးလိမ့်လျက်ရှိရာ ကျွန်ုပ်မှာ နှစ်မိနစ်ခန့်အခါ၌ကား လူ့ပြည်၌ အတုမရှိအောင် လှပယဉ်ကျေးလှသော မိန်းမတစ်ယောက်သည် ထိုခဏချင်းတွင်

ကြောက်မက်ဖွယ် ရုပ်အဆင်းသို့ ရွေ့လျောရချေပြီတကားဟု အောက်မေ့လျက် ရှိစဉ် ဘုရင်မသည် ဆိတ်ငြိမ်၍သွားပြီး လက်နှစ်ဖက်ပေးတွင် မေးတင်လျက် မမြင်သော မျက်စိတို့ဖြင့် ရှာဖွေလျက်ရှိသည်ကို တွေ့ရှိရလေ၏။

ဘုရင်မသည် အရိုးစုမျှသာ ကျန်ရှိသော်လည်း စကားပြောနိုင်သေး သည်ဖြစ်၍ အက်ကွဲသောအသံဖြင့် မောင်စောနိုင်အား ...

'ကုမာရ၊ အို ကုမာရ၊ ကျွန်ုပ်ဖြင့် သေရတော့မယ် ကုမာရရယ်၊ သို့သော် ကျွန်ုပ် ပြန်လာဦးမယ်နော်၊ ကျွန်ုပ်ကို စောင့်ပါဦး၊ ပြန်လာတဲ့ အခါကျတော့ ရှေးကလိုပဲ အရုပ်အရည် ချောပါစေ့မယ် ကုမာရရယ်၊ ကျွန်ုပ်က သည်လောက်တောင် စောင့်ဆိုင်းခဲ့ရ၊ မောင်ကတော့ ကျွန်ုပ်ကို အလို အလို၊ ဘာဖြစ်ပါလိမ့်၊ အလို အလို' ဟု မြည်တမ်းလျက် ဘုရင်မသည် ငြိမ်၍ သွားသဖြင့် အသက်ကုန်ကြောင်းကိုသိကြရာ ကျွန်ုပ်မှာလည်း နစ်မျော၍သွား လေ၏။

ထေရဓ

# အခန်း (၂၀)

ကျွန်ုပ်သည် သတိမေ့လျော့၍ မြောသွားရာမှ သတိရသဖြင့် ကြည့်လိုက်သောအခါ မောင်စောနိုင်နှင့် ပေါ်စံတို့မှာ လဲလျက်ပင်ရှိသေးသည်ကို တွေ့မြင်ရလေ၏။

ဘုရင်မ ဆင်းသော မီးတောက်မီးလျှံကြီးသည်လည်း ထိုခဏ၌ ကျွန်ုပ်တို့ရှိရာသို့ လာလျက်ရှိရာ ကျွန်ုပ်သည် ဘုရင်မကို သတိရသဖြင့် ၎င်းရှိရာသို့ ကြည့်လိုက်လျှင် မကြာသေးမီက ဤကမ္ဘာတွင် ပြိုင်ဖက်ကင်းအောင်ပင် လှပသော ဘုရင်မသည် ရှုကြည့်၍ မကောင်းအောင်ပင်ဖြစ်သော ရုပ်အလောင်းဖြစ်၍နေသည်ကို တွေ့မြင်ရသဖြင့် ကျွန်ုပ်သည် သက်ပြင်းချမိလေ၏။

၎င်းနောက် ဘုရင်မအနီးတွင် ချွတ်၍ ချထားသော အဝတ်တို့ကို ကောက်ယူ၍ ကျွန်ုပ်သည် ဘုရင်မအား ဖုံး၍ပေးရင်း စဉ်းစားမိသည်မှာ ...

'ထိုမီးတောက်မီးလျှံတို့သည် ရှေးအခါ၌မူ လူကို အသက်ရှည်စေ၍ ယခုမှာကား လူကို သေစေတတ်သော ဓာတ်ခိုးဓာတ်ငွေ့တို့ပင် ပါဝင်လေသလော၊ သို့တည်းမဟုတ်၊ အသက်ကို ရှည်စေသော မီးတောက်နှင့် အသက်ကို သေစေသော မီးတောက်သည် ကျွန်ုပ်ရှိရာသို့ တစ်လှည့်စီလာ၍ ဖြစ်လေသလော၊ သို့တည်းမဟုတ် ထိုမီးတောက်တွင်းသို့ တစ်ကြိမ် ဝင်မိသောသူသည် နောက်တစ်ကြိမ်ထပ်၍ ဝင်မိသည့်အခါ ဓာတ်မတည့်သဖြင့် ဤသို့ဖြစ်လေသလော' စသည်ဖြင့် စဉ်းစား၍ မရရှိနိုင်အောင် ရှိနေလေ၏။

ငင်းနောက် ကျွန်ုပ်သည် ပေါစံကို သွား၍ကြည့်ရာ ပေါစံမှာ မြေတွင် မှောက်၍နေသဖြင့် ကျွန်ုပ်သည် ပက်လက်လှန်ပေး၍ ပေးလိုက်လျှင် ခြေလက်တို့သည် တောင့်လျက်ရှိသည်ဖြစ်၍ ကျွန်ုပ်နှင့် နှစ်ပေါင်းများစွာ နေထိုင်ခဲ့သဖြင့် ချစ်ခင်ယုံကြည်လှစွာသော ပေါစံသည် ဘဝတစ်ပါးသို့ ပြောင်းသွားရှာပြီ ဖြစ်ကြောင်းကို သိရှိရလေ၏။

သေရခြင်း၏ အကြောင်းမှာလည်း ပေါစံသည် ရှေးအခါကပင် အလွန်ကြောက်တတ်သဖြင့် နှလုံးမခိုင်ရှာသော သူတစ်ယောက်ဖြစ်ရာ ဤအရပ်သို့ ရောက်သည့်နေ့မှစ၍ ထူးထူးဆန်းဆန်း အံ့မခန်းဖြစ်သော အရာတို့ကိုသာလျှင် နေ့ညဉ့်မပြတ် တွေ့မြင်လျက်ရှိရသည့်အတွင်း ယခုနောက်ဆုံးတစ်ကြိမ်၌ကား အလွန်တရာ ရုပ်ရည်ချောမောလှသော ဘုရင်မသည် မိမိ၏ မျက်မှောက်၌ပင် ရုတ်တရက် အိုမင်းသွားသည်ကို တွေ့မြင်ရသည်ဖြစ်သောကြောင့် ကြောက်အားကြီးသဖြင့် နှလုံးတုန်၍ သေသွားဟန်လက္ခဏာရှိလေသည်။

ငင်းနောက် ကျွန်ုပ်သည် မောင်စောနိုင်၏အနီးသို့ ချဉ်းကပ်၍ ပေါစံကဲ့သို့ပင် ဖြစ်လေပြီလောဟု တုန်လှုပ်လျက် ရင်ကိုစမ်းကြည့်ရာ ခုန်လျက်ရှိသေးသည်ကို တွေ့ရှိသဖြင့် သတိရစေရန် လှုပ်၍နှိုးလျှင် မောင်စောနိုင်လည်း မျက်စိကိုဖွင့်ကြည့်၍ သတိရလေ၏။

ကျွန်ုပ်လည်း ငင်းအား ပေါစံအကြောင်းကို ပြောရာ မောင်စောနိုင်မှာ ငယ်စဉ်ကတည်းကပင် ပေါစံနှင့် အတူနေထိုင်ခဲ့ရ၍ အလွန်ချစ်ခင်လှသည် မှန်သော်လည်း လူတို့၏ စိတ်နှလုံးမည်သည် တုန်လှုပ်အားကြီးခဲ့လျှင် ထပ်မံ၍ မတုန်လှုပ်နိုင်သည် ဖြစ်သောကြောင့် ...

'အို၊ ဟုတ်လား' ဟု သာလျှင်ပြော၍ လဲရာမှ ထလေ၏။

မောင်စောနိုင်လည်း စကားတစ်ခွန်းမျှ မပြောသေးဘဲ ဘုရင်မရှိရာကိုလှမ်း၍ ကြည့်လိုက်ရာ အဝတ်များဖုံးလျက်ရှိသော အလောင်းကို မြင်လျှင် ...

'သြော်၊ ရူပနန္ဒီ ရူပနန္ဒီ၊ ဘယ့်နယ်များဖြစ်ပြီး သွားပါလိမ့်နော်၊ ကျွန်တော်ကို စောင့်ပါဦးလို့ မှာသွားရှာတယ် ဦးလေးရဲ့၊ ပြန်လာဦးမယ်ဆိုတာ အဟုတ်ပဲလား မပြောတတ်ပါဘူး ဦးလေးရယ်' ဟု ပြောဆဲတွင် မီးတောက် မီးလျှံတို့သည် ဆူညံသောအသံတို့ဖြင့် ကျွန်ုပ်ရှိရာသို့ လာပြန်ရာ ကျွန်ုပ်က ...

'ကဲဒါဖြင့် ဟောဟိုမှာ မီးလဲအခန့်သင့်ပဲ၊ သူ့ကို မောင် မသေဘဲ စောင့်ရအောင် ဆင်းပါလား' ဟု ပြောလျှင် မောင်စောနိုင်သည် ဦးခေါင်းကို ယမ်းလျက် ...

'ဘာလုပ်မလဲ ဦးလေးရယ်၊ ချက်ချင်း သေမယ်ဆိုရင်ဖြင့် ကျွန်တော် ဆင်းချင်ပါရဲ့၊ အခုတော့ သူမှ မရှိဘဲနဲ့ ကျွန်တော်တစ်ယောက်တည်း အသက် ရှည်နေလို့ ကျွန်တော် ကြာရှည်စိတ်ဆင်းရဲနေရုံသာ ရှိတော့မှာပေါ့၊ ကျွန်တော်ဖြင့် အသက်တစ်ထောင်ဘဲနေနေ သူ့ကိုတော့ ဘယ်တော့မှ မေ့နိုင်မယ် မဟုတ်ဘူး၊ သည့်အတူတူတော့ ကျွန်တော် အသက်ရှည်လို့ ဘာလုပ်တော့မလဲ၊ ဦးလေးသာ အသက်ရှည်ချင်ရင် ဆင်းပေတော့၊ ကျွန်တော်ဖြင့် အသက်တိုချင်တဲ့ စိတ်ပဲရှိတယ်' ဟုပြောလေသည်။

ကျွန်ုပ်မှာလည်း ဘုရင်မသည် ကျွန်ုပ်နှင့်ဘာမျှ မသက်ဆိုင်ကြောင်းကို ဖွင့်၍ ပြောသွားသည်မှာ မှန်သော်လည်း ကျွန်ုပ်သည် ဘုရင်မကို အလွန်တရာ ပင် စွဲလမ်းခြင်းအားကြီးသည်ဖြစ်၍ ဘုရင်မ မရှိလျှင် အသက်မရှည်လိုဟု အောက်မေ့ပြီးလျှင် ဦးခေါင်းကို ခါယမ်းပြလေ၏။

ငှင်းနောက် ကျွန်ုပ်တို့လည်း ပေါ်စ်၏ အနီးသို့သွား၍ ပေါ်စ်၏ လက်နှစ်ဘက်ကို တစ်ဘက်စီ ကိုင်၍ နှုတ်ဆက်လျက် ...

'နေရစ်ရှာတော့ ပေါ်စ်ရေ၊ ငါတို့လဲ မကြာပါဘူး၊ လိုက်လာရတော့မှာပဲ' ဟု ပြောလျှင် ဂူအတွင်းမှထွက်ရန် ပြင်ဆင်ကြလေ၏။

ကျွန်ုပ်တို့နှင့်အတူ ပါလာသော မီးခွက်တို့မှာ ဆီကုန်၍သွားသဖြင့် ငြိမ်းလျက်ရှိကြရာ ကျွန်ုပ်သည် မီးခွက်များကို ထွန်းညှိကြပြီးနောက် အလွန် တရာ လေးလံလှသော စိတ်နှလုံးဖြင့် ဂူအပြင်သို့ ထွက်လာလေ၏။

Myanmar Cupid PDF Creator Group

# အခန်း (၂၁)

ပဌမ ဂူ၏အပြင်သို့ရောက်လျှင် ကျွန်ုပ်သည် ကျွန်ုပ်တို့ လာခဲ့သော လမ်းကို ကောင်းမွန်စွာ မှတ်မိသည်ဖြစ်၍ တစ်ဂူပြီးလျှင်တစ်ဂူ၊ တစ်ပေါက်ပြီးလျှင် တစ်ပေါက် ထွက်၍လာကြရာ နောက်ဆုံး၌ ကျွန်ုပ်တို့ လာစဉ်အခါက ဆင်း၍လာခဲ့သော ကျောက်လှေကားကို တွေ့သဖြင့် ကျွန်ုပ်တို့သည် ၎င်းမှ တက်၍သွားရာ ရှေးအခါက ဒီဃာဝု နေထိုင်သော အခန်းတွင်းသို့ ရောက်ကြလေ၏။

၎င်းအခန်းသို့ရောက်ကြသည်နှင့် တစ်ပြိုင်နက် မီးခွက်တစ်ခွက်သည် ဆီကုန်သွားသည်နှင့် ငြိမ်းသွားရာ တစ်ခွက်မှာလည်း ငြိမ်းလုဆဲဆဲ ရှိနေလေ၏။

ဤသို့ရှိနေစဉ် ကျွန်ုပ်တို့သည် လာစဉ်အခါက ချောက်ကြားသို့ ကျ၍သွားသော ပျဉ်ပြားကို သတိရသဖြင့် မောင်စောနိုင်အား ...

'မည်သို့ ပြုပါနည်း' ဟု မေးရာ မောင်စောနိုင်က ...

'ဘယ့်နှယ်လုပ်ရမလဲ ဦးလေးရယ်၊ ခုန်ရုံရှိတာပေါ့၊ မတော်၍ ကျသွားလဲ ပြီးတာပေါ့' ဟုပြောလေ၏။

၎င်းနောက် ကျွန်ုပ်တို့သည် ဇော်ဂျီအခန်းမှ တက်၍ လှုပ်လျက်ရှိသော ကျောက်တုံးကြီးပေါ်သို့ရောက်လျှင် ကျန်ရှိသော မီးခွက်လည်း ငြိမ်း၍သွားသဖြင့် မှောင်အတိပြီးလျက် ကျန်ရစ်လေကုန်၏။

ကျောက်တုံးပေါ်သို့ရောက်လျှင် ကျွန်ုပ်က ...

'ကဲ.. မောင်စောနိုင်၊ မီးခွက်လဲ ငြိမ်းပြီ၊ မှောင်ကြီးထဲမှာ အရမ်းမဲ့ ခုန်လို့ ဘယ်ရောက်မှန်းလဲမသိဘူး၊ သည်တော့ ငါတို့လာတဲ့အချိန်ရောက်ရင် ရေးကလိုပဲ အလင်းရောင် ထိုးဦးမှာပဲ၊ သည်တော့ အဲသည် အလင်းရောင်လာမှ ခုန်ကြရအောင်၊ သည်က ထိုင်ပြီးစောင့်ကြဦးစို့' ဟုပြော၍ ကျွန်ုပ်တို့နှစ်ယောက်သည် အလွန်မသာယာသောစိတ်ဖြင့် မှောင်အတိပြီးသောအရပ်တွင် ထိုင်လျက် စောင့်နေကြရလေ၏။

ဤသို့ စောင့်လျက်ရှိကြစဉ် ချောက်ကြား အရပ်တို့၌ လေတို့သည် ပြင်းထန်စွာ တိုက်ခတ်လျက်ရှိရာ ကျွန်ုပ်တို့ ထိုင်လျက်ရှိသော ကျောက်တုံးကြီး မှာလည်း နိမ့်ချည်၊ မြင့်ချည်ဖြစ်၍ ယိမ်းယိုင်လျက်ရှိလေ၏။

လေတို့သည် ချောက်ကြို ချောက်ကြားတို့၌ ပြင်းထန်စွာ တိုက်ခတ် လျက်ရှိရာ ထောင်သောင်းမကသော မကောင်းဆိုးဝါးတို့သည် ချောက်ကြား အရပ်တို့မှ ညည်းတွားလျက်ရှိဘိသကဲ့သို့ ရှိကုန်၏။

ကျွန်ုပ်တို့ စောင့်လျက်ရှိသော အလင်းရောင်မှာ နှစ်ဆယ့်လေးနာရီ အချိန်မှ တစ်ကြိမ်သာလျှင် ဝင်လာသည်ဖြစ်၍ ကျွန်ုပ်တို့သည် ဂူတွင်း၌ မည်မျှလောက်ကြာအောင် မူးဝေမိန်းမောလျက်ရှိသည်ကိုမသိသဖြင့် ထိုအရပ်၌ မည်မျှလောက်ကြာအောင် စောင့်ဆိုင်းရဦးမည်ကိုမသိရဘဲ စိတ်နှလုံးညစ်ညူးစွာ ထိုင်လျက်ရှိကြစဉ် ကျွန်ုပ်တို့သည် ချောက်ကြားအရပ်မှ တစ်စုံတစ်ခုသော အသံကို ကြားရလေရာ နောက်တစ်ခဏ၌ မောင်စောနိုင်သည် ထိုင်ရာမှထ၍ ...

'အောင်မယ်လေး ဦးလေးရဲ့' ဟု အော်လေ၏။

ကျွန်ုပ်လည်း မည်သည့်အတွက် အော်သည်ကို မသိသဖြင့် မောင်စော နိုင်ကို လှမ်း၍စမ်းလိုက်ရာ မောင်စောနိုင်မှာ အဝတ်တစ်ခုနှင့် ဖုံးအုပ်လျက် ရှိသည်ကို စမ်းမိလေ၏။

ကျွန်ုပ်တို့သည် ဘုရင်မနှင့် ပျဉ်းပြားကူး၍လာစဉ် ဘုရင်မ၏ အဝတ်သည် လေဟပ်သဖြင့် ကိုယ်မှလွင့်ကျွံ၍ ချောက်ထဲသို့ကျသွားရာ ၎င်းအဝတ်သည် ကျောက်စွန်းတစ်ခုတွင် ငြိတွယ်လျက်ရှိရာမှ လေတိုက်

ခတ်သဖြင့် အပေါ်သို့ပြန်၍ တက်လာပြီးလျှင် မောင်စောနိုင်ကို ဖုံးအုပ်ဟန် လက္ခဏာရှိလေသည်။

ကျွန်ုပ်တို့လည်း လက်ဖြင့်စမ်းကြည့်၍ ဘုရင်မ၏ အဝတ်ဖြစ်ကြောင်း ကိုသိလျှင် မောင်စောနိုင်လည်း ပြင်းထန်စွာ ငိုကြွေးလျက် ...

'သြော် ရူပနန္ဒီ ရူပနန္ဒီ၊ ငါ့ကို မချောက်လာနဲ့ကွယ်၊ ငါလဲ မင်းရှိရာ လိုက်ရပါတော့မယ်၊ ကြာကြာမနေရဘူး' စသည်ဖြင့် ပြောဆိုလျက်ရှိစဉ် နေရောင်သည် ကျောက်ကြားမှ ရတ်တရက် ထွက်ပေါ်၍လာပြီးလျှင် ကျွန်ုပ်တို့ ထိုင်လျက်ရှိရာအရပ်နှင့် ခုန်လွှားရမည်ဖြစ်သော ကျောက်စွန်းတို့သည် ထိန်ထိန် လင်းလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်တို့ရှိရာ ကျောက်တုံး၏ အစွန်းနှင့် အခြားဘက်ရှိ ကျောက်စွန်း တို့မှာ ဆယ့်နှစ်ပေခန့်မျှဝေးကွာသည်ဖြစ်ရာ လေသည်လည်း ပြင်းထန်စွာ တိုက်လျက်ရှိသည့်ပြင် ကျောက်စွန်းနှစ်ခု၏ အကြားသည် အဝီစိသို့တိုင်အောင် နက်သည်မသိ၊ မှောင်မည်းလျက်ရှိအောင် နက်လှသည်ဖြစ်၍ မတော်တဆ ခြေချော်၍ကျသွားသည်ဖြစ်စေ ခုန်၍မရောက်ဘဲရှိသည်ဖြစ်စေ ရှိခဲ့မူ ပွဲချင်းပြီး သေရမည် မလွဲဖြစ်သောကြောင့် ကျွန်ုပ်မှာ များစွာစိုးရိမ်မိလေ၏။

မောင်စောနိုင်မှာမူ ငယ်ရွယ်သေးသူဖြစ်၍ ခွန်အားဗလနှင့် ပြည့်စုံ သည့်ပြင် ကျောင်းသားဖြစ်စဉ်အခါကလည်း ဆယ့်ရှစ်ပေ၊ ဆယ့်ကိုးပေမျှ ခုန်လွှားနိုင်၍ စိုးရိမ်ရန်မရှိဟု မှတ်ထင်ရသည်ဖြစ်ရာ ကျွန်ုပ်မှာမူ လေးဆယ် ကျော်ပြီဖြစ်၍ ခွန်အားပင် မယုတ်လျော့သေးသော်လည်း ရှေးကကဲ့သို့ ပေါ့ပါး လျင်မြန်ခြင်းမရှိသည်ဖြစ်၍ များစွာစွန့်စားရသော အလုပ်တစ်ခု ဖြစ်လှပေ၏။

နေရောင်ပေါ်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်သည် မောင်စောနိုင်အား ...

'ကိုင်း မောင်၊ နေရောင်လာပြီ၊ မြန်မြန်လုပ်မှပဲ မင်း အရင်ခုန်မလား၊ ငါ အရင်ခုန်ရမလား' ဟုမေးရာ ...

'ဦးလေး အရင်ခုန်ပေတော့' ဟု မောင်စောနိုင်က ပြန်ပြောသဖြင့် ကျွန်ုပ်သည် ကိုယ်ကိုဆန့်တန်း၍ အညောင်းဖြေပြီးနောက် ကျောက်တုံးကြီး

အခြားအစွန်းသို့သွား၍ အနည်းငယ်အရှိန်ယူပြီးလျှင် တစ်ဟုန်တည်းခုန်လိုက်ရာ ကျွန်ုပ်မှာ လိုရာကျောက်စွန်းသို့ မရောက်သဖြင့် ကျွန်ုပ်၏ခြေတို့သည် တစ်စုံတစ်ရာကိုမျှ မနင်းမိဘဲ လဟာပြင်၌ ကျသွားလေ၏။

ဤသို့ကျသွားသည့်တစ်ခဏ၌ ကျွန်ုပ်သည် မည်မျှထိတ်လန့်သည်ကို တွေးထင်နိုင်ကြသည်ဖြစ်၍ ထုတ်ဖော်ပြောဆိုရန် မလိုပေ။

ဤသို့ ကျွန်ုပ်၏ ခြေသည် ကျောက်တုံးကို မနင်းမိဘဲ အောက်သို့ ကျသွားစဉ် ကျွန်ုပ်၏လက်သည် တစ်စုံတစ်ခုကို စမ်းမိသဖြင့် ခွန်အား ရှိသလောက်ထုတ်၍ ၎င်းကို တွယ်ဖမ်းလိုက်ရာ ကျွန်ုပ်၏ကိုယ်သည် အောက်သို့ မကျဘဲ ရပ်တည်လျက်ရှိလေ၏။

ဤသို့ ကျွန်ုပ်သည် လက်နှစ်ဘက်ဖြင့် တွယ်လျက်ရှိစဉ် လက်တစ်ဖက် သည်ချော်၍ ကျောက်တုံးမှ လွတ်သွားလေလျှင် ကျွန်ုပ်၏ ကိုယ်သည် လည်၍ထွက်သွားသဖြင့် မောင်စောနိုင်ရှိရာအရပ်ကို မျက်နှာမူလျက် ကျွန်ုပ်၏ အောက်၌ကား လဟာပြင်မျှသာ ရှိတော့သည်ဖြစ်ရာ ဤမျှလောက် ကြောက်မက် ဖွယ်ကောင်းသော အဖြစ်ကို မည်သူတစ်ဦးတစ်ယောက်မျှ တွေ့ကြုံဖူးကြမည် မဟုတ်ပေ။

မောင်စောနိုင်လည်း ကျွန်ုပ်၏ အဖြစ်ကိုမြင်လျှင် ပြင်းစွာအော်ဟစ်၍ ခုန်လိုက်ရာ အလိုရှိရာကျောက်စွန်းသို့ရောက်သဖြင့် အရှိန်လွန်၍ ကျသွားမည် စိုးသောကြောင့် ကိုယ်ကို ကျောက်ပေါ်သို့ ပစ်လှဲလိုက်လေ၏။

မောင်စောနိုင်၏ အလေးကျရောက်သဖြင့် ကျွန်ုပ်တွယ်လျက်ရှိသော ကျောက်စွန်းသည် တုန်၍သွားသည်ကို ကျွန်ုပ်သိသည်နှင့် တစ်ပြိုင်နက် မောင်စောနိုင် ခုန်၍လာခဲ့သော ကျောက်တုံးကြီးမှာ ပြင်းထန်စွာ ကန်ကြောက် ခြင်းကို ခံရသည်ဖြစ်သောကြောင့် နိမ့်ချည်မြင့်ချည်ဖြစ်ပြီးလျှင် မဟန်နိုင်ဘဲ အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသောအသံဖြင့် အောက်သို့ကျသွား လေ၏။

မောင်စောနိုင်လည်း လဲလျက်ရှိရာမှထ၍ ကျွန်ုပ်ရှိရာသို့ လာလျက် အလျားလိုက် မှောက်ပြီးလျှင် ကျွန်ုပ်တွယ်လျက်ရှိသောလက်ကို လက်နှစ်ဘက် နှင့်ကိုင်လျက် ...

'ကိုင်း လွှတ်ပေတော့ ဦးလေး၊ ကျွန်တော် ဆွဲတင်မယ်၊ လည်ကျရင်လဲ နှစ်ယောက်အတူ ကျပေစေတော့' ဟုပြောလျှင် ကျွန်ုပ်တစ်ကိုယ်လုံးသည် မောင် စောနိုင်၏ လက်နှစ်ဘက်တွင် အမှီပြုလျက် ကျွန်ုပ်သည် လက်ကို ကျောက်တုံး မှ လွှတ်လိုက်ရာ ကျွန်ုပ်၏ ကိုယ်သည် လေထဲ၌ စက္ကန့်အနည်းငယ်မျှ ယိမ်းယိုင်လျက်ရှိကုန်၏။

ငင်းနောက် မောင်စောနိုင်လည်း တစ်ကိုယ်လုံး ချွတ်ချွတ်မည်သည့် တိုင်အောင် ခွန်အားစိုက်ထုတ်၍ ကျွန်ုပ်ကို ဆွဲတင်ရာ ကျွန်ုပ်၏ကိုယ်သည် မြောက်၍ ပါလာလေ၏။

ကျွန်ုပ်လည်း ကျောက်စွန်းကို လက်တို့ဖြင့်ဖက်မိလျှင် မောင်စောနိုင် လည်း ခွန်အားစိုက်ထုတ်၍ ဆွဲပြန်ရာ ကျွန်ုပ်သည် ကျောက်စွန်းပေါ်သို့ ရောက်လေ၏။

ကျောက်စွန်းပေါ်သို့ရောက်သဖြင့် ဘေးဥပါဒ် ကင်းလွတ်လျှင် ကျွန်ုပ် တို့နှစ်ဦးမှာ အလွန်တရာခွန်အား စိုက်ထုတ်ရသည်ဖြစ်၍ ချွေးဒီးဒီးကျလျက် မောဟိုက်ကာ ထိုင်နေကြရလေ၏။ ဤသို့ ထိုင်နေ၍ မိနစ်တစ်ဝက်ခန့် ကြာလျှင် အလင်းရောင်သည်လည်း ကွယ်ပျောက်၍ သွားပြန်လေ၏။

ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ နာရီတစ်ဝက်ခန့် ထိုင်ကြပြီးလျှင် အမောအပန်း ပြေသဖြင့် ထကြပြီးနောက် ထွက်လမ်းဖြင့် လာခဲ့ကြလေ၏။

ရှေးဦးစွာ ဝင်ခဲ့ကြသော ဂူကြီးအတွင်းသို့ရောက်သောအခါ ငင်းဂူကြီး မှာ အလွန်တရာ ရှည်လျားသည်ဖြစ်ရာ ကျွန်ုပ်တို့မှာ မီးခွက်လည်း မပါ၊ နေလည်း ဝင်သဖြင့် အရောင်မထိုးဘဲရှိသောကြောင့် မှောင်အတိပြီးလျက် ရှိရ

သည်အတွင်း ရေမသောက်ရသည်မှာ ကြာလေပြီဖြစ်၍ ပြင်းထန်စွာရေငတ်လျက် ရှိကုန်၏။

ကျောက်တုံးကျောက်ခဲမှစ၍ ချိုင့်ဝှမ်းတို့သည်လည်း အနံ့အပြား ရှိလေရာ ကျွန်ုပ်တို့သည် ၎င်းတို့နှင့် တိုက်မိသဖြင့် ခြေချော်၍ လဲသောကြောင့် ခြေသလုံး၊ ဒူး စသည်တို့မှာလည်း သွေးတို့သည် ယိုစီးလျက် ထွက်ကြကုန်၏။

ရေလည်းငတ်၊ အစာလည်းငတ်၊ လမ်းကလည်းကြမ်း၊ မှောင်ကလည်း မိုက်၊ လမ်းကလည်း မသိရသည်ဖြစ်၍ ကျွန်ုပ်တို့၏ ဒုက္ခကို မည်မျှလောက် ကြီးကျယ်သည်ဟုပြော၍ မပြနိုင်အောင်ပင် ရှိပေ၏။

ဤသို့ စမ်းသပ်လျက်သွားစဉ် ကျွန်ုပ်တို့မှာ တစ်ခါတစ်ခါ၌လည်း အိပ်ပျော်သွားသဖြင့် အိပ်ရာမှ နိုးပြန်လျှင် ဂူနံရံကို စမ်းသပ်၍ လျှောက်သွား ပြန်ရာ ကံအားလျော်စွာ ဂူပေါက်သို့ရောက်သဖြင့် မိုးလင်းလုဆဲဆဲ ရှိသည့် အဖြစ်ကို တွေ့မြင်ရလေ၏။

ဂူတွင်းသို့ ဝင်ရောက်စဉ်အခါ နေဝင်လုဆဲဆဲရှိသဖြင့် ကျွန်ုပ်တို့သည် ထိုဂူတွင်းတွင် တစ်ညလုံးလုံး လိုက်၍အပေါက်ရှာခဲ့ရသည့်အဖြစ်ကို သိရှိရ လေ၏။

ဂူဝသို့ရောက်လျှင် ကျွန်ုပ်တို့သည် ခေတ္တမျှ အမောဖြေလျက်ရှိရာ မောင်စောနိုင်မှာ ထိုနေရာ၌ပင် သေပါတော့မည်ဟု မလိုက်လိုကြောင်းနှင့် ပြောဆိုလျက်ရှိသဖြင့် ကျွန်ုပ်သည် မောင်စောနိုင်အား တတ်အားသမျှ အားပေး လျက်ရှိစဉ် နေမင်းသည် ပြူထွက်လာသဖြင့် မောင်စောနိုင်ကို ကျွန်ုပ်သည် ကောင်းစွာမြင်ရသည့်အခါ ၎င်း၏ဆံပင်တို့သည် ဖွေးဖွေးဖြူလျက် မျက်နှာမှာ လည်း ပိန်ချုံးနွမ်းလျော့လျက် ဂူတွင်းသို့မဝင်မီ အခါကထက် အနှစ် နှစ်ဆယ်ခန့်မျှ အို၍သွားသည့်အဖြစ်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်သည် မောင်စောနိုင်ကို တတ်အားသမျှ အားပေး၍ လာခဲ့သည့် လမ်းအတိုင်း ပြန်ခဲ့ကြရာ လမ်းတစ်ဝက်ခန့်ရောက်လျှင် အလွန်တရာ ဆာမွတ် မောပန်းလှသည်ဖြစ်၍ ဒူး၊ ခြေ စသည်တို့၌လည်း ပေါက်ကွဲလျက် ရှိသော

ကြောင့် ကောင်းစွာမလျှောက်နိုင်ဘဲ လေးဘက်ထောက်လျက်သာလျှင် သွားကြရကုန်၏။

ဤသို့ လုံ့လကို မလျှော့ဘဲလာခဲ့ကြ၍ ကျွန်ုပ်တို့သည် ဇနေတ္တိတို့ရှိရာအရပ်သို့ရောက်လျှင် လူရိုင်းတို့သည် ကျွန်ုပ်တို့ကိုမြင်သဖြင့် များစွာအံ့သြလျက် စကားမပြောနိုင်သူများဖြစ်၍ လက်တို့ကို မြှောက်ကာ မြေသို့လဲမတတ်ရှိကြကုန်၏။

အလွန်တရာ အဆင်းလှပသော မောင်စောနိုင်မှာ ဆံပင်ဖြူခြင်း၊ မျက်နှာကျခြင်း၊ မလှုပ်ရှားနိုင်အောင် နွမ်းရိခြင်းရှိသည်ဖြစ်၍ အမြင်မကောင်းအောင်ရှိနေသည်ဖြစ်ရာ နဂိုကပင် အရုပ်ဆိုးလှသော ကျွန်ုပ်မှာ ကြောက်ခမန်းပင် ရှိပေမည်ဖြစ်၍ လူတိုင်းတို့ အံ့သြကြသည်ကို အပြစ်ဆိုဖွယ်မရှိပေ။

ဇနေတ္တိလည်း ဘုရင်မနှင့် ပေါစံတို့သည် အဘယ်အရပ်၌ ရှိနေကြသည့်အကြောင်းကို မေးမြန်းရာ ကျွန်ုပ်မှာ ၎င်းအား အဖြစ်အပျက်တို့ကို စုံလင်အောင် ပြန်ပြောချေက နားလည်နိုင်မည်မဟုတ်သည်ဖြစ်၍ ဘုရင်မနှင့် ပေါစံတို့မှာ မီးပုံတစ်ခုထဲသို့ ကျဆုံး၍ သေရစ်ခဲ့ကြောင်းနှင့် ကျွန်ုပ်တို့ တွေ့ကြုံခဲ့ရသည့်ဒုက္ခများကိုသာ အကျဉ်းအားဖြင့် ပြန်ပြောရလေ၏။

ဇနေတ္တိလည်း ကျွန်ုပ်၏စကားကို များစွာအံ့သြလျက် ...

'ထူးဆန်းပါပေရဲ့ မောင်ရယ်၊ သို့သော် အဖေ တစ်ခုပြောမယ်၊ သည်က အရိုင်းကောင်တွေက မောင်တို့ကို အစကတည်းက အင်မတန် မုန်းနေတယ်၊ ဘုရင်မကို ကြောက်ရွံ့သောကြောင့်သာ မောင်တို့အသက်ကို သူတို့ ချမ်းသာပေးခဲ့တယ်၊ ယခုလို ဘုရင်မ သေတဲ့အကြောင်း သူတို့သိမှဖြင့် မောင်တို့ ဦးခေါင်းတော့ အိုးကင်းမီးပူထဲ ရောက်ပြီသာမှတ်ပေတော့၊ သည်တော့ ကျွန်ုပ် တစ်ခုပြောမယ်၊ ဘုရင်မ သေတဲ့အကြောင်းကို သူတို့မသိစေနဲ့၊ ကဲလေ၊ သည့်အတွက် အဖေကြံဖန်ပြီး ပြောပါ့မယ်' ဟုပြော၍ လူရိုင်းတို့ကို လက်ခြေဖြင့်ပြ၍ခေါ်ရာ ကျွန်ုပ်တို့မှာ အလွန်တရာ ဆာလောင်မွတ်သိပ်လှသည်

ဖြစ်၍ အစာနှင့်ရေများကို တောင်းယူစားသောက်ပြီးနောက် အိပ်ပျော်၍ သွားကြလေ၏။

ကျွန်ုပ်တို့သည် အိပ်ရာမှ နိုးလေလျှင် ဇနေတ္တိလည်း ကျွန်ုပ်တို့၏ အနီးတွင်ထိုင်လျက်ရှိနေသဖြင့် ကျွန်ုပ်တို့ အိပ်သည်မှာ မည်မျှကြာရှိကြောင်း မေးမြန်းရာ တစ်နေ့နှင့် တစ်ညရှိကြောင်းကို ပြောဆိုလေ၏။

ငင်းနောက် ဇနေတ္တိက ...

'ကဲ ငါ့သားများ၊ ဘယ့်နှယ်လုပ်ကြမလဲ' ဟုမေးရာ ကျွန်ုပ်သည် အတန်ငယ် စဉ်းစားပြီးနောက် ဇနေတ္တိအား ...

'ကျွန်တော်သည် ဖခင်၏ အသက်ကို တစ်ကြိမ် ကယ်ဆယ်ခဲ့ဖူးပါသည်၊ ဖခင်ကလည်း ကျွန်တော်တို့မှာ ယခုကဲ့သို့ အတိဒုက္ခရောက်ခြင်းမှ လွတ်ကင်းစေရန် ကျွန်တော်တို့၏ပြည်သို့ ရောက်နိုင်သောလမ်းစကို ညွှန်ပြခြင်းအားဖြင့် ကျေးဇူးဆပ်တော်မူပါ' ဟု တောင်းပန်လေလျှင် ဇနေတ္တိသည် မိနစ်အနည်းငယ် စဉ်းစားပြီးနောက် ...

'မစိုးရိမ်နှင့် ငါ့သား၊ ငါ့သား၏ကျေးဇူးကို မမေ့ပါ၊ ငါ့သားများကို ဖခင်တို့ ဖမ်းဆီးခဲ့သော နေရာသို့ရောက်အောင် သွားသောလမ်းမှာ ဘုရင်မ နေထိုင်ရာ ဂူတွင်းရှိ လူရိုင်းတို့၏အရပ်မှ ဖြတ်သန်း၍ သွားခဲ့ပါလျှင် လူရိုင်းတို့သည် ဘုရင်မ မပါသည်ကို သိမြင်သဖြင့် မောင်တို့မှာ ကျွန်ုပ်ပြောသည့်နည်းအတိုင်း သေဖွယ်ရာသာလျှင် ရှိချေတော့သည်၊ သို့ရာတွင် ဖခင်သည် အခြားလမ်းတစ်လမ်းကိုလည်း ငယ်စဉ်အခါက ရောက်ဖူးသည်ဖြစ်၍ သိရှိရလေသည်၊ ငင်းလမ်းမှ သွားရောက်လျှင် မောင်တို့ လာခဲ့သည့်နေရာသို့ မရောက်၊ အခြားလူမျိုးတို့နေထိုင်သောပြည်သို့ ရောက်လိမ့်မည်ဖြစ်သောကြောင့် မောင်တို့ သွားလိုက ဖခင်သည် ထိုလမ်းသို့လိုက်၍ ပို့ပါမည်' ဟုပြောလေ၏။

ကျွန်ုပ်သည် မောင်စောနိုင်ကိုနှိုး၍ တိုင်ပင်ရာ မောင်စောနိုင်က ...

'ဘယ်ပဲရောက်ရောက် ဦးလေးရယ်၊ သွားတာပေါ့၊ ဒီပြည်က လွတ်ရင်ပြီးရောပေါ့' ဟုပြောသဖြင့် ဇနေတ္တိသည် လူရိုင်းများထံသွား၍ ဘုရင်မနာမည်နှင့် ခြောက်လှန့်ပြီးလျှင် ထမ်းစင်နှစ်ခုကို ပြင်ဆင်လေ၏။

ကျွန်ုပ်တို့သည် လမ်းခရီးတွင် တွေ့မြင်ရသည်များကို စုံလင်စွာရေးသားရသည်ရှိသော်လည်း ဖတ်ရှု သူတို့သည် ငြီးငွေ့ဖွယ်ရာရှိသည်ဖြစ်၍ အကျဉ်းအားဖြင့်သာလျှင် ပြဆိုပေတော့အံ့။

ကျွန်ုပ်တို့သည် ထမ်းစင်များနှင့် ဆယ်ရက်ခရီးခန့်သွားမိလျှင် ဇနေတ္တိက ...

'ကိုင်း ငါ့သားများ၊ ဖခင်တို့မှာ ဤအရပ်သို့ရောက်အောင်သာလျှင် လိုက်ပို့နိုင်သည်၊ သို့သော် ရှေ့မှမြင်ရသောတောင်ကို ကျော်ပြီးနောက် ငါ့သားများသည် နေ့တစ်ဝက်ခန့် ဆက်လက်သွား၍ နောက်တစ်တောင်ကို ကျော်မိသော် လူတစ်မျိုးတို့နေထိုင်သောပြည်သို့ ရောက်ရှိလိမ့်မည်၊ ဖခင်တို့မှာ ဤအရပ်မှ ပြန်ရပေတော့မည်' ဟုပြောပြီးလျှင် ကျွန်ုပ်တို့အား တစ်ရက်တွက် စားသောက်ရန် အစာတို့ကို ပေးလေ၏။

ကျွန်ုပ်တို့လည်း ဇနေတ္တိအား များစွာကျေးဇူးတင်ကြောင်းကို ပြောဆိုပြီးလျှင် နှုတ်ခွန်းဆက်သ၍ ၎င်းညွှန်ပြသည့်လမ်းအတိုင်း သွားကြပြီးလျှင် ပြည်တစ်ပြည်သို့ ဆိုက်ရောက်ရာ ၎င်းပြည်မှာ တိဗက်ပြည်ပင် ဖြစ်လေ၏။

ထိုပြည်သို့ရောက်လျှင် ကျွန်ုပ်တို့မှာ တည်းခိုနေထိုင်ရန် များစွာမခဲယဉ်းဘဲရှိသဖြင့် ကျွန်ုပ်တို့၏ ငွေထားရာ နေရှင်နယ်ဘဏ်တိုက်သို့ စာရေး၍ ငွေတစ်ထောင်ကျပ် အလျင်အမြန် ထုတ်ပေးရန် စာရေးသား တောင်းဆိုရာ ၎င်းငွေကိုရရှိလျှင် ကျွန်ုပ်တို့သည် တရုတ်ပြည်သို့ အလည်အပတ် သွားရောက်ကြ၍ ဤအဖြစ်အပျက်များကို ပီကင်းမြို့တော်မှနေ၍ ရေးသားပေးပို့လိုက်ခြင်း ဖြစ်လေသတည်း။ ။

ဟောဟောဟော

# ရပကလျာဏီ

## စကားချီး

ကျွန်ုပ်သည် ကိုဖိုးထော်နှင့် ကိုစောနိုင်တို့ထံမှ ရရှိခဲ့သော စာအရ ၎င်းတို့၏ အဖြစ်အပျက်များကို 'ရူပနန္ဒီဝတ္ထု' ဟူသောအမည်ဖြင့် စာတစ်အုပ် ရေးသားခဲ့ရာ ထိုအချိန်မှသည် ယခုအချိန်သို့တိုင်အောင် နှစ်ပေါင်း ၃၀ ကျော် ကြာခဲ့ပြီဖြစ်သဖြင့် ဤအချိန်ကာလ အတောအတွင်း ထိုသူနှစ်ယောက်တို့ မည်သည့်ဒေသ၊ မည်သည့်ဌာနသို့ ရောက်နေကြရှာလေသည်ကို ရံဖန်ရံခါ သတိရတိုင်း တွေးတောစိတ်ကူးမိ၏။

ထိုသူနှစ်ယောက်တို့မှာ စွန့်စွန့်စားစား ခရီးသွားရခြင်းအလုပ်ကို အလွန်တရာ နှစ်သက်မြတ်နိုးသည့်အတိုင်း အရိုင်းအစိုင်းများရှိရာ အာဖရိက တိုက်သို့ သွားကြလေသလား၊ သို့တည်းမဟုတ် ဒေသန္တရဗဟုသုတ အလို့ငှာ အမေရိကန်၊ အင်္ဂလန်၊ ဂျပန် စသောတိုင်းပြည်များကို လှည့်လည်နေကြလေ သလောဟု အမျိုးမျိုး တွေးတောမိ၏။

သို့ရာတွင် ဆယ်နှစ်ကျော်၊ ဆယ့်ငါးနှစ်ခန့်ကြာရှိပြီးနောက် ၎င်းတို့ အကြောင်းကို တစ်စုံတစ်ရာမျှ မကြားရသဖြင့် တစ်နှစ်ထက်တစ်နှစ် မေ့စပြု

လာခဲ့ရာတွင် တစ်နေ့သောနံနက်၌ ကျွန်ုပ်သည် စာတစ်စောင်နှင့် အထုပ်ကြီး တစ်ထုပ်ကို ရရှိလေ၏။

သို့ပါသော်လည်း ၎င်းစာနှင့် အထုပ်ကြီးသည် ကိုဖိုးထော်၊ ကိုစောနိုင် တို့နှင့် ဆက်သွယ်ခြင်းရှိလိမ့်မည်ဟု မတွေးထင်နိုင်သဖြင့် ပေါ့ပေါ့လျော့လျော့ နှင့်ပင် စာကိုဖွင့်၍ဖတ်မိရာ၊ စာမဆုံးမီပင် ကျွန်ုပ်မှာ ကြီးကျယ်စွာ အံ့အားသင့် မိလေ၏။ ၎င်းစာမှာကား ...

စာရေးအစီရင်ခံပါသည် ဆရာကြီးရွှေဥဒေါင်း။

ကျွန်တော်မှာ ကွယ်လွန်သူဦးဖိုးထော်ကို ကြပ်မတ်ကုသခဲ့ရ သော ဆရာဝန်ဦးလူကလေး ဖြစ်ပါသည်။

ဦးဖိုးထော်မှာ လွန်ခဲ့သော တနင်္ဂနွေနေ့က ကသာ ဒိစတြိတ် ထီးချိုင့်မြို့အပိုင် ဖုန်ကုန်းရွာကလေးတွင် နလုံးရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်ရရှာပါသည်။

ကျွန်တော်မှာ ထီးချိုင့်မြို့ ဆေးရုံဆရာဝန်ဖြစ်၍ ဦးဖိုးထော် သေဆုံးခါနီး လေးငါးရက်လောက်တွင်မှ ကုသရသူ ဖြစ်ပါသည်။

အကယ်၍ ကျွန်တော့်အား တင်တင်ကြိုကြို ခေါ်ယူကုသစေ ခဲ့ပါမူ ယခုကဲ့သို့ ဖြစ်ရမည်မဟုတ်ပါ။ မည်သည့်နည်းနှင့်မဆို ယုတ်စွ အဆုံး သုံးလေးငါးလမျှ အသက်ရှင်နေအောင် ကျွန်တော် တတ်နိုင် လောက်ပါသည်။

သို့ရာတွင် ဦးဖိုးထော်မှာ မိမိကိုယ်ကို မိမိသေရတော့အံ့ဟု ပြင်ဆင်ထားပြီး ဖြစ်ဟန်တူသည့်ပြင် ကျွန်တော့်ကို ခေါ်ယူခြင်း မှာလည်း ဆေးဝါးကုသမှုထက် အရေးကြီးသော ကိစ္စတစ်ခုအတွက် ခိုင်းစေရန်မျှ ဖြစ်ဟန်တူပါသည်။

၎င်းကိစ္စမှာကား ဤစာနှင့်အတူ ပေးပို့လိုက်သော အထုပ် တင်ပို့မှုပင် ဖြစ်ပါသည်။

ဦးဖိုးထော်မှာ ဖုန်ကုန်းရွာကလေး၌ ဆွေမျိုးညာတိ မရှိပါ။ အမဲပစ်ခြင်း၌ ဝါသနာပါသူတစ်ယောက်ဖြစ်သည့်အတိုင်း ဒရယ်၊ စိုင်၊ ဆတ် စသည့် တောသတ္တဝါများပေါများသော ဤနယ်တွင် မုဆိုး လိုင်စင်ယူ၍ အမဲများပစ်ခတ် ရောင်းချစားသောက်နေထိုင်ခဲ့သည်မှာ တစ်နှစ်ကျော် နှစ်နှစ်ခန့်မျှ ရှိပါပြီ။

ထိုအတောအတွင်း မုန်ယိုသော ဆင်ရိုင်းတစ်ကောင်နှင့် ဆင်ပစ်လိုင်စင်အရ ဆင်နှစ်ကောင် ပစ်ခတ်ရောင်းချခဲ့ဖူးရာ အစွယ် သုံးစုံအတွက် ငွေ ၁၅၀၀ ရဖူးပါသည်။

သူ၏အိမ်မှာ ရွာ၏အနောက်စွန်းတွင်တည်ရှိ၍ ထမင်းချက် ယောကျာ်းကြီး တစ်ယောက်၊ မုဆိုးလက်ထောက်တစ်ယောက်၊ တိုလီ မိုလီ ခိုင်းစေရန် သူငယ်ကလေး တစ်ယောက် ပေါင်းလေးယောက်မျှ ရှိကြပါသည်။

ဦးဖိုးထော်မှာ ၎င်းရွာသား အစေခံများအား ရက်ရောစွာ ပေးကမ်းပြုစုသဖြင့် ကျန်ရစ်သောအစေခံ သုံးယောက်တို့က ဦးဖိုးထော် သေဆုံးသည့်အတွက် ဆွေမျိုးတစ်မျှ ပူဆွေးဒုက္ခ ရောက်နေရစ်ကြ ပါသည်။

လွန်ခဲ့သော သုံးလလောက်က ဦးဖိုးထော်သည် ထီးချိုင့်မြို့ တွင် ကျွန်တော်နှင့်တွေ့၍ စကားလက်ဆုံ ဝင်ကြသောကြောင့် သေမည့်ဆဲဆဲတွင် ကျွန်တော့်အား ယုံကြည်လောက်သူ မိတ်ဆွေ တစ်ယောက်ကဲ့သို့ မှတ်ယူဟန် လက္ခဏာနှင့် မှာယူခြင်း ဖြစ်ပါသည်။

ကျွန်တော့်မှာ ထီးချိုင့်မြို့မှ မြတောင်ရွာသို့ နေ့တိုင်း သမ္ဗာန်ကလေးနှင့်ကူး၍ တစ်မိုင်ကျော်ခန့်ဝေးသော ဖုန်ကုန်းရွာသို့ ခြေလျင် လျှောက်ရပါသည်။

သို့သော် ဦးဖိုးထော်မှာ ရောဂါကျွမ်းနေပြီဖြစ်သောကြောင့် ကျွန်တော်သွားရခြင်းမှာ ဆေးကုသမှုထက် အဖော်အလျော် ရစေမှု အတွက်မျှသာ ဖြစ်ပါသည်။

ဦးဖိုးထော် မကွယ်လွန်မီတစ်နေ့၌ ကျွန်တော့်အား ...

ထော်။ ။'ကျွန်တော် ဘယ်နှစ်ရက်လောက် နေရဦးမလဲ ဒေါက်တာ'

ကျွန်တော်။ ။ 'မဟုတ်တရုတ်ဗျာ၊ ခင်ဗျား ဒီတောင်က တက်မှာပါဗျ၊ မပူပါနဲ့'

ထော်။ ။ (ဦးခေါင်းယမ်းကာပြုံးလျက်) 'ဒါတွေလုပ်မနေနဲ့ ဒေါက်တာ၊ ကျွန်တော်သိပါတယ်၊ ကျွန်တော့်စိတ်ထဲမှာ ဆုံးဖြတ်လို့ မရနိုင်တဲ့ ကိစ္စတစ်ခု ရှိနေပါတယ် ဒေါက်တာရဲ့၊ ကျွန်တော်တို့ အဖြစ်အပျက်တွေကို တိုင်းပြည်က သိအောင် ဆရာရွှေဥဒေါင်းထံ ပို့လိုက်ရ ကောင်းမလား၊ သို့မဟုတ် လူမသိ သူမသိ ဒီအတိုင်း တိတ်တိတ်သေလိုက်ရ ကောင်းမလားလို့ စဉ်းစားနေတယ်၊ တစ်နေ့က ရေးပြီးတဲ့ စာတွေကို မီးရှို့ပစ်လိုက်မယ် အကြံနဲ့ အထုပ်ကြီးကို မီးထဲတောင် ပစ်ချလိုက်ပြီးပြီ၊ နောက်တော့မှ အကြံတစ်မျိုးရပြီး မီးထဲက ပြန်ထုတ် ယူလိုက်ရတယ်၊ ဒီလိုပါ ဒေါက်တာ၊ ဟောဒီက စာရွက်တွေဟာ ကျွန်တော်တို့ အဖြစ်အပျက်တွေကို ကျွန်တော် ရေးထားတာပဲ၊ ဒီစာရွက်တွေကို ဒေါက်တာယူပြီး ဆရာရွှေဥဒေါင်းဆီ ပို့ပေးပါ ဒေါက်တာ'

ကျွန်တော်။ ။'သူ့လိပ်စာက ဘယ်လိုလဲ'

ထော်။ ။'သူရိယတိုက်က ကျေးဇူးပြုပြီး ဆရာရွှေဥဒေါင်း ဆိုရင် ရောက်ပါတယ် ဒေါက်တာ'

ကျွန်တော်။ ။'စိတ်ချပါ၊ ကျွန်တော် ဆောင်ရွက်ပေး ပါမယ်၊ ကိုင်း၊ တော်တော့၊ စကားသိပ်မပြောနဲ့ မောနေတော့မယ်'

ကျွန်တော်သည် စာရွက်များကို အိမ်သို့ယူသွား၍ ဖတ်ကြည့်ရာ အလွန်တရာ ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းလှသောကြောင့် တစ်ညဥ့်လုံး မအိပ်ဘဲ မိုးလင်းအောင် ထိုင်ဖတ်မိသည်။

ဝတ္ထုများကို ဘယ်အခါမျှ မဖတ်ခဲ့ဖူးသော ကျွန်တော်မှာ ဝတ္ထုထက်ဆန်းနေသော တကယ့်အဖြစ်အပျက်များကို အစွဲကြီးစွဲနေသဖြင့် မပြီးမချင်း လက်မလွှတ်ဘဲ ဆက်၍ ဖတ်ရပါတော့သည်။

နောက်တစ်နေ့၌ ကျွန်တော်သည် ထုံးစံအတိုင်း ဖုန်ကုန်းရွာသို့ သွားရောက်ကာ ကျွန်တော်၏ အကြံမှာ ဤမျှလောက် ဆန်းကြယ်လှသော အဖြစ်အပျက်များနှင့် ကိုယ်တိုင်တွေ့ကြုံရသော ဦးဖိုးထော်အား ချီးကျူး စကားပြောကြားရန် ဖြစ်ပါသည်။

သို့သော် ဝမ်းနည်းဖွယ် ကောင်းလေစွ။ ဦးဖိုးထော်မှာ ထိုနေ့နံနက် အရုဏ်တက်အချိန်တွင် ကွယ်လွန်သွားကြောင်း အစေခံများက ဆီးကြို၍ ပြောကြပါသည်။

အထုပ်နှင့်အတူ ဦးဖိုးထော် ကိုယ်တိုင်ရေးသည့် ရွှေဥဒေါင်းထံ စာတစ်စောင်ကိုလည်း ထည့်၍ ပို့လိုက်ပါသည်။ စာရော အထုပ်ပါ လုံခြုံစွာ ရောက်ရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

လူကလေး

S.S.S Tigyaing

ငင်းစာကို ဖတ်ပြီးနောက် ကျွန်ုပ်သည် ဦးဖိုးထော် သေဆုံးသည့် အဖြစ်ကို ဝမ်းနည်းရန် အချိန်မရနိုင်ဘဲ အထုပ်ကြီးကို ဖွင့်ကြည့်ရာ ဆင်တံဆိပ်စက္ကူဖြင့် စာမျက်နှာ ၁၈၀ ခန့် လက်ရေးခပ်စိပ်စိပ်နှင့် ရေးသားထားသည့် စာရွက်များကို တွေ့ရှိရ၏။

အဆုံးစာရွက်များမှာ မီးသင့်လောင်ထားသည်ကို တွေ့ရှိရပေရာ ၎င်းစာရွက်များနှင့်အတူ ဦးဖိုးထော်၏ စာတစ်စောင်ကိုလည်း တွေ့ရှိရ၏။ ၎င်းစာမှာ ...

မိတ်ဆွေ ဆရာရွှေဥဒေါင်း

တိဗက်ပြည်မှ ပြန်ရောက်လာပြီးနောက် ထောက်လှမ်းစုံစမ်းကြည့်ရာ မိတ်ဆွေကြီး အသက်ရှင်လျက် ရှိနေသေးကြောင်း သိရှိရသဖြင့် ဝမ်းမြောက်လှပါသည်။

ယခင်တစ်ကြိမ် မြန်မာပြည်သို့ရောက်လာစဉ် 'ရှုပနန္ဒီ' ဝတ္ထုအမည်ဖြင့် ကျွန်တော်တို့၏ အဖြစ်အပျက်များကို ဖတ်ရှုရသဖြင့် ကျွန်တော့်အတွက် ဆောင်ရွက်ပေးခြင်းကို ကျေးဇူးဥပကာရ တင်ရှိပါသည်။

ယခုပေးပို့လိုက်သော စာရွက်များမှာ ရှုပနန္ဒီနှင့်ပတ်သက်၍ ကျွန်တော်တို့ဆက်လက်ကြုံတွေ့ရသော အဖြစ်အပျက်များ ဖြစ်ပါသောကြောင့် ယခင်နည်းတူ ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျွန်တော်မှာ အလွန်ချောင်ကျသော တောရွာကလေးတွင် အဖြစ်အပျက်များကို စီစဉ်ရေးသားရင်း အမဲပစ်ရင်း ခိုအောင်းနေထိုင်လျက်ရှိစဉ် အပြင်းအထန် ခရီးသွားခဲ့သည့်ဒဏ်များ စု၍ကိုင်သည့်လက္ခဏာနှင့် နှလုံးရောဂါ စွဲကပ်နေပါသည်။

ဤတောင်မှ ကျွန်တော် တက်နိုင်လိမ့်မည် မထင်သဖြင့် မိတ်ဆွေ၏စာအုပ်ကို ဖတ်ခွင့်ရတော့မည် မထင်သော်လည်း ကျွန်တော်တို့၏ ထူးဆန်းအံ့သြဖွယ်သော အဖြစ်များကို အမျိုးသားများ ဖတ်ရှုခြင်းအားဖြင့် ဗဟုသုတတိုးပွားကြပါလျှင် ကျွန်တော့်အဖို့ စိတ်ကျေနပ်တော့မည် ဖြစ်ပါကြောင်း။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေသောဝ်

ဖိုးထော်

(မောင်စောနိုင်၏ အဖော်)

ကျွန်ုပ်သည် ဦးဖိုးထော်၏ စာရွက်များကို ဖတ်ရှုရသည့်အခါ ရှုပနဒ္ဒီနှင့် ပထမအကြိမ်တွေ့စဉ်က အဖြစ်အပျက်များကဲ့သို့ပင် အံ့ဖွယ်သရဲ ထူးကဲဆန်းပြားကြောင်း တွေ့ရပေကား အင်္ဂလိပ်ဘာသာဖြင့် ဦးဖိုးထော် ရေးသားထားသည့်မူအတိုင်း အနည်းငယ်မျှ ဖြည့်စွက်ပြင်ဆင်ထားခြင်းမပြုဘဲ သင့်တင့်အောင် ဘာသာပြန်ဆို ရေးသားရခြင်း ဖြစ်ပေသတည်း။

ရွှေဥဒေါင်း

## နိမိတ်လက္ခဏာ

ကျွန်ုပ်တို့သည် ဃလဟဂ္ဂပြည်မှ ပြန်လာပြီးနောက် မန္တလေးမြို့၌ လအနည်းငယ်မျှ နေထိုင်ကြသေး၏။ သို့ရာတွင် မောင်စောနိုင်မှာ ရူပနန္ဒီကို လွမ်းဆွတ်သောစိတ်ဖြင့် မစားနိုင်၊ မအိပ်နိုင် ရှိနေရရှာသည်တွင် ကျွန်ုပ်က ကမ္ဘာကို လှည့်လည်ကြည့်ရှုရန် အကြံပေးဖူး၏။ အဘယ်ကြောင့်ဆိုသော် စိတ္တဇရောဂါ စွဲကပ်သူများအဖို့၌ ရပ်တည်ရာမရဘဲ တစ်နေရာမှ တစ်နေရာ၊ တစ်ပြည်မှ တစ်ပြည်သို့ ကူးပြောင်းသွားလာနေထိုင်ခြင်းသည် အကောင်းဆုံးသော ဆေးဖြစ်ပေသောကြောင့်တည်း။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် မောင်စောနိုင်အမွေရထားသော ပစ္စည်းဥစ္စာများနှင့် ဥရောပတိုက်၊ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်စသော တိုင်းပြည်များသို့ ဆယ့်ရှစ်နှစ်ခန့်တိုင်တိုင် လှည့်လည်ကြည့်ရှုခဲ့ကြလေ၏။

ကျွန်ုပ်တို့မှာ အင်္ဂလိပ်စာစီစာကုံးအတတ်တွင် အင်္ဂလိပ်များကိုယ်တိုင် ချီးမွမ်းပြောဆိုခြင်း ခံခဲ့ဖူးရကား အနယ်နယ်အရပ်ရပ်၌ တွေ့မြင်ခဲ့သမျှသော အဆန်းအပြား သတင်းများကို အင်္ဂလန်ပြည်ထုတ် မဂ္ဂဇင်းများသို့ ရေးသားပေးပို့ခြင်းအားဖြင့် မောင်စောနိုင်၏ အမွေပစ္စည်းကို ရံဖန်ရံခါမျှလောက်သာ ထုတ်နုတ်သုံးစွဲရလောက်အောင် အထောက်အပံ့ရရှိခဲ့လေ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် မြန်မာပြည်သို့ပြန်ရောက်လာ၍ တနင်္သာရီ ပင်လယ်ကမ်းခြေရှိ ရွာကလေးတစ်ရွာတွင် အိမ်တစ်လုံးဝယ်ယူပြီးနောက် အတန်ကြာအောင် အခြေတကျ နေထိုင်ကြသေး၏။

ကျွန်ုပ်တို့ အိမ်ကလေးမှာ ပင်လယ်ကမ်းခြေရှိ ကျောက်ဆောင်ကြီး တစ်ခု၏အစွန်းတွင် တည်ရှိ၍ ပင်စင်အငြိမ်းစား အင်္ဂလိပ်အရာရှိတစ်ယောက်၏လက်မှ အဖိုးသက်သာစွာနှင့် ဝယ်ယူရရှိသော အိမ်ကြီးဖြစ်လေသည်။

အိမ်ရှေ့ဝရန်တာမှ မျှော်ကြည့်သော် သင်္ဘောအသွားအလာနှင့်တကွ ကမ်းမမြင်နိုင်သဖြင့် လှိုင်းတဖွေးဖွေးရှိနေသော ရေပြင်ကျယ်ကြီးကို တွေ့မြင်ရလေရာ အချို့သောသူတို့အဖို့ ရှုမျှော်ခင်းသာယာလှသည်ဟု ဆိုဖွယ်ရာရှိ၏။

သို့ရာတွင် ကျွန်ုပ်၏ သားအရင်းတမျှချစ်လှစွာသော မောင်စောနိုင် အဖို့မှာကား အလိပ်လိပ်ကြွ၍ တက်လာသော လှိုင်းခေါင်းဖြူကြီးများသည် လည်းကောင်း၊ လေပြင်းခတ်သဖြင့် ကျောက်စောင်းသို့ တဝုန်းဝုန်း ရိုက်ပုတ်နေသော ရေသံတို့သည်လည်းကောင်း၊ ဘယ်အခါမျှ မမေ့နိုင်သော ရူပနန္ဒီကို လွမ်းစ ဖော်ပေးသကဲ့သို့ ရှိနေဟန်တူပေ၏။

တစ်နေ့သော ညနေခင်းအချိန်တွင် ကျွန်ုပ်နှင့် မောင်စောနိုင်တို့သည် ဝရံတာတွင်ထိုင်လျက် အဝေးကြီးမှ မီးခိုးတလူလူနှင့် ခုတ်နှင်လာသော သင်္ဘောကြီးတစ်စင်းကို မျှော်ကြည့်လျက်ရှိကြစဉ် မောင်စောနိုင်က ...

နိုင်။ ။ကျွန်တော် မနေနိုင်တော့ဘူး ဦးလေးရေ့၊ ရူပနန္ဒီကို တွေ့အောင် လိုက်ရှာတော့မယ် ဦးလေးရယ်'

ကျွန်ုပ်။ ။'ဘယ့်နယ်ရှာမလဲ၊ ငါတို့မျက်စိအောက်မှာ ရူပနန္ဒီ သေသွားတာ မြင်လိုက်ရတယ် မဟုတ်လားကွဲ့'

နိုင်။ ။'ဒီလိုဟုတ်ရိုးလားဦးလေးရယ်၊ ဒီဘဝ မပေါင်းရ နောက်ဘဝ ပေါင်းရမယ်၊ တစ်နေရာရာ တစ်ခါခါကျတော့ ပေါင်းရမှာပေါ့ ဦးလေးရဲ့၊ ကျွန်တော်တို့မေတ္တာက သူလိုငါလို ဖြစ်ကတတ်ဆန်း မေတ္တာမျိုး မဟုတ်လို့ နှစ်ပေါင်း နှစ်ထောင်ကျော်ကြာအောင် သူ စောင့်နေခဲ့တာကို ဦးလေးကိုယ်တိုင် မြင်ပြီးသားဟုတ်လား ဦးလေးရဲ့'

ကျွန်ပ်။ ။'မှန်ပါတယ် ငါ့တူ၊ နို့ပေမဲ့ မင်းပြောသလို လူ့ဝမ်းထဲ ဝင်စားပြီး ဆိုပါဦးတော့၊ ယခုနေအခါမှာ သူ ဘယ်ကြီးကြီးမားမား ဖြစ်ဦးမှာလဲ ကွဲ့'

နိုင်။ ။'ဆယ့်သုံးလေးနှစ်သမီးတော့ ရှိသွားပြီ၊ ဟာ၊ ဦးလေးရယ်၊ ဦးလေး မလိုက်ချင်နေ၊ ကျွန်တော် တစ်ယောက်တည်း လိုက်ရှာချေတော့မယ်၊ ဒီလိုထိုင်နေလို့ တွေ့မှာမဟုတ်ဘူး၊ ကျွန်တော့်စိတ်ထဲမှာ ဟုတ်ဟုတ် မဟုတ်ဟုတ် လှုပ်ရှားသွားလာနေရတာက စိတ်သက်သာခွင့် ရပါတယ် ဦးလေးရယ်'

ကျွန်ပ်။ ။'ရှာတာတော့ ဟုတ်ပါပြီ၊ ဘယ်သွားလို့ ဘယ်ရှာရမှာလဲ ငါ့တူရဲ့၊ အရိပ်နိမိတ်တစ်ခုခု ပြလာရင်လဲ တော်သေးရဲ့၊ ရမ်းပြီးလျှောက်သွားလို့ ဘယ့်နှယ်လုပ်မလဲကွယ့်'

နိုင်။ ။'တွေ့ချင်တွေ့ မတွေ့ချင်နေ၊ နက်ဖြန်တော့ ကျွန်တော် ထွက်တော့မယ်'

ကျွန်ပ်သည် ညဏ်ရှိသမျှ ချော့မော့တားဆီးသေး၏။ သို့သော်လည်း အချည်းနှီးပင်။

ထိုည၌ ကျွန်ပ် အိပ်မက်မြင်မက်သည်ကား အလွန်မှောင်မိုက်လှသော ညတစ်ည၌ ကျွန်ပ်နှင့် မောင်စောနိုင်တို့သည် ကျယ်ဝန်းလှစွာသော ကန္တာရကြီးတွင် ရှုပနန္ဒီကို လိုက်လံရှာဖွေလျက်ရှိကြစဉ် အထက်ကောင်းကင်မှ မိုးချုန်းသံကဲ့သို့ မြည်ဟည်းနက်ကျယ် ကြောက်မက်ဖွယ်ကောင်းလှသော အသံကြီးကို ကြားကြရသဖြင့် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်ကာ မြေပေါ်တွင် ပြားပြားဝပ်၍ နေကြရ၏။

နောက်ခဏ၌ ဝေးလံသောအရပ်မှ အလင်းရောင်ကြီးတစ်ခု ထိုးထွက်လာသဖြင့် ကျွန်ပ်တို့သည် အံ့ဩစွာနှင့် ငေးမော၍ကြည့်နေကြရာ အလင်းရောင်သည် ကျယ်ပြန့်သောအဖြစ်မှ သေးငယ်သောအဖြစ်သို့ ကျုံ့ဝင်သွားပြီးလျှင် ကျွန်ပ်တို့ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရွေ့လျောလာလေ၏။

Myanmar cupid

ကျွန်ုပ်တို့လည်း ကြယ်ကြီးနှစ်လုံးအရွယ်ခန့်ရှိသော အလင်းလုံးကြီးကို မော့လျက်ကြည့်နေစဉ် အလင်းလုံးကြီးသည် ကျွန်ုပ်တို့၏ ဦးခေါင်းပေါ် တည့်တည့်၌ ရုတ်တရက် ရပ်တန့်နေလေ၏။

(အလင်းလုံးကြီးဟု ဆိုရခြင်းမှာ ကျွန်ုပ်မြင်ရဖူးသော မည်သည့် မီးမျိုးနှင့်မျှမတူ၊ ကြယ်ကဲ့သို့လည်း မျက်တောင်မခတ် တစ်သမတ် တည်ငြိမ်စွာ နှင့် စူးစူးရားရား ပြောင်လက် လင်းထိန်လှသောကြောင့် ဖြစ်ပေသည်။)

ကျွန်ုပ်တို့ ကြည့်နေခိုက်တွင် အလင်းလုံးကြီးသည် ထက်ကောင်းကင်မှ တဖြည်းဖြည်းနိမ့်ဆင်းလျှောကျလာ၍ ကျွန်ုပ်တို့တွေ့မြင်ရဖူးသည့် ရုပ်လက္ခဏာ အတိုင်း ရူပနန္ဒီ၏ပုံသဏ္ဌာန် ပေါ်ထွက်လာ၏။ အလင်းလုံးကြီးမှာကား ၎င်း၏လည်ပင်းတွင် ဝတ်ဆင်ထားသည့် ဘယက်တစ်ခုမှ ကွန့်မြူးနေသော အရောင်မျှသာ ဖြစ်ကြောင်း တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်ုပ်နှင့် မောင်စောနိုင်တို့က ဝပ်ရာမှထ၍ ဝမ်းသာအားရ နှုတ်ဆက်ကြလေရာ ရူပနန္ဒီသည် မည်သို့မျှ ပြန်၍မပြောဘဲ တစ်ကြိမ်တည်း ပြုံးရုံကလေးပြုံးပြီးနောက် ကျွန်ုပ်တို့နှစ်ယောက်ကို လက်ယပ်ခေါ်ငင်လေ၏။

ကျွန်ုပ်တို့လည်း လေကဲ့သို့ ပေါ့သောကိုယ်များ ရှိကြဟန်နှင့် ရူပနန္ဒီ နောက်သို့ လိုက်ကြလေရာ ရူပနန္ဒီသည် မြေပြင်မှ မြောက်တက်သွားသဖြင့် ကျွန်ုပ်တို့လည်း ၎င်းနှင့်အတူ မြောက်တက်ပါသွားလေ၏။

၎င်းနောက် ရူပနန္ဒီက ရှေ့မှသွား၍ ကျွန်ုပ်တို့လည်း နောက်မှကပ်၍ လိုက်ပါသွားကြသည်တွင် မြို့ကြီး၊ ရွာကြီး၊ အင်းကြီး၊ အိုင်ကြီး၊ မြိုင်ကြီး၊ တောင်ကြီး၊ တောကြီး၊ ပင်လယ်ကြီး စသည်တို့ကို ကောင်းကင်မှ ဖြတ်ကျော် သွားကြလေ၏။

တချို့မြို့များ၌ စေတီပုထိုးများကို မြင်သဖြင့် မြန်မာမြို့ဟူ၍ လည်းကောင်း၊ ဗလီနှင့် လခြမ်းများကို မြင်ရသဖြင့် ကုလားမြို့ဟူ၍ လည်းကောင်း၊ အမိုးကော့ကော့ ဦးမော့မော့ မြင်ရသဖြင့် တရုတ်ကျောင်းနှင့် တရုတ်မြို့ဟူ၍လည်းကောင်း သိရှိရလေ၏။

နောက်ဆုံးတွင် တောင်များထိပ်တွင် တရုတ်နမူနာဆန်ဆန် ဆောက်လုပ်ထားသော ဘုန်းကြီးကျောင်းများကို တွေ့ရသဖြင့် တိဗက်ပြည်သို့ ရောက်လာကြောင်း သိရှိရလေ၏။

၎င်းနောက် မိုးပွင့်များဖြင့် ဖွေးဖွေးဖြူလျက်ရှိသော တောင်ကြီးအထပ်ထပ်၊ မြစ်ကြောင်းအသွယ်သွယ်တို့ကို ကျော်လွန်ပြီးလေသော် တောင်ကြီးတစ်လုံး၏ ကမ်းပါးယံတွင် လတစ်ခြမ်းပဲ့ ပုံသဏ္ဍာန်ကဲ့သို့ တစ်ဖက်သော မျက်နှာ၌ ပိတ်လျက်၊ တစ်ဖက်သော မျက်နှာ၌ ဟင်းလင်းပြင်ပွင့်လျက်ရှိသော အဆောက်အဦကြီးတစ်ခု အထက်သို့ရောက်လာကြလေ၏။

သို့ရာတွင် ရူပနန္ဒီသည် ရပ်နားခြင်းမရှိဘဲ ဆက်လက်သွားပြန်ရာ လွင်ပြင်တစ်လှည့် တောင်တစ်လှည့် ကျော်လွန်ပြီးနောက် တစ်ခုသော တောင်ထိပ်၌ ရပ်နားကြလေ၏။

ကျွန်ုပ်တို့ သုံးဦးသည် တောင်ထိပ်မှရပ်လျက် အရှေ့မြောက်အရပ်ဆီသို့ မျှော်ကြည့်နေကြစဉ် အလင်းရောင်ကြီးတစ်ခုသည် သဘော်မီးသဖွယ် ကောင်းကင်ပြင်၌ အစင်းလိုက် တန်းထွက်နေသည်ကို တွေ့မြင်ကြရလေ၏။

နောက်ခဏ၌ ရူပနန္ဒီသည် အလင်းထွက်သော အရပ်သို့ ရှေ့တူရှုမျက်နှာမူလျက် ဆက်လက်ထွက် သွားကြပြန်ရာ အလင်းရောင်သည် ကျွန်ုပ်တို့၏ ကိုယ်များကိုပင် ဝင်းထိန်လျက်ရှိစေ၏။

အတန်ကြီး သွားမိကြသောအခါ မီးပြတိုင်သဖွယ် မတ်မတ်ကြီး ထိုးတက်လျက်ရှိသော တောင်ထွတ်တစ်ခု၏ ထိပ်၌ အပေါက်ကြီးတစ်ပေါက်ရှိရာ တောင်ထွတ်၏ အခြားဘက်၌ရှိသော အလင်းရောင်သည် ထိုအပေါက်ကြီးမှ ထွင်းဖောက်ထွက်ပေါ်လာခြင်းအားဖြင့် သင်္ဘောဓာတ်မီး (Search Light) သဖွယ် ကောင်းကင်ပြင်၌ တန်းတန်းကြီး တွေ့မြင်ရခြင်း ဖြစ်ပေသည်။

တောင်ထွတ်၏ အပေါ်တည့်တည့်သို့ ရောက်ကြသောအခါ ရူပနန္ဒီသည် ရပ်တန့်၍ အောက်သို့ တစ်ချက်မျှလက်ညှိုးထိုးပြပြီးလျှင် ကွယ်ပျောက်သွားလေရာ ကျွန်ုပ်လည်း အိပ်ရာမှ နိုးလာလေ၏။

အိပ်မက်ဆိုသည်မှာ လူတိုင်းမြင်မက်ဖူးသဖြင့် မည်ကဲ့သို့ ခံစားရသည်ဟု နားလည်ကြပေလိမ့်မည်။ ကျွန်ုပ်တို့ အိပ်မက်မှာ လူကိုယ်တိုင် ရွေ့လျော ရွေ့ပြောင်းသွားသည်ကို မတွေ့ရသဖြင့်သာလျှင် အိပ်မက်ဟူ၍ခေါ်ရသော်လည်း စင်စစ်အားဖြင့် အခါတိုင်း မြင်မက်ဖူးသော အိပ်မက်များနှင့် အလွန်တရာ ခြားနားလှသောကြောင့် အဟုတ်တကယ်ပင် ဖြစ်ခဲ့လေသလား မှတ်ထင်ရ လောက်ပေသည်။

မည်သို့ပင်ဖြစ်စေ ဤအခြင်းအရာမှာ သာမည အိပ်မက်မျိုးမဟုတ်ဘဲ ရူပနန္ဒီက နိမိတ်လက္ခဏာ ပြလာခြင်းဖြစ်ရမည်ဟု ယုံကြည်စိတ်ချသည်နှင့် နံနက်လင်းအောင် မစောင့်ဆိုင်းနိုင်တော့ဘဲ မောင်စောနိုင်အား ညတွင်းချင်းနှိုး၍ ပြောအံ့ဟု ထလာခဲ့လေ၏။

၎င်း၏တံခါးကို ခေါက်လိုက်သည်နှင့် တစ်ပြိုင်နက် မောင်စောနိုင်က 'ခင်ဗျာ အဆင်သင့်လိုက်တာ ဦးလေးရယ်၊ ကျွန်တော်ကလဲ လာနှိုးမလို့' ဟုပြော၍ အခန်းတွင်းမှ ထွက်လာလေ၏။

ကျွန်ုပ်သည် လက်မှကိုင်ထားသော ဖယောင်းတိုင်ကို စားပွဲတွင် စိုက်ထောင်ပြီးနောက် ကျွန်ုပ်က အိပ်မက်အကြောင်းကို မောင်စောနိုင်အား ပြောပြလေ၏။

အနည်းငယ်ပြောမိလျှင်ပင် မောင်စောနိုင်က 'နောက်ဆုံးကျတော့ အပေါက်ကြီးရှိတဲ့ တောင်ထွတ်ရောက်ကြတယ်၊ လက်ညှိုးထိုးပြပြီး သူ ပျောက်သွားရော မဟုတ်လား' ဟု ကြိုတင်၍မေးလိုက်ရာ ကျွန်ုပ်မှာ အကြီး အကျယ် အံ့အားသင့်နေမိလေ၏။

သာ၍အံ့ဖွယ်ကောင်းသော အခြင်းအရာမှာ မောင်စောနိုင်ကိုယ်တိုင် ကျွန်ုပ်မြင်သကဲ့သို့ ထပ်တူထပ်မျှ မြင်မက်ခြင်း ဖြစ်ပေသည်။

လူနှစ်ယောက်တို့သည် တစ်ပြိုင်နက် တစ်ခါတည်း အကြောင်းအရာ တစ်ခုကို ပြိုင်တူအိပ်မက်မြင်သည်ဟု ဘယ်နံရောအခါက ကြားကြရဖူးလေ သနည်း။

ဤအခြင်းအရာသည် ရူပနန္ဒီကိုယ်တိုင် နိမိတ်လက္ခဏာပြခြင်း ဖြစ်ကြောင်းကို ကျွန်ုပ်တို့၏ စိတ်ထဲ၌ ယုံမှားသံသယရှိခဲ့ဖူးပါလျှင် နှစ်ဦးပြိုင် မြင်မက်ကြောင်း သိရှိကြရသောအခါတွင် ယုံမှားခြင်း အလျဉ်းမရှိတော့ဘဲ စိတ်နှလုံးကို တုံးတုံးချမိကြလေတော့သတည်း။

ဝေ၉၈

## တိဗက်ရဟန်းတော်များ

ကျွန်ုပ်တို့သည် အရာရာတိုင်း စိတ်တူသဘောတူ လူနှစ်ယောက် ဖြစ်ကြသည့်အလျောက် နေအိမ်ကို ရောင်းချ၍ ရှေးဦးစွာ တိဗက်ပြည်သို့ ထွက်လာခဲ့ကြ၏။

ငင်းနောက် ဟိမဝန္တာတောင်ကြီး၏ မြောက်ပိုင်းတွင်ရှိသော တောင်စဉ်၊ တောင်ထပ်၊ တောင်ကလပ်မှစ၍ နိမ့်သောတောင်၊ မြင့်သောတောင်၊ မနိမ့်မမြင့် ရှိသောတောင်၊ ဝိုင်းသောတောင်၊ ချွန်သောတောင်၊ ရှည်လျားသောတောင် အစရှိသည်တို့၏ ကမ်းပါးနံရံတွင် လတစ်ခြမ်းပုံ ပုံသဏ္ဍာန်ရှိသော တိဗက် (လာမာ)ဘုန်းကြီးကျောင်းကို ရှာဖွေကြရာ ငါးနှစ်တိုင်တိုင် ကြာရှိသော်လည်း တစ်စွန်းတစ်စမျှ မတွေ့ရချေ။

ထိုအချိန် ကာလအတောအတွင်း၌ အသက်ဘေးအန္တရာယ်မှ လက်မတင်ကလေး၊ ဆံခြည်တစ်လုံးခန့်ကလေး လွတ်လာခဲ့ရပုံများကို ရေးသား ဖော်ပြရမည်ဆိုသော် စာအုပ်ပေါင်း လေး ငါး ခြောက်တွဲနှင့်ပင် ပြီးဆုံးကောင်းမှ ပြီးဆုံးပေလိမ့်မည်။

တစ်နေ့သ၌ ကျွန်ုပ်တို့သည် လတစ်ခြမ်းပုံ ပုံသဏ္ဍာန်ရှိသော ဘုန်းကြီးကျောင်းများ တည်ရှိရာအရပ်ကို သတင်းအရရှာဖွေရာ မိုင်ပေါင်း ၉၈၀ ခန့်ခရီးပေါက်၍ နှစ်နှစ်တိုင်တိုင် ပင်ပန်းကြီးစွာ သွားရပြီးနောက် ဆိုက်ရောက် သောအခါမှ မဟုတ်သေးကြောင်း သိရှိရလေ၏။

ထိုအချိန် ကာလအတောအတွင်း ကျွန်ုပ်တို့နှစ်ယောက်သည် တစ်ကြိမ်တစ်ခါမျှ လက်လျှော့မည်ဟု အကြံမဖြစ်ပေါ်ခဲ့ဘူးချေ။

'တွေ့လျှင်တွေ့စေ၊ မတွေ့လျှင်လည်း ရှာဖွေရင်းနှင့်ပင် အသက်ကုန်ဆုံးစေ' ဟူ၍ သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပေသောကြောင့်တည်း။

အလွန်ကျယ်ဝန်းလှသော 'တာကစ်စတန်ပြည်ကြီး၏ အလယ်ပိုင်းတွင် 'ဘော်လတက်' အမည်ရှိ အိုင်ကြီးတစ်အိုင်ရှိရာ ၎င်းအိုင်ကြီး၏ အရှေ့ဘက်မိုင်နှစ်ရာခန့်တွင် 'အကာတီ' တောင်တန်းကြီးရှိ၏။

၎င်းတောင်တန်း၏ အရှေ့ဘက်မိုင်ပေါင်း ငါးရာခန့်အကွာ၌ 'ချာဂါ' အမည်ရှိ တောင်တန်းများရှိပြန်ရာ ကျွန်ုပ်တို့သည် သတင်းအရ အဆိုပါတောင်တန်းဆီသို့ ရှေ့ရှုမှန်းမျှော် ရမ်းရော်ကာ ထွက်လာခဲ့ကြလေ၏။

အမှတ်တရ ပြောပလောက်အောင်ရှိသော အဖြစ်အပျက်များမှာ ထိုနေရာမှ စတင်ဖြစ်ပွားခဲ့လေသည်။ ချာဂါတောင်တန်းကြီး၏ တောင်ထွဋ်တစ်ခုပေါ်တွင် ကျွန်ုပ်တို့သည် ငတ်မွတ်ခြင်းဘေးကြောင့် အသက်ဆုံးရှုံးလုမတတ် ဖြစ်ခဲ့ကြရ၏။

ဆောင်းရာသီတိုင်ရောက်သဖြင့် တောင်တန်းတစ်လျှောက်၌ ဆီးနှင်းများ စုပုံလျက်ရှိနေပြီဖြစ်သော်လည်း ကျွန်ုပ်တို့၌ ရိက္ခာသိုမှီးရသေးခြင်း မရှိချေ။

လွန်ခဲ့သော မိုင်တစ်ရာခန့်တွင် နောက်ဆုံးတွေ့ဆုံမိသော ခရီးသည်တစ်ယောက်က ၎င်းတောင်တန်းတွင် အကျင့်သိက္ခာ အထူးသန့်စင်သည့် လာမာဘုန်းတော်ကြီးများ နေထိုင်သော ကျောင်းကြီးတစ်ကျောင်း ရှိကြောင်းနှင့် ပြောလိုက်သည်ကို မှတ်သားလာခဲ့ကြ၏။

တစ်ညသ၌ ကျွန်ုပ်တို့သည် ရှိသမျှသော ဝန်စည်ပစ္စည်းကလေးများကို 'ယက်' ခေါ် နွားမွေးရှည်ကြီး၏ ကျောက်ကုန်းထက်၌ တင်ဆောင်ကာ မှေးမှိန်သော လရောင်တွင် နှစ်ယောက်သား ခရီးသွားလျက်ရှိကြ၏။ ကမ္ဘာပေါ်ရှိ တိရစ္ဆာန်အပေါင်းတို့တွင် ၎င်းနယ်ရှိ နွားမွေးရှည်ကြီးကဲ့သို့ ကြံ့ခိုင်မာကျောသော ကိုယ်လက်အင်္ဂါရှိသည့် တိရစ္ဆာန်မျိုးကို တွေ့ရခဲပေရာ ၎င်းနွားကြီးသည်

ရေညှိခြောက်ကလေးများမှတစ်ပါး အခြားသော အစာရေစာ မစားရဘဲ ရက်ပေါင်းများစွာ ခရီးသွားနိုင်ပေ၏။

သို့ရာတွင် ထိုညဥ့်၌မူကား နွားကြီးမှာ ရက်ပေါင်းအတန်ကြာ အစာ မစားရဘဲ ခရီးပြင်းသွားခဲ့ရသောကြောင့် ၎င်း၏သခင်များကဲ့သို့ပင် ချည့်နဲ့လှ၍ တလှုပ်လှုပ်သာ ရွေ့နိုင်ရှာတော့၏။

၎င်းကျောက်ကုန်းထက်၌ကား ယမ်းတောင့် တစ်ရာကျော်၊ ငွေ အနည်းငယ်၊ လက်ဖက်ခြောက်ထုပ်၊ သိုးရေအဝတ်အစား အနည်းငယ်နှင့် သားမွေးစောင် နှစ်ထည်မျှသာ ပါရှိလေတော့၏။

နောက်ဆုံး၌ နွားကြီးသည် ခြေတစ်လှမ်းမျှ မရွေ့နိုင်တော့သည့် လက္ခဏာနှင့် သက်ပြင်းချကာ ရပ်တန့်လိုက်ရာ ကျွန်ုပ်တို့လည်း ရပ်တန့်လိုက်ရ လေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် သားမွေးစောင်များကိုယူ၍ ခြုံကြပြီးလျှင် မိုးလင်းသည့်တိုင်အောင် စောင့်ဆိုင်းနေကြလေ၏။

ကျွန်ုပ်တို့၏ စိတ်ထဲ၌ကား နက်ဖြန်တိုင်ရောက်၍ သားကောင် တစ်စုံတစ်ရာ မတွေ့ခဲ့လျှင် နွားကြီးကိုပင်သတ်၍ စားရတော့မည်လောဟု စိတ်ကူးမိ၏။

သို့ရာတွင် ကျွန်ုပ်နှင့်အတူ နှစ်နှစ်တိုင်တိုင် ဆိုးတူကောင်းဖက် ခရီး သွားလာခဲ့သော တိရစ္ဆာန်ဖြစ်သောကြောင့် 'မသတ်ပါရစေနှင့်' ဟု ဆုတောင်း မိ၏။ သို့သော် 'သားကောင်ချနင်း' ဟူသော ထုံးရှိသောကြောင့် အမှန် မပြောနိုင်သေးပေ။

နံနက်မိုးလင်းသောအခါ ကျွန်ုပ်တို့သည် တစ်ယောက်၏မျက်နှာကို တစ်ယောက်လှမ်း၍ ကြည့်ကြ၏။ မောင်စောနိုင်၏ ချီးမွမ်းဖွယ်ကောင်းသော အခြင်းအရာတစ်ခုမှာ မည်သည့်အကျဉ်းအကြပ်၊ မည်သည့်အခက်အခဲမျိုး ကြုံတွေ့ရသည်ဖြစ်စေ 'လာခဲ့မိတာ မှားလေခြင်း' ဟူသော မျက်နှာထားမျိုး ဘယ်အခါမျှ မပြဘဲ ဉာဏ်ဒုက္ခမှ တစ်နည်းနည်းလွတ်ရမည်ဟု စိတ်ချမျှော်လင့် ခြင်းရှိဟန်နှင့် ပြုံးရွှင်ကြည်လင်စွာ တွေ့မြင်ရသည်သာလျှင် ဖြစ်လေသည်။

မောင်စောနိုင်မှာ ထိုအချိန်အခါ၌ အသက်လေးဆယ်ခန့်ရှိပြီဖြစ်၍ ယောကျ်ားတို့အဖို့ အရွယ်ကောင်း လွန်ခဲ့လေပြီ။

လူပျိုပေါက်အရွယ်က သူတစ်ပါးတို့နှင့် မတူအောင် ချောမောလှပ ရှုကြည့်၍ မဝနိုင်လောက်သော ရုပ်လက္ခဏာတို့သည် ထိုအရွယ်တွင် အနည်းငယ်မျှ ဆုတ်ယုတ်ညှိုးဖျင်းခြင်းမရှိသည့်ပြင် ရင့်ကျက်သော ဣန္ဒြေဖြင့် ဖြည့်စွက်ပေါင်းထည့်လိုက်ခြင်းအားဖြင့် ယခင်အရွယ်ကထက် ခံ့ခံ့ညားညား ယောကျ်ားပီသလျက် ဆတက်ထမ်းပိုးတိုး၍ ကြည့်ကောင်းလာပေသေး၏။ ဆုတောင်းကောင်းပါဘိတကား။

ကျွန်ုပ်အဖို့မှာမူ လူတကာ အော့နှလုံးနာလောက်အောင် အကျည်းတန် လှသော မူလရုပ်လက္ခဏာကို နေပူမိုးရွာမရှောင် ခရီးပြင်းသွားရခြင်း တည်းဟူသော ပင်ပန်းမှုကြောင့် ရေးကထက်တိုး၍ အရုပ်ဆိုးလှပေလိမ့်မည်။ သို့ရာတွင် ဦးလေးအရင်းတမျှ ချစ်ခင်လှသော မောင်စောနိုင်ကမူ ထိုကဲ့သို့ဖွင့်၍ မပြောရှာပေ။

ရူပနန္ဒီက ကျွန်ုပ်အား ပြောဖူးသောစကားအတိုင်း အဆင်းမရှိသော်လည်း အချင်းရှိသည်ဆိုခြင်းနှင့်ပင် ကျေနပ်ရပေတော့မည်။

ထူးခြားသော အခြင်းအရာတစ်ခုမှာ ကျွန်ုပ်တို့သည် ရေပြောင်းရေလဲ၊ ဥတုပြောင်းဥတုလဲ၊ အမျိုးမျိုးကြုံကြိုက်ရသည့်ပြင် နေပူအခြောက်၊ မိုးရွာအစို၊ အဝတ်မလဲ၊ အစားမရွေး ဆယ့်နှစ်ရာသီလုံးလုံး နှစ်ပေါင်းများစွာ ခရီးသွား နေကြသော်လည်း တစ်နေ့တစ်ရက်မျှ 'ခေါင်းခဲလည်နာ' ရောဂါမျိုးလောက်မျှ စွဲကပ်ဖူးသည် မရှိချေ။

ထိုကဲ့သို့ ဒင်ဒင်မြည်အောင် ကျန်းမာနေကြခြင်းမှာ ရူပနန္ဒီနှင့်အတူ အာယုအင်္ဂမီးတောက်ကြီး၏ အနံ့ကို ရှူရှိုက်ခံစားခဲ့ရသောကြောင့်ပေလော မပြောတတ်ပေ။

မိုးလင်းသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် လမ်းခရီးစဉ် တည်နေပုံအခြေအနေကို မျှော်ကြည့်မိကြလေ၏။

ကျွန်ုပ်တို့ရှိနေရာ တောင်ကမ်းပါးယံမှ အောက်သို့ မျှော်ကြည့်လိုက်သော် သစ်ပင်များ စိမ်းစိမ်းစိုစိုရှိသည့် တောကလေးတစ်တောကို တောင်ခြေရင်းတွင် တွေ့မြင်ရ၍ တောကလေးဆုံးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့ အကြိမ်ကြိမ် အတန်တန် ဖြတ်သန်းသွားလာခဲ့ဖူးသည့် သဲကန္တာရကြီးမျိုး တစ်ခုသည် မျက်စိအဆုံးတိုင်အောင် တည်ရှိ၍ သဲမှုန်များသည် ထွက်ပြူစနေမင်း၏ အရောင်တွင် တပြောင်ပြောင် တလက်လက် ရှိနေကြလေ၏။

ကန္တာရ၏ တစ်ဖက်၌ကား မိုးပွင့်များ ဖုံးအုပ်လျက်ရှိသော တောင်ကြီးများသည် လေပြင်းတိုက်ခတ်သောအခါတွင် သမုဒ္ဒရာ၌ အလိပ်လိပ် ထကြွသော လှိုင်းခေါင်းဖြူကြီးများသဖွယ် တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ မကုန်ဆုံးနိုင်အောင် စီတန်းလျက်ရှိကြလေ၏။

မောင်စောနိုင်သည် နေရောင်ကို လက်ဖြင့်ကာလျက် တစ်ဖက်သို့ မျှော်ကြည့်နေရာမှ …

'ကြည့်စမ်း ဦးလေး၊ ဟိုမှာကြည့်စမ်း' ဟု တုန်လှုပ်သောအသံဖြင့် ရုတ်တရက် ပြောလိုက်လေ၏။

ကျွန်ုပ်သည် မောင်စောနိုင် ညွှန်ပြရာအရပ်သို့ ကြည့်လိုက်သောအခါ သဲကန္တာရ၏ အစွန်းတွင် ထီးထီးငုတ်တုတ် တည်နေသော တောင်ကြီးတစ်လုံးကို တွေ့မြင်ရလေ၏။

ထို့နောက် တစ်ဖန် မောင်စောနိုင်က 'ဒီဘက်ကို ကြည့်လိုက်စမ်းပါဦး' ဟု ပြောသောကြောင့် ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ ကျွန်ုပ်တို့ ရပ်နေသောနေရာ၏အထက် ကိုက်ပေါင်း သုံးရာခန့်လောက်ရှိ တောင်ကမ်းပါးယံ၏အစွန်းတွင် ဘုန်းကြီးကျောင်းများနှင့် သဏ္ဌာန်တူသော အဆောက်အဦများကို ဝမ်းမြောက်စွာတွေ့မြင်ရလေ၏။

တွေ့မြင်စအခါက ဝမ်းမြောက်သောစိတ်သည် တဖြည်းဖြည်းစိုက်၍ ကြည့်မိသောအခါ၌ ထ၍ခုန်ပေါက်ချင်လောက်အောင် ရွှင်မြူးသောအဖြစ်သို့ တိုးဆင့်ကူးပြောင်းသွားလေ၏။

အကြောင်းမူကား ၎င်းအဆောက်အဦများသည် အိပ်မက်တွင် တွေ့မြင်ခဲ့ရသည့်အတိုင်း လတစ်ခြမ်းပုံ ပုံသဏ္ဍာန်ရှိနေသည်ကို တွေ့မြင်ရသောကြောင့်ပေတည်း။

'ကော်ပြီ ဦးလေးရေ့'

'ကော်ပြီ ငါ့တူရေ့'

ကျွန်ုပ်တို့သည် ရွှင်ပြုံးသော မျက်နှာများဖြင့် သားမွေးစောင်များကို ခေါက်သိမ်း၍ နွားကြီး၏ ကျောက်ကုန်းပေါ်သို့တင်ပြီးနောက် အဆောက်အဦးများဆီသို့တက်သော လမ်းအတိုင်း လိုက်ကြလေရာ ကျွန်ုပ်တို့ခြေလှမ်းမှာ အလွန်သွက်လှပေ၏။

နွားကြီးခများမှာမူ ကျွန်ုပ်တို့ကဲ့သို့ ဝမ်းမြူးဖွယ် အခြင်းအရာ မတွေ့ရရှာသောကြောင့် တလှုပ်လှုပ်သာလျှင် တက်နိုင်ရှာလေ၏။

'လမ်းစ တစ်စကတော့ တွေ့ပြီ ဦးလေးရေ့၊ ဒီက ရေ့လျှောက်တော့ ရှာရတာ အားရှိသွားပြီ၊ နိမိတ်လက္ခဏာပြလာတယ်လို့ ယုံကြည်ပါတယ် ဆိုပေမယ့် လက်ဆုပ်လက်ကိုင် ထင်ထင်ရှားရှား ဘာတစ်ခုမျှ မတွေ့ရသေးတော့ လမ်းများ လွဲသွားကြလေရော့သလားလို့ စိုးရိမ်နေရတယ်၊ အခုတော့ စိတ်ချရပြီ၊ ဒီက ရေ့လျှောက် ဘယ်နှစ်နှစ် ရှာရရှာရ ကျွန်တော် မကြောက်တော့ဘူး၊ တစ်နေ့တော့ ဧကန်မုချ တွေ့ရမှာပဲ'

'မြေကြီးလက်ဝါးနဲ့ပုတ်ရင် လွဲချင် လွဲဦးမယ်၊ ငါတို့တော့ မလွဲဘူး၊ ဧကန္တ တွေ့ရမှာပဲ ငါ့တူရေ့'

ကျွန်ုပ်တို့သည် နာရီဝက်ခန့်မျှ ကွေ့ကွေ့ကောက်ကောက်နှင့် တက်မိကြသောအခါ လတစ်ခြမ်းပုံ ပုံသဏ္ဍာန်ရှိသော အဆောက်အဦးများ၏ အစွန်ဆုံးသော ကျောက်ဆောင်သို့ ဆိုက်ရောက်ကြ၍ တံခါးကို ခေါက်လေ၏။

တစ်ခဏမျှကြာသောအခါ အသက်ခြောက်ဆယ်ခန့်ရှိ တိဗက်ဘုန်းကြီး တစ်ပါးသည် တံခါးဖွင့်၍ အံ့ဩသောမျက်နှာထားနှင့် ကျွန်ုပ်တို့အား ကြည့်ပြီးလျှင် ကိစ္စကို မေးလေ၏။

(၎င်းကျောင်းကြီးမှာ အနီးဆုံးသောရွာနှင့် ငါးလ ခရီးမျှ ကွာလှမ်း၍ ၎င်းကျောင်းသို့ လူသူမရောက်ပေါက်သည်မှာ ဆယ့်ငါးနှစ်ခန့်မျှ ရှိပြီဟု နောင်အခါ၌ ကျွန်ုပ်တို့ သိရှိရသောကြောင့် ဘုန်းတော်ကြီး၏ အံ့ဩခြင်းကို ကျွန်ုပ်တို့ မအံ့ဩထိုက်ပါပေ။)

ထိုအခါ ကျွန်ုပ်တို့က အစာရိက္ခာ ကုန်ခမ်းပြတ်လပ်လာသော ခရီးသည်များဖြစ်ကြောင်း၊ တရားတော်အတိုင်း ဒုက္ခိတအဖြစ်သို့ ရောက်နေသော ကျွန်ုပ်တို့အား ဗြဟ္မစိုရ်တရား ရှေ့ထား၍ ကျွေးမွေးပြုစုပါမည့် အကြောင်းနှင့် ၎င်းတို့၏ ဘာသာစကားအရ ပြန်ပြောလေ၏။

(ကျွန်ုပ်တို့မှာ တိဗက်ပြည်သို့ လွန်ခဲ့သော ခြောက်နှစ်ခန့်ကတည်းက ဆိုက်ရောက်၍ ဤမှ ထိုမှ လှည့်လည်သွားလာနေခဲ့ကြသောကြောင့် တိဗက် စကားကို ထမင်းစား ရေသောက်မက ပြောတတ်ကြလေပြီ)

ဘုန်းတော်ကြီးသည် ကျွန်ုပ်တို့ နှစ်ယောက်အား အတန်ကြာအောင် ခြေဆုံးခေါင်းဆုံးကြည့်ပြီးနောက် ကျေနပ်ဟန်လက္ခဏာနှင့် အတွင်းဆောင်သို့ ခေါ်သွားလေ၏။

အတော်အတန်ကျယ်ဝန်းသော အခန်းကြီးတစ်ခန်းသို့ ရောက်ကြသော အခါ ဘုန်းကြီးအို ဆယ့်နှစ်ပါးတို့သည် နံနက်စာ စားသောက်ရန် ပြင်ဆင်လျက် ရှိကြရာ ကျွန်ုပ်တို့ကို ခေါ်သွင်းလာသော ဘုန်းတော်ကြီးက ကျောင်းထိုင် ပုဂ္ဂိုလ်ကြီးအား အကျိုးအကြောင်းကို လျှောက်ထားလေ၏။

(ကျောင်းထိုင်ပုဂ္ဂိုလ်ကြီး၏ ဘွဲ့မှာ ကောက်ဝမ်ဟူ၍ သိရှိရ၏။)

ထူးခြားသော အခြင်းအရာတစ်ခုမှာ ၎င်းကျောင်းတွင် ကိုရင် ဦးပဉ္စင်း ဟူ၍ မတွေ့ရ၊ အားလုံးတို့သည် ဘုန်းကြီးအိုကြီးများ ဖြစ်ကြလေရာ

ကျွန်ုပ်တို့ကို ခေါ်သွင်းခဲ့သည့် အသက်ခြောက်ဆယ်ခန့်ရှိ ဘုန်းတော်ကြီးမှာ ၎င်းတို့အထဲတွင် အငယ်ဆုံးဖြစ်လေသည်။

ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးမှာ အသက်ရှစ်ဆယ်နှင့် ကိုးဆယ်အတွင်း ရှိပေလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်တို့ပြည်မှ ကိုးဆယ်ရွယ်များနှင့်မတူဘဲ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက် လှုပ်ရှားသွားလာနိုင်တုန်းပင် ဖြစ်ကြလေသည်။

ကျောင်းထိုင် 'ကောက်ဝမ်' သည် ကျွန်ုပ်တို့ကို နေရာပေးပြီးနောက် တံခါးစောင့်သော ဘုန်းတော်ကြီးအား ကျွန်ုပ်တို့၏ နွားကြီးကို ကျောင်းနွားများနှင့်အတူ နေရာချထား၍ အစာကျွေးမွေးရန် စေလွှတ်လိုက်လေ၏။

၎င်းနောက် အခြားဘုန်းကြီးအိုကြီးတစ်ပါးက ကျွန်ုပ်တို့နှင့်တကွ အားလုံးအဖို့ စားစရာများကို ပြင်ဆင်လေ၏။ စားစရာများကား နွားနို့နှင့် ကျိုထားသော ယာဂုနှင့် ငါးခြောက်ကင်များဖြစ်ရာ ကျွန်ုပ်တို့နှစ်ယောက်မှာ ရှေးယခင်က ဟိုတယ်များ၌ စားခဲ့ရဖူးသည့် မည်သည့်စားစရာမျိုးနှင့်မျှ မတူအောင် အရသာရှိလှသဖြင့် တစ်ပန်းကန်ပြီးတစ်ပန်းကန် ခပ်၍သောက်ကြလေ၏။

ကျွန်ုပ်တို့ စားသောက်ကြပုံကို မြင်ကြရသောအခါ အချို့ ဘုန်းတော်ကြီးများက ဤလူနှစ်ယောက်ကို တစ်လလောက် လက်ခံထားရလျှင် ခြောက်လအတွက် သိုမှီးထားသော မိမိတို့၏ရိက္ခာများ ကုန်ခမ်းမည် စိုးရိမ်ရကြောင်းနှင့် ပြက်ရယ်ယောင်နှင့် တကယ်ပြောကြ၏။

ပြောလည်း ပြောလောက်ပါပေသည်။ အကြောင်းကိုဆိုသော် အစာနှင့်ဝေးနေသဖြင့် အူနှင့်ဟောင်းလောင်းဖြစ်နေသော ကျွန်ုပ်တို့အသီးသီးသည် ဘုန်းကြီးအို လေးပါးစာမျှ စားသောက်ပစ်လိုက်ကြသောကြောင့်ပေတည်း။

ဝမ်းတောင့်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် မျက်စိမှေးလာကြလေရာ အလိုက်သိသော ဘုန်းတော်ကြီးများသည် ထွေရာလေးပါးစကားတို့ကို မေးလားမြန်းလားမပြုဘဲ အိပ်ခန်းထဲသို့ လိုက်ပို့သဖြင့် ကျွန်ုပ်တို့သည်

ခေါင်းအုံးနှင့် ဦးခေါင်းထိမိသည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားကြ၍ နှစ်ဆယ့်လေးနာရီတိတိ နိုးတော့သည် မရှိချေ။

အိပ်ရာမှ နိုးလာကြသောအခါ ကျွန်ုပ်တို့မှာ အလွန်တရာ ခွန်အား ပြည့်တင်းလာကြသဖြင့် ဆက်လက်၍ ခရီးသွားကြဖို့ပင် အကြံပြုမိကြလေ၏။

သို့ရာတွင် အချည်းနှီးပင်။ အကြောင်းကိုဆိုသော် ကျွန်ုပ်တို့ နိုးလာကြ သည့်ညနေ၌ပင် ဆောင်းရာသီ ကျကျနန ဝင်လာသည်ဖြစ်သောကြောင့် ခိုက်ခိုက်တုန်မျှ အေးချမ်းလှသည့်အပြင် မိုးပွင့်မုန်တိုင်းများလည်း မရပ်မနား တိုက်ခတ်နေသည့်အတွက်ကြောင့် သဲကန္တာရကြီးတစ်ခုလုံးပင် မိုးပွင့်များဖြင့် ထူထပ်စွာ ဖုံးအုပ်သွားသောကြောင့်ပေတည်း။

ငှင်းအရပ်ဒေသတွင် နွေဥတုရာသီ၌ပင်လျှင် ညများ၌ အရိုးထဲက ကျဉ်တက်အောင် ချမ်းလှသေးသည်ဖြစ်ရာ ဆောင်းရာသီ၌ ခရီးသွားလာဖို့မှုကား စိတ်ကူးထဲ၌မှ မထည့်ဝံ့ပေ။

စင်စစ်မှာ ကျွန်ုပ်တို့သည် လတစ်ခြမ်းပဲ့ ကျောင်းသခ်မ်းသို့ နှစ်ဆယ့်လေးနာရီခန့်မျှ အရောက်နောက်ကျခဲ့ပါမူ မိုးပွင့်မုန်တိုင်းထဲ၌ သေကြရတော့မည် မလွဲဖြစ်၏။

ယခုကဲ့သို့ လက်မတင်ကလေးမျှ ကပ်၍လွတ်သွားခြင်းမှာ မောင်စော နိုင်နှင့် ရူပနန္ဒီတို့၏ ဖူးစာကံကြောင့်ဟူ၍ ယုံကြည်မိကြပေရာ ထိုကဲ့သို့ အသက်ဘေးမှ သီသီကလေးမျှ လွတ်ကင်းချမ်းသာခဲ့ရဖူးသော အကြိမ်မှာလည်း မရေတွက်နိုင်တော့ပေ။

ကျွန်ုပ်တို့၏ စိတ်ထဲ၌ ဘယ်လိုဖြစ်ဖြစ် မသေနိုင်သေးဟူ၍ သဘော ပိုက်လာကြသည်မှာ အတော်ကြာခဲ့လေပြီ။ သို့ဖြစ်က ကျွန်ုပ်တို့မှာ လခြမ်းပဲ့ ကျောင်းသခ်မ်းတွင် အနည်းဆုံး ခြောက်လခန့်မျှ ဆောင်းခိုကြရတော့မည်ဖြစ်၍ ဆီးနှင်းများအရည်ပျော်မည့် မိုးဦးရာသီ (ကဆုန်လ)လောက်မှ ထွက်ခွာနိုင်ကြဖို့ ရှိတော့၏။

ဌင်းအရပ်ဒေသ၌ ဆောင်းခိုရခြင်းမှာ နှစ်စဉ်အလုပ်ဖြစ်သောကြောင့် မောင်စောနိုင်မှာ စိတ်တိုလောက်အောင် မဖြစ်တော့ချေ။

ရပ်နားရမည့်အတူတူ သဲလွန်စရထားသော လခြမ်းပွဲစခန်းတွင် ရပ်နားရခြင်းက တော်ပါသေး၏ဟု အောက်မေ့မိကြရလေ၏။

ဌင်းစခန်း၌ ရပ်နားနေရစဉ် ကျွန်ုပ်တို့သည် ဘုန်းတော်ကြီးများ၏ အဖြစ်အပျက်နှင့် အနေအထိုင်တို့ကို ကြည့်ရှုမှတ်သားကြရသည့်ပြင် တိဗက်စာကိုလည်း လိုလိုမယ်မယ် သင်အံလေ့လာထားကြလေ၏။

ကျောင်းတော်ကြီးမှာ ရှေးအခါက ဘုန်းကြီးသုံးလေးရာခန့်မျှ သီတင်းသုံးခဲ့ဖူးသည့်အလျောက် အလွန်တရာ ကျယ်ဝန်းလှပေရာ ယခုအခါ၌ ဆယ့်နှစ်ပါးသောဘုန်းကြီးအိုများသည် ကျယ်ဝန်းလှသော အဆောက်အဦးကြီး၏အစွန်ဆုံး အဆောင်တစ်ဆောင်၌သာလျှင် စုရုံးနေထိုင်ကြခြင်းဖြစ်လေသည်။

တိဗက်ဘုန်းကြီးများမှာ အများတို့ကြားကြရဖူးသည့်အတိုင်း မဟာယန ဗုဒ္ဓဘာသာဂိုဏ်း ဖြစ်သည့်အလျောက် မြန်မာပြည်မှ ရဟန်းတော်များကဲ့သို့ ဆွမ်းခံစားသောက်ကြသည် မဟုတ်ချေ။

အချို့ဘာသာ ဘုန်းကြီးများကဲ့သို့ သားမယားမရှိကြသည်ကား မှန်၏။ သို့ရာတွင် မိမိတို့ဝမ်းစာကို မိမိတို့ ထိန်းကျောင်းကြရသည်ဖြစ်သောကြောင့် တောင်ကမ်းပါးယံတွင် လယ်မြေများတီထွင်၍ နွားများဖြင့် ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်း၊ စပါးနယ်ခြင်း၊ လှေ့ခြင်း၊ သိုလှောင်ခြင်း၊ ထောင်းဖွပ်ခြင်းမှ ချူးခပ်မှုတိုင်အောင် ကိုယ်တိုင် ဆောင်ရွက်ကြရလေသည်။

စင်စစ်မှာ အနီးဆုံးရွာနှင့် ငါးလခရီး ကွာလှမ်းသောကျောင်းတွင် ကျောင်းထိုင်ကြသူများမှာ ဆွမ်းခံဖို့လည်း ခဲယဉ်းလှပေလိမ့်မည်။

ဘုန်းတော်ကြီးများမှာ လူ့ဘောင်ကို ငြီးငွေ့သဖြင့် လွတ်ရာလွတ်ကြောင်း ကျင့်ကြံအားထုတ်ကာ နေထိုင်သော ပုဂ္ဂိုလ်ကြီးများဖြစ်ရာ အဝတ်အထည်မှစ၍ အစားအသောက်များကိုပါ ကိုယ်တိုင် ရှာကြံသိုမှီးကြရလေသည်။

အတူလုပ် အတူစား စီးပွားဥစ္စာဟူ၍ အသီးသီး သိုမှီးစုဆောင်းရန် တာဝန်မရှိရကား စင်စစ်အားဖြင့် ဘုံဝါဒကို အဖြူစင်ဆုံး၊ အသန့်ရှင်းဆုံးသော အခြေသို့ရောက်အောင် လေ့ကျင့်လိုက်နာထားကြသူများ ဖြစ်ပေသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရှေးအခါက ဘုန်းကြီးသုံးလေးရာမျှ သီတင်းသုံးလာခဲ့သောကျောင်းကြီး ဖြစ်ငြားသော်လည်း ပုံလွန်တော်မူသော ပုဂ္ဂိုလ်များ၏ နေရာတွင် အသစ်များ မရောက်လာသောကြောင့် ယခုအခါ ဆယ့်နှစ်ပါးမျှသာ ရှိပေတော့၏။

၎င်းတို့အနက် အငယ်ဆုံး ဘုန်းတော်ကြီးမှာ အသက်ခြောက်ဆယ် ကျော်ပြီ ဖြစ်သောကြောင့် မကြာမီနှစ်များအတွင်း ကျောင်းနှင့်ဟောင်းလောင်း ကျန်ရစ်ရာရပေဦးတော့မည်။

တစ်နေ့သ၌ ကျွန်ုပ်တို့သည် ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးကောက်ဝမ်အား ...

'ဤတောင်တန်းများ၏ အခြားဘက်၌ လူနေအိမ်ခြေများ ရှိပါသလော' ဟု မေးမြန်းရာ ကောက်ဝမ်က ...

'မိမိ မရောက်ဘူးသော်လည်း ရှိသည်ဟု ထင်မှတ်ကြောင်း၊ ထိုအရပ်မှ လူများသည် မီးကို ကိုးကွယ်သည်ဟု ကြားရဖူးကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ခန့်က ဘုန်းကြီးတစ်ပါးသည် ရှေးက ရေးရေးမြင်ရသော တောင်ကြီး၏ ထိပ်သို့တက်၍ ကမ္ဘာ့ဌာန်းတရားအားထုတ်ဖူးရာ အလွန် ထူးဆန်းအံ့ဩဖွယ် ကောင်းသော အခြင်းအရာတစ်ခုကို တွေ့ခဲ့ရသည်ဟု ပြောဖူးကြောင်း၊ တောင်ကြီးပေါ်မှ အရှေ့မြောက်ထောင့်အရပ်သို့ ကြည့်လိုက်သောအခါ အထက် ကောင်းကင်၌ အလွန်ထိန်လင်းသော မီးရောင်ကြီးတစ်ခုသည် ဥပါဒ်ပုံသန်း ထားသော လမ်းကြောင်းကြီးတစ်ခုကဲ့သို့ တန်းတန်းကြီး ထိုးထွက်နေသည်ကို မြင်ရသည်ဟုပြောဖူးကြောင်း' ကောက်ဝမ်က ပြောပြလေ၏။

ကျွန်ုပ်နှင့် မောင်စောနိုင်တို့မှာ ကောက်ဝမ်၏စကားကို ကြားကြရသော အခါ ကျွန်ုပ်တို့ မြင်မက်ဖူးသောအိပ်မက်အတိုင်း ကိုက်နေသောကြောင့် ထိပေါက်သောသူများလောက်မက ဝမ်းမြောက်ကြလေ၏။

ကောက်ဝမ်နှင့် ခွဲခွာသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ထို အခြင်းအရာအကြောင်းကို အားရဝမ်းသာ ဆက်လက်တိုင်ပင်ကြရာ မောင်စော နိုင်မှာ ခရီးသွားလိုလှပြီဖြစ်၍ မချင့်မရဲဖြစ်ကာ ဆောင်းကျွတ်ဖို့ရန်ကိုသာ မျှော်လင့်တောင့်တလျက် ရှိလေတော့သတည်း။

ဤ၏

## အလင်းရောင်

ဆောင်းဥတုအလယ်သို့ရောက်သောအခါ မိုးပွင့်မုန်တိုင်းများ ရပ်စဲ၍ မိုးပွင့်များသည် အပေါ်ယံပေါ်တွင် တင်းမာနေသဖြင့် လူတစ်ယောက် လမ်းလျှောက်ခြင်းကို ခံနိုင်လောက်ရကား ကျွန်ုပ်တို့သည် တစ်ခါတည်း ခရီးမထွက်နိုင်သေးသော်လည်း လှည့်လည်ကြည့်ရှုစုံစမ်းရန်အကြံ ဖြစ်ပေါ်ကြ၏။

(မိုးပွင့်ဆိုသောအရာမှာ ကျွန်ုပ်တို့မြန်မာပြည်၌ တစ်ကြိမ်တစ်ခါမျှ ကျဖူးသည်မရှိသဖြင့် အနည်းငယ် ရေးသားဖော်ပြရပေမည်။ မိုးပွင့်သည် ကောင်းကင်မှကျလာသောအခါ၌ ဝါဂွမ်းကဲ့သို့ နူးညံ့ပျော့ပျောင်းလှ၍ သစ်ပင်သစ်ကိုင်းများ၌ ငြိတွယ်နေသည့်အခါ ဖွေးဖွေးဖြူလျက် စုပုံနေကြ၏။ မိုးပွင့်များသည် မျက်စိအောက်တွင် ရေခဲများ အရည်ပျော်သကဲ့သို့ လျင်မြန်စွာမဟုတ်ဘဲ တဖြည်းဖြည်း အရည်ပျော်ခြင်းအားဖြင့် စမ်းချောင်းများဖြစ်၍ စမ်းချောင်းအမြောက်အမြား စုပေါင်းမိသည့်အခါ ဧရာဝတီစသော မြစ်ကြီးများအဖြစ်နှင့် ပင်လယ်သို့ရောက်အောင် စီးဆင်းကြခြင်း ဖြစ်လေသည်။ ၎င်းတို့သည် တောင်များပေါ်၌ အထပ်ထပ်စုပုံမိသည့်အခါ တစ်ခုကိုတစ်ခု ဖိနှိပ်ခြင်းအားဖြင့် ဝါဂွမ်းကဲ့သို့ နူးညံ့သောအဖြစ်မှ ရေခဲ သို့မဟုတ် ရေခဲခြစ်ကဲ့သို့ မာကျောသောအဖြစ်သို့တိုင် ရောက်ကြရလေသည်။)

သို့ဖြစ်၍ တစ်နေ့သ၌ ကျွန်ုပ်တို့သည် အညောင်းပြေ လှည့်လည်ဦးအံ့ဟု ဘုန်းကြီးများအား လျှောက်ထား၍ ရိက္ခာအနည်းငယ်နှင့် သားရေများကို

စပ်၍ချုပ်ထားသည့် မိုးကာတဲနှင့် စောင်များကို ကျွန်ုပ်တို့၏ နွားကြီးပေါ်သို့ တင်ပြီးလျှင် ထွက်ရန် ပြင်ဆင်ကြလေ၏။

ကောက်ဝမ်က တောင်ကမ်းပါးယံတွင် စခန်းချရန် အလွန်ကောင်းသော ဂူကြီးတစ်ခုရှိကြောင်းနှင့် ပြော၍ တံခါးစောင့်သော ဘုန်းကြီးအား ကျွန်ုပ်တို့ကို ဂူသို့ရောက်အောင် လိုက်ပို့ရန် ထည့်လိုက်လေ၏။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် တစ်နေ့သော နံနက်စောစောတွင် သေနတ်ကိုယ်စီထမ်းကာ နွားကြီးကိုဆွဲလျက် ကျောင်းသခ်မ်းမှ ထွက်လာခဲ့ကြရာ မွန်းမတည့်မီ အချိန်တွင် ဂူကြီးသို့ ဆိုက်ရောက်ကြလေ၏။

ဂူကြီးမှာ ကျောက်စွန်းကြီးတစ်ခုဖြင့် အုပ်မိုးလျက်ရှိသောကြောင့် ခိုအောင်းရန်အတွက် အလွန်ကောင်း မွန်လှပေရာ အတွင်း၌ တောတိရစ္ဆာန်တို့၏ ကျင်ချေးပုံကြီးများသည် တောင်ပုံရာပုံဖြစ်နေသည်ကို တွေ့ရသဖြင့် အနှစ်နှစ် အလလက တောတိရစ္ဆာန်များ ခိုအောင်းလာခဲ့သော ဌာနတစ်ခုဖြစ်ကြောင်း သိရှိရလေ၏။ ကျင်ချေးပုံများမှာ ထင်းအတွက် အလွန်အသုံးဝင်လှပေ၏။

အမောအပန်းဖြေပြီးလတ်သော် ကျွန်ုပ်သည် ဂူဝတွင် တဲဆင်၍ တဲဝ၌ မီးဖိုပြီးလျှင် နွားကြီးနှင့် ဘုန်းကြီးကို ထားခဲ့ကာ သေနတ်ကိုယ်စီနှင့်ထွက်လာခဲ့ကြလေ၏။

ကျွန်ုပ်တို့သည် တောင်များ၏ အခြေအနေကိုကြည့်ရင်း၊ သားကောင်ရှာရင်းဖြင့် ထွက်လာခဲ့ရာ ကံအားလျော်စွာ တောင်ဆိတ်တစ်အုပ်ကို တွေ့ရလေ၏။

ဆိတ်များမှာ သေနတ်ကို မဆိုထားဘိ၊ လူကိုပင် မြင်ဖူးကြဟန်မရှိသဖြင့် အလွန်နီးကပ်စွာ အချဉ်းကပ်ခံကြရာ ကျွန်ုပ်တို့သည် တစ်ယောက်တစ်ယောက်စီ အလွယ်တကူနှင့် ပစ်ခတ်ရရှိလေ၏။

ငင်းနောက် ကျွန်ုပ်တို့သည် တစ်ယောက်တစ်ကောင်စီ ကျောပိုး၍ ဂူရှိရာသို့ ထမ်းလာကြပြီးလျှင် မီးပုံအနီးတွင် အရေများ ဆုတ်ခွာကြလေ၏။

ထိုညဉ့် ကျွန်ုပ်တို့သည် ဆိတ်သားကင်ဖြင့် ညစာစားသောက်ကြလေရာ အသားဟင်းလျာ မတွေ့ကြရသည်မှာ နေ့ရက်များစွာ ရှည်ကြာခဲ့ပြီဖြစ်သော ကြောင့် အလွန်မြိန်ယှက်စွာ စားနိုင်ကြ၏။

ဘုန်းတော်ကြီးမှာ ခပ်တွန့်တွန့်ဖြစ်နေသော်လည်း မြည်းကြည့်သော အခါ၌ ကောင်းမွန်ကြောင်းတွေ့ရှိရသဖြင့် ကျွန်ုပ်တို့ကဲ့သို့ပင် မြိန်ယှက်ဟန် တူပေသည်။

(တိဗက်ဘုန်းတော်ကြီးများမှာ ဝိကာလဘောဇနော သိက္ခာပုဒ်ကို ထိန်း သိမ်းခြင်း မရှိချေ။)

ထိုညဉ့် ကျွန်ုပ်တို့သည် ဆိတ်သားအချို့ကိုတုံး၍ ကင်ခြင်း၊ အချို့ကို ညှင်းခြင်းအားဖြင့် အတော်ညဉ့်နက်အောင် အလုပ်လုပ်ကြ၏။

ဆယ်နာရီကျော်လတ်သော် ကျွန်ုပ်တို့သည် တဲထဲသို့ဝင်၍ အိပ်ရန် ပြင်ဆင်ကြရာ ဘုန်းကြီးမှာ ဝမ်းဗိုက်ကောင်းကောင်း တောင့်သောကြောင့် ခဏခြင်း အိပ်ပျော်ခြင်းသို့ ရောက်သွားသော်လည်း ကျွန်ုပ်တို့မှာမူ တောင်ထိပ် ရောက်သောအခါ၌ မည်သည့်အခြင်းအရာမျိုးကို မြင်တွေ့ရချေမည်နည်းဟု စိတ်ကူးတွေ များနေသောကြောင့် အိပ်မပျော်ကြလှချေ။

နောက်တစ်နေ့၌ လမ်းပြဘုန်းတော်ကြီးသည် ကျောင်းသခ်မ်းသို့ ပြန်လေရာ ဆိတ်သားကင်အချို့ကို ကျွန်ုပ်တို့က ပေးလိုက်ကြ၏။

ဘုန်းတော်ကြီး ထွက်သွားသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ပေနှစ်ထောင်ခန့်မြင့်သော တောင်ထိပ်သို့ တက်ကြလေ၏။

နွားကြီးကိုမူ ဂူဝတွင် ရေညှိခြောက်များကျွေး၍ ချည်ထားခဲ့ကြ၏။ တောင်ကြီးမှာ အတော်မတ်စောက်သော်လည်း အပေါ်ယံတွင် တင်းမာနေသော မိုးပွင့်များကြောင့် အလွယ်တကူနှင့် တက်နိုင်ကြလေရာ မွန်းတည့်ချိန်လောက် တွင် တောင်ထိပ်သို့ ရောက်ကြလေ၏။

တောင်ထိပ်မှ မျှော်ကြည့်လိုက်သည့်အခါ သဲကန္တာရကြီးသည် တောင်ခြေရင်းမှစ၍ မျက်စိတစ်ဆုံး ကျယ်ပြန့်လျက်၊ တစ်ဖက်တွင်ကား မိုးပွင့်များဖြင့် ဖုံးအုပ်သော တောင်ကြီးများသည် လှိုင်းခေါင်းဖြူကြီးများကဲ့သို့ အလိပ်လိပ်ကြွလျက် တက်နေကြလေ၏။

'ဒီအတိုင်းပဲ ဦးလေးရေ့၊ ကျွန်တော်မြင်ရတာ ဒီအတိုင်းပဲ'

'ဟုတ်တယ် ငါ့တူရေ့၊ ငါ မြင်ခဲ့ရတာလဲ ဒီအတိုင်းပဲ၊ နို့ပေမယ့် အလင်းရောင်ကြီးဆိုတာက ဘယ်မှာလဲကွဲ့'

'ဟိုဘက်ထောင့်မှာ ရှိမှာပေါ့ ဦးလေးရဲ့၊ နေ့ခင်းကြီး ကြောင်တောင်မှာ မြင်ရနိုင်ပါ့မလား' ဟုပြော၍ အရှေ့မြောက်ထောင့်ကို လက်ညှိုးညွှန်ပြလေ၏။

ကျွန်ုပ်တို့သည် ထိုနေ့၌ ထွေထွေထူးထူး တစ်စုံတစ်ရာမျှ မကြုံတွေ့ရဘဲ ဂူစခန်းပြန်ရောက်ကြရာ မီးပုံကြီးဖို၍ ညစာပြင်ဆင်စားသောက်ကြလေ၏။

ဤနည်းအတိုင်း နှစ်ရက်မျှ ဆင်းချည် တက်ချည် သွားရောက်ကြည့်ရှုကြပြီးသောအခါ မောင်စောနိုင်က ဤအတိုင်းဆိုလျှင် လာရကျိုးနပ်မည် မဟုတ်ကြောင်း၊ မည်သည့်နည်းနှင့်မဆို တောင်ထိပ်တွင် တစ်ညအိပ်၍ စောင့်ဆိုင်းကြည့်ရှုသင့်ကြောင်းနှင့် အကြံပေးလေ၏။

ကျွန်ုပ်က အလွန်အေးမြလှသော တောင်ထိပ်ပေါ်တွင် အမိုးအကာ မရှိဘဲညအိပ်ပါက မုချ သေးခဲ၍သေရမည့်အကြောင်းပြော၍ ဖျက်ပါသော်လည်း မောင်စောနိုင်က လက်မလျှော့ဘဲ သူတစ်ယောက်တည်း သွားအံ့ဟု ပြင်ဆင်လေ၏။

ကျွန်ုပ်မှာ သူတစ်ယောက် သေသွားလျှင် တစ်ယောက်တည်း ကျန်နေရန် အလိုမရှိရကား ဖြစ်လိုရာဖြစ်စေ နှစ်ယောက်အတူ တက်၍အိပ်ကြမည်ဟု ဆုံးဖြတ်လိုက်လေ၏။

သို့ဖြစ်၍ စတုတ္ထနေ့၌လည်း တဲကိုရုပ်သိမ်း၍ ပစ္စည်းကလေးများကို နွားကြီးကျောက်ကုန်းထက်သို့ တင်ပြီးလျှင် တောင်ပေါ်သို့ ကွေ့ကောက်သော လမ်းဖြင့် တက်ကြလေ၏။

ကျွန်ုပ်တို့ တက်နေကျလမ်းမှာ မတ်စောက်လှသောကြောင့် နွားကြီး မတက်နိုင်သဖြင့် လမ်းပြေပြေမှ ကွေ့ကောက်တက်ကြရလေ၏။

တစ်နေကုန် တက်သဖြင့် နေဝင်လုဆဲဆဲချိန်တွင် ကျွန်ုပ်တို့သည် တောင်ထိပ်သို့ရောက်ကြ၍ တဲ ပြင်ဆင်ကြလေ၏။

ပြီးစီးလတ်သော် လူရော တိရစ္ဆာန်ပါ တဲအတွင်းသို့ဝင်၍ ဆိတ်သား ကင်နှင့် ထမင်းစားသောက်ပြီးနောက် စောင်ကိုယ်စီနှင့် စောင့်နေကြလေ၏။

အေးမြလိုက်သည်မှာ ပြောစရာမရှိတော့ပေ။ တောင်ထိပ် ဖြစ်သော ကြောင့် လေတဟူးဟူး တိုက်နေရသည့်အတွင်း မီးဖိုရန်လည်း ထင်းမရှိချေ။

ကျွန်ုပ်တို့သည် စောင်များနှင့် ထွေးသော်လည်း မနွေးနိုင်သဖြင့် နွားကြီး၏ အမွေးများထဲသို့ တိုးကြရ၏။

'အစွန်းနှစ်ဘက်သည် တွေ့ဆုံသည်' ဟု အင်္ဂလိပ်စကားပုံတစ်ခု ရှိ၏။ ဆိုလိုရင်းကား အလွန်အမင်း ချမ်းအေးသည့်အခါ ပူလောင်ခြင်းနှင့် တူလှသည် ဟု အဓိပ္ပာယ်သက်ရောက်၏။

ထို့ကြောင့်ပေလောမသိ။ ၎င်းတောင်ထိပ်၌ ချမ်းအေးပုံမှာ တဖြည်း ဖြည်း တိုး၍တိုး၍ လာရာတွင် နောက်ဆုံး၌ လေဟပ်သော အသားလွတ်များမှာ သံပူကပ်လိုက်သကဲ့သို့ မှတ်ထင်ရပေသည်။

ကျွန်ုပ်တို့သည် တဲ၏အဝတွင် အရှေ့မြောက်ထောင့်အရပ်သို့ မျက်နှာမူ လျက် ကွေးကွေးကြီးလုပ်၍ မျှော်ကြည့်နေကြစဉ် ကျွန်ုပ်မှာ တစ်ကိုယ်လုံး ထုံကျဉ်လာသောကြောင့် မေးခနဲ မိုက်ခနဲ ဖြစ်သွားလေ၏။

သို့ရာတွင် အိပ်ပျော်ခဲ့လျှင် တစ်ဖန် နိုးနိုင်ဖို့ မရှိသောကြောင့် မောင်စောနိုင်က တံတောင်နှင့် တစ်ချက်တွက်၍ နှိုးပေးလေ၏။

'ကြည့်စမ်း ဦးလေးရေ့၊ ကြယ်နီကြီးအောက်မှာ ကြည့်လိုက်စမ်း'

ကျွန်ုပ်သည် ငိုက်နေသော မျက်လုံးများကို ရုတ်တရက် ဖွင့်၍ကြည့်လိုက်သောအခါ အထက်ကောင်းကင်၌ အလင်းရောင်ကြီးတစ်ခု တန်းတန်းကြီး ထွက်နေသည်ကို တွေ့မြင်ရလေ၏။

အလင်းရောင်၏အဆုံးသို့ မျက်စိဖြင့် လိုက်၍ကြည့်သောအခါ ကျွန်ုပ်တို့ရှိရာအရပ်နှင့် တစ်ညီတည်း ရှိနေသောနေရာ၌ ခပ်မှိန်မှိန်ရှိသော မီးပြင်တစ်ခုကို မြင်ရ၍ ၎င်း၏အရောင်ဖြင့် မည်းနက်သော အရာဝတ္ထုကြီးတစ်ခုကိုလည်း တွေ့မြင်ရ၏။

ကျွန်ုပ်တို့ ကြည့်နေစဉ် မီးပြင်သည် တဖြည်းဖြည်း အထက်သို့ ကျယ်ပြန့်လာ၍ အလင်းရောင်မှာလည်း စူးရှထိန်လင်း၍ လာလေ၏။

ယင်းကဲ့သို့ လင်းထိန်လာသောအခါ မည်းနက်သော အရာဝတ္ထုသည် ထင်ရှားသည်ထက် ထင်ရှားလာ၍ နောက်ဆုံး၌ အပေါက်ကြီးတစ်ပေါက်ရှိသော တောင်ကြီးတစ်လုံး၏ အထွတ်ဖြစ်ကြောင်း တွေ့မြင်ကြရလေ၏။

'ဟုတ်ပြီ ဦးလေးရေ့၊ ကျွန်တော် တွေ့ခဲ့ရတဲ့ တောင်ကြီးပဲ'

'အစစ်ပဲတူရေ့၊ ငါ မြင်ခဲ့ရတာလဲ ဒီအတိုင်းပဲ'

နောက်တစ်ခဏ၌ မီးရောင်သည် မှိန်သွား၍ တောင်ထွတ်သည် ကွယ်ပျောက်သွားပြန်ရာ နောက်တစ်ကြိမ်တွင်မူကား ယခင်ကထက်ပင် ထိန်လင်းစွာ တောက်ပြောင်လာလေ၏။

တတိယအကြိမ် မှိန်ပြန်ပြီးနောက် တစ်ဖန် လင်းလာသောအခါ၌မူကား အလင်းရောင်သည် လျှပ်စစ်ရောင်၏ လင်းထိန်ခြင်းဖြင့် တောက်ပပြန်သည် ဖြစ်သောကြောင့် တောင်ထွတ်၏အပေါက်မှ ထိုးထွက်လာသော အလင်းတန်းကြီးသည် ကောင်းကင်ပြင်တွင် သဘော်ခာတ်မီးထိုးလိုက်သကဲ့သို့ စူးစူးရှားရှား ထိုးထွက်လာ၍ တောင်ထွတ်ပေါင်း မြောက်မြားစွာတို့ကို ကျော်လွှမ်းပြီးလျှင် ကျွန်ုပ်တို့၏ တောင်ထိပ်သို့ တည့်တည့်ကြီးဝင်၍ ထိုးသေး၏။

သို့ဖြစ်၍ ကျွန်ုပ်သည် ရှေ့၌ပစ်ချထားသော ကွန်ပါကလေးကို ထင်ထင်ရှားရှား မြင်နိုင်သည့်ပြင် မောင်စောနိုင်၏ ရွှင်မြူးတုန်လှုပ်သော မျက်နှာကိုလည်း လှမ်းကြည့်လိုက်သဖြင့် မြင်လိုက်ရလေ၏။

'ရူပနန္ဒီ အလောင်းကိုထားခဲ့ပြီး ကျွန်တော်တို့ ပြန်လာကြတော့ ရူပနန္ဒီရဲ့ ဝတ်ရုံဟာ လေထဲမှာ လွင့်ပါလာပြီး ကျွန်တော့်အပေါ် လာပြီးစွပ်တာ ဦးလေးမှတ်မိသေးလား'

'သိပ်မှတ်မိပေါ့ကွယ်'

'ဒီတုန်းက တောင်ခေါင်းတည့်တည့်ကို နေရောင်တစ်ချက် စွပ်ဝင်လာပြီး ကျွန်တော်တို့ကို ထွက်လမ်း ပြတာ မှတ်မိသေးလား'

'ဘာကြောင့် မမှတ်မိရမလဲ'

'အဲဒါက ပြန်လမ်းပြတဲ့အလင်းရောင်၊ ဒီဟာက လာလမ်းပြတဲ့ အလင်းရောင် ဦးလေးရဲ့၊ ရူပနန္ဒီနဲ့ ပတ်သက်သမျှမှာ အလင်းရောင်နဲ့ လမ်းပြတာ ချည်းပဲ ဦးလေးရဲ့နော်'

'ဟုတ် ထင်ပါရဲ့ကွယ်'

အမှန်စင်စစ်မှာ ကျွန်ုပ်သည် ထိုည၌ တစ်ကိုယ်လုံး ကျဥ်ထုံ၍ ဖိန်းမိန်းနေသည့်အတွက်ကြောင့် မောင်စောနိုင်ကဲ့သို့ အားတက်သရော မရှိနိုင်တော့ပေ။

သို့ရာတွင် ကျွန်ုပ်တစ်ခု စိတ်ချမိသည်ကား ကျွန်ုပ်တို့ တွေ့မြင်ရသော နိမိတ်လက္ခဏာများသည် ဤမျှလောက်အထိ မှန်ကန်လာခဲ့ပြီးနောက်မှာ ရူပနန္ဒီ နှင့် တစ်ဖန် ပြန်မတွေ့မချင်း ချမ်းအေးခြင်း ဘေးလောက်မျှနှင့် မသေနိုင်တော့ ဟူ၍ ယုံကြည်စိတ်ချမိလေ၏။

နံနက်လင်းသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် တဲကို ရုပ်သိမ်း၍ နွားကြီးပေါ်သို့ တင်ပြီးလျှင် ကျောင်းသင်္ခမ်းသို့ ပြန်လာကြရာ ကောင်းမွန် ချောမောစွာပင် ပြန်လည်ဆိုက်ရောက်ကြလေ၏။

ဘုန်းတော်ကြီးများမှာ ကျွန်ုပ်တို့အား အတော်ပင် ခင်မင်နေပြီဖြစ်ရကား ကျွန်ုပ်တို့ ရတ်တရက် ပြန်မလာသဖြင့် မိုးပွင့်များထဲတွင် သေဆုံးရှာကြလေပြီဟု မှတ်ထင်နေကြ၏။

သို့ဖြစ်၍ ကျွန်ုပ်တို့ ချောမောစွာပြန်ရောက်လာကြသည်ကို တွေ့ရသောအခါ၌ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်လာကြလေသည်။

သုံးလခန့်မျှ ဆက်လက်စောင့်ဆိုင်းနေကြရပြီးနောက် တစ်နေ့သ၌လေသည် တောင်အရပ်မှ တိုက်ခတ်၍ ခပ်နွေးနွေးဖြစ်လာခဲ့လေ၏။

နောက်တစ်နေ့နံနက်၌ အခါတိုင်းကဲ့သို့ မိုးပွင့်ကျမည့်အစား တိမ်တိုက်များ တက်လာ၍ မိုးရွာသွန်းလေရာ ဘုန်းကြီးများသည် ထွန်ယက်ရန် ကိရိယာတန်ဆာများ ပြင်ဆင်ကြလေ၏။

သုံးရက်မျှ ဆက်လက်မိုးရွာပြီးနောက် စတုတ္ထနေ့တွင် ချောင်းများ၊ မြောင်းများ ရေပြည့်လျှံ၍ မိုးပွင့်များလည်း အရည်ပျော်ကျလေ၏။ တနင်္ဂနွေ တစ်ပတ်ခန့် ကြာသောအခါ မိုးပွင့်များဖြင့် ဖွေးဖွေးဖြူသော ကန္တာရကြီးသည် ပန်းမျိုးစုံတို့၏ အရောင်မျိုးစုံတို့ကြောင့် ကော်ဇောကြီး ခင်းကျင်းထားဘိသကဲ့သို့ ရှိလေ၏။ ကျွန်ုပ်တို့မှာလည်း ခရီးထွက်ရန် ပြင်ဆင်ကြလေ၏။

ဘုန်းတော်ကြီးများသည် ကျွန်ုပ်တို့ တွေ့ကြုံခဲ့ဖူးသော အဖြစ်အပျက်များကို နားထောင်ရခြင်းအားဖြင့် အပျင်းပြေသည်ဟု အောက်မေ့၍ ကျွန်ုပ်တို့အား အကယ်ပင် ချစ်ခင်လာကြပြီဖြစ်သောကြောင့် ၎င်းတို့နှင့် တစ်သက်ပတ်လုံး အတူနေထိုင်ဖို့ပင် ဝိုင်းဝန်းတိုက်တွန်းရရှာသေး၏။

သို့ရာတွင် ကျွန်ုပ်တို့သည် ရည်ရွယ်ရင်းအမှန်ကို ဖွင့်မပြောဘဲ အငြိမ်မနေနိုင်သောသူများ ဖြစ်ကြောင်းနှင့်သာပြော၍ သွားရန်ပြင်ဆင်ကြလေ၏။

## ရေခဲမြစ်

ကျွန်ုပ်တို့သည် ဆိတ်သားခြောက်နှင့် မုန့်ခြောက်ပါသော ရိက္ခာအိတ်တစ်လုံးနှင့် စောင်များ၊ ယမ်းတောင့်များ၊ သားရေတဲ စသော ရှိစုမဲ့စု ပစ္စည်းကလေးများကို ကျွန်ုပ်တို့နွားကြီးပေါ်သို့တင်၍ သေနတ်ကိုယ်စီ ထမ်းလျက် လခြမ်းပွဲ ကျောင်းသင်္ခမ်းမှ နံနက်စောစော ထွက်လာခဲ့ကြလေ၏။

ဘုန်းတော်ကြီးများသည် နူးညံ့သိမ်မွေ့သော စိတ်နှလုံးရှိသူများ ဖြစ်ကြသည့်အလျောက် ကျွန်ုပ်တို့နှင့် ခွဲခွာရမည့်အရေးကို ကြေကွဲဝမ်းနည်းဖွယ်အခြင်းအရာကြီးတစ်ခုကဲ့သို့ မျက်ရည်မဆည်နိုင်အောင် ရှိနေကြရာတွင် ကျွန်ုပ်တို့မှာလည်း သက်ကြီးရွယ်ရင့်များက ဝမ်းနည်းခြင်းကို မြင်ရခြင်းအားဖြင့် မျက်ရည်ကျခဲလှသော ကျွန်ုပ်ပင်လျှင် မျက်ရည်မထိန်းနိုင်အောင် ဖြစ်မိသေး၏။

ကျွန်ုပ်တို့သည် ကျောင်းသင်္ခမ်းမှ ထွက်လာ၍ ကျောက်ဆောင်စွန်းသို့ ရောက်ကြသဖြင့် နောက်ဆုံးအကြိမ် မကွယ်သေးမီလှည့်၍ ကြည့်လိုက်သောအခါ ဘုန်းတော်ကြီးများမှာ ကျောင်းဝ၌ အစီအရီရပ်ကာ လက်များယမ်းခါ၍ ပြလိုက်ကြရာသေး၏။

ထိုနေ့၌ ကျွန်ုပ်တို့သည် တောင်ခြေသို့ဆင်း၍ ကန္တာရကြီးတစ်လျှောက် နွားကြီးကိုဆွဲလျက် ခရီးသွားကြရာ ညနေခင်းအချိန်တွင် လွင်ပြင်သို့ဆင်း၍ ကျက်စားသော တောင်ဆိတ်အုပ်ကြီးမှ ဆိတ်တစ်ကောင်ကို ပစ်ခတ်ရရှိလေ၏။

ကျွန်ုပ်တို့ ရိက္ခာများအနက်တွင် ဆိတ်သားခြောက်အနည်းငယ် ပါရှိသော်လည်း နောက်ထပ် သားကောင်မတွေ့ဘဲ ဘယ်နှစ်ရက်ကြာဦးမည်ကို မသိနိုင်ကြသဖြင့် ဝမ်းမြောက်စွာနှင့် ရိက္ခာဖြည့်စွက် သိုမှီးကြလေ၏။

ထို့နေ့ညဉ့် ကျွန်ုပ်တို့သည် ကန္တာရထဲတွင် တဲဆောက်၍ စခန်းချကြလေ၏။ ကန္တာရမှာ ဆီးနှင်းများဖုံးအုပ်ထားစဉ်က ရေစုပ်ဝင်ထားသည့် အတွက်ကြောင့် သဲကိုရက်ရုံမျှနှင့် အသင့်အတင့်ကောင်းမွန်သော ရေကို ရရှိကြ၏။

ထိုနေ့ညဉ့် ကျွန်ုပ်တို့သည် ဆိတ်သားအစိုကင်နှင့် လက်ဖက်ရည်ကို မြိန်ရှက်စွာ စားသောက်ပြီးနောက် ထူးထူးထွေထွေ တစ်စုံတစ်ရာမျှ မကြုံရဘဲ အိပ်ရာဝင်ကြလေ၏။

တောင်ထိပ်တွင် အလင်းရောင်ထိုးစဉ်က ကွန်ပါကျနေသည့်အကြောင်းကို ကျွန်ုပ် ဖော်ပြခဲ့ဖူးရာ အလင်းရောင်မှာ ၎င်းကွန်ပါ၏ အညွှန်းအရ အရှေ့မြောက်ထောင့်မှ ထိုးလာခြင်းဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကွန်ပါအတိုင်း အရှေ့မြောက်ထောင့်သို့ မျက်နှာမူလျက် ခရီးသွားကြလေ၏။

လေးရက်ခန့် ခရီးသွားမိလတ်သော် တောင်တန်းများ၏ ခြေရင်းသို့ ဆိုက်ရောက်လာကြပြန်ရာ ကျွန်ုပ်တို့၏ ဒုက္ခများမှာ ထိုအရပ်မှ အစပြုသည်ဟု ဆိုရပေမည်။

တောင်များမှာ အလွန်တရာ မတ်စောက်မြင့်မားလှရကား နှစ်ပတ်လုံး တက်ပြီးကာမှ အောက်ခြေကို ကျော်မိရုံမျှ ရှိကြသေး၏။

ပူပြင်းလာသော နေရောင်သည် မိုးပွင့်များကို ပျော့ပြောင်းစေသည် ဖြစ်သောကြောင့် လမ်းလျှောက်ရန် အလွန်ခက်ခဲလှသည့်ပြင် မိုးပွင့်များမှ ပြန်၍ဟပ်သောအရောင်သည် ကျွန်ုပ်တို့၏ မျက်လုံးများကို ကျိန်းစပ် စူးရှစေလေ၏။

ခုနစ်ရက်မြောက်သော နံနက်၌ တောင်တန်းများအတွင်း ထွင်းဖောက်ကွေ့ကောက်၍ ဝင်သွားသော တောင်ကြားလမ်းတစ်ခုသို့ ဆိုက်ရောက်ကြလေရာ ကျွန်ုပ်တို့သည် ၎င်းတောင်ကြားလမ်းအတိုင်း လိုက်သွားကြစဉ် ရှေးပဝေဏီ

အခါက ခရီးသည်အမြောက်အမြား ဖြတ်သန်းသွားလာဖူးသော လမ်းဟောင်း တစ်ခုဖြစ်သည့် အထိမ်းအမှတ်များ တွေ့မြင်ကြရလေ၏။

အချို့နေရာများ၌လည်း ပေါက်တူးအစရှိသော လူတို့၏ လက်နက် ကိရိယာများ၏ အရာများထင်လျက်ရှိသော ဥမင်လိုဏ်ခေါင်းများကိုပင် တွေ့မြင် ကြရ၏။

ထိုအခြင်းအရာများကို ထောက်ချင့်ခြင်းအားဖြင့် လွန်ခဲ့သော ထောင် သောင်းမျှသော အချိန်ကာလက အိန္ဒိယပြည်မှ လူစွမ်းကောင်းများ ဦးစီး အုပ်ချုပ်သည် စစ်တပ်ကြီးများသည် ၎င်းအတွင်းဖြတ်သန်း၍ တိဗက်ပြည်သို့ ဝင်ဖူးကြလေသလောဟု တွေးတောဖွယ်ရာ ရှိပေ၏။

အချို့နေရာများ၌ ကျောက်ဆောင်ကို ထိုးဖောက်စိုက်သွင်းထားသော သစ်သားအပိုင်းအစများကိုပင် တွေ့မြင်ရပေရာ သစ်သားများမှာမူ ဆွေးမြည့် ကုန်ခဲ့လေပြီ။

ထိုနေ့ရက်များအတွင်း ကျွန်ုပ်တို့အား ဒုက္ခအကြီးဆုံးပေးသော အခြင်း အရာမှာ အေးမြခြင်းပင်ဖြစ်ရာ အအေးမျိုးစုံလင်အောင် တွေ့ကြုံခဲ့ဖူးသည့် ကျွန်ုပ်တို့ပင်လျှင် ငိုချင်မတတ် ခံကြရလေ၏။

အခြားအရပ်များလည်း အေးကြပါ၏။ သို့ရာတွင် ၎င်းအရပ်၌ အေးမြ ခြင်းမှာ ရိုးတွင်းခြင်ဆီသို့ ထိုးဖောက်စူးဝင်သွားအောင် အခံရခက်လှပါပေ၏။

ဆယ်ရက်မြောက်သောနေ့၌ ကျွန်ုပ်တို့သည် တောင်ကြားလမ်းအဆုံးသို့ ဆိုက်ရောက်ကြလေ၏။ ထိုညဉ့်၌ ကျွန်ုပ်တို့သည် ရေခဲ့နွေးတည်ရန် ထင်းမရ နိုင်သောကြောင့် မိုးပွင့်များကို အခဲလိုက်မျိုချရခြင်းအားဖြင့် ရေငတ်ပြေကြရ၏။

နွားကြီး၏ အမွေးများအထဲသို့ တိုးဝင်ကြပါသော်လည်း အငွေ့မရနိုင် သဖြင့် ခိုက်ခိုက်တုန်နေကြရသည့်အထဲတွင် မျက်လုံးများ ကျိန်းစပ်နေသည့် အတွက်ကြောင့် မျက်စိမှိတ်၍ မအိပ်နိုင်အောင် ဖြစ်နေကြ၏။ ဆင်းရဲပါဘိ၏ တကား။

နံနက်လင်းသောအခါ ကျွန်ုပ်တို့သည် တဲအပြင်သို့ထွက်၍ နေပူစာ လှုံအံ့ဟု အကြံနှင့် ကျောက်ဆောင်တစ်ခု၏ အစွန်းကို ကျော်လွန်မိကြသောအခါ အံ့သြဖွယ်ရာသော အခြင်းအရာကို တွေ့မြင်ကြရလေ၏။

အကြောင်းမူကား တောင်ကြီး၏ အောက်ခြေတွင် လွင်ပြင်ကြီးတစ်ခု ရှိ၍ မြစ်ကြီးတစ်သွယ်သည် လွင်ပြင်ကို ဖြတ်သန်းစီးဆင်းလျက်ရှိရာ မြစ်၏ ကမ်းပါးတွင် အမိုးဖြူသောအိမ်များဖြင့် ပြည့်လျက်ရှိသည့် မြို့ကြီးတစ်မြို့ကို တွေ့မြင်ရသောကြောင့်ပေတည်း။

မြို့၏တစ်ဖက်၌ ကျွန်ုပ်တို့ မျှော်မှန်းလာခဲ့သည့် အပေါက်ကြီးရှိသော တောင်ထွတ်ကြီးလည်း တည်ရှိပေရကား ၎င်းမြို့မှာ ဧကန်မုချ ကျွန်ုပ်တို့ ခရီးဆုံးရာ ဌာနဖြစ်မည်ဟူ၍လည်း မှတ်ယူကြ၏။

၎င်းမြို့မှာ ကျွန်ုပ်တို့ ရှာဖွေသည့် ရူပနန္ဒီနှင့် တစ်နည်းနည်းဖြင့် ဆက်သွယ်ခြင်းရှိရမည်ဟု ကျွန်ုပ်တို့ စိတ်ထဲ၌ ယုံမှားခြင်းကင်းပြီးဖြစ်ရာ မောင်စောနိုင်မှာ မျက်ရည်များယိုစီးမတတ် တုန်လှုပ်နေရှာ၏။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဒုက္ခများ၏ အဆုံးသို့ရောက်ချေတော့မည်ဟု စိတ်ချမိကြရာ နောင်ဖော်ပြလတ္တံ့သော အဖြစ်အပျက်များကို ဖတ်ရှုရခြင်း အားဖြင့် မည်မျှလောက် မှားယွင်းသော ထင်မြင်ချက်ဖြစ်ကြောင်း တွေ့ရှိကြပေ လိမ့်မည်။

ကျွန်ုပ်တို့သည် တဲကိုလျင်မြန်စွာ ရုပ်သိမ်းပြီးနောက် အလွန် သွက်လက်သော ခြေလှမ်းများဖြင့် ထွက်လာကြလေ၏။ သို့ရာတွင် ဆင်းရသော လမ်းများမှာ ကျွန်ုပ်တို့ တွေးထင်သည်ထက်ပို၍ ရှည်လျားသောကြောင့် တောင်ကမ်းပါးယံ၌ နောက်တစ်ည အိပ်ကြရသေး၏။

၎င်းနေရာမှာမူ ယမန်နေ့ညဉ့်က နေရာထက် ပေပေါင်းနှစ်ထောင်ကျော် မျှ နိမ့်ဆင်းလာပြီဖြစ်သောကြောင့် ချမ်းအေးခြင်းဒုက္ခမှ အတန်ငယ်သက်သာခွင့် ရကြ၏။

နေမင်းမှာလည်း အတန်ပူပြင်းလာပြီဖြစ်သောကြောင့် မိုးပွင့်များသည် အချို့နေရာတို့၌ အရည်ပျော်ကျသဖြင့် စမ်းချောင်းကလေးများဖြစ်၍ ကျွန်ုပ်တို့ အဖို့ သောက်သုံးရန်ရေ ရရှိကြကုန်၏။

နောက်တစ်နေ့ မိုးလင်းပြန်သော် ကျွန်ုပ်တို့သည် ကြွင်းကျန်သော ရိက္ခာအနည်းငယ်ကို စားသောက်ကြပြီးနောက် ဆက်လက်၍ ဆင်းသက်ကြပြန်လေ၏။

ငှင်းအရပ်မှမူ ယခင်ကမြင်ရသော မြို့ကိုလည်းကောင်း၊ တောင်ထွတ်ကြီးကို လည်းကောင်း၊ တောင်တန်းတစ်ခု ဖုံးကွယ်နေသဖြင့် မမြင်နိုင်တော့ချေ။

ထိုကဲ့သို့ ဖုံးကွယ်နေသော တောင်တန်းအတွင်းသို့ တောင်ကြားလမ်း တစ်ခု ထိုးဝင်သွားရာ ကျွန်ုပ်တို့သည် ငှင်းလမ်းအတိုင်း လိုက်သွားကြရလေ၏။

မွန်းတည့်ချိန်ရောက်လတ်သော် တောင်ကြားလမ်းသည် ရုတ်တရက် အဆုံးသတ်သွား၍ အလွန်တရာ နက်လှသော ချောက်ကြီးတစ်ခုသို့ ဆိုက်ဆိုက် မြိုက်မြိုက် ဦးတိုက်၍ ဝင်သွားသည်ကို တွေ့ရလေ၏။

ချောက်ကြီးအောက်၌ကား ရေတသွင်သွင် စီးဆင်းနေသည့် အသံကို ကြားရလေ၏။ တွေးထင်ရန် ရှိသည်မှာ ပြင်းထန်စွာသောမြေငလျင် လှုပ်ခါ ခြင်းကြောင့် တောင်ကြီးသည် ရုတ်တရက်ကွဲအက်၍ ထိုလမ်း၏ ရှေ့တွင် ချောက်ကြီးတစ်ခု ဖြစ်ပေါ်လာခဲ့ဟန် လက္ခဏာရှိပေသည်။

ငှင်းချောက်မှာ ပေသုံးရာခန့်နက်၍ မတ်စောက်စွာဆင်းသွားရကား ခုန်ကူးရန်လည်း မတတ်နိုင်၊ ဆင်းသက်ရန်လည်း မကြံစည်အပ်သောကြောင့် ကျွန်ုပ်တို့မှာ အခြားနည်းလမ်းမရှိတော့ဘဲ တစ်ဖက်ဖက်မှ လှည့်၍သွားရန်သာ ရှိတော့၏။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် လက်ယာဘက်လှည့်၍ ချောက်ကြီး၏ နှုတ်ခမ်းတစ်လျှောက် လျှောက်သွားကြ၏။

တစ်မိုင်ခန့်သွားမိကြသောအခါ တစ်ဖက်၌ရှိသော ကျောက်ဆောင်မှ သည် ချောက်အောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ထိုးဆင်းသွားသော ရေခဲပြင်ကြီးတစ်ခုကို တွေ့ကြရ၏။

ရေခဲပြင်ကြီးမှာ ရေခဲသွားသော ရေတံခွန်ကြီးသဖွယ် ရှိနေရာ ကျောက်တုံးကြီးများသည် ၎င်းမျက်နှာပြင်၌ မြုပ်လျက်ရှိ၏။

ကျွန်ုပ်တို့၏ မျက်စိတွင် ရေခဲပြင်သည် ချောက်ထဲသို့ ထိုးဆင်းသွားသကဲ့သို့ တွေ့မြင်ရသော်လည်း တကယ်ပင် ချောက်အောက်သို့ရောက်အောင် ဆက်လျက်ရှိလေသလော၊ သို့တည်းမဟုတ် လမ်းတစ်ဝက်တွင် ဖြတ်လျက်ရှိလေသလော၊ အမှန်မသိနိုင်ပေ။

မည်သို့ပင်ဖြစ်စေ၊ ၎င်းရေခဲပြင်တစ်လျှောက် အောက်သို့ဆင်းရန်မှာ စိတ်မကူးအပ်သော အခြင်းအရာ ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ၎င်းလမ်းကို လက်လျှော့၍ လက်ဝဲဘက်သို့ ပြန်လိုက်ကြရလေ၏။

မူလနေရာကို ကျော်လွန်၍ အတန်ငယ်သွားမိကြသော် ကျောက်ဆောင်သည် ချောက်နှုတ်ခမ်းနှင့် အတန်ငယ်ဆုတ်ခွာသည်ဖြစ်သောကြောင့် မိုးပွင့်များ ဖွေးဖွေးဖြူသောတောင်ကြီးသည် ကျွန်ုပ်တို့ ဦးခေါင်းပေါ်၌ မိုးလျက်ရှိရာ တစ်ဖက်၌ကား ချောက်ကြီးသည် ကျွန်ုပ်တို့၏ ခြေရင်း၌ 'ပါးစပ်ကြီးဟ' လျက်တည်ရှိလေ၏။

ကျွန်ုပ်တို့၏ ရှေ့၌ မိုင်ဝက်ခန့်လောက်တွင် တောင်ပူစာကလေး တစ်လုံးသည် ထီးထီးငုတ်ငုတ် တည်လျက်ရှိရာ ၎င်း၏အထွတ်ပေါ်မှ မျှော်ကြည့်ရသော် ဆင်းရန် လမ်းတစ်စုံတစ်ခု တွေ့မြင်နိုင်လိမ့်မည်ဟု မျှော်လင့်သောကြောင့် ကျွန်ုပ်တို့သည် တောင်ပူစာကလေးသို့ သွားကြလေ၏။

တောင်ထိပ်သို့ရောက်ကြသောအခါ ချောက်ကြီးသည် ၎င်းနေရာ၌ သာ၍ပင်နက်ကြောင်း တွေ့ရသည့်ပြင် အကျယ်အဝန်းမှာလည်း မိုင်ဝက်ခန့်ထက် နည်းမည်မဟုတ်ချေ။

ကျွန်ုပ်တို့သည် တောင်ထွတ်၌ရပ်လျက် အလွန်စိတ်ပျက်စွာနှင့် အရပ်လေးမျက်နှာသို့ မျှော်ကြည့်နေကြစဉ် နေမင်းသည် တောင်တန်းအောက်သို့ လျှိုးဝင်သွားသဖြင့် မီးအိမ်ကို ငြိမ်းသတ်လိုက်ဘိသကဲ့သို့ ရုတ်ချည်းပင် မှောင်သွားလေ၏။

တောင်ပူစာကလေးမှာ ပေပေါင်း ၁၅၀ ခန့်မျှ မြင့်လေရာ အချို့နေရာများတွင် အလွန်မတ်စောက်ကြောင်းတွေ့ခဲ့ရသောကြောင့် ကျွန်ုပ်တို့မှာ မှောင်မိုက်ကြီးထဲတွင် ပြန်ဆင်းရန် မကြံစည်ဝံ့ကြပေ။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် တောင်ပူစာထက်၌ပင် အိပ်ရန်ပြင်ဆင်ကြရလေရာ ထိုအကြောင်းကြောင့်ပင် အသက်ဘေးမှ ချမ်းသာရာရကြောင်းကို အောက်တွင် တွေ့ကြရပေလိမ့်မည်။

ကျွန်ုပ်တို့သည် နွားကြီးပေါ်မှ ပစ္စည်းများကို သယ်ချ၍ တဲ ဆောက်ကြပြီးလျှင် မုန့်ခြောက်နှင့် ဆိတ်သားကင်အနည်းငယ်ကို စားသောက်ကြလေ၏။

ငင်းသည်ကား ကျွန်ုပ်တို့၏ နောက်ဆုံးသော ရိက္ခာပင်ဖြစ်ရာ နောက်ထပ်၍ သားကောင်များမတွေ့ခဲ့လျှင် ငတ်မွတ်ခြင်းဘေးကလည်း တစ်ဖက်ရှိချေသေး၏။

သို့ရာတွင် ကျွန်ုပ်တို့သည် မောပန်းလှပြီဖြစ်သောကြောင့် ရှေ့ရေးနောက်ရေးကို မစဉ်းစားနိုင်တော့ဘဲ သားမွေးစောင်ကြီးများခြုံ၍ ခေါင်းချလိုက်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်ခြင်းသို့ ရောက်ကြလေ၏။

လင်းအားကြီးအချိန်လောက်တွင် မြို့သိမ်းအမြောက်ကြီးများ၏ အသံကဲ့သို့ အပြင်းအထန်မြည်ဟိန်းသည့် ကြောက်မက်ဖွယ်အသံကြီးကို ကြားကြရသဖြင့် ရုတ်တရက်ထ၍ ထိုင်ကြလေရာ နောက်တစ်ခဏ၌ အမြောက်ကလေးများကို ဆက်ကာဆက်ကာ ပစ်ဘိသကဲ့သို့ တထိန်းထိန်း တထိုင်းထိုင်း၊ တဝုန်းဝုန်း တဒိုင်းဒိုင်း မြည်သံကို ထပ်ဆင့်၍ ကြားကြရပြန်လေ၏။

'ဘာလဲ ဦးလေးရေ့၊ ဘယ့်နှာတွေလဲ' ဟု လန့်ထိတ်သောအသံဖြင့် မောင်စောနိုင်က မေး၏။ ကျွန်ုပ်တို့သည် တဲပြင်သို့ဝပ်တွားကာ ထွက်လာကြ

ပြီးနောက် တောင်မြောက်လေးပါးတို့ကို ကြည့်ရှုနေကြရာ နွားကြီးမှာလည်း လန့်ထိတ်ဟန်လက္ခဏာနှင့် တဘဲဘဲအော်မြည်လျက်ရှိ၏။

ထိုခဏ၌ တထိန်းထိန်း တထိုင်းထိုင်း အသံမျိုးသည် ရုတ်တရက် ရပ်စဲသွားပြီးနောက် ဂျိုးဂျိုးဂျိတ်ဂျိတ် ပွတ်ကြိတ်သောအသံတစ်မျိုး ဖြစ်ပေါ်လာပြန်ရာ ၎င်းအသံမှာ ပထမအသံကဲ့သို့ ပြင်းထန်စူးရှခြင်း မရှိသော်လည်း အသည်းနှလုံးကို မွှေ့ယမ်းလှုပ်ခါလိုက်သည့်အလားကဲ့သို့ ကျောထဲမှ ချမ်းတက်လောက်အောင်စိမ့်၍ ကြောက်မက်ဖွယ်ရာ ကောင်းလှပေ၏။

၎င်းအသံဆန်းကြီး ဖြစ်ပေါ်လာခြင်းနှင့်အတူ အထက်မှ အောက်သို့ဖိ၍ တိုက်ခတ်သည့် လေဆန်းတစ်မျိုးသည်လည်း ကျွန်ုပ်တို့၏ ဦးခေါင်းမှ ခြေဖျားသို့တိုင်အောင် တအိအိဖိ၍ တိုက်ခတ်ပြန်လေရာ နောက်တစ်ခဏတွင် အလင်းရောင်ပြေးလာသဖြင့် ဆယ်သက်တစ်ခါ မကြုံဖူးအောင် ထူးဆန်းလှသော အခြင်းအရာကို တွေ့မြင်ရလေ၏။

အမြင်အားဖြင့်ဆိုသော် တောင်ကမ်းပါးယံကြီးတစ်ခုလုံးသည် ကျွန်ုပ်တို့ထံသို့ တရွေ့ရွေ့တအိအိ ဖိဆင်းလျှောကျလာသည်ကို တွေ့မြင်ရလေ၏။

စင်စစ်သော်ကား တောင်ကမ်းပါးယံတွင် အနှစ်နှစ် အလလက အထပ်ထပ် အဆင့်ဆင့် စုပုံလျက်ရှိသော မိုးပွင့်များသည် မြစ်ကြီးသဖွယ် သွယ်တန်းလျက် တောင်ထိပ်မှ တောင်ခြေသို့ လျှောဆင်းထိုးကျလာခြင်း ဖြစ်လေသည်။

အလွန်တရာ ခံ့ထည်ထူးဆန်း၊ အံ့မခန်းရှိပါဘိ၏ တကား။

ခရီးနှစ်မိုင်ကျော် သုံးမိုင်ခန့်မျှ ကွာလှမ်း၍ မြင့်စောက်မောက်ကြွားသော တောင်ကြီး၏ အထွတ်အထိပ်မှ အလိပ်လိပ်တွေ့မြင်ရသော မိုးပွင့်ပြင်ကြီးသည် တရွေ့ရွေ့ တအိအိ၊ တဖွေးဖွေး တပြောင်ပြောင်ဖောင်ကြီးပမာဏဖွဲ့စည်းလျက် အောက်ခြေသို့လျှောဆင်းလာရာ မျက်နှာပြင်၏ အထက်၌ကား ညက်ညက်ပါအောင် အမှုန့်ကြိတ်ထားသော ရေခဲများက ကြဲဖန့်ကာ ပက်ဖျန်းထားဘိသကဲ့သို့ ဖွေးခနဲ ဖြူခနဲ မြောက်ကြွလျက် လွင့်တက်သွားလေ၏။

ကျွန်ုပ်တို့သည် ထိတ်လန့်တုန်လှုပ်စွာနှင့် တစ်ယောက်လက်ကို တစ်ယောက်ကိုင်လျက် ကြည့်နေကြစဉ် ရှေ့ဆုံးမှ လျှောဆင်းလာသည့် မိုးပွင့် လှိုင်းလိပ်ကြီးသည် ကျွန်ုပ်တို့ရပ်နေသော တောင်ပူစာကလေး၏ ခြေရင်းသို့ ဝင်၍ ဆောင့်တိုက်လိုက်ရာ သင်္ဘောကို သမုဒ္ဒရာလှိုင်းတံပိုး တိုးဝှေ့လိုက်ဘိ သကဲ့သို့ သွက်သွက်ခါမျှ တုန်လှုပ်သွားလေ၏။

မိုးပွင့် သို့မဟုတ် ရေခဲမြစ်ကြီးသည် တောင်ပူစာ၏ ခြေရင်းကိုဝင်၍ တိုးပြီးနောက် လက်ဝဲလက်ယာ နှစ်ခြမ်းကွဲထွက်၍ တောင်ပူစာ၏ တစ်ဖက် တစ်ချက်မှ ချောက်ကြီးထဲသို့ ထိုးဆင်းသဖြင့် တဝုန်းဝုန်း တဖြုန်းဖြုန်း တဒုန်းဒုန်းမြည်သော အသံများသည် ချောက်ထဲမှ လျှံတက်လာလေ၏။

၎င်းတို့မှာ ရှေ့တော်ပြေးမျှသာဖြစ်သောကြောင့် ပြောပလောက်အောင် မရှိသေးပေရာ နောက်မှ ဒလဟောထိုးဆင်းကျလာသည့် မြစ်မကြီးမှာမူ ရေးသားဖော်ပြရန် စကားလုံးရှာကြံ၍ မတွေ့နိုင်လောက်အောင် ကြောက်ခမန်း လိလိ ရှိပါ၏။

မိုးပွင့် သို့မဟုတ် ရေခဲမြစ်မကြီးသည် မြစ်ရေပြင်ကဲ့သို့ တစ်ပြင်တည်း ညီညာစွာမဟုတ်ဘဲ အောက်ခံကျောက်ဆောင်များ၏ အခြေအနေကိုလိုက်၍ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်ချက်၊ တက်ချည်တစ်ခါ၊ ချိုင့်ချည်တစ်လှည့်ဖြင့် တရွေ့ရွေ့ တအိအိ လျှော၍ ဆင်းလာလေ၏။

ရေခဲများသည် တောင်ပူစာ၏ခြေရင်း၌ စုပုံမိကြသည်ဖြစ်၍ ပေ ၁၅၀ ခန့်မြင့်သော ကျွန်ုပ်တို့၏ တောင်ပူစာကလေးပင်လျှင် ပေငါးဆယ်ခန့်မျှသာ ကျန်တော့သည်ဖြစ်ရကား တစ်ချက်တစ်ချက်၌ တောင်ပူစာတစ်ခုလုံးကိုပင် အမြစ်ပါ ကျွတ်အောင် တိုးဝှေ့တိုက်လှဲပြီးနောက် ချောက်ထဲသို့ တွန်းချသွား လိမ့်မည်ဟု ပူပန်စိုးရိမ်မိကြ၏။

ဆူလိုက် ညံလိုက်၊ မြည်လိုက် ဟိန်းလိုက်သည်မှာလည်း နားပွင့်၍ ထွက်တော့မတတ် ရှိနေ၏။ ရေပြင်ကြီးသည် လေကို ဖိနှိပ်ထားသကဲ့သို့ ဖြစ်နေ၍ လည်ပင်းအစ်သောလူကဲ့သို့ လေ၏ ညည်းညူသံ တန်ချိန်ပေါင်း

သိန်းသန်းကုဋေမက အချိန်စီးသည့် ရေခဲတုံးကြီးများသည် ကျောက်ဆောင် ကျောက်စွန်းများ၊ စမ်းချောင်းမှ ရေများနှင့် အပြင်းအထန် တိုးဝှေ့ထိခိုက်မိသည့် အသံများသည် အစီစိပွက်သည်နှင့် တူပါဘိ၏ တကား။

(အစီစိပွက်သည်ကို မကြားရဘူးသော်လည်း နှိုင်းယှဉ်ရန်ရှာမရသဖြင့် ဖော်ပြရခြင်းဖြစ်ပေသည်။)

ဤမျှနှင့်လည်း အဆုံးသတ်သေးသည် မဟုတ်ချေ။ တောင်ကြီး၏ အထက်ပိုင်း၌ရှိသော မိုးပွင့် သို့မဟုတ် ရေခဲတုံးများသည် တဖြည်းဖြည်း ပါး၍ လာသောအခါ ရေခဲများ၏ အောက်၌ နှစ်ပေါင်းရာထောင်မက မြုပ်နေခဲ့သော ကျောက်တုံးကြီးများသည် အပေါ်မှ ဖိနှိပ်ထားသော ရေခဲများ လျော့ပါးသွား သည်တွင် အခြေမှ လွတ်ထွက်၍ တောင်ကမ်းပါးယံတစ်လျှောက် ခုန်ပေါက် လျှောဆင်း၍ လာကြလေ၏။

ပထမ၌ ကျောက်လုံးကြီးများသည် တဖြည်းဖြည်း လျှောဆင်း၍ သဘော်ဦးမှ ရေပန်းများ ဖြာထွက်သည့်နည်းတူ မိုးပွင့်များကို တဖွေးဖွေးဖြာ၍ ထွက်စေသည်။ ၎င်းနောက် တဖြည်းဖြည်း အရှိန်ရလာသောအခါ ကျောက်တုံး ကြီးများသည် ရေပေါ်၌ သူငယ်များ လှျပ်ပစ်ကစားသည့် အိုးခြမ်းပဲ့များသဖွယ် တစ်ခုန်ထက်တစ်ခုန်၊ တစ်ချက်ထက်တစ်ချက် မြောက်တက်ကာ ဒရောသောပါး လိမ့်ဆင်းလာကြလေ၏။

အချို့မှာ အရှိန်ပြင်းထန်လှသောကြောင့် တောင်ပူစာလောက် အမြင့် ကိုပင် ပဓာနမထားဘဲ ကျွန်ုပ်တို့၏ ဦးခေါင်းထက်မှ ဝီကနဲမြည်သော အသံကြီးကို ဖြစ်စေလျက် ကြောက်မက်ဖွယ်ရာ ခုန်ပေါက်ကျော်လွှားပြီးမှ ချောက်ထဲသို့ကျသွားလေ၏။

အချို့မှာလည်း ကျွန်ုပ်တို့၏ တောင်ပူစာကလေးနှင့် ဆိုက်ဆိုက် မြိုက်မြိုက် ဝင်၍တိုက်မိရာ အိမ်လုံးလောက်၊ အိမ်ခန်းလောက်၊ ဆင်ပြောင်ကြီး လောက်၊ နွားလောက်၊ ဆိတ်လောက်၊ ခွေးလောက်၊ ကြောင်လောက် အရွယ်

အစားစားရှိသည့် ကျောက်တုံးပေါင်းများစွာကို တောင်ပူစာမှ ဖဲ့ယူသွားပြီးမှ ၎င်းတို့နှင့်အတူ ချောက်ထဲသို့ တပျော်တပါးကြီး ခုန်ဆင်းကြလေ၏။

ကျွန်ုပ်သည် ဂျာမန်မြို့သိမ်း အမြောက်ကြီးများအကြောင်းကို စာအုပ်များတွင် ဖတ်ရဖူးပါ၏။ သို့ရာတွင် ဤမျှလောက် ပြင်းထန်လိမ့်မည်ဟု မထင်မိပေ။

ဖော်ပြပြီးသော အခြင်းအရာများမှာ အလွန်ငြိမ်သက် တိတ်ဆိတ်လျက်ရှိသော အချိန်အခါမှ ရုတ်တရက်ထ၍ ဖြစ်ပေါ်လာသောကြောင့် သာ၍ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ထိုအတောအတွင်း၌ ကျွန်ုပ်တို့နှစ်ယောက်မှ သဘာဝဓမ္မ၏ ကြောက်ခမန်းလိလိ ကြီးမားသော ခွန်အားကို မျက်စိနှင့်မြင့်ရ၍ နားများကွဲပွင့်၍ ထွက်မတတ် ပြင်းထန်လှသောအသံများကို နားဖြင့်ကြားရခြင်းအားဖြင့် လူတည်းဟူသောသတ္တဝါ၏ သိမ်ဖျင်းနုပ်ဖွဲလှသောအဖြစ်ကို စိတ်အာရုံအတွင်းသို့ တင်းပုတ်ဖြင့် နှက်သွင်းဘိသကဲ့သို့ စွဲမြဲထင်ရှားစွာ သတိပြုမိလေ၏။

ရှေ့တော်ပြေး ရေခဲတုံးများ ကျသွားသည့်အခါမှစ၍ ကျွန်ုပ်တို့သည် ဘေးအန္တရာယ်ကို မြင်သဖြင့် တောင်ပူစာထိပ်၏ အခြားဘက်၌ အလျားမှောက်ကာ ကျောက်ဆောင်ကို တွယ်ဖက်ထားကြရ၏။ အမှတ်မဲ့ နေခဲ့လျှင် ပြင်းထန်လှသောလေသည် ကျွန်ုပ်တို့ကို ခြေမှကြွ၍ပါအောင် တိုက်ခတ်လွင့်စင်နိုင်သောကြောင့်ပေတည်း။

ကျွန်ုပ်တို့သားရေတဲကလေးမှာ လေထဲသို့ပါသွားခဲ့လေပြီ။ ကျောက်တုံးကြီးတစ်တုံးသည် တောင်ပူစာ၏ ထိပ်တည့်တည့်တွင်ကျ၍ လက်သီးဆုပ်လောက်၊ သပိတ်လုံးလောက်ရှိသော ခဲလုံးကြီးများသည် ဗုန်းကြဲလိုက်သကဲ့သို့ အရပ်လေးမျက်နှာသို့ လွင့်စင်ကြဲပြန့်သွားရာ တစ်လုံးမျှ ထိမှန်ရလျှင် တစ်သက်မက သုံးလေးသက်ပင် သေနိုင်လောက်သေး၏။

ကျွန်ုပ်တို့၏ နွားကြီးမှာ အဆိုပါ ခဲလုံးကြီးတစ်လုံး ထိမှန်သွားသောကြောင့် စင်းစင်းသေရုံမျှမက ဦးခေါင်းပင် ရှာ၍မတွေ့တော့ချေ။

ထိုအဖြစ်အပျက်သည် မည်မျှလောက်ကြာသည်ဟု အမှန်မပြောနိုင်ပေ။ ဆယ်မိနစ်လည်း ဖြစ်နိုင်၏။ နှစ်နာရီလည်း ဖြစ်နိုင်၏။

ဤသို့သော ဘေးမျိုးတွင် လူတို့မည်သည် အချိန်ကို ခန့်မှန်းရန် မတတ်နိုင်အောင် ရှိတတ်ပေ၏။ လေသည် တဖြည်းဖြည်းငြိမ်သက်၍ အသံ လည်း ရပ်စဲစပြုလေရာ ကျွန်ုပ်တို့သည် 'ဒီတစ်ခါ လွတ်ရပြန်ပြီ' ဟူသော သဘောမျိုးနှင့် ဝပ်တွားရာမှထ၍ ကြည့်ကြလေ၏။

ကျွန်ုပ်တို့၏ ရှေ့၌ရှိသော တောင်ကြီးမှာ အလျားနှစ်မိုင်ခန့် အနံ ကိုက်ပေါင်းတစ်ထောင်ခန့် မိုးပွင့်များအလျှင်းမရှိတော့ဘဲ ကျောက်ဆောင် အတိုင်း ဟင်းလင်းဖြစ်လျက်ရှိ၏။

တောင်ပူစာကို မီကပ်လျက်မူကား မိုးပွင့်များသည် တစ်ဝက်ခန့် နစ်မြုပ်အောင် စုပုံလျက်ရှိ၏။ တောင်ပူစာ၏ အထွတ်မှာ တွင်းများ၊ ချိုင့်များ၊ ခဲလုံးများ ပြည့်နှက်လျက်ရှိ၏။

တစ်ဖက်၌ရှိသော ချောက်ကြီးမှာ မိုးပွင့်များဖြင့် တစ်ဝက်ခန့်မျှ ပြည့်သွားလေပြီ။ အခြားသော အရာဝတ္ထုများမှာ ရှေးကအတိုင်း တည်ရှိနေ၍ ကျွန်ုပ်တို့လည်း မသေမပျောက် ကျန်နေရစ်ခဲ့ကြပြန်လေပြီ။

လူတို့မည်သည်မှာ ဘေးအန္တရာယ်မှ လွတ်မြောက်သည်နှင့် တစ်ပြိုင် နက် ဆာလောင်ခြင်းကို သတိရမြဲဖြစ်သည့်အတိုင်း ကျွန်ုပ်တို့မှာလည်း ဝမ်းဗိုက်ကို နှိပ်နေကြရလေပြီ။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် နွားကြီးကို အရေခွံခွာ၍ ပေါင်သားကို လှီးဖြတ်ပြီးလျှင် တစ်လုတ်စာမျှသော အသားတုံးကို မိုးပွင့်ဖြင့် ဂျုံကဲ့သို့ မံပြီးနောက် မျိုချကြရလေ၏။

အသားစိမ်းစားသော ဘီလူးများဖြစ်လာကြရချေပြီတကား။

ထထထ

## ချောက်ထဲသို့ကျခြင်း

ကျွန်ုပ်တို့သည် နွားကြီး၏ သားရေကိုခြုံလျက် တောင်ပူစာပေါ်တွင် တစ်ညအိပ်ကြရသေး၏။ နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် ကိုယ်တွင်ဝတ်လျက် ကျန်ရစ်ခဲ့သည့် သားမွေးအဝတ်များနှင့် နွားကြီး၏သားရေကို တစ်ထုပ်စီထုပ်၍ တစ်ယောက်တစ်ထုပ်စီထမ်းလျက် အသားတုံးအနည်းငယ်ကို ဖြတ်လှီးယူငင်ပြီးလျှင် တောင်ပူစာမှ ဆင်းသက်လာကြလေ၏။

တောင်ပူစာ၏ အောက်ခြေရောက်လုနီးသောအခါ ရေခဲမြစ်ကြီး လျှောဆင်းစဉ်က ကျန်ရစ်ခဲ့သော မိုးပွင့်များအပေါ်မှ လျှောက်သွားကြရသည်ဖြစ်ရာ ပထမ၌ မိုးပွင့်များသည် အပေါ်ယံ၌ တင်းမာနေသောကြောင့် အလွယ်တကူနှင့် လျှောက်ကျော်သွားကြ၏။

သို့ရာတွင် အချို့နေရာ၌မူကား မိုးပွင့်များသည် ခပ်ရွရွခပ်ပွပွ ရှိနေသောကြောင့် ကျွန်ုပ်တို့၏ အလေးချိန်ကို ခံနိုင်သည့်လက္ခဏာ မရှိချေ။ ထိုသို့သော နေရာမျိုး၌ ကျွန်ုပ်တို့သည် မိုးပွင့်များထဲသို့ ကျွံဝင်မသွားစေခြင်းငှာ အလျားလိုက် မှောက်ကာ လျှော၍ဆင်းကြရလေ၏။

တောင်ပူစာအောက်ခြေနှင့် အတောင်နှစ်ဆယ်ခန့်သို့ရောက်သောအခါ ရေခဲမြစ်ကြီး ပွတ်တိုက်သွားသည့်အတွက်ကြောင့် ရှာရပတ်ရည်ဆိုင်၌ ရေခဲခြစ်နှင့် တိုက်ခြစ်ထားသော ရေခဲများကဲ့သို့ ရေခဲမှုန့်ကလေးများ စုပုံ၍နေသော နေရာသို့ရောက်ကြလေ၏။

ကျွန်ုပ်တို့မှာ မည်သည့်နည်းနှင့်မဆို အဆိုပါ ရေခဲမှုန့်ပုံကြီးအပေါ်မှ ဖြတ်ကျော်၍ ဆင်းကြရမည် ဖြစ်၏။

မောင်စောနိုင်သည် ကျွန်ုပ်ရှေ့မှ လျှောဆင်းသွား၍ ချောချောမောမော ဆိုက်ရောက်သွားသော်လည်း ၎င်း၏နောက်မှ သုံးတောင်ခန့်ခွာ၍ လျှောချလာသောကျွန်ုပ်မှာမူ အောက်၌ရှိနေသော ရေခဲမှုန့်များ ရုတ်တရက် ပျော့ဝင်သွားသည်ကို တွေ့လိုက်ရ၏။

ကျွန်ုပ်သည် ထိတ်လန့်စွာနှင့် ဆတ်ခနဲလွန့်၍ ကုန်းထိုးလိုက်ရာတွင် ကြောက်အားလန့်အားနှင့် ငယ်သံပါအောင် အော်လိုက်သည့်အသံများ မဆုံးမီပင် ရေခဲမှုန့်ထဲ နစ်ဝင်သွားတော့၏။

ရေခဲမှုန့်ဆိုသောကြောင့် ပေါ့ပေါ့ဆဆ စဉ်းစားထိုက်သောအရာ မဟုတ်ချေ။ ဆယ့်လေးငါးတောင် အနက်ရှိနိုင်သော ရေခဲမှုန့်ကြီးဖြစ်သောကြောင့် နွံနစ်ခြင်းနှင့် ခြားနားခြင်းမရှိလှချေ။

ကျွန်ုပ်သည် ခြေထောက်မှစ၍ နစ်ဝင်သွားပြီးနောက် ဦးခေါင်းမြုပ်သွားသည့်တိုင်အောင် ရပ်နားခြင်းမရှိသေးဘဲ 'လျှော လျှော လျှော' နှင့် အောက်တည့်တည့်သို့ နစ်ဝင်သွားရာ မာကျောသောအရာဝတ္ထုတစ်ခုကို ခြေနှင့်တိုက်မိသောအခါတွင်မှ ရပ်တန့်လေတော့၏။

ရေခဲမှုန့်များသည် ကျွန်ုပ် ဦးခေါင်းထက်၌ ဖုံးအုပ်သွားသောကြောင့် မှောင်သွားသည့်ပြင် အသက်ရှူရန်လည်း ခဲယဉ်းလှလေပြီ။

သို့ရာတွင် ကျွန်ုပ်သည် သတိကောင်းသူတစ်ယောက် ဖြစ်သည့်အတိုင်း ဦးခေါင်းပတ်ဝန်းကျင်၌ရှိသော ရေခဲမှုန့်များကို လက်ဖြင့်ဖယ်ရှားထားသဖြင့် လေဟာကလေးတစ်ခု ဖြစ်နေ၍ လေသည် ကျွန်ုပ်ထံသို့ တဖြည်းဖြည်းစိမ့်ဝင်နိုင်လောက်ပေ၏။

ကျွန်ုပ်သည် ခြေအောက်၌ရှိသော ကျောက်ဆောင်ကို ခြေဖြင့်ကန်လျက် လွန့်တက်ရန် ကြိုးစားပါသော်လည်း မရဘဲရှိရာ နောက်ဆုံး၌ လွတ်မြောက်ရန် နည်းလမ်းမမြင်သည်နှင့် စိတ်ထဲ၌ သေဖို့ရန် ပြင်ဆင်ထားလိုက်တော့၏။

ယင်းသို့ လက်လျှော့လိုက်သည်နှင့် တစ်ပြိုင်နက် ရူပနန္ဒီ၏ ပုံသဏ္ဍာန်ကို တွေ့မြင်ရ၍ ၎င်းအနီး၌ လူတစ်ယောက်သည် ရပ်လျက်ရှိရာ ကျွန်ုပ်က အားရဝမ်းသာ နှုတ်ဆက်မည်ပြု၏။ ထိုခဏ၌ ရူပနန္ဒီက 'မောင်ဖိုးထော် မသေ ရှာသေးပဲကိုး၊ ကောင်းပါလေရဲ့မောင်ရယ်၊ နို့ ကျုပ် သခင်ကော ဘယ်မှာလဲ၊ ကျုပ် သခင် အရှင်သခင် မောင်စောနိုင်လေ၊ ပြောစမ်းပါ၊ မြန်မြန်ပြောစမ်းပါ၊ ပြောရင်ပြော၊ မပြောရင် သေပေတော့' ဟု ကြိမ်းမောင်းလိုက်၏။

ကျွန်ုပ်ကမူ အကျပ်ကျဟန်နှင့် မျက်လုံးပုတ်ခတ်ပုတ်ခတ် လုပ်နေစဉ် လန့်နိုးသကဲ့သို့ဖြစ်၍ မောင်စောနိုင်၏အသံကို ကြားလိုက်ရလေ၏။

'ဦးလေး၊ အို ဦးလေး၊ ရော့ ရော့ သေနတ်ဒင်ကို မြဲမြဲဆုပ်ထားနော်၊ မလွတ်စေနဲ့၊ မြဲမြဲကိုင်ထား'

ကျွန်ုပ်၏လက်ထဲသို့ မာကျောသောအရာဝတ္ထုတစ်ခုလည်း ရောက်လာလေ၏။ ကျွန်ုပ်သည် ထိုအရာကို လက်နှစ်ဘက်လုံးဖြင့် ဆုပ်ကိုင်ထားလေ၏။

နောက်တစ်ခဏ၌ အပြင်းအထန် ဆွဲလျက်ရှိသည်ကို ကျွန်ုပ် သိလိုက်ရ၏။ ကျွန်ုပ်လည်း ခိုင်မြဲစွာ ကိုင်ထား၏။

သို့ရာတွင် ကျွန်ုပ်၏ကိုယ်ကား တစ်လက်မခန့်မျှ ရွေ့ပါဟန် လက္ခဏာ မရှိချေ။ ထိုအခါ ကျွန်ုပ်သည် ကောင်းကောင်းသတိရ၍ ခြေအောက်၌ရှိသော ကျောက်ဆောင်ကို အားကုန်အောင်ကန်ပေးလိုက်ရာ နောက်တစ်ချက်အဆွဲနှင့် တိုက်ဆိုင်သွားသဖြင့် ပတ်ဝန်းကျင်၌ရှိသော မိုးပွင့်များသည် ကျွန်ုပ်၏ကိုယ်နှင့်ပွတ်တိုက် ကျန်ရစ်၍ ကျွန်ုပ်တစ်ကိုယ်လုံးမှာ အပြင်သို့ ရောက်လာလေ၏။

သို့ရာတွင် အသာတကြည်ရောက်လာရခြင်း မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ကိုယ်သည် သေနတ်ကိုဆွဲလျက်ရှိသော မောင်စောနိုင်၏ကိုယ်နှင့် အပြင်းအထန် ဝင်ဆောင့်မိသည်ဖြစ်၍ မောင်စောနိုင်မှာ အားလွန်ကာ ပက်လက်လန်လျက်လဲသွားပြီးလျှင် တူဝရီးနှစ်ယောက်သားသည် တောင်ပူစာအောက်သို့ ဒလိမ့်ကောက်ကွေး ကျသွားကြလေ၏။

ကံကောင်းလှသော ကျွန်ုပ်တို့နှစ်ယောက်မှာ ဆက်လက်၍ ကံကောင်း တုန်းပင်ရှိနေသေး၏။ တောင်ပူစာပေါ်မှ လိမ့်ကျလာပြီးနောက် ချောက်ကြီး၏ အစွန်းတည့်တည့်တွင် ရပ်တန့်လျက်ရှိရာ အကယ်၍ တလိမ့်ထဲမှ ဆက်လက်၍ လိမ့်လိုက်သွားပါမူ ချောက်ကြီးထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ထိုးကျသွားချေ တော့မည် ဖြစ်၏။

ထိုအခြင်းအရာကို တွေ့မြင်ကြရသော ကျွန်ုပ်တို့မှာ ကြက်သီးမွေးညင်း မထဘဲ မနေနိုင်အောင် ဖြစ်ကြရသေး၏။ ကျွန်ုပ်၏ လက်ဖျားကလေးများမှာ အသက်အောင့်၍ နေခဲ့ရသည့်အတွက်ကြောင့် ညိုပုပ်ပုပ် ပြာနှမ်းနှမ်း ရှိနေကြ သေး၏။

'ဟိုထဲမှာ ငါ ဘယ်လောက်ကြာခဲ့သလဲဟေ့ မောင်စောနိုင်'

'အမှန်မပြောနိုင်ဘူး ဦးလေး၊ မိနစ်နှစ်ဆယ်လောက် ကြာမလား မသိဘူး'

'အလိုလေးကွယ်၊ ငါဖြင့် အနှစ်နှစ်ဆယ်လောက် ကြာခဲ့ရတယ် ထင်တော့တာပဲ၊ ဒါထက် မင်း ဘယ့်နှယ့်လုပ် ကယ်သလဲ ပြောစမ်းပါဦးကွယ်'

'ရေခဲတွေ နည်းနည်းမာနေတဲ့နေရာမှာ သားရေကြိုးကို ဖြန့်ခင်းပြီး အလျားမှောက်လျက် ဦးလေးရှိတဲ့နေရာကို မှန်းဆပြီး ဥမင်လိုဏ်ခေါင်း သဘော မျိုး တူးရတာကိုး ဦးလေးရဲ့၊ ရှေးဦးစွာ ဦးလေး လက်ချောင်းကလေးတွေကို မြင်တော့ ညိုမည်းနေလို့ ကျွန်တော်က ကျောက်ဆောင်လားလို့တောင် အောက် မေ့မိသေးတယ်၊ နောက်တော့မှ လက်မှန်းသိလို့ သေနတ်ကိုထိုးထည့်ပြီး အတင်း ဆွဲထုတ်ယူရတာပါပဲ၊ ကျွန်တော်တို့နှစ်ယောက်စလုံး သူလိုငါလို ဗလမျိုး လောက်သာဖြင့် ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူး၊ ဒီအတိုင်းထားခဲ့ရတော့ မှာပဲ'

'ကျေးဇူးပါပဲ တူရယ်'

'ဒါထက် ကျွန်တော်တို့မှာ လက်နက်မရှိတော့ဘူး၊ ကြည့်စမ်း ကျွန်တော့်သေနတ်လဲ ကျိုးသွားပြီ၊ ဦးလေးသေနတ်လဲ မိုးပွင့်ထဲ ပျောက်နေရစ်ခဲ့

ပြီ၊ ကိုင်း ဒီတော့ ယမ်းတောင့်တွေ ယူနေလို့အပိုပဲ၊ ပစ်ခဲ့ကြပေတော့၊ ဝန်ပေါ့တာပေါ့လေ’

ငှင်းနောက် ကျွန်ုပ်တို့သည် ချောက်ကမ်းပါးတွင် လမ်းဆုံးသွားသော နေရာသို့ တစ်ဖန်လျှောက်လာကြရပြန်လေ၏။ ငှင်းနေရာသို့ လာကြစဉ်အခါက တိုက်လုံးခန့် ပမာဏရှိသော ရေခဲအစိုင်အခဲကြီးတစ်လုံးသည် ကျွန်ုပ်တို့ရှေ့မှ လျှောဆင်းသွားသဖြင့် သီသီကလေးလွတ်သွားကြ၏။

တစ်ခါကလည်း ကူးတို့သင်္ဘောခန့်မျှလောက်ရှိသော ကျောက်တုံးကြီး တစ်တုံးသည် ကျွန်ုပ်တို့ နောက်နားမှ သီခနဲထိုးကျသွားလေ၏။ ထိုအခြင်းအရာများမှာ ယခင်တစ်နေ့က လျှောဆင်းသွားသော ရေခဲမြစ်ကြီး၏ လှိုင်းဂယက်များ သာလျှင် ဖြစ်ပေ၏။

ကျွန်ုပ်တို့မှာမူ ဘေးအန္တရာယ်တွေ့ကြုံရဖန်များသဖြင့် ‘ဖန်တစ်ရာတေ’ နေပြီ ဖြစ်သောကြောင့် အနည်းငယ်မျှ တုန်လှုပ်ချောက်ခြားခြင်းမရှိဘဲ ခြေလှမ်းမပျက် လျှောက်သွားကြလေ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် လမ်းဆုံတွေ့ရသော ချောက်ကမ်းပါးစွန်းသို့ ပြန်ရောက်ကြလေ၏။ ငှင်းနေရာသို့ ပထမအကြိမ် ကျွန်ုပ်တို့ရောက်စဉ်က ကျန်ရစ်ခဲ့သော ခြေရာများကို တွေ့မြင်ကြရသေးရာ ကျွန်ုပ်တို့မှာ ဆိုးတူကောင်းဖက် ကြာရှည်စွာ သွားလာခဲ့သောနွားကြီး၏ ခြေရာများကို တွေ့ရသဖြင့် မျက်ရည်လည်ချင်သလို ဖြစ်ကြရသေး၏။ အသားကိုစားရက်သော်လည်း ခြေရာကို မြင်သဖြင့် တုန်လှုပ်ရခြင်းမှာ လူသတ္တဝါတို့၏ ဆန်းကြယ်သော သဘောထားမျိုးပေတည်း။

ကျွန်ုပ်တို့မှာ မည်သည့်နည်းနှင့်မဆို ချောက်အောက်သို့ရောက်အောင် ဆင်းကြရမည်ဖြစ်ရာ ဆင်းသက်ရန် အခြားနေရာလည်းမရှိသဖြင့် ထိုနေရာမှပင် ဆင်းသင်ကြရန် ဆုံးဖြတ်လိုက်ကြလေ၏။

ကျွန်ုပ်တို့သည် သားမွေးစောင်တစ်ထည်နှင့် နွားကြီး၏ သားရေကို အစင်းစင်းလှီးဖြတ်၍ ကြိုးနှစ်ချောင်းဖြစ်အောင် ကျစ်ကြလေ၏။ ငှင်းနောက်

တစ်ယောက်လျှင် ကြိုးတစ်ချောင်းစီယူ၍ ကြိုးတစ်စကို ခါးတွင်ချည်လျက် တစ်စကို တန်းလန်းထားကြ၏။

သားမွေးအဝတ်များကိုလည်း ရှေးနည်းအတူအစင်းစင်းလှီးဖြတ်၍ ဒူး၊ ခြေသလုံးတို့ကို မပွန်းမပဲ့စေရန် စည်းနှောင်ထားကြ၏။ သားရေ လက်အိတ်ကြီးများကိုလည်း လက်တွင်စွပ်ထားကြ၏။ ၎င်းနောက် ကြွင်းကျန်သမျှသော အဝတ်အစားများကို စုပေါင်း၍ ခဲတစ်ခဲနှင့် ချည်ပြီးလျှင် ချောက်ထဲသို့ ပစ်ချလိုက်ကြ၏။

ကျွန်ုပ်တို့အကြံကား ချောက်အောက်သို့ ရောက်နိုင်ခဲ့လျှင် ရှာ၍ယူကြရန် ဖြစ်လေသည်။ ယင်းသို့ ပြင်ဆင်ပြီးစီးလတ်သော် ကျွန်ုပ်တို့သည် လူတို့ သဘောအလျောက် စွန့်စားသွားလာခဲ့ကြဖူးသမျှ ခရီးများအနက်တွင် ကြောက်မက်ဖွယ် အကောင်းဆုံးတစ်ခုဖြစ်သော ဤခရီးကို အစပြုကြလေ၏။

ယင်းသို့ မစသေးမီ ကျွန်ုပ်တို့သည် မျက်နှာချင်းဆိုင်ကာ တစ်ယောက်၏ လက်နှစ်ဘက်ကို တစ်ယောက်က လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်လျက် စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ မျက်နှာကို စေ့စေ့ကြည့်၍ တစ်ခဏမျှ ရပ်တန့်ကြသေးရာ ကျွန်ုပ်တို့မှာ မျက်ရည်များပင် ကျမိသေး၏။

အလွန်စိတ်ထားခိုင်သော မောင်စောနိုင်မှာမူ ထိခိုက်တုန်လှုပ်ဟန်ရှိသော်လည်း မျက်ရည်မထွက်ချေ။ စင်စစ်သော်ကား ကျွန်ုပ်သည် ကျွန်ုပ်ကိုယ်ရေးအတွက် တုန်လှုပ်ခြင်းမဟုတ်၊ အလွန်ယောကျ်ားပီသသော ကျွန်ုပ်တူတော်မောင်၏ နောက်ဆုံးသော ခရီးပေတည်းဟု တွေးတောမိသဖြင့် အလွန်နှမြောလှသောကြောင့်မျှသာ ဖြစ်ပေ၏။

နောက်ဆုံး၌ မောင်စောနိုင်က ...

'ကိုင်း၊ လာပေတော့ ဦးလေးရေ့' ဟုပြော၍ ကျွန်ုပ်တို့နှစ်ယောက်သည် ကြောက်မက်ဖွယ်ရာ နက်စောက်လှသောချောက်ကြီးကို ရင်ပေါင်တန်း ဆင်းလာကြလေ၏။

ပထမ၌ ချောက်နှုတ်ခမ်းမှာ ခပ်ပြေပြေရှိနေသေးသဖြင့် အခက်အခဲ မတွေ့ရသေးချေ။ သို့ရာတွင် ခြေတစ်ချက်ချော်ခဲ့ပါက အတားအဆီးမရှိ ချောက်အောက်သို့ ဒုတ်ဒုတ်ထိ ထိုးကျသွားမည်ကား မလွဲတည်း။

ခွန်အားဗလကောင်း၍ ကျင်လည်နေသော ကျွန်ုပ်တို့မှာမူ တစ်ကြိမ် တစ်ခါမျှ မတော်တဆ ဖြစ်ကြရသည်မရှိပေ။

လေးပုံတစ်ပုံခန့် ခရီးသို့ရောက်ကြသောအခါ ရေခဲထဲ၌ နစ်မြုပ်လျက် ရှိသော ကျောက်တုံးကြီးတစ်တုံးပေါ်သို့ ဆိုက်ရောက်ကြ၍ တစ်ခဏမျှ ရပ်တန့် ပြီးလျှင် ပတ်ဝန်းကျင်အရပ်တို့ကို လှည့်ပတ်ကြည့်ရှုကြလေ၏။

သို့ရာတွင် ကျွန်ုပ်တို့၏ ရှေ့နားတွင် ချောက်ကမ်းပါးသည် မတ်မတ် ကြီး ထိုးဆင်းသွားသောကြောင့် ရှေ့၌ရှိသော ခရီးစဉ်ကို မျှော်ကြည့်သော်လည်း မမြင်နိုင်ချေ။

ထိုနေရာမှ ကြာရှည်စွာကြည့်နေခဲ့သော် မူးဝေသွားမည် စိုးရိမ်ရ သောကြောင့် ကျွန်ုပ်တို့သည် ဆက်လက်၍ ကြည့်မနေတော့ဘဲ ရေခဲတုံးများကို မျက်နှာမူလျက် နောက်ပြန်ဆင်းကြရပြန်လေ၏။

ထိုနေရာ၌ကား ကျောက်တုံးများသည် တစ်တုံးနှင့်တစ်တုံး အတော် ကွာလှမ်း၍ ၎င်းတို့အကြားတွင် ခြေကုန်မရနိုင်သောကြောင့် တစ်တုံးမှ တစ်တုံး သို့ရောက်အောင် လျှော၍ချကြရ၏။

အတော်ကွာလှမ်းသော နေရာများတွင် ကျွန်ုပ်တို့သည် ရောက်နေပြီး သော ကျောက်တုံး၏အစွန်းများ၊ အတက်များတွင် ကြိုးကိုချိတ်ထား၍ ၎င်းကြိုး ကို အားပြုလျက် နောက်ကျောက်တုံးသို့ ဆိုက်ရောက်သောအခါမှ ကြိုးကို ပြန်ဆွဲယူရလေ၏။ ကြိုးများမပါခဲ့လျှင် ကျွန်ုပ်တို့ ခြေချော်၍ ထိုးကျသွားကြ သည်မှာ ကြာလှပေရော့မည်။

ဤနည်းအားဖြင့် ကျပ်တည်းခဲယဉ်းစွာ လျှောဆင်းကြ၍ ယခင်ဖော်ပြ ခဲ့သည့် မတ်စောက်သော ကျောက်စွန်းသို့ ရောက်ကြသောအခါ ကျွန်ုပ်တို့မှာ ပေ

၂၅၀ ခန့် ခရီးပေါက်ခဲ့၍ ရှေ့အဖို့၌ ပေ ၁၅၀ ခန့်မျှသာ ကျန်တော့သည်ဟု ခန့်မှန်းမိ၏။ အတော်ခရီးပေါက်ခဲ့သဖြင့် ဝမ်းမြောက်ဖွယ်ရာပင်။

သို့သော် ပေ ၁၅၀ ဆိုသော အမြင့်မှာလည်း ချော်ကျခဲ့လျှင် ဆယ်ပြန်သေနိုင်လောက်အောင် အမြင့်မျိုးဖြစ်နေသေးသောကြောင့် ဘေးအန္တရာယ်ကင်းဖို့ အတော်ဝေးချေသေး၍ စင်စစ်မှာ တကယ့်ဘေးအန္တရာယ်သည် ထိုနေရာကမှ အစပြုခဲ့၏။

၎င်းနေရာ၌ကား ကျောက်တုံးကျောက်ခဲများ မရှိတော့သဖြင့် ကျွန်ုပ်တို့သည် ရေခဲများပေါ်၌ထိုင်၍ နားနေကြရ၏။ ကျွန်ုပ်တို့၏ ရှေ့၌ကား ကျောက်စွန်းကြီး ငေါလျက်ထွက်နေ၍ ကျောက်စွန်း၏အောက်၌ မည်သို့ရှိသည်ကို ဘာမျှ မမြင်ရချေ။

'ဘယ်နည်းနဲ့မဆို မြင်ရအောင် ကြည့်ရလိမ့်မယ် ဦးလေးရေ့'

မြင်ရအောင်ကြည့်ဖို့နည်းမှာ ကျောက်စွန်းပေါ်မှ ကုန်းလျက် ငုံ့ကြည့်ဖို့ တစ်နည်းသာရှိရာ ကျောက်စွန်းသို့ရောက်အောင် ဘယ်နည်းနှင့် သွားရချေမည်နည်း။

'ကိုင်း၊ ငါသွားကြည့်မယ်ဟေ့၊ မင်း နေရစ်ဦး'

'မဖြစ်ဘူး ဦးလေးရေ့၊ ကျွန်တော်သွားမှ ဖြစ်မယ်၊ ကျွန်တော်က ဦးလေးထက် ဗလကောင်းတယ်၊ ကျွန်တော့်ကိုသာ ကူပေတော့'

မောင်စောနိုင်သည် ၎င်း၏ကြိုးစကို ရေခဲတုံးကြီးတစ်တုံး၏ အစွန်းတွင် ခိုင်မြဲစွာ ချည်နှောင်လေ၏။

'ကိုင်း ဦးလေးက ကျွန်တော့်ခြေထောက်ကို ကိုင်ထားနော်၊ အဲ ဟုတ်ပြီ'

ကျွန်ုပ်သည် ချိုင့်ခွက်တစ်ခုတွင် ခြေကိုစုံကန်လျက် မောင်စောနိုင်၏ ခြေထောက်နှစ်ချောင်းကို စေ့စေ့ပါအောင် ဆုပ်ကိုင်ထားလေရာ မောင်စောနိုင်သည် ဝမ်းလျားမှောက်ကာ ရှေ့သို့ကုန်းထိုးလျှောဆင်း သွားသဖြင့် ခါးတစ်ဝက်ကျော်သည့်တိုင်အောင် ကျောက်စွန်း၏အပြင်သို့ လွန်ထွက်သွားလေ၏။

မည်သည့်အရာကို သူမြင်ရသည်ဟု တွေးဖို့မလို၊ ကျွန်ုပ်ကိုယ်တိုင် မကြာမီ မြင်ဦးတော့မည်ဖြစ်၏။ ကျွန်ုပ်က 'ဘယ့်နှယ်လဲဟေ့' ဟုမေးတော့မည် အပြုတွင် သူ၏ခြေထောက်နှစ်ချောင်းသည် ကျွန်ုပ်၏ လက်ထဲတွင် မတားဆီးနိုင်လောက်အောင် ရုတ်ခနဲ ရုန်းကန်လိုက်သလိုဖြစ်သွား၍ လက်ထဲမှ လွတ်ခနဲ ချော်ထွက်သွားလေ၏။

ကျွန်ုပ်မှာ မောင်စောနိုင်၏အသက်ကို မိမိ၏အသက်တမျှ ကာကွယ်ပါ၏။ နမြောပါ၏။ ပိုလျှင်သာ ပိုလိမ့်မည်။

သို့ရာတွင် ရုတ်တရက် ရှောင်တခင်ဖြစ်ပေါ်လာသော အရေးတစ်ခုတွင် လူတို့သည် ကိုယ့်အသက်ကို ရှေးဦးစွာကာကွယ်တတ်သော ဓမ္မတာသဘာဝ ရှိနေရကား နှစ်ယောက်လုံးကျသွားမည့်ဘေးကို မြင်သဖြင့် လွှတ်လိုက်မိလေသလော မပြောတတ်ပေ။

ထိုသို့ဖြစ်ခဲ့ပါလျှင်လည်း ကျွန်ုပ်သဘောကို ဤမျှလောက် သိကြပြီးဖြစ်သည့် စာဖတ်သူများက ကျွန်ုပ်အား အပြစ်လွှတ်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မောင်စောနိုင်မှာ ကျွန်ုပ်၏လက်ထဲမှ လွတ်ထွက်သွားပြီးနောက် ၎င်းကို ချည်ထားသောကြိုးသည် ရှောရှော ရှောရှောနှင့် အပြေးအလွှားလိုက်ပါသွား၍ ဆုံးသောအခါ၌ တန့်ခနဲရပ်၍ တောင့်ခနဲ တင်းခံနေလေ၏။

ထိုခဏ၌ ကျွန်ုပ်မှာ နားထဲ၌ လေတဝူးဝူး ထွက်သည့်တိုင်အောင် ထူပူမွန်းရှိန်လျက် တက်သွား၍ 'မောင်စောနိုင်၊ ဟေ့ မောင်စောနိုင်' ဟု ငယ်သံပါအောင် ကုန်း၍ဟစ်အော် ခေါ်ငင်လေ၏။

ထိုအခါ မောင်စောနိုင်သည် အစ်တစ်တစ်ရှိသောအသံဖြင့် 'လာခဲ့ ဦးလေးရေ့ လာခဲ့' ဟု ဟစ်အော်လိုက်သည်ကို ကြားလိုက်ရ၏။ စင်စစ်သော်ကား 'မလာနဲ့ ဦးလေးရေ့ မလာနဲ့' ဟု ဟစ်အော်ခြင်းမျှဖြစ်ကြောင်းကို နောင်အခါမှ သိရှိရ၏။

သို့ဖြစ်၍ ကျွန်ုပ်သည် အနည်းငယ်မျှ ဆိုင်းတွဖင့်နွဲခြင်းမရှိဘဲ ရေခဲတစ်လျှောက် ဝမ်းလျားမှောက်လျက် ကျောက်စွန်းရှိရာသို့ ထိုးဆင်းသွားလေ၏။

နှစ်စက္ကန့်အချိန်တွင် အစွန်းသို့ရောက်၍ သုံးစက္ကန့်အချိန်တွင် အစွန်းပေါ်မှ ကျော်မိလေ၏။ ၎င်းအစွန်းမှာ စင်စစ်အားဖြင့် ကျောက်စွန်းမဟုတ်၊ ရေခဲစွန်းကြီးမျှသာဖြစ်၏။

အစွန်းကြီး၏ အခြားဘက်၌ တောက်လျှောက်လဟာပြင်ကြီးမဟုတ်ဘဲ အလျားငါးပေခန့်နှင့် ခပ်စောင်းစောင်း လျှောဆင်းသွားသော ရေခဲပြင်ကလေးရှိသေးရာ ၎င်းရေခဲပြင်ကို မူလနေရာမှ မမြင်ရချေ။

ကျွန်ုပ်မှာမူ မြင်ရသော ရေခဲစွန်းသို့ရောက်ခါမှ ယခင်က မမြင်ရသော ရေခဲပြင်ကို မြင်ရ၍ ဆက်လက်လျှောကျသွားရာ ရေခဲပြင်၏ အစွန်းတွင် လက်လေးသစ်ခန့်မြင့်သော အထစ်ကလေးတစ်ခု ဖြစ်ပေါ်လျက်ရှိ၏။

ကျွန်ုပ်မှာ ရေခဲပြင်တစ်လျှောက် ဦးခေါင်းက ရှေ့မှာ လျှောကျသွား၍ အစွန်း၌ရှိသော အထစ်ကလေးကို လက်ဖြင့်တွန်းထားလိုက်ရာ ရေခဲပြင်ပေါ်တွင် ဝမ်းလျားမှောက်လျက် ရပ်တန့်နေလေ၏။

ယင်းကဲ့သို့ အရှိန်သတ်ထားသလို ဖြစ်သွားပြီးသည့်နောက်မှ ကျွန်ုပ်သည် ရေခဲထစ်ကို အားပြုလျက် တဖြည်းဖြည်း ရှေ့သို့လျှောချသွားပြီးလျှင် အောက်သို့ ငုံ့ကြည့်လိုက်လေ၏။

မြင်ရသောအခြင်းအရာမှာ ကြက်သီးမွေးညင်း ထလောက်ပါပေ၏။ ကျွန်ုပ်၏အောက် လေးငါးပေခန့်လောက်တွင် မောင်စောနိုင်သည် အထက်စွန်းကိုလည်း မမီ၊ နံဘေးမှ ကျောက်ဆောင်ကိုလည်း မမီ၊ လေထဲ၌ တွဲရွဲကျနေသော ပင့်ကူကဲ့သို့ ထိုမှ ဤမှ လည်ပတ်လျက်ရှိ၏။

၎င်း၏ အောက်၌ကား နက်လှစွာသော ချောက်ကြီးသည် ပါးစပ်ဟောင်းလောင်းဖွင့်ထားသကဲ့သို့ ဟာလာဟင်းလင်းကြီးရှိနေရာ အောက်ခြေ၌ကား မိုးပွင့်များ တဖွေးဖွေး တရေးရေးမျှ တွေ့မြင်ရ၏။

ကျွန်ုပ်မှာ လက်ဖဝါးခန့်မျှသော ရေခဲထစ်ကိုအားပြု၍ ဦးခေါင်းစောက်ထိုးတည်နေလျက် ပြန်တက်ရန်လည်း မဖြစ်နိုင်၊ လှုပ်ရှားရန်မျှလည်း မဝံ့၊ ရှေ့၌လည်း ချောက်ကြီး ဟာလာဟင်းလင်းမျှသာရှိရကား ဤအဖြစ်မျိုးထက် ဆိုးရွားသောအဖြစ်ကို စိတ်ကူးရန် ခဲယဉ်းလှပေလိမ့်မည်။

အောက်၌လည်း ချစ်လှစွာသော မောင်စောနိုင်သည် ချာလပတ်လည်လျက် ရှိနေရှာ၏။ မောင်စောနိုင်၏ သားရေကြိုးမှာ တဖြည်းဖြည်းဆန့်ထွက်၍ မျှင်မျှင်ကလေးမျှသာ ကျန်တော့ရာ ဆက်ဆုံးများမှာလည်း တဖျစ်ဖျစ်မြည်လျက်ရှိ၏။

ကြိုးပြတ်မည်လော၊ သို့တည်းမဟုတ် ဆက်ထုံးများက ပြေမည်လော၊ သို့တည်းမဟုတ် ထိုအဖြစ်မျိုး၌ပင် မောင်စောနိုင် အသက်ကုန်၍ တဖြည်းဖြည်း ရိပုပ်ကာ ပြုတ်ကြွေကျရမည်ဟောဟူ၍ မသာယာသော စိတ်ကူးမျိုး ဖြစ်ပေါ်လာမိသေး၏။ ယင်းသို့ စဉ်းစားမိရာတွင် အလွန်ချမ်းအေးလှသော အရပ်ဒေသ၌ပင် ကျွန်ုပ်၏ တစ်ကိုယ်လုံးမှ ချွေးများပြိုက်ပြိုက်ယိုစီး၍ ကျ၏။

မောင်စောနိုင်သည် ချာလပတ်လည်ရာမှ ကျွန်ုပ်ရှိရာသို့ မော့ကြည့်၍ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်မိကြသောအခါ ၎င်း၏ မျက်နှာထားမှာ သနားဖွယ်ကောင်းလှဘိ၏တကား။

သို့ရာတွင် အသည်းကောင်းလှသော လူတစ်ယောက်ဖြစ်သည့်အတိုင်း တစ်ခွန်းတစ်ပါဒမျှ ညည်းညူ ခြင်းမရှိချေ။

ကျွန်ုပ်၏ လက်များမှာ ညောင်းညာရာမှ ကိုက်ခဲစပြုလာလေပြီ။ ထိုခဏအတွင်း ရှေးဟောင်းနှောင်းဖြစ်များသည် စိတ်ထဲ၌ မမျှော်လင့်ဘဲလျက်နှင့် ပေါ်ပေါက်လာကြ၏။

ငယ်စဉ်က အဖြစ်အပျက်များ၊ မောင်စောနိုင်နှင့် ခရီးသွားစဉ် တွေ့ကြုံခဲ့ဖူးသည့် အခြင်းအရာများ၊ ၎င်းနောက် ရှုပနန္ဒီ၏ မျက်နှာတို့သည် စိတ်ထဲတွင် တစ်ခုပြီးတစ်ခု ဝင်လိုက်ထွက်လိုက် ဖြစ်နေကြ၏။

လက်များမှာမူကား ကိုက်ခဲရာမှ ဆတ်ဆတ်တုန်၍ လာကြလေပြီ။ ထိုခဏ၌ ဝင်းခနဲ တစ်ချက်မြင်ရ၍ ဒုတ်ခနဲတစ်ချက်ကြားလိုက်ရ၏။

မောင်စောနိုင်သည် ကြိုးပေါ်မှ တဖြည်းဖြည်း ဝေဒနာခံစားရ၍ သေရမည်ကို အလိုမရှိသဖြင့် ဓားမြှောင်ကို ခါးမှနုတ်၍ သားရေကြိုးကို ခုတ်ဖြတ်လိုက်လေ၏။

ပထမတစ်ချက်၌ သားရေကြိုးမှာ နှုတ်ခမ်းပြတ်၍ ပြတ်ပြီးသော သားရေစသည် အထက်သို့ လိပ်တက်လျက် တက်လာသည်ကို ကျွန်ုပ် မြင်ရသေး၏။

ဒုတိယတစ်ချက် ခုတ်ပြန်၏။ မပြတ်သေး။ တတိယတစ်ချက်တွင်ကား ကျန်သောသားရေသည် ရှည်သည်ထက်ရှည်အောင်ဆန့်ထွက်၍ အပ်ချည်မျှင်မျှလောက်အဖြစ်သို့ရောက်အောင် သေးသိမ်ဆန့်ထွက်ပြီးမှ ထောက်ခနဲ ပြတ်သွားလေ၏။ ပြတ်ပြီးသော ကြိုးစသည် အထက်သို့လိပ်တက်၍ ကျွန်ုပ်၏မျက်နှာသို့ ကြာပွတ်နှင့် ရိုက်လိုက်သည့်အလား ရိုက်သွားလေ၏။

နောက်တစ်ခဏ၌ ဝုန်းခနဲအသံကိုကြားရ၍ မောင်စောနိုင်မှာ ကျောက်ဆောင်များပေါ်တွင် သွေးရဲရဲ သံရဲရဲနေရှာလိမ့်မည်ဟု ကျွန်ုပ်စိတ်ကူးမိသေး၏။

ကျွန်ုပ်သည်လည်း မခံမရပ်နိုင်တော့ချေ။ ညောင်းခြင်း၊ ကိုက်ခြင်း၊ ထိတ်လန့်ခြင်း၊ ပူပန်ခြင်း၊ မောင်စောနိုင်အတွက် ဝမ်းနည်းခြင်းတို့သည် စိတ်ထဲတွင် ဗလောင်ဆန်၍ တက်နေရကား ...

'ကြာကြာဝေဒနာ မခံစားလိုတော့၊ ငါ့တူနောက်သို့ လိုက်တော့မည်' ဟု အံကြိတ်ကာ ဆုံးဖြတ်ပြီးလျှင် ...

'လာပြီဟေ့ ငါ့တူရေ့' ဟု တစ်ချက်အော်ကာ ရေခဲထစ်၌ ဆုပ်ကိုင်ထားသောလက်ကို ဖြေလွှတ်လိုက်လေတော့၏။

လေထဲသို့ထိုးကျစဉ် ကျွန်ုပ်ရှေးဦးစွာ ခံစားရသော ဝေဒနာကား သုခဝေဒနာဖြစ်၏။ အကြောင်းမူကား ရေခဲထစ်ကို ဆုပ်ကိုင်ထားရသော လက်များ

သည် လွှတ်လိုက်ရခြင်းအားဖြင့် ထုံကျင်ကိုက်ခဲခြင်းမှ သက်သာရာ ရသွား သောကြောင့်ပေတည်း။

ထေရ

## တံခါးဝသို့ဆိုက်ရောက်ခြင်း

ကျွန်ုပ်သွားခဲ့ဖူးသမျှသော ခရီးများအနက် ထိုတောင်စွန်းမှ ခုန်ချလိုက်သဖြင့် လေထဲ၌ စက္ကန့်နှစ်ဆယ်မျှကြာအောင် ထိုးကျသွားသောခရီးသည် ကျွန်ုပ်စိတ်ထဲတွင် မှတ်ထားမိဆုံးသော ခရီးပေတည်း။

အချို့က လေထဲ၌ ထိုးကျသွားသောအခါ လန့်ထိတ်သောကြောင့်ဖြစ်သည်၊ အသည်းအေးသောကြောင့်ဖြစ်စေ မူးမေ့သွားတတ်ကြောင်းနှင့် ပြောသံကြားဖူးသည်။

ကျွန်ုပ်မူကား အလျဉ်း မေ့လျော့မူးဝေခြင်း မရှိသည့်အပြင် ကျွန်ုပ်၏အာရုံကြောများသည် အထူးပင် ဖျတ်လတ်လန်းဆန်းခြင်းရှိ၍ ခံစားရသမျှသောဝေဒနာတို့ကို ထက်ထက်မြက်မြက် စူးစူးရှရှ ခံစားရသည်ဟု ကျွန်ုပ်မှတ်မိသည်။

ချောက်ထဲ၌ တဖွေးဖွေးမြင်ရသော မိုးပွင့်ပြင်ကြီးသည် ကျွန်ုပ်ဆီသို့ လျင်မြန်သော အဟုန်ဖြင့် ပြေးတက်လာ၍ ဝုန်းခနဲ ဖြစ်သွားပြီးလျှင် အဆုံးသို့ရောက်လေတော့၏။

နောက်တခဏ၌ ကျွန်ုပ်သည် အလွန်အေးမြသော ဝေဒနာကို ခံစားရကြောင်း သိရှိလာ၍ အသက်မရှူနိုင်သဖြင့် ရင်ထဲ၌ အောင့်ကျပ်ကြီးရှိနေသောအဖြစ်ကို သိရှိရပြီးလျှင် အောက်သို့နစ်မြုပ်လျက်ရှိသည့် အကြောင်းကိုလည်း သတိရလိုက်၏။

ရင်ထဲ၌ အောင့်ကျပ်သော ဝေဒနာကြောင့် ရင်နှစ်ခြမ်း ဖြန်းဖြန်း ကွဲတော့မည်ကဲ့သို့ မှတ်ထင်နေရသည်တွင် ကျွန်ုပ်၏ ခြေထောက်များသည် မာကျောသော အရာဝတ္ထုနှင့်တိုးမိ၍ တအားဆောင့်ကာ ကန် ကျောက်လိုက် သည်တွင်မှ ဘွားကနဲပေါ်တက်၍ လာလေတော့၏။

စင်စစ်သော်ကား ကျွန်ုပ်မှာ အလွန်တရာ အေးမြသောရေရှိသည့် စမ်းချောင်းတစ်ခုတွင် မြောပါလျက် ရှိလေ၏။

ကျွန်ုပ်မှာ ရေကူးသန်သူတစ်ယောက်ဖြစ်သည့်အတိုင်း ကမ်းဘက်သို့ ယက်ကူးလာစဉ် ဆံပင်နှင့်အဝတ်များမှ ရေဖွားဖွားကျလျက်ရှိသော မောင်စော နိုင်မှာ ကမ်းစပ်တွင် မောကြီးပန်းကြီးနှင့် ထိုင်လျက်ရှိသည်ကိုတွေ့ရ၏။

(မှတ်ချက်။ ။ ၎င်းစမ်းချောင်းမှာ အခါတိုင်း၌ နှစ်ပေသုံးပေခန့်မျှသာ နက်သည်ဖြစ်ရာ ယမန်နေ့က လျှောဆင်းသွားသော ရေခဲမြစ်ကြီးအတွက်ကြောင့် ရေများ ပြည့်လျှံနေခြင်းဖြစ်လေသည်။ ထိုမျှလောက်အမြင့်မှ နှစ်ပေခန့် လောက်သာနက်သော ရေထဲသို့ ထိုးကျပါမူ ကျွန်ုပ်တို့မှာ အောက်တွင်ရှိသော ကျောက်ဆောင်များနှင့် ဆောင့်မိခြင်းအားဖြင့် အရိုးအသားတခြားစီ ဖြစ်သွားဖို့ ရှိ၏။)

ကျွန်ုပ်သည် မောင်စောနိုင်ရှိရာဘက်သို့ ကူးယက်လျက်ရှိစဉ် စမ်း ချောင်းမှာ ရေစီးသန်သွားကြောင့် ကမ်းဘက်သို့ နီးသည်ထက် အောက်ဘက်သို့ မျောပါခြင်းက များလျက်ရှိ၏။

'ကူးပါ ဦးလေးရေ့၊ မြန်မြန်ကူးပါ၊ အောက်နားမှ ရေတံခွန်ကြီးရှိတယ်၊ စီးပါသွားရင် ခက်ကုန်တော့မယ်၊ မြန်မြန်ကူးပါ'

ကျွန်ုပ်လည်း လှမ်းကြည့်လိုက်သောအခါ အောက်ဘက်၌ အတောင် နှစ်ဆယ်ခန့်တွင် စမ်းချောင်းသည် ရုတ်တရက် ၄ပ်ကွယ်သွားသဖြင့် ရေတံခွန် ဖြစ်ကြောင်းသိရှိရလေ၏။ ကျွန်ုပ်လည်း အစွမ်းကုန်ကူးယက်ပါ၏။ သို့သော် လည်း မျော၍သာ နေတော့၏။ မောင်စောနိုင်ခမျာမှာလည်း ကူညီရန်မဆိုထား ဘိ၊ ထိုင်ရာမှပင် ထနိုင်ရန် လက္ခဏာမရှိချေ။

'နေရစ်ပေတော့ ငါ့တူရေ၊ ဦးလေးတော့ မတတ်နိုင်တော့ဘူး'

ထိုအခဏ၌ အသက်ခြောက်ဆယ်ခန့်ရှိ လူကြီးတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်သည် ကျွန်ုပ်၏ အောက်နားရှိ စမ်းချောင်းကမ်းပါးသို့ ရုတ်တရက် ထွက်လာကြလေ၏။

လူကြီးသည် တောင်ဝှေးကို ကိုင်လျက်ရှိရာ မိန်းမပျိုမှာမူ ကျွန်ုပ်တို့ ကိုယ်တိုင် ဤမျှလောက် အကျဉ်းအကျပ်ရှိနေစဉ်မှာပင် သတိမပြုဘဲမနေနိုင် လောက်အောင် နုနယ်ပြေပြစ်ချစ်ခင်ဖွယ်ကောင်းလှသည့် ရုပ်ဆင်းသဏ္ဌာန်နှင့် ပြည့်စုံပေ၏။

ကျွန်ုပ်မှာ ရေတံခွန်ရှိရာသို့ လျင်မြန်သော အဟုန်ဖြင့် မျောပါလျက် ရှိရာ တစ်ခုသောကျောက်စွန်းသည်ကား ကျွန်ုပ်အဖို့ နောက်ဆုံးသော မျှော်လင့်ချက်အနေဖြင့် ပြူထွက်လျက်ရှိ၏။

မိန်းမပျိုသည် တစ်ခဏတာကလေးမျှ ရုပ်တန့်ကြည့်ရှုနေပြီးနောက် ထိုအခြင်းအရာကို ရိပ်မိသည့်လက္ခဏာနှင့် အပေါ်ယံမှ ဝတ်ဆင်ထားသော အဝတ်များကို ရုတ်တရက်ချွတ်ခွါ၍ အဘိုးကြီး၏လက်မှ တောင်ဝှေးကို ဖျတ်ကနဲ လှမ်းယူပြီးလျှင် ကျောက်စွန်းဆီသို့ ပြေးသွားလေ၏။

ကျွန်ုပ်မှာ ကျောက်စွန်းနှင့်တည့်နေပြီးဖြစ်သောကြောင့် နောက်ဆုံးသော အချိန်အပိုင်းအခြားပေတည်း။

မိန်းမပျိုသည် ရေထဲသို့ခါးလောက်တိုင်အောင် ခုန်ဆင်း၍ လက်တစ်ဖက်ဖြင့် ကျောက်စွန်းကို ကိုင်ပြီးလျှင် အခြားလက်တစ်ဖက်ဖြင့် တောင်ဝှေးကို ကျွန်ုပ်ထံသို့ ဆန့်တန်းကာ လှမ်းလိုက်လေ၏။

ကျွန်ုပ်သည် တောင်ဝှေးကို လက်နှစ်ဖက်ဖြင့် အုပ်ဖမ်းရာတွင် အရှိန်တန့်သွားသော်လည်း မိန်းမပျိုကို ဆွဲဆောင့်လိုက်သကဲ့သို့ ဖြစ်သွားသည့်အတွက်ကြောင့် ဒူးထောက်လျက် လဲကျသွားရှာသေး၏။

သို့ရာတွင် ဖျတ်လတ်လျင်မြန်သော အရွယ်ဖြစ်သည့်အလျောက် တောင်ဝှေးကို တောင့်တောင့်ကြီး ကိုင်ထားရင်း မတ်တတ်ရပ်သောအခြေသို့ ရောက်အောင် လွှန့်၍ထပြီးလျှင် ကမ်းဘက်သို့ ဆွဲတင်လိုက်ရာ ကျွန်ုပ်မှာ ပါးစပ်ပြဲပြဲ ဒူးကွဲကွဲနှင့် ကမ်းပေါ်သို့ ရောက်လာရလေ၏။

ထိုအခါ မောင်စောနိုင်သည် ကျွန်ုပ်တို့ရှိရာသို့ အနိုင်နိုင် လျှောက်လာရာ မိန်းမပျိုသည် ကျွန်ုပ်၏မျက်နှာနှင့် မောင်စောနိုင်၏ မျက်နှာကို နှိုင်းယှဉ်သည့်လက္ခဏာနှင့် တစ်လှည့်စီလှည့်ကြည့်ပြီးနောက် ကျွန်ုပ်ကဲ့သို့သော သတ္တဝါအတွက် ထိုမျှလောက် တပင်တပန်း အားထုတ်ကယ်ဆယ်ခဲ့မိခြင်းကိုပင် ဝမ်းနည်းဟန်ရှိသည်ဟု ကျွန်ုပ်မှတ်ထင်မိ၏။

(ကျေးဇူးကန်းသည်ဟု စွပ်စွဲလျှင်လည်း ခံရပေတော့မည်။)

ၤင်းနောက် မိန်းမပျိုသည် ယခင်က ချွတ်ထားသော မိမိ၏ အပေါ်အဝတ်များကို ကောက်ယူဝတ်ဆင်ပြီးလျှင် ကျွန်ုပ်အားအလျဉ်းပင် ဂရုမစိုက်တော့ဘဲ မောပန်းဟန်လောက်သာရှိသော မောင်စောနိုင်၏ အဝတ်များကို ရေများညှစ်ပေးခြင်း၊ ဆံပင်ကို သပ်ရပ်အောင် လက်ဖြင့်ပွတ်သပ်ပေးခြင်း၊ ခြောက်သွေ့သောအဝတ်များနှင့် မောင်စောနိုင်ကို ပွတ်ပေးခြင်း၊ စသည်ဖြင့် ယုယကြင်နာစွာ ပြုစုပေးနေလေ၏။ ခြေကုန်လက်ပန်းဖြစ်လျက် မလှုပ်ရှားနိုင်ဘဲ မြေပေါ်တွင် ပက်လက်လန်လျက်ရှိသော ကျွန်ုပ်ကိုမူ လှည့်၍ပင် ကြည့်ဖော်မရချေ။

အမောအပန်းပြေပျောက်သောအခါ လူကြီးသည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်၍ ဘာသာတစ်မျိုးဖြင့် ကျွန်ုပ်အား မေးမြန်းလေရာ ကျွန်ုပ်သည် တစ်ခွန်းမျှ နားမလည်ချေ။

ထိုအခါ ကျွန်ုပ်က တိဗက် ရဟန်းတော်များ ပြောသောစကားဖြင့် နှုတ်ဆက် ကြည့်ရာ လူကြီးက နားလည်ဟန်မရှိဘဲ ဦးခေါင်းကို ယမ်းခါလေ၏။

နောက်ဆုံး၌ ကျွန်ုပ်က ရှေးက လေ့ကျင့်ထားခဲ့သည့် သသ်ကရိုက် ဘာသာစကားဖြင့် ပြောစမ်းကြည့်ရာ လူကြီးသည် ဝမ်းမြောက်ဝမ်းသာ စကားတုန့်ပြန် ပြောဆိုလေ၏။

လူကြီးက ကျွန်ုပ်အား စုန်းလား နတ်လား ဝိဇ္ဇာလား ဟုမေး၏။ မဟုတ်ရကြောင်းနှင့် ကျွန်ုပ်က ပြန်ပြောသောအခါ လူကြီးက ကျွန်ုပ်တို့ လာရောက်သည့်ကိစ္စကို မေးမြန်းလေ၏။

ထိုအခါ ကျွန်ုပ်သည် မည်သို့ဖြေရမည်ဟု တွေးတောလျက်ရှိစဉ် မောင်စောနိုင်က ...

'ရုပ်ဆင်းသဏ္ဌာန်နဲ့ပြည့်စုံတဲ့ ဘုရင်မကို တွေ့ရအောင် လိုက်ရှာနေပါ သည်' ဟု လွှတ်ကနဲ ဝင်၍ ပြောလိုက်လေ၏။

ထိုအခါ အဘိုးကြီးက ...

'ဒါဖြင့် ဒါ တို့မျှော်လင့်နေတဲ့သူပဲ' ဟု တစ်ယောက်တည်း စိတ်ကူး နေဟန်နှင့် ပြောလေ၏။

ကျွန်ုပ်မှာ သိလိုသော စိတ်မျိုးထက်သန်လာသည်နှင့် ...

'ခင်ဗျားတို့ ဘယ်သူလဲ' ဟု မေးလိုက်ရာ အဘိုးကြီးက ...

'ကျွန်ုပ်က အဝမှာစောင့်ရတဲ့ တံခါးမှူး၊ သူက ကန္ဒတ္ထ နယ်စား ဘဒ္ဒကုမာရီတဲ့' ဟုပြန်ပြောလေ၏။

ထိုခဏ၌ မောင်စောနိုင်သည် ရင်ဘတ်နှင့်ကျောက်တုံး ဆောင့်မိထား သောဒဏ်ချက်ကြောင့် မူးဝေလာသည်နှင့် မိန်းမပျိုနှင့် ကျွန်ုပ်က တစ်ဖက်စီတွဲ၍ ကျဉ်းမြောင်းသော တောင်ကြားလမ်းကလေးတစ်လျှောက် တက်လာရလေ၏။

ကွေ့ကောက်လျက်ရှိသော တောင်ကြားလမ်းကလေး၏အဆုံး ကျယ် ပြန့်သော ကွက်လပ်ကြီးတစ်ခုရှိရာ ကွက်လပ်ကြီး၏ အခြားတစ်ဖက်၌ကား ကျောက်ဆောင်ကို ဖောက်ထွင်းထားသည့် တံခါးဝကြီးကို တွေ့မြင်ကြရ၏။

၎င်းတံခါးဝမှာ စမ်းချောင်း၏ အခြားတစ်ဖက်၌ရှိသော တောင်ကမ်းပါးယံတွင် ကျွန်ုပ်တို့ ယခင်က လျှောက်ခဲ့သည့် လမ်းကြီးနှင့် ရှေးအခါက တစ်ဆက်တည်းဖြစ်ခဲ့ဟန် လက္ခဏာရှိ၏။

တံခါးဝမှထွက်လာပြီးနောက် တစ်ဖက်သော တောင်ကမ်းပါးယံတွင် လှေကားထစ်များတွေ့ရလေရာ ၎င်းတစ်လျှောက် တက်လာကြသောအခါတွင် ကျောက်တောင်အတွင်း ထွင်းဖောက်လာသည့် ဂူကြီးတစ်ခုသို့ ဆိုက်ရောက်လေ၏။

ဂူဝ၌ကား ဣန္ဒြေကြီးလှသော အစေအပါးနှစ်ယောက် စောင့်ကြပ်လျက်ရှိရာ မိန်းမပျိုက အမိန့်ပေးလိုက်သောအခါတွင် ထိုသူနှစ်ယောက်တို့သည် မောင်စောနိုင်ကို ကျွန်ုပ်တို့၏လက်ဝယ်မှ ပွေ့ယူ၍ ဂူတွင်းသို့ သွင်းသွားလေ၏။

ကျွန်ုပ်တို့သည် ၎င်းနောက်မှ လိုက်သွားကြသောအခါ ဂူကြီးအတွင်း အဆောင်ဆောင်အခန်းခန်းဖြင့် တခမ်းတနားထွင်းလုပ်ထား၍ အိုးများတန်းလန်းနှင့်ချက်ပြုတ်လျက်ရှိသည့် မီးဖိုခန်း၊ ထိုင်ခုံများ ခင်းထားသည့် ဧည့်ခန်း၊ အိပ်ယာများ ခင်းကျင်းပြင်ဆင်ထားသည့် အိပ်ခန်းစသည်ဖြင့် ဖြတ်သန်းသွားကြရလေ၏။

အိပ်ခန်းတစ်ခန်းသို့ ရောက်ကြသောအခါ လူနှစ်ယောက်တို့သည် မောင်စောနိုင်ကို ခုတင်တစ်လုံးပေါ်တွင်တင်ထား၍ ကျွန်ုပ်အားလည်း ခုံတစ်ခုပေါ်တွင် ထိုင်ရန် အဘိုးကြီးက ညွှန်ပြလေ၏။

၎င်းနောက် မိန်းမပျိုသည် အပြင်သို့ဖယ်ရှားသွား၍ အဘိုးကြီးနှင့် ကျွန်ုပ်တို့အဖို့ အဝတ်အစားများယူခဲ့ရန် အမိန့်ပေးလိုက်သဖြင့် သိုးမွေးဖြင့်ချုပ်လုပ်သည့် အင်္ကျီရှည်ကြီးများကို လဲလှယ်ဝတ်ဆင်ရသည်တွင်မှ နေသာထိုင်သာ ရှိလေတော့၏။

မောင်စောနိုင်မှာမူ သတိမရ ဖြစ်နေသေးသဖြင့် အစေအပါးများက အဝတ်အစား လဲလှယ်ပေးကြရ၏။

ငင်းနောက် အဘိုးကြီးသည် စွပ်ပြုတ်တစ်ပန်းကန်ကို ယူခဲ့စေ၍ ပုလင်းငယ်တစ်လုံးမှ ဆေးရည်အနည်းငယ်လောင်းထည့်ပြီးလျှင် ကျွန်ုပ်အား ပေးရာ ကျွန်ုပ်သည် တစ်ပန်းကန်လုံး ကုန်အောင်သောက်ပြီးနောက် တစ်ကိုယ်လုံး ထောင်းကနဲ နွေးလာ၍ အိပ်ပျော်သွားလေတော့၏။

အိပ်ရာမှ နိုးလာသောအခါ ကျွန်ုပ်တို့မှာ အမျိုးမျိုးသော ကာယိက ဒုက္ခတို့ကြောင့် အဖျားကြီးဖျားလျက် သတိရတစ်ချက် မရတစ်ချက်နှင့် နေ့ရက်များစွာ ကုန်လွန်ခဲ့ရာ ထိုအချိန်ကာလအတွင်းမှ အဖြစ်အပျက်များမှာ အိပ်မက်လေလော၊ တကယ်ကြုံတွေ့ရခြင်းများလေလောဟု ခွဲခြား၍ မပြောနိုင် လောက်အောင် ခေါင်းထဲ၌ ရောနှောရှုပ်ထွေးလျက်ရှိလေတော့၏။

တစ်နေ့သ၌ ကျွန်ုပ်သည် အိပ်ရာမှနိုးလာ၍ အခန်း၏အခြေအနေကို ကြည့်လိုက်သောအခါ ဘဒ္ဒကုမာရီခေါ် မိန်းမပျိုသည် ခရီးသွားရာမှ ပြန်လာ သည့်အဝတ်အစားမျိုးကို ဝတ်ဆင်လျက် မောင်စောနိုင်၏ ခုတင်နံဘေးတွင် ရှိသော ထိုင်ခုံပေါ်တွင် ထိုင်နေသည်ကို တွေ့မြင်ရလေ၏။

ထိုမိန်းမပျိုက မောင်စောနိုင်အား ကြည့်နေပုံမျက်နှာထားမှာ သာမည ချစ်ကြိုက်သူတို့ ကြည့်ခြင်းမျိုးလည်းမဟုတ်၊ ကာမရာဂဟု ဆိုအပ်သော တဏှာ စိတ်မျိုးလည်း မဟုတ်၊ တစ်ကိုယ်လုံး၌ တည်ရှိသော အာရုံကြောများသည် အခိုက်အတန့်တွင် မျက်လုံးနှစ်လုံးတည်း၌သာလျှင် စုဝေးပေါင်းစည်းကာ တည်နေဘိသကဲ့သို့ အလွန်အမင်း စိတ်အားထက်သန်ခြင်းရှိနေသည့် အဖြစ်ကို ထင်ရှားစွာ တွေ့မြင်ရပေ၏။

ထိုအခြင်းအရာကို တွေ့မြင်ရသော ကျွန်ုပ်မှာ မည်ကဲ့သို့ ဖြစ်ပျက်ဦး မည်ကို မျှော်လင့်သည့် လက္ခဏာနှင့် အသည်းတထိတ်ထိတ်ရှိနေရကား မိန်းမပျိုက ကျွန်ုပ်ဘက် တစ်ချက်မျှ ဖျတ်ကနဲ လှည့်ကြည့်လိုက်သောအခါတွင် ကျွန်ုပ်က မျက်စိ မှိတ်ထားလိုက်လေ၏။

ငင်းနောက် ဘဒ္ဒကုမာရီသည် မောင်စောနိုင်အား စူးစိုက်ကာ ကြည့်နေ လေရာ ရံဖန်ရံခါ မိမိ၏ဦးခေါင်းကို လက်ဝါးဖြင့် ဖြည်းညင်းစွာရိုက်လျက် ...

'ဘယ်တုန်းက ဘယ်မှာပါလိမ့်ကရို့ ခက်လိုက်ပါဘိတော့၊ ဘယ်တုန်းက ဘယ်မှာပါလိမ့်ကရို့' ဟု တတွတ်တွတ်ရေရွတ် မြည်တမ်းလျက်ရှိလေ၏။

ထိုအတောအတွင်း၌ ကျွန်ုပ်၏ စိတ်ထဲတွင်လည်း ...

'ဤမိန်းမသည် မည်သို့ဖြစ်လေသနည်း၊ ကျွန်ုပ်တို့ လိုက်လံရှာဖွေခဲ့သော ရူပနန္ဒီသည် ၎င်းမိန်းမပင် ဖြစ်လေသလား၊ အကယ်၍ ရူပနန္ဒီ မဟုတ်သေးခဲ့လျှင် ရူပနန္ဒီနှင့်အဘယ်ကဲ့သို့ ဆက်သွယ်ခြင်း ရှိလေသနည်း' ဟူသော ပုစ္ဆာများကို အကြိမ်ကြိမ် အဖန်ဖန် မေးမြန်းလျက်ရှိလေတော့၏။

၎င်း၏ အမူအရာကို တွေ့မြင်ရခြင်းအားဖြင့် ရူပနန္ဒီပင် ဖြစ်ရမည်ဟု တွေးထင်ဖွယ်ရာရှိသော်လည်း ရူပနန္ဒီကို မြင်ခဲ့လျှင် စိတ်ထဲ၌ တစ်နည်းနည်းဖြင့် ထိခိုက်ရမည်ဟု ယုံကြည်ထားခဲ့သော ကျွန်ုပ်တို့မှာ ထိုကဲ့သို့ထိခိုက်ခြင်းမျိုး မခံစားရသည့်အတွက်ကြောင့် မဟုတ်သေးဟူ၍လည်း စဉ်းစားမိ၏။

ဘဒ္ဒကုမာရီသည် ခုံပေါ်တွင် ထိုင်လျက်ရှိနေရာမှ ခုတင်နံဘေးသို့ ဆင်း၍ ဒူးထောက်လိုက်၏။ မောင်စောနိုင်မှာမူ အသက်မှန်မှန်ရှူရှိုက်ကာ အိပ်ပျော်လျက်ရှိ၏။

မိန်းမပျို၏ နှုတ်မှမူ ကြင်နာယုယစွာသော လေသံမျိုးဖြင့် တတွတ်တွတ် ရေရွတ်လျက် မျက်လုံးများမူကား ထက်သန်နက်နဲလှစွာသော ကြည့်ခြင်းမျိုးဖြင့် မောင်စောနိုင်၏ မျက်နှာကို စိမ်းစိမ်းစေ့စေ့ စူးစိုက် ကြည့်ရှုလျက်ရှိ၏။

၎င်း၏နှုတ်မှ ရေရွတ်သောစကားမှာ အလွန်တရာ တီးတိုးညင်သာစွာ ရှိရာမှ တဖြည်းဖြည်းကျယ်ထွက်လာသည်နှင့် တစ်ခွန်းတလေမျှ ကျွန်ုပ် ကြားလိုက်ရ၏။

'အိပ်မက်ထဲက မောင်ကြီးရယ်၊ ဘယ်တိုင်းဌာနီက ရောက်လာလေသလဲကွယ်၊ ရူပကလျာဏီက ဘာကြောင့် အကြိုခိုင်းရလေသလဲကွယ်၊ ဘယ်ဘဝ၊ ဘယ်ကမ္ဘာက လာခဲ့တဲ့ ရေစက်လေလဲကွယ်၊ ယခုမှ မြင်ရပါလျက်နဲ့ အဘယ်ကြောင့် သိဟောင်း၊ ကျွမ်းဟောင်းလို မှတ်ရလေသလဲကွယ်၊ မောင်ကြီး သိလျှင် ပြောပါတော့လားကွယ်၊ နမရဲ့ဖူးစာ မောင်ကြီးရဲ့ နဖူးမှာ ရေးထားလေ

သလား မောင်ကြီးရယ်၊ ဟင်း သိချင် လိုက်ပါဘိသနော်၊ တယ်လေ၊ ဟင်း’ ဟုပြောရာမှ မချုပ်တည်းနိုင်ဟန်နှင့် ရုတ်ခနဲ ငုံ့တည့်၍ မောင်စောနိုင်၏ ပါးပြင်နှစ်ဘက်ကို တစ်ချက်စီ နမ်းရှုပ်လိုက်လေ၏။

နောက်တစ်ခဏ၌ မိန်းမပျိုသည် မိမိ၏ အပြုအမူအတွက် ရွံ့ရှက်သည့် အမူအရာနှင့် ငုံ့ရာမှ ရုတ်တရက်ထ၍ မည်သူမြင်လေဘိသနည်းဟု ထိုမှ ဤမှ ကြည့်ရှုလေရာ ၎င်းမျက်နှာမှာ နီမြန်းလျက်ရှိ၏။

ကျွန်ုပ်မှာမူ မြင်လိုလှသော စိတ်ဇောကြောင့် မသိမမြင်ဟန်ဆောင်ရန် သတိမရတော့ဘဲ ကြောင်တောင်ကြီးငေးလျက် ကြည့်မိနေရာ မိန်းမပျိုက ကျွန်ုပ်ရှိရာသို့ လှမ်းကြည့်လိုက်သောအခါတွင် မျက်လုံးချင်း ထပ်ခနဲ ရင်ဆိုင်လျက်ရှိ၏။

ထိုအခိုက်၌ မိန်းမပျို၏ မျက်နှာထားမှာ ရွံ့ရှက်သောအဖြစ်မှ အလွန်အမင်း အပြင်းအထန် စိတ်ဆိုးခြင်းအဖြစ်သို့ ရုတ်ချည်းပင် ပြောင်းလဲသွားရကား ကျွန်ုပ်မှာ ...

‘သေနေ့စေ့လေပြီ’ ဟု အောက်မေ့လိုက်မိ၏။

နောက်တစ်ခဏ၌ မိန်းမပျိုသည် ခါး၌ဆောင်ထားသောဓားမြှောင်ကို လက်လှမ်းလျက် ‘တယ်စော်ကားတယ်ဟေ့’ ဟု သွားကြားမှ လေထွက်သော အသံမျိုးနှင့် တရှူးရှူးမြည်အောင်ပြော၍ ဓားမြှောင်ကိုမြှောက်ကာ ကျွန်ုပ်ရှိရာသို့ လာလေ၏။

အတွေ့အကြုံများခဲ့လှပြီဖြစ်သော ကျွန်ုပ်မှာ ထိုသို့သော အခြေအနေမျိုး၌ သတိလစ်ဟင်းခြင်း မရှိချေ။ သို့ဖြစ်၍ ကယောင်ချောက်ခြားဖြစ်နေသော အမူအရာမျိုးနှင့် အိပ်ရာမှလူးလိုမ့်ကာ ထပြီးလျှင် ...

‘ရေဇတ်လွန်းလို့ သေရချေရဲ့ဗျာတို့၊ ရင်ထဲက မီးဟုန်းဟုန်းတောက်နေပြီ ထင်ပါရဲ့ဗျာတို့၊ တဆိတ်ကလေးဗျာ၊ ရေကလေးတစ်ပေါက်လောက် ပေးတော်မူကြပါဗျာတို့၊ အို တံခါးမှူးကြီးရဲ့၊ ကျွန်တော့်ကို သနားလျှင် ရေ

ကလေးတစ်ခွက်ပေးပါ ဘကြီးရယ်၊ မြန်မြန်ပေးပါဗျ’ ဟု တွန့်လိမ်ကာ ခေါင်းတောင်းပြီးမှ မောဟိုက်သည့်ဟန်ဖြင့် အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်လေ၏။

ထိုအခါ မိန်းမသည် မရေရာသောအမူအရာမျိုးနှင့် မတ်တပ်ရပ်ကာ ကြည့်နေပြီးနောက် စားမြှောင်ကို ပြန်သိမ်းလိုက်၍ စားပွဲပေါ်ရှိ နို့တစ်ခွက်ကို လှမ်းယူကာ ကျွန်ုပ်၏ ခံတွင်းသို့ လောင်းထည့်လေ၏။

ထိုအတောအတွင်း၌ မိန်းမပျိုသည် ကျွန်ုပ်၏ဦးနှောက်ကို ဖောက်ထွက်တော့မည်ကဲ့သို့ စူးရှသော မျက်လုံးများဖြင့် ကျွန်ုပ်ကို အကဲခတ်လျက်ရှိ၏။

‘လက်တွေတုန်လို့ ဘာဖြစ်သလဲ’

‘ကြောက်စရာအိပ်မက်တွေ မက်ရလို့ပါ’

‘ဘာအိပ်မက်လဲ’

‘ချောက်ထဲခုန်ချတုန်းက အဖြစ်အပျက်တွေ တစ်ခါပြန်ပြီး အိပ်မက်နေလို့ပါ’

‘ဒီပြင်ကော ဘာများ အိပ်မက်သေးသလဲ’

‘မီးတောက်မီးလျှံတွေ၊ တောင်ကြီးတွေ၊ ကျောက်ကမ်းပါးကြီးတွေမျိုးချည်းပဲ၊ အို ဘုရား ဘုရား ဘုရား၊ ပူလှချေရဲ့နော်၊ ဒုက္ခ ဒုက္ခ ဒုက္ခ’ ဟု လိမ်တွန့်ကာ ညည်းညူပြီးနောက် အိပ်ချင်ယောင်ဆောင်နေလိုက်လေ၏။

ဘဒ္ဒကုမာရီသည် ကျွန်ုပ် ခုတင်အနီးမှ ရပ်လျက်ကြည့်ရင်း ...

‘မြင်ဟန်တူမထင်ပါဘူး၊ တော်ပါသေးရဲ့၊ လူပုံက အရုပ်ဆိုးပေမဲ့ ဉာဏ်ပညာတော့ ရှိဟန်တူလို့ သချိုင်းခွေးတွေဆီ အပ်လိုက်ရမှာ နမြောစရာဖြစ်နေဦးတော့မယ်’ ဟု တီးတိုးပြောနေသံကို ကြားရသဖြင့် စိတ်သက်သာရာရမိလေ၏။

ထိုခဏ၌ အခန်းဝဆီမှ ခြေသံကြားရပြီးနောက် တံခါးမှူးဆိုသော အဘိုးကြီးသည် အခန်းတွင်းသို့ ဝင်လာလေ၏။

'လူနာတွေ ဘယ့်နှယ်ရှိသလဲ ငါ့မြေးရဲ့'

'နှစ်ယောက်စလုံး အိပ်ပျော်နေတယ် ဘိုးဘိုးရေ့'

'တော်ပါသေးရဲ့၊ ဘိုးဘိုးနားမှာ ဓားမြှောင်ချွတ်သံနဲ့ သချိုင်းခွေးတွေ အူသံကြားရသလိုလို ထင်မိလို့ ဘာများလဲလို့ စိုးရိမ်နေတယ်'

ကျွန်ုပ်မှာ ကြက်သီးထမိသေး၏။

'သူတို့နှစ်ယောက်ကို အတူတူထားလို့ မတော်ပေဘူး ဘိုးဘိုး၊ သခင်ကလေးအဖို့ နေရာကျဉ်းနေမယ်၊ ဘိုးဘိုးလူကို အခန်းပြောင်းပေးထားရမယ်'

'ဘယ်အခန်းလဲ ငါ့မြေးရဲ့'

'ကျန်းမာလာအောင် ကုပေးရမဲ့အခန်းမှာ ထားလိုက်၊ ဘာကြောင့် မေးတာလဲ ဘိုးဘိုး'

'သချိုင်းခွေးတွေ အူသံကြားလို့ မေးရပါတယ်'

'ရှိပါစေဦး၊ လူကြီးက အကျည်းတန်ပေမယ့် ဉာဏ်ရှိပုံ ရတယ်၊ တောင်ပေါ်က အမိန့်ကလဲရှိသေးတယ်၊ ကိုယ်လုပ်ချင်သလိုလုပ်လို့ မကောင်းသေးဘူး၊ ဘိုးဘိုးရဲ့'

ကျွန်ုပ်မှာ ဒုတိယအကြိမ် ကြက်သီးထမိပြန်သေး၏။ 'ငါ့မြေး၊ ကြည့်စီမံတော့လေ၊ အမြော်အမြင်ရှိသားကပဲ'

ငင်းနောက် အဘိုးကြီးသည် အခန်းဝသို့သွားရာ ခရာကလေးတစ်ခုကို မှုတ်လိုက်ရာ အစေခံသုံးလေးယောက် ဝင်လာ၍ ကျွန်ုပ်ကို မွေ့ရာပါ ချီယူပြီးလျှင် အခန်းတစ်ခန်းသို့ ရွှေ့ပြောင်းကြလေ၏။

ခုတင်တစ်လုံးပေါ်သို့ တင်ထားကြပြီးနောက် အဘိုးကြီးနှင့် အစေခံများသည် အခန်းပြင်သို့ထွက်သွားကြ၍ တံခါးကို အပြင်မှ သော့ခတ်ထားခဲ့ကြရာ ကျွန်ုပ်မှာ အကယ်ပင် အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

ဏဇ၈

## တီးတိုး တိုင်ပင်သံ

ကျွန်ုပ်သည် အိပ်ရာမှ နိုးလာသောအခါ တံခါးမှူးအဘိုးကြီးမှာ ခုတင်အနီးတွင် ဆေးများဖော်စပ်လျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ထိုနေ့၌ ကျွန်ုပ်မှာ အဖျားသက်သာလာပြီဖြစ်သောကြောင့် နလံထူဖို့ နီးလာကြောင်းသိရှိရ၍ အဘိုးကြီးနှင့် အတော်ပင် စကားပြောဆိုခွင့် ရခဲ့၏။

အဘိုးကြီးထံမှ ကျွန်ုပ် စုံစမ်းသိရှိရသော အခြင်းအရာများမှာ ...

'ကန္ဒတ္တနယ်စား ဘဒ္ဒကုမာရီမှာ အပျိုမဟုတ်ဘဲ လင်ယောကျ်ားရှိသော မိန်းမတစ်ယောက်ဖြစ်ကြောင်း၊ သို့ရာတွင် ၎င်းတို့လင်မယားမှာ တစ်ဦးကို တစ်ဦး ချစ်ကြင်နာခြင်း မရှိရုံမျှမက လင်ယောကျ်ားသည် ဘဒ္ဒကုမာရီအား လက်ဖျားနှင့်မျှ မထိတို့ရဘူးသဖြင့် အအိုပင်ဆိုရသော်လည်း အပျိုစင်စစ်မျှသာ ရှိနေကြောင်း၊ ကန္ဒတ္တနယ်စား ဘဒ္ဒကုမာရီမှာ တောင်ပေါ်၌ရှိသော ဘုရင်မကြီးက မြို့တံခါးစခန်းမှ လာရောက်မည့် ဧည့်သည်များကို ကိုယ်တိုင်စောင့်ဆိုင်း ကြိုဆိုရမည်ဟု ဆင့်ဆိုချက်အရ ကြိုဆိုနေရခြင်းဖြစ်ကြောင်း' စသည်တို့ ဖြစ်လေသည်။

ကျွန်ုပ်သည် တောင်ပေါ်မှ ဘုရင်မကြီး၏ အကြောင်းကို သိလိုလှသဖြင့် ဆက်လက်မေးမြန်းမည်ပြုဆဲတွင် ဘဒ္ဒကုမာရီ ဝင်လာသည်နှင့် စကားစ ပြတ်၍ အဘိုးကြီးလည်း ထွက်သွားလေ၏။

ဘဒ္ဒကုမာရီသည် ကျွန်ုပ်၏ အဖျားသက်သာသောအဖြစ်ကို တွေ့မြင်ရသောအခါ စကားပြောလိုဟန်နှင့် ခံ့ရှည်တစ်ခုကို ဆွဲ၍ ထိုင်လေသည်။

'ရှင်နဲ့ သခင်ကလေးနဲ့ ဘယ်လိုတော်သလဲ'

'မွေးစားတဲ့သားပါ'

'ရှင်တို့ ဘာကိစ္စနဲ့ လာကြသလဲ'

'အာယုလက္ခဏာ မီးတောင်ပေါ်မှာ တွေ့ချင်ရာတွေ့ပစေတော့လို့ စုံစမ်းတဲ့ကိစ္စနဲ့ လာခဲ့ပါတယ်'

'ဒီတောင်ကို လူရိုင်းတွေ စောင့်ကြပ်တယ်၊ ဒီတောင်ရဲ့ နယ်နိမိတ်ကို ဘယ်လူသားမှ မကျူးကျော်ရဘူး၊ ကျူးကျော်ဝံ့တဲ့ လူဟူသမျှ မီးဘေးသင့်ပြီး သေရမယ်'

'တောင်ပေါ်မှာ ဘယ်သူရှိပါသလဲ၊ ဘုရင်မတစ်ပါး ရှိတယ်ဆို'

'ဘယ်က ဘုရင်မ ရှိရမှာလဲ၊ ကျွန်မတို့ ဘိုးဘေးဘီဘင် လက်ထက်ကတည်းက ရှိလာခဲ့တဲ့ သီလရှင်ကြီးတစ်ပါး ရှိတယ်၊ အိုလှရောပေါ့၊ ကျွန်မတော့ တစ်ခါမှ မမြင်ရဖူးပါဘူး'

'ဘာကြောင့် မမြင်ရပါသလဲ'

'သူ့မျက်နှာ အိုလွန်းလို့ လူမမြင်အောင် ခေါင်းမြီးခြုံထားလို့ပေါ့'

'မိန်းကလေးနဲ့ တောင်ပေါ်က သီလရှင်ဆိုတာနဲ့ ဘယ်သူက တန်ခိုးကြီးသလဲ'

'ကျွန်မက တန်ခိုးကြီးတာပေါ့၊ ကျွန်မမှာ နယ်စားဆိုပေမယ့် လက်နက်ကိုင်စစ်သား ခြောက်သောင်း ရှိတယ်၊ သူ့မှာ ဘာရှိသလဲ၊ ဘုန်းကြီးတွေနဲ့၊ သီလရှင်တွေနဲ့၊ အရိုင်းအစိုင်းတွေနဲ့ ဒါပဲရှိတာပဲ'

'သီလရှင်ကြီးက ခင်ဗျားနယ်အတွင်း လာဖူးသလား'

'မလာရဘူး၊ စာချုပ်ရှိတယ်၊ တောင်ပေါ်မှာ သူ့အုပ်ချုပ်တယ်၊ တောင်ခြေက လွင်ပြင်မှာ ကျွန်မ အုပ်ချုပ်တယ်၊ တစ်ယောက်နယ်ကို တစ်ယောက် အကူးအသန်းမရှိရဘူး၊ ကူးသန်းမိလျှင် စစ်ကြီးဖြစ်ပြီး နိုင်သူက နှစ်နယ်လုံးကို အုပ်ချုပ်ရမယ်'

'ဒါဖြင့် တစ်ယောက်အပေါ်မှာ တစ်ယောက်က ဩဇာမပေးနိုင်ဘူးပေါ့'

'ကိုယ်ကာယအရေးတဲ့၊ နာမ်ဝိညာဉ်အရေးတဲ့၊ နှစ်မျိုးရှိတယ်၊ ဝိညာဉ်အရေးမှာ သူ့စကားကို ကျွန်မတို့နာခံ၊ ကိုယ်ကာယအရေးမှာ သူနဲ့ ဘာမှ မဆိုင်ဘူး'

'ကျွန်မတို့ဆိုတာ ဘယ်သူနဲ့ ဘယ်သူပါလဲ၊ ခင်ပွန်းသည် ရှိသလား'

'ရှိတော့ရှိပါတယ်၊ နို့ပေမယ့် လူရူးပါ၊ လူရာဝင်တဲ့ဟာ မဟုတ်ပါဘူး၊ ကျွန်မစိတ်ထဲမှာ ယောကျ်ားဆိုလျှင် အလကားသတ္တဝါတွေချည့်ပဲလို့ လူရာမသွင်းဘဲထားခဲ့တာ အခုတော့မှ ကိုယ့်ထင်မြင်ချက်ကို ကိုယ် ပြင်ဆင်ရဦးတော့မလို့ ကြုံတွေ့နေရပြန်ပြီကော၊ ဩော် နဖူးစာ နဖူးစာ၊ ဘယ်လိုကနေပြီး ဘယ်နှယ့်များ ဖန်တီးလိုက်တယ် မဆိုနိုင်ပါဘူး၊ အို၊ ဘာတွေ လျှောက်ပြောနေပါလိမ့်' ဟု ပြောပြောဆိုဆိုနှင့် ရှက်ကိုးရှက်ကန်းဖြစ်လာပြီးလျှင် အခန်းထဲမှ ရုတ်တရက်ထွက်ခွာသွားလေတော့၏။

ထိုနောက် သုံးလေးရက်အတွင်း၌ ကျွန်ုပ်သည် ဘဒ္ဒကုမာရီကိုလည်း မတွေ့ရ၊ တံခါးမှူးအဘိုးကြီးလည်း ကျွန်ုပ်ထံ မပေါ်လာချေ။

အစေခံများထံမှ စုံစမ်းသိရှိရသမျှမှာ ဘဒ္ဒကုမာရီသည် ၎င်း အုပ်ချုပ်ရသည့် ကန္ဒတနယ်သို့ ခေတ္တပြန်သွားနေသည်ဆို၏။

ထိုရက်အတောအတွင်း၌ ကျွန်ုပ်သည် မောင်စောနိုင်နှင့် တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံခွင့်မရသောကြောင့် စိတ်ထဲ၌ သက်သာမကင်းဖြစ်လာ၏။

ကျွန်ုပ်မှာ ကောင်းစွာကျန်းမာသေးသည်မဟုတ်သော်လည်း ကြိုးစား၍ လှုပ်ရှားမည်ဆိုသော် အနည်းငယ်ခန့်မျှ လမ်းလျှောက်နိုင်လောက်လေပြီ။

သို့ဖြစ်၍ သန်းခေါင်အချိန်ခန့်တွင် ကျွန်ုပ်သည် အိပ်ခန်းမှထွက်၍ မှောင်မိုက်ကြီးထဲတွင် စမ်းရမ်းကာ ခြေသံမကြားအောင် တဖြည်းဖြည်းလျှောက်လာခဲ့လေ၏။

နံရံကိုကပ်လျက် လက်ဖြင့်စမ်းသပ်ကာ တရွေ့ရွေ့လျှောက်လာ၍ နှစ်ချိုးသုံးချိုးမျှ ချိုးမိသောအခါ တစ်ခုသောအခန်းမှ စကားပြောသံကြားသည်နှင့်တန့်ရပ်ကာ နားစိုက်နေမိလေ၏။

အသံကြားရာအခန်းသို့ ချဉ်းကပ်မိ၍ အတွင်းသို့ တံခါးကြားမှ ချောင်းကြည့်လိုက်သောအခါ ဘဒ္ဒကုမာရီနှင့် တံခါးမှူးအဘိုးကြီးတို့ တိုင်ပင်လျက်ရှိသည်ကို စားပွဲပေါ်၌ ထွန်းညှိထားသော ဆီမီးခွက်ရောင်တွင် တွေ့မြင်ရလေ၏။

၎င်းတို့၏ အမူအရာကို ကြည့်ရခြင်းအားဖြင့် စိတ်ပါဝင်စားလှသော အကြောင်းအရာများကို တိုင်ပင်နေကြကြောင်း သိရှိနိုင်ပေရာ ကျွန်ုပ်သည် တံခါးကြားတွင် နားကပ်၍ အသက်မရှူရှိုက်ဘဲ နားထောင်နေမိလေ၏။

ကုမာရီ ။ ။'သူ့အမိန့်တော့ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်မတော့ မပို့ရက်နိုင်ဘူး ဘိုးဘိုးရဲ့၊ ဖြစ်ချင်ရာဖြစ်စေပေတော့ ကျွန်မ ဖွက်ထားလိုက်တော့မယ်'

တံခါးမှူး ။ ။'ဘာပဲဖြစ်ဖြစ် မေးရယ်၊ သူတို့လာမယ်ဆိုတာ ကြိုတင်ပြီးသိနေတဲ့ ပုဂ္ဂိုလ်တစ်ဦးကို အနီးရောက်မှ ကပ်ပြီးလိမ်လို့ ဘာရမလဲ မေးရဲ့၊ ဒါထက် ငါ့မြေးက ဒီလူကို ဒါလောက်ပဲ စုံမက်နေပြီလား။

ကုမာရီ ။ ။'စုံမက်ရုံလောက် ဘာကမလဲ ဘိုးဘိုးရဲ့၊ ကျွန်မ အသည်းကို နှစ်ခြမ်းခြမ်းပြီး တစ်ယောက်တစ်ခြမ်းစီဝေပြီး ထည့်ထားရင်တောင် ဒီလောက် တစ်ယောက် တစ်ယောက် စွဲလမ်းနိုင်ပါ့မလား မဆိုနိုင်ဘူး'

တံခါးမှူး ။ ။'တစ်ယောက်ကို တစ်ယောက်ဆိုတော့ သူကလဲ ဒီလိုပဲလား'

ကုမာရီ ။ ။'သူ့ခမျာက ရီးတီးယားတား ဖြစ်နေရှာတယ် ဘိုးဘိုးရဲ့၊ လိုက်ပြီးရှာလိုက်ရတာလဲ ဖတ်ဖတ်မောလို့တဲ့၊ တွေ့မယ့် တွေ့ပြန်တော့လဲ ဟုတ်မှဟုတ်ပါ့မလားလို့ သူ့စိတ်ထဲမှာ ဒွိဟသံသယမကင်းအောင် ဖြစ်နေရှာတယ်တဲ့ ဘိုးဘိုးရဲ့'

တံခါးမှူး ။ ။'နို့ ရှိပြီးသားလူကို ဘယ်နှယ်လုပ်ပါ့'

ကုမာရီ ။ ။'ဘိုးဘိုးကလဲ၊ ဒီလူနဲ့ ကျွန်မနဲ့ မေတ္တာရှိလို့ ထိမ်းမြားကြတာ မဟုတ်မှန်းကို ဘိုးဘိုး သိသားနဲ့ပဲ'

တံခါမှူး ။ ။'မေတ္တာမရှိပေမယ့် လက်လွန်နေကြပြီးကော မြေးရဲ့၊ ဘယ့်နှယ်လုပ်ပြီးဖျောက်ဖျက် နိုင်မလဲ'

ကုမာရီ ။ ။'အရင်တုန်းက ဘိုးဘိုးဖော်တဲ့ ဆေးတစ်ခွက် ဖော်ပြီး တိုက်လိုက်ရုံပေါ့'

တံခါးမှူး ။ ။'တော်ပြီမြေးရေ့၊ ဒီအထဲ ဘိုးဘိုးမပါချင်တော့ဘူး၊ ကိုယ့်နည်းနဲ့ကိုယ် စီမံကြပေတော့'

ကုမာရီ ။ ။'ကြည့်ကြသေးတာပေါ့လေ၊ ကိုင်း ဒါဖြင့် ဒီလို လုပ်ထားမယ်၊ တောင်ပေါ်က ရူပကလျာဏီထံကို ဘယ်လို အစီရင်ခံမလဲ ဆိုတော့ အမိန့်အတိုင်းကြိုဆိုကြောင်း၊ ခရီးသည် အဘိုးကြီးနှစ်ယောက် ဆိုက်ရောက်လာကြောင်း၊ မကျန်းမမာရှိနေကြသေးကြောင်း၊ နောက်သုံးလ လောက်ကြာလို့ ကျန်းမာလာတဲ့အခါမှာ ပို့လိုက်မည်ဖြစ်ကြောင်း၊ ဒါဆို တော်ပြီ မဟုတ်လား ဘိုးဘိုး'

တံခါးမှူး ။ ။'ငါ့မြေးအစား ရင်လေးလိုက်ပါဘိ မြေးရယ်၊ လုပ်လေ၊ လုပ်တာပေါ့'

ကုမာရီ ။ ။'ကိုင်း ဘိုးဘိုး၊ ကျွန်မမှာ ခရီးကလဲပန်း၊ စိတ်ကလဲ နွမ်းသနဲ့၊ ပင်ပန်းလှပြီ ဘိုးဘိုးရေ့၊ အိပ်ချေတော့မယ်'

ဘဒ္ဒကုမာရီမှာ ကျွန်ုပ်ရှိရာ တံခါးဆီသို့ ထလာသောကြောင့် ကျွန်ုပ်မှာ ပျာယီးပျာယာ တိမ်းရှောင်ပုန်းအောင်းနေလိုက်ရတော့၏။

ဝေဝေ

# သင်္ချိုင်းခွေးများ

ကျွန်ုပ်သည် နယ်တံခါးဝ၌ရှိသော ဂူကြီးအတွင်း၌ ကြုံတွေ့ရသည့် ငြီးငွေ့ပျင်းရိဖွယ် အဖြစ်အပျက်များကို စုံလင်းစွာရေးသားဖော်ပြ မပြုမူ၍ ၎င်းစခန်းမှ ထွက်ခွာလာကြသည့် အချိန်အခါမှစ၍ ကြုံတွေ့ရသော အခြင်းအရာများကိုသာလျှင် ဖော်ပြပေတော့အံ့။

တစ်နေ့သ၌ တံခါးမှူးအဘိုးကြီးသည် ကျွန်ုပ်၏ အခန်းသို့ဝင်လာ၍ အစေခံတစ်ယောက် ဆောင်ယူခဲ့သော အဝတ်အစားများကို လဲလှယ်ဝတ်ဆင်စေပြီးလျှင် ကန္ဒတ္ထနယ်သို့ ထွက်ခွာကြရတော့မည့်အကြောင်း ပြောပြလေ၏။

ကျွန်ုပ်မှာ ထိုစခန်းကို ငြီးငွေ့လှသည့်အပြင် မောင်စောနိုင်နှင့် တွေ့ရတော့မည့်အရေးကို မျှော်တွေးမိသဖြင့် ဝမ်းမြောက်ဝမ်းသာ ပြင်ဆင်လေ၏။

အဝတ်အစားများမှာ သားမွေးအနက်ဖြင့် ချုပ်လုပ်ထားသည့် အင်္ကျီရှည်ကြီး၊ ဘောင်းဘီပွကြီးနှင့် သားရေစိမ်းဖိနပ်တို့ဖြစ်ရာ ဝတ်ဆင်၍ နွေးလှသည့်အပြင် အမြင်အားဖြင့်လည်း ခံ့ညားသိက်မြိုက်ပါပေ၏။

၎င်းတို့ကို လဲလှယ်ဝတ်ဆင်ပြီးနောက် ဂူပေါက်မှ ထွက်လာကြရာ မောင်စောနိုင်မှာ သားမွေးအဖြူဖြင့် ကျွန်ုပ်၏ ပုံစံအတိုင်း ချုပ်လုပ်ထားသည့် အဝတ်များဖြင့် ဝတ်ဆင်ကာ စောင့်ဆိုင်းလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်နှစ်ယောက်မှာ နေ့ရက်အတန်ကြာ ကွဲကွာနေကြရသောကြောင့် မည်မျှလောက် ဝမ်းမြောက်ဝမ်းသာ တွေ့ဆုံကြရသည်ကို ဖော်ပြရန်မလိုချေ။

တောင်ကမ်းပါးယံ၌ရှိသော ဂူကြီးများမှ ဆင်းလာကြ၍ မြေပြင် ညီညာသောအရပ်သို့ ဆိုက်ရောက်လာကြသောအခါ မြင်းနှစ်ကောင် (ရှေ့နောက် တစ်ကောင်စီ) တပ်ဆင်ထားသော ရထားတစ်စီးပေါ်သို့ သုံးယောက်သား တက်ကြလေ၏။

တံခါးမှူးသည် ရှေ့မှထိုင်၍ မောင်စောနိုင်နှင့် ကျွန်ုပ်မှာ နောက်ပိုင်းမှ ထိုင်ကြ၏။

၎င်းနောက် အစေခံနှစ်ယောက်တို့သည် မြင်းဇက်ကြိုးကို တစ်ကောင်စီ ကိုင်လျက် ခြေလျင်လျှောက်ဆွဲကြလေရာ ငြီးငွေ့ဖွယ်ကောင်းလှသော ဂူကြီးများ မှာ နောက်၌ကျန်ရစ်ခဲ့လေတော့၏။

ကျွန်ုပ်နှင့် မောင်စောနိုင်တို့မှာ စကားပြောချင်လှသော်လည်း အဘိုး ကြီး နားလည်မည့် သသံကရိုက်ဘာသာဖြင့် ပြောရန်အလိုမရှိချေ။ မြန်မာ ဘာသာဖြင့် ပြောပြန်ပါလျှင်လည်း တံခါးမှူးကြီးက မသင်္ကာမည်ကိုစိုးရိမ်ရ၏။

ထို့ကြောင့် အရေးမကြီးသော အကြောင်းအရာ အနည်းငယ်မှတစ်ပါး ကျွန်ုပ်တို့ တိုင်ပင်လိုသော အခြင်းအရာများကို ပြောဆိုရန် မဝံ့သေးဘဲ ရှိနေကြ လေ၏။

သုံးနာရီခန့် ခရီးသွားကြလတ်သော် ကျွန်ုပ်တို့သည် မြစ်ကြီးတစ်မြစ်၏ ကမ်းခြေသို့ ဆိုက်ရောက်ကြ၍ အသင့်ပြင်ထားသော လှေတစ်စင်းကို တွေ့မြင် ကြရ၏။

အကြောင်းကိုဆိုသော် မြစ်ကမ်းပါးတစ်လျှောက်တွင် ချောမောပြေပြစ်စွာ ခုတ်ထွင်ခင်းကျင်းထားသော လူသွားလမ်းကလေးတစ်လမ်းရှိရာ မြင်းများသည် ၎င်းလမ်းတစ်လျှောက်မှ လှေကို ဆွဲငင်သွားနိုင်ကြသောကြောင့်ပေတည်း။

ကျွန်ုပ်တို့သည် လှေပေါ်သို့တက်၍ ခရီးထွက်မိကြသောအခါ အဘိုး ကြီး ထိုင်ရသော လှေဦးပိုင်းမှာ ကျွန်ုပ်တို့ ထိုင်ရသောပဲ့ပိုင်းနှင့် အတန်ငယ် ကွာလှမ်းသောကြောင့် အဘိုးကြီး မကြားရအောင် စကားပြောနိုင်ခွင့်ရကြ၏။

'နေပါဦး ဦးလေးရဲ့၊ ပြောစမ်းပါဦး၊ ကျောက်တောင်စွန်းက ကျွန်တော် ကြိုးဖြုတ်ချလိုက်ပြီးတဲ့နောက် ဦးလေးကော လက်ချော်ပြီး ကျလာတာလား'

'ဘာဟုတ်လိမ့်မလဲ တူရယ်၊ တစ်ယောက်တည်းကျန်ရစ်နေလို့ မထူးတော့ဘူး၊ ငါ့တူနဲ့အတူ လိုက်သေပြီး ဟိုဘဝမှာ အတူဆက်ရှာကြမယ် ဆိုတဲ့သဘောနဲ့ တမင် ခုန်ပြီးချလိုက်တာပါ တူရဲ့'

'ဟောဒါမှ အဖော်လုပ်လောက်တဲ့ သူ့ရဲကောင်း ဦးလေးကြီးကွ' ဟုပြောလျက် မောင်စောနိုင်သည် ကျွန်ုပ်၏လက်ကိုဆွဲကာ လှုပ်ယမ်းသည်တွင် တုန်လှုပ်လွန်းအားကြီးဟန်နှင့် မျက်လုံးများတွင် မျက်ရည်များ ဝိုင်းလျက်ရှိလေ၏။

'ဒါထက် ဂူထဲမှာ ငါ့တူ အဖြစ်အပျက်ကို ပြောပြစမ်းပါဦး'

'ရှည်ရှည် ပြောစရာမလိုပါဘူး ဦးလေးရယ်၊ တစ်နေ့တော့ အိပ်ရာက ဖျတ်ခနဲလန့်နိုးပြီး ကျွန်တော့်ကို စေ့စေ့ကြည့်နေတဲ့ မိန်းမကိုမြင်တော့ ကျွန်တော်က ကျွန်တော်တို့လိုက်ရှာနေတဲ့ ရူပနန္ဒီများ ဖြစ်နေသလားလို့ စဉ်းစားမိတယ်၊ သူက ကျွန်တော့်ကို နမ်းသလိုလို ယီးတီးယားတား'

'မှန်ပါတယ်၊ နမ်းတာကို ဦးလေးမျက်စိနဲ့ မြင်လိုက်ရပါတယ်၊ ပြောပါဦး'

'ကျွန်တော့်ကို သူက ချစ်အောင် ကြိုက်အောင် လုပ်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ ဦးလေးရယ်၊ ကျွန်တော့ စိတ်ထဲမှာလဲ ရူပနန္ဒီပဲ ဟုတ်လေသလားလို့ ယီးတီးယားတား ဖြစ်မိတယ် ဦးလေးရဲ့၊ ရူပနန္ဒီ သေတဲ့အချိန်နဲ့ တွက်ကြည့်လျှင် အခုနေ လူဖြစ်လို့ရှိရင် သူ့အရွယ်လောက်ပဲရှိမှာပဲ'

'အသက် ဘယ်လောက်ရှိပြီတဲ့လဲ'

'ဆယ့်ရှစ်နှစ်တဲ့ ဦးလေးရဲ့'

'အင်း၊ ပဋိသန္ဓေနှစ်ပါ တွက်ကြည့်လျှင် ဒီလောက်ပဲ ရှိရမှာပဲ၊ ပြောပါဦး'

'တစ်နေ့တော့ ကျွန်တော်က ကျွန်တော်လည်ပင်းမှာ ဆွဲထားတဲ့ ရွှေလော့ကက်ကလေးထဲက ရူပနန္ဒီရဲ့ဆံပင်ကလေးတစ်ဖြတ်ကို ထုတ်ပြလိုက်တယ်၊ ဦးလေး သိတဲ့အတိုင်း သူ့ဆံပင်ဟာ ပိုးချည်ထွေးကလေးလို အင်မတန် နူးညံ့ပျော့ပျောင်းတာပဲ၊ ဒါနဲ့ ဟိုမိန်းမက ဆံပင်ထွေးကလေးကို သေသေချာချာကိုင်ကြည့်၊ သူ့ဆံပင်နဲ့ ယှဉ်ကြည့်၊ ဟိုလိုကြည့်၊ ဒီလိုကြည့်၊ အမျိုးမျိုးကြည့်လေတော့ သူ့ဆံပင်နဲ့ အင်မတန် ကွာနေတာ တွေ့သွားတာကိုး၊ သူ့ဆံပင်လဲ ကောင်းတော့ကောင်းပါရဲ့၊ သို့သော်လဲရူပနန္ဒီရဲ့ ဆံပင်နဲ့ ယှဉ်လိုက်တော့ ဝက်မွေးလို ကြမ်းကြမ်းကြီး ဖြစ်နေတော့တာကိုး၊ ဒီလောက် ကွာခြားတာမြင်တော့မှ မချောက ဒေါ်ပွပြီး ပြောလိုက်တဲ့စကားဟာ တယ်ပြီးကြမ်းတမ်းယုတ်မာတာကိုး၊ ကျွန်တော်တို့ ရူပနန္ဒီဟာ ဦးလေး သိတဲ့အတိုင်း တစ်ခါတစ်ခါ ဒေါသထွက်ပြီဆိုမှဖြင့် ကျောထဲက စိမ့်လောက်အောင် အင်မတိအင်မတန်ကြောက်စရာ၊ တုန်လှုပ်စရာကောင်းတယ် မဟုတ်လား၊ နို့ပေမဲ့ ဘယ်တော့မှကြမ်းတမ်းယုတ်မာတယ်လို့ မဆိုနိုင်ဘူး ဦးလေးရဲ့၊ ဥပမာ ကောင်းကင်မှာဝင်းခနဲ၊ လက်ခနဲမြင်လိုက်ရတဲ့ လျှပ်စစ်ဟာ ကြောက်စရာ ကောင်းသော်လည်းကြမ်းတမ်း ယုတ်မာတယ်လို့ မဆိုနိုင်သလို၊ ရူပနန္ဒီရဲ့အမျက်ဟာလည်း ဖိန့်ဖိန့်တုန်လျှင်သာ တုန်ရမယ်၊ အညံ့စား၊ အပေါစား၊ အကြမ်းစားထဲကလို့ ဘယ်နည်းနဲ့မှ မခေါ်နိုင်ဘူး ဦးလေးရဲ့၊ ဟိုနေ့က ဟိုမိန်းမရဲ့ အမူအရာနဲ့ သူ့နှုတ်ကထွက်တဲ့စကားကို ကြားလိုက်ရတော့မှ ကျွန်တော့်စိတ်ထဲမှာ ဘယ်နည်းနဲ့မှရူပနန္ဒီ မဟုတ်နိုင်ဘူးလို့ တုံးတုံးကြီး ချလိုက်မိတယ်၊ ကွာနေတယ် ဦးလေး၊ အင်မတန် ကွာပါတယ်၊ ခံ့ညားတဲ့နေရာမှာ သူလဲ မညံ့ရှာပါဘူး၊ သို့သော်လဲ ဒေါသထွက်ပုံချင်းက ဝရဇိန်နဲ့ပစ်တာနဲ့ ရွှံ့ခဲနဲ့ ကိုင်ပေါက်တာလို ကွာတယ် ဦးလေးရဲ့'

'ကိုင်း၊ ဦးလေးအလှည့် ကျန်တော့တယ်' ဟု ပြော၍ ကျွန်ုပ်သည် အခန်းတံခါးအကြားမှ ချောင်း၍နားထောင်စဉ်က ကြားခဲ့ရသော စကားများကို မောင်စောနိုင်အား ပြောပြသောအခါ မောင်စောနိုင်မှာ အံ့သြစွာနှင့် နားထောင်နေလေ၏။

'နေပါဦး ဦးလေးရဲ့၊ တောင်ပေါ်က သီလရှင်ဆိုတာက ဘယ့်နှာလဲ၊ သူ့အမိန့်ကို ဘဒ္ဒကုမာရီက နာခံရတယ် ဟုတ်စ၊ သူတို့ပြောပုံတော့ သီလရှင်ဆိုတာက နယ်စားအစဉ်အဆက် လက်ထက်ကတည်းက ရှိလာခဲ့တယ်ဆိုတော့ ကြီးလှရောပေါ့၊ ကျွန်တော်တို့လူ ဟုတ်နိုင်ပါ့မလား ဦးလေး၊ နာမည်ကတော့ ရူပကလျာဏီတဲ့၊ ဟုတ်လား၊ ခပ်ဆင်ဆင်ပဲနော်၊ ဒါဖြင့် ဘဒ္ဒကုမာရီဟာက ရူပနန္ဒီ လက်ထက်တုန်းက မယ်သာမာများ ဖြစ်လေရော့သလား ဦးလေးရယ်'

'ဦးလေးလဲ ဒီလိုပဲထင်မိတာပဲ၊ ဒီလူစုတွေက ဘယ်ဘဝမှာဖြစ်ဖြစ် ထွေးလုံးရစ်ပတ် ရှိလိုက်တာ တူရယ်၊ တစ်ဆုံတည်း ဆုံစည်းနေကြတော့တာပဲနော်'

'သံသရာမှာ ဒီလိုချည်းပဲပေါ့ ဦးလေးရဲ့၊ ကျွန်တော်တို့ မြတ်စွာဘုရားအဖြစ်တော်တွေ ကြည့်မှပေါ့၊ ဘယ်ဘဝရောက်ရောက် ဒေဝဒတ်တို့၊ စိဉ္စမာနတို့၊ ညီတော်အာနန္ဒာတို့ဟာ တစ်တွဲတန်းလန်းပါလျက်ချည်း ကပဲမဟုတ်လား ဦးလေးရဲ့'

ယင်းကဲ့သို့ ပြောဆိုလာကြစဉ် တံခါးမှူးအဘိုးကြီး ဇာမနိသည် (၎င်း၏အမည်ကို ယခုမှသတိရ၍ ဖော်ပြရ၏။) ကျွန်ုပ်တို့ စကားပြောပုံ စိတ်ပါဝင်စားလွန်းသည်ကို မသင်္ကာသည်နှင့် ချောင်းဟန့်လိုက်ရာ ကျွန်ုပ်တို့မှာ အရေးမကြီးသောစကားများကို ခပ်ကျယ်ကျယ် ဆက်လက်၍ ပြောကြရလေ၏။

တစ်နေရာသို့ရောက်သော် အဘိုးကြီးက ...

'ဟိုရှေ့က မြင်ရတဲ့ မြို့ကြီးဟာ ကန္ဒတ္ထမြို့ကြီးပဲ' ဟု ပြောလိုက်သဖြင့် မျှော်ကြည့်လိုက်ရာတွင် ဆယ်မိုင်ခန့်ခရီး၌ ကျွန်းကြီးသဖွယ် မြစ်လယ်တွင် တည်ရှိ၍ အမိုးပြားသော အိမ်ခြေပေါင်း နှစ်ထောင်ခန့်ရှိသည့် မြို့တစ်မြို့ကို တွေ့မြင်ကြရလေ၏။

ထိုနေရာမှစ၍ မြစ်ကမ်းတစ်ဖက်တစ်ချက်တွင် ကောက်ပဲသီးနှံအမျိုးမျိုး စိုက်ပျိုးထားသည့် လယ်ပြင်၊ ကွင်းပြင်များကို တွေ့မြင်ကြရ၏။

နေဝင်ချိန်နီးလတ်သော် ယခင်က ကျွန်ုပ်တို့ အကြိမ်ကြိမ် ဖော်ပြခဲ့ပြီး သည့် မီးတောင်ကြီးမှ မီးရောင်သည် တဖြည်းဖြည်း ဝင်းထိန်လာလေ၏။

မှောင်စပြုသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့ ယခင်က တစ်ကြိမ်မြင်ရဖူး သည့်အတိုင်း အလင်းရောင်ကြီးသည် မီးတောင်ရှိရာမှ အထက်ကောင်းကင်၌ တန်းတန်းကြီး ထိုးထွက်လျက်ရှိ၏။

အလင်းရောင်တန်းကြီးသည် မိနစ်ချည်တစ်ခါ၊ ပေါ်ချည်တစ်လှည့် ရှိနေ ပြီးနောက် တတိယအကြိမ်တွင် အထူးသဖြင့် လင်းထိန်တောက်ပြောင်သော အရောင်ဖြင့် တန်းတန်းကြီးပေါ်ထွက်နေရာ ကျွန်ုပ်တို့မှာ လှေပေါ်၌ စာဖတ်နိုင် လောက်အောင်ပင် တောက်ပြောင်လှပေ၏။

ထိုအခါ လှေပေါ်၌ လိုက်ပါလာသော အစေခံများနှင့် လက်နက်ကိုင် စစ်သားများသည် အလင်းရောင်ရှိရာသို့ အကြိမ်ကြိမ် ဦးညွှတ်ဝပ်ချကြလေ၏။

ဇာမနိထံမှ ကျွန်ုပ်တို့ သိရှိရသည်မှာ ထိုအလင်းရောင်သည် ရှေးအခါ က ငါးနှစ်၊ ခြောက်နှစ်လျှင် တစ်ကြိမ်ကျ ပေါ်ထွက်တတ်ဖူးသော်လည်း ယခု ကဲ့သို့ မပေါ်မထွက်ဘဲ ရှိနေသည်မှာ ဆယ့်ငါးနှစ်ခန့်ကြာပြီ ဖြစ်ကြောင်း၊ လွန်ခဲ့သောလက တစ်ကြိမ်၊ ယခုတစ်ကြိမ်မျှသာ ပေါ်ထွက်၍ ထိုကဲ့သို့ ပေါ် ထွက်တိုင်း ကန္တတ္တနယ်အဖို့ ကောင်းကျိုးချမ်းသာ မတွေ့ရဘဲ ငတ်မွတ် ခေါင်း ပါးခြင်း စသောကပ်ကြီးမျိုး ဆိုက်ရောက်တတ်ကြောင်းနှင့် ပြောပြလေ၏။

နောက်ဆုံးအကြိမ်တွင် အလင်းရောင်ကြီးသည် အားရပါးရ ထိန်လင်း ပြီးနောက် ကွယ်ပျောက်သွားလေ၏။

အတန်ငယ်ကြာလတ်သော် လပြည့်ကျော်သုံးရက် လမင်း ထွက်ပြူ လာ၍ ဝေးလံသောအရပ်မှ တစီစီမြည်သော အသံများကို ကြားကြရလေ၏။

အသံသည် တဖြည်းဖြည်း နီးသည်ထက် နီးလာ၍ သဲကွဲသည်ထက် သဲကွဲလာသောအခါ ခွေးအမြောက်အမြားတို့၏ အူသံ၊ ဟောင်သံ၊ ဟိန်းသံများ နှင့် မြင်းခွာသံများ စုပေါင်းရောနှော၍ ထွက်လာသော အသံဖြစ်ကြောင်း သိရှိရလေ၏။

'ဘယ့်နှယ်လဲဦးလေး'

'သင်္ချိုင်းခွေးတွေဆိုတာ ဒီဟာတွေပေါ့'

နောက်တစ်ခဏ၌ မြစ်၏ အခြားဘက်၌ရှိသော ကုန်းမြင့်ကလေး ပေါ်သို့ မြင်းဖြူကြီးစီးလျက် လူတစ်ယောက်ပေါ်လာရာ ထိုသူသည် ကျွန်ုပ်တို့ ဘက်သို့ မျက်နှာလှည့်လိုက်သည်တွင် သေလုမတတ် ကြောက်လန့်တုန်လှုပ် လျက်ရှိသော မျက်နှာထားကို လရောင်တွင် ရိပ်ခနဲ မြင်လိုက်ကြရ၏။

ကုန်းမြင့်ကို ကျော်လွန်ပြီးနောက် ကွယ်ပျောက်သွားသောအခါ ၎င်း နေရာ၌ ခွေးအုပ်ကြီးတစ်အုပ် ပေါ်ထွက်လာ၍ ဟိန်းသံ၊ ဟောင်သံ၊ အူသံများ ဖြင့် ဆူညံသွားလေတော့၏။

ငါးဆယ်ခန့်မျှရှိသော ခွေးအုပ်ကြီးသည် ကုန်းမြင့်ကို ကျော်လွန်သွား ကြပြီးနောက် မြင်းနက်ကြီးစီးလျက် လူတစ်ယောက် ပေါ်လာလေ၏။

ထိုလူ၏မျက်နှာမှာ ရက်စက်ကြမ်းကြုတ်ဟန် ရှိသည့်အပြင် စိတ်ကို အစိုးမရသည့် ရူးသွပ်သော မျက်နှာထားမျိုးရှိသည် ဟူ၍လည်း ကျွန်ုပ်တို့ ထင်လိုက်မိ၏။

'ဘာဖြစ်တာလဲ ဇာမနီ'

'မောင်တို့ပြည်မှာ အမဲလိုက်တယ်လို့ ရှိတယ်မဟုတ်လား၊ ကျုပ်တို့ ပြည်မှာ လူစစ်စစ်ကို အမဲလုပ်ပြီး လိုက်တယ်၊ ဘယ့်နှယ်လဲ'

'ရက်စက်ပါပေ့ဗျာ'

၎င်းနောက် အကျိုးအကြောင်းကို မေးမြန်းသဖြင့် ဇာမနီက ပြောပြ သည်မှာ ဤမြို့မှ သူဌေးတစ်ဦးသည် ဘဒ္ဒကုမာရီ၏ ချောလှသော ရုပ်အဆင်း ကို တပ်မက်နေသည်မှာ ကြာလှပြီဖြစ်ကြောင်း၊ သို့ရာတွင် မိမိအချစ်ကို မျိုသိပ် ထားခဲ့ကြောင်း၊ ယမန်နေ့ကမူကား အထူးလှပစွာ ဝတ်စားဆင်ပြင်ထားသော ဘဒ္ဒကုမာရီကို မြင်ရ၍ မချုပ်တည်းနိုင်အောင် ဖြစ်ပြီးလျှင် စာတစ်စောင်ရေး၍ လျှို့ဝှက်စွာ ပေးလိုက်ကြောင်း၊ ၎င်းစာ၌ ဘဒ္ဒကုမာရီက မိမိ၏မေတ္တာကို

တုံ့ပြန်ပါလျှင် စစ်သားအမြောက်အမြား စုဆောင်း၍ နယ်စား၏ စစ်သည်များကို တိုက်ဖျက်နှိမ်နင်းပြီးလျှင် မိမိကိုယ်တိုင် နယ်စား၏နေရာသို့ တက်မည်ဖြစ်ကြောင်းနှင့် ပါရှိကြောင်း၊ ဘဒ္ဒကုမာရီက ၎င်းစာကို မိမိ၏ခင်ပွန်း နယ်စား၏လက်သို့ ထည့်လိုက်ကြောင်း၊ နယ်စားသည် ရာဇဝတ်ကောင်များကို သင်္ချိုင်းခွေးများနှင့် အမဲလိုက်၍ သတ်သောထုံးစံအတိုင်း ဤသူဌေးကို မိမိ၏ ခွေးများနှင့် လိုက်နေခြင်းဖြစ်ကြောင်းနှင့် အေးအေးဆေးဆေး ပြောပြလေ၏။

နောက်တစ်ခဏ၌ မြင်းဖြူကြီးနှင့်လူသည် မြစ်၏ အခြားဘက်ရှိ ကမ်းစပ်သို့ ဘွားခနဲ ဆိုက်ရောက်လာရာ ကျွန်ုပ်တို့၏လှေကို မြင်သဖြင့် ကူးလာမည် ကြံစည်ဟန်ရှိ၏။

သို့ရာတွင် အချိန်မရတော့ချေ။ ခွေးအုပ်ကြီးသည် ၎င်း၏နောက်မှ ကပ်လျက်ပေါ်လာ၏။ နှာရောင်တွင် အဖြူစင်းပါသော အကြီးဆုံးခွေးကြီးသည် မြင်းဖြူကြီး၏ နံဘေးကို အတင်းဝင်၍ ကိုက်ခဲလေ၏။

မြင်းသည် နာကျင်လှသောကြောင့် ကြောက်မက်ဖွယ် စူးစူးဝါးဝါး မြည်အော်လျက် ပတတ်ရပ်လိုက်ရာ ခွေးကြီးလည်း မလွှတ်ဘဲ တွယ်လျက် တန်းလန်း ပါသွားလေ၏။

ထိုအတောအတွင်း အခြားခွေးများသည် ခြေထောက်၊ လက်၊ လည်ပင်း၊ ဦးခေါင်း စသည်ဖြင့် အနှံ့အပြား ဝိုင်းအုံကိုက်ခဲကာ ဆွဲဆောင့်ကြလေရာ မြင်းကြီးမှာ တဝီးဝီး မြည်ဆဲအော်ဆဲနှင့်ပင် မြေပေါ်သို့ လဲကျသွားလေ၏။

မြင်းပေါ်မှ လူသည်လည်း မြေပေါ်သို့ ကျွမ်းပြန် ထိုးကျရလေရာ ကောင်ရေ ငါးဆယ်ခန့်မျှသောခွေးများသည် ဆယ့်ငါးမိနစ်မျှမကြာမီ လူရော မြင်းပါ အရိုးစုသက်သက် ကျန်သည့်တိုင်အောင် ကိုက်ခဲစားသောက်ကြလေကုန်၏။ မြင်းနက်ကြီးနှင့်လူမှုကား လက်ခုပ်လက်ဝါးတီးကာ ပျော်ရွှင်စွာ ရယ်မောလျက် ရှိလေ၏။

၀၃၉၈

# ကန္ဒတ္တနယ်

ကျွန်ုပ်သည် မကြည်ရွှင်သော စိတ်နှလုံးဖြင့် ဆက်လက်၍ ခရီးသွားကြရာ နောက်ဆုံး ကန္ဒတ္တမြို့သို့ ဆိုက်ရောက်ကြလေ၏။

မြင်းနက်ကြီးပေါ်မှလူမှာ ဘဒ္ဒကုမာရီ၏ခင်ပွန်း ကန္ဒတ္တနယ်စားဆိုသူဖြစ်သောကြောင့် ဘဒ္ဒကုမာရီက ချစ်ခင်စုံမက်ခြင်း မရှိသည်ကို အံ့သြဖွယ်မရှိပါပေ။

ကျွန်ုပ်တို့သည် ဇာမနိနှင့်အတူ လိုက်သွား၍ အတော်အတန် ခမ်းနားကျယ်ဝန်းသော အဆောက်အဦးကြီး အတွင်းရှိ အခန်းတစ်ခန်းသို့ ရောက်ကြသောအခါ ရွှေဇာငွေဇာ သတ်ထားသဖြင့် အတော်ခံ့ထည်သိုက်မြိုက်သော သားမွေးအင်္ကျီကြီးများကို လဲလှယ်ဝတ်ဆင်စေပြီးလျှင် ပျော်ပွဲဆောင်သို့ လိုက်ပါသွားကြရလေ၏။

အလျားပေ ၁၀၀၊ အနံပေ ၅၀ ခန့်ရှိ၍ ဆီမီးရောင်များဖြင့် ထိန်ထိန်လင်းလျက်ရှိသော အခန်းကြီးတစ်ခန်းအတွင်း ဒေသအလျောက် လှပသိုက်မြိုက်စွာ ဝတ်ဆင်ထားသည့် ယောက်ျားငါးဆယ်ခန့်နှင့် မိန်းမငါးဆယ်တို့သည် မွေးရှည်ကော်ဇောကြီးများပေါ်တွင် ထိုက်လျက် စားပွဲရှည်ကြီးပေါ်တွင် ပြင်ဆင်ထားသော စားစရာများကို စားတော့မည် ပြင်ဆင်လျက်ရှိကြလေ၏။

ကျွန်ုပ်တို့ ရောက်သွားကြပြီးနောက် ခဏမျှကြာသောအခါ နယ်စားကြီးနှင့် ဘဒ္ဒကုမာရီတို့ ဝင်လာကြလေရာ ဘဒ္ဒကုမာရီသည် ကျွန်ုပ်တို့အား ဦးခေါင်းငုံ့ကာ ခေါ်ငင်၍ ထိပ်၌ရှိသော စားပွဲတစ်ခုတွင် ၎င်းတို့နှင့်အတူ ထိုင်စေလေ၏။

နယ်စားကြီးမှာမူ ကျွန်ုပ်တို့နှင့် အတူမထိုင်ဘဲ ရုပ်ရည်ချောမောသော မိန်းကလေးတစ်ယောက်နှင့်အတူ အခြားစားပွဲငယ်တစ်ခုတွင် ထိုင်လေ၏။

စားသောက်စရာများမှာ သိုးသား၊ တောင်ဆိတ်သား၊ နွားနို့၊ မလိုင်၊ ယာဂုနှင့် အချိုအချဉ်များဖြစ်၍ ခပ်ကြမ်းကြမ်းနှင့် ဖောဖောသီသီ ချက်ပြုတ်ပြင်ဆင်ထားလေသည်။

နယ်စားကြီးသည် ဆန်အရက်များကိုသောက်ရင်း တဖြည်းဖြည်း မူးယစ်လာ၍ သူငယ်မလေး နှစ်ယောက်တို့က စားစရာများ ခွံ့ပေးရ၏။

နယ်စားကြီး၏ မျက်နှာမှာမူ ယခင်က ကျွန်ုပ်တို့ မြင်ခဲ့ရစဉ်ကဲ့သို့ ရူးသွပ်သော ကြည့်ခြင်းမျိုး မရှိတော့ချေ။

သို့ရာတွင် မောင်စောနိုင်နှင့် ဘဒ္ဒကုမာရီတို့ စကားပြောရင်း စားသောက်နေကြသည်ကို မနာလိုသော မျက်နှာထားနှင့် မကြာခဏ မျက်စောင်းထိုး၍ လှမ်းကြည့်လေ၏။

နယ်စားကြီးသည် မောင်စောနိုင်၏ ချောမောပြေပြစ်သော ရုပ်လက္ခဏာကို မရှုစိမ့်ဟန် လက္ခဏာနှင့် ...

'ဟော့လူ၊ တယ်ပြီး နှာတံပေါ်တဲ့လူပါတကား၊ ဂုတ်ကျားရဲ့ ပါးစပ်နဲ့ တစ်ငုံလောက် ကိုက်ဖဲ့ခိုင်းထားဦးမှ တော်မယ်ထင်တယ်၊ ဒီလူတွေ ဂုတ်ကျား၊ ဂုတ်တိုတိုနဲ့ ကိုက်လိုက်ရလျှင် ဘယ်လောက် ကြည့်ကောင်းမလဲ၊ ဟီ ဟီ ဟီ ဟီ'

မောင်စောနိုင်သည် ဒေါသအလျောက် တုံ့ပြန်ပြောဆိုဦးမည်ပြုရာ ကျွန်ုပ်က လက်ကုပ်ထားလိုက်သဖြင့် နှုတ်ခမ်းကိုကိုက်ကာ ဆိတ်ဆိတ်နေလေ၏။

'လူရူးပါ ငါ့တူရဲ့၊ အရေးမလုပ်ပါနဲ့'

'ကျွန်တော်ကို ယီးတီးယားတား လုပ်ရင်တော့ ဘာပဲဖြစ်ရ၊ ဖြစ်ရ လည်ပင်း ကို လက်နဲ့ ကိုင်ချိုးလိုက်မယ်'

ဘဒ္ဒကုမာရီသည် ဘေးအန္တရာယ်မြင်သည်နှင့် ခပ်မြန်မြန် လူစုခွဲလိုက်၍ ကျွန်ုပ်အား ဇာမနီနှင့်အတူ ယခင်က အခန်းသို့ဝင်လေ၏။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဘဒ္ဒကုမာရီသည် ကျွန်ုပ်တို့ကို ဤမြို့တွင် လှောင်ထား၍ အခွင့်သာသည့်အခါတိုင်း မောင်စောနိုင်အား လူပျို လုညဲ့သေး၏။

သို့ရာတွင် ကျွန်ုပ်သည် မောင်စောနိုင်၏ဆန္ဒကို သိသောကြောင့် ၎င်းတို့နှစ်ယောက်တည်း တွေ့စေအောင် အလစ်မပေးဘဲ သမီးကို မိခင် အုပ်ချုပ်သည့်နည်းတူ အမြဲစောင့်ကြပ်ကြည့်နေခဲ့၏။

ကျွန်ုပ်အား မြို့ထဲသို့ လှည့်လည်ကြည့်ရှုခွင့်ပြုသော်လည်း လက်နက်ကိုင် စစ်သားခြောက်ယောက်တို့သည် အမြဲထက်ကြပ် လိုက်ပါလျက်ရှိ၏။

ကျွန်ုပ်တို့မှာ ထွက်ပြေးဖို့ အနည်းနည်း ကြံစည်သော်လည်း အထမမြောက်ခဲ့ချေ။

စိတ်အေးရန်တစ်ချက်မှာ ဘဒ္ဒကုမာရီသည် ကျွန်ုပ်အား နယ်စားကြီးနှင့် မျက်နှာချင်းမဆိုင်မိစေခြင်းငှာ ပျော်ပွဲစားခန်းသို့ ဘယ်အခါမျှ မဝင်တော့ဘဲ ညစာ နံနက်စာများကို ကျွန်ုပ်တို့၏ အခန်းတွင်းသို့ ပြင်ဆင်ပေးပို့စေ၏။

နှစ်လကျော်၍ သုံးလေးလနီးလတ်သော် မောင်စောနိုင်မှာ ငြီးငွေ့လှပြီ ဖြစ်သောကြောင့် ဖြစ်လိုရာဖြစ်စေ အတင်းထွက်ပြေးတော့မည်ဟု စိတ်ကူးနေခဲ့လေပြီ။

တစ်ညသ၌ ဇာမနီသည် ကျွန်ုပ်တို့ နှစ်ယောက်အား ၎င်း၏အခန်းသို့ ညစာ စားသောက်ရန် ဖိတ်ကြားသဖြင့် သွားရောက်ကြ၏။

၎င်းအခန်းမှာ မျှော်စင်၏ အထက်ဆုံးသော အထပ်တွင်တည်ရှိ၏။

နီ။ ။'ပြောချင်တာ တစ်ခုရှိတယ် သခင်လေး'

နိုင်။ ။'ပြောပါ'

နီ။ ။'ဗေဒင်ကို ယုံကြည်သလား'

နိုင်။ ။'ယုံသင့်လဲ ယုံပါတယ်၊ ဟောတိုင်းလဲ မယုံတတ်ဘူး'

နီ။ ။'သခင်ကလေးတို့အကြောင်းကို ကျုပ်က ဗေဒင်တွက်ကြည့်တယ်၊ နယ်စားဟာသခင်ကလေးရဲ့လက်ချက်နဲ့ သေရ လိမ့်မယ်လို့ဗေဒင်တွက်ထားတယ်'

နိုင်။ ။'မဟုတ်နိုင်တာ ခင်ဗျာ၊ ကြံကြံစည်စည် ဘကြီးကလဲ'

နီ။ ။'ကျုပ်ဟောတဲ့ ဗေဒင်ဟာ ဒီကနေ့အထိ တစ်ခါမှ လွဲဖူးတယ်မရှိဘူး'

နိုင်။ ။'ဘကြီးက ဘဒ္ဒကုမာရီကို ကျွန်တော် စုံမက်တဲ့အတွက် နယ်စားကို ကျွန်တော်သတ်လိမ့်မယ်လို့ ထင်နေတယ် ပေါ့လေ၊ ကွာလေရန် ဘကြီးရယ်'

ထိုခဏ၌ တံခါးဆီမှ ခြေသံကြရပြီးနောက် ဘဒ္ဒကုမာရီသည် ကျွန်ုပ်တို့တွေ့မြင်ဖူးသည့်နေ့မှစ၍ အလှပဆုံး အခမ်းနားဆုံးသော အဝတ်တန်ဆာများဖြင့် ဆင်ပြင် ခြယ်လှယ်လျက် အခန်းတွင်းသို့ ဝင်လာလေ၏။

ရီ။ ။'ဘာများလဲ သခင်ကလေး၊ လက်သီးလက်ရုံး တန်းလို့ ဘာများလဲ'

နိုင်။ ။'ဟောဒီက ဘကြီးက မဟုတ်တရုတ်တွေ လျှောက်ပြောနေပါတယ် မင်းကတော်'

ရီ။ ။'ဘကြီးရဲ့ ဗေဒင်အကြောင်း မှတ်တယ်၊ မယုံတာ ယုံတာ အပထား၊ သူဟောလျှင် ဘယ်တော့မှ မလွဲဘူး သခင်ကလေး၊ သူ့ဗေဒင်ဟာ'

နိုင်။ ။'တော်ပါပြီ မင်းကတော်၊ သူ့ဗေဒင်က ဘာပဲဟောဟော တောင်ပေါ်သခင်မကြီးနဲ့ တွေ့ရအောင် ကျွန်တော်တို့ကို သွားခွင့်ပြုပါတော့၊ အသာတကြည်နဲ့ ခွင့်မပြုရင် ကျွန်တော် တို့ အတင်းသွားရလိမ့်မယ်'

နိုင်။ ။'သြော် သခင်ကလေး သခင်ကလေး၊ ဟိုတောင်ပေါ်မှာ သူ့ဖူးစာရှင် တွေ့ရလိမ့်မယ် ထင်ရှာလွန်းလို့၊ မှားတော့ မပေါ့၊ သခင်ကလေး ဖူးစာရှင်က ဒီမှာ သခင်ကလေးရဲ့၊ အပျိုစင် ဘဝတည်းက ဖူးစာရှင် တစ်နေ့မှာ ပေါ်လာလိမ့်မယ်လို့ နေ့ရှိသမျှ လရှိသမျှ စောင့်ဆိုင်းမျှော်လင့်ခဲ့တာတွေ ဟောဒီက ဘကြီးကို မေးပါတော့ သခင်ကလေး'

နိုင်။ ။'မဟုတ်နိုင်ပါဘူး မင်းကတော်၊ ဖူးစာရှင်ကို စောင့်ရိုးမှန်လျှင် ဘာကြောင့် လင်ယူလိုက် ရသလဲဗျာ မေးပါရစေ'

ရှိ။ ။'လင်ယူတာကတော့ တိုင်းပြည်ကြီး နှစ်ခြမ်းကွဲပြီး သွေးချောင်းစီးအောင် တိုက်ကြခိုက်ကြ ကုန်မှာစိုးလို့ တိုင်းပြည် ငြိမ်းချမ်းမှုကို ထောက်ထားပြီး ဥပါယ်တံမျဉ် စီမံရခြင်း ဖြစ်ပါတယ်၊ လင်ယူတယ် ဆိုပေမယ့် ကျွန်မကို လက်ဖဝါးနဲ့ တို့ရတဲ့လင် မဟုတ်ပါဘူးဆိုတာ သိပြီမဟုတ်လား သခင် ကလေး၊ ဘယ်နှစ်ခုနှစ်က ပေါ်နေတဲ့ တောင်ပေါ်သခင် မှန်းလဲမသိ၊ လှသလား၊ အရုပ်ဆိုးသလား၊ ဖြူသလား၊ မည်းသလား၊ အမယ်ကြီးအို ခါးကုန်းကုန်းကြီးလား၊ မသိရတဲ့ တောင်ပေါ်သခင်မကို ရော်ရမ်းမှန်းဆပြီး ဥပါဒါန်စွဲလမ်းနေမဲ့ အတူတူ မျက်မြင်ကိုယ်တွေ့ အရွယ်နဲ့ အဆင်းနဲ့ ရာထူး ဌာနန္တရနဲ့ ပြည့်စုံတဲ့အပြင် သခင်ကလေးကို မျိုးထား ချင်မလောက် မြတ်နိုးကြင်နာတဲ့ သံသရာ အဆက်ဆက်က ဖူးစာရှင်အစစ်ကို ချစ်ခင်စုံမက် ထိုက်ပါတယ် သခင်ကလေး'

နိုင်။ ။'(ဦးခေါင်းယမ်းလျက်) ကျွန်တော်တို့ မှန်းရွယ်လာခဲ့တဲ့ ခရီးစဉ်အတိုင်း လိုက်ပါရစေ၊ မင်းကတော် ခွင့်ပြုပါ'

'ဟီ ဟီ ဟီ ဟီ၊ ဟာ ဟာ ဟာ ဟာ၊ ဟေ ဟေ ဟေ ဟေ၊ ဟဲ ဟဲ ဟဲ ဟဲ'

စသည်ဖြင့် အမျိုးမျိုးသော ရယ်မောနည်းဖြင့် ရယ်မောသံများ ကြားရပြီးနောက် ဇာမနိ၏ တိုလီမိုလီ ပစ္စည်းများထားသည့်အခန်းမှ ကန့်လန့်ကာ

သည် လှုပ်ရှားရာမှ ရုတ်တရက်ပွင့်လာပြီးလျှင် နယ်စားကြီးသည် ပေါ်ထွက်လာလေ၏။

ကျွန်ုပ်သည် ဘဒ္ဒကုမာရီအား ရုပ်ဆင်းသဏ္ဍာန်မှတစ်ပါး ချီးမွမ်းဖွယ်ရာ အရည်အချင်းမရှိဟု မှတ်ထင်ခဲ့မိရာ ထိုအခိုက်အတန့်၌ နယ်စားကြီးအား လှမ်း၍ကြည့်လိုက်သော မျက်နှာထားကိုမူကား ကျွန်ုပ် မချီးမွမ်းဘဲ မနေနိုင်ပေ။

၎င်းမျက်နှာထားမှာ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ အမျက်ဒေါသထွက်ခြင်း အရာများ အလျဉ်းကင်းရှင်း၍ အသေးအနုပ် အရေးမလုပ်လောက်သော အရာမျိုးကို ကြည့်နေဘိသကဲ့သို့ မထီမဲ့မြင် ရှိလှပါပေ၏။ တကယ့် သတ္တိပါပေတကား။

ရီ။ ။'ဒီမှာ ဘာလာရှုပ်နေတာလဲ၊ ကိုယ့် ကိုယ်လုပ်တော်တွေနဲ့ ကိုယ့်ဟာကိုယ် အေးအေး ဆေးဆေး မူးနေချေပါတော့လား'

နယ်စားမူကား အတောမသတ်နိုင်အောင် ရယ်မောလျက်ပင် ရှိနေလေ၏။

ရီ။ ။ 'ဘာများကြားလိုက်လို့ ဒီလောက် အူရွှင်နေရတာလဲ'

နယ်စား။ ။'မြိန်လိုက်လေကွာ၊ ကြားလိုက်ရတာ သိပ်မြိန်တာပဲ၊ ဟီး ဟီး ဟီး ဟီး၊ ကိုယ့်ကိုယ်ကို တစ်မိုးအောက် တစ်ယောက်ထင်ပြီး မာနကြီးတလွှားလွှားနဲ့ တံခွန်လွှင့်နေတဲ့ မိန်းမတစ်ယောက် ဟာ အညတြ ခရီးသည်တစ်ယောက်ဆီမှာ ဒူးထောက်ပြီး ကြိုက်ပါရစေ ကိုယ်တော်ရေ့၊ မောင်တော်ရေ့၊ သခင်ရေ့နဲ့ ပြောရှာတာတောင် ဟိုမောင်မောင်က မကြိုက်တော်မူနိုင်ဘူး တဲ့၊ သွားပါရစေတဲ့၊ ငြင်းရက်ပါပေ့ကွယ်၊ ဟီး ဟီး ဟီး ဟီး၊ တို့များဖြင့် မီးဖိုချောင်က ကောင်မတောင် ဒီလိုများ တောင်းပန်မယ်ဆို မငြင်းရက်နိုင်ပေါင်ကွယ်၊ ဟီး ဟီး ဟီး ဟီး၊ ဟဲ ဟဲ ဟဲ ဟဲ'

ဘဒ္ဒကုမာရီသည် အလွန်တရာ စက်ဆုပ်သောမျက်နှာထားဖြင့် ခင်ပွန်းအား ကြည့်ပြီးနောက် ကျွန်ုပ်တို့ ဘက်သို့လှည့်၍ ...

'ဇည့်သည်များ အလွန်တရာ စုတ်ချာညံ့ဖျင်းပြီး အနှစ်ကင်းတဲ့ဒေသကို ရှင်တို့ ရောက်လာရခြင်းဟာ ရှင်တို့ရဲ့ အကုသိုလ်ပဲ၊ ဒီပြည်ရဲ့ အညွှန့်အဖူးပဲ၊ အဲဒီဟာ ကြည့်ပါတော့ လာလာ၊ ဘိုးဘိုး၊ ဒီလူကြည့်ရတာ ကျွန်ုပ် နှလုံး နာလွန်းလို့ သွားကြပါစို့ ဘိုးဘိုး'

ငင်းနောက် ဘဒ္ဒကုမာရီနှင့် ဇာမနိတို့သည် အခန်းတွင်းမှ ထွက်သွားကြလေ၏။

နယ်စား။ ။'နည်းနည်းမှ ကောင်းတဲ့ဟာ နှစ်ယောက် မဟုတ်ဘူး၊ တိုင်းပြည် ငြိမ်းချမ်းသေဝပ်အောင်ဆိုပြီး လက်ထပ်ပွဲကို သူတို့ပဲ စီမံတယ်၊ လက်ထပ်လို့လဲပြီးရော ကိုယ့်မယားကို ကိုယ်ရှုံအောင်၊ မကြည့်ချင်အောင်၊ နှလုံးနာအောင်၊ ကျုပ်ကို သူတို့ ဆေးတိုက်ကြတယ်၊ ကျုပ်စိတ်ထဲမှာ ဘယ့်နယ်ဖြစ်နေ သလဲ၊ ကြိုက်လိုက်တာလဲ သေလုလို့၊ မြင်ပြန်ရင်လဲ ကြည့်လို့မရဘူး၊ နှလုံးနာပြီး ပျို့ပျို့တက်လာတယ်၊ ဒီဟာ သူတို့လုပ်တာ ဗျာတို့ရဲ့'

ကျွန်ုပ်။ ။'နယ်စားကို သူတို့မုန်းရင် ဘာကြောင့် သေဆေး မတိုက်သလဲ'

နယ်စား။ ။'ကျုပ်သေရင် တိုင်းသူပြည်သားက သူ့ကို နောက်လင် ယူခိုင်းမယ်၊ ဒီမိန်းမက အမိုက်ကြီးဗျာတို့၊ ယောကျ်ား ယူချင်တဲ့ မိန်းမမျိုး မဟုတ်ဘူး၊ ဒီလူမြင်တော့မှ ဘယ်လို စိတ်ဖြစ်သွားသလဲ ကျုပ်နားမလည်ဘူး'

နိုင်။ ။'နို့ပေမယ့် ကျွန်တော်က အလိုမတူဘူးဆိုတာ နယ်စား သိတယ် မဟုတ်လား'

နယ်စား။ ။'တော်တော်နေတော့ ခင်ဗျား ပါသွားမှာပါ၊ ဘဒ္ဒကုမာရီ တဲ့ဗျာ ဖြားယောင်းတဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ မှတ်ထား ပါ'

နိုင်။ ။'တော်တော်နေမဆိုထားနဲ့ ခုချက်ချင်း ထွက်ပြေးချင်ပါတယ်၊ နယ်စားကြီး ကူညီပါလား'

နယ်စား။ ။'ခင်ဗျားတို့ ဘယ်ဘက်ပြေးမလဲ'

နိုင်။ ။'မီးတောင်ဘက် ပြေးချင်တယ်၊ ကျွန်တော်တို့ ဟိုမှာ ကိစ္စရှိတယ်'

နယ်စားကြီးသည် အတန်ငယ် တွေဝေစဉ်းစားပြီးနောက် ရုတ်တရက် အကြံရလာဟန် လက္ခဏာနှင့် ရယ်မောလျက် ...

'ဟီ ဟီ ဟီ ဟီ ဟုတ်ပြီ၊ သူဒေါပွတာ ကျုပ် ကြည့်ချင်တယ်၊ သူစိတ်ဆိုးတာ ကျုပ် မြင်ချင်တယ်၊ နေရာကျပြီ နေရာကျပြီ၊ ပြင်ထားကြ အသင့်ပြင်ထားကြ၊ သွား သွား ခင်ဗျားတို့ သွားကြ၊ ကျုပ်လာခေါ်မယ် မြန်မြန်လုပ်ကြနော်'

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အခန်းရှိရာသို့ ထွက်လာခဲ့ကြလေ၏။

ဝဝဝ

## ခွေးများနှင့် လိုက်ခြင်း

ကျွန်ုပ်တို့အခန်းသို့ ရောက်သောအခါ ကျွန်ုပ်တို့သည် စားပွဲပေါ်တွင် ခင်းကျင်းပြင်ဆင်ထားသော စားစရာများ၊ အဝတ်အစား အနည်းငယ်နှင့် ဓားမြှောင်တစ်လက်စီ၊ လုံတိုတစ်စင်းစီတို့ကို ဆောင်ကျဉ်းခဲ့ရန် စီမံကြလေ၏။

တခဏမျှကြာလတ်သော် နယ်စားသည် ရုပ်ဖျက်လိုဟန် လက္ခဏာနှင့် အင်္ကျီရှည်ကြီးကိုဝတ်လျက် အခန်းတွင်းသို့ ဝင်လာလေ၏။

ကျွန်ုပ်တို့မှာ အသင့်ပြင်ဆင်ပြီးဖြစ်သောကြောင့် နယ်စား၏နောက်မှ လိုက်သွားကြလေ၏။

ထိုညဉ့်၌ လဆန်း ဆယ့်တစ်ရက်ညသည် အတော်ကြည်လင်တောက်ပသော အရောင်ကြောင့် ကောင်းကင်၌ ထွက်ပေါ်လျက်ရှိရာ ကျွန်ုပ်တို့သုံးဦးသည် ဥယျာဉ်နှင့်ဝင်းကြီးဝင်းစောင့်များကို လျှို့ဝှက်စွာ ဖြတ်သန်းကူးကျော်ပြီးနောက် 'သချိုင်းခွေး' ခေါ် ခွေးကြီးများလှောင်ထားသည့် လှောင်အိမ်ကြီးသို့ ဆိုက်ရောက်ကြလေ၏။

ကျားသစ်အရွယ်ခန့်ရှိသော ခွေးကြီး သုံးဆယ်ခန့်တို့သည် အိပ်ပျော်ကြဟန်မရှိဘဲ လှောင်အိမ်ကြီးအတွင်း ထိုမှ ဤမှ တုံ့ပြန်လူးလာ လမ်းလျှောက်လျက်ရှိစဉ် ကျွန်ုပ်တို့၏အနံ့ ရသည့်လက္ခဏာနှင့် ဟိန်းအောင် အူမြည်စပြုကြလေ၏။

သို့ရာတွင် နယ်စားသည် သံတိုင်များ၏ အကြားမှ မိမိကိုယ်ကိုပြ၍ အသံပေးလိုက်သဖြင့် ခွေးကြီးများလည်း ငြိမ်သက်တိတ်ဆိတ်သွားကြလေ၏။

ၚင်းနောက် ကျွန်ုပ်တို့သည် ဆက်လက်သွားကြ၍ နန်းတော်တံခါးဝသို့ ရောက်သောအခါ နယ်စားသည် ခေတ္တမျှ စောင့်ဆိုင်းရန် မှာထားပြီးနောက် အတန်ကြာသောအခါ ကုန်းတင်ပြီး မြင်းဖြူကြီးနှစ်စီးကို ဆွဲလျက်ပြန်လာ လေ၏။

ကျွန်ုပ်တို့သည် နယ်စား၏ အမိန့်အရ မြင်းပေါ်သို့တက်ကြ၍ ၚင်း၏ နောက်မှ တဖြည်းဖြည်းလိုက်သွားကြလေရာ လူပြတ်သော လမ်းများ တစ်လျှောက် လျှောက်သွားကြပြီးနောက် မြစ်ဆိပ်ကမ်းသို့ ဆိုက်ရောက်ကြ လေ၏။

နယ်စားသည် တံတားတွင် ချည်ထားသော ကူးတို့လှေတစ်စင်းကို ညွှန်ပြလျက် ...

'မြင်းတွေကို လှေပေါ်တင်ပြီး တစ်ဖက်ကမ်းရောက်အောင် လှော်သွား ကြပေတော့' ဟု အမိန့်ပေးသဖြင့် ကျွန်ုပ်တို့သည် မြင်းများကို ခဲယဉ်းစွာနှင့် လှေပေါ်သို့ ဆွဲတင်ကြရလေ၏။

လှေပေါ်သို့ရောက်ကြသောအခါ ကျွန်ုပ်သည် မြင်းနှစ်ကောင်၏ ဇက်ကိုကိုင်ထား၍ မောင်စောနိုင်က ခတ်တက်များနှင့် လှော်ခတ်ရန် ပြင်ဆင်လျက်ရှိစဉ် နယ်စားသည် လှေကိုတွန်းထုတ်ပြီး ...

'ရှုပ်လှတဲ့ ခွေးမသား ခရီးသည်တွေ၊ သွားကြရော့လဟယ်' ဟု ရေရွတ်ကာ ကျိန်ဆဲနေရစ်လေ၏။

မောင်စောနိုင်က လှော်ခတ်စပြုစဉ် နယ်စားက ...

'ပြေးကြဟေ့နော်၊ ပြေးကြ၊ ဖဝါးနဲ့တင်ပါး တစ်သားတည်းနေအောင် ပြေးကြဟေ့၊ ပြေးနိုင်မှ လွတ်စေ့မယ်ကွယ့်နော်၊ ဟီ ဟီ ဟီ ဟီ'

မောင်စောနိုင်သည် လှော်ခတ်နေရာမှ ရုတ်တရက်ရပ်တန့်၍ ...

'ဟန်မရဘူးထင်တယ် ဦးလေးရေ၊ ဒီငနဲကြီးကို ကျွန်တော် မသက်ာဘူး၊ ပြန်တက်ပြီး လိုက်သတ်ခဲ့ဦးမှထင်တယ်' ဟု မြန်မာဘာသာဖြင့် ကျွန်ုပ်အား ပြောပြလေ၏။

သို့ရာတွင် နယ်စားသည် လူရူးတို့ ပါးနပ်ခြင်းဖြင့် မောင်စောနိုင်၏ စကားကို ရိပ်မိဟန် လက္ခဏာနှင့် ...

'ဘာရမလဲကွာ၊ နောက်ကျနေပြီဟေ့၊ မင်းတို့အကြံ နောက်ကျနေပြီ၊ ပြေးနိုင်မှ လွတ်စေ့မကွနေဝ်၊ ယောက်ျားသား ကြိတ်လိုက်စမ်းကွာ၊ ဟီ ဟီ ဟီ ဟီ၊ ဟေ ဟေ ဟေ ဟေ၊ ဟာ ဟာ ဟာ ဟာ' ဟု ညာသံပေးလျက် လှစ်ခနဲပြေးလေ၏။

ကျွန်ုပ်တို့သည် မြစ်တစ်ဖက်ကမ်းသို့ လှော်ခတ်၍ သင့်လျော်သော နေရာ၌ ဆိုက်ကပ်ပြီးနောက် မြင်းများကို လှေပေါ်မှ ဆွဲချလေ၏။

ငင်းနောက် လှေကို မျှော်ပစ်လိုက်၍ မြင်းဇက်ကြိုးများနှင့် ကုန်းနှီးများ ကို သေချာစွာကြည့်ရှုကြရာ ကောင်းမွန်စွာ တွေ့ရှိသည်နှင့် မြင်းပေါ်သို့ လွှားတက်၍ မီးခိုးအူထွက်လျက်ရှိသည့် မီးတောင်ရှိရာအရပ်သို့ မျက်နှာမူကာ ထွက်လာခဲ့ကြလေ၏။

ငင်းနေရာ၌ လမ်းဟူ၍ ထင်ရှားစွာမရှိဘဲ လယ်ပြင် ကွင်းပြင်များ အတွင်း ဖြတ်သန်းသွားလာရသောကြောင့် လျှင်မြန်စွာစိုင်းရန် မတတ်နိုင်ဘဲ လမ်းတိုခရီးမျှနှင့် မှန်မှန် စီးလာကြရလေ၏။

တစ်နာရီခန့် သွားမိလတ်သော် လူခြေတိတ်ဆိတ်လျက်ရှိသော ရွာကလေးတစ်ရွာသို့ ဆိုက်ရောက်ကြလေရာ ငင်းကို ကျော်လွန်သောအခါတွင် မူကား မီးတောင်ဆီသို့ ဖြောင့်တန်းနေဟန်ရှိသော လမ်းကလေးကို တွေ့သဖြင့် သုံးချောင်းထောက် စိုင်းနိုင်ကြလေ၏။

တစ်ညလုံး ခပ်မှန်မှန်စိုင်းကြ၍ မိုးသောက်လုနီးလတ်သော် အလွန် မှောင်မည်းလာသည် ဖြစ်သောကြောင့် စမ်းချောင်းကလေး တစ်ချောင်းတွင် မြင်းများကို ရေတိုက်ရင်း ခေတ္တနားနေကြရ၏။

မိုးလင်းသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် ဆက်လက်၍ ခရီးသွားကြပြန်ရာ လမ်းခရီးတွင်လယ်ပြင်များနှင့် ရွာငယ်ကလေးများကို ရံဖန်ရံခါ တွေ့ကြရ၏။

ရွာသားများသည် ကျွန်ုပ်တို့အား အနှောင့်အယှက် မပေးကြသော်လည်း ၎င်းတို့၏ မျက်နှာထားမှာ ကျွန်ုပ်တို့အပေါ်၌ မေတ္တာထားကြဟန် မရှိချေ။

ထိုနှစ်မှာ မိုးခေါင်သည့်အတွက်ကြောင့် ကောက်ပင်များသည် ခြောက်သွေ့မည့်ဆဲဆဲ အနေဖြင့် ဝါဖန့်ဖန့် ရော်တော်တော် ရှိနေကြရာ တိုင်းပြည်အတွင်းသို့ လူစိမ်းများ ရောက်သည့်အတွက်ကြောင့် မိုးခေါင်ရသည်ဟု မှတ်ထင်နေကြသည် ဆိုသဖြင့် ကျွန်ုပ်တို့အား မေတ္တာမရှိကြခြင်းကို အံ့သြဖွယ် မရှိချေ။

မွန်းတည့်အချိန်လောက်တွင် ကျွန်ုပ်တို့သည် မြင်းများကို မြက်ခင်းတစ်ခုတွင် 'လှန်' ထား၍ ပါသမျှသော အစာအနည်းငယ်ကို ချွေတာစွာ စားသောက်ရင်း တစ်နာရီခန့်မျှ နားနေကြရ၏။

အတန်ငယ် အပန်းပြေသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် တစ်ဖန်ဆက်လက်၍ ခရီးသွားကြပြန်ရာ လူနေအိမ်ခြေတွင် လူများနေထိုင်သည့် အထိမ်းအမှတ်များသည် ကွယ်ပျောက်စ ပြုလေတော့၏။

နေဝင်ချိန်နီးလတ်သော် ကျွန်ုပ်တို့သည် မြက်ခင်းတစ်ခုတွင် မြင်းကုန်းများကို ဖြုတ်ကာ လွတ်လပ်စွာ မြက်စားစေရန် လှန်ထားပြီးနောက် ရိက္ခာအနည်းငယ်ကို စားသောက်ကြလေ၏။

မြင်းများသည် မြက်ခင်းပေါ်တွင် လူးလိမ့်ကာ အပန်းဖြေလျက်ရှိရာ ကျွန်ုပ်သည် မုန့်ခြောက်အနည်းငယ်ကို စားပြီးနောက် လူးလိမ့်နေသောမြင်းများကို ကြည့်နေစဉ် နီရဲလျက်ရှိသော မြင်းခွာတစ်ဖက်ကို သတိပြုမိလေ၏။

တစ်စုံတစ်ခုနှင့် ခိုက်မိ၍ သွေးထွက်နေသည်ဟု မှတ်ထင်မိသဖြင့် အခြားခွာများကို ကြည့်ရှုရာတွင် လေးဘက်လုံး နီရဲလျက်ရှိသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်ုပ်သည် နယ်စား၏စကားကို ရုတ်တရက် သတိရလာသည်နှင့် မြင်းတစ်ကောင်၏ ခွာတစ်ဘက်ကို မြှောက်ကိုင် နမ်းကြည့်ရာတွင် ကတိုးနှင့် သွေးကို ရောစပ်သုတ်လိမ်းထားသည့် လက္ခဏာနှင့် ညှီတီတီ၊ မွှေးတေးတေး အနံ့ကိုရရှိလေ၏။

'ဘယ်နှယ့်လဲ ဦးလေး၊ ခွာခိုင်အောင် သုတ်ထားတဲ့ ဆေးမျိုးလား'

'ခြောက်တယ်လို့ မအောက်မေ့နဲ့ တူရေ့၊ နယ်စားကောင်ဟာက ရှူးသလောက် ယုတ်မာတဲ့ဘက်က တော်တော် ဉာဏ်သွားဟန်တူတယ်၊ သူ့ခွေးတွေ အနံ့ခံလို့ လွယ်ကူအောင် မြင်းခွာတွေကို ကတိုးနဲ့သွေးနဲ့ ရောပြီး လိမ်းပေးလိုက်တယ် ထင်တယ် တူရေ့'

'ဟိုက်၊ ဟုတ်လိမ့်မယ် ဦးလေးရေ၊ ဒါကြောင့် ဒီကောင်ကို ကျွန်တော် မသင်္ကာလို့ သတ်ခဲ့ချင်တာပဲ၊ ကိုင်း ဒါဖြင့် ကြာကြာနေလို့မဖြစ်ဘူး၊ သွားကြမှ တော်မယ် ဦးလေးရေ'

ကျွန်ုပ်တို့သည် အတော်အတန် တုန်ယင်သောလက်များဖြင့် မြင်းများကို ကုန်းတင်ကြပြီးနောက် ဆက်လက်ထွက်သွားရန် ပြင်ဆင်ကြလေ၏။

မြင်းများပေါ်သို့ လွှားတက်၍ စိုင်းတော့မည် ပြုသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ နားထဲ၌ စီခနဲအသံ ကြားသလို မှတ်ထင်မိသဖြင့် ...

'နားထောင်စမ်းဟေ့ ငါ့တူ၊ ဘာသံလဲ' ဟု မေးလိုက်၏။

မောင်စောနိုင်သည် လာခဲ့သောဘက်သို့ မျက်နှာမူလျက် လက်နှစ်ဘက်ကို နားနောက်တွင် ဖြန့်ကာ၍ စူးစိုက်ကာ နားထောင်ပြီးနောက် ...

'အလိုလေးဗျာ၊ ခွေးသံတွေ ဦးလေးရေ၊ သချိုင်းခွေးတွေ အသံပဲ၊ ကိုင်း ကိုင်း၊ စိုင်းကြစို့ရဲ့ ဦးလေးရေ၊ သြော် နေဦး၊ မြင်းတွေလွှတ်ပစ်လိုက်ရရင် မကောင်းလား ဦးလေး'

'ခရီးက အပုံလုမ်းသေးတယ်ကွယ်၊ ခြေလျင်သွားရရင် လမ်းမှာ အစာငတ်သေကုန်ဖို့ရှိတယ်၊ အရေးကြီးတော့မှ လွှတ်တန် လွှတ်ပစ်ရတာ ပေါ့ကွယ်၊ ကိုင်း စိုင်းပေတော့ဟေ့'

အတန်ငယ်စိုင်းကြပြီးနောက် ကုန်းမြင့်ကလေးတစ်ခု၏ထိပ်သို့ ရောက်ကြသဖြင့် မြင်းသာခိုက်တွင် လှည့်၍ကြည့်စမ်းဦးအံ့ဟု အကြံရသည်နှင့် ကျွန်ုပ်တို့သည် နောက်သို့လှည့်၍ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့မြင်ရလေ၏။

နေမင်းသည် တောင်ထိပ်၏အောက်သို့ ငုပ်လျှိုးသက်ဆင်းသွားပြီးဖြစ်သော်လည်း မှေးမှိန်သော အလင်းရောင်သည် လွင်ပြင်ပေါ်သို့ ဝိုးတိုးဝါးတား ကျန်ရှိရစ်သေးရာ ကျွန်ုပ်တို့၏နောက် နှစ်မိုင်ခန့်လောက်ရှိ ကုန်းမြင့်ကလေးပေါ်သို့ သေးငယ်သော အရာဝတ္ထုကလေးများသည် တစ်ခုပြီးတစ်ခု ရိပ်ခနဲ ရိပ်ခနဲ ပေါ်ထွက်လာပြီးနောက် လူတစ်ယောက်သည် မြင်းတစ်စီးကိုစီးလျက် အခြားတစ်စီးကို ကြိုးဆွဲကာ နောက်ဆုံးမှ လိုက်ပါလာသည်ကို တွေ့မြင်ကြရလေ၏။

'ခွေးပေါင်းသုံးဆယ်ထက် မနည်းဘူး ဦးလေးရေ့၊ တစ်အုပ်လုံး ခေါ်လာခဲ့ဟန် တူတယ်၊ မြင်းတစ်စီးတောင် အပိုဆောင်သေးတယ်၊ ကိုင်း.. မြင်းတွေမမောခင် တက်သုတ်နှင်လိုက်ကြဦးစို့ ဦးလေးရေ'

ကျွန်ုပ်တို့သည် ကုန်းမြင့်ကိုကျော်လွန်၍ အတန်ငယ် စိုင်းမိကြလေလျှင် နေရောင်ကွယ်ပျောက်၍ လရောင်ရောက်လာသည်နှင့် ဝိုးတဝါးမြင်ရသော လမ်းပေါ်တွင် မြင်းများကို ကဆုန်နှင်၍ စိုင်းကြလေ၏။

ကျွန်ုပ်တို့၏ မြင်းများသည် တစ်ညတိတိ ခရီးသွားခဲ့ကြရပြီးသော်လည်း မှန်မှန်မျှသာ လာခဲ့ကြသည် ဖြစ်သောကြောင့် မောပန်းသည် မဟုတ်သဖြင့် အရေးကြီး၍ နှင်ပေးလိုက်သောအခါတွင် ပြိုင်မြင်းများ၏အဟုန်ဖြင့် လွှားခနဲ လွှားခနဲ ပြေးကြလေကုန်၏။

နယ်စား၏မြင်းမှာ ကျွန်ုပ်တို့နောက်မှ ထွက်လာရ၍ ရှေ့မှ လူများကို မီအောင်လိုက်ရသည့်အတွက် မောပန်းရမည်ဖြစ်သော်လည်း မြင်းပိုတစ်စီး ပါရှိသေးသည့်အတွက် ကျွန်ုပ်တို့ထက် တစ်ပန်းသာလျက်ရှိ၏။

ကျွန်ုပ်တို့၏ မျှော်လင့်ချက်မှာ နယ်စားမမီသေးမီ တောင်ခြေသို့ ရောက်အောင် စိုင်းကြရန် ဖြစ်လေသည်။

အဘယ့်ကြောင့်ဆိုသော် တောင်ခြေအရပ်မှာ တောင်ပေါ်သခင်မ၏ နယ်နမိတ်ဖြစ်သောကြောင့် နယ်စားကိုမဆိုထားဘိ ဘဒ္ဒကုမာရီပင်လျှင် ကျူးကျော်ခြင်းငှာ မဝံ့ကြောင်း ကြားသိကြရဖူးသောကြောင့်ပေတည်း။

အခြားသော မျှော်လင့်ချက်တစ်ခုမှာ တောင်ခြေမရောက်မီ ခွေးအုပ်က မီလာခဲ့သော် မြင်းများကို စွန့်လွှတ်လိုက်ရ၍ လုံခြုံသောနေရာကို ရှာဖွေ ပုန်းအောင်းနေကြရန် ဖြစ်လေသည်။

ခွေးများသည် မြင်းများနောက်သို့လိုက်ကြ၍ မြင်းသားစားပြီးကြသဖြင့် ကျွန်ုပ်တို့ကိုရှာဖွေရန် ဆန္ဒမရှိပါစေနှင့် ဟူ၍လည်း ကြိုတင်ဆုတောင်းထား ကြ၏။

ကျွန်ုပ်တို့သည် ကျောက်တုံး ကျောက်ခဲများပေါများသော လမ်းကလေး တစ်လျှောက် ကဆုန်ချ၍စိုင်းသွားကြစဉ် လမင်းသည် တိမ်များ၏ နောက်သို့ ဝင်သွားသဖြင့် လမ်းသည် မှောင်မည်းလုမတတ်ဖြစ်သွား၏။

ထိုအခါ ကျွန်ုပ်တို့မှာ ကျောက်တုံးများနှင့်တိုက်ကာ ဒိလိမ့်ကောက် ကွေး လဲကျသွားမည်ကို စိုးရိမ်သဖြင့် မြင်းများကို ဇက်သပ်၍ ခပ်မှန်မှန်သာ စိုင်းနိုင်ကြ၏။

ခွေးများမှာမူ မှောင်သည် လင်းသည် ခြားနားခြင်းမရှိဘဲ တစ်သမတ် တည်းသောအဟုန်ဖြင့် ပြေးလိုက်နေကြရကား ထိုအခိုက်အတန့်တွင် ကျွန်ုပ်တို့ ထက် များစွာလျင်မြန်၍ အလွန်အမင်း နီးကပ်လာခဲ့လေပြီ။

ထိုခဏ၌ ယခင်က ကျွန်ုပ်တို့ အကြိမ်ကြိမ် မြင်ခဲ့ကြဖူးသည့် အလင်းရောင်ကြီးသည် ကောင်းကင်၌ တန်းတန်းကြီး ထိုးထွက်လျက်ရှိရာ ကျွန်ုပ်တို့က ခွေးများနှင့် နယ်စားကိုလည်းကောင်း၊ ၎င်းတို့က ကျွန်ုပ်တို့ နှစ်ယောက်ကို လည်းကောင်း ထင်ရှားစွာ မြင်နိုင်လေသည်။

ခွေးအုပ်ကြီးသည် ကျွန်ုပ်တို့နှင့် နှစ်ဖာလုံခန့်မျှသာ ကွာလှမ်းတော့သည်ဖြစ်ရာ 'ဂုတ်ကျား' အမည်ရှိ ခေါင်းဆောင်ခွေးကြီး၏ နက်ကျယ်လှစွာသော ဟိန်းဟောင်သံက ရှေ့ဆုံးမှ ပီပီသသ ကြားကြရ၏။

လမင်းသည် တိမ်တိုက်မှ ထွက်ပေါ်လာပြီဖြစ်၍ ကျွန်ုပ်တို့သည် ခြေကုန်လွှတ်နိုင်ကြသော်လည်း အလွန်မောဟိုက်လှပြီဖြစ်သော မြင်းများသည် ခွေးများကို လွတ်အောင်မပြေးနိုင်တော့ဘဲ တဖြည်းဖြည်း နီးကပ်သည်ထက် နီးကပ်လာကြလေ၏။

ကုန်းမြင့်ကလေးတစ်ခုကို တွေ့ပြန်သဖြင့် ၎င်းထိပ်မှ လည်ပြန်လှည့်၍ ကြည့်လိုက်ရာတွင် ခွေးအုပ်မှာ ကောင်ရေသုံးဆယ်မပြည့်တော့ဘဲ အချို့မှာ မောဟိုက်ကျန်ရစ်ခဲ့ကြဟန်တူ၏။

သို့ရာတွင် ခွေးအသီးသီးသည် ကျားသစ်အကြီးစား အရွယ်ခန့် ရှိသောကြောင့် ကောင်ရေသုံးဆယ်ထက် အနည်းငယ်လျှော့ပေါ့ရုံနှင့် အားတက် လောက်သော အခြင်းအရာ မဟုတ်ချေ။

ခွေးများ၏ နောက်၌ကား နယ်စားကြီးသည် မြင်းစီးလျက်လိုက်ပါလာရာ ကြိုးနှင့်ဆွဲလာခဲ့သော ဒုတိယမြင်းမှာမူ ထိုအခါ၌ မရှိတော့ချေ။

မောဟိုက်လွန်းသော ပထမမြင်းကို စွန့်ပစ်ထားခဲ့၍ ဒုတိယမြင်းကို လဲလှယ်စီးနင်းလာခဲ့ဟန် တူပေ၏။

ခွေးအုပ်ကြီး၏ ဟိန်းသံ၊ ဟောင်သံများသည် ကျွန်ုပ်တို့နောက်မှ နီးကပ်သည်ထက် နီးကပ်လာလေရာ ကျွန်ုပ်တို့၏ မြင်းများသည် သေရအံ့သောဘေးကို မြင်ကြဟန် လက္ခဏာနှင့် ကျွန်ုပ်တို့ မောင်းနှင်ခြင်းကို မစောင့်ဘဲ ၎င်းတို့အလိုအလျောက် ခြေကုန်သွန်၍ ပြေးရှာကြလေကုန်၏။

'ဂုတ်ကျား' ကြီးက တစ်ချက်အူလိုက်သည့်အခါ ကျွန်ုပ်၏ မြင်းမှာ အသားဆတ်ဆတ် တုန်သွားရှာသည်ကို ကျွန်ုပ် သိလိုက်ရ၏။

သို့ပါသော်လည်း ခွေးအုပ်ကြီးသည် တစ်ခဏထက်တစ်ခဏ ကျွန်ုပ်တို့နှင့် ချဉ်းကပ်လာကြလေရာ ချုံပုတ်တစ်ခုကို ကျော်လွန်ပြီးနောက် ရှေ့မှ ရေသံများ ကြားကြရသဖြင့် ချောင်းတစ်ခုရှိသည်ဟု သိကြရ၏။

သို့ရာတွင် ၎င်းချောင်းသို့ရောက်နိုင်ရန် မျှော်လင့်ချက်မရှိရတော့ကား 'ချုံပုတ်ရှိရာကို ပြန်ကြစို့ တူရေ' ဟု ပြောပြောဆိုဆိုနှင့် လှည့်၍ပြန်စိုင်းကြ၏။

ကျွန်ုပ်တို့သည် ချုံပုတ်သို့ရောက်၍ ပုန်းအောင်းမိကြသည်နှင့် တစ်ပြိုင်နက် ခွေးအုပ်ကြီးသည် ယခင်က ကျွန်ုပ်တို့စိုင်းသွားသော လမ်းအတိုင်း ဟိန်းဟောင်ကာ ဆက်လက်လိုက်သွားကြသည်ကို မြင်လိုက်ကြရ၏။

၎င်းတို့ ကျော်လွန်သွားကြသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့သည် မြင်းများပေါ်မှ ခုန်ဆင်း၍ ကိုက်တစ်ရာခန့်တွင်ရှိသော ကျောက်ဆောင်ငယ် တစ်ခုသို့ ခြေကုန်သွန်၍ ပြေးကြပြီးနောက် ပုန်းအောင်းနေကြလေ၏။

ခွေးအုပ်ကြီးသည် ကျွန်ုပ်တို့ တုံ့ပြန်ခဲ့သောနေရာမှ တုံ့ပြန်ခဲ့ကြ၍ မြေကြီးနှင့်နှာခေါင်းကပ်ကာ ခြေရာခံပြီးလျှင် ချုံပုတ်ဆီသို့ လိုက်သွားကြပြန်လေ၏။

ကျွန်ုပ်တို့လွှတ်ထားခဲ့သော မြင်းများသည် ခွေးအုပ်ကြီး လာသည်နှင့် တစ်ပြိုင်နက် ခြေဦးတည့်ရာ စွတ်၍ပြေးရှာကြလေရာ ခွေးများလည်း မြင်းများကို မျက်စိနှင့် မြင်ကြရသဖြင့် ခြေရာခံရန် မလိုတော့ဘဲ ဦးခေါင်းထောင်ကာ လိုက်ပြေးကြလေ၏။

မြင်းများမှာ မောပန်းနေသော်လည်း 'ကိုယ်လွတ်' ပြေးရခြင်း ဖြစ်သောကြောင့် ခွေးများ မမီမီ အတော်ခရီးပေါက်အောင် ပြေးနိုင်ဦးမည့် လက္ခဏာရှိ၏။ လုံးဝ လွတ်ဖို့မှုကား မျှော်လင့်နိုင်သောအရာ မဟုတ်ချေ။

နယ်စားသည် ကျွန်ုပ်တို့မပါဘဲ မြင်းများချည်းသက်သက် ပြေးလွှားနေကြသည်ကို မြင်ရသောအခါ ကျွန်ုပ်တို့၏ အကြံကို ရိပ်မိဟန်နှင့် ခွေးများကို ပြန်ခေါ်လေ၏။

သို့ရာတွင် မျက်စိနှင့်မြင်ရသော အမဲကို လွှတ်ပစ်ထားခဲ့ဟန် ခဲယဉ်းရကား ခွေးအချို့သည် မြင်းများနောက်သို့ လိုက်ပါသွားကြလေသဖြင့် လိမ္မာသောခွေးများသာလျှင် နယ်စားထံပြန်လာကြလေ၏။

ကျောက်ဆောင်၏ နံဘေးတွင် ပုန်းအောင်းရင်း အတန်ငယ် အမောဖြေကြပြီးနောက် ကျွန်ုပ်တို့သည် ရေသံကြားရာအရပ်သို့ ဆက်လက်ပြေးသွားကြပြန်လေ၏။

ရေထဲသို့ဆင်းမိလျှင် ခွေးများသည် ကျွန်ုပ်တို့၏ ခြေရာကို အနံ့ခံနိုင်ရန် မရှိသောကြောင့် တစ်နည်းနည်းနှင့် ပုန်းအောင်းနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိကြ၏။

သို့ရာတွင် ချောင်းသည် အတော်ကွာလှမ်းသေး၍ ကျွန်ုပ်၏ ပေါင်များမှာ မြင်းစီးထားသည့်အတွက်ကြောင့် ကွနေသဖြင့် လျင်မြန်စွာ ပြေးသွားခြင်းငှာ မတတ်နိုင်ရကား ခွေးများ မမှီလာမီ ချောင်းသို့ရောက်နှင့်ရန် ကျွန်ုပ်အဖို့ မျှော်လင့်ချက်မရှိတော့ချေ။

သို့ဖြစ်၍ မောင်စောနိုင်ကား ...

'ကိုင်း၊ ငါ့တူသာ လွတ်အောင်ပြေးပေတော့၊ ဦးလေးတော့ ကြီးလဲကြီးပါပြီ။ သေပျော်လောက်ပါပြီ၊ ဦးလေး ချန်နေရစ်ပြီး ခွေးတွေကို တစ်ခဏလောက်ဖြစ်စေ တားဆီးနိုင်ကောင်းပါရဲ့၊ ဒီအတောအတွင်း ငါ့တူသာ လွတ်အောင်ပြေးပေတော့' ဟု ပြောရလေ၏။

ကျွန်ုပ်အဖို့ ကံဆိုးမှာ မြင်းပေါ်မှဆင်း၍ ပြေးကြစဉ် လယ်ယာဘက်ခြေထောက်သည် ကျောက်ခဲတစ်လုံးကို အားကုန်တိုက်မိသဖြင့် ဆတ်ဆတ်ခါနာကျင်၍ ခြေထော့နဲ့ ပြေးနေရလေ၏။

'မဟုတ်တာ ဦးလေးကလဲ၊ လာသာလာပါ၊ သေအတူ၊ ရှင်အတူပေါ့' ဟု ပြော၍ ကျွန်ုပ်၏ လက်ဝဲဘက်ချိုင်းကို တွဲမလျက် နှစ်ယောက်သား အတူတကွ ပြေးကြရလေ၏။

ကျွန်ုပ်တို့သည် ချောင်းသို့နီးလာ၍ လရောင်တွင် ရေကို မြင်ကြရလေ၏။

သို့ရာတွင် ခွေးများသည် ကျွန်ုပ်တို့နောက်မှ ကပ်လျက်နေပြီးသော ကြောင့် ၎င်းတို့၏ ခြေသံများနှင့် နယ်စား၏ မြင်းခွာသံများသည် နားထဲသို့ လုံးဝင်နေကြလေပြီ။

ကုန်းမြင့်ကလေးတစ်ခု၏ ထိပ်ပိုင်း၌ရှိသော ကျောက်ဆောင်များသို့ ရောက်ကြသောအခါ မောင်စောနိုင်သည် ရုတ်တရက် တန့်၍ 'မလွတ်နိုင်တော့ဘူး ဦးလေး၊ အလားကားပဲ၊ မောပြီး အားသာကုန်နေကြတော့မယ်၊ ဒီနေရာကပဲ ရပ်ပြီး ခုခံကြစို့ရဲ့' ဟု ပြောလေ၏။

ကျွန်ုပ်တို့သည် ကျောက်ဆောင်ကိုကျောခိုင်းကာ ခွေးများဘက်သို့ လှည့်ကြည့်လိုက်ရာ ကိုက်ငါးဆယ်ခန့်၌ ခွေးများသည် တဖုတ်ဖုတ်နှင့် ပြေးလာလျက် ရှိကြ၏။

ကံကောင်းသည်ဟု ဆိုလောက်သော အခြင်းအရာတစ်ခုသည်ကား ခွေးများမှာ သုံးကောင်တည်းသာလျှင် ကျန်ရှိတော့၏။

အချို့မှာ ခြေကုန်၍ ကျန်နေရစ်ခဲ့သည်ဖြစ်စေ၊ အချို့မှာ မြင်းများ နောက်သို့ လိုက်သွားကြသည်ဖြစ်စေ ရှိနေဟန်တူ၏။ သို့ဖြစ်၍ ခွေးသုံးကောင်နှင့် နယ်စား၏ ရန်မှုလောက်သာ ဖြိုဖျက်ရန်ရှိတော့၏။

သို့ရာတွင် ခွေးကြီးများသည် ခြသေ့်ပမာဏ ရှိကြသည့်ပြင် အခက်ထန်ဆုံးသော ခေါင်းဆောင်ခွေးကြီး 'ဂုတ်ကျား' ကိုယ်တိုင် ပါလာသော ကြောင့် ခုခံရေးအလုပ်မှာ ပေါ့လျော့စွာ သဘောထားနိုင်ကြသည် မဟုတ်ချေ။

'ဦးလေးက ခွေးတွေကို တွယ်ပေတော့၊ ကျွန်တော်က နယ်စားကောင်ကို တွယ်မယ်' ဟု ပြောလျက် မောင်စောနိုင်သည် လက်နှစ်ဘက်ဖြင့် သဲများကို ပွတ်၍ လက်ယာလက်တွင် လှံတို၊ လက်ဝဲဘက်တွင် ဓားမြှောင်တို့ကို ဆုပ်ကိုင်ထားရာ ကျွန်ုပ်လည်း အလားတူစွာ ပြင်ဆင်ထားလေ၏။

ခွေးကြီးများသည် ကျွန်ုပ်တို့ကို မြင်ပြီးသောကြောင့် ကြောက်မက်ဖွယ် နက်ကျယ်စွာသော အသံကြီးများဖြင့် မြည်ဟိန်းကာ ဆိုက်ဆိုက်မြိုက်မြိုက် ပြေးဝင်လာကြလေ၏။

သုံးကောင်အနက် အငယ်ဆုံးသောခွေးသည် အခြားခွေးများထက် လျင်မြန်ဖျတ်လတ်ဟန် လက္ခဏာနှင့် ရှေ့ဆုံးမှ ပြေးဝင်လာ၍ တစ်ခုန်နှစ်ခုန် ခြေလှမ်းပြင်၍ခုန်ပြီး ကျွန်ုပ်၏ လည်မျိုသို့ တည့်တည့်မတ်မတ် ဆွဲဟပ်လိုက်လေ၏။

ကျွန်ုပ်သည် ခွေးခုန်သည်နှင့် တစ်ပြိုင်နက် ခွေးနှင့်အတူ ခုန်မိခုန်ရာ ခုန်လိုက်ရာ လှံတိုနှင့် ထောက်ခံလိုက်ရာ ကျွန်ုပ် ခုန်သောအရှိန်၊ ခွေး ခုန်လိုက်သော အရှိန်တို့သည် နှစ်ခုပေါင်းစပ်သကဲ့သို့ ဖြစ်သွားရာ ကျွန်ုပ် လှံသွားသည် ခွေး၏ လက်နှစ်ဘက်အကြားရှိ ရင်အုပ်ဆီသို့ လှုလှုကြီး စူးဝင်သွားလေ၏။

ကျွန်ုပ်မှာ ခွေး၏ ကိုယ်လုံးအရှိန်ကြောင့် မြေပေါ် ပက်လက်လန်ကျသွား၍ လူးလဲကာ ထကြည့်လိုက်သောအခါ ခွေးသည် ရင်အုပ်၌ စူးဝင်လျက်ရှိသောလှံ၏အရိုးကို ဒေါသတကြီးနှင့် ကိုက်ခဲရာ မြေပေါ်တွင် လူးလိမ့်လျက် ရှိလေ၏။ အခြားသောခွေးနှစ်ကောင်သည် မောင်စောနိုင်ကို ဝိုင်း၍ တွယ်ကြ၏။

သို့ရာတွင် ချက်ကောင်းကို မခဲမိသဖြင့် တလည်လည်နှင့် ရှိကြစဉ် တစ်ကောင်သောခွေးသည် မောင်စောနိုင်၏ အင်္ကျီလက်မောင်းကို တစ်ခါတည်း စုတ်ပြတ်သွားအောင် ဆွဲဆောင့် ယမ်းခါလိုက်၏။

သာမည ဗလမျိုးဖြစ်လျှင် အကျီလက်နှင့်အတူ ပါသွားချေမည်ဖြစ်ရာ မောင်စောနိုင်မှာမူ အကျီသာ စုတ်၍ လူအဖို့မှာ ယိမ်းယိုင်ခြင်းမျှ မရှိချေ။

မောင်စောနိုင်သည် မှန်းသွားဟန် လက္ခဏာနှင့် ၎င်းခွေးကို လှံတိုဖြင့် ပစ်ထိုးလိုက်ရာ ခွေးက ခုန်လိုက်သဖြင့် လှံတိုသည် ခွေးဗိုက်အောက်ရှိ မြေကြီးတွင် စိုက်လျက်နေလေသည်။

ထိုအခါ ခွေးနှစ်ကောင်တို့မှာ လှံတန်းလန်းနှင့်အသက်ငင်လျက်ရှိသော မိမိတို့၏ အဖော်ကို မြင်သဖြင့် ထင်သလောက် မလွယ်ကူဟု စဉ်းစားမိဟန် လက္ခဏာနှင့် အရမ်းမဝင်တော့ဘဲ တစ်ဟိန်းတည်း ဟိန်းကာ ချက်ကောင်းကို ရှာလျက်ရှိကြ၏။

ကျွန်ုပ်တို့မှာမူ လှံတိုများ မရှိကြတော့ဘဲ ဓားမြှောင်မျှသာ ရှိကြတော့၏။

ထိုအခိုက် နယ်စားသည် အနီးသို့ရောက်လာ၍ မြင်းပေါ်မှ ထိုင်လျက် ကျွန်ုပ်တို့ ဒုက္ခကို မြိန်ရှက်သော မျက်နှာထားမျိုးနှင့် အရသာခံကာ ကြည့်နေလေ၏။

နောက်တခဏ၌ ‘သူသေသေ ငါသေသေ၊ အဆုံးတိုင်သွားမည်’ ဟူသော အဓိပ္ပါယ်မျိုးနှင့် မြင်းပေါ်မှ ခုန်ဆင်း၍ ဓားကိုချွတ်ကာ ကျွန်ုပ်ရှိရာသို့ ညွှန်ပြရင်း ရှူးတိုက်ပေးပြီးနောက် မောင်စောနိုင်ဆီသို့ တည့်တည့်ကြီး ဝင်သွားစေလေ၏။

ခွေးများသည် ‘ရှူးတိုက်’ ခံရသော ကျွန်ုပ်ထံသို့ အပြေးအလွှား ဝင်လာကြရာ ကျွန်ုပ်၏ ဓားမြှောင်သည် တစ်ကောင်သောခွေး၏ ဝမ်းဗိုက်သို့ အရင်းခိုက်အောင် စိုက်ဝင်သွားလေ၏။

‘ဂုတ်ကျား’ ခေါ် ကြွင်းကျန်သော ခွေးကြီးသည် ကျွန်ုပ်၏ လက်ယာ လက်မောင်းကို တံထောင်ဆစ်အောက်မှ ခဲမိသွားလေရကား အရိုးများ ကွဲကြေ ကုန်မတတ် တဆတ်ဆတ် ကိုက်ဝါးယမ်းခါလျက် ရှိလေ၏။

ကျွန်ုပ်မှာ ပြင်းပြစွာ နာကျင်လှသော ဝေဒနာကြောင့် လက်မှစားမြှောင် လွတ်ကျသွားသည်ဖြစ်၍ ခွေး၏ဝမ်းဗိုက်ကို ခြေထောက်ဖြင့်သာ တစ်ချက်ကြုံး ၍ ကန်ရလေတော့၏။

ယင်းသို့ရှိစဉ် ကျွန်ုပ်သည် မြေပေါ်သို့ ဒူးထောက်လျက် ကျသွား၍ လက်ဝဲလက်သည် မြေပေါ်သို့ ထောက်လိုက်သည်တွင် လိမ္မော်သီးခန့် အရွယ် ရှိသော ကျောက်တုံးတစ်တုံးကို စမ်းမိသည်နှင့် ကောက်ယူပြီးလျှင် ခွေးကြီး၏ ဦးခေါင်းကို တစ်ချက်ပြီးတစ်ချက် ဆင့်၍ဆင့်၍ ထုလေ၏။

သို့ရာတွင် ခွေးကြီးသည် ကျွန်ုပ်၏လက်ကို မလွှတ်ဘဲ ခိုင်မြဲစွာ ခဲထား၍ သဲသဲမဲမဲ ဆွဲဆောင့်ယမ်းခါလျက်ရှိလေ၏။

လက်ကို မလွှတ်သည်မှာ ကျွန်ုပ်အဖို့ ကံကောင်းသည်ဟု ဆိုရပေမည်။ အကြောင်းမူကား လက်ကို လွှတ်သွားခဲ့လျှင် နောက်တစ်ချက်တွင် လည်မျိုကို ချိန်၍ခဲတော့မည် ဖြစ်ပေသောကြောင့်တည်း။

ကျွန်ုပ်နှင့် ခွေးကြီးသည် သူတစ်ပြန် ငါတစ်လှည့် အထက်ရောက်ချည် အောက်ရောက်ချည်ဖြင့် လုံးထွေးရစ်ပတ် ဖြစ်နေကြစဉ် ကျွန်ုပ်က အပေါ်က ရောက်နေသည့်အလှည့်၌ မောင်စောနိုင်တို့ဘက်သို့ မျက်နှာမူလျက် ရှိသော ကြောင့် လှမ်းကြည့်လိုက်သည်တွင် ၎င်းနှင့် နယ်စားတို့သည်လည်း မြေကြီး ပေါ်၌ ကျွန်ုပ်တို့နည်းတူ အထက်နှင့်အောက် အပြန်အလှန် ကျရောက်လျက် ထွေးလုံးလူးလိမ့်ကာ သတ်ပုတ်လျက်ရှိကြသည်ကို ရိပ်ခနဲမြင်လိုက်ရ၏။

နောက်တစ်ကြိမ် အဆင်သင့်ပြန်၍ လှည့်ကြည့်လိုက်သော အခါတွင်မူကား နယ်စားသည် ကျောက်တုံးကြီးတစ်တုံးကို မိုထိုင်ကာ ကျွန်ုပ်အား ကြည့် နေသည်ကို မြင်လိုက်ရသောကြောင့် မောင်စောနိုင်ကို သေအောင်သတ်ပြီးပြီဟု မှတ်ထင်မိလေ၏။

ယင်းသို့ စိတ်အားလျော့ဖွယ် အခြင်းအရာမျိုးဖြစ်လျက်ရှိစဉ် တစ်စုံ တစ်ယောက်သောသူသည် တစ်ဟုန်တည်းပြေးဝင်လာ၍ ကျွန်ုပ်၏ လက်မောင်း ကို ခဲထားသောခွေးကြီးသည် ရုတ်တရက် မြေမှမြောက်တက်သွားလျက်

ပါးစပ်ကြီးပြဲကာ လျှာထွက်လာသည်တွင် ကျွန်ုပ်၏ လက်မောင်းသည် ခွေး၏ ပါးစပ်မှ ကျွတ်ထွက်၍ ကြိုးဖြတ်ချလိုက်သော အရုပ်၏လက်သို့ တွဲလောင်းကျ သွားလေ၏။

နောက်တစ်ခဏ၌ ခွေးကြီးသည် လေထဲ၌ ရဟတ်သဖွယ် ချာလပတ် လည်လျက်ရှိရာမှ ပြင်းထန်လှစွာသောအဟုန်ဖြင့် ကျောက်တုံးကြီးတစ်တုံးသို့ ဦးခေါင်းနှင့် တရကြမ်း ရိုက်လိုက်သဖြင့် 'ခွပ်' ခနဲမြည်ကာ ဦးခွံကွဲပြီးလျှင် ဦးနှောက်များ ထွက်လာလေ၏။

စင်စစ်သော်ကား မောင်စောနိုင်သည် ခွေးကြီးကို နောက်ခြေနှစ်ချောင်း မှ ကိုင်ဖမ်းယမ်းမြှောက်ပြီးလျှင် အရှိန်ရလောက်သောအခါမှ ကျောက်တုံးသို့ တအားလွှဲ၍ ကိုင်ရိုက်လိုက်ခြင်း ဖြစ်သည်။

'တော်ပါသေး ဦးလေးရယ်၊ ဒီလောက်နဲ့ပြီးသွားတာ ကျွန်တော်တို့ သိပ်ကံကောင်းသေးတာပဲ၊ ဒါထက် ဇာမနိရဲ့ဗေဒင် မှန်နေပြီ ဦးလေးရေ၊ သို့သော် သေချာအောင် သွားကြည့်လိုက်ကြဦးစို့'

ကျွန်ုပ်တို့သည် ကျောက်တုံးကိုမှီလျက်ထိုင်နေသော နယ်စားအနီးသို့ ချဉ်းကပ်ကြည့်ရှုရာ နယ်စားမှာ မျက်လုံးလေးပုတ်ခတ်နှင့် မလှုပ်ရှားနိုင် တော့ဘဲ ပျော့အိအိ ထိုင်နေသည်ကို တွေ့မြင်ရလေ၏။

ကျွန်ုပ်တို့ကို မြင်သောအခါ ရှုးသွပ်သောမျက်လုံးမျိုး အလျဉ်းမရှိတော့ ဘဲ မကျန်းမာသော ကလေးသူငယ်၏ ကြည့်ခြင်းမျိုးဖြင့် သနားစဖွယ် မော့ကြည့်လျက် ...

'သတ္တိလဲကောင်း၊ ဖွဲ့လဲကောင်း၊ အားလုံးကောင်းတဲ့ လူတွေပဲ၊ တော်ကြပေဗျာ၊ တော်ကြပေ၊ ကျုပ်ခါးကို ခင်ဗျား ချိုးနိုင်ပေမယ့် ဘဒ္ဒကုမာရီရဲ့ မာန်ကို ချိုးနိုင်ပါ့မလားလို့ ကြည့်ရစ်ကြဦးတော့လေ၊ ကြည့်ရစ်ကြ၊ ကြည့်ရစ် ကြ' ဟု ပြောပြောဆိုဆိုနှင့် ပါးစပ်ဟ၍ အသက်ထွက်သွားရှာလေတော့၏။

လေ၅၈

## စေတမန်

'ဘယ်ပုံ စီရင်လိုက်သလဲ မောင်စောနိုင်'

'သူက ဓားရှည်ကြီးကိုင်ပြီး ကျွန်တော့်ရင်ဝကို ထိုးမလို့ ဝင်လာတော့ ကျွန်တော်က ငုံ့တဲ့ ရှောင်လိုက်ပြီး အတင်းဝင်ပူး၊ သူက ဒါပေမယ့် အာဂဗလ ဦးလေးရဲ့၊ တော်တော့လူလောက်တော့ ကိုင်ပေါက်လိုက်နိုင်တယ်၊ ဒါနဲ့ မြေပေါ်မှာနှစ်ယောက် လိမ့်လိမ့်ပြီး သူလိုလို ငါလိုလို ဖြစ်နေလိုက်သေးတယ်၊ နောက်ဆုံးကျတော့ ဘာမှမပြောနဲ့တော့ ခါးကနေကိုင်တဲ့ပြီး ပခုံးပေါ် ရောက်အောင် မြှောက်တဲ့ထမ်းပြီး ကျောက်တုံးပေါ် ကိုင်ပေါက်လိုက်တာပါပဲ ဦးလေးရယ်၊ ခါးကျိုးပြီး သေရှာဟန် တူပါရဲ့'

မောင်စောနိုင်သည် ခွေးကိုက်ဖြတ်ထားသော အင်္ကျီလက်မောင်းပြတ်ကို ယူ၍ ကျွန်ပ်၏ လက်မောင်း၌ ခွေးကိုက်ထားသော ဒဏ်ရာကို ကျပ်စည်းပေးပြီး နောက် နယ်စား၏မြင်းကိုဖမ်း၍ ကျွန်ပ်ကို မြင်းပေါ်သို့တင်ပြီးလျှင် စမ်းချောင်းသို့ သွားကြလေ၏။

ရောက်လတ်သော် ကျွန်ပ်၏ တစ်သက်တွင် ဤမျှလောက် အရသာ ရှိသောရေကို တစ်ခါမျှ မသောက်ဖူးဘူးဟူ၍ မှတ်ထင်ရလောက်အောင် အားရပါးရသောက်ကြလေ၏။

ငင်းနောက် ကျွန်ပ်၏ ဒဏ်ရာကိုရေဆေး၍ တစ်ဖန်ထပ်မံ ကျပ်စည်း ရပြန်လေသည်။ ချောင်း၏အလယ်တွင် ကျွန်းကလေးတစ်ကျွန်းရှိရာ မောင်စော

နိုင်သည် မြင်းဇက်ကိုဆွဲလျက် ရှေ့မှဖြတ်ကူး၍ ကျွန်ုပ်မှာ သေလုမတတ်အောင် နာကျင်သောဒဏ်ကြောင့် ရှုံ့မဲ့ကာ မြင်းပေါ်၌ ထိုင်လိုက်ရလေ၏။

ထိုအချိန်၌ကား အတော်ညဉ့်နက်ပြီဖြစ်၍ ကျွန်ုပ်တို့သည် နောက်ဆုံး ကြွင်းကျန်သေးသော မုန့်ခြောက် အနည်းငယ်ကို မျိုချပြီးလျှင် ဦးခေါင်းနှင့် မြေကြီးထိမိသည်နှင့်တစ်ပြိုင်နက် အိပ်ပျော်ခြင်းသို့ ဆိုက်ရောက်ကြလေ၏။

ထိုညဉ့်၌ မောင်စောနိုင် ကြုံတွေ့ရသည့်အဖြစ်အပျက်ကို နောက် တစ်နေ့တွင် ကျွန်ုပ်တို့အား ပြန်ပြောင်း ပြောပြသဖြင့် အောက်ပါအတိုင်း သိရှိလေ၏။

မောင်စောနိုင်သည် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသဖြင့် နားစိုက်ထောင် မိရာ ခွေးသံများကြားရသည် ထင်မှတ်၍ ငေါက်ခနဲထထိုင်၏။

စင်စစ်ကား မြင်းများနောက်သို့လိုက်သွားကြသော ခွေးများသည် ဖမ်းမိ စားသောက်ပြီးသည့် လက္ခဏာနှင့် ပြန်လာကြပြီးနောက် ကျွန်ုပ်တို့၏ခြေရာကို အနံ့ခံလိုက်လာကြ၍ ချောင်းကမ်းသို့ ဆိုက်ရောက်နေကြလေပြီ။

၎င်းတို့သည် ချောင်းကမ်းပါးတွင် ခြေရာပျောက်သွားသဖြင့် တွေဝေ လျက်ရှိကြစဉ် တစ်ကောင်သောခွေးသည် ရုတ်တရက် ကျွန်ုပ်တို့ဘက်မှ တိုက် ခတ်သောလေကို အနံ့ခံမိဟန် လက္ခဏာနှင့် ဦးခေါင်းမော့ကာ အူလိုက်ပြီး နောက် ရေထဲသို့ဆင်းကူးလေရာ အခြားခွေးများလည်း နောက်မှ ပြေးဆင်းလိုက် လာကြလေ၏။

မောင်စောနိုင်မှာ ဇကန်မုချ သေရချေတော့မည်ဟု မှတ်ယူမိသော်လည်း ကျွန်ုပ်အားနှိုး၍ ပြောပြဦးမည်ဟု လက်ကိုင်ပြင်လိုက်စဉ်တွင် ကျွန်ုပ်တို့၏ရှေ့မှ ရေစပ်နားတွင် ဝတ်လုံအင်္ကျီရှည်ကြီးကို ဝတ်ထားသည့် မိန်းမတစ်ယောက်၏ ပုံသဏ္ဌာန် ရုတ်တရက်ပေါ်လာ၍ ၎င်း၏လက်၌ကိုင်ထားသည့် နှင်တံ တစ်ချောင်းကို မြှောက်ကာ ယမ်းပြလေ၏။

ခွေးများသည် ထိုမိန်းမ၏ ပုံသဏ္ဌာန်ကိုမြင်သည်နှင့် တစ်ပြိုင်နက် အမဲလိုက်ခွေးတို့၏ ဟိန်းဟောက်လိုက်သော မြည်သံမျိုးမှ ကျာပွတ်နှင့်

ရိုက်သဖြင့် နာကျင်လာသောကြောင့် တဂိန်ဂိန်မြည်သောအသံမျိုးသို့ ပြောင်းလဲ အော်ကြပြီးလျှင် အမြီးများကုပ်ကာ ချာခနဲလှည့်၍ ထွက်ပြေးကြလေ၏။

၎င်းနောက် မိန်းမ၏ သဏ္ဌာန်သည် ရုတ်ချည်းပင် ကွယ်ပျောက်သွား လေရာ မောင်စောနိုင်လည်း အကြောင်းထူးတော့မည်မထင်သဖြင့် ကျွန်ုပ်အား မနှိုးတော့ဘဲ ပြန်အိပ်လိုက်လေ၏။

နံနက်လင်းသောအခါ မောင်စောနိုင်သည် အိပ်မက်ဖြစ်လေသလောဟု သင်္ကာမကင်းသည်နှင့် ခြေရာများကို ရှာဖွေရာ ခွေးများ၏ခြေရာတို့ကို တွေ့မြင်ရသော်လည်း မိန်းမ၏ခြေရာကို မူကား မတွေ့ရချေ။

ကျွန်ုပ်တို့သည် ဆက်လက်ခရီးသွားရမည့်ကိစ္စကို တိုင်ပင်လျက်ရှိကြ စဉ် ချောင်းကမ်းပါးဆီမှ လူသံကြားရပြီးနောက် ဘဒ္ဒကုမာရီနှင့် ဇာမနိတို့ မြင်းကိုယ်စီနှင့် ရပ်လျက်ရှိသည်ကို တွေ့မြင်ကြရလေ၏။

၎င်းတို့ကို မြင်သည်နှင့် တစ်ပြိုင်နက် မောင်စောနိုင်သည် လုံ တစ်ချောင်းကို ကောက်၍ ကိုင်ထားလေ၏။

ရီ။ ။ (အလွန်ချိုသာလှသော အသံမျိုးနှင့်) 'လက်နက်တွေ ဘာတွေကိုင်လို့၊ ဘာလုပ်ဖို့လဲ သခင်လေး၊ ကျွန်ုပ်တို့ လာခြင်းက အတင်းအဓမ္မ ဖမ်းဖို့ဆီးဖို့ မဟုတ်၊ သာယာ ညင်းပျောင်းနဲ့ ကြည်ကြည်ဖြူဖြူ ပင့်ဖိတ်ဖို့လာခြင်း ဖြစ်ပါတယ်၊ လိုက်လိုလဲလိုက်၊ မလိုက်လိုလဲ သခင်ကလေး တို့ သဘောပေါ့၊ ကြမ်းကြမ်း တမ်းတမ်း ခုခံနေဖို့မလိုပါဘူး၊ စိတ်ချပါ'

နိုင်။ ။ 'ကျွန်ုပ်တို့ ဘယ်နည်းနဲ့မှ မလိုက်ဘူး'

ရီ ။ ။ 'မလိုက်လို့ ဘယ်သွားကြမှာလဲ'

နိုင်။ ။ 'တောင်ပေါ်ကို သွားကြမယ်'

ရီ။ ။ 'ဩော် ဒုက္ခ ဒုက္ခ၊ ဖြစ်ရပလေနော်၊ အရွယ်ကောင်း၊ အဆင်းလှ၊ ဘုရင်မလောက် ဘုန်းကြီးပြီး အပျိုစင်စစ်ဖြစ်တဲ့ မိန်းမတစ်ယောက်က ခယဝယနဲ့ ရှိခိုးဦးတင် ချစ်ခင်လှ ပါတယ်လို့ အတန်တန်

အသနားခံတာကိုတော့ မရ၊ ဘယ်နှစ်ခုနှစ်က မွေးလို့ သက္ကရာဇ်ချိုင့်နေမှန်း မသိရတဲ့ အဆွေးအမွကြီးကိုတော့ လေသံကြားရုံနဲ့ တမ်းတမ်းစွဲ ဖြစ်ရသတဲ့ သခင်ကလေးရယ်၊ စိတ်ကူးနှင့်လွဲပါဘိ၊ လာပါ အစ်ကိုကြီးရယ် ပြန်ပါ့မယ်၊ အပင်ပန်းမခံချင်ပါနဲ့ လာပါ'

နိုင်။ ။'နှစ်ပေါင်းနှစ်ဆယ်ကျော် အားခဲပြီး လိုက်ရှာလာခဲ့လို့ ဒီနေရာရောက်တော့မှ လှည့်ပြန်ရမယ်ဆိုလို့ ကောင်းနိုင်ပါရိုးလား၊ မင်းကတော်၊ သည်းခံပါ၊ ကျွန်ုပ်ကို မတားပါနဲ့၊ လေကုန်ရုံပဲ ရှိလိမ့်မယ်'

သို့ပါသော်လည်း ဘဒ္ဒကုမာရီသည် မိန်းမတို့ပရိယာယ် မာယာ အမျိုးမျိုးတို့ဖြင့် ဖြားယောင်း သွေးဆောင်ရန် ကြိုးစားသေး၏။ အချည်းနှီးပင်။

နောက်ဆုံး၌ ဘဒ္ဒကုမာရီသည် အကြီးအကျယ် သန္နိဋ္ဌာန်ချလိုက်သော မျက်နှာမျိုးဖြင့် ...

ရီ။ ။'ကိုင်း ရှိပေစေ၊ သခင်ကလေးတို့သွားနှင့်ကြ၊ ကျွန်ုပ်လဲ နောက်က လိုက်ခဲ့မယ်၊ ဟိုရောက်တော့ တောင်ပေါ်သခင်မ ဆိုတဲ့သတ္တဝါနဲ့ ဘဒ္ဒကုမာရီဆိုတဲ့သတ္တဝါနဲ့ ဘယ်သူက အစွမ်းသာသလဲလို့ နောက်ဆုံးအကြိမ် ပြိုင်ကြစို့၊ နိုင်တဲ့သူက သခင်လေးကို ယူတမ်းထားလိုက်တော့၊ ကိုင်း၊ သွားနှင့်ကြ ပေတော့'

၎င်းနောက် ဘဒ္ဒကုမရီသည် မြင်းဇက်ကို ချာခနဲဆွဲလှည့်၍ ပြန်လမ်းသို့ လိုက်သွားရာ ဓာမနိလည်း နောက်မှလိုက်ပါသွားလေတော့၏။

ကျွန်ုပ်တို့သည် မီးတောင်စခန်းသို့ ဆက်လက်ခရီးသွားရန် ပြင်ဆင်ကြလေရာ ကျွန်ုပ်မှာ ဒဏ်ရာအတွက်ကြောင့် လမ်းမလျှောက်နိုင်သဖြင့် နယ်စား၏ မြင်းနက်ကြီးမှာ စီးလျက် မောင်စောနိုင်က ရှေ့မှဆွဲကာ ထွက်သွားကြလေ၏။

လမ်းခရီးမှာ ပထမ၌ ရွှံ့ခဲများထူထပ်ကာ ဒေသတစ်လျှောက် ဖြတ်သန်းသွားလာရ၍ တဖြည်းဖြည်း မြင့်သည်ထက်မြင့်၊ ခြောက်သွေ့သည်ထက် ခြောက်သွေ့လာပြီးလျှင် တောင်ခြေသို့ရောက်ခါနီးတွင် အလွန်ကျယ်ပြန့်သော လွင်ပြင်ကြီးတစ်ခုသို့ ဆိုက်ရောက်ကြလေ၏။

မြင်းပေါ်မှမျှော်ကြည့်လိုက်သောအခါ ကျွန်ုပ်သည် ခပ်လှမ်းလှမ်း၌ ဖွေးဖွေးဖြူသော အရာဝတ္ထုများ ပြန့်ကျဲလျက်ရှိသည်ကို နေရောင်၌မြင်ရသဖြင့် အံ့သြမိ၏။

အနီးသို့ရောက်သောအခါ ဖွေးဖွေးဖြူသော အရာဝတ္ထုများသည် လူ၏ ဦးခေါင်းခွံများ၊ ခြေရိုးများ၊ လက်ရိုးများ၊ ကျောရိုးများဖြစ်နေသည်ကို တွေ့မြင်ရသည့်ပြင် ခန့်မှန်းခြေအားဖြင့် သုံးသိန်းထက်မနည်း ရှိသောကြောင့် ကြက်သီးမွေးညင်း ထမိ၏။

မြင်းသည်လည်း လူရိုးမှန်းသိသည်လည်းဖြစ်၍ တဖျပ်ဖျပ် လန့်နေသောကြောင့် မောင်စောနိုင်မှာ မကျရအောင် ဇက်ကို တိုတိုချုပ်ကိုင်၍ထားရ၏။

လူရိုးများမှာ အခြားမဟုတ်၊ လွန်ခဲ့သော နှစ်ပေါင်းရာကျော်က တောင်ပေါ်သားများနှင့် လွင်ပြင်သားများ တွေ့ဆုံတိုက်ခိုက်ဖူးကြသည့် စစ်မြေပြင် ဖြစ်သည့်အလျောက် နှစ်ဘက်မှကျဆုံးသော စစ်သားများ၏အရိုးများဖြစ်ကြောင်း နောင်အခါ၌ ကျွန်ုပ်တို့ သိရှိရလေသည်။

(လူရိုးများမှာ မြေကြီးထဲတွင်မြှုပ်ထားသည့်အခါ ဆွေးမြေ့လွယ်သော်လည်း နေပူထဲတွင် လေသလပ်ခံရသောကြောင့် ဆွေးမြည့်သည့် အရိပ်နိမိတ် မမြင်ရသေးသည့်ပြင် နောင်ကိုလည်း နှစ်ပေါင်းများစွာ တည်နေနိုင်ဦးမည့် လက္ခဏာ ရှိ၏။)

တစ်နေရာသို့ရောက်ကြသောအခါ အရိုးများသည် ပြန့်ကျဲ၍ မနေဘဲ နှစ်ထပ်အိမ်တစ်လုံးမျှ မြင့်သည့်တိုင်အောင် စုပုံနေသည်ကို တွေ့မြင်ရသဖြင့် မည်သည့်အဓိပ္ပါယ်လေနည်းဟု စဉ်းစားရင်း မော့ကြည့်လာကြလေ၏။

အနီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် အရိုးစုတစ်ခုသည် အရိုးပုံထိပ်မှ ရုတ်တရက် ထထောင်လိုက်ဘိသကဲ့သို့ တွေ့မြင်ရသည်နှင့် ကျွန်ုပ်တို့မှာ အံ့အားကြီး သင့်သွားကြရာ မြင်းသည်လည်း အလွန်အမင်း ထိတ်လန့်သွားသည်နှင့် ပတတ်ရပ်လိုက်သဖြင့် ကျွန်ုပ်မှာ ပက်လက်လန်ကျတော့မတတ် ဖြစ်သွားသေး၏။

ကျွန်ုပ်တို့သည် အရိုးပုံပေါ်မှ ထောင်လျက်ဆင်းလာသောအရာကို စိုက်၍ကြည့်နေကြစဉ် ၎င်းမှာ စင်စစ်အားဖြင့် အရိုးစုမဟုတ်၊ ဦးခေါင်းမှ ခြေမျက်စိသို့တိုင်အောင် ဖုံးအုပ်သည့် အဝတ်ဖြူအရှည်ကြီးကို ဝတ်ထားသည့် မိန်းမတစ်ယောက်၏ ပုံသဏ္ဌာန်ဖြစ်ကြောင်း တွေ့မြင်ရလေ၏။

'မနေ့ညတုန်းက ကျွန်တော်မြင်လိုက်ရတာ ဒီအတိုင်းပဲ ဦးလေး'

'ဘယ်သူဘယ်ဝါလဲ မေးစမ်းပါဦးလား တူရယ်'

မောင်စောနိုင်သည် အနီးသို့ချဉ်းကပ်၍ မာဂဓဘာသာဖြင့် ...

'သင် မည်သူနည်း' ဟု မေးရာ ၎င်းက အဝတ်များ ပတ်စီးရစ်ထွေးလျက်ရှိသောလက်ဖြင့် လက်ယပ်ခေါ်လေ၏။

နှုတ်မှမူကား စကားလည်းမပြော၊ ပြောရန် ပါးစပ်မှာလည်း အဝတ်တွင်းသို့ ရောက်လျက်ရှိ၏။

ထိုအခါ မောင်စောနိုင်သည် မရေမရာရှိဟန်နှင့် လူစင်စစ်မှ ဟုတ်ပါလေ ၏ သိလိုသဖြင့် ရင်ဘတ်ကို စမ်းသပ်ထိတို့ကြည့်မည်အကြံနှင့် ရှေ့တိုး၍ ချဉ်းကပ်ပြန်၏။

သို့ရာတွင် ၎င်းက လက်တွင်ကိုင်ထားသော နှင်တံဖြင့် မောင်စောနိုင်၏ရင်ဘတ်ကို ဖြည်းညင်းစွာဖယ်ရှားသလို တွန်းလိုက်ရာ မောင်စောနိုင်မှာ ဖင်ထိုင်ရက် လဲကျသွားလေ၏။

(၎င်း၏ ဖြည်းညင်းစွာ ဖယ်ရှားခြင်းသည် အရှိန်ကိုထိုးလိုက်သလို အောင့်ခနဲဖြစ်သွားသည်ဟု မောင်စောနိုင်က နောက်အခါ၌ပြောပြ၏။)

ထို့နောက် ၎င်းသည် နှင်တံဖြင့် မီးတောင်ဆီသို့ ရှေးဦးစွာ ညွှန်ပြ၍ တစ်ဖန်ရှေ့၌ရှိသော တောင်တန်းကို ညွှန်ပြပြန်၏။ ထိုနောက် လက်ယပ်လျက် ခေါ်၏။

'ဘယ့်နှယ်လဲ ဦးလေး'

'မီးတောင်စခန်းကိုသွားဖို့ တောင်တန်းက ဖြတ်သွားရမယ်၊ သူ့နောက် လိုက်ခဲ့ဆိုတဲ့ အဓိပ္ပါယ်နဲ့ တူတယ်'

'ဟုတ်ဟန်တူရဲ့ ဦးလေး၊ ကိုင်း ဘာဖြစ်ဖြစ် သူ့နောက် လိုက်ကြစို့ ဦးလေးရယ်'

ကျွန်ုပ်တို့က လိုက်မည်ပြုလေလျှင် ၎င်းသည် ရှေ့မှ စိုက်စိုက်သွား လေ၏။

တစ်နာရီခန့် သွားမိလတ်သော် တောင်များကို တက်စပြုကြရလေ၏။ လမ်းသည် တောင်ကမ်းပါးယံတစ်လျှောက် တည်ရှိ၍ တောင်စောင်းများကို လည်း ရံဖန်ရံခါ ဖြတ်သွားကြသည်။

ထိုအတောအတွင်း၌ ၎င်းသည် နောက်သို့တစ်ခါမျှ လှည့်မကြည့်ဘဲ စိုက်စိုက် စိုက်စိုက်နှင့် တသမတ်တည်း သွားလေ၏။

နှစ်နာရီခန့်သွားကြပြန်သော် လင်းကွင်းသံ၊ မောင်းသံကဲ့သို့ ဆူညံစူးရှ သောအသံများကို ကြားရပြီးနောက် ဒူးလေး၊ မြား၊ လှံ၊ ဓား အစရှိသည့် လက်နက်အမျိုးကို စွဲကိုင်လျက်ရှိသည့် လူရိုင်းနှစ်ဆယ်ခန့်တို့သည် တစ်ခုသော တောင်ကြားမှ ရုတ်တရက်ထွက်လာ၍ ကျွန်ုပ်တို့အား ဝိုင်းလေတော့၏။

ကျွန်ုပ်တို့မှာ ကိစ္စချောပြီဟု အောက်မေ့လိုက်၏။ ၎င်းမှာ ရှေ့က တောင်ခေါင်းတစ်ခုထဲသို့ ဝင်သွားနှင့်ပြီဖြစ်သောကြောင့် ကျွန်ုပ်တို့ကို မြင်တော့ သည့် လက္ခဏာမရှိတော့ချေ။

လူရိုင်းများသည် မောင်စောနိုင်ကို ကိုင်မည်ပြုသူကပြု၊ မြင်းဇက်ကို ဆွဲသူကဆွဲ နေကြလေပြီ။

ထိုခဏ၌ လက်ခုပ်တီးသံကြားသဖြင့် လူရိုင်းများသည် အသံကြားရာ အရပ်သို့ လှည့်၍ကြည့်ရာ တောင်ခေါင်း၏အဝတွင်ရပ်လျက် နှင်တံကို မြှောက်ကိုင်ထားသော ၎င်းကို မြင်ကြသည်နှင့်တစ်ပြိုင်နက် မြေပေါ်တွင် ပြားပြားဝပ်ကာ အလျားမှောက်၍ အိပ်ကြလေကုန်၏။

ထိုအခြင်းအရာကို တွေ့ကြုံရသောအခါ ကျွန်ုပ်တို့မှာ ၎င်း၏ အစောင့်အရှောက် မပါဘဲ မီးတောင်စခန်းသို့ရောက်ရန် မဖြစ်နိုင်ကြောင်း သိရှိကြရ၏။

၎င်းမှာမူ ထိုအခါမှစ၍ ကျွန်ုပ်တို့အား ခပ်ဝေးဝေး ချန်မထားခဲ့ဘဲ မလှမ်းမကမ်းမှ လျှောက်သွားလေ၏။

မွန်းတည့်ချိန်နီးလတ်သော် ကျောက်တောင်ကြီး၏ အရိပ်တွင် စားဖွယ်သောက်ဖွယ်များ အသင့်ပြင်ဆင်ထားသည့် စခန်းတစ်ခုသို့ ဆိုက်ရောက်ကြ၍ လူရော မြင်းပါ ကောင်းမွန်မြိန်ယှက်စွာ စားသောက်ကြရလေ၏။

၎င်းနောက် ကျွန်ုပ်တို့သည် တရေးတမော အိပ်စက်ကြ၍ အိပ်ရာမှ နိုးလာသောအခါ လက်နက်များစွဲကိုင်သည့် အမှုထမ်းလေးယောက်နှင့် အကြီးအမှူးတစ်ယောက်သည် တောင်ပေါ်သခင်မထံမှ ဆိုက်ရောက်နှင့် နေကြသည်ကို တွေ့ရလေ၏။

ကျွန်ုပ်တို့ကို လမ်းပြခေါ်ဆောင်လာခဲ့သော ၎င်းမှာမူ စခန်းတွင် မရှိတော့ချေ။

ကျွန်ုပ်တို့က အကြီးအမှူးဖြစ်သူ ဥရိပေါ်အား ၎င်းအကြောင်းကို မေးမြန်းစုံစမ်းသည့်အခါ ဥရိပေါ်က ...

'၎င်း၏ အလုပ်ဝတ္တရားမှာ ကျွန်ုပ်တို့ကို ဤနေရာသို့ရောက်အောင် ခေါ်ဆောင်ရန်မျှသာဖြစ်သောကြောင့် ၎င်း ပြန်သွားနှင့်ပြီဖြစ်ကြောင်း၊ ဤနေရာမှစ၍ တောင်ပေါ်သခင်မထံသို့ရောက်အောင် ဥရိပေါ်နှင့် အမှုထမ်း လေးယောက်တို့က ခေါင်းဆောင်ရမည်ဖြစ်ကြောင်း' နှင့်ပြောပြလေ၏။

ဥရိပေါ်သည် ကျွန်ုပ်၏လက်မှ ခွေးကိုက်သောဒဏ်ရာကို ဆေးဝါးများ ထည့်၍ ကျပ်စည်းပြီးနောက် ထိုစခန်းမှ ကျွန်ုပ်တို့အား ခေါ်ဆောင်သွားပြန်ရာ လမ်းခရီး၌ ဂူစခန်းတွင် တစ်ည၊ တောင်ကလပ်စခန်းတွင် တစ်ည၊ တောင်ကမ်းပါးယံ စခန်းတွင် တစ်ည၊ စုစုပေါင်း သုံးညတိုင်တိုင် အိပ်ကြရသေး၏။

ထိုမျှလောက် အချိန်ကြန့်ကြာရခြင်းမှာ ခရီးကွာလှမ်းလှသောကြောင့် မဟုတ်။ လမ်းကြမ်းတမ်း၍ အတက်ခရီးများလှသောကြောင့်မျှသာ ဖြစ်လေသည်။

ကျွန်ုပ်တို့မှာ တောင်ပေါ်သခင်မနှင့် တွေ့လိုလှပြီဖြစ်ရာ စာဖတ်သူတို့မှာလည်း တောင်ပေါ်သခင်မနှင့် တွေ့ပုံအဖြစ်အပျက် အခြင်းအရာကို သိလိုလှမည်ဖြစ်သောကြောင့် လမ်းခရီး၌ အရိုင်းအစိုင်းများနှင့် တွေ့ဆုံမိရာတွင် ကြုံတွေ့ရသည့် ရင်တုန်လှုပ်ဖွယ် အခြင်းအရာများကို အကျယ်တဝင့် မဖော်ပြတော့ဘဲ ကျော်လွှား ချန်လှပ်ထားခဲ့ရပေတော့မည်။

စတုတ္ထနေ့ ညနေခင်းအချိန်တွင် ကျွန်ုပ်တို့လူစုသည် မိုးပွင့်များ ဆယ့်နှစ်ရာသီ တည်ရှိသည့်အရပ်မှ လျှောကျလာသော မြေပြင်ကြီးဖြင့် တောင်ကလပ်သဖွယ် ပြန့်ကျယ်သော မျက်နှာပြင်ရှိသည့်နေရာသို့ ဆိုက်ရောက်ကြရာ ၎င်းမြေပြင်ကြီးမှာ ဧကပေါင်း ထောင်သောင်းမက ကျယ်ဝန်း၍ မြေသြဇာ ထက်သန်ကောင်းမွန်သည့် လက္ခဏာရှိ၏။

ဤညီညာသော မြေမျက်နှာပြင်ကို အရပ်လေးမျက်နှာ၌ တောင်ကြီးများ ခြံရံလျက်ရှိရာ တောင်ပေါ်သခင်မ၏ တပည့်တပန်းများသည် ထိုနေရာတွင် ကောက်ပဲသီးနှံ အမျိုးမျိုး စိုက်ပျိုးထားသည်ကို တွေ့ရ၏။

ဤမျက်နှာပြင်သို့ တောင်ကြားလမ်းတစ်ခုတည်းမှ ဖြတ်သန်းဝင်ရောက်နိုင်သည်ဖြစ်ရာ ခေါဘဏီတပ်ပင် ဖြစ်စေကာမူလည်း တောင်ကြားလမ်းမှ လူတစ်ရာခန့်မျှတို့က တားဆီးခုခံနိုင်လောက်ပေ၏။

ကျွန်ုပ်တို့သည် ဥယျာဉ်နှင့်တူသော မြေပြင်တစ်လျှောက် ဖြတ်သန်းသွားလာပြီးနောက် မီးတောင်မှ လျှောကျသည့် ချော်မြုပ်တို့ဖြင့် ခင်းကျင်းထားသည့် လှပသောမြို့ကလေးတစ်မြို့သို့ ရောက်လာကြ၏။

၎င်းမြို့တွင်းသို့ တောင်ပေါ်သခင်မ၏ တပည့်တပန်းများမှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်မျှ ဝင်ရောက်ခွင့် မရချေ။

မြို့ကလေးအတွင်းမှ လမ်းမကြီးအတိုင်း လျှောက်ကာ ဖောက်ထွက်လာခဲ့ကြပြီးနောက် ကျောက်တုံးကြီး တစ်ခုအောက်တွင် အလွန်မြင့်မားသော သံတံခါးကြီးရှိရာသို့ ရောက်လာကြ၏။

ဤနေရာ၌ အမှုထမ်းလေးယောက်တို့သည် ကျွန်ုပ်တို့စီးလာသော မြင်းကို ဆွဲယူထွက်သွားကြလေရာ ကျွန်ုပ်တို့နှင့် ဥရိပေါ်သာလျှင် ကျန်ရစ်လေတော့၏။

ကျွန်ုပ်တို့ ချဉ်းကပ်သည်နှင့် တစ်ပြိုင်နက် သံတံခါးကြီးသည် တခြိမ့်ခြိမ့်မြည်ဟီးသောအသံဖြင့် ပွင့်လာ၍ ကျွန်ုပ်တို့သုံးယောက်သည် အတွင်းဘက်သို့ လှမ်းဝင်ကြလေ၏။

သံတံခါးကြီး ပွင့်ပုံနှင့် ကြီးကျယ်မြင့်မားပုံတို့ကို တွေ့မြင်ရသည့်အခါ ငယ်စဉ်က ဖတ်ခဲ့ဖူးသော ပုံပြင်ဝတ္ထုများကို စိတ်ထဲတွင် ပေါ်လာမိသေး၏။

အတွင်းသို့ ဝင်မိသည်နှင့် တစ်ပြိုင်နက် အောက်သို့ ဆင်းသက်သော လှေကားထစ်များကိုတွေ့၍ ၎င်းအတိုင်း ဆင်းသက်သောအခါတွင် ကျောက်တံခါးကြီးကိုတွေ့၍ ၎င်းတံခါးမှာလည်း အလိုအလျောက် ကဲ့သို့ပင် ပွင့်ပေးပြန်လေ၏။

ကျောက်တံခါးအတွင်းသို့ ဝင်မိကြသောအခါတွင်မူကား ကျွန်ုပ်တို့မှာ နောက်သို့ ယိမ်းယိုင်ကာ ဆုတ်ခွာလျက် မျက်လုံးများကို လက်ဖြင့်ပိတ်ထားကြရလေ၏။ အကြောင်းမူကား အလွန် ဝင်းထိန်လှသော အလင်းရောင်သည် ကျွန်ုပ်တို့၏ မျက်စိကို ရုတ်တရက် တိုးဝင်လာသောကြောင့်ပေတည်း။

စာဖတ်သူတို့ တွေ့မြင်ဖူးသည့် အကြီးဆုံးသော အဆောက်အအုံကြီးမှ အကျယ်ဝန်းဆုံးသော အခန်းကြီးကို ငါးဆ ခြောက်ဆမျှ ချဲ့၍ စိတ်ကူးလိုက်သော်ကျွန်ုပ်တို့ တွေ့မြင်ရသော အခြင်းအရာ အကြောင်းကို အရိပ်အမြွက်မျှ ခန့်မှန်းနိုင်ဖွယ် ရှိပေလိမ့်မည်။

နံရံများသည် လည်းကောင်း၊ တိုင်များသည် လည်းကောင်း ကျောက်ဖြူ ဖြင့်ပြုလုပ်ထားရာ ကျောက်တိုင်ကြီးများသည် ဖယောင်းတိုင်ကြီးများသဖွယ် အမိုးနှင့်ကြမ်းပြင်ကို ဆက်သွယ်လျက်ရှိကြ၏။

လူတစ်ဖက်ခန့်ရှိသော ကျောက်ကြီးသည် ရှစ်ဆယ်၊ တစ်ရာထက် မနည်း စီတန်းလျက်ရှိရာ နှစ်ပေါင်း ထောင်သောင်းမက လွန်လေပြီးသော အခါက မီးကိုးကွယ်သော လူမျိုးများ၏ လက်ရာဖြစ်ကြောင်းမှာကား ယုံမှားဖွယ် ရာ မရှိချေ။

ထိုအခန်းကြီး၌ မီးရောင်ရရှိပုံကို စာဖတ်သူတို့၏ စိတ်ကူးမိဖို့ ခဲယဉ်းလှပေလိမ့်မည်။ ကြမ်းပြင်မှာ ကျောက်ဖြူဖြစ်၍ တစ်ထွာခန့် အဝန်း ရှိသော အပေါက်များရှိရာ ၎င်းအပေါက်တို့မှ ဓာတ်ငွေ့များ ထိုးထွက်လျက် ရှိရကား ၎င်းဓာတ်ငွေ့ကို မီးစွဲခြင်းအားဖြင့် အလင်းရောင် ဖြစ်ပေါ်ရလေ၏။

သို့ဖြစ်၍ ဝက်အူရစ်ကဲ့သို့ တွန့်လိမ်လျက်ရှိသော ဓာတ်မီးတောက်များ သည် ကြမ်းပြင်မှ အမိုးသို့တိုင်အောင် ထိုးတက်သွားရာ အမိုးတွင် အပေါက် တစ်ခု ဖောက်ထားခြင်းအားဖြင့် တောက်လောင်လျက်ရှိသော ဓာတ်မီးတောက် များသည် ရှစ်ဆယ်၊ တစ်ရာခန့်မျှရှိရာ ဓာတ်မီးတောက်တစ်ခုလျှင် ဖယောင်း တိုင်အား တစ်သန်းထက်နည်းမည် မဟုတ်သောကြောင့် တစ်ခန်းလုံး မည်မျှ လောက် လင်းထိန်မည်ကို ခန့်မှန်းနိုင်ဖွယ် ရှိပေ၏။

မီးတောက် အသီးသီးသည် ဓာတ်ငွေ့ကို လောင်ရသော မီးတောက်တို့ ထုံးစံအတိုင်း တရှိန်းရှိန်း မြည်လျက်ရှိရကား မြွေဟောက်ပေါင်း ကဆွေ၊ ကဋ္ဌာတို့၏ ပါးစပ်မှ အလျဉ်မပြတ်အောင် တရစပ် မြည်အော်နေသကဲ့သို့ ဆူညံစွာ ရှိနေလေ၏။

မီးတောက်အသီးသီးတို့၏ အနီး၌ ထွာဆိုင်ခန့် ကျောက်တုံးများရှိရာ ကြမ်းပြင်၌ရှိသော အပေါက်ကို ကျောက်လုံးဖြင့်ပိတ်လိုက်သည့်အခါ မီးတောက် ငြိမ်းသွားနိုင်ပေ၏။

ကျွန်ုပ်တို့သည် ဦရိပေါ၏နောက်မှ အခန်းကြီးတစ်လျှောက် လိုက်သွားကြစဉ် အခန်းကြီး၏ ကျယ်ဝန်းလှသောအဖြစ်ကြောင့် ကျွန်ုပ်တို့သုံးယောက်မှာ လူသတ္တဝါဟူ၍ မထင်မှတ်ရဘဲ ပိုးမွှားတိရစ္ဆာန် သုံးကောင်မျှလောက်သာ မှတ်ထင်လောက်ဖွယ် ရှိပေ၏။

အခန်း၏ တစ်ဖက်သော အစွန်းသို့ ရောက်ကြသောအခါ လက်ဝဲနှင့် လက်ျာသို့ ခွာထွက်သော လမ်းခွဲများရှိရာ ဉရိပေါသည် ကျွန်ုပ်တို့အား ခေတ္တ ရပ်နေရန် ပြောသဖြင့် စောင့်ဆိုင်းနေကြလေ၏။

တစ်ခဏမျှ ကြာလတ်သော လမ်းခွာတစ်ဖက်တစ်ချက်မှ လူ အမြောက် အမြား သံပြိုင်ရွတ်ဆိုသောအသံများကို ကြားရပြီးနောက် အဝတ်ဖြူများ ဝတ်ထားသော နှစ်စုတို့သည် တစ်ဖက်တစ်ချက်မှ စီတန်းကာ ထွက်လာကြလေကုန်၏။

၎င်းတို့သည် တဖြည်းဖြည်း တရွေ့ရွေ့ လျှောက်လာရင်း သံပြိုင်ရွတ်ဆိုကြခြင်းဖြစ်ရာ အနီးသို့ ချဉ်းကပ်လာကြသောအခါတွင် လက်ယာဘက်မှ ယောက်ျားများ၊ လက်ဝဲဘက်မှ မိန်းမများဖြစ်ကြ၍ အရေအတွက်အားဖြင့် တစ်ရာကျော်မျှစီ ရှိမည်ဟု ခန့်မှန်းရ၏။

ယောက်ျားရော မိန်းမများပါ ခေါင်းတုံးများ ဖြစ်ကြ၍ ဝတ်ဖြူစင်ကြယ်နှင့် ဝတ်ဆင်ထားကြ၏။

ယောက်ျားများသည် ကျွန်ုပ်တို့၏ရှေ့မှ လည်းကောင်း၊ မိန်းမများသည် ကျွန်ုပ်တို့၏နောက်မှ လည်းကောင်း ရပ်မိသည်နှင့်တစ်ပြိုင်နက် ဉရိပေါက အချက်ပေးလိုက်ရာ ၎င်းတို့သည် ညီညာစွာ သံပြိုင်ရွတ်ဆိုရင်း ကျဉ်းမြောင်းသော နံရံကြားတစ်လျှောက် လျှောက်သွားကြ၍ ကျွန်ုပ်တို့လည်း ၎င်းတို့နှင့် အတူ လိုက်ပါသွားရလေ၏။

တံခါးများရှေ့မှ ဆီးကာလျက်ရှိသောနေရာသို့ ရောက်ကြသောအခါ တံခါးများသည် အလိုအလျောက် ပွင့်ကြ၍ ကျွန်ုပ်တို့ အားလုံးသည် ရာဇပလ္လင်ဆောင်သို့ ဝင်လာကြလ၏။

ရေးနည်းအတူ ခတ်မီးရောင်ဖြင့် ထိန်ထိန်လင်းလျက်ရှိသော အခန်း၏ အလယ်တွင် ရွှေချည်၊ ငွေချည်တို့ဖြင့် ရက်လုပ်ထားသဖြင့် တဖိတ်ဖိတ် တလက်လက် အရောင်ထွက်နေသော ကန့်လန့်ကာများ ကာရံထားသော ရာဇပလ္လင်တစ်ခုရှိ၏။

ရာဇပလ္လင်မှာ အရောင်မျိုးစုံထွက်သော ကျောက်များဖြင့် မွမ်းမံ ခြယ်လှယ်ထားသည်ဖြစ်၍ ခတ်မီးရောင်တွင် မကြည့်ဝံ့အောင် တောက်ပြောင် ကွန့်မြူးလှပေ၏။

(ကျောက်များမှာ ရတနာခုနစ်ပါးဖြစ်သည်ဟု ဥရိပေါက နောက်မှ ပြောပြ၏။)

ယောကျ်ားများသည် ရာဇပလ္လင်၏ လက်ယာဘက်၌ လည်းကောင်း၊ မိန်းမများသည် လက်ဝဲဘက်၌ လည်းကောင်း ပြားပြားဝပ်ဝပ် ရှိနေကြ၏။

ဥရိပေါသည် ကျွန်ုပ်နှင့် မောင်စောနိုင်ကို လက်တစ်ဖက်စီကိုင်၍ ရာဇပလ္လင်၏ ရှေ့တည့်တည့်သို့ ခေါ်ဆောင်သွားလေ၏။ ထိုအတောအတွင်း သံပြိုင် ရွတ်ဆိုသောသူတို့သည် အသံရပ်စဲလိုက်ပြီဖြစ်၍ တစ်ခန်းလုံးမှာ တိတ်ဆိတ်လျက် ရှိလေပြီ။

ကျွန်ုပ်တို့သည် ရာဇပလ္လင်ရှေ့၌ ရပ်နေစဉ် ရာဇပလ္လင်မှာ ကန့်လန့်ကာ ဖြင့် ကာရံထားသည်ဖြစ်၍ မည်သူ့ကိုမျှ မမြင်ရသော်လည်း ကျွန်ုပ်၏ရင်ထဲ၌ မူကား တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်တို့ကိုစိုက်၍ ကြည့်နေသည်ဟု ဧကန် သိရှိသဖြင့် တဒိန်းဒိန်း တဒိန်းဒိန်း လှုပ်ခုန်လျက်ရှိ၏။

ရာဇပလ္လင်ပေါ်၌ရှိသောသူသည် ကျွန်ုပ်တို့၏ နှစ်ပေါင်းများစွာ ဆင်းရဲ ဒုက္ခအမျိုးမျိုးခံ၍ လှည့်လည်ရှာဖွေခဲ့ရသောသူပင် ဟုတ်ပါလေလော။

ထ၀၈

## တရားစီရင်သော ရုံးတော်

ထိုခဏ၌ ကြည်လင်လှစွာသော ငွေခေါင်းလောင်းကလေး၏အသံ ကဲ့သို့ ချွင်ခနဲ ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ပိုးဖဲအဝတ်တွင် ရွှေချည် ငွေချည်ဖောက်၍ ရက်လုပ်ထားသော ကန့်လန့်ကာသည် ရုတ်တရက် ပွင့်သွား၍ ကျောက်သံပတ္တမြားတို့ဖြင့် ခြယ်လှယ်အပ်သည့် ရာဇာပလ္လင်တစ်ခုလုံးသည် ကျွန်ုပ်တို့၏မျက်စိတွင် ပေါ်ထွက်လာရာ ရာဇပလ္လင်သို့တက်သော လှေကားထစ် များမှာ ပန်းနုရောင်ရှိသော ကျောက်ဖြူဖြင့် ထွင်းထုထားလေ၏။

ရာဇပလ္လင်ထက်၌မူကား ဖွေးဖွေးဆွတ်ဆွတ်ဖြူ၍ လှိုင်းကလေးများ သဖွယ် တန့်အိလျက်ရှိသည့် အထည်အဝတ်ဖြင့် ဦးခေါင်းမှသည် ရာဇပလ္လင်၏ လှေကားထစ်များတိုင်အောင် ဖုံးအုပ်ထားသူတစ်ယောက်သည် ငြိမ်သက်စွာ ထိုင်လျက်ရှိရာ ၎င်း၏လက်၌ကား အလျားလေးတောင်ခန့်ရှိ၍ ထိပ်ဖျား၌ လျှပ်စစ်မီးနှစ်ပွင့်ကဲ့သို့ တဖျပ်ဖျပ် အရောင်ထွက်လျက်ရှိသော ရာဇာနှင်တံကို ကိုင်ထားလေ၏။

ရာဇာနှင်တံမှာ တစ်ဖြောင့်တည်းမဟုတ်ဘဲ အချိတ်ချိတ် ကွေးကောက် တွန့်လိမ်လျက်ရှိရာ စင်စစ်မှာ မြွေဟောက်၏ ပုံသဏ္ဌာန်ရှိ၍ ထိပ်မီးနှစ်ပွင့်မှာ တစ်ဆယ်ရတီခန့်ရှိ ပဌမတန်း စိန်နှစ်ပွင့်ကို မြွေ၏မျက်လုံးသဖွယ် မြှုပ်နှံ ခြယ်လှယ်ထားခြင်း ဖြစ်လေသည်။

ပထမ၌ ကျွန်ုပ်တို့သည် ရာဇပလ္လင်ရှေ့တွင် မတ်တပ်ရပ်လျက်ရှိကြသော်လည်း ကန့်လန့်ကာ ပွင့်လာသောအခါ ဥရိပေါ်နည်းတူ ကြမ်းပေါ်တွင် ရုတ်တရက် ဝပ်တွားလိုက်ကြလေ၏။

နောက်တစ်ခဏ၌ အလွန်တရာ ကြည်လင်ပြတ်သားခြင်းရှိ၍ အနည်းငယ် တုန်ယင်လျက်ရှိသော အသံသေးသေးနှင့် မာဂဓဘာသာဖြင့် ပြောသံကြားရသည်မှာ ...

'နှစ်ပေါင်းများစွာ ဆင်းရဲပင်ပန်းခြင်း အမျိုးမျိုးတို့ကို သည်းခံစွန့်စားပြီးမှ မရောက်ရောက်အောင် ဖွဲ့သတ္တိကြီးစွာနှင့် လာရောက်ကြသော အသင်ခရီးသည်များ၊ သင်တို့ကို ကျွန်ုပ် ဧည့်ခံပါ၏၊ ဝတ်ပြုပါ၏၊ ကျွန်ုပ်ကို မကြောက်ပါလင့်၊ ကျေးကျွန်တို့၏ အပြုအမူမျိုးဖြင့် ကျွန်ုပ်ရှေ့တွင် ဝပ်တွားခြင်း မပြုကြပါလင့်၊ ထကြကုန်လော့'

ထိုအခါ ကျွန်ုပ်တို့သည် အိပ်မက်ထဲမှာကဲ့သို့ မရေမရာစိတ်ထားမျိုးဖြင့် ဝပ်ရာမှ ထလာကြလေ၏။

၎င်းနောက် ရာဇပလ္လင်မှ အသံက ဆက်လက်၍ ...

'ခရီးသည်များ၊ သင်တို့၏ အာဇာနည်သွေးကို ကျွန်ုပ် ချီးမွမ်းပါ၏၊ ရိုသေပါ၏၊ အိမ်ရှင်တို့ဝတ္တရားအတိုင်း ခရီးဦးကြိုပြုပါ၏၊ သင်၏ နာမည် အဘယ်သို့ ခေါ်ပါသနည်း' ဟု မေးလျက် မောင်စောနိုင်အား နှင်တံဖြင့်ညွှန်ပြလေ၏။

'မောင်စောနိုင် ခေါ်ပါသည်'

'မောင်စောနိုင်၊ မောင်စောနိုင်၊ တယ်ယဉ်တဲ့ နာမည်ကလေးပဲ၊ ဟိုဘက်က လူကော'

'မောင်ဖိုးထော် ခေါ်ပါသည်'

'ကောင်းပြီ မောင်စောနိုင်နဲ့ မောင်ဖိုးထော်၊ သင်တို့ ဘယ်ကိစ္စနဲ့ ယခုလောက် ခရီးဝေးဝေးကြီး လာကြသနည်း'

‘ပြောဖို့ အလွန်ရှည်လျားလှပါသည်၊ သခင်မကို ဘယ်သို့ ခေါ်ရပါမည်နည်း’

‘တောင်ပေါ်သခင်မလို့လဲ ခေါ်ပါတယ်၊ ရှုပကလျာဏီလို့လဲ ခေါ်ပါတယ်၊ သဘောရှိသလို ခေါ်နိုင်ပါတယ်’

‘ကောင်းလှပါပြီ သခင်မ’

‘သင်တို့အကြောင်း ပြောပြလျှင် အလွန်ရှည်လျားလိမ့်မည်ကို ကျွန်ုပ်ရိပ်မိပါသည်၊ သို့သော် အကျဉ်းချုပ်ပြီး တိုတိုတုတ်တုတ် ကြားပါရစေ မောင်စောနိုင်’

‘ကောင်းလှပါပြီ သခင်မ၊ ကျွန်ုပ် ငယ်ရွယ်စဉ် နှစ်ပေါင်းများစွာတုန်းက ရှေးစာဟောင်းများကို တွေ့ရှိသည်အတွက် ကျွန်ုပ်နှင့် ဦးလေးသည် တောတောင်များကို ဖြတ်ကျော်ရှာဖွေကြသဖြင့် အသက်မသေဘဲ နှစ်ပေါင်းများစွာ နေနိုင်၍ နတ်သမီးမက လှပသော မိန်းမတစ်ယောက်ကို တွေ့ရပါသည်’

‘ဒါကြောင့် သူ၏ ရုပ်အဆင်းကို မောင်စောနိုင်က စွဲမက်တယ် ဆိုပါတော့’

‘မှန်ပါတယ်၊ သို့သော် နောက်ဆုံး၌ မပေါင်းရမီ သူ သေသွားပါတယ်’

‘ဘယ့်နှယ်၊ သူ မသေနိုင်ဘူးဆို’

ကျွန်ုပ်ကို သူကဲ့သို့ အသက်မသေဘဲနေနိုင်အောင် လုပ်ပေးဖို့ စီမံတုန်းမှာ မီးပုံမှားလို့လား မဆိုနိုင်၊ သူသေသွားပါတယ်၊ သို့သော် သူ မသေခင် နောက်ဘဝမှာ ပြန်တွေ့ကြဖို့ မှာသွားသည့်အတိုင်း ကျွန်ုပ်က ယုံကြည်ခြင်းအားဖြင့် သူ့ကို နှစ်ပေါင်းများစွာ လိုက်လံရှာဖွေနေရခြင်း ဖြစ်ပါတယ်’

‘ဒီအရပ်မှာ ဘာကြောင့် လာရှာသလဲ မောင်စောနိုင်’

‘တူရော ဦးလေးပါ အိပ်ပျော်နေရာမှာ တစ်ပြိုင်တည်း အိပ်မက်ပေးပြီး ဒီအရပ်သို့ လမ်းညွှန်တဲ့အတွက် လာရခြင်းဖြစ်ပါတယ် သခင်မ’

'ကျွန်ုပ်က မိန်းမတစ်ယောက်ကို စွဲမက်သောကြောင့် မဟုတ်ပါ၊ ကျွန်ုပ်ရဲ့တူ သွားရာကို မခွဲမခွာ လိုက်ပါလိုတဲ့အတွက် ပါလာရခြင်း ဖြစ်ပါတယ်'

'သြော်၊ ယောကျ်ား ယောကျ်ား၊ အဆင်းနဲ့တွေ့မှဖြင့် အရှုးရှူးအနှမ်းနှမ်း အကန်းကန်းဖြစ်တုန်းပဲကိုနော်၊ ဒုက္ခ ဒုက္ခ'

ထိုအခါ ကျွန်ုပ်က ...

'ကန်းတဲ့လူဟာ အဆင်းကို မြင်နိုင်ပါမလား သခင်မ၊ မြင်တဲ့အခါမှာ ချောမှန်း လှမှန်း သိခြင်းဟာလဲ လူရှူးတို့အလုပ် ဟုတ်ပါ့မလား သခင်မ'

'တော်တဲ့လူပဲ၊ အဆင်းမရှိပေမယ့် အချင်းရှိတယ်ဆိုတဲ့ စကားပုံလို ဖြစ်နေပြီ၊ နှုတ်လျှာလဲ တယ်သွက်ပါပေတယ်'

ထိုအခါ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်က ရှုပနန္ဒီကိုယ်တိုင် ကျွန်ုပ်အကြောင်းကို ဤနည်းအတိုင်း ပြောဖူးသည်ကို သတိရသည်နှင့် ကျွန်ုပ်သည် မောင်စောနိုင်ကို လှမ်း၍ ကြည့်မိသေး၏။

'ကျွန်ုပ်၏ ကျေးကျွန် ကန္ဒတ္ထနယ်စားကတော်က ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ပါရဲ့လား'

'ပြုစုစောင့်ရှောက်သည်မှာ မှန်ပါသည်၊ သို့သော် သူ့ယောကျ်ားနယ်စားဆိုသူက ခွေးနဲ့လိုက်သောကြောင့် ကံကောင်းလို့ လွတ်လာရပါသည်။ ကျွန်ုပ်တို့လာမည့်အကြောင်းကို သခင်မ သိနှင့်ပါသလား'

'အနည်းငယ် သိရပါတယ်၊ လွန်ခဲ့တဲ့ သုံးလလောက်က ကျွန်ုပ်၏ သူလျှိုများက သင်တို့အနီးသို့ ညဥ့်အချိန်မှာ တိတ်တဆိတ်ချဉ်းကပ်ပြီး သင်တို့ ပြောစကားများကို ကြားခဲ့ရသည့်အတွက် ကျွန်ုပ်ထံ အလျင်အမြန်ပြန်လာပြီး အကြောင်းကြားနှင့်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်က ဘဒ္ဒကုမာရီနဲ့ ဇာမနီတို့ကို တံခါးဝစခန်းမှ စောင့်မျှော်ကြိုဆိုကြဖို့ မှာထားလိုက်ခြင်းဖြစ်ပါသည်၊

တွေ့ချင်လှပါတယ်ဆိုပြီး ရောက်ခါနီးကျတော့မှ တယ်ပြီးခရီးဖင့်လှချေတကား ခရီးသည်များ’

‘သူလျှိုတွေ ဒီလောက်ပေါများတဲ့ သခင်မက ကျွန်ုပ်တို့ကို ဘာမျှ မေးနေဖို့မရှိပါ၊ ကိုယ်တိုင် သိသင့်ပါတယ်’

‘ဒါဖြင့် သင်တို့ကို မမေးဖူး၊ နယ်စားကတော်ကို မေးတော့မယ်၊ ဥရိပေါ၊ ဘဒ္ဒကုမာရီကို သွင်းခဲ့’

ကျွန်ုပ်တို့မှာ ဘဒ္ဒကုမာရီ ရောက်နေသည့်အကြောင်းကို မသိသေးသဖြင့် အံ့သြမိကြ၏။

မောင်စောနိုင်သည် ကျွန်ုပ်အနီးသို့ကပ်၍ မြန်မာဘာသာဖြင့် ...

‘ဒုက္ခတော့ တွေ့ကြတော့မယ် မှတ်တယ် ဦးလေး၊ ဒီမိန်းမနှစ်ယောက် မျက်နှာချင်းဆုံတာကို ကျွန်တော် မတွေ့ပါရစေနဲ့လို့ ဆုတောင်းနေတာ၊ ဆုတောင်း ပြည့်ပုံမရတော့ဘူး’ ဟု ပြောလေ၏။

နောက်တစ်ခဏ၌ ဥရိပေါသည် ဘဒ္ဒကုမာရီနှင့် ဇာမနိတို့ကို ခေါ်၍ အခန်းတွင်းသို့ ဝင်လာလေ၏။

၎င်းတို့၏နောက်၌ကား လူခြောက်ယောက်တို့သည် နယ်စား၏ ခေါင်းကို ထမ်းဆောင်ယူလာခဲ့ကြ၍ ရာဇပလ္လင်၏ရှေ့တွင် ချထားပြီးနောက် ပြန်ထွက်ကြလေ၏။ ဘဒ္ဒကုမာရီနှင့် ဇာမနိတို့မှာ ခေါင်းအနီးတွင် ရပ်လျက် ရှိကြ၏။

ဘဒ္ဒကုမာရီသည် ရာဇပလ္လင်၏ရှေ့တွင် ဒူးညွတ်ကာ အရိုအသေ ပြုသော်လည်း ဝတ်ကျေဝတ်ကုန် သဘောမျိုးနှင့် ပြုလုပ်ကြောင်း ကောင်းစွာ သိမြင်နိုင်ပေ၏။

ဏီ။ ။‘ဘာကိစ္စပေနည်း နယ်စားကတော် ဘဒ္ဒကုမာရီ’

ရီ။ ။‘ကျွန်ုပ်ခင်ပွန်း၏ အလောင်းကို အစဉ်အလာအတိုင်း မီးတောင်၌ သင်္ဂြိုဟ်ရန် လာရောက်ရခြင်းဖြစ်ပါကြောင်း သခင်မ’

ထေရီ။ ။'သင်၏ ခင်ပွန်းလောင်းကို ရှေးရိုးအစဉ်အလာအတိုင်း မီးတောင်၌ သင်္ဂြိုဟ်ခွင့် ပြုရပေမည်၊ သင်၏အလှည့် ရောက်သောအခါတွင်လည်း ဤနည်းအတူ အခွင့်ရပေမည်'

ရီ။ ။'သခင်မ၏ အမိန့်ကို သခင်မ၏နေရာ၌ ဆက်ဆံမည့်သူများ လိုက်နာရစ်စေရန် မှတ်တမ်းတင်ထားလျှင် ကောင်းပါလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် အသက်ချင်း နှိုင်းစာလျှင် သခင်မက ဒီလမ်းကို ကျွန်ုပ့်အရင်သွားနှင့်ရမည် သဏ္ဌာန်နှင့် တူသောကြောင့် ဖြစ်ပါသည်'

ထေရီ။ ။(တုံ့ပြန်လိုက်ခြင်းကို နားမလည်ဟန်ပြု၍) 'သင့်ခင်ပွန်း ဘယ်ရောဂါနှင့် သေဆုံးရှာသနည်း'

ရီ။ ။'သခင်မ၏ ဧည့်သည်များကိုသာ မေးတော်မူပါ'

နိုင်။ ။'ကျွန်ုပ်၏ အသက်ကိုကာကွယ်ရင်း သတ်လိုက်ရပါသည်၊ နယ်စားက ခွေးတွေနှင့် ကိုက်သတ်ဖို့ ကြိုးစားပါသည်၊ ဦးလေး လက်မောင်းမှာ ခွေးကိုက်ရာ ရှိသေးသည်'

ထေရီ။ ။'ဘယ့်နှယ် ဒီလိုဖြစ်ရသလဲ ဘဒ္ဒကုမာရီ'

ရီ။ ။'ကျွန်ုပ်၏ ခင်ပွန်းသည်မှာ စိတ်ကို အစိုးမရသူ ဖြစ်ပါသည်'

ထေရီ။ ။'နယ်စားက ရူးရုံမကဘူး၊ မနာလိုတတ်ဘူး မှတ်တယ်၊ သင်မပြောနဲ့ ဘဒ္ဒကုမာရီ၊ မောင်စောနိုင် ပြောစမ်း၊ သင်လဲ မဖြစ်ဘူး၊ ချစ်တော်မူပါ၊ ကြိုက်တော်မူပါနဲ့ နားပူနားဆာ ပူတာပဲ၊ မိန်းမတစ်ယောက် အကြောင်းကို ဟုတ်တိုင်းမှန်ရာ ပြောရက်မယ် မထင်ဘူး၊ ကိုင်း မောင်ဖိုးထော် ပြောစမ်း၊ မှန်မှန်နော်'

ကျွန်ုပ်။ ။'ဘဒ္ဒကုမာရီနဲ့ ဇာမနိတို့က ကျွန်ုပ်တို့ကို ကြိုဆိုပြီး ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ပါတယ်၊ သို့သော် နောက်ဆုံးမှာ ဘဒ္ဒကုမာရီက မောင်စောနိုင်ကို စုံမက်ပါတယ်'

ဏဳ။ ။'ဒီတော့ မောင်စောနိုင်က ပြန်ပြီး စုံမက်ရောလား၊ စုံမက် မယ်ဆို စုံမက်လောက်ပေတယ်လေ၊ သူလဲ မိန်းမချော တစ်ယောက်ပေပဲ'

ကျွန်ုပ်။ ။'မစုံမက်ပါ၊ ထွက်ပြေးလာကြပါသည်၊ နယ်စားက ခွေးနဲ့ လိုက်သတ်ပါသည်၊ သို့သော် ကျွန်ုပ်တို့နိုင်၍ သူ သေရပါသည်၊ နယ်စား ကတော်နဲ့ ဇာမနီတို့က တစ်ကြိမ်လိုက်ပြီး တားပါသေးသည်၊ သို့သော် ကျွန်ုပ်တို့က အတင်းထွက်လာ၍ အစောင့်အရှောက်များနဲ့တွေ့ပြီး နောက်ဆုံးမှာ ဒီနေရာ ရောက်လာကြရပါသည်'

ဏဳ။ ။'ဘာပြောရန်ရှိသလဲ ဘဒ္ဒကုမာရီ'

ရီ။ ။'လင်ရှူးနဲ့ ပေါင်းသင်းနေရတဲ့ မိန်းမမို့ ကိုယ်နဲ့ ဖက်တန်တဲ့ လူ ပေါ်လာတဲ့အခါမှာ အပြန်အလှန် ချစ်မိကြိုက်မိတဲ့ကိစ္စမှာ အရေးတကြီး မေးလားမြန်းလား လုပ်နေဖို့ လိုမယ်မထင်ပါဘူး တောင်ပေါ်သခင်မ'

ဏဳ။ ။'သြော်၊ သင်တို့ သမီးရည်းစား ဖြစ်ကြဖူးတယ် ဆိုပုံ ထောက်တော့ မောင်စောနိုင်ရဲ့ လည်ပင်းမှာ ဆွဲထားတဲ့ လော့ကက်ထဲက ဆံပင်ထွေးကလေးဟာ ဘဒ္ဒကုမာရီရဲ့ ဆံပင်တွေပေါ့၊ ဟုတ်စ'

ရီ။ ။'ဘယ်က ဆံပင်လဲ၊ ကျွန်ုပ် မသိရပါ'

ဏဳ။ ။'သြော် မသိဘူး၊ ဒါနဲ့များတောင် မောင်စောနိုင် ဖျားနေ တုန်းက လော့ကက်ထဲကဆံပင် ယှဉ်ကြည့်သေးတယ် မဟုတ်လား'

ရီ။ ။'ကြည့်စမ်း၊ ဒါတောင် သူ လျှောက်ပြောထားကြကုန်ပြီကိုး၊ ဟုတ်လား'

ဏဳ။ ။'မှန်တယ်၊ မောင်စောနိုင်က တစ်ခွန်းမှ မပြောပါဘူး၊ ကျွန်ုပ်ရဲ့ သူလျှိုများက သတင်းပေးလို့ ကျွန်ုပ် သိရပါတယ်၊ ဘဒ္ဒကုမာရီ၊ ကျွန်ုပ်ကို သင် လိမ်နိုင်မယ် ထင်သလား၊ မထင်လေနဲ့နော်၊ ကျွန်ုပ် အားလုံးသိတယ်၊ သင်က ဘယ်လို လှည့်ဖြားပြီး သတင်းပို့သော်လည်း ကျွန်ုပ်ရဲ့ ညွှန့်သည်များကို အတင်းလှောင်ထားပြီး မကြိုက်ကြိုက်အောင် အတင်း

ကြံစည်တာတွေကို ကျွန်ုပ် အားလုံးသိတယ်၊ သို့သော် အမိုက်မ ပဲလို့ ကျွန်ုပ် ဘာမှအရေးမယူဘဲ မသိယောင်ဆောင် နေခဲ့ခြင်းဖြစ်တယ်၊ မသိဘူးလို့များ မထင်လိုက်နဲ့နော်'

ရီ။ ။'သိရင်ကော ဘာဖြစ်ရဦးမှာလဲ၊ သခင်မက ရည်းစားလုဖက် မို့လို့ ကျွန်ုပ်ကို ရန်တွေ့နေရတာလား၊ ခေါင်းဖြူစွယ်ကျိုး အရွယ်ကြီး ရောက်နေမှ လူငယ်တွေနဲ့ တုပပြီး ရည်းစားလုနေ ချင်သေးသလား၊ သခင်မ တတ်နိုင်ရင် ကိုင်လိုက်ပါ၊ ကိုယ့်ဆီလာတဲ့ ဧည့်သည်တစ်ယောက်ကို လုပ်ကောင်းရင် လုပ်သာ လုပ်လိုက်ပါ၊ သခင်မလည်း မိန်းမ၊ ကျွန်ုပ်လဲ မိန်းမ၊ ဂုဏ်ရည်ချင်းလဲ အတူတူ ဘာကြောက်နေဦးမှာလဲ'

ထိုကဲ့သို့ ရဲဝံ့စော်ကားစွာ ပြောလိုက်သောအခါ ဇာမနိနှင့် ကျွန်ုပ်တို့မှာ 'ခက်ကုန်တော့မှာပဲ' ဟူသော မျက်နှာမျိုးနှင့် ကြည့်နေကြလေ၏။

သို့သော် ရူပကလျာဏီ ခေါ် တောင်ပေါ်သခင်မသည် အသံမပျက်ဘဲ ဆက်လက်၍ ပြောသည်မှာ ...

ဏီ။ ။'ကျွန်ုပ် ဆုံးမချင်လို့ရှိရင် သင့်ကို ဒီနေရာတွင် ထိုင်ရာမထ ဆုံးမနိုင်တယ်၊ သို့သော် သင့်စကားအတိုင်း ဧည့်သည်တစ်ယောက်ကို အပြစ် ပေးလိုက်တယ်လို့ နောင်ရာဇဝင် အစဉ်အဆက် ကဲ့ရဲ့သင်္ဂြိုဟ် စကားတင်း ဆိုဖို့ရှိတဲ့အတွက် ချမ်းသာပေးလိုက်တယ် ဘဒ္ဒကုမာရီ၊ သင့်ကို ကျွန်ုပ် ဘယ်လိုဆင့်ဆို လိုက်သလဲ၊ ဧည့်သည်များကို ကောင်းမွန်စွာ ခေါ်ဆောင်ခဲ့ ရမယ်လို့ ဆင့်ဆိုထားလျက်နဲ့ အဘယ်ကြောင့် ကျွန်ုပ်စကားကို တော်လှန်သလဲ ဘဒ္ဒကုမာရီ'

ရီ။ ။(အသံတစ်မျိုးပြောင်းလျက်)'သခင်မ အမိန့်ကို တော်လှန် ရခြင်းအကြောင်းက ဒီလူကို ငယ်ကတည်းကစပြီး ကျွန်ုပ် စွဲလမ်းတပ်မက် လာခဲ့တဲ့အတွက် အပြစ်ကို မကြောက်ဘဲ အချစ်နောက်လိုက်မိခြင်း ဖြစ်ပါတယ်၊ ယခုမှတွေ့ရသော်လည်း ငယ်ကတည်းက စွဲလမ်းတမ်းတလာခဲ့ကြောင်းကို ဘိုးဘိုးကြီး အသိဖြစ်ပါတယ်၊ ဒီလူနဲ့ ကျွန်ုပ်ဟာ ဘယ်ဘဝက ဘယ်လိုရေစက်

ပါလာခဲ့တယ်ဆိုတဲ့ အကြောင်းကို သိလိုတဲ့အတွက် သခင်မကို ကျွန်ုပ် မေးပါရစေ၊ သခင်မ သိခဲ့လို့ရှိရင် မှန်မှန် ဖြေကြားတော်မူပါ၊ ဖြေပြီးနောက် သတ်လို့ပစ်ချင် ပစ်လိုက်ပါတော့၊ မသေခင် သိသွားပါရစေ၊ ဖြေကြားတော်မူပါ'

နိုင်။ ။'မှန်တယ် သခင်မ၊ ကျွန်ုပ်လည်း ဒီအကြောင်းကို သိချင်ပါတယ်၊ ဖြေကြားတော်မူပါ သိပါရစေ သခင်မ'

ကျွန်ုပ်။ ။'ဖြေကြားတော်မူပါ သခင်မ၊ ကျွန်ုပ်လည်း သိလိုပါတယ်'

ထိုကဲ့သို့ သုံးယောက်လုံးက ဝိုင်းဝန်းတောင်းပန်ကြသောအခါ ရူပကလျာဏီသည် အတန်ငယ် စဉ်းစားနေသေး၏။ ထို့နောက်မှ ...

ဏီ။ ။'မောင်စောနိုင် ကျွန်ုပ်ကို သင်က ဘယ်သူ ထင်သလဲ'

နိုင်။ ။'သခင်မဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က လူရိုင်းတိုင်းပြည်က ဂူကြီးထဲမှာတွေ့ခဲ့တဲ့ ရူပနန္ဒီ ဝင်စားတယ်လို့ ကျွန်ုပ် ထင်ပါတယ်၊ သို့သော် သခင်မရဲ့ အသက်ဟာက ရှစ်ဆယ်ကျော်နေပြီဆိုလို့ အင်မတန် စဉ်းစားရ ခက်နေပါတယ်'

ရီ။ ။'ယောကျ်ားများဟာ တော်တော်ရူးတာပဲ၊ လူဝင်စား မှန်လို့ရှိရင် သူ့ ရူပနန္ဒီသေတာက နှစ်ပေါင်းနှစ်ဆယ်၊ ဒီဟာကြီးက ကျွန်ုပ်တို့ရဲ့အဘိုးလူပျိုကတည်းက အမယ်ကြီး ဖြစ်နေပြီ၊ ဘယ့်နှယ် ဖြစ်နိုင်ပါ့မလဲ'

ဏီ။ ။(ဘဒ္ဒကုမာရီ၏ စကားကို အရေးမလုပ်ဘဲ) 'မောင်ဖိုးထော်ကကော ဘယ်လိုထင်သလဲ၊ ပြောစမ်း'

ကျွန်ုပ်။ ။'မောင်စောနိုင်ထင်သလို ထင်မိတာပဲ၊ သို့သော်လဲ ဝေခွဲမရနိုင်လို့ သခင်မ ဖွင့်ပြောမှ မှန်တဲ့အတိုင်း သိရတော့မှာပဲ'

ဏီ။ ။လောကကြီးက အင်မတန် ဆန်းကြယ်တယ်နော်၊ သာမညဉာဏ်ကလေးနဲ့ မမီနိုင်တဲ့ အချက်တွေ အများကြီးရှိတယ်၊ လူ့ပြည်မှာ အနှစ်ငါးဆယ်ရှိမှ စတုမဟာရာဇ် နတ်ပြည်မှာ တစ်ရက်တဲ့၊ အချိန်ဆိုတာ ဒီလိုပဲ၊ သို့သော် ဒီကနေ့တော့ သင်တို့လဲ ခရီးပမ်း၊ အချိန်လဲ ညဉ့်နက်ပြီ၊

နက်ဖြန်နယ်စားရဲ့ အလောင်းကို သင်္ဂြိုဟ်တဲ့အခါကျတော့မှ ဒီအကြောင်းကို ဆက်ပြောကြဦးစို့ရဲ့၊ ကိုင်း ကိုင်း၊ အိပ်ချေကြ အိပ်ချေကြ'

ထိုခဏ၌ ငွေခေါင်းလောင်းထိုးသံ ကြားရ၍ ရာဇပလ္လင်ရှေ့မှ ကန့်လန့်ကာကျလာပြီးလျှင် ပလ္လင်ကို ဖုံးအုပ်သွားလေရာ၊ ဥရိပါသည် ကျွန်ုပ်နှင့် မောင်စောနိုင်ကို အခန်းပြင်သို့ ခေါ်သွားလေ၏။

အခြား အမှုထမ်းများလည်း ဘဒ္ဒကုမာရီနှင့် ဇာမနိတို့ကို အခြားလမ်းမှ ခေါ်သွားကြ၏။

အိပ်ရာများ ပြင်ဆင်ထားသော အခန်းတစ်ခန်းသို့ရောက်ကြသောအခါ ဥရိပေါသည် ကျွန်ုပ်တို့အား အဖျော်တစ်ခွက်စီ တိုက်ပြီးနောက် အိပ်ရာသို့ ဝင်စေ၏။

ကျွန်ုပ်မှာ ဦးခေါင်းနှင့်ခေါင်းအုံး ထိမိသည်နှင့် တစ်ပြိုင်နက် အိပ်ပျော် ခြင်းသို့ ရောက်လေ၏။

အိပ်ရာမှ နိုးလာသောအခါ မှောင်လျက်ပင် ရှိသေးသဖြင့် တစ်ဖန် အိပ်ရန် ကြိုးစားသော်လည်း မပျော်နိုင်ချေ။

စင်စစ်သော်ကား အိပ်ရာဝင်ခါနီး၌ သောက်ကြရသော အဖျော်ရည်မှာ အင်အားဖြည့်တင်းစေသည့် ဆေးခတ်ထားသောကြောင့် တစ်ညနှင့် တစ်နေ့ အိပ်ပျော်ကြပြီးမှ နောက်တစ်နေ့ညတွင်မှ နိုးလာခြင်းဖြစ်ကြောင်းကို ဥရိပါ ပြောပြ၍ သိကြရ၏။

ကျွန်ုပ်သည် အိပ်ရာ၌ လူးလိမ့်လျက်ရှိစဉ် ဥရိပေါသည် မီးတိုင် တစ်ခုနှင့် ဝင်လာ၍ ဈာပနအခမ်းအနားအတွက် အဝတ်များလဲလှယ်ရန် ပြောသဖြင့် ထကြရလေ၏။

ကျွန်ုပ်တို့သည် ဥရိပေါဆောင်ယူခဲ့သော သားမွေးအဝတ်များကို ဝတ်ဆင်ကြပြီးနောက် ဥရိပေါက ရှေ့မှ မီးတိုင်နှင့်သွား၍ ကျွန်ုပ်တို့က နောက်မှ လိုက်ကြလေ၏။



Myanmar cupid

လမ်းခရီး၌ ထိုညဥ့်အဖို့တွင် စိတ်နှလုံး တုန်လှုပ်ချောက်ချားဖွယ်သော အခြင်းအရာများ တွေ့ကြရမည် ဖြစ်သောကြောင့် အိပ်ရေးဝစေခြင်းငှာ တစ်နေ့နှင့်တစ်ညဥ့်ပတ်လုံး အိပ်ပျော်နေကြခြင်းကို တောင်ပေါ်သခင်မက 'မနိုးလေနှင့်' ဟု မှာသည့်အတွက် မနိုးဘဲထားရကြောင်းနှင့် ဥရိပေါက ပြောပြလေ၏။

ကျွန်ုပ်တို့သည် ယခင်ညဥ့်က သခင်မနှင့်တွေ့ဆုံကြရသော ရာဇပလ္လင်ဆောင်မှ ဖြတ်သန်းသွားကြရလေရာ ထိုအခါ၌ကား ရာဇပလ္လင်ပေါ်တွင် သခင်မလည်း မရှိ၊ ပလ္လင်ရှေ့၌ နယ်စား၏ အလောင်းလည်း မရှိတော့ချေ။

ဥရိပေါက 'ရှာပနအတွက် သခင်မ သွားနှင့်ပြီ' ဟု ပြော၏။

ပလ္လင်၏နောက်၌ တံခါးတစ်ခုရှိရာ ဥရိပေါသည် ၎င်းတံခါးကိုဖွင့်၍ ဝင်သွားကြသောအခါ တံခါး အမြောက်အမြားနှင့် နေအိမ်တမျှ ကျယ်ဝန်းလှသော အခန်းတစ်ခန်းသို့ ရောက်လာကြ၏။

၎င်းအခန်းမှာ သခင်မနှင့် ၎င်း၏လက်ပါးစေများ နေထိုင်သောအခန်း ဖြစ်ကြောင်းနှင့် ဥရိပေါက ပြောပြ၍ တံခါးများသည် တောင်ကမ်းပါးယံရှိ ဥယျာဉ်ကြီးသို့သွားနိုင်၍ အလင်းနှင့် လေဝင်စေရန်အတွက်လည်း အသုံးချနိုင်သည်ဟု ပြောပြ၏။

အခန်းအတွင်း၌ကား မီးရှူးတိုင်ကိုယ်စီနှင့် ဝတ်ဖြူစင်ကြယ်ဝတ်သော လူခြောက်ယောက် စောင့်ဆိုင်းလျက်ရှိရာ ဥရိပေါသည် မီးရှူးတိုင်နှစ်တိုင်ကို ထွန်းညှိ၍ ကျွန်ုပ်တို့အား တစ်ခုစီပေးလေ၏။

၎င်းနောက် ဥရိပေါသည် တံခါးတစ်ခုကိုဖွင့်၍ လှေကားထစ်များ တွေ့ရသည်နှင့် ကျွန်ုပ်တို့အားလုံး တက်စပြုကြလေ၏။

လှေကားထစ်များမှာ နှစ်ပေါင်း ထောင်သောင်းမက လွန်လေပြီးသော အခါက မီးကိုးကွယ်သော လူမျိုးများသည် ကျောက်တောင်ကြီးတွင် ထွင်းထုထားခဲ့ခြင်းဖြစ်ရာ ၎င်းတို့တစ်လျောက် လျှောက်တက်သွားကြရသည်တွင် အိပ်ခန်းများကို တစ်ခန်းပြီး တစ်ခန်း ဖြတ်သန်းသွားကြရ၏။

တစ်ခန်းပြီးရင်း လှေကား တွေ့ရင်း၊ တစ်ခန်းကျော်ရင်း လှေကား တွေ့ရင်းဖြင့် တက်လာခဲ့ကြရာ ကျွန်ုပ်တို့မှာ ဒူးများတုန်လောက်အောင် ညောင်း ညာလာသော်လည်း ပြီးဆုံးသေးသည် မရှိချေ။

ခရီးဆန့်လိုက်သည်ရှိသော် နှစ်မိုင်ကျော်လိမ့်မည်ဟု ကျွန်ုပ် ခန့်မှန်း မိ၏။

နောက်ဆုံး၌ တမျှော်တခေါ်ကြီး ဖြစ်လောက်အောင် မတ်စောက် လှသော ချောက်ကမ်းပါးကြီးသို့ ရောက်ကြလေသည်။ ထိုနေရာတွင် အလွန်ထူးဆန်းသောအသံများကို ကြားကြရလေရာ ၎င်းမှာ မီးတောင်အထက်သို့ မီးတောက်မီးလျှံများ ထိုးတက်သော အသံဖြစ်၍ ကျောက်နံရံအတွင်းမှ ထိုးဖောက် ထွက်လာခြင်း ဖြစ်ကြောင်းနှင့် ဥရိပေါက ပြောပြလေ၏။

အထစ်ပေါင်း ခြောက်ရာခန့်ရှိသော နောက်ဆုံးလှေကားကို တက်ကြပြီး နောက် ကျွန်ုပ်တို့သည် တောင်ခေါင်းမှထွက်၍ လဟာပြင်သို့ ရောက်လာကြ လေပြီ။

ကျွန်ုပ်တို့၏ ရှေ့၌ကား တောင်ကို ပတ်ပတ်လှည့်၍ တက်သွားသော ကြောင်လိမ်လှေကားကြီး ရှိချေသေး၏။

နားလည်အောင် ဖော်ပြရမည်ဆိုသော် ကျောက်တောင်ကြီးသည် ကျောက်တိုင်ကြီးကို စိုက်ထူထားသည့်အလား လေထဲ၌ မတ်မတ်ကြီး ထိုးတက် လျက်ရှိ၏။

ယခင်က ကျွန်ုပ်တို့တက်လာခဲ့သော လှေကားထစ်များမှာ ကျောက်တိုင် ၏အတွင်း ဥမင်လိုဏ်ခေါင်းကဲ့သို့ ထွင်းထုထားခြင်းဖြစ်ရာ ရှေ့၌တက်ရမည့် လှေကားများမှာမူ အဆိုပါတိုင်ကြီးသဖွယ် တည့်မတ်စွာရှိသည့် ကျောက်တောင် ကြီး ပတ်ပတ်လည်တွင် ထွင်းထုထားသော အထစ်များဖြစ်လေသည်။

မန္တလေးမြို့ နန်းတော်အတွင်းရှိ နန်းမြင့်ခေါ် မျှော်စင်ကြီးကို မြင်ဖူးသူ များသည် လှေကားထစ်များ တည်နေပုံကို ခန့်မှန်းနိုင်ပေလိမ့်မည်။ သို့ရာတွင် အမြင့်မှာ နန်းမြင့်ထက် ဆယ်ပြန်မက မြင့်မားလှ၏။

ဖော်ပြခဲ့ပြီးသည့်အတိုင်း ၎င်းလှေကားထစ်များမှာ လဟာထဲတွင် ထွင်းထုထားခြင်း ဖြစ်ရကား ပြင်းထန်စွာ တိုက်ခတ်လျက်ရှိသော လေသည် တစ်ခါတစ်ရံ ကျွန်ုပ်တို့ကို တောင်ကမ်းပါးယံမှ ကျွတ်ထွက်လွင့်စင်ပါသွားစေတော့မည်လောဟု မှတ်ထင်ကြရ၏။

ကျောက်တိုင်ကြီးကိုယ်တိုင်မှာလည်း လေပြင်း၏အဟုန်ကြောင့် သွက်သွက်ခါလျက် တစ်ချက်တစ်ချက်တွင် ကွေးညွတ်သွားသည်ဟူ၍ပင် မှတ်ထင်ရ၏။

လှေကားထစ်များမှာ သုံးတောင်ခန့် ကျယ်ဝန်းရာ ကျွန်ုပ်တို့သည် တစ်ယောက်စီ စီတန်းကာ တက်ကြစဉ် တတ်နိုင်သမျှ အတွင်းဘက်သို့ကပ်၍ တက်ကြရ၏။

နံဘေးသို့တိုးကြည့်သော် ဘယ်သို့သော အခြင်းအရာကို မြင်ရမည်နည်းဟု သိလိုလှသော်လည်း စွန့်လိုသောစိတ်ကို ကြိုးစား၍ နှိမ်နင်းထားရ၏။

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ကျောက်တိုင်ကြီး၏ အထွတ်အဖျားသို့ ဆိုက်ရောက်ကြ၍ အလျား အတောင် ၁၅၀၊ အနံအတောင် ၁၀၀ ခန့်ရှိသည့် ကျောက်ဖျာကြီးသဖွယ် ကျယ်ပြန့်သောနေရာသို့ ရောက်ကြလေ၏။

အထက်ကောင်းကင်၌ကား ကြယ်တာရာများသည် နှမ်းကြဲထားသကဲ့သို့ တစ်ပြင်ကြီးရှိနေ၏။

တောင်မျက်နှာ၌ကား ပေနှစ်သောင်းထက်မနည်း နိမ့်ဝှမ်းသောအရပ်တွင် ကန္တတ္တ လွင်ပြင်ကြီး တည်ရှိ၏။

အရှေ့နှင့် အနောက်ဘက်မျက်နှာတို့တွင်ကား မိုးပွင့်များဖြင့် ဖွေးဖွေးဖြူသည့် တောင်ကြီးများ တည်ရှိ၏။ မြောက်ဘက်တွင်မူကား အသည်းနှလုံး တုန်လှုပ်ဖွယ်ကြီးပေတည်း။

ငင်းမျက်နှာ၌ ကျောက်တိုင်ကြီးအတွင်းသို့ အနည်းငယ် ကွေးညွတ်နေဟန် ရှိရကား အောက်၌ရှိသော မီးတောင်ထိပ်ဝကြီးသည် ကျွန်ုပ်တို့ အောက်တည့်တည့်ကြီးသို့ ရောက်နေသည့်သဏ္ဍာန် ရှိနေ၏။

သို့ဖြစ်၍ ကျောက်တိုင်ကြီးထိပ်ရှိ ကျောက်ဖျာကြီး၏ အစွန်းမှ ငုံ့ကြည့်လိုက်သည့်အခါ မီးတောင်ထိပ်ဝကြီးမှ မီးတောင်ကြီးအတွင်းသို့ တောက်လျှောက်ကြီး မြင်နိုင်လေရကား ဖွေးဖွေးဖြူ၍ ပွက်ပွက်ဆူလျက်ရှိသော ဓာတ်သတ္တုအမျိုးမျိုးတို့၏ အရည်များသည် သမုဒ္ဒရာ လှိုင်းတံပိုးသဖွယ် ပတ်ပတ်လည်နံရံတို့ကို မရပ်မနား ရိုက်ခတ်လျက် တဗွပ်ဗွပ် တပွက်ပွက် ရှိနေသည့်အတွင်း လှိုင်းကြက်ခွပ်သဖွယ် အလယ်ဗဟို၌ တွေ့ဆုံမိကြသည့် အခါများတွင်လည်း မီးရှူး မီးပန်းများကဲ့သို့ တရွှဲရွှဲတရှန်းရှန်း ငေါ့ပန်း၍ ထွက်ရာမှ အပြာ၊ အဝါ၊ အနီ၊ လိမ္မော်စသော အရောင်မျိုးစုံဖြင့် ထိပ်ဝဆီသို့ ပြေးတက်ထိုးထွက်လာကြလေကုန်၏။

တစ်ခါတစ်ရံ ဓာတ်ရည်များ၏မျက်နှာပြင်မှ ဆူပွက်ကာ တက်လာသောဓာတ်ငွေ့များသည် မီးတောက်ထိပ်မှ လွန်တက်လာ၍ လေနှင့် ထိတွေ့သည်နှင့်တစ်ပြိုင်နက် မီးတောက်ကြီးအဖြစ်သို့ ကူးစွဲတောက်လောင်ပြီးလျှင် ကျွန်ုပ်တို့မျက်နှာနှင့် တည့်တည့်တွင် မီးပြင်ကြီးသဖွယ် ထိန်ထိန်ဝင်းလျက် ရှိရကား ငင်း၏အလင်းရောင်သည် ကျောက်ဖျာ၏ အောက်တွင်ရှိသော အပေါက်ကြီးသို့ တိုးဝင်ဖောက်ထွင်း၍ ဝင်းဝင်းကြီး တန်းထွက်သွားသော ကြောင့် ကန္ဒတ္ထလွင်ပြင်ထက်တွင် အစင်းလိုက် အတန်းလိုက် တွေ့မြင်ရပေ၏။

ယခင်နှစ်က နှစ်ကြိမ် သုံးကြိမ်မှ ကျွန်ုပ်တို့ တွေ့မြင်ခဲ့ကြသော အလင်းရောင်မှာ ဤနည်းအတိုင်း ဖြစ်ပေါ်လာခြင်းပင် ဖြစ်လေသည်။

မီးတောင်ထိပ်ဝ၏ အပူရှိန်သည် လေကိုစုပ်ယူသည်ဖြစ်သောကြောင့် လေသည် တောင်ဖက်မှ မြောက်ဖက်သို့ အစဉ်တိုက်ခတ်လျက်ရှိရာ ထိပ်ဝအထက်၌ ဓာတ်ငွေ့များကို လောင်ကျွမ်းခြင်းအားဖြင့် ဖြစ်ပေါ်သော မီးတောက်ကြီးမှအပိုင်းအစများသည် ကျောက်ဖျာအောက်၌ရှိသော အပေါက်ကြီးထဲသို့ တရှိန်းရှိန်းမြည်ကာ တိုးဝင်ဖြတ်ထွက် သွားကြလေကုန်၏။

ထိုကဲ့သို့ မပြတ်အောင် တိုက်ခတ်လျက်ရှိသောကြောင့်သာလျှင် ကျောက်ဖျာထက်၌ ရပ်တည်နေနိုင်ခြင်း ဖြစ်ပေသည်။

ကျွန်ုပ်နှင့် မောင်စောနိုင်သည် လေထဲသို့ လွင့်စင်ပါသွားမည်စိုးသဖြင့် ကျောက်ဖျာပေါ်တွင် ဝပ်တွားလျက် ရှိကြသည်။

ဝတ်ဖြူစင်ကြယ်နှင့် ဘိုးသူတော်တစ်ရာခန့်တို့သည် ကျောက်ဖျာပေါ်တွင် စီတန်းကာ ပူဇော်ကန်တော့သည့်အနေဖြင့် ဒူးထောက်လျက် ရှိသည်ကို တွေ့မြင်ရလေ၏။

သို့ရာတွင် ကျွန်ုပ်တို့၏ ခရီးမှာ မဆုံးသေးသည်ဖြစ်၍ ဥရိပေါက ဆက်လက်ခေါ်ဆောင်သွားပြန်ရာ ကျောက်ဖျာ၏ တစ်ဖက်အစွန်းမှ လှေကား ထစ် ဆယ်ထစ်ခန့် ဆင်းသက်ရပြီးနောက် ကျောက်တောင်ကို ဖောက်ထွင်း ပြုလုပ်ထားသည့် ဂူကြီးတစ်ခုသို့ ရောက်ကြရလေ၏။

ဂူတွင်း၌ကား ပလ္လင်သဖွယ်ပြင်ဆင်ထားသည့် စင်မြင့်ကြီးတစ်ခုပေါ်၌ ခြေဆုံးခေါင်းဆုံး အဝတ်များဖြင့် ဖုံးအုပ်ထားသည့် တောင်ပေါ်သခင်မ ထိုင်လျက်ရှိရာ ဘဒ္ဒကုမာရီနှင့် ဇာမနိတို့သည် ပလ္လင်၏ လက်ဝဲဘက်၌ ရပ်လျက် ပလ္လင်၏ ရှေ့တည့်တည့်၌ကား နယ်စား၏အလောင်းပါရှိသော ခေါင်းကြီးသည် စင်းစင်းကြီးဖြစ်လျက်ရှိ၏။

ဏီ။ ။'ဧည့်သည်များ ရောက်လာကြပြီကိုး၊ နယ်စား အစဉ်အဆက်နှင့် တောင်ပေါ်သခင်မ အစဉ်အဆက်တို့ ဖုတ်ကြည်းသင်္ဂြိုဟ်တဲ့ ကမ္ဘာလောင်တိုက်ကို မြင်ကြရပြီလား'

နိုင်။ ။'မြင်ခဲ့ရကြောင်းပါ သခင်မ၊ ကျွန်ုပ်တို့ကို စိတ်ထင်မှာတော့ ကျွန်ုပ်တို့ ကြားဖူးတဲ့ ငရဲကြီးရှစ်ထပ်ဆိုတာ ဒီအပေါက်က သွားရတယ်လို့ ထင်မိပါတယ်။

ဏီ။ ။'ငရဲဆိုတာ ဥပမာစကားပါ မောင်စောနိုင်၊ နေရာသီးသန့်ရယ်လို့ ရှိတာမဟုတ်ပါဘူး၊ ငရဲရယ်၊ နတ်ပြည်ရယ် ဆိုတဲ့ဟာတွေဟာ ဒီမှာ

အားလုံးရှိတာပေါ့ မောင်စောနိုင်’ ဟု ပြော၍ ရင်ဘတ်ကို တီးပြလေ၏။ ၎င်းနောက်ဆက်လက်၍ ...

ဏီ။ ။‘ကိုင်း သန်းခေါင်ကျော်သွားပြီ၊ အရဏ်မတက်မီ ဆောင်ရွက်စရာအလုပ်တွေ အပုံပဲ များတယ်၊ အလုပ်စကြဦးစို့ ဥရိပေါ၊ သွားလေသူ နယ်စားရဲ့ တရားလိုကို သွင်းခဲ့၊ ကိုင်း တရားရုံး ဖွင့်စေ’

ပ၃၉ပ

## မျက်နှာဖုံး လှစ်ခြင်း

ဥရိပေါသည် အပြင်သို့ ထွက်သွား၍ ဖိုးသူတော်နှင့်သီလရှင် တစ်ရာ ခန့်တို့သည် ဖြည်းညင်းစွာ ဝင်လာကြပြီးလျှင် ပလ္လင်၏ လက်ဝဲ၊ လက်ယာတွင် စီတန်းကာရပ်နေကြရာ မကြာမီအတွင်း အဝတ်နက်ဝတ်သော လူတစ်ယောက် နှင့် အဝတ်ဖြူဝတ်ဆင်သော လူတစ်ယောက်သည် ဂူတွင်းသို့ဝင်လာ၍ အဝတ် နက်သည် ခေါင်း၏ လက်ဝဲ၌လည်းကောင်း၊ အဝတ်ဖြူသည် ခေါင်း၏ လက်ယာဘက်၌လည်းကောင်း အသီးသီးရပ်နေကြ၏။

ထိုအခါ တောင်ပေါ်သခင်မသည် ရာဇလှံတံကို မြှောက်လျက် ဦးခေါင်း ညိတ်လိုက်ရာ ခေါင်း၏ ခြေရင်းတွင်ရပ်နေသော ဥရိပေါက အဝတ်နက်အား 'အမှုဖွင့်ပါလော့' ဟု ပြောလိုက်လေ၏။

အဝတ်နက်သည် လက်တွင်ကိုင်ထားသော ပုရပိုက်တစ်ဆူ ဖွင့်၍ ပြလေရာ နယ်စား ငယ်ရွယ်စဉ်မှစ၍ သေဆုံးသည့်တိုင်အောင် မကောင်းသော အပြုအမူ၊ မကောင်းသောစကား၊ မကောင်းသောအကြံအစည်၊ ဟူသမျှတို့ကို အံ့သြဘနန်းစုံလင်စွာ ဖော်ပြပါရှိလေ၏။

နောက်ဆုံး အဖြစ်အပျက်မှာ ကျွန်ုပ်တို့အား ခွေးများဖြင့်တိုက်ခြင်း အကြောင်းပင်ဖြစ်၍ ခါးရိုးကျိုး၍ သေရပုံများကို ဖော်ပြထားချေသေး၏။

နောက်ဆုံး အဝတ်နက်သည် ပုရပိုက်ကိုပိတ်၍ ကြမ်းပေါ်သို့ ပစ်ချ ပြီးနောက် ...

'ဤလူ၏ အပြစ်များကား ဤသို့ပေတည်း၊ တောင်ပေါ်သခင်မ၏ သဘောအတိုင်း စီရင်တော်မူပါ' ဟု ပြောလေ၏။

သခင်မသည် မည်သို့မျှမပြောဘဲ အဝတ်ဖြူအား လုံတံဖြင့် ညွှန်ပြလေရာ ခေါင်း၏ လက်ယာဘက်၌ရပ်နေသော အဝတ်ဖြူသည် ပုရပိုက်ကိုဖွင့်၍ ဖတ်ပြပြန်လေ၏။

ထိုအခြင်းအရာမှာကား နယ်စား၏ ကောင်းမြတ်သော အပြုအမူ၊ အပြောအဆိုနှင့် အကြံအစည်များ သက်သက်ဖြစ်သည့်ပြင် နောက်ဆုံး၌ မကောင်းသော အပြုအမူများ ကျူးလွန်ခဲ့မိခြင်းမှာလည်း ဘဒ္ဒကုမာရီ၏ ကောက်ကျစ်စဉ်းလဲသော ဝက်ံနှာဉာဏ်ကြောင့် ဖြစ်ရကြောင်းနှင့် ထုချေထားသေး၏။

ဘဒ္ဒကုမာရီသည် တန်ခိုးသြဇာကိုမက်မောသည့်အတွက် နယ်စားအား လက်ထပ်ဖြားယောင်းပြီးနောက် လက်ထပ်သည့်ညဥ္စပင် ရှူးဆေးကိုတိုက်၍ ချစ်သူကို မုန်းအောင် ပြုလုပ်လိုက်ကြောင်း၊ လူရူးတစ်ယောက်၏ အဖြစ်များမှာ ကာယကံရှင်ကိုယ်တိုင် မခံထိုက်ဘဲ ရူးအောင်ပြုလုပ်သူ၏ တာဝန်သာလျှင် ဖြစ်ထိုက်ကြောင်းများနှင့်လည်း လျှောက်လဲသေး၏။

နောက်ဆုံး၌ အဝတ်ဖြူသည် ပုရပိုက်ကိုပတ်၍ ကြမ်းပေါ်သို့ပစ်ချပြီးလျှင် ...

'ဤသည်တို့ကား ဤလူ၏ ကောင်းမှုများပေတည်း၊ သခင်မ သဘောအတိုင်း စီရင်တော်မူပါ' ဟု ပြောလေ၏။

ထိုအခါ ဘဒ္ဒကုမာရီသည် မိမိအား စွပ်စွဲချက်များကို ရှင်းလင်းချေပလိုဟန်နှင့် စကားပြောမည်ပြုရာ သခင်မက ...

'သင်၏အလုပ် မဟုတ်သေး၊ သင်ကိုယ်တိုင် ဤအဖြစ်သို့ ရောက်သည့်အခါ ဤပလ္လင်တွင် ထိုင်မည့်သူက သင်၏ အမှုကို စစ်ဆေးဆုံးဖြတ်လိမ့်မည်' ဟု ပြောလိုက်သည်နှင့် ဘဒ္ဒကုမာရီက ...

'ဒါဖြင့် ရှိစေ' ဟု ခပ်ဆတ်ဆတ်ပြောကာ ပြန်ဆုတ်သွားလေ၏။

ထိုအခါ ဥရိပေါက ...

'ဆုံးဖြတ်တော်မူပါ သခင်မ၊ ဤလူ၏ခေါင်းကို ခြေထောက်ဘက်မှ ပစ်ချရမည်လော၊ ဦးခေါင်းဘက်မှ ပစ်ချရပါမည်လေ၊ မိန့်တော်မူပါ' ဟု ဆို၏။

ဏီ။ ။'ကျွန်ုပ်ကား ကြားနာ၏၊ နိုင်းချိန်နိုင်၏၊ ခန့်မှန်းနိုင်၏၊ သို့သော် ဆုံးဖြတ်ရန်ကား မတတ်နိုင်၊ ဆုံးဖြတ်ခြင်းကိုကား ကျွန်ုပ်အထက်မှ ပြုပါလိမ့်မည်၊ ဤလူ၏ အဖြစ်အပျက်များ ကား ကြီးလေးသည်မှန်၏၊ သို့သော် ဤလူ ခံရသော နစ်နာချက်များလည်း များပါပေသည်၊ သို့ဖြစ်၍ ဤလူကို ခြေထောက်မှပစ်ချရန် ကျွန်ုပ် အမိန့်ချမှတ်သည်' ဟု ပြောလေ၏။

ထိုအခါ အဝတ်နက်နှင့် အဝတ်ဖြူတို့သည် မိမိတို့၏ ပုရပိုက်များကို မီးတောက်ထဲသို့ ပစ်ချလိုက်၏။

ၛင်းနောက် ဖိုးသူတော်ခြောက်ယောက်တို့သည် ခေါင်းကို ဂူ၏ အစွန်းသို့ ချီယူသွားကြရာ တောင်ပေါ်သခင်မ လုံကို မြှောက်ကာ အချက်ပေး လိုက်သည်နှင့် တစ်ပြိုင်နက် ဖိုးသူတော်များသည် နယ်စား၏ခေါင်းကို ခြေထောက်ဘက်မှ မီးတောင်ထဲသို့ ပစ်ချလိုက်ကြလေ၏။

ခေါင်းသည် ပစ်ချလိုက်သည့်အတိုင်း ထောင်လျက်သားကျသွား၍ ဓာတ်ရည်တို့ဖြင့် ပွက်ပွက်ဆူလျက်ရှိသော မီးတောင်ထဲတည့်တည့်ကြီး ထိုးဝင်ကာ နစ်မြုပ်သွားလေတော့၏။

(ထုံးစံမှာကား မကောင်းမှု အားကြီးလျှင် ဇောက်ထိုးချရ၏၊ ကောင်းမှု ဘက်ကို ပိုမိုလျှင် ခြေရင်းဘက်မှ ထိုးချရ၏၊ တစ်ခါတစ်ရံ အဆုံးအဖြတ် မှားယွင်းသည့်အခါ ခေါင်းသည် ချာလပတ်လည်ကာ ပြောင်းပြန်ဖြစ်သွား တတ်သည်ဆိုရာ နယ်စားကိစ္စတွင်မူကား ပစ်ချလိုက်သည့်အတိုင်း တည့်တည့် ကြီး ကျသွားသောကြောင့် အဆုံးအဖြတ် မှန်ကန်သည်ဟု ယူဆကြ၏။)

ထူးဆန်းလှသော အခြင်းအရာမှာ သေသူ၏ အပြုအမူများသာမက တိတ်တဆိတ် စိတ်ကူးမိသော အကြံအစည်များကို စုံလင်စွာ ဖော်ထုတ် စွပ်စွဲခြင်းပင်ဖြစ်ရာ သာမည သူလျှိုများထားကာမျှနှင့် ထိုမျှလောက် စစ်စစ် ပေါက်ပေါက်သိရှိနိုင်ဖို့ ခဲယဉ်းလှသောကြောင့် ပရစိတ္တ ဝိဇာနန (သူတစ်ပါး၏ အကြံအစည်ကို သိခြင်း)ခေါ် အသိဉာဏ်မျိုး၏ အကူအညီ ပါသည် မပါသည် ကို ဆုံးဖြတ်ရန် ခဲယဉ်းလှပေ၏။

နယ်စား၏ ဈာပနကိစ္စပြီးလတ်သော် ကျွန်ုပ်တို့မှာ ယမန်နေ့က တောင်ပေါ်သခင်အား မေးထားသော မေးခွန်း၏အဖြေကို သိရချေတော့အံ့ဟု ရင်ဖိုလှိုက်ကာ နေကြလေ၏။

တောင်ပေါ်သခင်မမှာလည်း ပလ္လင်ပေါ်၌ တွေဝေငြိမ်သက်စွာ ထိုင်နေ ခြင်းကို မြင်ရခြင်းအားဖြင့် အဖြေနှင့်ပက်သက်၍ ကျွန်ုပ်တို့နည်းတူ စိတ်၌ ထိခိုက်ခြင်းရှိသည့်အဖြစ်ကို သိရှိနိုင်လေ၏။

ကိစ္စပြီးသည်နှင့် တစ်ပြိုင်နက် သခင်မသည် ဖိုးသူတော်များနှင့် သီလရှင်များကို ထွက်သွားစေ၍ ၎င်း၏အပါးတော်မြဲ သီလရှင် ပါပဝတီနှင့် ဥရိပေါ်နှစ်ဦးတို့ကိုသာ ချန်နေရစ်စေ၏။

သို့ဖြစ်၍ ဂူအတွင်း၌ ကျွန်ုပ်တို့ တူဝရီး၊ ဘဒ္ဒကုမာရီနှင့် ဇာမနိ၊ ဥရိပေါ်နှင့် ပါပဝတီတို့သာ ရှိကြလေတော့၏။

ကျွန်ုပ်တို့သည် သခင်မ၏ရှေ့၌ ရပ်လျက်ရှိကြသောအခါ သခင်မသည် ပါပဝတီ တစ်ဦးတည်းကိုသာ ပြောသော အခြေအနေမျိုးဖြင့် ...

ဏီ။ ။'နှားထောင်စမ်း ပါပဝတီ၊ ဟောဒီဧည့်သည်များ ဆိုက်ရောက် လာခြင်းကို အကြောင်းပြုပြီး ငါတို့ဌာနမှာ အကြီးအကျယ် အပြောင်းအလဲတွေ ဖြစ်ပေါ်မယ့် လက္ခဏာရှိတယ်၊ ငါ့မှာ ဘယ်တန်ခိုးသတ္တိတွေ၊ ဘယ်လို အသိဉာဏ်တွေ ရရှိထားတယ် ဆိုတာ ပါပဝတီ သိတယ်နော်'

တီ။ ။'မှန်လှပါ သိကြောင်းပါ'

ဏီ။ ။'မတော်လို့များ ဒီနေရာမှာ ငါ ဆက်လက်ပြီး အမှုမထမ်းနိုင်လောက်အောင် တစ်စုံတစ်ခု ဖြစ်ပျက်ခဲ့သော် သင်က ဆက်လက်ပြီး အမှုထမ်းရစ်ဖို့ သင်ပြပြီးပြီနော် ပါပဝတီ'

တီ။ ။'မှန်လှပါ၊ ဆရာကောင်းတပည့်ပီပီ အမှုထမ်းရစ်ဖို့ သွန်သင်ပြီးပါပြီ သခင်မ'

ဏီ။ ။ဒီပြင်တစ်ခုက မတော်တဆ ငါကိုယ်တိုင် တိမ်းပါးယိမ်းပါး ဖြစ်သွားခဲ့သော် ဧည့်သည်နှစ်ယောက်ကို သည်အရပ်မှ ပြန်ပို့ဖို့ ဥရိပေါက တာဝန်ခံမယ်၊ မတော်လို့များ ဘဒ္ဒကုမာရီက တားဆီးနှောင့်ယှက်ခဲ့ရင် တောင်ခြေမှာရှိတဲ့ လူရိုင်းတပ်ကို စုဆောင်းပြီး ခုခံတွန်းလှန်ပေးရမယ်၊ ကြားလား ဥရိပေါ'

ပေါ။ ။(ငိုသံပါနှင့်) 'မှန်လှပါ သခင်မ'

ဏီ။ ။'ဘဒ္ဒကုမာရီက ဒီလိုများ ကိုရိုးကားရားလုပ်ရင် သူ့ကို ရာထူးမှ ချပြီး တိုင်းပြည်က နှင်ထုတ်ကြရမယ်၊ ကြားလား'

ပေါ။ ။'မှန်လှပါ'

၎င်းနောက် တောင်ပေါ်သခင်မသည် ၎င်းတို့၏ ကိစ္စပြီးသည့်သဘောနှင့် လက်ဖြင့်ယမ်းလိုက်ရာတွင် ဥရိပေါနှင့် ပါပဝတီတို့လည်း နောက်သို့ ဆုတ်ကာ ရပ်နေကြလေ၏။ ထို့နောက် ဘဒ္ဒကုမာရီဘက်သို့လှည့်၍ ...

ဏီ။ ။'ဘဒ္ဒကုမာရီ၊ ဒီလူကိုမြင်ကတည်းက စင်စစ်မှာ မမြင်ရခင် ကတည်းက မရလျှင်မနေနိုင် ဆိုတဲ့သဘောမျိုးနဲ့ ငမ်းငမ်း တက်အောင် စွဲမက်ချစ်ခင်မိခြင်းဟာ ဘဝ ဘဝက ဘယ်လို ရေစက်၊ ဘယ်လို ဖူးစာများ ပါခဲ့လို့ပါလဲလို့ ကျွန်ုပ်ကို သင်မေးထားတယ် မဟုတ်လား'

ရီ။ ။'ကျွန်ုပ်က မေးလို့ သခင်မက ဖြေဖို့ ကတိထားခဲ့ပါတယ်၊ ယခု ပြောပါ၊ ကျွန်ုပ် သိပါရစေ'

ဏီ။ ။'သံသရာအဆက်ဆက် ဖြစ်ပျက်ခဲ့သမျှတွေကို အကုန်အစင် သိနိုင်ဖို့လည်း ခဲယဉ်းမယ်၊ သိပြန်ရင်လည်း ပြောကောင်းမှ ပြောကောင်းမယ်၊ သို့သော် ကျွန်ုပ် သိရှိရသမျှ နောက် ဆုံမိကြတဲ့ဘဝမှာ အရေးကြီးတဲ့ အဖြစ်အပျက်များကို သင်တို့ သိရအောင် ကျွန်ုပ် ရှင်းပြမယ်၊ ကြည့်ကြ၊ ကြည့်ကြ၊'

ဟု ပြောပြီးသည်နှင့်တစ်ပြိုင်နက် သခင်မသည် နတ်ပူးဝင်သည့်အလား တစ်ကိုယ်လုံးဆတ်ဆတ်တုန်လာပြီးလျှင် ...

'နောက်လှည့်ကြည့်ကြစမ်း' ဟု ပြောလိုက်လေ၏။

ကျွန်ုပ်တို့သည် ခိုင်းစေသည့်အတိုင်း နောက်သို့လှည့်ကြည့်လိုက်ရာတွင် ပထမ၌ မီးတောင်ဝမှ လွန့်တက်လာသည့် ခတ်ခိုးခတ်ငွေ့များကို မီးလောင်ခြင်းအားဖြင့် ယပ်တောင်ကြီးသဖွယ် ကားကားကြီးရှိသော မီးပြင်ကြီးမှ တစ်ပါး ဘာကိုမျှ မမြင်ရချေ။ သို့ရာတွင် ကျွန်ုပ်တို့သည် စိုက်ကြည့်နေကြစဉ် ရုပ်ရှင်ပိတ်ကားသဖွယ်ရှိသော မီးပြင်ကြီး၏အလယ်၌ အရိပ်ပုံသဏ္ဍာန်များ ထင်ရှားစ ပြုလာလေ၏။

ရှေးဦးစွာ ဘုန်းကြီးကျောင်းတစ်ကျောင်းပေါ်လာ၍ ရဟန်းတော်များသည် စာပေ သင်အံပို့ချခြင်း၊ ဝတ်ဖြည့်ခြင်း၊ သင်္ကန်းလျှော်ဖွပ်ခြင်း စသည်ဖြင့် အမျိုးမျိုး အလုပ်လုပ်လျက်ရှိကြ၏။

ရဟန်းတော်တစ်ပါးသည် ကျောင်းသင်္ခမ်းမှ သပိတ်တစ်လုံးကို လွယ်လျက် ထွက်သွား၏။

တိုက်တစ်တိုက်သို့ရောက်သောအခါ တိုက်ရှေ့၌ ရပ်ကာ ဆွမ်းခံနေသည်တွင် ၎င်း၏မျက်နှာသည် ကျွန်ုပ်တို့ဘက်သို့ လှည့်လျက်ရှိရကား ရဟန်းတော်မျက်နှာမှာ မောင်စောနိုင် အရွယ်ကောင်းစဉ်ကအတိုင်း ချွတ်စွပ်သကဲ့သို့ တူညီလှသောကြောင့် မောင်စောနိုင်က ...

'ကြည့်စမ်း ဦးလေး၊ ကြည့်စမ်း ကြည့်စမ်း' ဟု ကမန်းကတန်း ဟစ်အော်လိုက်သေး၏။

တစ်ခဏမျှကြာသော် တိုက်ပေါ်မှ ဂါဝန်ဝတ် ကုလားမတစ်ယောက် ဆွမ်းဇလုံကြီးနှင့် ဖွန်းပါ အပြည့်အစုံဆောင်ယူကာ ရဟန်းတော်အား ဆွမ်းလောင်း၏။

ယင်းသို့လောင်းစဉ် ကုလားမ၏မျက်နှာသည် ကျွန်ုပ်တို့ဘက်သို့ လှည့်လျက်ရှိရကား ၎င်း၏ မျက်နှာမှာ ဘဒ္ဒကုမာရီ၏ မျက်နှာအတိုင်း တစ်သဝေမတိမ်း တူညီလှပေ၏။

ကုလားမသည် ဆွမ်းလောင်းပြီးရုံနှင့် ပြန်တက်မသွားသေးဘဲ ပြီတီတီ ပြုံးစိစိ မျက်နှာထားနှင့် ရဟန်းတော်အား ရိတိတိ ကြည့်နေသေး၏။

ရဟန်းတော်မှာ ကြည့်လည်း ကြည့်လိုဟန်ရှိ၏။ ဣန္ဒြေပျက်မည်ကို လည်း စိုးရိမ်လျက်ရှိ၏။

နောက်ဆုံး၌ စိတ်ကိုချုပ်တည်း၍ ခြေလှမ်းခပ်သုတ်သုတ်နှင့် ပြန်ထွက်သွားရာ မိန်းမမှာမူ အဝေးသို့ရောက်အောင် ပြုံးလျက်ငေးကြည့်နေသေး၏။

၎င်းနောက်ကား ပြောင်းသွား၏။ ဘုန်းကြီးကျောင်းနောက်ဖေးတွင် ယခင်မိန်းမသည် သစ်တစ်ပင်ကိုမှီလျက် စောင့်နေ၏။ စိုးရိမ်ကြောင့်ကြဟန်နှင့် ထိုမှ ဤမှ လှမ်းမျှော်ကြည့်ရှုနေလေ၏။

တစ်ခဏမျှကြာသော် မောင်စောနိုင်နှင့်တူသော ရဟန်းတော်သည် ကျောင်းပေါ်မှဆင်းလာ၍ သစ်ပင်အောက်တွင် နှစ်ယောက်သား တွေ့ဆုံကြ၏။

ဘဒ္ဒကုမာရနှင့်တူသော မိန်းမသည် ကုတ်ကာ စဉ်းစားနေသေး၏။ ကျောင်းသို့ လှည့်ချည်တစ်ခါ၊ မိန်းမ၏ မျက်နှာကို ကြည့်ချည်တစ်လှည့် ဖြစ်နေ၏။

နောက်တစ်ကြိမ် အကြည့်တွင် မိန်းမသည် ပြုံးလိုက်လေရကား ရဟန်းသည် ကောက်ကောက်ပါအောင် လိုက်သွားလေတော့၏။

၎င်းနောက်ကား ပြောင်းသွားပြန်၏။ ဂူကြီးတစ်ခုအတွင်း မီးတောက်ကြီးတစ်ခုသည် ဟုန်းဟုန်း တောက်လျက်ရှိ၏။

မီးတောက်အနီး၌ကား မောင်စောနိုင်နှင့်တူသော ရဟန်းလူထွက်နှင့် အခြားမိန်းမနှစ်ယောက် ရပ်လျက်ရှိကြ၏။

တစ်ယောက်မှာ ဘဒ္ဒကုမာရီနှင့်တူသော မိန်းမဖြစ်၍ အခြားတစ်ယောက်မှာ ဃလဟဂ္ဂပြည်မှ ဂူကြီးအတွင်း ကျွန်ုပ်တို့တွေ့ခဲ့ကြသည့် နတ်သမီးတမျှ ချောမောလှပသော ရှုပနန္ဒီ ဖြစ်၏။

ရှုပနန္ဒီမှာ ဆံပင်ကို ဖားလျားချထားခြင်းမှတစ်ပါး အဝတ်အစား မရှိချေ။

သို့ရာတွင် ၎င်းဆံပင်မှာ အလွန်တရာ ထူထပ်ရှည်လျားလေရကား ကာလပေါ်အကျီပါးများထက်ပင် အရှက်ကို ကာကွယ်ဖုံးအုပ်နိုင်ပေ၏။

ရှုပနန္ဒီသည် မီးပုံထဲသို့ ဆင်းသော်လည်း မီးတောက်များသည် ၎င်းအား အလျဉ်းလောင်ကျွမ်းခြင်း မရှိသည့်အပြင် ယခင်ကတည်းကပင် နုပျိုပြေပြစ်ခြင်းရှိသည်ဟု မှတ်ထင်ရ၏။

မိမိဆင်းပြီးသည့်နောက် ရှုပနန္ဒီသည် မောင်စောနိုင်နှင့်တူသောလူကို မီးပုံထဲသို့ဆင်းရန် တိုက်တွန်းရာ ထိုသူသည် ယုံမှားခြင်း ဖြစ်ဟန်နှင့် တွန့်ဆုတ်သွားပြီးလျှင် ဘဒ္ဒကုမာရီနှင့်တူသော မိန်းမကို ဖက်ထား၏။

ထိုအခါ ရှုပနန္ဒီသည် အနီးတွင်ချထားသော ဓားမြှောင်ကို ကောက်ယူ၍ ထိုသူ၏ရင်ဘတ်ကို ထိုးစိုက်လိုက်ရာ နေရာ၌ပင် ပွဲချင်းပြီး သေရှာလေတော့၏။

လူရိပ်သဏ္ဌာန်များသည် မီးပြင်ကြီးပေါ်မှ ကွယ်ပျောက်သွားကြသော အခါ ...

ဏီ။ ။'ဘယ့်နှယ်လဲ ဘဒ္ဒကုမာရီ၊ သင့်မေးခွန်းကို ဖြေပြီးပြီလား'

ရီ။ ။'တစ်ယောက်သောမိန်းမက ကျွန်ုပ်ဆိုပါတော့၊ ဟုတ်ပါပြီ၊ ဟိုတစ်ယောက်က ဘယ်သူလဲ သခင်မ'

ဏီ။ ။'တစ်ယောက်က ရှုပနန္ဒီတဲ့၊ ယောကျ်ားရဲ့နာမည်က ရှင်ကုမာရတဲ့၊ အဆင်းမှာ ဇကေဒင်ရတဲ့ ရှင်ကစ္စည်းရဲ့ ညီတော်ပေါ့၊

သူ့အစ်ကိုကလွဲရင် ဟိုအခါတုန်းက သူ အချောဆုံးပေါ့၊ ခုကာလစကားနဲ့ ပြောရရင် နံပါတ်နှစ် ဆိုပါတော့’

ရီ။ ။‘နေပါဦး သခင်မ၊ ရှင်ကုမာရကို လူထွက်အောင် ကျွန်ုပ် ဖြားယောင်းခဲ့ရပြီး ရူပနန္ဒီက ဘယ်က ပေါ်လာသလဲ သိပါရစေ’

ဏီ။ ။‘ကိုင်း ကိုင်း၊ ကြည့်ကြပါဦး ကြည့်ကြဦး၊ လှည့်ကြည့်ကြဦး’

ကျွန်ုပ်တို့သည် မီးပြင်ကြီးရှိရာသို့ လှည့်ကြည့်ကြပြန်လေသည်။

တစ်ခဏမျှကြာသောအခါ ရဟန်းလူထွက် ရှင်ကုမာရနှင့် ဘဒ္ဒကုမာရီ နှင့်တူသော မိန်းမသည် တောခရီး၌ လျှောက်လာကြစဉ် မြွေတစ်ကောင်သည် ယောကျ်ားကို ကိုက်လိုက်၏။

ယောကျ်ားသည် မြေပေါ်တွင် တွန့်လိမ်လူးလိမ့်ပြီးနောက် အသက်ကုန် သကဲ့သို့ ငြိမ်၍သွား၏။ မိန်းမသည် ယောကျ်ားအနီးတွင်ထိုင်ကာ ဟစ်အော် ငိုကြွေးလျက်ရှိ၏။

ထိုအခဏ၌ ရူပနန္ဒီသည် နှင်တံပမာဏရှိသော တုတ်တစ်ချောင်းကို ကိုင်လျက် လျှောက်လာရာ လင်မယား နှစ်ယောက်ကို မြင်ရ၏။ မိန်းမသည် ရူပနန္ဒီ၏ ခြေကိုဖက်ကာ တောင်းပန်၏။

ရူပနန္ဒီသည် ယောကျ်ား၏မျက်နှာကို မြင်လိုက်ရသည်နှင့် တစ်ပြိုင် နက် နှစ်သက်သောအမူအယာ ရှိ၏။ ထို့နောက် မိန်းမနှစ်ယောက်သည် အတန်ကြာတိုင်ပင်နေကြလေ၏။

နောက်ဆုံး၌ ရူပနန္ဒီသည် ခါးတွင်လွယ်ထားသော အိတ်ကလေးမှ ဆေးတောင့်တစ်တောင့်ကိုထုတ်၍ ယောကျ်ား၏ ခံတွင်းသို့ ခွံ့လိုက်လေ၏။

အတန်ငယ်ကြာလတ်သော် ယောကျ်ားသည် လဲနေရာမှ ထထိုင်၍ မျက်စိများကို ပွတ်သပ်ပြီးလျှင် မိန်းမအား မေး၏။

မိန်းမက လက်ညှိုးညွှန်ပြ၍ အဖြစ်အပျက်ကို ပြောပြ၏။ ထို့နောက် ပုံသဏ္ဌာန်များသည် ကွယ်ပျောက်သွားလေ၏။

ဏီ။ ။'ရူပနန္ဒီဆိုတဲ့ မိန်းမဟာ သင်တို့မြင်တဲ့အတိုင်း ရုပ်ဆင်း သဏ္ဍာန်နဲ့ပြည့်စုံသော်လည်း လင်သားမယူဘဲ မိန်းမပညာရှိ လုပ်နေတဲ့ မိန်းမတစ်ယောက်ပဲ၊ ရှေးစာဟောင်းများအရ အသက်မသေနိုင်တဲ့ မီးတောက်မျိုး ဃလဟဂ္ဂပြည်က တောင် ခေါင်းထဲမှာရှိတယ်ဆိုလို့ သွားရာမှာ သူတို့လင်မယားတွေနဲ့ တွေ့စဉ်က ကုမာရီမှာ မြွေကိုက်၊ မြွေဆိပ်မွန်ပြီး သေတော့ မယ်လို့ဖြစ်နေ၊ ကုမာရဲ့မျက်နှာကို မြင်မြင်ချင်း ဘယ် ယောက်ျားကိုမှ မစုံမက်နိုင်ပါဘူးဆိုတဲ့ ရူပနန္ဒီက မေတ္တာရှိ၊ ဒီတော့ကာ ယောက်ျားရောဂါကို ကုပေးမယ်၊ ပျောက်ခဲ့လို့ ရှိရင် သူ့ကိုပေးမလားလို့မေး၊ မိန်းမက ယောက်ျားကို မပေးနိုင်၊ ယောက်ျားကိုယ်တိုင်ကလဲ ရူပနန္ဒီရဲ့ ရုပ်အဆင်းကို မြင်တော့ တမ်းတမ်းစွဲဖြစ်ပြီး မခွဲနိုင် မခွာနိုင်ဖြစ်၊ ဃလဟဂ္ဂပြည်ကို သုံးယောက်သားသွား၊ ရူပနန္ဒီရဲ့ အကြံက ကုမာရနဲ့ သူနဲ့ အသက်ရှည်အောင် မီးပုံဆင်းပြီး မိန်းမတို့ ဥပါယ်တံမျဉ်နဲ့ ပြန်လွှတ်ဖို့ စိတ်ကူးထားတဲ့အတွင်းမှာ သင်တို့မြင်ခဲ့တဲ့အတိုင်း ကုမာရက ရူပနန္ဒီမီးပုံးထဲက ထွက် လာတာ မြင်ရုံနဲ့ လန့်ပြီး သူ့မိန်းမကို လှမ်းဖက်လေတော့ ရူပနန္ဒီက ဓားမြှောင်နဲ့ ထိုးသတ်လိုက်တယ်ဟုတ်လား၊ ဒီကတည်းက ရူပနန္ဒီမှာ ကုမာရ လာနိုးနိုးနဲ့ စောင့်နေလိုက်တာ နှစ်ပေါင်းနှစ်ထောင် ကျော်ပါလေရော၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကမှ ကုမာရက မောင်စောနိုင်အဖြစ်နဲ့ မောင်ဖိုးထော်နဲ့ အတူတူ ဂူဆီကို ရောက်လာကြတယ် ဟုတ်လား'

နိုင်။ ။'ဒီဟာတော့ ကျွန်ုပ်တို့ သိပါပြီ'

ဏီ။ ။'ရောက်လာကြလို့ မီးပုံထဲကို ဒုတိယအကြိမ်ဆင်းကြမယ်လို့ သွားရာမှာ မောင်စောနိုင်က ရွံ့တွန့်တွန့်လုပ်နေလို့ ရူပနန္ဒီက ဆင်းပြရာမှာ နတ်သမီးတမျှ လှပချောမောတဲ့ မိန်းမ တစ်ယောက်ဟာ အမယ်အိုကြီးဖြစ်ပြီး သင်တို့ရှေ့မှောက်တင် အသက်ပျောက်သွားတယ် ဟုတ်လား'

နိုင်။ ။'မှန်ပါတယ်၊ သို့သော် သေခါနီးမှာ မှာသွားသေးတယ်'

ဏီ။ ။'ဟုတ်လား၊ မှာသွားတယ်နော်၊ ဘယ်လိုမှာသလဲ၊ ကျွန်ုပ် ပြန်လာပါဦးမယ်၊ စောင့်နေရစ်ပါတဲ့၊ ဟုတ်စ'

နိုင်။ ။'ဟုတ်ပါတယ်၊ သခင်မ'

ဏီ။ ။'မှာသွားတဲ့အတိုင်း သင်က စောင့်နေရာမှာ သင်တို့ နှစ်ယောက်စလုံး အိပ်မက်ပြီး အိပ်မက်ထဲမှာ သွားရာလမ်းစဉ် ကို အားလုံးမြင်ရတယ် ဟုတ်လား'

နိုင်။ ။'မှန်ပါတယ် သခင်မ'

ဏီ။ ။'ခရီးစဉ်ကို မြင်ရလို့ သင်တို့လိုက်လာကြရာမှာ လမ်း တစ်လျှောက်လုံး သင်တို့မသိဘဲ ရူပနန္ဒီက သူ့တန်ခိုးနဲ့ ကာကွယ်စောင့်ရှောက် ပေးလာလို့ နောက်ဆုံးတစ်နေ့မှာ သင် တို့ သူ့ထံမှောက်သို့ ဆိုက်ရောက်လာကြတယ် ဟုတ်လား'

နိုင်။ ။'ဆိုက်ရောက်လာတာတော့ ဟုတ်ပါပြီ၊ ဒါဖြင့် သခင်မဟာ ရူပနန္ဒီပဲလား၊ ဟုတ်တယ်လို့ ဆိုရင် ကျွန်ုပ်တို့တွေ့ဖူးတဲ့ ရူပနန္ဒီနဲ့ မတူဘဲ အသံကလဲပြောင်း၊ လူကလဲ သေးကွေး လှချေတကား၊ မှန်မှန်ပြောပါ သခင်မ၊ ရူပနန္ဒီ ဟုတ်သလား၊ မဟုတ်ဘူးလား'

ဏီ။ ။'မှန်ပါတယ်၊ မောင်စောနိုင်၊ ဃတဟဂ္ဂပြည်က ဂူကြီးထဲမှာ သင် တွေ့ခဲ့လို့ စောင့်ရစ်ပါဦးလို့ မှာသွားတဲ့ ရူပနန္ဒီဟာ ကျွန်ုပ်ပါပဲ'

ရီ။ ။'လိမ်တာ လိမ်တာ၊ ဘာမှမဟုတ်ဘူး၊ ရှင် တွေ့ခဲ့တာက အနှစ်နှစ်ဆယ် ရှိသေးတယ်ဆို၊ ဒီသခင်မက ဒီနေရာမှာ သခင်မလုပ်နေတာ အနည်းဆုံး အနှစ်တစ်ထောင်ကျော်ရှိပြီ၊ ကိုင်းလေ၊ မဟုတ်လား ငြင်းနိုင်သေးရဲ့လား'

ထိုအခါ သခင်မသည် ဥရိပေါဘက်သို့လှည့်၍ ...

ဏီ။ ။'ဥရိပေါ၊ ဘဒ္ဒကုမာရီ ပြောနေတဲ့ သခင်မကြီးအကြောင်းကို ပြောလိုက်စမ်းပါ'

ထိုအခါ ဥရိပေါသည် ဦးခေါင်းကို ညွတ်ပြီးနောက် ပြောနေကျ ဖြစ်သည့် တည်ငြိမ်သောအသံဖြင့် ပြောပြသည်မှာ ...

ပေါ။ ။'လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ခန့်က (ဤနေရာကို ၎င်း တိုင်းပြည်၏ ခုနှစ်သက္ကရာဇ်နှင့်လ၊ နေ့ရက်များကို ဖော်ပြ သည်။) တောင်ပေါ်သခင်မကြီး ဓမ္မစာရီဆိုသူ မကျန်းမမာ ဖြစ်ပြီး အသည်းအသန် ရောဂါအပြင်းဖမ်းပါတယ်၊ ၎င်းနေ့ ညမှာ ဇီဝိတိန္ဒြေ ချုပ်လိမ့်မယ်လို့ မှတ်ထင်သည့်အတွက် အကြီးအမှူးဖြစ်တဲ့ ဖိုးသူတော်များနှင့် သီလရှင်များ အနီး အနားမှာ စောင့်ရှောက်ကြပါတယ်၊ သခင်မကြီးဟာ အကြော တွေဘာတွေ ဆွဲပြီး အသက်ထွက်တော့မယ် လုပ်ပြီးမှ တဖြည်းဖြည်း အသက်မှန်မှန်ရှူလာပြီး မျက်လုံးတွေ ဘာတွေ ကြည်ကြည်လင်လင်နဲ့ ဖွင့်ကြည့်ပါတယ်၊ ထိုအခါမှာ ကျွန်ုပ် တို့အားလုံး အံ့သြပြီး အနားကပ်ကြည့်ကြတော့ သခင်မကြီး ဟာ ရုတ်ခြည်းပင် ကျန်းမာလာသလို တွေ့ရသော်လည်း သူ့ရုပ်လက္ခဏာ ပြောင်းလဲနေတာကို မြင်ကြရပါတယ်'

ကျွန်ုပ်။ ။'ဒီတုန်းက သခင်မကြီး အသက်ဘယ်လောက်ရှိပြီလဲ'

ပေါ။ ။'တစ်ရာ့ရှစ်နှစ်ရှိပါပြီ၊ ဒါနဲ့လူမမာဘဝက ချက်ချင်း လူကောင်းပကတိ ဖြစ်လာရတဲ့ပြင် ရုပ်သွင်ကလဲ ပြောင်းလဲ နေတာ တွေ့ရလေတော့ အနီးမှာရှိတဲ့ အကြီးမှူး ဖိုးသူတော်များနဲ့ သီလရှင်များက ဒီဟာ မဟုတ်နိုင်ဘူး၊ ညာတာထင်တယ်၊ လက်မခံနိုင်ဘူး၊ သခင်နေရာ မထားနိုင် ပါဘူးနဲ့ ဆူဆူပူပူ ကန့်ကွက်ကြပါတယ်၊ ဒီအခါမှာ ကောင်းကင်တစ်ခုလုံး မိုးမှောင်ကြီးကျ၊ မိုးကြိုးတွေထစ်ချုန်း၊ ဂူကြီးထဲက မီးတောက်ကြီးတွေ တစ်ပြိုင်နက်တည်း ငြိမ်းကုန် ပြီး လူတွေအားလုံး တုန်လှုပ်ချောက်ချားခြင်း ဖြစ်ကြရပါ တယ်၊ ဒီကဲ့သို့ ဖြစ်နေတုန်းမှာ ပလ္လင်ပေါ်မှ ဓမ္မစာရီ သခင်မကြီးရဲ့အသံကို ကြားကြရပါတယ်၊ ပလ္လင်ပေါ်မှာ ဒီအခါက ဘယ်သူမှ မရှိပါ၊ ကြားရတဲ့အသံက ဘယ်လိုလဲ ဆိုတော့ ...

'ငါ့နေရာမှာ ရောက်လာသူ ရူပကလျာဏီ၏ အမိန့်များကို ငါ့ အမိန့်ကဲ့သို့ ဆက်ခံလိုက်နာရမယ်၊ တော်လှန်ဝံ့တဲ့လူများ ဒုက္ခရောက်စေမယ်' လို့ ပြောလိုက်သံကြားရပြီးနောက် အသံရပ်စဲသွားပြီး ဂူကြီးထဲက မီးတောက်

ကြီးတွေ တစ်ဖန် ပြန်လင်းလာပါတယ်၊ ဒီအကြောင်းကို မှန်ကန်ကြောင်း သက်သေခံနိုင်တဲ့ အကြီးအမှူး ဖိုးသူတော်များနဲ့ သီလရှင်များ ရှိကြပါတယ်'

(ထူးဆန်းသောအချက်တစ်ခုမှာ ဦးရိပြောပြသော ခုနှစ် သက္ကရာဇ်နှင့် နေ့ရက်များသည် မီးပုံအနီးတွင် ရူပနန္ဒီသေဆုံးသွားသော ခုနှစ် သက္ကရာဇ် နေ့ရက်နှင့်တကွ အချိန် နာရီပါ ကိုက်ညီလျက်ရှိသည်ကို တွက်ချက် ကြည့်သဖြင့် သိရ၏။)

ဏီ။ ။'ဘာကြောင့်ကျေနပ်ရမှာလဲ သခင်မ၊ သူ့ကို သင်ကြားထား တဲ့အတိုင်း မဟုတ်မမှန်တာတွေ လျှောက်ပြောနေရင် ဘယ့်နှယ်လုပ်မလဲ၊ ဒီဟာတွေ အပိုတွေပါ သခင်မ၊ အကယ်၍ သခင်မဟာ ဆိုလိုတဲ့အတိုင်း ရူပနန္ဒီမှန်ခဲ့လို့ရှိရင် ရုပ်အသွင် ကို ပြစမ်းပါလော့၊ ဘယ်နည်းနဲ့မဆို သခင်ကလေးနဲ့ မောင်ဖိုးထော်တို့ မှတ်မိကြမှာပေါ့'

နိုင်။ ။'ဘဒ္ဒကုမာရီ ပြောတာ မှန်တယ်၊ ကျွန်ုပ်တို့လဲ ကြည့်ချင် တယ်'

ကျွန်ုပ်။ ။'ချင့်ချိန်နိုင်အောင် ပြထိုက်တယ် ထင်ပါတယ် သခင်မ'

ဤကဲ့သို့ ဝိုင်းဝန်းတိုက်တွန်းကြသောအခါ တောင်ပေါ်သခင်မသည် တုန်လှုပ်သည့် လက္ခဏာနှင့် နေရာပြင်၍ ထိုင်၏။

ဏီ။ ။'အချိန်မတန်သေးဘူး ကုမာရ၊ သင်ခိုင်းရင် ကျွန်ုပ် မငြင်းနိုင် ဘူးနော်၊ သူတစ်ပါးခိုင်းတိုင်း လိုက်မခိုင်းပါနဲ့၊ ဟိုတုန်းက ရုပ်အသွင်လို မဟုတ်ပေဘူးနော်၊ ကျွန်ုပ် ပြောင်းလဲနေတာ တွေ့ရလိမ့်မယ်၊ သူ့အချိန်ကျမှ မြင်ရရင် ကောင်းပါလိမ့်မယ် ကုမာရ'

ရီ။ ။'အလကား ကြေးထူနေတာ သခင်လေးရဲ့၊ ခိုင်းသာခိုင်း ဖွင့်ပြပါစေ၊ ဟုတ်ရင် ဟုတ်ပေပေါ့ ချောလွန်းလှလွန်းလို့ များတော့ ကျွန်ုပ် မနာလို မရှိပါဘူး၊ ဖွင့်သာဖွင့်ခိုင်းပါ'

ထိုအခါ မောင်စောနိုင်သည် 'ခနဲ့' သော စကားကို မခံနိုင်သော လက္ခဏာနှင့်..

နိုင်။ ။'ဘယ်လိုပင် ပြောင်းလဲသော်လည်း ရူပနန္ဒီမှန်လျှင် ကျွန်ုပ် မေတ္တာရှိမှာပဲ၊ ပြောင်းလဲချင် ပြောင်းလဲပါစေ၊ ဖွင့်သာဖွင့်ပါ သခင်မ'

ဏီ။ ။'အာမခံရတဲ့အတွက် ဝမ်းသာပါရဲ့ ကုမာရ၊ သို့သော် တစ်ခုတော့ ပြောလိုက်မယ်နော် ကျွန်ုပ် ဖွင့်ပြပြီးတဲ့အခါမှာ ဘဒ္ဒကုမာရီနဲ့ ကျွန်ုပ်နဲ့ ဒီနှစ်ယောက်ကို နောက်ဆုံးအကြိမ် သင် ရွေးရလိမ့်မယ်၊ သူ့ကို ရွေးရင်လဲ ရွေးနိုင်တယ်၊ ကျွန်ုပ် စိတ်ကောက်ရလိမ့်မယ်လို့ မထင်နဲ့၊ သူနဲ့ဆိုရင်လဲပဲ သင့်မှာ ဒီတစ်သက်တာမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ပျော်ရွှင်စွာ နေနိုင်ဖို့ အချိန်တွေအများကြီး ရှိပေလိမ့်မယ်၊ သို့သော်လဲ သင်နဲ့ ကျွန်ုပ်နဲ့တော့ ဇာတ်သိမ်းပြီး ကိုယ့်ဝန်ကိုယ်ထမ်း တစ်ယောက် တစ်လမ်းစီ သွားကြဖို့ပဲ ရှိတော့တယ်၊ ဒါကြောင့်၊ သေသေချာချာရွေးနော် နောက်ဆုံးရွေးချယ်ခြင်းပဲ၊ ကြားရဲ့လား၊ နောက်ကို ပြင်လို့မရဘူး၊ ဘယ့်နှယ်လဲ ဖွင့်ရမလား ကုမာရ'

နိုင်။ ။'ဘယ့်နှယ်လဲ ဦးလေး'

ကျွန်ုပ်။ ။'ဖွင့်ပစေ တူရယ်၊ မသဲမကွဲနေရတာ စိတ်ရှုပ်လှတယ်၊ ဖွင့်ပစေ'

နိုင်။ ။'ဖွင့်သာ ဖွင့်ပါ သခင်မ၊ ကျွန်ုပ် ရွေးချယ်ပါတော့မယ်'

ထိုအခါ သခင်မသည် စင်မြင့်ပေါ်မှ ဆင်းသက်၍ ယိမ်းယိုင်ဟန် ရှိသော ခြေလှမ်းတို့ဖြင့် ကျောက်စွန်းအနီးသို့သွားကာ ရပ်နေပြီးလျှင် သေးငယ် စူးရှသော အသံဖြင့် ...

ဏီ။ ။'ပါပဝတီ၊ ဒီကိုလာပြီး ငါ့အဝတ်တွေ ဖြေလှည့်စမ်း'

ပါပဝတီသည် တုန်ယင်သော အမူအရာနှင့် ချဉ်းကပ်ပြီး အဝတ်များကို ဖြေပေးလေ၏။

အပေါ်ယံမှ မျက်နှာဖုံးကို ဖြုတ်လိုက်သောအခါ အတွင်းမှ မျက်နှာဖုံး ကျန်လျက်ရှိသေး၏။

နောက်တစ်ထပ် ဖြေချလိုက်သောအခါ အတွင်းမှတစ်ထပ် ကျန်နေသေး၏။

တစ်ထပ်ပြီးတစ်ထပ် ဖြုတ်ချပေးသော်လည်း ကြာဖူးမှ ပန်းချပ်တို့ကို လွှာချရဘိသကဲ့သို့ ကုန်နိုင်သည်မရှိဘဲ တစ်ထပ်ထက်တစ်ထပ် သေးငယ်၍ ကျုံ့ဝင်သွားသည်ကို တွေ့မြင်ကြရ၏။

တစ်ခါက မျက်နှာဖုံးအနည်းငယ်နှင့် လက်တွင်ပတ်စီးထားသော အဝတ်များကို မြင်ရသည့်အခါ ကျွန်ုပ်တို့ကို တောင်ခြေရှိ အရိုးပုံများထဲမှ စောင့်၍ကြိုခဲ့ဖူးသော 'ငှင်း' ပင် ဖြစ်လေရော့သလားဟု ထင်မှတ်အောက်မေ့မိ၏။

ထိုအခါ သခင်မ၏ ကိုယ်မှာ အလွန်အမင်း သေးငယ်ကျုံ့ဝင်လျက် ရှိရကား ကျွန်ုပ်မှာ ရင်ထဲ၌ နေမထိ ထိုင်မထိ ဖြစ်နေမိ၏။

နောက်ဆုံး၌ ဦးခေါင်းထက်တွင် ချိတ်ကလေးတစ်ခု ပေါ်လာ၍ ငှင်းချိတ်ကို ဖြုတ်လိုက်လျှင် မျက်နှာ ပေါ်ထွက်လာတော့မည်ဖြစ်ရကား ပါပဝတီအား လက်ဖြင့်ပြ၍ ဖယ်ရှားစေ၏။

ပါပဝတီလည်း နေရာတွင် ဒူးထောက်၍ မိမိမျက်နှာကို လက်ဝါးနှင့် အုပ်ထား၏။

ထိုအခါ သခင်မသည် အလွန်တရာ နာကြည်းလှသဖြင့် လွှတ်ကနဲ ဟစ်အော်မိသော အသံမျိုးဖြင့် တစ်ချက်မျှ ညည်းအော်လိုက်ပြီးနောက် ဦးခေါင်းထက်မှ ချိတ်ကို ဆွဲယမ်းကာ ဖြုတ်ဖြုတ်ဖြေဖြေနှင့် ကျွန်ုပ်တို့ဘက်သို့ မျက်နှာလှည့်လိုက်လေ၏။

သခင်မ၏မျက်နှာမှာ ဃလဟဂ္ဂပြည် ဂူကြီးထဲရှိ မီးပုံမှ ထွက်လာပြီးသည်နောက် ကျွန်ုပ်တို့၏ မျက်စိအောက်တွင် တစ်ကိုယ်လုံး ကျုံ့ဝင်သွားစဉ်က

မျက်နှာအတိုင်း ရှုံ့ရှုံ့ကလေးရှိ၍ မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် မျက်တော် ပုတ်ခတ်ပုတ်ခတ် ကြည့်နေလေ၏။

၎င်းမျက်နှာမှာ ရိုးရိုးနည်းအားဖြင့် နှစ်ပေါင်းနှစ်ထောင်ကျော် အသက်ရှင်၍ ဖြစ်နိုင်မည်ဆိုပါက အသက် ၂၀၀၀ နှင့် လိုက်လျောအောင် ရင့်ရော်အိုမင်းလျက်ရှိသည့် မျက်နှာမျိုးဖြစ်ချေ၏။

ကျွန်ုပ်တို့သည် ကြက်သေသေလျက် ငေးကြည့်နေကြရာ မောင်စောနိုင်သည် သခင်မကို ငေးကြည့်ရာမှ နှုတ်ခမ်းမှ သွေးဆုတ်၍ ဖြူဖပ်ဖြူရော်ဖြစ်ပြီးလျှင် ဒူးများဆတ်ဆတ်ခါလျက်ရှိ၏။

ဘဒ္ဒကုမာရီပင်လျှင် မိမိ၏ တင့်တယ်ပျိုမြစ်သော ရုပ်အဆင်းအတွက် အသားယူရန် သတိမရတော့ဘဲ မျက်နှာလွှဲလျက် ရှိလေ၏။

ကျွန်ုပ်တို့အနက် ဇာမနီနှင့်ဥရိပေါတို့ နှစ်ယောက်သာလျှင် မတုန်မလှုပ်ဘဲ ရပ်ကြည့်နေနိုင်ကြ၏။

နောက်ဆုံး၌ ဘဒ္ဒကုမာရီသည် သခင်မအနီးသို့ ချဉ်းကပ်၍ ၎င်းနှင့်ယှဉ်ကာ ရပ်နေပြီးလျှင် မောင်စောနိုင်ဘက်သို့လှည့်၍ ပြောလေ၏။

ရီ။ ။'ကိုင်း ကုမာရ ခေါ်လိုခေါ်၊ မောင်စောနိုင် ခေါ်လိုခေါ်၊ သခင်မကလေး ခေါ်လိုခေါ်၊ ကျွန်ုပ်နဲ့ဒီက သခင်မတို့အကြောင်းကို ဘဝဟောင်းက စပြီး အလုံးစုံ သင်သိပြီဆိုပါတော့၊ သခင်မရဲ့ မျက်လှည့်အတိုင်းအားလုံးမှန်တယ်ပဲ ထားလိုက်ပါတော့၊ ဘယ်သူက ကောင်းလို့ ဘယ်သူဆိုးသည် ဖြစ်စေ၊ ဒီရုပ်နဲ့ဒီရုပ်ကို ဘယ်ဒင်း သင် ရွေးမလဲ၊ ကိုင်းရွေးပါ၊ ဒီတစ်ခါ နောက်ဆုံးရွေးချင်းပါပဲ'

ဤသို့ ပြောပြီးနောက် ဘဒ္ဒကုမာရီသည် သခင်မနှင့်ယှဉ်ကာ ရင်ကော့၍ ရပ်နေရာမှ ၎င်းတို့နှစ်ယောက်မှာ လူနှင့်မျောက်သဖွယ် ခြားနားခြင်းရှိလေ၏။

သခင်မမူကား တစ်စုံတစ်ရာမပြောဘဲ ဆိတ်ဆိတ်သာလျှင် ရပ်နေလေ၏။

မောင်စောနိုင်သည် ဘဒ္ဒကုမာရီဘက်သို့ ယိမ်းယိုင်သွားမည်ပြုပြီးမှ ရပ်တန့်လျက်ပြောသည်မှာ ...

နိုင်။ ။'ရှေးဘဝက အကြောင်းတွေကို ကျွန်ုပ် မစဉ်းစားလိုဘူး၊ ဖယ်ထားတော့၊ ခုဘဝ အကြောင်းကိုသာ ကျွန်ုပ် စဉ်းစားမယ်၊ ရူပနန္ဒီဟာ ကျွန်ုပ်ကို နှစ်ပေါင်း နှစ်ထောင်ကျော်လုံးလုံး စောင့်ဆိုင်း လာခဲ့တယ်၊ ဘဒ္ဒကုမာရီမှာတော့ တန်ခိုးအာဏာ လေးလောက်ကို မက်မောတဲ့အတွက် မိမိမစုံမက်တဲ့ လူ တစ်ယောက်ကို လက်ထပ်နိုင်တယ်၊ ထို့အပြင် ရူပနန္ဒီကို နှစ်ပေါင်းနှစ်ဆယ်လုံးလုံး ကျွန်ုပ်စောင့်ဆိုင်းပြီး ပင်ပန်းကြီး စွာ လိုက်လံရှာဖွေခဲ့ရပြီးမှ ယခု တွေ့ရတဲ့အခါမှာ ကျွန်ုပ် မျှော်လင့်သလို ရှေးကလို မလှပတဲ့အတွက် ကျွန်ုပ် ငြင်းပယ် လိုက်မယ်ဆိုလျှင် ယောကျ်ားများဟာ မိန်းမများလောက် စွဲစွဲမြဲမြဲ မချစ်တတ်ဘူးလို့ တလောကလုံး စွပ်စွဲနေတဲ့ စကားကို ကျွန်ုပ်က ထောက်ခံရာ ရောက်လိမ့်မယ်၊ ဒါကြောင့် လှချင်လှ၊ အရုပ်ဆိုးချင်ဆိုး၊ အိုချင်အို၊ ပျိုချင်ပျို၊ ရူပနန္ဒီကိုပဲ ကျွန်ုပ် ရွေးချယ်သင့်တယ်'

သို့ပြော၍ မောင်စောနိုင်သည် သခင်မအနီးသို့ ချဉ်းကပ်ပြီးလျှင် အရိုးပေါ်အရေတင်လျက်ရှိသောလက်ကို ကိုင်ဆွဲကာ သခင်မနှင့် ယှဉ်လျက် ရပ်လိုက်လေသည်။

'အောင်ပြီ၊ အောင်ပြီ၊ ဒီဝဋ်က ကျွန်ုပ် ကျွတ်ပေပြီ၊ လွတ်ပေပြီ' ဟု သခင်မ၊ သို့မဟုတ် ရူပနန္ဒီက ထိုကဲ့သို့ ကြွေးကြော်လိုက်သည်နှင့် ကျွန်ုပ်တို့သည် အံ့သြစွာငေးကြည့်နေရာ အံ့သြဖွယ်သော အခြင်းအရာကို တွေ့မြင်ကြရလေ၏။

ထေအာ

## ပြောင်းလဲခြင်း

ရူပနန္ဒီ၏အသံ ဆုံးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တို့သည် နတ်စောင်း နတ်ညှင်းသဖွယ် အလွန်တရာ သာယာချိုအေးလှသော အသံများကို အထက် ကောင်းကင်မှလိုလို၊ မီးတောင်ဆီမှ လိုလို ကြားရ၍ မွှေးကြိုင် သင်းထုံလှသော ရနံ့တို့သည်လည်းလေထဲ၌ ပါလာကြကုန်၏။

ထိုအတောအတွင်း ရူပနန္ဒီသည် လက်အုပ်ချီကာ နှုတ်မှတတွတ်တွတ် ရွတ်ဆိုလျက်ရှိ၏။

ကျွန်ုပ်တို့သည် ထူးဆန်းသောအသံနှင့် ရနံ့တို့ကြောင့် တစ်ယောက်ကို တစ်ယောက် ငေးကြည့်နေစဉ် အရှေ့အရပ်မှ လင်းပြောင်လှသော အတောင်ပံ ကြီးနှစ်ခုသည် ယက်ကာယက်ကာ လာသည်ကို တွေ့မြင်ရကြ၏။

အတောင်ပံကြီးနှစ်ခုမှာ ဂူထဲ၌မြင်ခဲ့ရသော ခတ်မီးတိုင်ကြီးများ၏ အရောင်ရှိ၍ အလယ်၌ကား မည်သည့်ပုံသဏ္ဌာန်မျိုးဟူ၍ မသဲကွဲချေ။

ကျွန်ုပ်တို့အားလုံးသည် အံ့သြစွာငေးကြည့်နေစဉ် အတောင်ပံကြီးနှစ်ခု သည် ကျွန်ုပ်တို့ရှိရာ ကျောက်ဂူဝထက်သို့ ချဉ်းကပ်လာလေ၏။

ရူပနန္ဒီမှာ ကျောက်ဖျာအစွန်းတွင် ရပ်လျက်ရှိ၏။

အတောင်ပံကြီးနှစ်ဘက်သည် ရူပနန္ဒီ ရှိနေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် မိခင်သည် သားငယ်အား ပွေ့ချီလိုက်သည့်နည်းတူ ရူပနန္ဒီ၏ ကိုယ်လုံးကို သိမ်းကျုံးရစ်ပတ်လိုက်လေ၏။

ကျွန်ုပ်တို့အားလုံးမှာ အံ့သြလွန်းအားကြီးသည်နှင့် ပါးစပ်ကိုဟလျက် မျက်လုံးပြူးလျက် အသက် ရှုရှိုက်ရန်ကိုပင် သတိရဟန်မတူချေ။

အလင်းရောင်တည်းဟူသော အတောင်ပံကြီးနှစ်ခုဖြင့် ရစ်ပတ်လိုက်သည့်အခါ ရူပနန္ဒီတစ်ကိုယ်လုံး ကွယ်ပျောက်သွား၍ ထွေးလုံးရစ်ပတ်ရှိနေသော အလင်းကိုသာလျှင် မြင်ကြရေလေတော့၏။

အတောင်ပံများသည် လက်ယာရစ်လှည့်ပတ်ရာမှ အပတ်စေ့သည့်လက္ခဏာနှင့် တန့်ရပ်ပြီးလျှင် တစ်ဖန် လက်ဝဲရစ်လှည့်လည်ပြန်ရာ ၎င်းတို့အတွင်းမှ ပုံသဏ္ဌာန်တစ်ခုသည် တရေးရေးမှေးမှိန်စွာ ပေါ်ထွက်လာလေ၏။

ကျွန်ုပ်တို့ စိုက်၍ကြည့်နေစဉ် ပုံသဏ္ဌာန်သည် ထင်ရှားသည်ထက်ထင်ရှား၍ ပီသသည်ထက် ပီသလာလေရာ နောက်ဆုံး၌ ဃလဟဂ္ဂပြည်ဂူကြီးထဲတွင် ကျွန်ုပ်တို့ ရှေးဦးစွာ တွေ့မြင်ရဖူးသည့် ရူပနန္ဒီ၏ ရုပ်လက္ခဏာအတိုင်း ပေါ်ထွက်လာလေ၏။

၎င်း၏အဝတ်အစားများမှာ တောင်ပေါ်သခင်မ၏ အဝတ်အစားမျိုး မဟုတ်တော့ဘဲ ရှေးယခင်က ရူပနန္ဒီအတိုင်း အိန္ဒိယပြည်သူ ရှေးမင်းသမီး တစ်ယောက်ကဲ့သို့ ဂါဝန်မျက်နှာဖုံး စသည်တို့ဖြင့် စုံလင်စွာ ရှိသည့်အပြင် ဦးခေါင်းနှစ်လုံးရှိသော မြွေခါးပတ်မှ မျက်လုံးများပင်လျှင် ရှေးနည်းအတိုင်း ပတ္တမြားကျောက် လေးလုံးတို့ဖြင့် တောက်ပြောင်လျက်ရှိလေသည်။

‘ဒီအနားတိုးပါဦး ကုမာရ၊ မောင့်ကျေးဇူး ကျွန်ုပ်ဆပ်လို့ ဘယ်တော့မှ ကုန်နိုင်ဖို့မရှိဘူး မောင်ရယ်’ ဟု ရူပနန္ဒီက ပြောလိုက်သောအသံသည် ပျားရည်ထက်ချို၍ တူရိယာငါးပါးထက် သာယာလှပေ၏။

မောင်စောနိုင်သည် ရူပနန္ဒီအနီးသို့ ခပ်ယို့ယို့ချဉ်းကပ်လေရာ ရူပနန္ဒီက ‘ကုမာရသခင်၊ ကျွန်ုပ်က ကျွန်ုပ်ပါ၊ ရှိသေစရာရှိလျှင်၊ ကျွန်ုပ်ကသာ ရှိသေဖို့ရှိပါတယ် ကျေးဇူးရှင်ကြီး’ ဟုပြောလေ၏။

(ရူပနန္ဒီ၏ ရုပ်ဆင်းသဏ္ဍာန်အကြောင်းကို ရူပနန္ဒီဝတ္ထုတွင် ဖော်ပြခဲ့ပြီး ဖြစ်သော်လည်း ၎င်းဝတ္ထုကို မဖတ်ဖူးသူတို့ သိရှိစိမ့်သောငှာ အကျဉ်းရုံး၍ ဖော်ပြရပေဦးမည်။)

အလွန်တရာချောမောလှပသော မိန်းမတစ်ယောက်ကို လူကိုယ်တိုင် မမြင်ရဘူးသူများသည် ပန်းချီအရုပ်ကားများ၌ တွေ့မြင်ရဖူးပေလိမ့်မည်။

ပန်းချီဆရာ စိတ်ကူးဖြင့် အချောအလှဆုံးဖြစ်အောင် ရေးဆွဲထားသော အရုပ်သည် ရူပနန္ဒီနှင့် ယှဉ်လိုက်သည့်အခါ တောသူနှင့်မြို့သူ ခြားနားသကဲ့သို့ လည်းကောင်း၊ ဆင်းရဲသားနှင့် မင်းသမီး ခြားနားသကဲ့သို့ လည်းကောင်း၊ စာမတတ်သူနှင့် စာတတ်သူတို့ ခြားနားသကဲ့သို့ လည်းကောင်း၊ ရင့်ရော် ကြမ်းထော်၍ ငေါ်တော်တော်ကြီး ရှိနေရမည် ဖြစ်လေသည်။

ရူပနန္ဒီသည် အလှဆုံးသော ပန်းချီအရုပ်ကားထက် ဆယ်ပြန်မက နနယ်လှ၍ အပြန်တရာမက ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၏။

(ဤမျှလောက်ဖော်ပြလျှင် ခန့်မှန်းလောက်ပေပြီ)

ရူပနန္ဒီသည် မနာလို မရှုစိမ့်နိုင်သော မျက်နှာထားဖြင့် စိုက်ငေးလျက် ရှိသော ဘဒ္ဒကုမာရီကို ရုတ်တရက်သတိရဟန်နှင့် ၎င်းအနီးသို့ချဉ်းကပ်ကာ မခုံးချင်းယှဉ်လျက် ရပ်ပြီးလျှင် ...

'ခုနင်က ကျွန်ုပ်အပေါ်မှာ သင်က သိပ်ပြီး အသားယူလိုက်တာပဲ ဘဒ္ဒကုမာရီနော်၊ ကိုင်းခုတော့ သင်နဲ့ ကျွန်ုပ်နဲ့ ဘယ့်နှယ်ရှိသေးသလဲ'

ကျွန်ုပ်တို့သည် ထိုမိန်းမနှစ်ယောက် ပခုံးချင်းယှဉ်လျက် ရပ်နေသည်ကို ကြည့်လိုက်ကြ၏။

ဘဒ္ဒကုမာရီမှာ သာမညချောလှသူတစ်ယောက် မဟုတ်၊ သူလို ငါလို အချောအလှများထဲတွင် ဦးခေါင်းတစ်လုံးခန့် မောက်ဖြိုးပိုလျှံထွက်မည့်သူ တစ်ယောက် ဖြစ်ပေသည်။

မှန်၏။ သို့ရာတွင် ရူပနန္ဒီနှင့် နှိုင်းယှဉ်လိုက်သည့်အခါတွင်မူကား ရူပနန္ဒီ၏ ရဲရဲတောက်လှသော ရုပ်ဆင်းသဏ္ဌာန်သည် လရောင်၊ ကြယ်ရောင်ကို နေရောင်ဖုံးသည့်အလား ဖြစ်သွားခဲ့သဖြင့် ဘဒ္ဒကုမာရီ ကိုယ်တိုင် ယခင်က တောင်ပေါ်မှ သခင်မ အလားကဲ့သို့ မျောက်အိုမသဖွယ်မျှသာ မှတ်တမ်းတင်ကြရပေတော့မည်။

ထိုအခါ ဘဒ္ဒကုမာရီသည် မခံချင်သော အမူအရာနှင့် ရှောင်ထွက်၍ ...

'ကျွန်ုပ်တို့ ရုပ်အဆင်းက လှသားရိုးရိုးပေကိုး၊ သင့်မှာတော့ မဟုတ်မတရားတဲ့မိစ္ဆာ ပူးပေါင်းပြီး ရုပ်ပြောင်းကိုယ်ခွါ အတတ်တွေ ဘာတွေ သင်ကြားထားသလား မဆိုနိုင်ဘဲကိုး'

'ပြောပါလေ၊ ကိုယ့်ထက်သာလို့ မနာလိုတော့ ကြံဖန်ပြီး တစ်နည်းနည်းနဲ့ ရှုတ်ချတယ်ဆိုတာ လောကဓမ္မတာကြီးပေကိုး'

မောင်စောနိုင်မှာမူ ရူပနန္ဒီ၏ ရုပ်ဆင်းသဏ္ဌာန် ပြောင်းလဲလာခြင်းကို ဝမ်းမြောက်သင့်သလောက် ဝမ်းမြောက်သေးဟန်မရှိဘဲ ယီးတီးယားတား ဖြစ်နေသေးသည့် လက္ခဏာရှိ၏။

ထိုအခြင်းအရာကိုမြင်သဖြင့် ကျွန်ုပ်က ...

ကျွန်ုပ်။ ။'ကျွန်ုပ်တစ်ခု မေးပါရစေ ဘုရင်မ(ရှေးကခေါ်နည်း)၊ ယခုကဲ့သို့ ရုပ်ပြောင်းလဲခြင်း အကြောင်းကို ကျွန်ုပ်တို့ နားလည်အောင် ရှင်းလင်းပါ၊ သိပါရစေ'

ဒီ။ ။'လောကမှာ ပြောင်းလဲနိုင်တဲ့ အရာမျိုးရှိတယ်၊ မပြောင်းလဲနိုင်တဲ့ အရာမျိုးရှိတယ်၊ သဘာဝခြင်းတူတဲ့ အခြင်းအရာ မျိုးကို ဘဝတစ်ခုသို့ ပြောင်းလဲတယ်ဆိုတာ မဖြစ်နိုင်တဲ့ အရာမျိုး မဟုတ်ဘူး၊ နားလည်သလား၊ ဥပမာ ရုပ်တရား အားလုံးဟာ သဘောချင်း အတူတူပဲ၊ ရုပ်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲ နိုင်တယ်၊ သို့သော် ရုပ်ကို နာမ်ဖြစ်အောင် ဘယ်သူမှ မတတ်နိုင်ဘူး။ နာမ်ကိုလဲ ရုပ်ဖြစ်အောင် ဘယ်သူမှ မတတ်နိုင်ဘူး သဘောကျလား'

ကျွန်ုပ်။ ။'သဘောကျပါပြီ၊ ဆက်ပါဦး ဘုရင်မ'

ဒီ။ ။'ရုပ်တရားများအနက်မှာလဲ သဘာဝတူတဲ့ ဓာတ်တွေရှိတယ်၊ ဥပမာ သစ်သားတစ်ခုကို လောင်ကျွမ်းတဲ့အခါမှာ မီးသွေး ကျန်တယ်၊ ဟုတ်စ၊ ဒီမီးသွေးဓာတ်နဲ့ ဟောဒီစိန်နဲ့ အတူတူပဲ၊ (ဝတ်ထားသော စိန်တစ်လုံးကို ပြသည်) စိန်ကို မီးသွေး ဖြစ်အောင် လုပ်နိုင်တယ်၊ ကျွန်ုပ် နောက်တော့ လုပ်ပြဦးမယ်၊ ခုနင်က တောင်ပေါ်သခင်မရုပ်ဟာ မီးသွေးနဲ့တူတယ်၊ ယခု ရူပနန္ဒီရုပ်ဟာ စိန်နဲ့တူတယ်၊ ရုပ်ပြောင်းခြင်းဟာ ဒီ သဘောပဲ။ ဘာမျှမထူးဘူး'

ကျွန်ုပ်။ ။'ပြောင်းလဲနိုင်ပုံကို ကျေနပ်ပါပြီ၊ သို့သော် ဘယ်လို အကြောင်းကြောင့် ပြောင်းလဲရပါသလဲ'

ဒီ။ ။'ဘယ်လို တန်ခိုးသတ္တိကြောင့် ပြောင်းလဲနိုင်ပါသလဲ၊ ဒီလိုလား'

နိုင်။ ။'မှန်ပါတယ် သခင်မ'

ဒီ။ ။'ဃလလဟဂ္ဂုထဲမှာ သေပြီးတဲ့နောက် ဒီအရုပ်မှာ ရူပ ကလျာဏီ အမည်နဲ့ တောင်ပေါ်သခင်မ ဖြစ်ရခြင်းကို ထောက်သဖြင့် ကျွန်ုပ်၏ ရုပ်ဟာ သူတစ်ပါးရုပ်နဲ့ မတူဘူး၊ ဥပပတ် ရုပ်နော်၊ ဟုတ်စ၊ ဒီရုပ်မျိုးဟာ နတ်များရဲ့ရုပ်လိုပဲ၊ ပြောင်းလဲဖို့ အလွန်တရာ လွယ်ကူတယ်၊ အမယ်ကြီးအိုကြီး ၏ရုပ်မှ ငယ်စဉ်က ရုပ်အတိုင်းပြန်ဖြစ်အောင် ပြောင်းလဲဖို့ အရေးမှာ ဘာလိုသလဲဆိုတော့ တဏှာဆိုတဲ့ချစ်ချင်းမျိုး မဟုတ်ဘဲ ဗြဟ္မစိုရ်စိတ်တမျှ အလွန်တရာ စင်ကြယ်တဲ့ မေတ္တာမျိုး လိုတယ်၊ ၎င်းမေတ္တာအစွမ်းအားဖြင့် ကျွန်ုပ်၏ ရုပ်ကို ပြုပြင်နိုင်တယ်တဲ့၊ ကောင်းပြီ၊ ကုမာရက ခုနင်က ဘဒ္ဒကုမာရီနဲ့ တောင်ပေါ်သခင်မတို့ကို ရွေးချယ်စဉ်က အမယ်ကြီးအို ရွတ်တွကြီးကို ရွေးချယ်လိုက်ခြင်းဟာ သာမည တဏှာဆိုတဲ့ ချစ်ခြင်းမျိုး ဟုတ်နိုင်ပါ့မလား'

ကျွန်ုပ်။ ။'ဘာဟုတ်နိုင်မလဲ ဘုရင်မ'

ဒီ။ ။'မှန်တယ်၊ သူ၏ချစ်ခြင်းဟာ ဖြဟ္မစိုရ်စိတ် ရောင်ပြေးနေတဲ့ ချစ်ခြင်းမျိုးလို့ ခေါ်ရမယ်၊ အဖိုအမနဲ့ပတ်သက်တဲ့ စိတ်မျိုး ယှဉ်နေသော်လည်း တဏှာရာဂ ကင်းစင်သည့်အတွက်ကြောင့် အလွန် ရနိုင်ခဲလှသော မေတ္တာစိတ်မျိုးဖြစ်ပေတယ်၊ ၎င်း မေတ္တာစိတ်၏ တန်ခိုးအာနုဘော်ကြောင့် ကျွန်ုပ်၏ ဥပပတ် ရုပ်အဆင်း ပြောင်းလဲရခြင်းဖြစ်တယ်။ နားလည်ပြီလား'

ထိုအခါ ဘဒ္ဒကုမာရီသည် လက်ခုပ်လက်ဝါးတီးလျက် ...

ရီ။ ။'ဟီ ဟီ ဟီ ဟီ၊ သိပြီး သိပြီ၊ အားလုံးသိပြီ၊ ဥပပတ် ရုပ်နဲ့(ဂဗ္ဘသေယျ) အမိဝမ်းက မွေးဖွားတဲ့ရုပ်နဲ့ အကြင် လင်မယားအဖြစ်နဲ့ ပေါင်းနိုင်တယ်လို့ ဘယ်ကမ္ဘာကမှ မကြားဖူးဘူး၊ မဟုတ်လား ဘိုးဘိုး'

ဇာမနီ။ ။'မြေးပြောတာမှန်တယ်'

ထိုအခါ ရူပနန္ဒီမှာ မျက်နှာပျက်သွားသည်ဟု ကျွန်ုပ် ထင်မှတ် လိုက်မိ၏။

သို့ရာတွင် ရူပနန္ဒီသည် နောက်တစ်ခဏအတွင်းတွင် ကြည်ရွှင်သော မျက်နှာထားမျိုး ပြင်ဆင်ပြောင်းလဲလိုက်၍ ကြည်လင်ချိုအေးသော အသံဖြင့် ပြော၏။

ဒီ။ ။'မိုးဦးစရာသီမှာ အမြုပ်တွေ တစီစီနဲ့ ကျောက်ဆောင်ကို ဝင်တိုက်တဲ့ စမ်းချောင်းကလေးလို ကျောက်ဆောင်ပြိုတယ်လို့ မရှိဘဲ ရေမြုပ်တွေ အရွဲရွဲနဲ့ စမ်းချောင်းသာလျှင် ကွဲထွက် ရတယ် မဟုတ်လား၊ ကျွန်ုပ်အပေါ်မှာ မျက်မာန်ပွားပြီး အန္ဓဗလပြုမယ်လို့ သင်ကြံစည်လျှင် သင်သာလျှင် နစ်မွန်း မှာပေါ့ ဘဒ္ဒကုမာရီ၊ မတူရင် မတုနဲ့ဆိုတဲ့စကားလို နေ့မွေးလို့ ညပျောက်တဲ့ သင်လို မိန်းမတစ်ယောက်က ကျွန်ုပ်ကဲ့သို့ ဘုန်းသမ္ဘာရှင်တစ်ဦးကို တုပြိုင်လို့ဖြစ်ချေရိုးလား၊ မာန်လျှော့ လိုက် ဘဒ္ဒကုမာရီ၊ မာန်လျှော့လိုက်၊ ကိုင်းကိုင်း လာကြ လာကြ ကျွန်ုပ်ဧည့်သည်များ'

ရူပနန္ဒီသည် ဘဒ္ဒကုမာရီအနီးမှ ဖြတ်၍ ကျောက်ဖြာစွန်းမှ ကပ်လျက် လျှောက်သွားစဉ် ဘဒ္ဒကုမာရီသည် အဝတ်အတွင်း၌ လျှို့ဝှက်စွာ ယူဆောင်

လာသော ဓားမြှောင်ကို ရုတ်တရက်ထုတ်၍ ရူပနန္ဒီ၏ ကျောကို စိုက်လိုက်လေသည်။

ဓားမြှောင်သည် ရူပနန္ဒီ၏ ကိုယ်တွင်းသို့ စူးဝင်သွားသည်ဟု ကျွန်ုပ်ထင်လိုက်သော်လည်း ရူပနန္ဒီမှာ အနည်းငယ်မျှ နာကျင်ဟန်မရှိဘဲ ဓားမြှောင်သည်သာလျှင် မြေပေါ်သို့ လွတ်ကျသွားလေသည်။

ဘဒ္ဒကုမာရီသည် မိမိ၏ အကြံအထမမြောက်ကြောင်း သိရှိသည်နှင့် တစ်ပြိုင်နက် ရူပနန္ဒီကို ကျောက်ဖျာစွန်းမှ မီးတောင်ထဲသို့ တွန်းချရန်အကြံနှင့် ရူပနန္ဒီကို မိမိကိုယ်လုံးနှင့်ဖိလိုက်ရာ ရူပနန္ဒီကို မတိုးမိဘဲ ရူပနန္ဒီ၏ ကိုယ်တွင်းမှ ထွင်းဖောက်ထွက်သွား၍ မီးတောက်ထဲသို့ ဟပ်ထိုး ယိုင်ဆင်းသွားလေတော့၏။

သို့ရာတွင် ရူပနန္ဒီလက်ကို ဆန့်တန်းကာ တားဆီးလိုက်သဖြင့် ခင်ပွန်းသည်နောက်သို့ မလိုက်ဘဲ ကျန်ရစ်ရလေ၏။

ဒီ။ ။'ဘယ့်နှယ်လုပ်လိုက်တာလဲ ဘဒ္ဒကုမာရီ၊ လူပုံလူပန်းကလေး သနားကမားနဲ့ မီးတောင်ထဲ ခုန်ဆင်းလို့ နှမြောစရာကြီး ဖြစ်နေတော့မပေါ့၊ မလုပ်ပါနဲ့ သူငယ်မရယ်၊ ဒီယောကျ်ားကို မရနိုင်ပေမယ့် ကိုယ့်ရုပ်ကိုယ့်ရည်ကလေးနဲ့ဆိုတော့ ဒီ့ပြင်က ယောကျ်ားတို့ကို ကြိုက်တာရွေးယူနိုင်ပါတယ်၊ မလုပ်ပါနဲ့ သူငယ်မရယ်' ဟု ပြော၍ ဓားမြှောင်ကို ကောက်ယူကြည့်ရှု ပြီးလျှင် ...

'ကြည့်စမ်း၊ ဓားမြှောင်သွားမှာ အဆိပ်တွေ လူးလို့ပါကလား၊ မတော်တဆ သူ့လက်ချက်မိမှဖြင့် သေခြင်းမလှ သေရရှာ တော့မယ်၊ မလုပ်ပါနဲ့ ဘဒ္ဒကုမာရီ၊ တောင်းပန်ပါရစေ'

ထိုကဲ့သို့ ရူပနန္ဒီက မိမိအသက်ကို ကြံစည်ကြောင်း မသိဟန်ပြုလျက် မျက်နှာထားရွှင်ရွှင်နှင့် ကြည်လင်စွာ ပြောဆိုလိုက်သောအခါ ဘဒ္ဒကုမာရီမှာ ရှက်လည်းရှက်၍ စိတ်အပျက်ကြီးပျက်သည်နှင့် ကျောက်ဖျာစွန်းတွင် ထိုင်ကာ ချုံးချုံးချ၍ ငိုကြွေးလေတော့၏။

## စေ့စပ်ကြောင်းလမ်းခြင်း

ကျွန်ုပ်သည် တက်လာခဲ့သည့် လမ်းအတိုင်း လှေကားအဆင့်ဆင့် ဆောင်ကူးလမ်း အတန်တန်တို့ကို ဖြတ်ကျော်ဆင်းသက်ခဲ့ကြ၍ တောင်ပေါ် သခင်မ နေထိုင်ပြီဖြစ်သော အဆောင်ကြီးသို့ ရောက်လာကြလေ၏။

ရူပနန္ဒီသည် ၎င်းအဆောင်တွင် ချန်နေရစ်၍ ...

'ဥရိပေါ်နဲ့ လိုက်သွားကြပေဦး၊ အားလုံးပင်ပန်းလှပြီ၊ နားကြဦးမှ ဖြစ်မယ်၊ အချိန်တန်တော့ ဥရိပေါ်က ကျွန်ုပ်ထံ ခေါ်ခဲ့ပါလိမ့်မယ်' ဟု ပြောသဖြင့် ကျွန်ုပ်တို့သည် ၎င်းအဆောင်ကို ကျော်လွန်ပြီးလျှင် အခန်းကြီး တစ်ခန်းသို့ လိုက်သွားကြလေ၏။

ဥယျာဉ်ကို မျက်နှာမူလျက်ရှိသော အခန်းတစ်ခန်းသို့ ရောက်ကြသော အခါ မောင်စောနိုင်က ...

'ကျွန်ုပ်ဦးခေါင်းဖြင့် ဝေနေတော့တာပဲ၊ အိပ်စမ်းပါရစေ' ဟု ဥရိပေါ် အား ပြောသည်နှင့် ဥရိပေါ်က အိပ်ရာနေရာ ပြင်ဆင်ပေးလေ၏။

ကျွန်ုပ်တို့သည် ဦးခေါင်းချသည်နှင့်တစ်ပြိုင်နက် အိပ်ပျော်သွား၍ ညနေခင်း တိုင်ရောက်မှ နိုးလာ ကြလေ၏။

ရေမိုးချိုးကြပြီးနောက် ကျွန်ုပ်တို့ တူဝရီးသည် နံနက်က အဖြစ်အပျက် အချင်းအရာများကို တိုင်ပင်ကြလေ၏။

နိုင်။ ။'ရူပနန္ဒီရဲ့ ရုပ်ကတော့ ဟိုတုန်းက ရုပ်အတိုင်းပဲနော် ဦးလေး၊ အသွင်ကတော့ တူတာပဲ၊ နို့ပေမယ့် ဥပပတ်ရုပ်ဆိုတော့ ကျွန်တော်တို့ အမိဝမ်းက မွေးဖွားတဲ့လူသားနဲ့ ပေါင်းသင်းနိုင်ပါ့မလား ဦးလေးရယ်'

နိုင်။ ။'ဒီဟာက ငါ့တူရဲ့အပူ မဟုတ်ဘူး ငါ့တူရယ်၊ နှစ်ပေါင်း နှစ်ထောင်ကျော် စောင့်လာခဲ့တဲ့ မိန်းမက ဒီအတွက်ကို သူကြည့်စီမံမှာပေါ့၊ သူဘယ်ပြောမလဲ နားထောင်စမ်းပါဦး'

နိုင်။ ။'ပြီးတော့ တစ်ခုရှိသေးတယ်၊ ဓားမြှောင်နဲ့ထိုးလို့လဲ မပေါက်ဘူး၊ တွန်းချလို့လဲ မကျဘူး၊ ဘယ့်နှယ်လဲ ဦးလေးရဲ့'

ကျွန်ုပ်။ ။'မသေနိုင်တဲ့အစွမ်း သတ္တိဟာကိုး၊ ဟိုဘဝတုန်းကအတိုင်း ပါလာတယ်ထင်ပါရဲ့ တူရယ်'

နိုင်။ ။'ကျွန်တော်စိုးရိမ်တာက ကိုင်လို့မရ၊ စမ်းလို့မမိ၊ ထိလို့မတွေ့ နိုင်တဲ့ ရေမြှုပ်သဘောလို ဖြစ်နေတဲ့ရုပ်မျိုး ဖြစ်နေမလားလို့ပါ ဦးလေးရယ်'

ကျွန်ုပ်။ ။'ဒီလိုမဟုတ်နိုင်ဘူး ထင်ပါရဲ့၊ ဘာကြောင့်လဲဆိုတော့ ဘဒ္ဒကုမာရီ ချောက်ထဲကျမယ် လုပ်တော့ ရူပနန္ဒီက ဖမ်းဆွဲထားလိုက်တာ မမြင်ဘူးလား'

နိုင်။ ။'ဒါတော့လဲဟုတ်ပါရဲ့၊ သူ့ရုပ်က ထိလို့တို့လို့ တွေ့ချင်လဲ ဖြစ်၊ မတွေ့ချင်လဲဖြစ်၊ နှစ်ဘက်ရ ထင်ပါရဲ့ ဦးလေးနော်'

ယင်းသို့ စကားပြောနေကြစဉ် ဥရိပေါ ဝင်လာ၍ အဆောင်တစ်ဆောင်သို့ ခေါ်ဆောင်သွားရာ ကျွန်ုပ်တို့အတွက် ပြင်ဆင်ထားသော အဝတ်အစားများ၏ ခမ်းနားသိုက်မြိုက်ခြင်းကို မြင်သဖြင့် ကျွန်ုပ် အနည်းငယ် ရိပ်မိ၏။

မောင်စောနိုင်၏ အဝတ်အစားများမှာ သိုးမွေးတွင် ရွှေချည်၊ ငွေချည်တို့ဖြင့် ဖောက်လုပ် ခြယ်လှယ်ထားသည့်ပြင် ကျောက်သံပတ္တမြားတို့ဖြင့် ခြယ်လှယ်အပ်သော ရာဇလုံတံမျိုး တစ်ခုလည်း ပါဝင်သောကြောင့် ကျွန်ုပ် ပြုံးမိသေး၏။

မောင်စောနိုင်သည် ကျွန်ုပ်၏ မျက်နှာထားကို မြင်သွားသောအခါ ...

နိုင်။ ။'ဘယ့်နှယ်ဟာတွေလဲ ဦးလေး၊ ကျွန်တော့်ကိုတော့ တောက်တီးတောက်တဲ့တွေ မလုပ်စေနဲ့နော်၊ မိရိုးဖလာ ဆင်းရဲသားမျိုးဖြစ်ရက်နဲ့ ရာဇာတွေ၊ မဟာတွေ၊ နှင်တံတွေနဲ့ တော်တော်ကြာတော့ ရူးသလို၊ နှမ်းသလိုဖြစ်ကုန်ကြပါဦးမယ် ဦးလေး'

ကျွန်ုပ်။ ။'စိတ်ကျေနပ်အောင် လုပ်လိုက်ပါ တူရယ်'

သို့ရာတွင် မောင်စောနိုင်သည် ကြေးထူလျက်ပင် ရှိသေးရာ၊ ဥရိပေါက ရူပနန္ဒီနှင့် လက်မထပ်မီ စေ့စပ်ကြောင်းလမ်းသည့် အခမ်းအနားအတွက် ဖြစ်ကြောင်းနှင့် ရှင်းလင်းပြောပြသောအခါမှ ကြည်ဖြူစွာ ဝတ်ဆင်တော့၏။

ထို့နောက် မောင်စောနိုင်က ...

'ဘဒ္ဒကုမာရီ ရှိသေးလား' ဟုမေးရာ ဥရိပေါက ...

'၎င်းတို့မြေးအဘိုးမှာ စစ်ပြိုင်အံ့ဟု တကဲကဲကြုံးဝါးလျက် ပြန်သွားကြပြီဖြစ်ကြောင်း' နှင့် ပြောဆိုသည်တွင်မှ သက်ပြင်းချ၍ ရွှင်ပြလာလေ၏။

ကျွန်ုပ်တို့သည် အဝတ်များလဲလှယ်ဝတ်ဆင်ကြပြီးနောက် ဥရိပေါနှင့် လိုက်သွားကြလေရာ ဓာတ်မီးတိုင်ကြီးများဖြင့် လင်းထိန်လျက်ရှိသော အဆောင်ကြီးသို့ ရောက်သောအခါတွင် ဖိုးသူတော်နှင့် သီလရှင်များသည် လက်ဝဲလက်ယာမှ စီတန်း၍ အလယ်မှစင်မြင့်ပေါ်တွင် ကုလားထိုင်နှစ်လုံးယှဉ်လျက် တစ်လုံးပေါ်တွင် ရူပနန္ဒီ ထိုင်နေကြောင်းတွေ့ရလေ၏။

ရူပနန္ဒီမှာ အရောင်တဖိတ်ဖိတ်တောက်သော ရွှေချည်၊ ငွေချည် အဝတ်တို့ဖြင့် ဝတ်ဆင်ထား၍ နားသန်သီးမှ စိန်နှစ်လုံးတို့၏ အရောင်သည် လည်းကောင်း၊ ဘယက်တန်ဆာ ဒွါဒရာတို့မှ ကျောက်သံပတ္တမြားတို့သည် လည်းကောင်း၊ တလျှပ်လျှပ်တလက်လက် အရောင်တွေ ကွန့်ထွက်လျက်ရှိရကား ကိုယ်ရောင်ကိုယ်ဝါနှင့် ပြည့်စုံသည့် နတ်ဘုံသူတစ်ယောက်ကဲ့သို့ မှတ်ထင်ရပေတော့၏။

ကျွန်ုပ်တို့သည် ဖိုးသူတော်နှင့် သီလရှင်နှစ်တန်းအကြားမှ လျှောက်လာကြစဉ် ၎င်းတို့သည် သာယာချိုအေးသော တေးတစ်မျိုးဖြင့် ခပ်ဆွဲဆွဲ သီဆိုလျက်ရှိကြရာ ရူပနန္ဒီ၏ ရှေ့တည့်တည့်သို့ ရောက်ကြသောအခါတွင် ရုတ်တရက် တေးသံရပ်တန့်သွား၍ ရူပနန္ဒီသည် စင်မြင့်ပေါ်မှ ဆင်းကာ ကြိုဆိုလေသည်။

'တောင်ပေါ်သခင်မ၏ ကြင်ရာတော်ကုမာရ သခင်အား အရိုအသေပြုကြလော့' ဟု ကြည်လင်သော အသံဖြင့် ကြွေးကြော်လိုက်သောအခါ ...

'သခင်မ၏ ကြင်ယာတော် ကျန်းမာချမ်းသာပါစေသော၀်' ဟု အားလုံးသော ဖိုးသူတော်များနှင့် သီလရှင်များက တညီတညာတည်း ရွတ်ဆိုလိုက်သောအသံကြီးသည် မိုးချုန်းသံကဲ့သို့ ဟိန်းသွားလေ၏။

၎င်းနောက် ရူပနန္ဒီသည် ကျွန်ုပ်အား ၎င်းတို့နံဘေးတွင် ရပ်နေရန် လက်ပြ၍ မောင်စောနိုင်၏ လက်ကိုကိုင်ကာ ပရိသတ်ဘက်သို့ ယှဉ်တွဲလျက် မျက်နှာမူကြပြီးနောက် ...

'ကျွန်ုပ်သည် သင်တို့ရှေ့တွင် မျက်နှာဖုံးကို ပထမဆုံးအကြိမ်လှစ်၍ နဂိုရုပ်အတိုင်း မြင်စေသည်၊ ရှုစားလော့၊ ကျွန်ုပ်၏ ကြင်ယာတော်ကား ယခုဘ၀မှ တွေ့ရသည်မဟုတ်၊ ဘ၀အဆက်ဆက်မှ ရေစက် ဆုံဆည်းလာကြ၍ ၎င်းလာမည့်အရေးကို ကျွန်ုပ် မျှော်လင့်စောင့်ဆိုင်းလာခဲ့သည်၊ ယနေ့သည်ကား ကျွန်ုပ်တို့နှစ်ဦး နဂိုရုပ်အတိုင်း ရှုစားဆုံဆည်းနိုင်ကြ၍ စေ့စပ်ကြောင်းလမ်းသောနေ့ ပေတည်း၊ ကောင်းချီးသြဘာပေးကြလော့' ဟု ကြည်လင်ပြတ်သားသော အသံဖြင့် မတုန်မယင် ပြောပြလေ၏။

ပရိတ်သတ်တို့လည်း ...

'သခင်မနှင့် သခင်ကြီး ကျန်းမာချမ်းသာ၍ သက်တော်ရာကျော်ရှည်ကြပါစေသော်'ဟု ကြွေးကြော်ကြလေ၏။

ဏဳ။ ။'(ပြုံးရယ်လျက်) အသက်တစ်ရာလောက် ဘာလုပ်ရမှာလဲ၊ သို့သော် ရှိစေ၊ ဆိုရိုးဆိုစဉ် ဆိုကြပေတာကိုး' ဟု တီးတိုးပြောလိုက်၏။ ထို့နောက် ...

ဏဳ။ ။'ပရိတ်သတ်ရှေ့မှာ ကြေညာပါ၊ ကျွန်ုပ်ကို စုံမက်ရိုး မှန်ပါသလား ကုမာရ'

နိုင်။ ။'အမှန် စုံမက်ပါတယ် သခင်မ'

ငင်းနောက် ရူပနန္ဒီသည် မောင်စောနိုင်၏လက်ကို ကိုင်ဆွဲလျက် စင်ပေါ်သို့ အတူတက်ကြ၍ ကုလားထိုင်နှစ်လုံးပေါ်တွင် ယှဉ်တွဲကာ ထိုင်ကြလေ၏။

ကျွန်ုပ်မှာ ၎င်းတို့နောက်မှလိုက်၍ ကုလားထိုင်နှစ်လုံးတို့၏နောက်မှ ရပ်နေလေ၏။

(ဤနေရာ၌ ရူပနန္ဒီ၏ ကိုယ်နံ့အကြောင်း ဖော်ပြရပေမည်။

၎င်းတို့နှစ်ယောက်၏ နောက်မှရပ်နေစဉ် ရူပနန္ဒီ၏ ကိုယ်နံ့သည် ကျွန်ုပ်၏ နှာခေါင်းသို့ တစ်ချက်ထိုးဝင်၏။ အနံ့မှာ ပရပ်ကဲ့သို့ စူးရှားသော သဘောရှိသော်လည်း စိတ်ကိုအလွန်နှစ်သိမ့်စေ၍ တဏှာရာဂစသော အာရုံကို နှိုးဆွပေးတတ်၏။

ပရပ်စူးရှပုံမှာ အခံရခက်သလိုဖြစ်ပြီးနောက် နှလုံးကြည်လင်၏။ ၎င်း၏စူးရှပုံမှာ အလွန်ခံ၍ကောင်းသော်လည်း နှလုံးနောက်ကျိကို ဖြစ်တော့မလို ဝေတေတေ ကျန်ရစ်ခဲ့၏။ မောင်စောနိုင်ကလည်း ဤအတိုင်း ပြောဖူး လေသည်။)

ထိုအခါ ပရိတ်သတ်တို့သည် ထိုင်ရာမှထ၍ စိတ်နှလုံး မြူးထူး တက်ကြွဖွယ်ကောင်းသော (ရတု တစ်ပိုင်း၊ တေးတစ်ပိုင်း) အသွားရှိသည့် ကျူးချင်းများကို သီဆိုကျူးရင့်ကြလေရာ လေးရာကျော်၊ ငါးရာခန့်မျှသော

အသံတို့သည် ဥမင်လိုဏ်ခေါင်းသဖွယ်ရှိသော အခန်းကြီးအတွင်း၌ မည်မျှလောက် မြည်ဟိန်းသည်ကို တွေးတောနိုင်ဖွယ်ရာ ရှိပေ၏။

ဆယ့်ငါးမိနစ်ခန့် သီဆိုကြပြီးနောက် ရူပနန္ဒီက နှင်တံဖြင့် အချက်ပေးလိုက်ရာတွင် ပရိသတ်တို့လည်း ဦးသုံးကြိမ်ညွတ်ပြီးနောက် အစီအစဉ်ဖြင့် ထွက်သွားကြလေကုန်၏။

ရူပနန္ဒီသည် ရေးဟောင်းနှောင်းဖြစ်များကို စဉ်းစားစိတ်ကူးနေဟန်နှင့် အတန်ကြာအောင် စိုက်ငေးနေပြီးနောက် ...

'သူတို့လူစု သီဆိုသွားတဲ့ တေးသွားကို သတိပြုမိလိုက်ကြရဲ့လား၊ ဟိုတုန်းက ဘဒ္ဒကလျာဏီမင်းသမီးနဲ့ ညီတော်မင်းနန္ဒနဲ့ လက်ထပ်မယ်လုပ်တုန်း ရှင်ဂေါတမက သပိတ်ထမ်းဖို့ ခေါ်သွားလိုက်တာ ခမျာမှာ လှည့်ကြည့် လှည့်ကြည့်နဲ့ လိုက်သွားရရှာတာ သွားသတိရမိသေးတယ်၊ အဲဒီတုန်းက ပုရောဟိတ်တွေက လက်ထပ်မင်္ဂလာ အခမ်းအနားအတွက် ရေးစပ်ထားတာ ဒီတေးချပ်ပဲ၊ ဧည့်ပရိသတ်ထဲမှာ ကျွန်ုပ် ပါလေတော့ မဆိုဖြစ်တဲ့တေးကို ကျွန်ုပ်ရေးမှတ်ပြီး ဒီအရပ်မှာ လက်ထပ်မင်္ဂလာပွဲအတွက် အသုံးပြုလာခဲ့တာ ကြာပြီကော၊ သာယာပါစ ကုမာရ'

နိုင်။ ။'အလွန်နာဝင်ချိုတဲ့ တေးသွားပါ သခင်မ၊ ဒါထက် ကျွန်ုပ်ကို ယခုဘဝနာမည်အတိုင်း မောင်စောနိုင်လို့ခေါ်ရင် ကောင်းပါလိမ့်မယ် သခင်မ၊ ကုမာရဘဝဟာ စိတ်ညစ်စရာတွေ အင်မတန်များလို့မို့ နိမိတ်မကောင်းဘူး၊ ထင်ပါတယ်'

ဒီ။ ။(ပြုံးရယ်လျက်)'သခင်ရဲ့စကားဟာ ကျွန်ုပ်အပေါ်မှာ အမိန့်ကဲ့သို့ တည်ပါစေမယ် မောင်စောနိုင်၊ ကဲ ကြိုက်ပြီလား'

ကျွန်ုပ်။ ။'ဒီနာမည်ရှည်တယ် သခင်မ၊ ကျွန်ုပ်တို့တိုင်းပြည် ထုံးစံအတိုင်း မောင်လို့ခေါ် ပြီးတာပဲ'

ဒီ။ ။'သြော်..သြော်၊ ဒါဖြင့် မောင်ပေါ့၊ မောင်ဖိုးထော်ကိုကော မောင်လို့ မခေါ်နိုင်ဘူးလား'

မောင်စောနိုင်နှင့် ကျွန်ုပ်သည် တစ်ယောက်နှင့်တစ်ယောက် ပြုံးကာ လှမ်းကြည့်ကြပြီးနောက် 'ကျွန်ုပ်ကိုတော့ ဒီလိုမခေါ်နိုင်တော့ဘူး' ဟု ပြန်ပြော လိုက်ရ၏။

ဇာတ်သိမ်း

# ကန်တော့ခံခြင်း

အခမ်းအနားပြီးစီးသည့်နောက် ကျွန်ုပ်တို့သည် ဥယျာဉ်ကို မျက်နှာမူလျက်ရှိသော အဆောင်သို့ ပြန်သွားကြရာ ရှုပနန္ဒီမှာ ၎င်း၏အဆောင်သို့ ဝင်သွားလေ၏။

ကျွန်ုပ်တို့အထင်မှာ ရှုပနန္ဒီသည် မကြာမီ ကျွန်ုပ်တို့ရှိရာသို့ လိုက်လာလိမ့်မည်ဟု မျှော်လင့်သော်လည်း နှစ်နာရီခန့် ကျော်လွန်ပါလျက်နှင့် မပေါ်လာခဲ့ချေ။

နောက်ဆုံး၌ မောင်စောနိုင်သည် စိတ်မရှည်နိုင်တော့ပြီဖြစ်၍ 'လာဦးလေး၊ သူ မလာရင် ကျွန်တော်တို့ လိုက်မယ်' ဟု ပြော၍ ထသွားလေ၏။

ကျွန်ုပ်မှာမူ ရှုပနန္ဒီ မခေါ်ဘဲနှင့်သွားရခြင်းကို ရွံ့ကြောက်သော်လည်း မောင်စောနိုင် အားကိုးနှင့် လိုက်ရလေ၏။

ကျွန်ုပ်တို့သည် ဆောင်ကူးလမ်းကြားနှင့် အဆောင်ဆောင် အခန်းခန်းတို့ကို ကျော်လွန်ပြီးနောက် တံခါးတစ်ခုကိုတွေ့၍ တွန်းဖွင့်ဝင်သွားကြလေ၏။

၎င်းအဆောင်သည် ဓာတ်မီးတိုင်များဖြင့် ထိန်ထိန်လင်းလျက်ရှိသင့်သော်လည်း မီးငြိမ်းထားသောကြောင့်လေလော၊ အခန်းမှားသောကြောင့်လေလော မသိ၊ မှောင်လျက်ရှိ၏။

သို့ဖြစ်၍ နောက်သို့ဆုတ်ကာ ပြန်ထွက်ရန် ကြိုးစားသော်လည်း တံခါးကို ရှာမတွေ့တော့ချေ၊ ကျွန်ုပ်တို့ကား မျက်စိလည်၍ လမ်းပျောက်ခဲ့လေပြီ။

ကျွန်ုပ်တို့သည် မှောင်ကြီးထဲတွင် ရော်ရမ်းမှန်းဆကာ တစ်ယောက်လက်ကို တစ်ယောက်ကိုင်လျက် လျှောက်နေကြစဉ် ထိုအခန်းထဲ၌ ကျွန်ုပ်တို့မှတစ်ပါး အခြားသတ္တဝါရှိသည်ဟု မှတ်ထင်မိ၏။

ရှိုးရှိုးရှပ်ရှပ်မြည်သလိုလို၊ ခြေသံများကြားရသလိုလို၊ ကျွန်ုပ်တို့ကိုယ်နှင့် အဝတ်များ တိုးဝှေ့မိသလိုလို၊ တရှူးရှူးမြည်သော အသက်ရှူသံများကြားရသလိုလို၊ ယီးတီးယားတားနှင့်မရေမရာ ဘာတာတာရှိနေရကား ရင်ထဲက တလှပ်လှပ်၊ စိတ်ထဲက တဖျပ်ဖျပ်၊ ကျောထဲက စိမ့်ခနဲ အေးခနဲ ဖြစ်လာ၍ ကြက်သီးတွေ တဖြန်းဖြန်းနှင့် ခေါင်းနပမ်းကြီးလာကြလေ၏။

'ရှီးရှော့၊ ရှီးရှော့' မြည်သော တီးတိုးသံများ၊ အဝတ်ကိုခြေနှင့်ခတ်သဖြင့် အဖတ်ဖတ်မြည်သော အသံများသည်လည်း ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ရှုပ်၍နေတော့၏။

ကျွန်ုပ်တို့သည်ကား လူသားမဟုတ်သည့် အခြားဘုံသားများ မှီတင်းနေထိုင်ရာအရပ်သို့ ကျူးကျော်ချဉ်းနင်း ဝင်ရောက်ခဲ့မိကြလေပြီ။

နောက်ဆုံး၌ ဝေးလံသောအရပ်မှ မီးရောင်တစ်ခုကို မြင်သည်နှင့် ကျွန်ုပ်တို့သည် တစ်ယောက်ကို တစ်ယောက်ကိုင်ကာ လျှောက်သွားကြရာ မနီးမဝေးသို့ရောက်လျှင်ပင် ပလ္လင်ပေါ်တွင်ထိုင်လျက်ရှိသော ရူပနန္ဒီကို မြင်ကြရလေပြီ။

ရူပနန္ဒီမှာ စေ့စပ်ကြောင်းလမ်းသည့် အခမ်းအနား၌ ဝတ်ဆင်သည့် အဝတ်အစားအတိုင်း ရာဇလုံတံကို ကိုင်လျက်ရှိ၏။

ထူးခြားသော အခြင်းအရာတစ်ခုမှာ ရူပနန္ဒီ၏ နဖူးပြင်သည် ပထမတန်း စိန်ကြီးတို့ဖြင့် စီခြယ်ထားသည့် နဖူးစည်းဖြင့် ဆင်ယင်ထားသည်

မှန်သော်လည်း ၎င်းစိန်ကြီးတို့၏ အရောင်မှတစ်ပါး ဝင်းဝင်းလက်လက်ရှိသော အရောင်တစ်မျိုးဖြင့် တောက်ပကွန့်မြူးလျက်ရှိ၏။

ပမာဆောင်ရသော် လက်နိပ်ဓာတ်မီးထိပ်ဝ၌ ပါးလွှာသော အဝတ်များ အထပ်ထပ် ဖုံးအုပ်ထားသောအခါတွင် အဝတ်များကို ဖောက်ထွင်း၍ ထွက်လာရသော အလင်းရောင်မျိုးနှင့် သဏ္ဍာန်တူလှပေသည်။

ထိုအခြင်းအရာကို မြင်ရသောအခါ မောင်စောနိုင်သည် ကျွန်ုပ်၏ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လျက် 'ဘယ့်နှယ်လဲ ဦးလေး၊ ပေါင်းလို့ဖြစ်တဲ့ သတ္တဝါမျိုးမှ ဟုတ်ပါ့မလား ဦးလေးရယ်' ဟု တီးတိုး ပြော၏။

ကျွန်ုပ်တို့သည် အလွန်နီးကပ်အောင် မချဉ်းကပ်ဘဲ နံရံတွင် ခိုကပ်လျက် ကြည့်နေကြစဉ် ရှုပနန္ဒီသည် မကြာမဏ ဦးညွှတ်လျက်ရှိသည်ကို မြင်ရသဖြင့် ပလ္လင်၏ရှေ့သို့ လှမ်းကြည့်လိုက်ကြ၏။

ဝိုးတိုးဝါးတား မရေမရာရှိသော အလင်းရောင်တွင် ကျွန်ုပ်တို့ ယခင်က တစ်ကြိမ်မျှ မမြင်ဘူးသော ပုံသဏ္ဍာန်များသည် ပလ္လင်၏ရှေ့သို့ တစ်ခုထွက် တစ်ခုဝင် ပြုလုပ်လျက်ရှိရာ တစ်ခုဝင်လာသည့်အခါတိုင်း ရှုပနန္ဒီက ဦးခေါင်း ညိတ်ကာ အသိအမှတ်ပြုရလေ၏။

ပုံသဏ္ဍာန်များမှာ အချို့ကား အတောင်နှင့်လည်းကောင်း၊ အချို့ကား အချွန်အတက်တွေနှင့်လည်းကောင်း၊ အချို့ကား ရှည်လျားလျား၊ အချို့ကား ဝိုင်းတိုင်းတိုင်း၊ အချို့ကား ခြေနှစ်ချောင်း၊ အချို့ကား ခြေလေးချောင်း၊ အချို့ကား ခြေမပါ၊ တစ်ခုနှင့်တစ်ခု အသွင်ကွဲ၊ အဆင်ကွဲ အမျိုးမျိုး အဖုံဖုံ ကွဲလွဲလျက်ရှိ၏။

ပလ္လင်ရှေ့သို့ရောက်လာသော ပုံသဏ္ဍာန်သည် မည်သည့်အမျိုးအစား ဖြစ်စေကာမူ ဦးညွှတ်ကာ အရိုအသေပြုရသည်ကို တွေ့မြင်ရကား ရှုပနန္ဒီသည် မိမိ၏ ရုပ်ဆင်းသဏ္ဍာန် ပြောင်းလဲခါစဖြစ်သော ထိုအချိန်အခါတွင် အကြင် သတ္တဝါတို့၏ ကန်တော့ပူဇော်ခြင်းကို ခံနေရသည်ဟု ကျွန်ုပ်တို့ မှတ်ထင်မိကြ၏။

Myanmar Cupid

(မှတ်ထင်သည့်အတိုင်း ဟုတ်မှန်ကြောင်းကိုလည်း နောင်အခါ၌ ကျွန်ုပ်တို့ သိကြရ၏။)

ကျွန်ုပ်တို့သည် ဆက်လက်ကြည့်ရှုခြင်းငှာ မဝံ့ကြရကား နံရံတစ်လျှောက် နောက်ဆုတ်ထွက်လာကြ၍ တံခါးသို့ရောက်သည်နှင့်တစ်ပြိုင်နက် တွန်းဖွင့်ပြီးလျှင် ယခင်က အခန်းသို့ ခပ်သုတ်သုတ်ပြန်၍ ထိုင်နေကြလေ၏။

နောက်တစ်ခဏ၌ ဥရိပေါ ရောက်လာ၍ ကျွန်ုပ်တို့၏ တုန်လှုပ်ထိတ်လန့်သော မျက်နှာထားကို မသိဟန်ပြုလျက် ရူပနန္ဒီက ခေါ်ကြောင်းနှင့် ပြောလေ၏။

ကျွန်ုပ်တို့သည် ဥရိပေါနှင့် လိုက်သွား၍ ရူပနန္ဒီ၏ အဆောင်တွင် သလွန်တစ်ခုပေါ်၌ မောဟိုက်ဟန်နှင့် ထိုင်နေသော ရူပနန္ဒီကိုတွေ့ကြရလေ၏။

ကျွန်ုပ်သည် အနီးသို့ရောက်သောအခါတွင် နှစ်ယောက်ထဲ စကားပြောဆိုကြလိမ့်မည် အထင်နှင့် ပြန်ထွက်မည်ပြုရာတွင် ရူပနန္ဒီက 'ဘယ်လိုလဲ မောင်ဖိုးထော်၊ ပလ္လင်ဆောင်ကို သွားချင်သေးလို့လား' ဟု ခပ်ပြုံးပြုံးမျက်နှာထားနှင့် မေးလိုက်သဖြင့် ကန်တော့ခံခြင်း အခန်းအနားကို ကျွန်ုပ်တို့ မြင်ရကြောင်း ရူပနန္ဒီ သိသွားသည်ဟု ရိပ်မိလေ၏။

ကျွန်ုပ်သည် ဘာမျှ ပြန်မပြောဘဲ ပြန်၍ ထိုင်လေ၏။

ဒီ။ ။'ဘယ့်နှယ်လဲ၊ သတ္တိကောင်းတဲ့လူတွေဆိုပြီး ဘာကြောင့်ဒူးတွေ တုန်ရသလဲ'

ကျွန်ုပ် ။ ။'ကျွန်ုပ်တို့လာကြည့်တာကို သခင်မ မြင်လိုက်ရတယ်ကိုး'

ဒီ။ ။'မြင်လိုက်ရရုံ ဘယ်က မလဲ၊ ကျွန်ုပ်ရဲ့တန်ခိုးနဲ့ ကာကွယ်မထားလျှင် သင်တို့ခုလောက်ရှိလျှင် အရိုးတောင် ပြာကျနေပြီ၊ နောက်ကို အရဲမစွန့်ကြနဲ့နော်၊ ကျွန်ုပ် သတိလစ်သွားရင် မောင်တို့လူစု ဒုက္ခရောက်ကြကုန်မယ်'

နိုင်။ ။‘ပလွင်ရှေ့လာပြီး အရိုအသေပြုကြတာတွေ ဘာသတ္တဝါမျိုး တွေလဲ သခင်မ’

ဒီ။ ။‘မနုဿလူ့ဘုံနဲ့ တစ်စပ်တည်းနေပြီး လူသားများ မမြင် မတွေ့နိုင်တဲ့ သတ္တဝါမျိုးတွေ အပုံရှိတယ် မောင်၊ တချို့က’

နိုင်။ ။‘အတက်တွေနဲ့ဟာ ဘာလဲ သခင်မ’

ဒီ။ ။‘ဂဠုန်တဲ့ မောင်’

နိုင်။ ။‘ရှည်ရှည်ကြီးက နဂါးမှတ်တယ်’

ဒီ။ ။‘ဟုတ်ပါတယ်’

နိုင်။ ။‘မျက်လုံးပြူးပြူးနဲ့ ဟာကြီးကကော’

ဒီ။ ။‘ဂုမ္ဘဏ်တဲ့မောင်’

နိုင်။ ။‘ခြေထောက်တွေ အများကြီးနဲ့ ဖင်ဝိုင်းကြီးနဲ့ဟာကော’

ဒီ။ ။‘မနုဿီဟတဲ့မောင်’

နိုင်။ ။‘အစွယ်ကြီးနဲ့ဟာကော’

ဒီ။ ။‘ယက္ခတဲ့မောင်’

နိုင်။ ။‘မုတ်ဆိတ်တွေနဲ့ဟာကော’

ဒီ။ ။‘တိုးနရားတဲ့’

နိုင်။ ။‘လူနဲ့တူတဲ့ ဟာကော’

ဒီ။ ။‘ဒါက ဇော်ဂျီကပဲ၊ လူနဲ့တူဆို လူပဲကို မောင်’

နိုင်။ ။‘နေပါဦး သခင်မ၊ ဒီဟာတွေကိုတောင် သခင်မ အစိုးရ တယ်လား’

ဒီ။ ။'ကျွန်ုပ်ပြောမယ် မှတ်ထား မောင်စောနိုင်၊ လောကမှာ အရေးအကြီးဆုံး အချက်ကြီး နှစ်ချက်ရှိတယ်'

နိုင်။ ။'တစ်ချက်က ငွေလား'

ဒီ။ ။'လူပေါတွေထဲမှာတော့ ငွေ အရေးကြီးတာပေါ့ တကယ့်ပုဂ္ဂိုလ် ထဲမှာတော့ ငွေဟာ အလကားပဲ၊ အရေးကြီးတာနှစ်ချက်၊ ဘာလဲဆိုတော့၊ အရဟတ္တဉာဏ်ရယ်၊ အဘိဉာဉ်ရယ်၊ အရဟတ္တဉာဏ် ရရင် မောင်တို့ အကျွန်ုပ်တို့ ခံနေရတဲ့ ဝဋ်ဆင်းရဲတွေမှ လွတ်မယ်၊ အဘိညာဉ်ရလျှင် လောကကြီးအတွင်းမှာ အကြီးကျယ်ဆုံး၊ တန်ခိုးအကြီးဆုံး ဖြစ်နိုင်တယ်၊ ရွှေဖြစ်၊ ငွေဖြစ်လမ်းတို့ အာယုဝဍ္ဎနလမ်းတို့၊ သံလမ်း၊ ခဲလမ်း၊ ပြဒါးလမ်းတို့၊ အင်းအိုင်မန္တရားတို့ ဆိုတာတွေဟာ အဘိညာဉ်ရဲ့ တပည့်တွေကပဲ၊ အဘိညာဉ်လမ်းပေါက်ရင် ဝိဇ္ဇာတို့ နဂါး ဂဠုန်တို့ ကုမ္ဘာဏ် ယက္ခတို့ ဆိုတာတွေကို အားလုံးကုန်ခေါ်ပြီး ခိုင်းနိုင် စေနိုင်တယ် မောင်ရဲ့'

ကျွန်ုပ်။ ။တစ်ခုမေးပါရစေ သခင်မ၊ အဘိညာဉ်လမ်းပေါက်တဲ့ ပုဂ္ဂိုလ်ဟာ အဖိုအမ ဆိုတဲ့ လိင်နဲ့ ပတ်သက်တဲ့ စိတ်မျိုးရှိပါသေးသလား' ဟုမေးလိုက်သောအခါ ရူပနန္ဒီသည် စဉ်းစားတွေဝေနေဟန်ရှိသော မောင်စောနိုင်အား ဖျတ်ခနဲ လှမ်းကြည့်၍ ကျွန်ုပ်အား မျက်စိမှိတ်ပြလိုက်လေသည်။

မောင်စောနိုင်မှာမူ ထိုအခြင်းအရာကို မမြင်ဘဲရှိရာ ရူပနန္ဒီသည် အမျှင်မပြတ်အောင် အခြားစကားကို ဆက်လက်ပြောလိုက်လေ၏။

သို့ရာတွင် မောင်စောနိုင်သည် နားစိုက်ဟန်လက္ခဏာမရှိဘဲ ၎င်း၏ စိတ်ကူးအတိုင်း ရုတ်တရက် ဖြတ်၍ မေးလိုက်သည်မှာ ...

နိုင်။ ။'ကျွန်ုပ်တို့ ယနေ့ ဓာတ်စပ်ကြောင်းလမ်းပြီးတာတော့ ဟုတ်ပါပြီ၊ လက်ထပ်ဖို့က ဘယ်တော့လဲ သခင်မ'

ဒီ။ ။(တုန်ယင်သောအသံနှင့် ကတိုက်ကရိုက် ဖြေဆိုသည်မှာ) 'နေပါဦးမောင်ရယ်၊ စောင့်ပါဦး၊ တအောင့်ကလေး စောင့်ရတော့မှာပဲ၊ လေးငါးဆယ်လ အလွန်ဆုံးတစ်နှစ်ပေါ့ မောင်ရယ်၊ ဒီအတောအတွင်းမှာ သမီးရည်းစား

အဖြစ်နဲ့ နေကြသေးတာပေါ့၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး နေ့လဲ အတူတူ၊ ညလဲအတူတူ၊ စားလဲအတူတူ၊ သောက်အတူ ဒီလောက်ဆိုရင် ပျော်ဖို့ကောင်းလှရောပေါ့ မောင်ရယ်၊ ဘာကြောင့် အရင်လိုချင်ရတာလဲ'

နိုင်။ ။(စိတ်ပျက်ဟန်နှင့်)'စောင့်ခဲ့ရတာ ကြာပြီကော သခင်မ၊ တွေ့ကောင်း တွေ့ပြီးတဲ့နောက်မှ စောင့်ပါဦးလို့ထပ်ပြောတာ တစ်ဖက်သား ဘယ်မှာစိတ်ရှည်နိုင်တော့မှာလဲ သခင်မ၊ ကျွန်ုပ်မှာ သခင်မလို မဟုတ်ဘူးနော်၊ အရွယ်လဲ ကြီးလာခဲ့ပြီ၊ ကျွန်ုပ်စိတ်ထဲမှာ သက်ဆိုးရှည်လှမယ်လို့ မထင်လှဘူး၊ ဒီတော့ မြန်မြန် ကိစ္စပြီးအောင် စီမံပါတော့သခင်မ'

ဒီ။ ။(စိုးရိမ်တုန်လှုပ်ဟန်နှင့်) 'နိမိတ်မကောင်းတဲ့ စကားလုံးတွေ မပြောစမ်းပါနဲ့ မောင်ရယ်၊ ဟုတ်တော့လဲ ဟုတ်တယ်လေ၊ မတော်တဆ ဖြစ်သွားမှဖြင့် ပြီးပြန်ပါလေရော'

နိုင်။ ။'မတော်တဆ မဖြစ်နိုင်အောင် သင့်လိုအသက်ရှည်အောင် လုပ်ပေးပါတော့လား ဒါဖြင့်'

ဒီ။ ။'ကျွန်ုပ်လဲ ဒီအတွက် စောင့်ဆိုင်းနေခြင်းဖြစ်တယ်၊ ကိုင်း.. ဒါဖြင့် ဒီလိုလုပ်ကြစို့၊ နွေဥတုတိုင် ရောက်လို့ မိုးပွင့်တွေ အရည်ပျော်တဲ့ ရာသီကျတော့ ကျွန်ုပ်တို့ ဃလဟဂ္ဂပြည်ကို သွားပြီး မီးပုံဆင်းကြဦးစို့၊ ဆင်းပြီးမှ သင်ရုပ်ပြောင်းလဲသွားတဲ့အခါကျတော့ လက်ထပ်ဖို့ စီမံကြတာပေါ့၊ မောင်ဖိုးထော်လဲ ဆင်းမယ် ဟုတ်လား'

ကျွန်ုပ်မှာ အသက်ရှည်ရခြင်းကို အကောင်းဆုံး ဟုတ်ပါလေ၏လောဟု ယုံမှားခြင်းဖြစ်မိသော်လည်း ချစ်လှစွာသော ဤမိတ်ဆွေနှစ်ယောက်နှင့် မကွဲ မကွာ နေရမည့်အရေးကို ကြိုက်သလိုလို ဖြစ်နေသောကြောင့် လိုက်ပါမည်ဟု ဝန်ခံလိုက်လေ၏။

နိုင်။ ။'နွေပေါက်ဖို့ဟာက ရှစ်လလိုသေးတယ်၊ နွေပေါက်လို့ သွားကြပြန်တော့ တောင်ကြီးအထပ်ထပ်၊ တောကြီးအတန်တန်၊ မြစ်ကြီး

အသွယ်သွယ် ဖြတ်ကျော်ရဦးမှာနဲ့ဆိုတော့ နှစ်နှစ်ထက်မနည်း ကြာဦးမှာပေါ့ သခင်မ၊ ဒီအတွင်း လက်ထပ်ပြီးနောက်မှ သွားကြတာပေါ့'

သို့ရာတွင် ရူပနန္ဒီသည် မဖြစ်နိုင်ကြောင်းနှင့် ငြင်းဆန်လေ၏။ မောင်စောနိုင်က ချော့ချည်တစ်ခါ၊ ခြောက်ချည်တစ်လှည့်၊ စိတ်ကောက်ချည် တစ်ဖုံဖြင့် အတန်တန် တိုက်တွန်းသော်လည်း မရချေ။

နောက်ဆုံး၌မူ ရူပနန္ဒီသည် ငြင်းဆန်ရင်းပင် ကရုဏာသက်လာ၍ သဘောတူမိမည်စိုးသဖြင့် ကိုယ့်စိတ်ကို ကိုယ် မယုံကြည်ဟန်ဖြင့် ဆက်လက်၍ ဆင်ခြေကန်မနေတော့ဘဲ ကျွန်ုပ်တို့နှစ်ယောက်ကို မောင်းထုတ်လိုက်လေ တော့၏။

မောင်စောနိုင်က နေ့ရှိသမျှ နားပူလျက်ရှိရာ၊ ရူပနန္ဒီသည် ဆင်ခြေ အမျိုးမျိုးပေးပြီးလျှင် နောက်ဆုံး၌ သူကိုယ်တိုင် သွားသည်ဖြစ်စေ၊ ကျွန်ုပ်တို့ကို မောင်းထုတ်လိုက်သည်ဖြစ်စေ တစ်နည်းနည်းဖြင့် အဆုံးသတ်ရမြဲ ဖြစ်လေ တော့၏။

'ကျွန်တော့်ကို သူ ဘာကြောင့် ဒီလောက် ငြင်းနေတာလဲ ဦးလေး'

'စိုးရိမ်စရာအချက်ရှိတယ် တူရယ်'

ထထထ

## စစ်ပြိုင်ခြင်း

ကျွန်ုပ်တို့သည် ဃလဟဂ္ဂပြည်သို့ထွက်ရန် ရက်တွက်နေကြသော်လည်း ငြိမ်ချမ်းစွာ နေကြရသည် မဟုတ်ချေ။

အကြောင်းမူကား ဘဒ္ဒကုမာရီသည် 'မစားရသောအမဲကို သဲနှင့်ပက်မည်' ဟူသော သဘောမျိုး ထားသည်က တစ်ကြောင်း၊ ရူပနန္ဒီကို မုန်းတီးသည်က တစ်ကြောင်း၊ စစ်တိုက်ရန် ပြင်ဆင်လျက်ရှိသည်ဆိုသော သတင်းများ ကြားကြရသောကြောင့်ပေတည်း။

ရူပနန္ဒီသည် တောင်ခြေတစ်လျှောက်တွင် နေထိုင်သည့် မိမိသြဇာခံလူရိုင်းများကို စုဆောင်း၍ ဘဒ္ဒကုမာရီ၏ ရန်ကို တွန်းလှန်ရန် ပြင်ဆင်လေ၏။

ဥရိုပေါ်နှင့် ကျွန်ုပ်တို့အား စစ်ဗိုလ်များအဖြစ်နှင့် ခန့်ထား၍ ရူပနန္ဒီ ကိုယ်တိုင် စစ်ဦးစီးလိုက်ပါပြီးလျှင် အဆုတ်အတက်တို့ကို အမိန့်ပေးရန် စီမံထားရာ မောင်စောနိုင်အားမူ ကျေးကျွန် အစေအပါးများနှင့်တကွ ဌာနတွင် ချန်ထားရန် ဖြစ်လေသည်။

ယင်းသို့စီမံခြင်းမှာ ရူပနန္ဒီသည် မောင်စောနိုင်အား ဘေးအန္တရာယ်တစ်စုံတစ်ရာ မထိပါးစေခြင်းငှာ ဖယ်ရှားထားခဲ့ခြင်း ဖြစ်၏။

သို့ရာတွင် မောင်စောနိုင်က မနာယူချေ။ နောက်ဆုံး၌ ...

ဒီ။ ။'ဒါဖြင့် ကျွန်ုပ်လဲ မလိုက်ဘူးလေ မောင်၊ ပျင်းလို့ရှိရင် တောကစားထွက်နိုင်အောင် မုဆိုးတွေ တစ်ချို့ ထားပစ်ခဲ့မယ်လေ၊ ကျွန်ုပ်နဲ့ နေရရင် မပျင်းဘူးဟုတ်လား'

နိုင်။ ။'တန်ပါသခင်မရယ်၊ ကျွန်ုပ်ကတော့ ဒီမှာ စည်းစိမ်နဲ့ရစ်လို့၊ ကျွန်ုပ်ဦးလေးကြီးကိုတော့ သေချင်သေပစေ စစ်ထဲထည့်လိုက်လို့ ဘယ်ဖြစ်မလဲ၊ ကျွန်ုပ် လက်မခံနိုင်ဘူး၊ ဦးလေး သွားသွားချင်း၊ တိုက်တိုက်ချင်း၊ သေသေချင်း၊ ဘယ်တော့မှ မခွဲဘူး၊ သခင်မ၊ လာမရှုပ်နဲ့၊ တန်၊ နောက်ထပ်မကြားချင်ဘူး'

ကျွန်ုပ်သည် မောင်စောနိုင်အား ပို၍ချစ်ရန် နေရာကွက်လပ် ရှိသေးပါလျှင် ထိုစကားကို ကြားရသောအခါတွင် ကွက်လပ်မကျန်အောင် ချစ်မိပေတော့၏။

စင်စစ်မှာ မောင်စောနိုင်သည် ကျွန်ုပ်အား ချစ်ခင်သည်မှန်သော်လည်း စွန့်စားတိုက်ခိုက်ရခြင်း တည်းဟူသော အလုပ်မျိုးကို နဂိုအားဖြင့် နှစ်သက်သူတစ်ယောက်ဖြစ်ရကား ကျွန်ုပ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မည်သည့်နည်းနှင့်မျှ နေရစ်မည့်သူတစ်ယောက် မဟုတ်ချေ။

နောက်ဆုံး၌ သခင်မသည် မောင်စောနိုင်အား နေရစ်ရန် ဖျောင်းဖျခြင်း မပြုတော့ဘဲ အားလုံး အတူတကွ သွားကြရန် ပြဋ္ဌာန်းလိုက်လေ၏။

တစ်နေ့သ၌ ကျွန်ုပ်တို့သည် စစ် အစီအစဉ်အတွက် ပြင်ဆင်လျက်ရှိကြစဉ် ဥရိပေါ်သည် ကျွန်ုပ်တို့ထံ ဝင်လာ၍ ဘဒ္ဒကုမာရီထံမှ စေတမန်တစ်ဦး စေလွှတ်လိုက်ကြောင်း၊ ၎င်းနှင့်အတူ ပါလာကြောင်းနှင့်ပြော၍ စာကို ထုတ်ပေးလေ၏။

ထိုအခါ ရူပနန္ဒီက စာကိုဖတ်ရန် ခိုင်းသဖြင့် ဥရိပေါ်သည် အောက်ပါ အဓိပ္ပါယ်အတိုင်းပါရှိသော စာတစ်စောင်ကို ဖတ်ပြလေ၏။

'လွင်ပြင်သခင်မ ဘဒ္ဒကုမာရီက တောင်ပေါ်သခင်မ ရူပနန္ဒီခေါ် ရူပကလျာဏီထံ ကြားသိစေအပ်ပါသည်။

သင်သည် အတိတ်ကို သိသော်လည်း အနာဂါတ်ကို မသိနိုင်။ ကျွန်ုပ်၏ ဘိုးဘိုးနှင့် ကျွန်ုပ်တို့ကား ကြယ်တာရာတို့ကို သိခြင်းဖြင့် အနာဂတ်ကို သိနိုင်သည်။ ကျွန်ုပ်တို့ သိကြရသည်ကား ဘဒ္ဒကုမာရီ ခေါ် ကျွန်ုပ်ကား သေရလတ္တံ့။ ထိုအတွက် ကျွန်ုပ် ဝမ်းမနည်း။ ဝမ်းပင်သာသေး၏။ ရူပကလျာနီ ခေါ် သင်ကား သင်ထိုးသောလှံသည် သင့်အား စူးလတ္တံ့။ ကန္ဒတ္ထပြည်ကြီးကား သင့်ကြောင့် သွေးချောင်းစီး၍ ပျက်စီးခြင်းသို့ ရောက်ကုန်လေ၏'

ဘဒ္ဒကုမာရီ

လွင်ပြင်သခင်မ

ရူပနန္ဒီသည် ဣန္ဒြေမပျက်ဘဲ နားထောင်နေပြီးနောက် ဥရိပေါ်အား ...

ဒီ။ ။'စေတမန်ကို ပြောလိုက်၊ သူ့စာကို ရပါတယ်လို့၊ အဖြေမှာတော့ ကျွန်ုပ်ကိုယ်တိုင် ကန္ဒတ္ထနယ်သို့လာပြီး သူနဲ့မျက်နှာချင်းဆိုင် ဖြေကြားလိမ့်မယ်လို့ ပြောလိုက်၊ သွား' ဥရိပေါ်သည် ဦးခေါင်းညွှတ်၍ ပြန်သွားလေ၏။

ကျွန်ုပ်တို့သည် စစ်ချီဖို့အရေးကို ဆက်လက်ဆွေးနွေးကြ၍ ထိုည အိပ်ရာဝင်၌ ရူပနန္ဒီက 'ကောင်းကောင်းပျော်အောင် အိပ်ကြနော်၊ မိုးလင်းလင်းချင်း စစ်ချီကြရလိမ့်မယ်' ဟုပြော၍ လွှတ်လိုက်လေ၏။

ကျွန်ုပ်တို့သည် နောက်တစ်နေ့ မိုးသောက်ချိန်မှစ၍ စစ်ချီကြရာ မွန်းတည့်ချိန်တွင် လူရိုင်းများဖြင့် ဖွဲ့စည်းထားသော ကျွန်ုပ်တို့၏စစ်တပ်ကြီးသည် တောင်ခြေရင်းသို့ ဆိုက်ရောက်ကြလေ၏။

ရှေ့ဆုံးမှ လမ်းစခန်းကြည့်ရသည့် စကောက်စစ်တပ်၊ ထိုနောက်မှ မြင်းတပ်၊ လက်ဝဲလက်ယာနှင့် နောက်ပိုင်းတို့မှ ခြေလျင်တပ်များ ဝိုင်းညှပ်ကာ ချီတက်ကြ၏။

ရူပနန္ဒီသည် ခေါင်းမြီးခြုံအဝတ်နှင့် မြင်းဖြူကြီးကို စီးလျက် မြင်းတပ်၏အလယ်မှ လိုက်ပါလာလေရာ မောင်စောနိုင်နှင့် ကျွန်ပ်သည် ရူပနန္ဒီကို ဝဲယာခြံလျက် မြင်းတစ်စီးစီနှင့် လိုက်ပါကြလေ၏။

ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ကား အလွန်သတ္တိကောင်း၍ အတိုက်အခိုက်၌ ကျွမ်းကျင်သည့် ကိုယ်ရံတော် စစ်သားများ ခြံရံလျက် လိုက်ပါလာကြ၏။

လမ်းခရီး၌ ကျွန်ုပ်က ဖမ်းဆီးမိသော ရန်သူစစ်သားတစ်ယောက်ကို စစ်ဆေးမေးမြန်းသည့်အခါ ဘဒ္ဒကုမာရီသည် ယခင်က ကျွန်ုပ်နှင့် မောင်စောနိုင်တို့ တစ်ညအိပ်ခဲ့ဖူးသောချောင်း၏ အခြားတစ်ဖက်မှ ခုခံလိမ့်မည်ဟု သိရှိရ၏။

ကျွန်ုပ်တို့မှာ ချောင်းကို ဖြတ်ကူးစဉ်အတွင်း တစ်ဖက်ကမ်းမှ ရန်သူက တိုက်ခိုက်မည်ဆိုသော် ဧကန်အခက်အခဲတွေ့ဖွယ်ရာ ရှိသောကြောင့် ဘဒ္ဒကုမာရီ၏အကြံမှာ စစ်မှုရေးရာ၌ ကျွမ်းကျင်ဟန်ရှိကြောင်း ထင်ရှား၏။

နေဝင်ချိန်ခန့်တွင် ကျွန်ုပ်တို့သည် အရိုးများစုပုံလျက်ရှိသော လွင်ပြင်စခန်းသို့ ဆိုက်ရောက်ကြ၍ ထိုညအတွက် စခန်းချရန် ပြင်ဆင်ကြလေ၏။

ကျွန်ုပ်တို့၏ စစ်တပ်တစ်တပ်လုံး၌ မိုးကာတဲ တစ်ခုတည်းသာရှိရာ ၎င်းကို ရူပနန္ဒီအဖို့ စိုက်ထူပြင်ဆင်ရ၏။

ရူပနန္ဒီသည် မောင်စောနိုင်ကို စိတ်မချနိုင်သည့် အတွက်ကြောင့် မိုးကာတဲထဲတွင် မောင်စောနိုင်ကို အိပ်စေ၍ မိမိက အပြင်မှအိပ်မည်ဟု ပြောလေရာ မောင်စောနိုင်က မဖြစ်နိုင်ကြောင်းနှင့် အတင်းငြင်းဆန်သောအခါမှ လက်လျှော့လေတော့၏။

နောက်ဆုံး၌ ရူပနန္ဒီသည် မိုးကာတဲတွင်း အိပ်စက်၍ ကျွန်ုပ်နှင့် မောင်စောနိုင်တို့မှုကား မိုးကာတဲနှင့် ကိုက်တစ်ရာခန့်အကွာ လှမ်းသော နေရာတွင် စခန်းချကြ၏။

ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ငါးသောင်းမကသော စစ်သားများ ခြံရံလျက်နှင့်ပင် ရှုပနန္ဒီသည် မောင်စောနိုင်အတွက် စိတ်မချနိုင်အောင် ဖြစ်နေ၏။

အိပ်ရာဝင်ခါနီးတွင် ရှုပနန္ဒီက ...

'ကိုင်း အိပ်ချေကြပေတော့၊ နက်ဖြန်တော့ အလုပ်များလိမ့်မယ်၊ ပျော်အောင်အိပ်ကြနော်၊ ဒါထက် သူ့မှာအကြံတစ်ခုခုရလို့ အခေါ်လွှတ်လိုက်ရင် နှစ်ယောက်စလုံး လိုက်ခဲ့ကြနော်၊ နိုးနိုးကြားကြားလဲ အိပ်ကြ၊ ကိုင်း သွားကြပေတော့'

ထိုညဥ့် သန်းခေါင်းကျော်အချိန်ခန့်တွင် ဖိုးသူတော်တစ်ယောက် ရောက်လာ၍ ရှုပနန္ဒီက ကျွန်ုပ်တို့ နှစ်ယောက်နှင့်တကွ အစောင့်အကြပ်စစ်သားဆယ်ယောက်တို့ကိုပါ ချက်ချင်းလိုက်ခဲ့ရန် ပြောပြလေ၏။

ကျွန်ုပ်တို့မှာ အိပ်ရာဝင်ခါနီးတွင် ရှုပနန္ဒီ မှာကြားလိုက်သောစကားကို သတိရ၍ အကြံသစ်တစ်ခုခု ရလာသည်အထင်နှင့် ချက်ချင်းပင် လိုက်သွားကြလေ၏။

ဖိုးသူတော်သည် မိုးကာတဲသို့ မသွားဘဲ အခြားလမ်းသို့သွားသည်ကို မြင်သဖြင့် ကျွန်ုပ်က အကျိုးအကြောင်းမေးရာ၊ ဖိုးသူတော်က ရှုပနန္ဒီမှာ ကျောက်ဆောင်တစ်ခု၏ အစွန်းမှ နက်ဖြန်အတွက် ချီတက်မည့် စခန်းကို မျှော်ကြည့်စဉ်းစားနေကြောင်းနှင့် ပြန်ပြောလေ၏။

မောင်စောနိုင်သည် မိန်းမသားတစ်ယောက်တည်း ဤမျှလောက် အတင့်ရဲရချေမည်လောဟု မြည်တွန် တောက်တီးလျက် ...

'သူလုပ်လိုက်မှဖြင့် ဒါမျိုးချည်ပဲ' ဟု ညည်းတွားကာ လိုက်ပါလာရလေ၏။

ကျွန်ုပ်တို့သည် အံ့ဩစွာဖြင့် ငေးမော့လျက်ရှိသော ကျွန်ုပ်တို့၏ စစ်သားများအထဲမှ ဖြတ်သန်းလာခဲ့၍ ကျောက်စွန်းတစ်ခုသို့ ရောက်ကြသော

အခါ ကျောက်ဆောင်၏အစွန်းတွင် စကြ်ံလျှောက်လျက်ရှိသည့် ရှုပနန္ဒီကို ခပ်လှမ်းလှမ်းမှ မြင်ကြရလေ၏။

ထိုညဥ့်မှာ လပြည့်ကျော်လေးရက်ညဥ့်ဖြစ်ရကား၊ လွင်ပြင်တစ်လျှောက်၌ ဖရိုဖရဲ ကျဲပြန့်လျက်ရှိသည့် ဖွေးဖွေးဖြူသော အရိုးစုများကို လရောင်တွင် ထင်ရှားစွာ တွေ့မြင်ကြရလေ၏။

နိုင်။ ။'ဟောဟိုမှာ မယ်မင်းကြီးမ၊ မြင်ရဲ့လား ဦးလေး၊ ဒီနေရာကို သူက ရွှေတိဂုံကုန်းတော်များ မှတ်နေသလား မသိဘူး၊ အေးအေးဆေးဆေး လမ်းလျှောက်နေလိုက်တာ၊ ကြည့်စမ်း' ဟု ပြော၍ ရှေ့ဆုံးမှ အူးယားဖားယား ပြေးသွားလေ၏။

အနီးသို့ရောက်သောအခါ ...

နိုင်။ ။'အံ့ပါရဲ့သခင်မ၊ ဒီနေရာများမှာ စိတ်ချလက်ချ နေနိုင်ပါပေ့ သခင်မရယ်' ဟုပြောလိုက်သောအခါ ရှုပနန္ဒီသည် မည်သည့်သို့မျှ ပြန်မပြောဘဲ လက်ကို မြှောက်လိုက်လေ၏။

ထိုခဏ၌ ကျွန်ုပ်တို့အနီးမှ 'ရှိုးရှိုးရှပ်ရှပ်' အသံများ ကြားရ၍ ကြည့်လိုက်ရာတွင် ပတ်ဝန်းကျင်၌ အနှံ့အပြား ဝိုင်းရံလျက်ရှိသော အရိုးစုများသည် အသက်ရှင်လာကြဟန် လက္ခဏာနှင့် ထလာကြရုံမျှမက ၎င်းတို့၏ လက်မှ ဓား၊ လှံ၊ စသော လက်နက်များကိုပင် ဝင့်လျက်ရှိကြ၏။

ထိုအခြင်းအရာကို မြင်ရသောအခါ ကျွန်ုပ်မှာ ရှုပနန္ဒီ၏ တန်ခိုးပြနည်း တစ်မျိုးသာလျှင် ဖြစ်သည်ဟု အောက်မေ့မိ၏။

သို့ရာတွင် ညအချိန်၌ သင်္ချိုင်းမှလူသေများ ရုတ်တရက် ထလာခြင်းကို မြင်ရသော လူတစ်ယောက်သည် အဘယ်မှာလျှင် မတုန်လှုပ်ဘဲ နေနိုင်အံ့နည်း။

ကျွန်ုပ်မှာ ရှုပနန္ဒီ၏ တန်ခိုးပြခြင်းဟူ၍ ယုံကြည်မိစေကာမူလည်း ဒူးများ တဆတ်ဆတ်တုန်လျက်ရှိရာ ကျွန်ုပ်တို့နှင့်အတူ ပါလာသော အစောင့်

အကြေပ်များသည်လည်း မျက်လုံးဝိုင်းကာ ကြက်သေသေလျက် ငေးကြည့်နေကြ၏။

ထိုခဏ၌ ခေါင်းမြီးခြုံလျက်ရှိသော ရူပနန္ဒီက မောင်စောနိုင်အား လက်ညှိုးညွှန်လျက် ...

'ဖမ်းလိုက်ကြစမ်း၊ မနာစေနဲ့နော်၊ ကောင်းကောင်းလုပ်ကြ' ဟု ပြောလိုက်ရာ ထိုအခါမှ ဘဒ္ဒကုမာရီ၏ အသံဖြစ်ကြောင်း ကျွန်ုပ်သိရတော့၏။

ထိုအခါ အရိုးစုအချို့သည် ကျွန်ုပ်တို့၏ စစ်သားများကို ခုတ်ထစ်ခြင်း၊ အချို့သည် ကျွန်ုပ်တို့ဦးခေါင်းကို လေးလံသောလက်နက်တစ်ခုနှင့် ထုနှက်ခြင်း စသည်ဖြင့် လက်ဖျစ်တစ်တွတ်အတွင်း ကိစ္စပြီးလေ၏။

စစ်သားများမှာ ကြောက်အားတကြီးရှိနေသဖြင့် ခုခံရန်မှ သတိမရဘဲ ရိတ်လှဲသော ကောက်လှိုင်းများကဲ့သို့ လဲကျလေရာ မောင်စောနိုင် တစ်ယောက်သာလျှင် လူနှစ်ယောက်ကို ခုတ်ပိုင်းချလိုက်သည်ကို မြင်လိုက်ရ၏။

ကျွန်ုပ်မှာမူ ဓားကိုထုတ်ဖို့မျှ စိတ်မကူးနိုင်မီ ဦးခေါင်းပေါ်၌ မိုးကြိုးပစ်သကဲ့သို့ ဒိုင်းခနဲအသံ ကြားရပြီးနောက် ဘာမျှ မသိရတော့ချေ။

၀၃၆၀

## တန်ခိုးပြိုင်ခြင်း

ကျွန်ုပ်သည် သတိရလာ၍ မျက်စိဖွင့်ကြည့်လိုက်သောအခါ ဥရိပေါသည် ကျွန်ုပ်၏ ပါးစပ်ထဲသို့ ဆေးရည်များ လောင်းထည့်လျက် ရှိသည်ကို တွေ့ရလေ၏။

မျက်စိပွင့်သည်နှင့် တစ်ပြိုင်နက် ရူပနန္ဒီ၏ အသံဖြင့် ...

'ဘာဖြစ်တာလဲ၊ ပြောစမ်း၊ ကျွန်ုပ် သခင်ကလေးကော ဘယ်မှာလဲ ပြောစမ်း၊ မြန်မြန်ပြောစမ်း' ဟု စိတ်အားထက်သန်စွာ မေးလျက်ရှိ၏။

'ဘဒ္ဒကုမာရီ ဖမ်းသွားပြီ'

'သခင်ကလေးကို ဖမ်းသွားပြီ၊ သင် ကျန်ရစ်နေတယ် ဟုတ်စ၊ ပြောစမ်း'

'ကျွန်ုပ်ကို စိတ်မဆိုးပါနဲ့ သခင်မ၊ ကျွန်ုပ် အပြစ်မဟုတ်ရပါဘူး၊ သခင်မ မှာထားတဲ့ စကားကြောင့် ကျွန်ုပ်တို့ စိတ်ချလက်ချ နေလိုက်မိခြင်း ဖြစ်ပါတယ်'

ရူပနန္ဒီသည် မောင်စောနိုင်ကို ဖမ်းသွားသည့်နေရာသို့ ရတ်တရက် ပြေးကြည့်ပြီးနောက် ...

'ကြည့်စမ်း ကြည့်စမ်း၊ သခင်ကလေးတစ်ယောက်ထဲ ခုခံတိုက်ခိုက်ဖော် ရတယ်၊ ဒီအပြင်အကောင်တွေ ဒီအတိုင်း အသေခံကြဟန် တူတယ်၊ သေတာပဲ

ကောင်းတယ်၊ ဒင်းတို့တစ်တွေ သခင်ကလေး လက်ချက်နဲ့ပဲ ရန်သူနှစ်ယောက် ကျတယ်၊ သင်တို့တစ်ယောက်မှ မခုတ်နိုင်ဘူး' ဟု ပြော၍ အပြစ်တင်သေး၏။

မောင်စောနိုင်၏ လက်ချက်ဖြင့် ကျဆုံးခဲ့သော ရန်သူနှစ်ယောက်ကို ကြည့်လိုက်သည့်အခါ ၎င်းတို့သည် အဝတ်နက်ပေါ်တွင် မြေဖြူဖြင့် အရိုးစု သဏ္ဍာန် ရေးခြယ်ထားကြောင်း တွေ့ရလေရာ လရောင်တွင် ကြည့်သောအခါ၌ အရိုးစုများဖြစ်သည်ဟု ကျွန်ုပ်တို့ မှတ်ထင်ရခြင်းဖြစ်လေသည်။

၎င်းနောက် ကျွန်ုပ်သည် ယမန်နေ့ညက အဖြစ်အပျက်ကို ရူပနန္ဒီအား ပြန်ပြောင်းပြောပြလေရာ ရူပနန္ဒီမှာ သားပျောက်သောမိခင်ကဲ့သို့ ဒေါင်းတောက် အောင် လှုပ်ရှားလျက် စစ်တပ်များအား ချက်ချင်းချီတက်ကြရန် အမိန့်ပေး လေ၏။

ထိုအတောအတွင်း၌လည်း ...

'တစ်ခုခုများ ဖြစ်ရင်တော့လားကွယ်၊ သခင်ကလေးများ နည်းနည်း လောက် နာသွားရင်တော့လားကွယ် သိကြရောပေါ့ ဘဒ္ဒကုမာရီရယ်' ဟု ခြေတဆောင့်ဆောင့်နှင့် ဆွေ့ဆွေ့ခုန်မျှဒေါပွလျက်ရှိလေ၏။

မကြာမီအတွင်း စစ်တပ်ကြီးသည် ရှေ့သို့ချီတက်လာကြကုန်လေ၏။

ကျွန်ုပ်မှာ ဦးခေါင်းမှ ဒဏ်ရာကို ဆေးထည့်၍ ကျပ်စည်းပြီးနောက် သူတစ်ပါးနည်းတူ ချီတက် နိုင်ပေ၏။

ကျွန်ုပ်တို့ ရူပနန္ဒီအနီးမှ ကပ်လျက်ပါလာစဉ် ရူပနန္ဒီမှာ ဖြတ်ချ ထားသော အိမ်မြှောင်အမြီးကဲ့သို့ ဂနာမငြိမ်ဖြစ်နေလေ၏။

'ဒီကနေ့ည ကန္ဒတ္တမြို့တွင်းသို့ ကျွန်ုပ်တို့မရောက်လျှင် ကျွန်ုပ် မနေနိုင်ဘူး၊ သိကြရောပေါ့ ဘဒ္ဒကုမာရီရယ်၊ အသက်တစ်ချောင်းဟာ ဖြစ်ခဲလွန်းလို့ ဆုတ်ဆိုင်းဆုတ်ဆိုင်းနေခဲ့တာ၊ ဒီတစ်ခါတော့ သိကြရော ပေါ့ကွယ်၊ တရာလဲ မညှာဘူး၊ တစ်ထောင်လဲမညှာဘူး၊ အကုန်လုံး ငါ ဖြတ်ပစ်မယ်၊ ငရဲပြည်ဆိုတာ မြင်ဖူးသလား၊ မောင်ဖိုးထော်'

ကျွန်ုပ်။ ။'မမြင်ဖူးပါဘူး သခင်မရယ်'

ဒီ။ ။'ကိုင်း ဒီကနေ့ နေ့မကူးမီ ငရဲပြည်ကို မြင်စေရမှာပေါ့ မောင်ဖိုးထော်၊ ကျွန်ုပ်ရဲ့အစွမ်း၊ ကျွန်ုပ်ရဲ့တန်ခိုး၊ ဘယ်လိုလဲဆိုတာ ကြည့်လိုက်နော်၊ ဒီကနေ့ ကျွန်ုပ် ပြတော့မယ်'

ထိုသို့ပြောနေစဉ် ရူပနန္ဒီ၏မျက်လုံးများသည် ကျား၏ မျက်လုံးများ ကဲ့သို့ ခေါင်းမြီးခြုံအတွင်းမှ တလက်လက် စူးထွက်သလို ရှိနေရကား၊ ကျွန်ုပ်ကဲ့သို့သော သတ္တဝါတစ်ယောက်က တားဆီးတောင်းပန် ခြင်းငှာ မဝံ့ချေ။

ကျွန်ုပ်ကိုယ်တိုင် ထိုမျက်လုံးတို့၏ တန်ခိုးသတ္တိကို မြင်ရသောအခါ၌ ကြက်သီးမွေးညင်း ထမိချေ သေး၏။ ကြောက်မက်ဖွယ် ကောင်းပါဘိ၏ တကား။

ချောင်းစခန်းသို့ရောက်သောအခါ ဘဒ္ဒကုမာရီ၏ စစ်တပ်များသည် အခြားဘက်၌ ကာဆီးခုခံလျက်ရှိကြ၏။

ကျွန်ုပ်တို့၏ လူရိုင်းစစ်တပ်များသည် ချောင်းကို အတင်းဖြတ်ကျော်၍ တစ်ဖက်ကမ်းသို့ အတင်း တက်ရောက်တိုက်ခိုက်ကြလေရာ သုံးကြိမ်တိုင်တိုင် တပ်လန်၍ ပြန်ဆုတ်ခဲ့ကြရ၏။

နောက်ဆုံး၌ ရူပနန္ဒီသည် စိတ်မရှည်နိုင်ဟန်ရှိသော အမူအရာနှင့် အံကြိတ်လျက် ...

'ခေါင်းဆောင်မည့်သူ ကောင်းကောင်းတစ်ယောက် လိုနေတယ်၊ ကိုင်း၊ ကျွန်ုပ်ကိုယ်တိုင် ခေါင်းဆောင် မှလေပဲ၊ လာ၊ မောင်ဖိုးထော် လိုက်ခဲ့' ဟု ပြော၍ ရှေ့ဆုံးသို့ တက်လေ၏။

ရူပနန္ဒီသည် လက်နက်တစ်စုံတစ်ရာမှမပါသော လက်ကို အထက်သို့မြှောက်ကာ ယမ်းလျက် ...

'လိုက်ခဲ့ကြ ငါ့လူများ၊ ငါကိုယ်တိုင်ချီတက်မယ်၊ ရဲစေနော်'

'ရဲပါတယ် သခင်မ'

'စွန့်ကြစေနော်'

'စွန့်ပါတယ် သခင်မ'

'ညီကြစေနော်'

'ညီပါတယ် သခင်မ'

စသည်ဖြင့် အတိုင်အဖောက် ဟစ်အော်ကြွေးကြော်ကာ ညာသံပေးလျက် ချီတက်ကြလေကုန်၏။

ရူပနန္ဒီ၏ မြင်းသည် ချောင်းထဲသို့ ရှေ့ဆုံးမှ ဆင်းလေရာ မြင်းတပ်ကြီးသည် နောက်မှ ဆင်းလိုက်ကြသဖြင့် ဝုန်းဝုန်း၊ ဗုန်းဗုန်း၊ ဂျုံးဂျုံးမြည်သောအသံများသည် ဆူညံသွားလေတော့၏။

နောက်တစ်ခဏ၌ မြားတံများနှင့် လှံများသည် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်၌ ပလူပျံသကဲ့သို့ 'တဂူဂူ တဝီဝီ' ကျဆင်းလျက်ရှိ၏။ မှန်သူမှန်၍ ကျသူလည်း ကျလေကုန်၏။

သို့ရာတွင် တွန့်ဆုတ်ခြင်းကား မရှိ၊ ရှေ့တည့်တည့်သို့ တရကြမ်း တိုး၍တက်ကြ၏။

တစ်ဖက်ကမ်းသို့ရောက်ကြသောအခါ စောင့်ဆိုင်းလျက်ရှိသော ရန်သူများနှင့် ရင်ဆိုင်တွေ့၍ ခုတ်လိုက်ထစ်လိုက်၊ ထိုးလိုက်၊ ဆွလိုက်၊ ပစ်လိုက်၊ ခတ်လိုက် ကြသည်မှာ တဒုံးဒုံး၊ တဒိုင်းဒိုင်း၊ တဗုန်းဗုန်း၊ တဗိုင်းဗိုင်း ရှိနေတော့၏။

'သေရောဟာ'

'သွားရော့ဟယ်'

'လာရော့ဟယ်' ဟူသော အသံများသည်လည်း ဆူညံလျက်ရှိတော့၏။

သို့ရာတွင် ပွဲကိုင်ကောင်းသော သဘော်သည် အရပ်လေးမျက်နှာမှ ပုတ်ခတ်တွန်းလျက်ရှိသော လှိုင်းများကို ပမာဏမပြုဘဲ ရဲရဲကြီးဖြစ်ပွားသည့်

နည်းတူ ကျွန်ုပ်တို့၏ စစ်တပ်သည် ရန်သူစစ်တပ်ကို အကြားမှ ဖောက်ထွင်း ထိုးခုတ်၍ ထွက်လာနိုင်လေ၏။

ကျွန်ုပ်မှာမူ ရှေ့မှ တဖွေးဖွေး တရေးရေးမြင်ရသော ရူပနန္ဒီ၏ ခြုံထည်ကို မျက်ခြည်မပြတ်စေဘဲ ရန်သူများအထဲမှ ခုတ်ထစ် ထိုးဖောက်၍ လိုက်သွားလေ၏။

နောက်ဆုံး၌ ရန်သူများသည် အကာအဆီးကို အရေးလုပ်ဟန်မရှိသော ကျွန်ုပ်တို့၏ စစ်တပ်ကို စိမ့်၍ကြောက်လာဟန် လက္ခဏာနှင့် တွန့်ဆုတ်စ ပြုလေ၏။

တွန့်ရာမှ ဖယ်ရှားခြင်း၊ ရှားရာမှ ထွက်ပြေးခြင်းတို့မည်သည် တစ်ခု နောက် တစ်ခု ဖြစ်ပျက်တတ်သော အခြင်းအရာများဖြစ်ရကား နောက်ဆုံး၌ ရန်သူစစ်တပ်ကြီးသည် ဖရိုဖရဲ ကစဥ့်ကရဲနှင့် ထွက်ပြေးကြလေ ကုန်၏။

သို့ရာတွင် ဘဒ္ဒကုမာရီနှင့် မောင်စောနိုင်တို့မှာ ကန္ဒတ္ထမြို့အတွင်း၌သာ ရှိနေကြောင်းကို သိပြီးဖြစ်သော ရူပနန္ဒီသည် များစွာအချိန်ကုန်မခံဘဲ တပ်သားများကို ပြန်လည်ပေါင်းစည်းရုံးလောက်သာ တန့်ရပ်၍ တစ်ဖန် ဆက်လက် ချီတက်ကြလေကုန်၏။

ကန္ဒတ္ထမြို့တံခါး၌ လွန်ခဲ့သော စစ်တပ်ထက်နှစ်ဆမျှကြီးသော ရန်သူ စစ်တပ်ကြီး စောင့်နေကြောင်းကို ရူပနန္ဒီ သတင်းရပြီးဖြစ်၏။

ကျွန်ုပ်တို့သည် မြို့ဆီသို့ မြင်းများ စိုင်းသွားကြ၏။

ကျွန်ုပ်တို့၏ စစ်အစီအစဉ်မှာကား တြိဂံသုံးထောင့်ပုံသဏ္ဌာန် ဖွဲ့စည်း ထား၏။ တစ်ဘက်သောအချွန်းသည် ရန်သူ၏နယ်အတွင်းသို့ သပ်ရိုက်သွင်း သကဲ့သို့ စူးဝင်စေပြီးမှနောက်က တပ်သားများက ချဉ်းနင်းဖြိုဖျက်ကြရန် ဖြစ်လေသည်။

သို့ဖြစ်၍ ရူပနန္ဒီသည် အချွန်း၏ ထိပ်ဆုံးသော အစွန်းအနေဖြင့် ရှေ့ဆုံးမှ ချီတက်၍ ဥရိပေါနှင့် ကျွန်ုပ်တို့က ဝဲယာညှပ်လျက် လိုက်ပါကြလေရာ

ကျွန်ုပ်တို့၏ နောက်မှ တပ်ကြီးတစ်ခုလုံးသည် တဖြည်းဖြည်း ပြန့်၍ပြန့်၍ ကျယ်ထွက်သွားလေ၏။

ငင်းအစီအစဉ်အတိုင်း ချီတက်ကြသည့်အခါ တပ်ကြီးတစ်ခုလုံးသည် အဖျားချွန်းသော တပ်ကြီး တစ်ခုနှင့်သဏ္ဌာန်တူလေရာ 'သပ်'ရိုက်သောအခါတွင် အဖျားဝင်လျှင် အရင်းဝင်ရသည့် သဘောကဲ့သို့ ရူပနန္ဒီတစ်ယောက် စူးဖောက် ဝင်နိုင်ခဲ့လျှင် တစ်တပ်လုံးဖောက်ထွင်းဝင်ရောက်နိုင်မည့် သဘောမျိုး စီမံထား ခြင်း ဖြစ်လေသည်။

ရူပနန္ဒီသည် ရှေ့ဆုံးမှ မြင်းဖြူကြီးနှင့် ချီတက်၍ တစ်တပ်လုံးက နောက်မှ လိုက်ပါသဖြင့် ကန္ဒတ္ထမြို့သို့ ချဉ်းကပ်မိကြလေလျှင် စူးရှသော ခရာသံတစ်ချက်ကြားရသည်နှင့် တစ်ပြိုင်နက် ရန်သူ မြင်းတပ်များသည် လက်ဝဲလက်ယာတို့မှ ကျွန်ုပ်တို့၏ စစ်တပ်ကို ဝိုင်းညှပ်လျက် ခြေလျင်တပ် တို့သည် အလယ်မှ ကာဆီးလျက်ရှိရာ လှံသွား၊ လှံချွန်တို့ဖြင့် တလက်လက် တပြောင်ပြောင်ရှိသော ခြေလျင်တပ် ကြီးသည် တစ်တန်းပြီးတစ်တန်း၊ တစ်တပ် ပြီးတစ်တပ် ဆင့်ကာ ဆင့်ကာ ကာဆီးနေသည်ဖြစ်၍ ကမ်းမမြင်နိုင်သည့် ပင်လယ်ကြီးပမာ ကြောက်မက်ဖွယ်ရာ မြားမြောင် ထူထပ်လှပေ၏။

ဤမျှလောက် မြောက်မြားကြီးမားသော စစ်တပ်ကြီးကို မြင်ရသဖြင့် ကျွန်ုပ်မှာ ...

'သေနေ့စေ့ချင်ပြီ' ဟု အောက်မေ့မိ၏။

ရူပနန္ဒီသည် မျက်နှာဖုံးအဝတ်ကို ရုတ်တရက်ချွတ်၍ အလံကဲ့သို့ လွှင့်ထူလိုက်ရာ ငင်း၏နဖူးမှ ပလ္လင်ဆောင်တွင် တွေ့မြင်ခဲ့ရဖူးသည့် အလင်း ရောင်တစ်မျိုးသည် တလျှပ်လျှပ် ကွန့်မြူးလျက်ရှိ၍ ရူပနန္ဒီသည် မြင်းဇက်ကို ပုံပေးလိုက်၍ အထက်ကောင်းကင်သို့ အချက်ပေးလိုက်သည့် အလားကဲ့သို့ မျက်နှာဖုံးအဝတ်ကို လွှင့်ယမ်းလိုက်သည့်နှင့် တစ်ပြိုင်နက် တိမ်တိုက်တစ်ခု အတွင်းမှ ကြောက်မက်ဖွယ်ရာ လျှပ်စီးတလျှပ်လျှပ် လက်လာ၍ 'ဝုန်း'ကနဲ ချုန်းလိုက်သော အသံကြီးသည် တစ်တောလုံးလှုပ်ခါ၍ သွားလေ၏။

ငှင်းနောက် မိုးတိမ်များသည် ကျွန်ုပ်တို့နောက်မှ လိုက်လာကြ၍ ပထမ လေတဖြူးဖြူး တိုက်ခတ်စပြု၏။

ထို့နောက်လေသည် ပြင်းထန်သည်ထက် ပြင်းထန်လာ၍ တစ်ခဏ ထက် တစ်ခဏ တစ်မိနစ်ထက် တစ်မိနစ် အဟုန်ကြီးလာလေ၏။

သဲဖုန်များသည် လွင့်ပျံ၍ တက်ကြ၏။

ထို့နောက် ကျောက်စရစ်ခဲများသည် လွင့်စင်ပါသွားကြ၏။

ထို့နောက် သစ်ပင်ကြီးတို့သည် ကွေးညွှတ်ကျကုန်၏။

ထို့နောက် ပြားပြားဝပ်၍ သွားကြ၏။

ထို့နောက် အမြစ်ပါ ကျွတ်ထွက်သွားကြလေကုန်၏။

တောကြီးများသည် လေပြင်း၏ အဟုန်ကြောင့် ထင်ခနဲ လင်းခနဲ ကျွတ်ထွက်ပါသွားကြကုန်၏။

ထိုအတောအတွင်း ကျွန်ုပ်တို့ စစ်တပ်သည် လေကိုစုန်လျက် ချီတက် နေကြ၏။

ထူးဆန်းသော အခြင်းအရာမှာ သစ်ပင်ကြီးများသည် ကျွန်ုပ်တို့ရှေ့တွင် ကျွတ်ထွက်သွားသော်လည်း ကျွန်ုပ်တို့မူကား လေဟုန်ကို မခံစားရချေ။

စင်စစ်မှာ လေသည် ကျွန်ုပ်တို့ရှေ့မှ ရှေ့တော်ပြေးသဖွယ် ကြိုတင် ပြေးနှင့်ခြင်းနှင့်တူလှပေ၏။

လေနှင့်အတူ မိုးသီးမိုပေါက်များလည်းပါလာပြန်၏။

လေသည်မြေပေါ်၌ ခဲလုံးကြီးများ လွင့်စင်ပါသွားသည့်တိုင်အောင် တိုက်ခတ်နေသည့်အတွင်း အချိတ်အလှိုင်းကဲ့သို့ရှိသော လျှပ်စစ်များသည် မြေပြင်မှ ကောင်းကင်သို့လည်းကောင်း၊ ကောင်းကင်မှ မြေပြင်သို့လည်းကောင်း အပြန်အလှန် ခေါက်တုံ့ခေါက်ပြန် ကွန့်မြူးလျက်ရှိရကား တစ်ကောင်းကင်လုံး

မှာ မီးပြင်ကြီးတစ်ခုလုံးဖြစ်၍ ထိန်ထိန်လင်းလျက် ဝင်းခနဲလက်ခနဲ၊ ဖျတ်ကနဲ ဖျတ်ကနဲ တောက်ထိန် ဝင်းပြောင်လျက်ရှိ၏။

မိုးချုန်းသံများသည်လည်း တစ်ကြိမ်လျှင် အချက်ပေါင်း သုံးဆယ် လေးဆယ်စသည်ဖြင့် တစ်ပြိုင်နက်တည်းပြို၍ တစ်ချုန်းဟန်ရှိရကား နားများ ကွဲထွက်မည်စိုးသဖြင့် အဝတ်များနှင့်ပိတ်ဆို့ထားကြရ၏။

ပြင်းထန်လိုက်သည့်လေမှာ ပြေးရန်မရှိသဖြင့် သစ်ပင်ကြီးများကို မဆိုထားဘိ၊ မြက်ပင်ကလေးတို့ပင်လျှင် အရွက်ဖျားများ ပြတ်သတ်လွင့်စင် ကုန်သဖြင့် အငုတ်အရင်း ပကတိမျှသာ ကျန်ရှိတော့၏။

လက်သီးဆုပ်ခန့်ရှိသော ကျောက်လုံးများသည် ပုလဲလုံးများသဖွယ် လွင့်စင် လိမ့်ပါလျက်ရှိကြ၏။

လေသံသည် လည်းကောင်၊ မိုးသံသည် လည်းကောင်း၊ မကြားဘူး မကြုံဘူးသော မြည်ဟိန်းခြင်းဖြင့် နားကွဲအောင် ဆူညံလျက်ရှိသည့်အတွင်း တစ်ကောင်းကင်လုံး မီးလောင်နေသည့်ပမာ မမြင်ဝံ့ မရှုဝံ့အောင် တောက်ထိန်လင်းပြောင်လှစွာသော လျှပ်စစ်တို့ဖြင့် ထပ်ဆင့်လိုက်ပြန်လေရကား အကြောင်းခြင်းရာကို မသိရှာသော စစ်သားများမှာ ကမ္ဘာပျက်ဖို့ ပြင်နေခြင်း ပေလောဟု မှတ်ထင်ဟန်ဖြင့် မျက်လုံးပြူး မျက်ဆံပြူးနှင့် ကမူးရှူးထိုး ဖြစ်နေကြရှာ၏။

ထိုအတောအတွင်း၌ ရှုပနန္ဒီသည် မြင်းကိုအလွန်ပြင်းစွာနှင်ရင်း ...

'လာရောလဟဲ့ ဘဒ္ဒကုမာရီ'

(ဝုန်း ဝုန်း ဝုန်း ဝုန်း)

'မှတ်ကရောလဟဲ့ ဘဒ္ဒကုမာရီ'

(ဒိန်း ဒိန်း ဒိန်း ဒိန်း)

'ခံနိုင်သေးရဲ့လားဟဲ့ ဘဒ္ဒကုမာရီ'

Myanmar Cupid

(ဝေါ ဝေါ ဝေါ ဝေါ)

'ငါမှန်းသိရဲ့လားဟဲ့ ဘဒ္ဒကုမာရီ'

(ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း)

ယင်းကဲ့သို့ ရူပနန္ဒီက ကြုံးဝါးသည့်အခါတိုင်း လေသည် လည်းကောင်း၊ မိုးသည် လည်းကောင်း၊ လျှပ်စစ်သည် လည်းကောင်း အတိုင် အဖောက်ကဲ့သို့ နောက်မှလိုက်၍ ညာသံပေးသလို လှုပ်ရှားထကြွနေသည်ကို မြင်ရ၏။

ထိုအတောအတွင်း ရန်သူစစ်တပ်သည် ဘယ်ကဲ့သို့ ရှိလေသနည်း။

ထိုအချိန်၌ နေဝင်ပြီးသည့်ပြင် အကြီးအကျယ် မိုးမှောင်ကျလျက် ရှိသော်လည်း တရစပ်ထစ်ချုန်း၍ မပြတ်အောင် ဝင်းလက်လျက်ရှိသော လျှပ်စစ်များအတွင်း၌ ရန်သူစစ်တပ်များသည် ဖရိုဖရဲကစဥ့်ကရဲနှင့် တောင်မှန်း မသိ မြောက်မှန်းမသိ ပြေးမိပြေးရာ ပြေးလွှားကြရာသည်တွင် လေပြင်း၏ အဟုန်ကြောင့် မြင်းရောလူပါ တလိမ့်ခေါက်ကွေး လုံးထွေးလွင့်စင် ပါသွားကြ သည်ကို တွေ့မြင်ရ၏။

ရာ ထောင်မကသော မြင်းများ၏ လန့်ထိတ် ဟစ်အော်လိုက်သော အသံများသည် မိုးချုန်းသံများအထဲတွင် ထိုးဖောက်၍ ထွက်လာသဖြင့် တစ်တောလုံး ပွက်ပွက်ရိုက် ဆူညံလျက်ရှိ၏။

အချို့နေရာများ၌ လူရောမြင်းပါ တစ်ထွေးကြီး ဆင့်ထပ်လဲကျနေ သဖြင့် ရန်းကန်လွန့်ထမည်ပြုဆဲတွင် မိုးကြိုးသည် တည့်တည့်ကြီး ပစ်ခွင်း လိုက်သဖြင့် ခြေကလန် လက်ကလန် ရှိနေသော မြင်းများ၊ လူများသည် တစ်ခါတည်း ငြိမ်သက်၍ သွားလေတော့၏။

ပစ်လိုက်သည့် မိုးကြိုးအချက်ပေါင်းမှာ မရေမတွက်နိုင်ချေ။

ပစ်တိုင်း ပစ်တိုင်းလည်း တုံးခနဲ ကွေးခနဲ ကျသည်သာလျှင် ဖြစ်ကုန်၏။

အချုပ်အားဖြင့်ဖော်ပြရသော် ရန်သူစစ်တပ်များမှာ နေတွေ့သော ဆီးနှင်းများကဲ့သို့ လည်းကောင်း၊ မှန်တိုင်းခတ်သော ဖွဲပြာများကဲ့သို့ လည်းကောင်း လွင့်စင်ပျောက်ပျက်ကုန်ကြရလေသတည်း။

ကျွန်ုပ်တို့၏ စစ်တပ်မှုကား တစ်ဦးတစ်ယောက်သူမျှ ထိခိုက်နာကျင် ခြင်း မရှိချေ။

ရူပနန္ဒီသည် ရှေ့ဆုံးမှ မြင်းစိုင်းလျက် ယခင်က အစီအစဉ်အတိုင်း ချီတက်လာကြရာ မြစ်ကူးတံတားသို့ရောက်သောအခါ ခေတ္တမျှရပ်တန့်စေ၏။

ရူပနန္ဒီသည် နဖူးတွင် အလင်းရောင်ကွန့်မြူးလျက်ရှိသော မျက်နှာကို မဖုံးမအုပ်သေးဘဲ မိမိ၏ စစ်သည်တော်များဘက်သို့လှည့်ကာ နောက်ဆုံး အကြိမ် မျက်နှာပြလိုက်ရာတွင် လူရိုင်းစစ်သားများမှာ မြင်းပေါ်မှ ခုန်ဆင်းကာ မြေပေါ်တွင် ဒူးထောက်လျက် ...

'ဘုန်းကြီးသောသခင်မကို ကန်တော့ကြကုန်လော့' ဟု သုံးကြိမ်သုံးခါ ဟစ်အော်ကြွေးကြော်၍ နဖူးနှင့်မြေကြီးထိသည်တိုင်အောင် အရိုအသေပြုကြ လေ၏။

၎င်းနောက် ရူပနန္ဒီသည် တံတားကိုဖြတ်ကျော်၍ မီးများလောင်ကျွမ်း လျက်ရှိသော မြို့ကြီးတစ်လျှောက် ဖြတ်သန်းလျက် နန်းတော်ရှိရာသို့ စိုင်းသွား လေရာ စစ်တပ်ကြီးသည် နောက်မှလိုက်ကြလေကုန်၏။

ကျွန်ုပ်တို့သည် လူသံ သူသံ တိတ်ဆိတ်လျက်ရှိသော မြို့လမ်းမကြီး တစ်လျှောက် စိုင်းသွားကြ၍ နန်းတော်တံခါးဝသို့ ရောက်ကြသောအခါ ရူပနန္ဒီသည် မြင်းပေါ်မှ ဆင်းသက်၍ စစ်တပ်ကြီးကို ထားခဲ့ပြီးလျှင် ကျွန်ုပ်နှင့် ဥရိပေါ် နှစ်ယောက်တည်းကိုသာခေါ်၍ နန်းတော်တွင်းသို့ဝင်သွားလေ၏။

ကျွန်ုပ်တို့သည် နန်းတော်ကြီးအတွင်း တစ်ဆောင်မှ တစ်ဆောင် ဖြတ်သန်းကူးကျော်သွားကြစဉ် လူသူဟူသမျှမှာ ထွက်ပြေးသူပြေး၊ သေကြေ ပျက်စီးသူပျက်စီး ရှိနေသောကြောင့် တစ်ယောက်မှ မတွေ့ရဘဲ ခြောက်သွေ့ တိတ်ဆိတ်လျက်ရှိလေ၏။

နောက်ဆုံး၌ နက္ခတ်တာရာများကို ဇာမနိ ကြည့်ရှုနေရာဖြစ်သည့် မျှော်စင်နှင့်တူသော အမြင့်ဆုံး အဆောင်သို့ ရောက်ကြသောအခါ တံခါးများ ပိတ်ထားသည်ကို တွေ့ရ၏။

သို့ရာတွင် ရူပနန္ဒီ ချဉ်းကပ်သည်နှင့်တစ်ပြိုင်နက် မင်းတုံး ကန့်လန့်ချက်တို့ဖြင့် ပိတ်ထားသည့် တံခါးများသည် မြို့ထိန်းအမြောက်ကြီးနှင့် ပစ်ခွင်းလိုက်သည့်အလားကဲ့သို့ ကန့်လန့်ချက်များ ကျိုးထွက်ပျက်စီးသွားလျှင် ဟင်းလင်းပွင့်၍ သွားလေ၏။

တံခါးသို့ရောက်ကြသောအခါ ကျွန်ုပ်တို့သည် အောက်ပါအတိုင်း တွေ့မြင်ကြရလေ၏။

ကုလားထိုင်တစ်လုံးပေါ်တွင် ကြိုးများဖြင့် တုပ်ဆိုင်းချည်နှောင်လျက် ခက်ထန်တင်းမာသော မျက်နှာထားနှင့် ထိုင်လျက်ရှိသော မောင်စောနိုင်ကို ဇာမနိသည် ဓားမြှောင်နှင့် ထိုးတော့မည့်ဆဲဆဲ ချိန်ရွယ်လျက်ရှိ၏။

၎င်းတို့အနီး ကြမ်းပြင်ပေါ်၌ကား ဘဒ္ဒကုမာရီသည် အထက်သို့ လန်လျက်ရှိသော မျက်လုံးများနှင့် ပက်လက်လန် လဲနေရာ၊ လဲကျနေပုံကို ကြည့်ခြင်းအားဖြင့် အသက်မရှိသည့်အကြောင်း သိရှိနိုင်ပေ၏။

ရူပနန္ဒီသည် ဇာမနိအား မျက်လုံးပြူးကြည့်၍ လက်နှစ်ဘက်ကို မြှောက်လိုက်ရာ လက်မှဓားမြှောင်သည် ကြမ်းပေါ်သို့လွတ်ကျ၍ ဇာမနိ တစ်ကိုယ်လုံးမှာ ရုတ်တရက်ချက်ချင်း ကျောက်ရုပ်ဖြစ်သွားသကဲ့သို့ တောင့် တင်းမာကျောစွာ ရပ်နေလျက် မျက်လုံးများသည် ကြောင်တောင်ငေး၍ စင်းစင်း ကြီး ရှိနေလေတော့၏။ ရူပနန္ဒီသည် ဓားမြှောင်ကို ကောက်ယူ၍ မောင်စော

နိုင်အား ချည်နှောင်ထားသော ကြိုးများကို ဖြတ်ပေးလေရာ မောင်စောနိုင်သည် ထိုင်ရာမှ မထနိုင်သေးဘဲ တုန်ယင်သောအသံဖြင့် …

'အချိန်မီရုံကလေး သခင်မရေ၊ ကံကောင်းလို့ ဓားမြှောင်ထဲ အသက်ပါမယ်လုပ်တုန်း ရောက်လာကြပေလို့သာပဲ၊ ဦးလေးလဲ ဟိုညက မသေဘူးနော်၊ ဝမ်းသာလိုက်တာ ဦးလေးရယ်'

ဒီ။ ။'သူက ဘာလုပ်သလဲ၊ ပြောပြစမ်း မောင်စောနိုင်'

နိုင်။ ။'လိမ်ပြီးခေါ်၊ အတင်းဖမ်းပြီး မြို့ထဲခေါ်လာ၊ စစ်ပြန်ဆုတ်ဖို့ သခင်မဆီစာရေးခိုင်း၊ ကျွန်ုပ်က ငြင်း၊ ခိုင်းမရလို့ သတ်မယ်လုပ်တုန်း သခင်မတို့ ရောက်လာတာပဲ'

ဒီ။ ။(ဘဒ္ဒကုမာရီကို လက်ညှိုးညွှန်လျက်) 'သူသေပုံက ဘယ်လိုလဲ'

နိုင်။ ။'မုန်တိုင်းတွေက တဝုန်းဝုန်း၊ မိုးကြိုးတွေက တဂျိုးဂျိုး၊ မိုးသီးမိုးပေါက်တွေလဲ တဖြုန်းဖြုန်း၊ လျှပ်စစ်တွေ တစ်မိုးလုံး ထင်းခနဲလင်းခနဲ၊ ဘွင်းခနဲဖြစ်နေတုန်းမှာ ဘဒ္ဒကုမာရီက ဒီဟာတွေ သခင်မရဲ့ လက်ချက်တွေပဲတဲ့၊ ဒီလက်နက်တွေကို ပြန်သိမ်းဖို့ သခင်မဆီ စာရေးပါတဲ့၊ မရေးလျှင် သတ်ရပါလိမ့်မယ်လို့ ပြောပြီး ဓားမြှောင်နဲ့ ရွယ်ထားတာကိုး သခင်မရဲ့၊ ဒီတော့ ကျွန်ုပ်က သွားလေရာဘဝမှာ သခင်မ လိုက်လာမယ်ဆိုတာ စိတ်ချပြီး ဖြစ်လေတော့ မျက်စိမှိတ်ပြီး ရင်ကော့ပေးလိုက်တာပေါ့'

ကျွန်ုပ်။ ။'ဓားမြှောင်ရောက်ခဲလှချည်လားလို့ မျက်စိဖွင့်ကြည့်လိုက်တော့ ဘဒ္ဒကုမာရီက ကျွန်ုပ်ပါးကို ဖက်နမ်းပြီး အောင်မလေး၊ မသတ်ရက်ပါဘူး သခင်ကလေးရယ်တဲ့၊ ဒီဘဝမှာတော့ သူနိုင်ပစေတော့တဲ့၊ သို့သော် သံသရာအရှည်ကြီးမို့လို့ သူဘယ်တော့မှ မလျှော့ဘူးတဲ့၊ သူ့လက်နက်နဲ့တော့ အသေမခံဘူး၊ ကိုယ့်ဟာကိုယ် စီရင်လိုက်မယ်ဆိုပြီး လက်ထဲက အဆိပ်ပုလင်းကို ဖွင့်သောက်တော့တာပါပဲ ဦးလေးရယ်၊ ဒီတော့မှ ဓာမနိက သူ့လက်ထဲက

ခားမြှောင်ကိုယူပြီး ရင်ဝကို ထိုးမယ်လုပ်တုန်း တံခါးဖွင့်ပြီး ဦးလေးတို့ ရောက်လာကြတော့တာပါပဲ'

ဒီ။ ။(တုန်ယင်သောအမူအရာဖြင့်) 'သီသီကလေး လိုတော့တယ် နော်၊ ဒါတွေကြောင့် မောင့်အတွက် ကျွန်ုပ် စိတ်မချနိုင်တာပဲမောင်ရယ်၊ ဥရိပေါ၊ သခင့်ကို ဆေးတိုက်စမ်း'

မောင်စောနိုင်သည် ဥရိပေါတိုက်သော ဆေးရည်ကို သောက်ပြီးသည် နှင့်တစ်ပြိုင်နက် မျက်နှာများ ရွှင်လန်း၍ မွတ်သိပ်ဆာလောင်ကြောင်း ပြောပြသည်တွင် ဥရိပေါသည် အနီးရှိစားပွဲတစ်ခုမှ စားစရာများကို တည်ခင်းကျွေးမွေးလေ၏။

ကျွန်ုပ်နှင့် မောင်စောနိုင်တို့သည် အလွန် မွတ်သိပ်လှသည်ဖြစ်၍ တွေ့သမျှသော စားစရာများကို မြိန်ရှက်စွာ စားသောက်ကြလေရာ ရူပနန္ဒီနှင့် ဥရပေါတို့မူကား မည်သည့်အစားကိုမျှ လက်ဖျားနှင့် မတို့ကြချေ။

ဇာတ်

# လက်ထပ်ဖို့ ပူဆာခြင်း

ကျွန်ုပ်သည် စားစရာများကို စားသောက်လျက်ရှိစဉ် မောင်စောနိုင်၏ မျက်နှာကို မကြာခဏ အကဲခတ်မိရာ မောင်စောနိုင်မျက်နှာမှာ တစ်နေ့တခြား ပြောင်းလဲနေသည်ဟု ကျွန်ုပ် မှတ်ထင်လာခဲ့သည့်အတိုင်း ထိုနေ့ည၌ သိသိ သာသာကြီး ပြောင်းလဲနေသည်ကို ကျွန်ုပ် သတိပြုမိ၏။

မောင်စောနိုင်၏မေတ္တာသည် ရူပနန္ဒီအပေါ်၌ မည်မျှလောက် ခိုင်မြဲ နက်နဲသည့်အကြောင်းကို စာဖတ်သူတို့ ရိပ်မိလေပြီဖြစ်ရာ မယ်ကြီးအိုအဖြစ်၌ မည်မျှလောက်စင်ကြယ် သန့်ရှင်းသော မေတ္တာမျိုးဖြစ်စေကာမူ ယောက်ျားတိုင်း ငန်းငန်းတက် စုံမက်ချစ်ကြိုက်လောက်ပေသည့် ရူပနန္ဒီ၏ ဝင်းဝင်းတောက် လှပချောမောသော ရုပ်ဆင်းသဏ္ဍာန်ကို နေ့စဉ်အမျှ မြင်တွေ့နေရသော မောင်စောနိုင်မှာ အကြင်လင်မယားအဖြစ်နှင့် ပိုင်ပိုင်နိုင်နိုင် နီးနီးရင်းရင်း ပေါင်းသင်းနေထိုင်လိုသော စိတ်ဆန္ဒအားကြီးလာခဲ့သည်ဖြစ်၍ ထိုကဲ့သို့ မဖြစ် နိုင်သေးသဖြင့် အောင့်အီးကာ စောင့်ဆိုင်းနေရခြင်းသည်ပင်လျှင် ပန်းလှပြီ ဖြစ်သောကြောင့် တစ်နေ့တခြား ကြုံလှီဖျော့တော့ အားလျော့နွမ်းနယ်လျက် ရှိခဲ့လေပြီ။

ဤသည်ကား ပြောင်းလဲခြင်းတစ်ရပ်ပေတည်း။

သို့ရာတွင် ဤမျှမက အရေးကြီးလှသည့် ပြောင်းလဲခြင်းတစ်ရပ်လည်း ရှိသေး၏။

ရူပနန္ဒီ၏ မေတ္တာသည် မောင်စောနိုင်အပေါ်၌ ပြိုင်ဘက်မရှိအောင် ကြီးမားလှသည်မှန်သော်လည်း တဏှာရာဂတည်းဟူသော ကာမဘုံသားတို့၏ တက်မက်စွဲလန်းမှုမျိုး သက်သက်မဟုတ်မူ၍ လိင်ဟူသော အမှတ်မျိုး မပျောက်တပျောက်ရှိနေလျက် အထက်ဘုံသားတို့၏ တွယ်တာခြင်းမျိုးဆန်ဆန် ရှိနေဟန်တူပေသည်။

မောင်စောနိုင်၏ မေတ္တာမှာလည်း ရူပနန္ဒီ၏ မေတ္တာစာတ်နှင့် ပက်ပင်းတော့ဆိုင်မိရာတွင် အားနည်းသောဓာတ်ကို အားကြီးသောဓာတ်က လွှမ်းမိုးကြီးစိုးနိုင်သည့် ဓမ္မတာသဘောအတိုင်း တဖြည်းဖြည်းနှင့် မသိမသာ ပြောင်းလဲလျက်ရှိ၏။

အတွင်း၌ရှိသော မေတ္တာဓာတ်ပြောင်းလဲခဲ့လျှင် အပြင်၌ရှိသော ရုပ်အင်္ဂါသည်လည်း ပြောင်းလဲမြဲဖြစ်ရကား မောင်စောနိုင်၏ ရုပ်လက္ခဏာသည် ရူပနန္ဒီ၏ ရုပ်လက္ခဏာမျိုးဆန်ဆန် လိင်သဏ္ဍာန် ပျောက်ကွယ်တော့မလိုလို မှတ်ထင်ရပေ၏။

ကျွန်ုပ်ဖေါ်ပြလျက်ရှိသော အခြင်းအရာမျိုးမှာ သာမညလူတို့ ကြုံတွေ့ခဲလှသော အခြင်းအရာမျိုး ဖြစ်သဖြင့် နားလည်အောင်ဖော်ပြဖို့ရန် ခဲယဉ်းလှပေရကား အထက်ပါနည်းအတိုင်း ကျွန်ုပ်တတ်စွမ်းသမျှ ရေးသားဖော်ပြခြင်းအားဖြင့် အသင့်အတင့် ရိပ်မိလောက်ပြီဟု မှတ်ထင်မိပေသည်။

မောင်စောနိုင်နှင့် ရူပနန္ဒီအကြောင်းကို ဥပမာဆောင်၍ ပြရသော် မောင်စောနိုင်သည် မြွေဟောက်နှင့်လည်းကောင်း၊ သူ၏ရာဂနှင့်ယှဉ်သော မေတ္တာသည် မြွေအဆိပ်နှင့်လည်းကောင်း တူပေရာ ရူပနန္ဒီသည် အလမ္ပာယ်ဆရာနှင့် တူလှ၏။

အလမ္ပာယ်ဆရာသည် အဆိပ်ပြင်းသော မြွေဟောက်ကို နှိမ်နင်းနိုင်သော်လည်း ရံဖန်ရံခါ တော်လှန်ဖီဆန်တတ်သည့်နည်းတူ မောင်စောနိုင်၏ လက်ဝါးပြခြင်းကို မနာခံဟူ၍ ပါးပျဉ်းထောင်ထတတ်၏။

ထိုသို့သောအခါမျိုး၌ ရူပနန္ဒီသည် အတိုက်အခံ ထပ်၍နှိမ်နင်းရန် မကြိုးစားဘဲ ရှောင်လွှဲတိမ်းဖယ်ကာ ထွက်ပြေးလေ့ရှိလေသည်။

ထိုကဲ့သို့သော အခါမျိုး၌ ကျွန်ုပ်သည် စဉ်းစားမိသည်ကား ရူပနန္ဒီသည် မောင်စောနိုင် ပူဆာခြင်းကို နားထောင်နေမိလျှင် မိမိကိုယ်တိုင်ပါသွားမည်စိုးသဖြင့် မိမိကိုယ်ကို စိတ်မချသောကြောင့် တိမ်းရှောင်သွားသည်ဟု မှတ်ထင်မိပေသည်။

မောင်စောနိုင်နှင့် ကျွန်ုပ်တို့သည် စားစရာများကို စားသောက်လျက်ရှိကြစဉ် ရူပနန္ဒီသည် ခေါင်းမြီးခြုံ အဝတ်ကို လှစ်ထား၍ မောင်စောနိုင်အနီးတွင်ထိုင်လျက် မောင်စောနိုင်ကို ဘဒ္ဒကုမာရီတို့လူစု ဖမ်းဆီးသွားသည့်အတွက်ကြောင့် ဘယ်မျှလောက် စိုးရိမ်သောက ရောက်ရကြောင်း၊ 'အန္တရာယ်မထိ၊ ဘေးမငြိပါစေနှင့်' ဟု မည်မျှဆုတောင်းရကြောင်း၊ မိမိဆုတောင်းပြည့်သည့် အတွက် မည်မျှ ဝမ်းမြောက်ကြောင်းများကို ရွှင်ပျသောမျက်နှာထားဖြင့် အားရ ပါးရပြောဆိုရုံမျှမက မောင်စောနိုင်၏ဦးခေါင်းကိုယုယကြင်နာစွာ ပွတ်သပ်လျက် မောင်စောနိုင်အား စကြဝဠာတေးမန္တာတ်မင်းတမျှဘုန်းကြီးအောင် မိမိ စွမ်းဆောင်ပေး၍ ကမ္ဘာကြီးတစ်ခုလုံးကိုစိုးပိုင်အုပ်ချုပ်ရသည့် အင်ပါယာဘုရင် အဖြစ်သို့ ရောက်အောင် စီမံပေးမည့်အကြောင်းများနှင့် ပြောလေ၏။

မောင်စောနိုင်သည် စားသောက်ရာမှ တစ်ချက်တစ်ချက် မော့ကြည့်နေစဉ် ၎င်း၏မျက်လုံးများသည် အထူးတောက်ပသည်ဟု ကျွန်ုပ်မှတ်ထင်မိ၏။

သို့ရာတွင် ရူပနန္ဒီမှာမူကား သတိမပြုချေ၊ အလမ္ပာယ်သည် သတိလစ်နေဟန်တူလေပြီ။

ဤကဲ့သို့ ဘုန်းသမ္ဘာ ကြီးရင့်မည့်အကြောင်းများကို ပြောပြီးနောက် ရူပနန္ဒီက ...

'ဘယ့်နှယ်လဲမောင်၊ ကျေနပ်ကဲ့လား' ဟု မေးရာ မောင်စောနိုင်က ဦးခေါင်းယမ်းပြလေ၏။

ဒီ။ ။'ဒီလိုမကျေနပ်ရင် ဘယ်လိုကျေနပ်သလဲ မောင်၊ ပြောပါ၊ မောင့်ဆန္ဒအတိုင်း ပြည့်စုံပါစေ့မယ်လို့ ကျွန်ုပ် ကျမ်းသစ္စာပြုဝံ့ပါတယ်'

နိုင်။ ။'သစ္စာတည်ပါ့မလား သခင်မ'

ဒီ။ ။'ယုံပါတော့မောင်၊ သစ္စာတည်ပါတယ်၊ ကျွန်ုပ်ပေးနိုင်တဲ့ အရာမျိုးထဲက မောင် တောင်းလို့ ကျွန်ုပ် မပေးခဲ့ရင် ကျွန်ုပ်ကို အလွန်မုန်းနေတဲ့ ပောဟိက ဘဒ္ဒကုမာရီ ကိုယ်တိုင်က သနားကရုဏာ ဖြစ်လာလောက်အောင် ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ ကြုံတွေ့ရပါစေသားလို့ ကျွန်ုပ် ကျမ်းသစ္စာ ကျိန်ဆိုပါတယ်၊ ကိုင်း၊ ယုံပြီလား မောင်'

နိုင်။ ။'ကိုင်း ဒါဖြင့် ကျွန်ုပ် စမ်းကြည့်မယ်၊ သခင်မ ပေးနိုင်တဲ့ အရာထဲက ကျွန်ုပ်တောင်းတော့မယ်နော်၊ မီးပုံထဲဆင်းတာတွေ ဘာတွေ စောင့်မနေဘဲ သခင်မကို ကျွန်ုပ် ဒီကနေ့ည လိုချင်တယ်၊ ခုချက်ချင်း လက်ထပ်ပါ'

ထိုအခါ ရူပနန္ဒီမှာ ကြိုးဖြတ်လိုက်သော အရုပ်ကဲ့သို့ ငိုင်ကျသွားလေတော့၏။

ဒီ။ ။'ဩော် မောင်စောနိုင် မောင်စောနိုင်၊ ညစ်ညမ်းတဲ့ ကာမနယ်ထဲက မထွက်မြောက်ရှာနိုင်ဘူးနော်၊ ဒုက္ခပဲ'

နိုင်။ ။'နားမလည်ဘူးသခင်မ၊ ကျွန်ုပ်တောင်းတာကို ပေးရင် ပေး၊ မပေးရင် ကျမ်းစူးလိမ့်မယ်၊ ဘယ်ဒင်းကြိုက်သလဲ'

ရူပနန္ဒီလည်း ကာမစိတ်အာရုံ၏ အလွန်ညစ်ညမ်းအောက်တန်းကျသည့် အကြောင်းများကို ပြောပြပြီးလျှင် အကယ်တန္တု ထိုစိတ်မျိုးကို မလွန်မြောက်နိုင်ပါကလည်း၊ ကမ္ဘာ၏ အင်ပါယာဖြစ်သောအခါ၌ အချောဆုံး အလှဆုံး သမီးကညာများနှင့် စံစားနိုင်ခွင့်ရှိကြောင်း ချော့မော့ ပြောဆိုလေ၏။

နိုင်။ ။'နားမလည်ဘူး၊ ဒီပြင်မိန်းမတွေ တစ်ရာနဲ့ အနှစ်တရာ ပေါင်းမယ့်အစား သခင်မနဲ့ တစ်ညထဲ ပေါင်းပါရစေ၊ ကျွန်ုပ် ကျေနပ်ပါတယ်'

ထိုအခါ ရူပနန္ဒီသည် သက်ပင့်ရှူကာ အတန်ကြာ စဉ်းစားစိတ်ကူး နေပြီးနောက် ...

ဒီ။ ။'ကိုင်းဒါဖြင့် ဒီလိုလုပ်ကြစို့၊ ဃလဟဂ္ဂပြည်ကို သွားမည့် တိုင်အောင်အထိလဲ မစောင့်နဲ့၊ ဒီကနေ့ညလဲ မဖြစ်စေနဲ့၊ လက်ထပ်ထိမ်းမြား တယ်ဆိုတာ သူလိုငါလို မိန်းမတောင် နေ့ကောင်းရက်သာရွေးပြီး အခမ်းအနားနဲ့ ဆောင်ရွက်ရပါတယ် မောင်၊ ကျွန်ုပ်ကဲ့သို့ ကျေးကျွန်တွေ ထောင်သောင်းနဲ့ အုပ်ချုပ်နေတဲ့ သခင်မတစ်ယောက် အခုဆို အခုချက်ချင်း တော်စွာလျော်စွာ စီမံလိုက်မယ်ဆိုလျှင် ကျေးကျွန်တွေက ဘယ်လိုထင်ကြမလဲ၊ စဉ်းစားကြည့်ပါ၊ ကျွန်ုပ်တို့အပေါ်မှာ အထင်အမြင်သေးပြီး နောင်တာရှည်သဖြင့် သြဇာမညောင်း တော့ဘဲ မျက်စောင်းနဲ့ ပြီးရမယ့်ကိစ္စမှာ ငေါက်ရ အော်ရမယ်၊ ငေါက်ရမယ့် ကိစ္စမှာ ရိုက်နှက်နေရပါလိမ့်မယ်၊ ဟုတ်လား မောင်ဖိုးထော်'

ကျွန်ုပ်။ ။'မှန်ပါတယ် သခင်မ၊ ကြက်ကလေး၊ ငှက်ကလေးလို ခု ချက်ချင်းကြီးဆိုတော့ ဣန္ဒြေမဲ့ရာ ကျပါတယ် ငါ့တူ'

နိုင်။ ။'ဒါဖြင့် ဘယ်လိုလဲပြောပါ သခင်မ'

ဒီ။ ။'ဒီက ပြန်သွားပြီး ကျွန်ုပ် စခန်းရောက်တဲ့နေ့မှာ ညတွင်းချင်း လက်ထပ်ပါတော့၊ ကျွန်ုပ်တို့ဒေသ ထုံးစံအတိုင်း တောင်ထိပ်က ကျောက်ဖျာ ပေါ်မှာ လက်ထပ်မင်္ဂလာ အခမ်းအနား ကျင်းပပါ့မယ်၊ ကြိုက်ပြီလား'

နိုင်။ ။'ဟိုကျတော့ ရက်မလွှဲနဲ့နော်'

ဒီ။ ။'မဟုတ်တာ မောင်ရယ်'

ငှင်းနောက် သခင်မသည် ကျောက်ရုပ်သဏ္ဌာန် ဖြစ်နေသော ဇာမနိ ဘက်သို့ လှည့်၍ 'နိုးလိုက်' ဟု အမိန့်ပေးလိုက်ရာ ဇာမနိသည် မျက်တောင်များ ခတ်လာလေ၏။

ထို့နောက် ရူပနန္ဒီသည် ဘဒ္ဒကုမာရီ၏ အလောင်းကို ထုံးစံအတိုင်း မီးသင်္ဂြိုင်း၌ မီးသင်္ဂြိုဟ်ရန်ကိစ္စအတွက် စီမံရန် ဇာမနိအား အမိန့်ပေးလေ၏။

နောက်တစ်နေ့၌ ရူပနန္ဒီသည် ကန္ဒတ္ထပြည်ကြီး မင်းမဲ့ဖြစ်နေသည့်အတွက် သွားလေသူ နယ်စားဟောင်း၏ ဆွေမျိုးညာတိအနက်မှ အရွယ်ကောင်းသော လုလင်တစ်ယောက်ကို ရွေးချယ်ခန့်အပ်လေ၏။ ၎င်းနေ့မှာ ကန္ဒတ္ထပြည်ရေးအတွက် စီမံနေရခြင်းအားဖြင့် အချိန်ကုန်လွန်သွားရကား မောင်စောနိုင်မှာ ကစားစရာ ရခဲလှသော ကလေးသူငယ်၏ စိတ်ထွေနည်းမျိုးဖြင့် ဆွေ့ဆွေ့ခုန်ဖြစ်နေရှာ၏။

နောက်တနေ့ ကျွန်ုပ်တို့သည် ကန္ဒတ္ထပြည်မှ တောင်ပေါ်စခန်းသို့ ချီတက်ကြလေရာ ကျွန်ုပ်တို့ တူဝရီး၊ ရူပနန္ဒီနှင့် ဥရီပေါ်တို့သည် 'စကောက်' မြင်းတပ်၏နောက်မှ လိုက်ကြ၍ တပ်မကြီးသည် ကျွန်ုပ်တို့နောက်မှ လိုက်ပါလာကြရာ ဇာမနိတို့လူစုမှုကား နောက်ဆုံးမှ ဘဒ္ဒကုမာရီ၏ အလောင်းနှင့်အတူ လိုက်ပါကြလေ၏။

လမ်းခရီးတွင် အထူးတလည် အခြင်းအရာမျိုး မကြုံတွေ့ရဘဲ မီးတောင်စခန်းသို့ ဆိုက်ကြသောအခါ သီလရှင်များသည် ရွှင်ပြသော မျက်နှာများဖြင့် သခင်မအား ကြိုဆိုလျက်ရှိကြ၏။ သခင်မမှာမူ မျက်နှာဖုံး အဝတ်ကို လှစ်တော့သည်မရှိဘဲ အမြဲခေါင်းမြီးခြုံလျက်ရှိ၏။

ညနေခင်းတိုင်ရောက်လေလျှင် ရူပနန္ဒီသည် သီလရှင်များနှင့် ဖိုးသူတော်များအား မိမိ၏ လက်ထပ်မင်္ဂလာ အခမ်းအနားအကြောင်း ပြောပြ၍ တောင်ထိပ်သို့ တက်ရန် ပြင်ဆင်ကြလေ၏။

ဘဒ္ဒကုမာရီ အလောင်းမှာလည်း ထိုညဉ့်တွင် သင်္ဂြိုဟ်ရန် ဖြစ်သဖြင့် တောင်ထိပ်သို့ ယူဆောင်ရန် ပြင်ဆင်ကြလေ၏။

တောင်ထိပ်သို့တက်ရသောလမ်းကို စာဖတ်သူသိရှိပြီး ဖြစ်သဖြင့် ထပ်ဆင့်ဖော်ပြရန် မလိုတော့ပေ။

မင်္ဂလာဆောင်နှင်းမည့် သတို့သမီးများသည် အချိန်နီးကပ်လာသော အခါတွင် တုန်လှုပ်ကြရသည်ဟု ပြောကြ၏။

ကျွန်ုပ်မြင်တွေ့ရသည်မှာမူ ရူပနန္ဒီက တုန်လှုပ်ဟန်မရှိဘဲ မောင်စောနိုင်သည်သာလျှင် ဂနာမငြိမ်အောင် တုန်ယင်ချောက်ချားနေဟန်တူပေသည်။

ညရှစ်နာရီ အချိန်ခန့်တွင် ကျွန်ုပ်တို့သည် တောင်ထိပ်သို့ရောက်ကြ၍ ဘဒ္ဒကုမာရီ၏ သင်္ဂြိုဟ်ခြင်း ကိစ္စကို ဆောင်ရွက်ကြရ၏။

နယ်စားသင်္ဂြိုဟ်စဉ် နည်းတူ စွပ်စွဲသူက တစ်ဖက်၊ ခုခံထုချေသူက တစ်ဖက်၊ ပုရပိုက်မှတ်တမ်းများမှ ဖတ်၍ ပြကြ၏။

နောက်ဆုံး၌ ရူပနန္ဒီသည် ဘဒ္ဒကုမာရီ၏အလောင်းကို မီးတောင်ထဲသို့ခြေရင်းဘက်မှစ၍ ချရန် အမိန့်ပေးလေ၏။

သို့ရာတွင် ခေါင်းကြီးသည် ခုလတ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် တစ်ပတ်လည်သွားပြီးလျှင်မီးထဲသို့ ဦးခေါင်းဇောက်ထိုးဖြင့် ထိုးဆင်းသွားလေ၏။ ဓာမနိမှာ ထိုအခြင်းအရာကို မြင်ရသောအခါ ပြင်းပြစွာ တုန်လှုပ်လျက်ရှိ၏။

ထို့နောက် ရူပနန္ဒီနှင့် မောင်စောနိုင်တို့ လက်ထပ်ပွဲ အခမ်းအနား ဆောင်ရွက်ကြပေတော့မည်။

သီလရှင်များနှင့် ဖိုးသူတော်များသည် လက်ဝဲလက်ယာတို့ဖြင့် ခြံရံလျက်ရှိစဉ် ရူပနန္ဒီနှင့်မောင်စောနိုင်တို့မှာ ပရိသတ်ဗိုလ်ထု၏ အလယ်၌ ရွှေရောင်ငွေရောင်တို့ဖြင့် တောက်ပြောင်ဝင်းလက်လျက်ရှိသော အဝတ်တို့ကို ဝတ်ဆင်လျက် ရပ်နေကြ၏။

စီစဉ်ထားသည်မှာကား ကျွန်ုပ်သည် ရူပနန္ဒီ၏ ဖခင်အဖြစ်နှင့် သတို့သား၏ လက်ဝယ်သို့ ပေးအပ်ရန် ဖြစ်လေသည်။

ထိုအတောအတွင်း၌ သီလရှင်များနှင့် ဖိုးသူတော်များသည် သာယာကြည်နူး အထူးနှစ်သက်ဖွယ် ကောင်းလှသည့် ရေးမင်္ဂလာ တေးချင်းများကို ယောက်ျားတစ်လှည့်၊ မိန်းမတစ်လှည့်၊ အချီအချသော်လည်းကောင်း၊ သံပြိုင်သော်လည်းကောင်း သီဆိုလျက်ရှိကြ၏။

တေးချင်းသုံးပုဒ်အဆုံး၌ ကျွန်ုပ်သည် မှာကြားထားသည့်အတိုင်း ဇနီး မောင်နှံအနီးသို့ ချဉ်းကပ်၍ ရူပနန္ဒီ၏လက်ကို ကိုင်ပြီးလျှင် မောင်စောနိုင်၏ လက်ထဲသို့ ထည့်လိုက်ရာ ဇနီးမောင်နှံတို့သည် တစ်ယောက်လက်ကို တစ်ယောက် ကိုင်လျက် ရပ်နေကြလေ၏။

မောင်စောနိုင်၏ မျက်နှာမှာ ကျွန်ုပ်မျှော်လင့်ထားသည့်အတိုင်း အလွန် အမင်း အားရပါးရ ကြည်ရွှင်ခြင်း ရှိလှဟန် မတူချေ။ ဝမ်းသာလွန်း အားကြီးသဖြင့် ‘မှင်တက်မိ’ နေသည်ဟု ထိုအခါက မှတ်ထင်မိ၏။

ထိုခဏ၌ အရှေ့ဘက်သို့ မျက်နှာမူလျက်ရှိသော ပရိသတ်များသည် ရုတ်တရက်အံ့ဩသော လက္ခဏာနှင့် မတ်တတ်ရပ်နေရာမှ ထိုင်ချလိုက်ကြ၏။

ကျွန်ုပ်သည် မည်သို့သော အကြောင်းကြောင့်လေနည်းဟု ၎င်းတို့ မျက်နှာလှည့်ရာအရပ်သို့ လှည့်ကြည့်လိုက်ရာတွင် ယခင်က တစ်ကြိမ် တွေ့မြင် ရဖူးသည့် လင်းပြောင်သော အတောင်ပံကြီးနှစ်ခုသည် ငှက်ပျံသကဲ့သို့ ခတ်လျက် ခတ်လျက် လာသည်ကို တွေ့ရလေ၏။

ကျွန်ုပ်လည်း အခြားပရိသတ်များနှင့်အတူ ငေးကြည့်နေစဉ် အတောင် ပံကြီးနှစ်ခုသည် နီးသည်ထက် နီးကပ်စွာချဉ်းကပ်လာ၍ နောက်ဆုံး၌ ကျောက် ဖျာအစွန်းသို့ ရောက်လာလေ၏။

မည်သူတစ်ဦးတစ်ယောက်က မည်သို့မျှပြုရန် မတတ်နိုင်မီ မီး၏ အလင်းရောင်ကဲ့သို့ ပြောင်လက်လှစွာသော အတောင်ကြီးနှစ်ခုသည် သတို့သား နှင့်သတို့သမီးတို့အား ရစ်ပတ်လေ၏။

ယခင်က တောင်ပေါ်သခင်မအဖြစ်နှင့် ရူပနန္ဒီကို ရစ်ပတ်စဉ်ကမူ အတောင်ကြီးများသည် လက်ယာရစ် လှည့်ပတ်ပြီးနောက် လက်ဝဲရစ်ဖြင့် ပြန်ဖြေ၏။

ယခုတစ်ကြိမ်၌မူ လက်ယာရစ်မျှသာ ရစ်ပတ်ပြီး ပြန်၍ဖြေတော့သည် မရှိဘဲ ကျောက်ဖျာစွန်းမှ ခုန်ချ၍လာသည့်လမ်းအတိုင်း ပျံသန်းကာ ကွယ် ပျောက်သွားလေတော့၏။

ကျွန်ုပ်နှင့်တကွ ပရိသတ်တို့သည် အံ့သြခြင်းပြေပျောက်သောအခါ ရူပနန္ဒီနှင့် မောင်စောနိုင်တို့ကို ကြည့်လိုက်ကြရာ တစ်ယောက်မျှ မရှိတော့ချေ။

ကျွန်ုပ်၏ အကောင်းဆုံး၊ အချစ်ဆုံးသော မိတ်ဆွေဟူ၍လည်းကောင်း၊ သားဟူ၍လည်းကောင်း ခေါ်ဆိုနိုင်ရုံမျှမက နှစ်ပေါင်းများစွာ အတူတကွ စွန့်စားသွားလာခဲ့သည့် မောင်စောနိုင်တစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားရခြင်းသည် ကျွန်ုပ်၏ ကိုယ်ကာယတွင် အရေးအကြီးဆုံးသော အင်္ဂါအစိတ်အပိုင်းတစ်ခု ချွတ်ယွင်းပျောက်ကွယ်သွားသကဲ့သို့ ရှိနေရကား မည်မျှလောက် ယူကျုံးမရ ဖြစ်သည့်အကြောင်းကို အထူးဖော်ပြရန် မလိုချေ။

ကျွန်ုပ်သည် ရင်ထဲ၌ ဟာလာဟင်းလင်းကြီး ဖြစ်သွားသဖြင့် နှလုံးသည်းပွတ်တွေ ပြုတ်ကျကုန် လေရော့သလားဟု မှတ်ထင်မိတော့၏။

ကျွန်ုပ်သည် မီးတောင်စခန်းတွင် ဆီးနှင်းများ အရည်ပျော်သည့်တိုင်အောင် စောင့်ဆိုင်း၍ နွေပေါက်သည်နှင့်တစ်ပြိုင်နက် ဥရိပေါ၏ အမိန့်ဖြင့် လူရိုင်း နှစ်ဆယ်ခန့်တို့ လိုက်ပို့ခြင်းအားဖြင့် လခြမ်းပုံသဏ္ဌာန်ရှိသော တိဗက်ရဟန်းတော်များကျောင်းသို့ ဆိုက်ရောက်ခဲ့၏။

၎င်းကျောင်း၌ တစ်နှစ်ခန့် နေထိုင်ပြီးလျှင် မြန်မာပြည်နယ်စပ်သို့ ဆက်လက် ထွက်ခွါလာခဲ့ရာ ...

(ဤနေရာ၌ ဦးဖိုးထော်၏ စာရွက်များ မီးသင့်လောင်သွားသည်ဖြစ်၍ ဆက်လက်ဖော်ပြခြင်းငှာ မတတ်နိုင်တော့ပေ)

ရွှေဥဒေါင်း

